نور القرءان

ကုရ်အာန်လင်းရောင်ခြည်

# ခုတ္တဗာဟ်စာစဉ်ပေါင်းချုပ်



ဟာစ်ဂျရီ ၁၄၃၅ ခုနှစ်၊ ၁၄၈၈ နှစ်မြောက် တမန်တော်နေ့ အထိမ်းအမှတ်

ဓမ္မဒါန

# ဂျီဟာဒ်နှင့် မွတ်ဆလင်မ်လူ့အဖွဲ့အစည်း

## (အပိုင်း-၁)

ယနေ့ ယောင်မွလ်ဂျူမုအာဟ်မှာ အလ္လာဟ်အရှင်မြတ်ကို အေဗါဒသ်ပြုရန် ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော မွတ်စလင်မ်အမျိုးသား၊ အမျိုးသမီး အပေါင်းတို့ခင်ဗျား-

**"အတ်စ္စလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရကာသုဟု"**

အခုလို တည်ငြိမ်အေးချမ်းစွာနဲ့ အလ္လာဟ်အရှင်မြတ်ကို အေဗါဟ်ဒသ်ပြုခွင့်ရတဲ့အပေါ်မှာ ကျွန်တော်တို့အားလုံး အရှင်မြတ်ကို အထူးပဲကျေးဇူးတင်ရှိရမှာဖြစ်ပါတယ်။ ပြီးတဲ့နောက် ကျွန်တော် ဖတ်မိ၊ မှတ်မိ၊ လေ့လာမိသမျှကို ပြန်လည်တင်ပြခွင့်ရရှိတဲ့အပေါ်မှာ တင်ပြခွင့်ပြုတဲ့ (၅၉)လမ်း၊ ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသား၊ အမျိုးသမီးအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ဒီနေ့ ကျွန်တော်တင်ပြရန် ရွေးထားတဲ့ခေါင်းစဉ်က **`ဂျီဟာဒ်နှင့် မွတ်စလင်မ်လူ့အဖွဲ့အစည်း´** ဆိုတဲ့ ခေါင်းစဉ်ပဲဖြစ်ပါတယ်။

အခု ဒီကာလကြီးမှာ ကျွန်တော့်အနေနဲ့ အချိန်နဲ့တစ်ပြေးညီ၊ ခေတ်နဲ့တစ်ပြေးညီ လိုအပ်ချက်တွေအပေါ်မှာ အစ္စလာမ်တွေ၊ တစ်နည်း မွတ်စလင်မ်တွေနဲ့ မွတ်စလင်မ်မဟုတ်သူတွေပါ ကျွန်တော်တို့ ဝတ်ကျောင်းတော်ကို လာရောက်လေ့လာနေကြတဲ့ အားလုံးသော၊ အခြားသော ဘာသာဝင်တွေ၊ တခြား `ကွန်မြူနီတီ´က ပုဂ္ဂိုလ်တွေအားလုံး အစ္စလာမ်နဲ့ပတ်သက်ပြီး လေ့လာနိုင်အောင်၊ ကျွန်တော်လိုအပ်သလို ခေါင်းစဉ်ရွေးပြီး တင်ပြလေ့ရှိတဲ့နေရာမှာ ဒီတစ်ပါတ် ကျွန်တော်တို့အနေနဲ့ **"ဂျီဟာဒ်နှင့် မွတ်စလင်မ်လူ့အဖွဲ့အစည်း"** အပိုင်း(၁) ခေါင်းစဉ်မှာ **`ဂျီဟာဒ်´**ဆိုတာဘာလဲ၊ ဆိုတဲ့အပိုင်းကို အဓိကထား တင်ပြသွားမှာဖြစ်ပါတယ်။

**"ဂျီဟာဒ်"** နဲ့ပတ်သက်လို့ လွန်ခဲ့တဲ့(၅)နှစ်လောက်က **`စစ်နှင့်ဘာသာတရား´**ဆိုပြီး ကျွန်တော်တင်ပြခဲ့ဖူးပါတယ်။ အဲဒီတုန်းက **`ဂျီဟာဒ်´**အကြောင်းကို အကျယ်တဝင့်မတင်ပြခဲ့ပေမဲ့ အနည်းငယ်တော့တင်ပြခဲ့ဖူးပါတယ်။

အခုတော့ `ဂျီဟာဒ်´ဆိုတာကို ကျွန်တော်တို့အတွက် အထူးသဖြင့် မွတ်စလင်မ်လူ့အဖွဲ့အစည်း (Community) တစ်ခုလုံးအတွက် နားလည်သဘောပေါက်ထားရန် လိုအပ်နေပြီဖြစ်တယ်။ မွတ်စလင်မ် Community မှာသည်ပင်လျှင် `ဂျီဟာဒ်´ ကိုလွဲမှားစွာ ပြောဆို၊ နားလည်သဘောပေါက်နေကြတာကို တွေ့နေရတဲ့အတွက် ဦးစွာပထမ မွတ်စလင်မ် Community က `ဂျီဟာဒ်´ဘာလဲဆိုတာကို နားလည်နိုင်ရမယ့်အပြင် လက်ရှိအနေအထားအရ မိမိနားလည်ရုံနဲ့ မလုံလောက်တော့ပဲ အခြားသူ (မွတ်စလင်မ် နှင့် မွတ်စလင်မ်မဟုတ်သူ) ကို ပြန်လည်ရှင်းပြနိုင်တဲ့အနေအထားမှာ ရှိရမယ်လို့ ကျွန်တော် နားလည်သဘောပေါက်ပါတယ်။

ဒုတိယအချက်အနေနဲ့ `ဂျီဟာဒ်´ကို ကျွန်တော်တို့နဲ့အတူနေ ညီနောင်သားချင်းတွေ နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ဒါမှ ရှေ့ဆက်ပြီး ကျွန်တော်တို့ သဟဇာတဖြစ်စွာနဲ့အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လို့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်တစ်ချက်က မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့က သဟဇာတဖြစ်စွာ၊ ညီညွှတ်စွာနေထိုင်ဖို့ကတော့ မဖြစ်မနေ ကြိုးပမ်း လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနိုင်ငံမှာပဲ မွေးတာပါ။ ဒီနိုင်ငံမှာပဲ ရာဇဖွေစားသောက်ကြတယ်။ ဒီနိုင်ငံမှာပဲ ခေါင်းချမှာပါ။ ဒါ ကျွန်တော်တို့နိုင်ငံပါ။

ဒီတော့ `ဂျီဟာဒ်´ဆိုတဲ့စကားလုံး၊ အသုံးအနှုန်း၊အနက်အဓိပ္ပါယ်ကို စပြီးတင်ပြပါ့ မယ်။ အရဗီလို "ဂျင်မ်၊ ဟာ၊ ဒါလ်" (ဂျ-ဟ-ဒ) မြန်မာလိုအနက်သဘောက "လုံ့လစိုက်ထုတ်၍ ကြိုးပမ်းအားထုတ်သည်။ စွမ်းအားပြည့်အသုံးချ လုပ်ကိုင်ဆောင်ရွက်သည်" ဒါကို `ဂျီဟာဒ်´လို့ ခေါ်ပါတယ်။ ဒါ အရင်းအမြစ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က `ဂျီဟာဒ်´ကို စစ်ပွဲလောက်ပဲ သိထားကြတယ်။ `ဂျီဟာဒ်´ဆို စစ်တိုက်မယ်။ ဒီလောက်ပဲ သိထားကြတယ်။ မဟုတ်ပါဘူး။ စစ်ပွဲဆိုတာက `ဂျီဟာဒ်´ရဲ့အစိတ်အပိုင်းတစ်ရပ်သာဖြစ်ပါတယ်။ အဲဒီကစပြီး ကျွန်တော်တို့ နားလည်မှုလွဲမှားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ `ဂျီဟာဒ်´ဆိုတာနဲ့ စစ်ပဲ။ ကြောက်တဲ့လူကလည်းကြောက်။ ဖြဲခြောက်တဲ့လူကလည်း ဖြဲခြောက်။ ဒါ့ကြောင့် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာတယ်။

ဥပမာ--အရဗီလို(ဂျဟာဒဇီလ်းအမ်ရ်)ဆိုရင် အဓိပ္ပါယ်က **"သူသည် စွမ်းအားပြည့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်"** ဆိုပြီး ရရှိပါတယ်။ ဒါ `ဂျီဟာဒ်´ ပဲဖြစ်တယ်။

"ဂျီဟာဒူလ် အရ်ဒွ" ဆိုလို့ရှိရင် မြေပြင်မြေပြန့်ကြီးတစ်ခုမှာ အဖုအထစ်ရှိတဲ့၊ မို့မောက်နေတဲ့ မြေနေရာကို ပြန့်ပြူးတဲ့၊ ညီညာတဲ့ မြေပြင်ဖြစ်အောင်၊ အဖုအထစ်ပျောက်သွားအောင် ပြုလိုက်ခြင်းကို "ဂျီဟာဒူလ် အရ်ဒွ" လို့ခေါ်တယ်။ ဒါဆိုရင်

“ဂျီဟာဒ်” ရဲ့ အဓိပ္ပါယ်မူရင်း၊ အရင်းအမြစ်ကို ကျွန်တော်တို့ ဂျူမွာ အသ်သားများ နားလည်သဘောပေါက်လောက်ပြီလို့ ထင်ပါတယ်။ ဒါကြောင့် `ဂျီဟာဒ်´နဲ့ပတ်သက်ပြီး လိုအပ်တဲ့အပိုင်းကို ဆက်လက်တင်ပြသွားပါ့မယ်။

အစ္စလာမ်မှာ `ဂျီဟာဒ်´ဆိုတဲ့ဝေါဟာရကို ကျမ်းမြတ်ကုရ်အာန်ရဲ့နေရာများစွာမှာ သက်ဆိုင်ရာ(Conjugation)အလိုက် စကားလုံးတွေ အများကြီးပါဝင်တာကိုတွေ့ရပါတယ်။ ဒီနေရာမှာ ထူးခြားချက်တစ်ရပ်ကတော့ “ဂျီဟာဒ်နဲ့ ဟိဂျရသ်”ကို တွဲပြီးသုံးသွားတာကို တွေ့ရပါတယ်။ `ဟိဂျရသ် နဲ့ ဂျီဟာဒ်´ကို တွဲသုံးသွားတာဟာ ကျွန်တော်တို့လေ့လာသင့်တဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ “ဟိဂျရသ်”ဆိုတာက မွတ်ဆလင်မ်လူ့အဖွဲ့အစည်းတစ်ရပ်ဟာ ဖိနှိပ်မှုတစ်ရပ်ကြောင့် မူရင်းဒေသကနေပြီး ပြောင်းရွှေ့ထွက်ခွါသွားခြင်းကိုခေါ်ပါတယ်။ အစ္စလာမ်မှာ “ဂျီဟာဒ်”လို့ပြောလိုက်ရင် များသောအားဖြင့် `စစ်´လို့ပဲ နားလည်သဘောပေါက်ထားကြတယ်။

တစ်ချို့ကလည်း ဘယ်လိုဘာသာပြန်လဲဆိုတော့ Holy war – “မြင့်မြတ်သောစစ်ပွဲ” ဆိုပြီး ဘာသာပြန်ကြပါတယ်။ အမှန်တကယ် ဒီလိုဘာသာပြန်ခြင်းနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့သဘောဆန္ဒကတော့ ပြီးပြည့်စုံတဲ့ဘာသာပြန်မှုတစ်ရပ် မဟုတ်ဘူးလို့ပဲ ပြောပါရစေ။ စောစောက ပြောသလို `ဂျီဟာဒ်´ရဲ့အရဗီဝေါဟာရမူရင်းအဓိပ္ပါယ်ကို စနစ်တကျလေ့လာသုံးသပ်ကြည့်မယ်ဆိုရင် “အလ္လာဟ်အရှင်မြတ်၏ အလိုတော်နဲ့အညီ ဘ၀တည်ဆောက်နိုင်ရန်အတွက် (အလ္လာဟ်အရှင်မြတ် အလိုတော်ဘယ်မှာရှိလဲ! ကျမ်းမြတ်ကုရ်အာန်မှာ ရှိတယ်) ကျမ်းမြတ်ကုရ်အာန်နဲ့အညီ ရုန်းကန်၊ လှုပ်ရှား၊ ကြိုးပမ်းအားထုတ်ခြင်းကို `ဂျီဟာဒ်´လို့ခေါ်ပါတယ်။”

တစ်နည်းအားဖြင့် လူသားတစ်ဦးအနေနဲ့ အရှင်မြတ်က တမန်တော်မြတ်(ဆွ)မှတစ်ဆင့် ထုတ်ပြန်ပို့ချခဲ့တဲ့ ကျမ်းမြတ်ကုရ်အာန်နဲ့အညီ ဘ၀တည်ဆောက်တော့မယ်ဆိုရင် သူ့မှာ ရုန်းကန်ကြိုးပမ်းရမဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဘာတွေလဲ! မကောင်းမှု၊ ပါပညစ်ကျူးမှု၊ မတရားမှု အစရှိတဲ့ အကြောင်းအရာကိစ္စတွေကို ချေမှုန်းတိုက်ခိုက်ဖို့အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ မိမိပိုင် ဥစ္စာဓနစွမ်းတွေကို သုံးစွဲခြင်းဟာ `ဂျီဟာဒ်´မှာအကျုံးဝင်ပါတယ်။

ကျွန်တော် ဒီနေရာမှာ စကားတစ်ခွန်းကြုံလို့ပြောပါရစေ။ ဒီစကားကို မပြောချင်ပါဘူး။ စိတ်ဆိုးရင်လည်း ကြိုက်သလောက်စိတ်ဆိုးကြပါ။ ကျွန်တော်ခံယူပါ့မယ်။ မွတ်စလင်မ်လူ့အဖွဲ့အစည်း (Muslim community) နဲ့ပတ်သက်ပြီး ပြောချင်တာပါ။ အထူးသဖြင့် ချမ်းသာတဲ့လူတန်းစားကို ပြောခြင်းတာပါ။ ယနေ့မွတ်စလင်မ် Community မှာ ချမ်းသာတဲ့လူများသည် အလ္လာဟ်အရှင်မြတ်ပေးထားတဲ့ `အမာနသ်´ကို အလ္လာဟ့်လမ်းမှာ မှန်မှန်ကန်ကန် အသုံးချနိုင်ရေးထက် တစ်ဦးနဲ့တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်လုပ်ပြီး ပြိုင်ဆိုင်မှုကပိုများနေပါတယ်။ ဒ့ါကြောင့် မွတ်စလင်မ် Community မှာ ဒီနေ့ ဆင်းရဲမွဲတေမှုတွေက ပိုများနေပါတယ်။ မပြေလည်မှုတွေက တအားများနေပါတယ်။ ကျွန်တော့်ကို ကြိုက်သလိုဝေဖန်နိုင်ပါတယ်။ အထောက်အထားနဲ့တွက်ချက်ပြီး တင်ပြပါဆိုလည်း ကျွန်တော် တင်ပြပါမယ်။

အဲဒီတော့ ဥစ္စာဓနေ အစရှိတာကို စွမ်းအားပြည့်ရုန်းကန်ကြိုးပမ်းအားထုတ်ခြင်းကို `ဂျီဟာဒ်´လို့ ခေါ်ပါတယ်။ `ဂျီဟာဒ်´ပြုသူကို `မူဂျာဟိဒ်´လို့ခေါ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ `မူဂျာဟိဒ်´ဆိုရင် အရမ်းကြောက်တယ်။ တစ်ချိန်တုံးက မူဂျာဟိဒ်တွေ ထောင်ထဲမှာ သူပုန်တွေဖြစ်နေတယ်။ တခါတရံ ကျွန်တော်တို့ရဲ့ အားနည်းချွတ်ချော်မှုကြောင့် ကျမ်းမြတ်ကုရ်အာန်က ပြဌာန်းထားတဲ့၊ ပြဆိုထားတဲ့ စကားလုံးတစ်ချို့ဟာ တော်တော်လေး မဖွယ်မရာတွေဖြစ်သွားတဲ့အပိုင်းတွေကို ဝမ်းနည်းစွာ တွေ့ရှိရမှာဖြစ်ပါတယ်။

ဂျီဟာဒ်ဆိုတာ စစ်တိုက်ခြင်းဆိုတဲ့ အဓိပ္ပါယ်ကို မရည်ညွှန်းဘူးဆိုပေမယ့် စစ်တိုက်ခြင်း၊ စစ်ပွဲကိုလည်း ကုရ်အာန်မှာ `ဂျီဟာဒ်´အနေနဲ့တင်ပြထားပါတယ်။ တစ်ချို့ဘာသာမှာ စစ်လုံးဝမရှိတဲ့ ဘာသာလည်းရှိပါတယ်။ အစ္စလာမ်မှာတော့ အဲဒီလိုမဟုတ်ပါဘူး။ ဥပမာ ခရစ်ယာန်ဘာသာမှာဆိုရင် **`ပါးတစ်ဖက် အရိုက်ခံရရင် နောက် ပါးတစ်ဖက်ကို ထိုးပေးလိုက်ပါ**´လို့ ပြောထားပါတယ်။ တမန်တော်မြတ်မူဆာခေတ်မှာ (Eye for an Eye) မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊ တမန်တော်မြတ်အီဆာခေတ်ကျတော့ (ပါးတစ်ဖက် အရိုက်ခံရရင် ကျန်ပါးတစ်ဖက်ကိုပါ ထိုးပေး) ဒီလိုပြောထားပေမယ့် ကျွန်တော်တို့ခေတ်ကျတော့ ပြန်လည် တုန့်ပြန်နိုင်ခွင့် ပြုထားပါတယ်။ ဒါပေမဲ့ ခွင့်လွှတ်မယ်ဆိုရင် ပိုကောင်းတယ်လို့ ပြောထားပါတယ်။ အစ္စလာမ်ရဲ့အနေအထားတွေက ပိုပြီးကျယ်ဝန်းသွားပါတယ်။ ဒ့ါကြောင့် `ဂျီဟာဒ်´ကိုထည့်ပေးထားတယ်။ အစ္စလာမ်က သိပ်ပြီးမတရားလုပ်ရင်တော့ ငုံ့ခံမှာမဟုတ်ဘူး။ အဲ့ဒါကို ပြန်လည်တုန့်ပြန်ဖို့ ဘယ်လိုနည်းနဲ့တုန့်ပြန်မလဲ။

ငြိမ်းချမ်းစွာ ဆွေးနွေးတဲ့နည်း၊ တစ်ဖက်သားကို နားလည်အောင် ရှင်းပြတာ၊ အရေးဆို၊ တောင်းဆိုတာ အားလုံးဟာ ပြန်လည်တုန့်ပြန်မှုပဲ ဖြစ်တယ်။ စစ်ဆင်နွှဲတာလည်း ပြန်လည်တုန့်ပြန်မှုပဲဖြစ်တယ်။ တစ်ဖက်က နားလည်တဲ့ဘာသာစကားနဲ့ ပြန်ပြောဖို့လိုတယ်။ အဲဒီတော့ `ဂျီဟာဒ်´နဲ့ပတ်သက်ပြီး သမိုင်းမှာကြည့်မယ်ဆိုရင် တမန်တော်မြတ်(ဆွ)ခေတ်မှာသည်ပင်လျှင်

`ဂျီဟာဒ်´နဲ့ပတ်သက်ပြီး စစ်ပွဲတွေအများကြီးရှိခဲ့တယ်။ တမန်တော်ကိုယ်တိုင်စစ်သူကြီးဖြစ်တယ်။ ဘဒရ်၊ အိုဟူးဒ်အစရှိတဲ့ တမန်တော်မြတ်ကြီးကိုယ်တော်တိုင် ဦးဆောင်တိုက်ခဲ့တဲ့ စစ်ပွဲတွေ အများကြီးရှိခဲ့တယ်။ နိုင်ခဲ့တာရှိသလို ရှုံးခဲ့တာလည်းရှိခဲ့တယ်။ အဲဒီစစ်ပွဲတွေရဲ့သမိုင်းကြောင်းကို ပြန်လေ့လာဖို့လိုတယ်။ ကျွန်တော်တို့သမိုင်းကို ပြန်လေ့လာဖို့ အများကြီးလိုပါတယ်။ ဘာကြောင့် စစ်ဖြစ်ရတာလဲ။ စဉ်းစားကြည့်ပါ။ လက်နက်ကိုင်ဖြေရှင်းရမဲ့ ပြဿနာတစ်ရပ်ဖြစ်လာမယ်ဆိုရင်တော့ စည်းတစ်စည်း တားလိုက်ရမှာပဲ။ ကိုယ့်ကိုပြဿနာရှာပြီး ကျူးကျော်၊ စော်ကားမဲ့ရန်သူကိုတော့ သတိပေးရမှာပဲ။ ဒီစည်းကိုတော့ မင်းတို့မကျော်နဲ့။ ဒို့လည်းမကျော်ဘူး။ ဒါ ဒို့ရဲ့ပရဝုဏ်ပဲ၊ ဒီစည်းကို မင်းတို့ကျော်လာမယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို ဥပဒေအရ ခုခံကာကွယ်ရလိမ့်မယ်။

အစ္စလာမ်က ဘယ်တော့မှ ကြိုတင်၊ ကျူးကျော်တိုက်ခိုက်မှု (Pre-emptive attack) မလုပ်ရဘူး။ ခုခံကာကွယ်မှု (Defence) ပဲလုပ်ရမယ်။ `ဂျီဟာဒ်´ရဲ့သဘောမှာ ခုခံကာကွယ်မှု (Defence)ပါပဲ။ နောက်ပိုင်းတင်ပြချက်ထဲမှာ ပါလာပါလိမ့်မယ်။ အစ္စလာမ်က ခုခံကာကွယ်စစ်ကို ခွင့်ပြုသည်။ တင်ကြိုတိုက်ခိုက်ခြင်း၊ ကျူးကျော်စော်ကားခြင်းအစရှိတဲ့ စစ်ပွဲမျိုးကို လုံးဝ(လုံးဝ) ခွင့်မပြုပါဘူး။ လက်မခံပါဘူး။ ဒါကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်မှာ ဘယ်လိုပြထားလဲဆိုတော့ [ စူရာဟ် ၂၊ အာယတ် ၁၉၀ ] မှာ

***`အသင်တို့ကို စစ်မက်တိုက်ခိုက် ရန်ပြုသူတို့ကို အသင်တို့က အလ္လာဟ်အရှင်မြတ်၏ မူဝါဒလမ်းစဉ် (ကုရ်အာန်)နှင့်အညီ ပြန်လည်တိုက်ခိုက်ကြပါလေ။ သို့သော် အသင်တို့ မကျူးလွန်ကြလေနှင့်။ စေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ကျူးကျော်၊ ကျူးလွန်သူတို့ကို နှစ်သက်တော်မူမည် မဟုတ်ချေ။´***

တစ်ခါ [ စူရာဟ် ၂၊ အာယတ် ၁၃၁ ] မှာ ဘာပြောလဲဆိုတော့ --- အဲဒီ အာယသ်မှာ (ကာဖိရ်)ဆိုတဲ့ဝေါဟာရ ပါတယ်။ `ကာဖိရ်´ဆိုတဲ့ဝေါဟာရပါလို့ မတုန်လှုပ်ကြပါနဲ့။ `ကာဖိရ်´ ဆိုတာ Non-muslimကို ရည်ညွှန်းနေခြင်းမဟုတ်ပါ။ မွတ်စလင်မ် မဟုတ်တိုင်း`ကာဖိရ်´ဆိုပြီး မပြောမိကြဖို့၊ မသတ်မှတ်မိကြဖို့၊ ကျွန်တော်တို့မွတ်စလင်မ်တွေ အထူးသတိထားရမယ်။ အရေးကြီးတယ်။ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် လက်ရှိ မြန်မာနိုင်ငံမှာဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းတွေအားလုံး သိကြတဲ့အတိုင်းပဲ (စိတ်မကောင်းပါဘူး)။ ဒါပေမဲ့ ဒီအထဲမှာ ကျွန်တော်တို့ သင်ခန်းစာယူရမယ့်အချက်တွေ အများကြီးရှိတယ်နော်။ အထူးသဖြင့် ကျွန်တော်တို့သည် ကိုယ့်အစ္စလာမ်က၊ ကိုယ့်ကုရ်အာန်က၊ ဘာပြောတာလဲဆိုတာကို သိဖို့လိုနေပြီ။ ဒါ ကျွန်တော်တို့အတွက် အင်မတန်ကောင်းမွန်တဲ့ သင်ခန်းစာတစ်ရပ်ဖြစ်တယ်။ မွတ်စလင်မ် မဟုတ်တိုင်း `ကာဖိရ်´ မပြောပါနဲ့။ ဒီနေ့ ဒီလိုပြောဆိုမှုတွေ လွဲမှားနေတဲ့အတွက် (Hate speech)တွေဖြစ်လာရတယ်။ တစ်ဖက်နဲ့တစ်ဖက် အမုန်းပွားမှုတွေ၊ ရန်လိုမှုတွေဖြစ်လာရတယ်။ ဒါ ကျွန်တော်တို့ကိုယ်တိုင် တရားပွဲတွေမှာ နားနဲ့ကြားနေရတယ်။ အခုန အာယတ်ရဲ့အဓိပ္ပါယ်က

***`သင်တို့အပေါ် ဖိနှိပ်ညှင်းပန်းသောသူတို့အား မည်သည့်နေရာတွင် တွေ့ဆုံသည်ဖြစ်စေ အသင်တို့ကလည်း သုတ်သင်ရှင်းလင်းပစ်ပါလေ´*** (ကုရ်အာန်- ၂ ႏ ၁၉၁ )

ဒါ နောက်ဆုံးအဆင့် ပေးထားတာ။ သင်တို့ကို နေရာဒေသမှ မောင်းနှင်ထုတ်သလို သူတို့ကိုလည်း နှင်ထုတ်မောင်းနှင်ပစ်ကြပါ။ ဒါ ကုရ်အာန်မှာရှိတဲ့ အရှိအတိုင်းတင်ပြခြင်းဖြစ်ပါတယ်။

အဲဒီ ကုရ်အာန်ကို ပြင်ပေးပါလို့ ကြိုးစားတဲ့လူတွေလည်း ပေါ်လာတယ်။ သမ္မတကြီးဆီကို စာတင်တယ်။ ကျွန်တော်ကြားတာကတော့ သမ္မတကြီးက (reject) လုပ်လိုက်တယ်။ ကုရ်အာန်ကိုပြင်မယ်တဲ့။ ကုရ်အာန်ကို တရားရုံးတင်မယ်တဲ့။ ကမ္ဘာမှာ လူပေါင်းသန်းထောင်ချီပြီး လက်ခံယုံကြည်ထားတဲ့ ယုံကြည်ချက်တစ်ရပ်ကို သာမန်(တိုင်းပြည်)တစ်ခုမှာ ဒါကို တရားရုံးတင်မယ်ဆိုတော့ ဝိုင်းရယ်မှာပေ့ါဗျာ။

ကျွန်တော် မပြောချင်ပါဘူး။ ဒါပေမဲ့ ပြောရတော့မယ်။ မဖြစ်နိုင်တာကို မပြောပါနဲ့။ ကျမ်းမြတ်ကုရ်အာန်ဟာ လူတိုင်း၊ လူတိုင်းအတွက်။ ဒါ အစ္စလာမ်အတွက်ကြီးပဲ မဟုတ်ဘူး။ ကြိုက်တဲ့ လူ့အဖွဲ့အစည်းမှာရှိပါစေ။ ဖြစ်ပါစေ။ ကိုယ့်လူ့အဖွဲ့အစည်းကို လာစော်ကားပြီဆိုရင် အဲဒီဟာသည် လူသားအားလုံးအတွက် အကျိုးဝင်တယ်။ စဉ်းစားကြည့်ပါ။ ဘာလုပ်မလဲ။ ကျွန်တော်တို့ကို ဟိုကလာပြီး တိုက်ပြီ၊ ခိုက်ပြီ၊ သတ်ပြီ၊ ဖြတ်ပြီဆိုရင် ကျွန်တော်တို့က Welcome လာပါဗျလို့ကြိုဆိုပြီး ကပြနေရမှာလား! သိပ်ပြီးတော့လည်း ကျွန်တော်တို့မွတ်ဆလင်မ်လူ့အဖွဲ့အစည်းကို ခွဲခြားဆက်ဆံပြီး မနှိမ်ပါနဲ့။ ကုရ်အာန်(၂း၁၉၂)မှာ ဆက်ပြီးဖော်ပြထားပါတယ်။

" ***မတရားညှင်းပန်းခြင်း၊ ဖိနှိပ်ခွဲခြားဆက်ဆံခြင်းတို့က သတ်ဖြတ်လိုက်ခြင်းထက်ပို၍ပြင်းထန်စွာခံစားရသည်*** " အလ္လာဟ်အိမ်တော်ဖြစ်သော "မတ်ဆ်ဂျိဒေဟာရာမ်" ၌ (တစ်ချိန်လုံးက တမန်တော်မြတ်ခေတ် စစ်ပွဲတွေဖြစ်နေတဲ့အချိန်ကို ရည်ညွှန်းတဲ့ အာယတ်တစ်ပုဒ်) " ***သူတို့က သင်တို့ကို မတိုက်ခိုက်သမျှ ကာလပါတ်လုံး သင်တို့ကလည်း သူတို့ကို မတိုက်ခိုက်ပါနဲ့။ အကယ်၍***

*သူတို့က သင်တို့ကို တိုက်ခိုက်လာပြီဆိုရင် သင်တို့ကလည်း တိုက်ခိုက်ပါလေ။ ယင်းကဲ့သို့ တိုက်ခိုက်လိုက်ခြင်းကပင်လျှင် ကာဖိရ်မိစ္ဆာများအတွက် တူညီသော တုန့်ပြန်မှုကို ရရှိလိုက်ခြင်းဖြစ်သည် ” (ကုရ်အာန်-၂ း ၁၉၂)*

ကျွန်တော်တို့က အလွှာဟ်ပေးထားတဲ့အသိ ဒီအပေါ်မှာ စနစ်တကျ စဉ်းစားဆင်ခြင်ပြီး လုပ်ကိုင်ဆောင်ရွက်ဖို့လိုပါတယ်။ ကောင်းပြီ --- ဒီကနေ အင်ဒိုနီးရှားနိုင်ငံက (အဘူဘက္ကရ် ဘာရှား) ဆိုတဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ ဂျီဟာဒ်လုပ်မယ်ဆိုပြီး ကြေငြာတယ်။ တော်တော်လေး ဂယက်ရိုက်သွားတယ်။ ကျွန်တော် အမှန်အတိုင်းပြောမယ်နော်။ တော်တော်လေး ဂယက်ထသွားတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆုတောင်းပြည့်ဝတ်ကျောင်းတော်ကိုလည်း ဆရာတော်ကြီးတွေ၊ ဘုန်းတော်ကြီးတွေ ဝင်လာပါတယ်။ ရောက်လာပါတယ်။ လာပြီး စုံစမ်း၊ မေးမြန်းပါတယ်။ ငြိမ်းချမ်းရေးအသွင်ပါ။ ချစ်ကြည်ရေးအသွင်ပါ။ ကျွန်တော်တို့ကလည်း လိုလိုလားလားလက်ခံခဲ့ပါတယ်။ ဖိတ်ခေါ်ပါတယ်။ Welcome ပါ။ နောက် ဘယ်ဆရာတော်၊ ဘယ်ဘာသာတရားက အရှင်သူမြတ်များဖြစ်ဖြစ်ကြွပါ။ (၅၉)လမ်း ဆုတောင်းပြည့် အစ္စလာမ်ဝတ်ကျောင်းတော်က Welcome ပါ။

**`အလ်ကုရ်အားန ဟုဒလ်လိလ်နားစ်´** ကျမ်းမြတ်ကုရ်အာန်သည် အစ္စလာမ်အတွက်ကြီးပဲ မဟုတ်ဘူး။ လူသားအားလုံးအတွက်ဖြစ်တယ်။ မွတ်စလင်မ်တွေ ဘာလုပ်နေသလဲ။ မွတ်စလင်မ်တွေရဲ့ ကျမ်း(ကုရ်အာန်) က ဘယ်လိုရှိသလဲဆိုတာကို မည်သူ့ကိုမဆို (၅၉)လမ်းက ချပြရမှာပဲ။

ကျွန်တော်တို့က **“ဗလီထဲမှာ ဘာစစ်စခန်းမှလည်း မရှိဘူး၊ ဘာလက်နက်မှလည်းမရှိဘူး”** ဆိုပြီး ဆရာတော်တွေကို လက်တွေ့ပြတယ်။ ဆရာတော်တွေ ကြည့်တယ်၊ ဓါတ်ပုံတွေ ရိုက်တယ်။ မနေ့က ကျွန်တော် facebook ပေါ်မှာတွေ့တယ်။ ကလောမြို့မှာ ဘာသာပေါင်းစုံချစ်ကြည်ရေးလုပ်တော့ ဆရာတော်တွေ၊ ရပ်မိရပ်ဖ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေ ပါတယ်။ တိုက်ပုံနဲ့လူတွေ၊ လုံခြုံရေးတပ်ဖွဲ့လည်း ပါတယ်ထင်တယ်။ အမျိုးသမီး သုံးလေးယောက်လည်းပါတယ်။ ထုံးစံအတိုင်း အောက်ကလူတွေဝိုင်းပြီး ဆန့်ကျင်တဲ့ comment ပေးကြတယ်။ ***ဗလီထဲကိုဖုံးခွဲဖို့၊ ဗလီထဲမှာ သေနတ်နဲ့ပစ်ပြီးလူသတ်ဖို့ဝင်လာတဲ့ မွတ်စလင်မ်ယောကျ်ားထက်စာရင်တော့ ငြိမ်းချမ်းရေးလုပ်ဆောင်ဖို့လာတဲ့ ဘာသာခြားအမျိုးသမီးသည် ပို၍မြင့်မြတ်တယ်*** လို့ ကျွန်တော်မှတ်ချက်ပေးလိုက်ပါတယ်။ ဟုတ်လား၊ ပြန်စဉ်းစားနော်။ မွတ်စလင်မ်နိုင်ငံပါလို့ပြောတဲ့ ပါကစ္စတန် (သန့်ရှင်းသောနယ်မြေ) နိုင်ငံမှာ ဝူဇူလုပ်ပြီး ဝင်လာတဲ့ယောကျ်ား၊ သေနတ်နဲ့ လူတွေကို အစုလိုက်၊ အပြုံလိုက်သတ်ပစ်မယ့် ယောကျ်ား၊ ဗုံးဖောက်ခွဲဖို့ ဝင်လာတဲ့ မွတ်စလင်မ်ယောကျ်ားထက်စာရင် ငြိမ်းချမ်းရေးအတွက်ဝင်လာတဲ့ ဘာသာခြားအမျိုးသမီးက ပိုပြီးမြင့်မြတ်ပါတယ်လို့ပြောလို့ ကျွန်တော့်ကို ကြိုက်တဲ့(ဖသ်ဝါ)ပေးဗျာ။

အဲဒါ ကျွန်တော်တို့မွတ်စလင်မ် Community ရဲ့ ဒီကနေ့ အခြေအနေပါပဲ။ ဒါကြောင့် facebook ပေါ်မှာ မဆဲကြပါနဲ့လို့ ပြောယူရတဲ့အနေအထားပါ။ ကောင်းပြီ။ ကျွန်တော့်ကို မေးတယ်။ အင်ဒိုနီးရှားက ပုဂ္ဂိုလ်က ဂျီဟာဒ်ကြေငြာတယ်ဗျာ။ မွတ်စလင်မ်တစ်ယောက်အနေအထားနဲ့ ဘယ်လိုသဘောထားရှိလဲပေါ့ဗျာ။ ကျွန်တော် ပွင့်ပွင့်လင်းလင်း(၂)ချက်ပဲ ပြောလိုက်၊ ဖြေလိုက်ပါတယ်။ ဂျာနယ်မှာ ကျွန်တော်ကြည့်တော့ ပြောတဲ့အချက်တွေ အကုန်မပါဘူးဗျာ။ သူတို့က ဖြတ်တောက်ထည့်လိုက်တယ်။

(၁) ဗုဒ္ဓဘာသာနဲ့ ဒို့တတွေဟာ ညီနောင်သားချင်းတွေ၊ ညီအစ်ကို မောင်နှမတွေ။ ဒို့ညီအစ်ကိုမောင်နှမတွေ ရန်ဖြစ်နေမယ်ဆိုရင်တော့ သူစိမ်းဝင်လာမှာပဲ။ သူစိမ်းအဝင်မခံချင်ရင် ဒို့မောင်နှမတွေ ရန်မဖြစ်ကြပါနဲ့။ မိတ္ထီလာကအဖြစ်အပျက်ကို ငါတို့မြင်နေ၊ တွေ့နေရတယ်။ မီးလောင်ပြီး လမ်းမှာလဲနေတယ်။ ဒီပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာ ဖြစ်ချင်လည်းဖြစ်မယ်၊ မွတ်စလင်မ်ဖြစ်ချင်လည်း ဖြစ်မယ်။ သူ ဘာလူမျိုးလည်းဆိုတာ စိတ်မဝင်စားပါဘူး။ စိတ်ဝင်စားတာတစ်ခုကတော့ အနားမှာလက်နက်ကိုင်ပြီးရပ်နေတဲ့ လုံခြုံရေးရဲဘော်ကိုတော့ စိတ်ဝင်စားတယ်။ သူ့ရှေ့မှာ ဖြစ်နေတဲ့ကိစ္စတစ်ခုကို သူဘာလို့ မထိန်းသိမ်းသလဲ! အဲဒီတော့ Rule of Law ဘယ်မှာလဲ!

ဒေသတစ်ခုမှာ Rule of Law တရားဥပဒေစိုးမိုးရေး မရှိတော့ဘူးဆိုရင် ခံရတဲ့ဘက်ကတော့ တရားဥပဒေစိုးမိုးမှု ဘယ်သူပြုပေးနိုင်မလဲ! သူ့ကို ဘယ်သူကူညီမလဲ! အဲဒီလူကိုတော့ မျှော်မိမှာပဲ။ ပြည်တွင်းက ဖြစ်ချင်ဖြစ်မယ်။ ပြည်ပက ဖြစ်ချင်ဖြစ်မယ်။ တစ်ခြားကမ္ဘာက ဖြစ်ချင်ဖြစ်မယ်။ နတ်ပြမ္မာတွေ ဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ ဒါတွေမဖြစ်ချင်ဘူးလား။ မဖြစ်ချင်ရင် ဒို့ညီနောင်တွေ ညီညွတ်ကြရအောင်။

(၂) တရားဥပဒေစိုးမိုးရေး Rule of Law အဲဒါတွေ စနစ်တကျလုပ်ကြရအောင်။ ဒါဆို ဘယ်သူမှ ဝင်လာစရာအကြောင်းမရှိဘူး။ ဒို့ကလည်း လက်မခံဘူး။ ရှင်းရှင်းလေးပဲ။ အဖြေကတော့ ဒါပဲ။ အနာတစ်ခြား ဆေးတစ်ခြား လုပ်လို့တော့မရဘူး။ ဘယ်အချိန်ပဲ မေးမေး၊ ဘယ်သူခေါ်မေးမေး၊ ကျွန်တော် မွတ်ဆလင်မ်တစ်ဦးအနေနဲ့ အဲဒီအတိုင်းပဲ ပြောမှာပဲ။ ဘယ်သူ့ရှေ့မှာပဲ ဖြစ်ဖြစ်။ ဒါအမှန်ပဲလေ။

ဟုတ်ပြီ။ အစွလာမ်က(Pre-emptive attack)ကို လုံးဝ လက်မခံဘူး။ ဒီကနေ့ပြောနေတဲ့ `ဂျီဟာဒ်´ တစ်ကမ္ဘာလုံးမှာ ပြောနေ၊ ကြားနေရတဲ့ `ဂျီဟာဒ်´။ `ဂျီဟာဒ်´လို့ကြားရင် လန့်နေကြတယ်။ ဒါပေမဲ့ `ဂျီဟာဒ်´ ကို စစ်မှန်တိကျတဲ့ အနက်အဓိပ္ပါယ် တိတိကျကျ အနက်ဖွင့်ဆိုတာ သိပ်မတွေ့ရဘူး။ တခါတလေ ကျွန်တော်တို့စဉ်းစားမိတယ်။ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ဒီကနေ့ ပြဿနာတက်နေတဲ့ ၇၈၆ ကိစ္စ၊ `ဂျီဟာဒ်´ကိစ္စတွေကို ရှင်းလိုက်ချင်တယ်။ သတင်းစာကနေ အားလုံးနီးပါး သိသွားစေချင်တယ်။

`ဂျီဟာဒ်´နဲ့ပတ်သက်ပြီး ကုရ်အာန်မှာရှိတဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်တွေအားလုံးကို ခြုံငုံသုံးသပ်လိုက်မယ်ဆိုရင် --`ဂျီဟာဒ်´ ကြေညာချင်ရင် `ဂျီဟာဒ်´အထမြောက်ဖို့အတွက် အချက်(၉)ချက် ရှိတယ်။ အဲဒီအချက် (၉)ချက်က ဘာတွေလဲ ပြောမယ်။

(၁) `ဂျီဟာဒ်´စစ်ပွဲကို နိုင်ငံရေးခေါင်းဆောင်က ကြေငြာတိုက်ခိုက်တာမျိုး မဖြစ်စေရ။ [ နိုင်ငံရေးအရ ကြေငြာတဲ့စစ်ပွဲ၊ တိုက်ပွဲမျိုး မဖြစ်စေရ။ ဘယ်သူကြေငြာရမလဲ! ဘာသာရေးခေါင်းဆောင်က ကြေငြာရမယ်။ တစ်နည်းဆိုရရင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်ပိုင်ဆိုင်ရေးအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ စစ်ပွဲမျိုးမဖြစ်စေရ ]

(၂) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံ၊ ဒါမှမဟုတ် အစုအဖွဲ့တစ်ရပ်ကို အခြေခံဖေါ်ဆောင်ပြီးတော့ လုပ်တဲ့ စစ်ပွဲမျိုးမဟုတ်ဘဲနဲ့ မွတ်စလင်မ်ထုတစ်ရပ်လုံးက ထောက်ခံတဲ့စစ်ပွဲမျိုး ဖြစ်ရမယ်။

(၃) တင်ကြိုတိုက်ခိုက်ခြင်း၊ ကျူးကျော်တိုက်ခိုက်တဲ့ စစ်ပွဲမျိုး မဖြစ်စေရ။

(၄) စစ်ဖြစ်ရတဲ့ အကြောင်းအရင်း ရှိပါလိမ့်မယ်။ ဖြစ်ရတဲ့ အကြောင်းအရင်းပြဿနာကို တိုက်ခိုက်ခြင်း မပြုမီ အခြားသော ငြိမ်းချမ်းသော နည်းလမ်းများနဲ့ ဆွေးနွေးဖြေရှင်းပြီး နောက်ဆုံးပြေလည်မှုမရမှ စစ်ပွဲဆင်နွှဲရပါ မယ်။

(၅) အခြားလူများ၊ အခြားဘာသာဝင်များ၊ အစ္စလာမ်ဘာသာအတွင်းသို့ ကူးပြောင်းဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ဆင်နွှဲတဲ့စစ်ပွဲမျိုး မဖြစ်စေရ။ [ ဒီနေ့ ကျွန်တော်တို့ကို စွပ်စွဲတာ ဒီအချက်လည်းပါတယ်။ သားဖောက်ပြီး သာသနာပြုတယ်။ ဓါးမိုးပြီး သာသနာပြုတယ်။ မရှိပါဘူး။ အစ္စလာမ်က ဓါးမိုးတယ်၊ တမန်တော်သည်ပင်လျှင် ဓါးမိုးပြီး သာသနာပြုခဲ့တယ်။ အရမ်းစွပ်စွဲနေကြတယ်။ အခုလည်း ဒီမှာ သားဖောက်၊ မြေလုတာတွေ။ မဟုတ်ပါဘူး။ ကျွန်တော် ရဲရဲဝံ့ဝံ့ကြေငြာပါတယ်။ အစ္စလာမ်က ဒီလိုလုပ်ခွင့်မရှိပါဘူး။ ]

(၆) စစ်ပွဲဆင်နွှဲရခြင်းသည် ဩဇာအာဏာ ဖြန့်ကျက်ထူထောင်နိုင်ရန်အတွက် လည်းကောင်း၊ နယ်မြေချဲ့ထွင်ရန်အတွက် လည်းကောင်း မဖြစ်စေရပါ။ [ ဆဒမ်ဟူစိန်၊ ဂဒါဖီ သူတို့လက်ထက်မှာလည်း `ဂျီဟာဒ်´ကြေငြာခဲ့ကြပါတယ်။ ဒါပေမဲ့ တစ်ခုမှ `ဂျီဟာဒ်´ မမြောက်ပါဘူး။ ဘာလို့လဲ။ သူတို့ရဲ့ရည်ရွယ်ချက်ကို ကြည့်ရမယ်။ ဘာကြောင့် သူတို့`ဂျီဟာဒ်´ကြေငြာရတာလဲ။ ]

(၇) အပြစ်မဲ့ အရပ်သားတွေ၊ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေကို ထိခိုက်ပျက်စီးခြင်း မရှိအောင် နည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်ရမယ်။

(၈) သစ်ပင်၊ ဝါးပင်နဲ့ ကောက်ပဲသီးနှံအပါအဝင် သဘာဝသယံဇာတတွေ အကြီးအကျယ် ထိခိုက်ပျက်စီးမှုမရှိအောင် လုပ်ရမယ်။ [ ဆိုလိုရင်းက ဓါတုလက်နက်၊ အဆိပ်လက်နက် သုံးခွင့်မပြုဘူး။ ]

(၉) လူနေအိမ်၊ သာသနိကအဆောက်အအုံ၊ ဘုရားကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ အရပ်ဖက် အဆောက်အဦးတွေ ထိခိုက်ပျက်စီးမှု မရှိစေရ။

ကဲ -- `ဂျီဟာဒ်´ရဲ့တန်ဖိုး ဘယ်လောက်မြင့်မားသလဲ! စည်းကမ်း ဘယ်လိုတင်းကျပ်ထားသလဲ! အဲဒီလောက်ဆိုရင် သဘောပေါက်လောက်ပါပြီ။ ကျွန်တော်တို့က `ဂျီဟာဒ်´ဆိုတာနဲ့ တုတ်ဆွဲ၊ ဓါးဆွဲ လုပ်ချင်ကြတယ်။ အဲဒါ `ဂျီဟာဒ်´မဟုတ်ဘူး။ မလုပ်ကြပါနဲ့။ ကျွန်တော်တို့ကစပြီး ပုံမဖော်မိပါစေ နဲ့။

လတ်တလောဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှုတွေကြောင့် ဗလီတွေမှာ အစောင့်အရှောက်ထားဖို့ လိုအပ်မယ်ဆိုရင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ ရပ်မိရပ်ဖတွေနဲ့ စနစ်တကျ ပူးပေါင်းလမ်းညွှန်ချက်ရယူပြီးမှ လုပ်လို့ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ -- ကျွန်တော်က ပြဿနာဖြစ်တဲ့အချိန်မှာ လွှတ်တော်အမတ်တစ်ယောက် (အမည်မဖော်ပြပါ) ကို လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေတွေကို သွားဆွေးနွေးပါတယ်။ (၅၉)လမ်းဗလီကပါလို့ ပြောတော့-- သူက **`ခင်ဗျားတို့ဗလီထဲမှာ အက်စစ်ပုံးတွေ ထားသလား၊ ဓါးတွေ၊ တုတ်တွေ စုထားလားလို့မေးပါတယ်´** တစ်ဖက်မှာ သတင်းအမှားတွေ ရနေတယ်ဆိုတာ သိသာတယ်။

ကျွန်တော်တို့ ဒီကနေ့ `ဂျီဟာဒ်´ရဲ့အနှစ်သာရ အန္တိမရည်မှန်းချက်က ဘာလဲဆိုတာကို နားလည်မှု အားနည်းနေကြတယ်။ ကျွန်တော်တို့မွတ်စလင်မ်တွေ မှန်မှန်ကန်ကန် နားလည်

သဘောပေါက်ပြီး အခြားဘာသာ၊ အခြားလူ့အဖွဲ့အစည်းတွေကို မှန်မှန်ကန်ကန် စနစ်တကျ ချပြမယ်ဆိုရင် ကုရ်အာန်ထဲမှာပါဝင်တဲ့ `ဂျီဟာဒ်´ဆိုတဲ့ စကားလုံးဟာ ဒီနေ့လူတွေ ကြားနေ၊ သိနေသလို ကြောက်စရာကောင်းတဲ့ စကားလုံးအဖြစ်ကနေ ကင်းလွတ်သွားပါလိမ့်မယ်။

ရင်နာစရာကောင်းတာက အလ္လာဟ်က လူသားထုတစ်ရပ်လုံး အကာကွယ်ဖြစ်ဖို့အတွက် အလ္လာဟ်ရဲ့ "နေအ်မဟ်"တော် အဖြစ် ချပေးထားတဲ့ စကားလုံးတစ်လုံးဟာ အလွဲသုံးခံရခြင်း အပေါ်မှာ၊ နာမည်ဆိုးနဲ့ကျော်ကြားနေရတဲ့အပေါ်မှာ၊ ကျွန်တော်တို့ မွတ်စလင်မ်တွေ အင်မတန် ရင်နာဖို့ကောင်းပါတယ်။ ဒါကို ကျွန်တော်တို့ ဒီအတိုင်းပဲ ထားလိုက်မှာလား! ဖြေရှင်းဖို့ တာဝန်မရှိဘူးလား! အဲဒီတာဝန်ကို အားလုံးက ယူရလိမ့်မယ်။ မွတ်စလင်မ်ထု တစ်ရပ်လုံး ဝိုင်းလုပ်ရမယ်။ စွန္နီပဲဖြစ်ဖြစ်၊ ရှီအာပဲဖြစ်ဖြစ်၊ ဆလ်ဖီပဲဖြစ်ဖြစ် လုပ်ကြပါ။ အားလုံးလုပ်ကြပါ။

အချိန်ပြည့်သွားတဲ့အတွက် ကျန်နေတဲ့အပိုင်းကို ထပ်မံရှာဖွေတင်ပြပါတယ်။ ကုရ်အာန်မှာပါဝင်နေတဲ့ "အလ္လာဟ့်ကလာမ်" Word of Allah စကားလုံးတစ်လုံးဟာ ဘယ်လိုအခြေအနေမှာ နိမ့်ပါးကျရောက်နေသလဲ! ဒီအနေအထားကနေ ဘယ်လိုကျော်ဖြတ်ပြီး စကားလုံးရဲ့ အဓ္ဓိမအမှန်တရား၊ အနက်အဓိပ္ပါယ်ကို သိရှိနားလည်သဘောပေါက်ပြီး လူသားထုတစ်ရပ်လုံး သဘောပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ပြောရင်း ပထမပိုင်းကို ဒီမှာပဲ ရပ်နားပါရစေ ။ ။

## ဘယ်လို့ပြောင်းလဲ (Change) ကြမလဲ

## (အပိုင်း–၁+၂)

ဒီနေ့ ကျွန်တော်တင်ပြဖို့ ရွေးထားတဲ့ခေါင်းစဉ်က **`ဘယ်လိုပြောင်းလဲ (Change) ကြမလဲ´** ဆိုတဲ့ ခေါင်းစဉ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်က မီဒီယာတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေ လုပ်တဲ့အခါမှာ အထူးသဖြင့် Muslim community (မွတ်စလင်မ် လူ့အဖွဲ့အစည်း)နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲရေး (Change) လုပ်ဖို့ တိုက်တွန်းလေ့ရှိပါတယ်။ ဒီလိုတိုက်တွန်းချက်အပေါ်မှာ ကျွန်တော့်ကို အချို့မွတ်စလင်မ်တွေက ဘယ်လိုပြောင်းလဲ (Change) လုပ်ရမလဲဆိုတာကို မကြာခဏမေးလေ့ရှိတယ်။ ဘာကို Change လုပ်ရမလဲ။ ဘယ်လိုလုပ်ရမလဲ။

ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်က Change လုပ်ဖို့ (၁၃း၁၁)မှာ တိုက်တွန်းထားတယ်။ အဓိပ္ပါယ်က-

***"စင်စစ်အမှန်ပင် လူ့အစုအဖွဲ့တစ်ရပ်သည် မိမိတို့ ကိုယ်ကိုပြုပြင်ပြောင်းလဲမှု မလုပ်သမျှကာလပတ်လုံး အလ္လာဟ် အရှင်မြတ်ကလည်း (ထိုလူ့အစုအဖွဲ့ကို) ပြုပြင်ပြောင်းလဲ ပေးမည် မဟုတ်ပေ။"*** (ကုရ်အာန်- ၁၃ း ၁၁)၊

ဒီအာယသ်တော်အရ အလ္လာဟ်အရှင်မြတ်က Change လုပ်ခြင်းကို နှစ်သက်မြတ်နိုးတော်မူတဲ့သဘော သက်ရောက်တယ်။ ဒါ့ကြောင့် ခေတ်တိုင်း ခေတ်တိုင်းမှာလို ဒီကနေ့ ဒီအချိန်မှာလည်း လူ့အဖွဲ့အစည်းတွေ အထူးသဖြင့် အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ကြတဲ့ Muslim Community ဟာ ပြောင်းလဲခြင်း Change ကို မဖြစ်မနေ ပြုလုပ်ရမယ်။

ဒါပေမဲ့ ဘာကို ဘယ်လို Change လုပ်ရမယ် ဆိုတာနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်စရာရှိပါတယ်။ ဥပမာ-ပြောင်းလဲမှု (Change)ပြုလုပ်ရမယ်ဆိုတော့ ယောကျာ်းတွေက မိန်းမအဖြစ်သို့ ပြောင်းလဲပြီး၊ မိန်းမတွေက ယောကျာ်းတွေအဖြစ် ပြောင်းလဲရမှာလား။ ဒါမှမဟုတ် မွတ်ဆလင်မ်တွေက အခြားဘာသာ၊ သာသနာကို ကူးပြောင်းခြင်းဖြင့် အပြောင်းအလဲ(Change)လုပ်ရမှာလား၊ စသည်အားဖြင့် ဘာကို၊ ဘယ်လိုပြောင်းလဲ (Change)ကြရမှာလဲ။ ဒီလိုမေးခွန်းတွေနဲ့ပတ်သက်ပြီး ဒီနေ့သောကြာခွတ္တဗါဟ်မှာ ကျနော့အနေနဲ့ တတ်နိုင်သလောက်ရှင်းပြသွားမှာဖြစ်ပါတယ်။

ပြောင်းလဲခြင်း Change ရဲ့အဓိပ္ပါယ်သတ်မှတ်ချက်ကို ဦးစွာ သိဖို့လိုအပ်တယ်။

Change = to becomedifferent- ကွဲပြားခြားနားလာသည်။

Change = to pass or make sb/sth pass from one state or form into another.

Change = to replace one thing, person, service with something new or different.

ဥပမာပြော့ဗျာ၊ မော်တော်ကားတစ်စီးဟာ လောင်စာဆီစစ် (Fuel filter) ပိတ်သွားတယ်ဆိုပါတော့။ ဒါဆိုရင် သေချာတဲ့ ပြုပြင်မှုတစ်ခုကတော့ ဒီဆီစစ်ကို အသစ်တစ်ခုနဲ့ မပြောင်းလဲသမျှ ကာလပတ်လုံး ဒီကားဟာခရီးဆက်လို့မရတော့ပါဘူး။ ဒါက Change ရဲ့အခြေခံသဘောကို ထင်သာမြင်သာဖြစ်အောင် အရိုးရှင်းဆုံးနည်းနဲ့ ရှင်းပြခြင်းဖြစ်ပါတယ်။

အစ္စလာမ့်သမိုင်းမှာ တမန်တော်မြတ်(ဆွ)ဟာ အရပ်လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို Change ပြောင်းလဲမှု ပြုလုပ်ပေးခဲ့ပါတယ်။ ဟုတ်၏/မဟုတ်၏ကို ပြန်လည်သုံးသပ်ကြည့်ကြပါ။ ဒီလိုပြောင်းလဲသွားခြင်းအပေါ် ဒီအရပ်လူ့အဖွဲ့အစည်းဟာ တိုးတက်တဲ့လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ကမ္ဘာပေါ်မှာ သမိုင်းမှတ်တမ်းတင်ခံခဲ့ရပါတယ်။ တမန်တော်မြတ်ကြီးက အရပ်လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ပြောင်းလဲပေးလိုက်တဲ့အရေးမှာ အဓိက အခန်းကဏ္ဍကပါဝင်ခဲ့တာကတော့ အလ္လာဟ်ရဲ့ဝဟီ တစ်နည်းအားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်ပဲ ဖြစ်ပါတယ်။

အစ္စလာမ်သမိုင်းမှာ တမန်တော်မြတ်က အရပ်လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို Change လုပ်တဲ့အခါမှာ တမန်တော်မြတ်ကြီးနဲ့ ဆွဟာဘာ သာဝကကြီးများရဲ့ စိတ်အခြေအနေ (Mindset) ဟာ "ပြောင်းလဲဝံ့ခြင်း" (Dare to Change) အနေအထားမှာ ရှိပါတယ်။ ဒီလို ပြောင်းလဲဝံ့တဲ့အနေအထား (Dare to Change) မရှိဘူးဆိုရင် ဒီအရပ်လူ့အဖွဲ့အစည်းဟာ ဘယ်လိုမှ တိုးတက်ပြောင်းလဲလာမှာ မဟုတ်ပါဘူး ဒါက ဘာကိုပြသလဲဆိုရင် တမန်တော်မြတ်(ဆွ)အပေါ်မှာ သူ့ရဲ့ဆွဟာဘာ သာဝကကြီးများ ဘယ်လောက်အထိ ယုံကြည်ကိုးစားသလဲဆိုတာကို ပြသနေခြင်းပါ။ တမန်တော်မြတ်(ဆွ)ကို နှစ်နှစ်ကာကာယုံကြည်ကြတဲ့ သူ့ရဲ့ဆွဟာဘာ သာဝကကြီးများဟာ တမန်တော်မြတ်ကြီးချပြခဲ့တဲ့ပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကို ရဲရဲဝံ့ဝံ့လိုက်နာခဲ့ကြပြီး မိမိတို့ရဲ့မှားယွင်းနေတဲ့ လမ်းစဉ်တွေကို စွန့်လွှတ်ခဲ့ကြပါတယ်။ ဒီကနေ့တမန်တော်မြတ်ကို အလွန်မတန်ချစ်ခင်မြတ်နိုးပါတယ်ဆိုတဲ့ကျနော်တို့က မှားယွင်းနေတဲ့လမ်းစဉ်တွေကို စွန့်လွှတ်ပြီး တမန်တော်မြတ်လိုက်နာကျင့်သုံးပြသခဲ့တဲ့ ကုရ်အာန်လမ်းစဉ်ကို အမှန်တကယ်ပြောင်းလဲဖက်တွယ် လိုက်နာနေကြပြီလားဆိုတာကို သုံးသပ်ကြည့်ကြပါဦး။ ဒီလိုပြောင်းလဲဝံ့တဲ့သတ္တိ(Dare to change) မရှိဘူးဆိုရင် အဲဒီလူ့အစုအဖွဲ့ဟာ ဘယ်လိုမှ တိုးတက်လာမှာ မဟုတ်တော့ပါဘူး။

Change ဖြစ်စဉ်ကို ဆက်စပ်ဖော်ပြနေတဲ့ ကုရ်အာန်စူရာဟ် အဆွရ်၊ စူရာဟ်အမှတ် (၁၀၃)ကိုလည်း တင်ပြပါရစေ။

***'ခေတ်ကာလကို တိုင်တည်ပါ၏။ စင်စစ်မှချပင် လူသားသည် Dehumanization လူ့အရည်အသွေးမှ လျော့ကျသွားခြင်း အခြေအနေ၌ ရှိကြလေသည်။ သို့ရာတွင် အီမာန်သက်ဝင် ယုံကြည်ပြီး ဘဝကို အမှန်တရားနှင့်အညီ ပြုပြင်ပြောင်းလဲ တည်ဆောက်နေသူများ၊ ပြီးနောက် အမှန်တရား (အလ်ဟက်) ကို လူ့အဖွဲ့အစည်း၌ လှုံ့ဆော်တိုက်တွန်း နှိုးဆော်နေသူများနှင့် ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ရပ်တည်ရန် တိုက်တွန်းနှိုးဆော်သူများသည်ကား Dehumanization လူ့အရည်အသွေးနိမ့်ကျ ပျက်စီးသွားသူများတွင် ပါဝင်ကြမည် မဟုတ်ကြချေ။'*** (ကုရ်အာန် - ၁၀၃)

အထက်ပါ စူရာဟ် (၁၀၃)အရ ခေတ်စနစ်ဆိုသည်မှာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ ထိုတိုးတက်ပြောင်းလဲလာသော ခေတ်စနစ်ကို လိုက်လျောညီထွေစွာ Change မလုပ်နိုင်သော လူ့အဖွဲ့အစည်းသည် လူ့အရည်အသွေးမှ လျော့ကျသွားစေမည်။ Dehumanization အနေအထားသို့ ရောက်ရှိသွားပေမည်။

ဒီစူရာဟ်မှာပါဝင်တဲ့-

***'ဝသဝါ ဆောင်ဗစ်လ် ဟက်က်၊ ဝသဝါ ဆောင်ဗစ်ဆွဗ်ရ်'*** ဆိုတဲ့အပိုင်းကို မြန်မာဘာသာပြန်နဲ့ ပြန်ဆိုမယ်ဆိုရင်

***'အမှန်တရား၊ သစ္စာတရားအတွက်နဲ့ ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ရပ်တည်ရန် တိုက်တွန်းနှိုးဆော်နေသူများ'***

ဒီစာပိုဒ်ကို ကျနော်နိုင်ငံရေးအမြင်နဲ့ သုံးသပ်ပါရစေ။ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ဟာ အာဏာရှင်လက်အောက်မှာ နှစ်ပေါင်း(၅၀)ကျော် (ရာစုနှစ်တစ်ဝက်ကျော်) နေထိုင်ခဲ့ကြရတယ်။ အာဏာရှင်စနစ်ဆိုတာက မိမိအာဏာတည်မြဲဖို့ ကိုယ့်ရဲ့ ဆန့်ကျင်ဘက်ကိုဖြစ်စေ၊ ကိုယ်သဘောမကျတဲ့ လူ့အဖွဲ့အစည်းကိုဖြစ်စေ၊ လူသားအဆင့်ကနေပြီး လျော့ကျသွားအောင် ရည်ညွှန်းပြောဆို၊ လုပ်ကိုင်ပြုမူခြင်းအားဖြင့် Dehumanization လုပ်လေ့ရှိပါတယ်။

အာဏာရှင်တွေဟာ မီဒီယာများကိုချုပ်ကိုင်ပြီး တစ်ဖက်သတ်ဝါဒဖြန့်မှုတွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ပြီး သော်လည်းကောင်း၊ နှစ်ပေါင်းများစွာ သွတ်သွင်းပြောဆိုဝါဒဖြန့်ကြတယ်။ အခြားတစ်ဖက်က ဇာတ်ကြောင်းတွေ၊ အခြားတစ်ဖက်က သတင်းမှန်တွေကို ပိတ်ဆို့ပြီး မိမိလိုချင်သော၊ မိမိဖြစ်စေချင်သော သတင်းအနေအထားကိုပဲ အများပြည်သူကို ကြားနာခွင့်ပေးပါတယ်။

အဲဒီတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ အခြားတစ်ဖက်က သတင်းမှန်ကို ကြားနာခွင့်မရတော့တဲ့ အများပြည်သူတွေဟာ အဲဒီသတင်းအမှန်နဲ့အတူ ပါလာမယ့်ခံစားမှုတွေ၊ ဆင်ခြင်စဉ်းစားရမယ့်အချက်တွေကို မရရှိတော့ပါဘူး။ ဒီအပေါ်မှာ သတင်းမီဒီယာနဲ့ ဝါဒဖြန့်ချီရေး ယန္တရားအောက်မှာ နေထိုင်ရတဲ့ သာမန်အများပြည်သူတွေအနေနဲ့ တစ်ဦးကိုတစ်ဦး နားလည်မှုပေးဖို့ အခက်အခဲများစွာ ဖြစ်သွားရပါတယ်။

အာဏာရှင်က မိမိနဲ့ဆန့်ကျင်ဖက်တွေ မိမိ မလိုလားသူတွေကို လူသားအဖြစ်မှ လျော့ကျသွားအောင် ပြောဆိုရည်ညွှန်း Dehumanization လုပ်လေ့ရှိပါတယ်။ အာဏာရှင်တွေရဲ့ မလိုလားတဲ့အုပ်စုထဲမှာ မွတ်စလင်မ်တွေကို အစိုးရဌာနတွေမှာ နေရာမပေးတာတို့၊ ခရီးသွားလာခွင့် ပိတ်ပင်တာတို့၊ နိုင်ငံသားဖြစ်ခွင့် ပိတ်ပင်တာတို့၊ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ခွင့် ကန့်သတ်တာတို့၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်း ကန့်သတ်ပိတ်ပင်တာတို့ အစရှိတဲ့ ကန့်သတ်မှုတွေဟာ အာဏာရှင်က မွတ်ဆလင်မ်လူ့အဖွဲ့အစည်းကို **`မလိုလားသူများ´**အဖြစ် သဘောထားရှိနေတာကို ပြသနေခြင်းပါ။

မိမိနဲ့ ဆန့်ကျင်ဖက်တွေ၊ မိမိ မလိုလားသူတွေကို လူ့အဆင့်အတန်းမရှိသူများအဖြစ် Dehumanization ပြုလုပ်လိုက်တဲ့အခါ အများပြည်သူအကြားမှာ 'Hatred' အမုန်းပွားခြင်းကို ဖြစ်ပေါ်စေပါတယ်။ ပညာရှင်များရဲ့သုတေသနအရဆိုရင် (၁၉၈၀) လွန်နှစ်များမှာ ဗုဒ္ဓဘာသာအများစုနေထိုင်တဲ့ မြန်မာနိုင်ငံမှာ မွတ်ဆလင်မ်များအပေါ် မုန်းတီးခြင်း (Hatred)ဟာ (၈၀%)ကျော်ရှိနေတာကို တွေ့ရပါတယ်။ အဲဒီတော့ မွတ်ဆလင်မ်ဆိုတာ မြန်မာ့လူ့ဘောင်မှာ မလိုလားအပ်သော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တံဆိပ်ကပ် ခံလိုက်ရတဲ့အပေါ်မှာ တစ်နည်းအားဖြင့် အာဏာရှင်က မွတ်ဆလင်မ်လူ့အဖွဲ့အစည်းကို Dehumanization လုပ်လိုက်တဲ့အပေါ်မှာ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းကို ရိုင်းစိုင်းကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ ချေမှုန်းသုတ်သင်ခြင်းတို့ဟာ တရားဝင် ခွင့်ပြုထားတဲ့ အနေအထားတစ်ရပ်ဆီ ဆိုက်ရောက်သွားပါတယ်။ ဒီအခြေအနေမျိုးကို ရခိုင်ပြည်နယ်၊ မိတ္ထီလာ၊ ပဲခူးတိုင်းအနောက်ခြမ်းနဲ့ လားရှိုးမြို့တွေမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေမှာ တွေ့ရပါတယ်။

အဲဒီတော့ ကုရ်အာန်(၁၀၃)မှာ ပါရှိတဲ့

**`ဝသဝ်ါ ဆောင်ဗ်စ်လ် ဟက်က်၊ ဝသဝ်ါ ဆောင်ဗ်ဆွဗ်ရ်´**

***`အမှန်တရား၊ သစ္စာတရားအတွက်နဲ့ ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ရပ်တည်ရန် တိုက်တွန်းနှိုးဆော်သူများ´*** မရှိတော့ဘူးဆိုရင် ကျနော်ဖတ်ဖူးတဲ့ ဒုတိယကမ္ဘာစစ်က ဖြစ်ရပ်ကလေးတစ်ခုကို တင်ပြ ပါရစေ။

First they came for the Jews and I did not speak out become I was not a Jew.

ပထမဦးဆုံး သူတို့က ဂျူးတွေကို ဖမ်းဖို့ရောက်လာကြတယ်။ အဲဒီအချိန်မှာ ကျုပ်ကထုတ်ဖော်ကန့်ကွက်မှုတစ်ရပ်ကို မလုပ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ဂျူးတစ်ယောက်မဟုတ်လို့ပါ။"

Then they came for the Communists and I did not speak out become I was not a Communist.

"နောက်တစ်ခါ သူတို့က ကွန်မြူနစ်တွေကိုဖမ်းဖို့ ရောက်လာကြပြန်တယ်။ ကျုပ်အနေနဲ့ ဘာတစ်ခွန်းမှ ထုတ်ဖော်ကန့်ကွက်ခြင်း မလုပ်ခဲ့ဖူးလေ။ ဘာကြောင့်လဲဆိုတော့ကျုပ်က ကွန်မြူနစ်တစ်ယောက်မှမဟုတ်တာ။"

Then they came for the trade unionist and I did not speak out because I was not a trade unionist.

"ဒီတစ်ခါ သူတို့က အလုပ်သမားသမဂ္ဂဝင်တွေကိုဖမ်းဖို့ ရောက်လာကြပြန်တယ်။ ကျုပ်ကဘာတစ်ခွန်းမှ ထုတ်ဖော်ကန့်ကွက်ခြင်း မလုပ်ခဲ့ပြန်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်က အလုပ်သမားသမဂ္ဂဝင်တစ်ယောက်မှ မဟုတ်တာကိုးဗျ။"

Then they came for me and there was no one left to speak out for me.

"နောက်ဆုံးတော့ ကျုပ်ကိုဖမ်းဖို့ သူတို့ရောက်လာကြပြီ။ ကျုပ်အတွက် ထုတ်ဖော်ဝေဖန်ကန့်ကွက်ပေးမဲ့လူ တစ်ယောက်မှ မရှိတော့ဖူးဗျ "

ဒီဖြစ်ရပ်ကလေးက ဘာကို ရည်ညွှန်းပြနေသလဲဆိုတော့ မိမိပတ်ဝန်းကျင်မှာဖြစ်နေတဲ့ မတရားမှုတွေဟာ မိမိနဲ့မဆိုင်ဘူးဆိုပြီး လစ်လျူရှုနေသူတစ်ဦးအတွက် နောက်ဆုံးမှာတော့ အဲဒီမတရားမှုကို မိမိကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ ခံစားလိုက်ရတယ်ဆိုတာကိုပဲ ဖြစ်ပါတယ်။

ကျမ်းမြတ်ကုရ်အာန်မှာ တမန်တော်မြတ်(ဆွ)က သူ့ရဲ့အရပ်လူ့အဖွဲ့အစည်းကို ဘယ်လိုပြုပြင်ပြောင်းလဲ (Change) လုပ်ပေးခဲ့သလဲဆိုတာကို လေ့လာကြည့်မယ်ဆိုရင် တမန်တော်မြတ်ဟာ အပြောင်းအလဲ(၄)ခုကိုတစ်ဆင့်ပြီးတစ်ဆင့် အရပ်လူ့အဖွဲ့အစည်းအတွက် ပြောင်းလဲပေးခဲ့တာကို တွေ့ရပါတယ်။ အဲဒါတွေကတော့-

(၁) Personal Change

တစ်ဦးချင်းစီ၏ စိတ်ထားများ၊ အပြုအမူများနှင့် အသိအမြင်များကို ပြုပြင်ပြောင်းလဲခြင်း။

(၂) Relational Change

မိမိအုပ်စုအတွင်း၊ မိမိအုပ်စုနှင့်အခြားအုပ်စုများအတွင်း ဆက်နွယ်၊ ဆက်ဆံမှုကိုပြောင်းလဲခြင်း။

(၃) Cultural Change

ငြိမ်းချမ်းသာယာရေး၊ မျှတညီညွတ်ရေးကို တန်ဖိုးထားသော ယဉ်ကျေးမှုဆီသို့ပြောင်းလဲခြင်း။

(၄) Structural Change

မူဝါဒနှင့် ဖွဲ့စည်းပုံများ၊ ခေါင်းဆောင်မှု ပုံသဏ္ဍာန်များ ပြောင်းလဲခြင်း။

ဆက်လက်ပြီး **"မည်သည့်အချက်များ၊ အကြောင်းအရာများက ပြောင်းလဲခြင်း(Change)ကို တားဆီးဟန့်တားနေရသနည်း"** ဆိုတဲ့အပိုင်းကို အဓိကထားပြီးတင်ပြသွားမှာဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်အနေနှင့် `ဘယ်လို ပြောင်းလဲ (Change)ကြမလဲ´ ဟူသောမေးခွန်းကို ဖြေဆိုရန် ကြိုးပမ်းကြရာ၌ **`မည်သည့်အချက်များက ပြောင်းလဲခြင်းကို ဟန့်တားနေသနည်း´** ဟူသည့်အချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ ခေတ်အဆက်ဆက် လူ့အဖွဲ့အစည်းများတွင် လူ့အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲခြင်း (Community Change) ကို ကန့်သတ်တားဆီးနေသော အနေအထားများ၊ အချက်အလက်များ ရှိနေပါတယ်။ ဒီအချက်အလက်တွေ၊ အနေအထားတွေကို သတိမမူဘဲ၊ မဖော်ထုတ်ဘဲ ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ၊ လူ့အဖွဲ့အစည်းတစ်ရပ် ပြောင်းလဲခြင်းပြုလုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် ပြောင်းလဲခြင်းကို ကန့်သတ်တားဆီးနေတဲ့ အချက်အလက်တွေ၊ အနေအထားတွေကို တတ်နိုင်သလောက် ဖော်ထုတ်တင်ပြသွားပါမယ်။

**၁။ (Dispute)ငြင်းခုံခြင်း (သို့မဟုတ်) အပြန်အလှန်ဆွေးနွေးမှုမရှိခြင်း ။**

ကျမ်းတော်မြတ်ကုရ်အာန် (၄၂း၃၈) မှာ-

***..... `ဝအမ်ရုဟွမ် ရှူးရာ ဘိုင်းနဟွမ်း´.....***

--- And whose affairs are decided by their mutual consultation -----(Quran- 42 : 38)

***`သူတို့၏ အရေးအရာကိစ္စများကို သူတို့ကိုယ်တိုင် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဆုံးဖြတ်ဆောင်ရွက်ကြသည်။´ (ကုရ်အာန် - ၄၂း၃၈)***

အပြန်အလှန်ဆွေးနွေးပြောဆိုမှု (Dialogue) ဆိုတဲ့ အခန်းကဏ္ဍမှာ ပါဝင်သူတိုင်းဟာ အမြေကိုယ်စီ ရှိနေကြပါတယ်။ အဲဒီအမြေတွေကို အားလုံးအတူတကွ၊ နေရာတကျ ထားသိုနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ အပြန်အလှန်ဆွေးနွေးခြင်း (Dialogue) နှင့် တစ်ဖက်သတ်ပြောဆိုငြင်းခုံခြင်း (Dispute) ကိုတော့ ခွဲခွဲခြားခြားနားလည်ထားဖို့ လိုအပ်ပါတယ်။ ဒီနှစ်ခုဟာ သဘောသဘာဝအားဖြင့် အလွန်ကွဲပြားပါတယ်။

အပြန်အလှန် ဆွေးနွေးခြင်းရဲ့သဘောက အခြေခံတူညီမှုကို ရှာဖွေခြင်းဖြစ်ပြီး၊ ငြင်းခုံခြင်းက ကွဲပြားမှုများကိုသာ ရှာဖွေခြင်းဖြစ်ပါတယ်။

အပြန်အလှန်ဆွေးနွေးခြင်းသည် တူညီသော နားလည်မှုရစေရန် ကြိုးစားခြင်းဖြစ်ပြီး ငြင်းခုံခြင်းက မိမိသိသာမှန်ကန်ကြောင်းပြရန်အားထုတ်မှုသာဖြစ်သည်။

အပြန်အလှန်ဆွေးနွေးခြင်းမှာ နားလည်မှုရရှိရန်၊ အဓိပ္ပါယ်သိရှိနိုင်ရန်နှင့် သဘောတူညီမှုတစ်ရပ်ကို ရှာဖွေရန် နားထောင်ခြင်းဖြစ်ပြီး၊ ငြင်းခုံမှုမှာ အပြစ်ရှာရန်၊ တန်ပြန်ငြင်းဆိုရန်အတွက်သာ နားထောင်ခြင်းဖြစ်တယ်။

အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းမှာ မိမိရဲ့ မူလအယူအဆအပေါ်မှာ ပြန်လည်သုံးသပ်မှုပြုတယ်။ ငြင်းခုံခြင်းမှာတော့ မိမိရဲ့ မူလအယူအဆကို အမှန်တရားအဖြစ် တရားသေ ဆုပ်ကိုင်ထားပါတယ်။ တစ်နည်းပြောရရင် အပြန်အလှန်ဆွေးနွေးမှုမှာ မိမိရဲ့ မူလပြောင်းလဲနိုင်ခြေ(Change)ကို ရှာဖွေတယ်။ ငြင်းခုံခြင်းဆိုတာက မိမိရဲ့ မူလရှိရင်းစွဲအမြင်ကိုပဲ ပိုမို ဆုပ်ကိုင်ထားခြင်းဖြစ်တယ်။

အပြန်အလှန် ပြောဆိုဆွေးနွေးခြင်းသည် ငြိမ်းချမ်းရေး (Peace)ကို ဦးတည်စေတယ်။ ငြင်းခုံခြင်းကတော့ ပဋိပက္ခဖြစ်မှု၊ ဝိဝါဒကွဲမှု (Conflict) ဆီကိုသာ ဦးတည်စေပါတယ်။

အဲဒီတော့ ကုရ်အာန်နည်းကျ တည်ငြိမ်အေးချမ်းပြီး တိုးတက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ပြောင်းလဲလိုတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ငြင်းခုံခြင်း (Dispute) ဆိုတာ ပြောင်းလဲခြင်း (Change)ကို ဟန့်တားနေတဲ့ အဆီးအတားတစ်ရပ် ဖြစ်နေပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ပြောင်းလဲခြင်းကို အဟန့်အ

တားဖြစ်စေတဲ့ ငြင်းခုံခြင်းဆိုတာကို **`အပြန်အလှန် ဆွေးနွေးခြင်း ဆီသို့´** Change ပြောင်းလဲပေးဖို့ လိုအပ်ပါတယ်။

ဒါကို ကျမ်းမြတ်ကုရ်အာန် (၁၆း၁၂၅)မှာ-

***`-- ဝဂျာဒီလ်ဟွမ်း ဘိလ်လသီ ဟီယာ အဟ်ဆန် --´***

-- And argue with them in a way that is best –

(Quran-16:125)

***`သင်သည် သူတို့နှင့် အကောင်းဆုံးသော နည်းအားဖြင့် အပြန်အလှန် ဆွေးနွေးပါလေ။´ (၁၆း၁၂၅)***

ကျမ်းမြတ်ကုရ်အာန် (၈း၄၆)မှာလည်း ဒီလို ပြဆိုထားပါတယ်။ အဓိပ္ပါယ်က-

***"သင်တို့သည် ငြင်းခုံမှုကို မပြုကြလေနှင့်။ ယင်းသည်ကား သင်တို့လေကုန်၊ အာညောင်းရုံမျှသာဖြစ်သည်။ ပြီးနောက် သင်တို့သည် ကြံ့ကြံ့ခံကြပါလေ။ ဧကန်မုချပင် အလ္လာဟ်အရှင်မြတ်သည် ကြံ့ကြံ့ခံသူတို့နှင့်အတူရှိလေသည်"*** (ကုရ်အာန်- ၈း၄၆)

ဒ့ါကြောင့် အပြန်အလှန်ဆွေးနွေးခြင်း (Dialogue) ဆိုတာ တစ်ဖက်နဲ့တစ်ဖက် မယုံမကြည်ဖြစ်နေတာတွေကို ကျော်လွှားဖို့၊ ရှုပ်ထွေးနေတာတွေကို လွတ်မြောက်စေဖို့၊ အတိတ်ကို နားလည်ပြီး အနာဂတ်ကို ပွင့်လင်းမြင်သာစွာ ကြည့်နိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီလိုအပြန်အလှန်ဆွေးနွေးခြင်း (Dialogue)မလုပ်ဘဲ ငြင်းခုံခြင်း (Dispute) ကိုပဲ ပြုလုပ်နေကြမယ်ဆိုရင် ငြင်းခုံနေခြင်းဆိုတာက Change ပြုလုပ်ဖို့ အတားအဆီးတစ်ရပ် ဖြစ်နေပါတယ်။

**၂။ အစုအဖွဲ့တစ်ရပ်၏ တွေးမြင်ခံယူပုံဓလေ့ (Organizational Culture)**

လူ့အဖွဲ့အစည်းတစ်ရပ်ထဲမှာ ပါဝင်နေကြတဲ့ လူတွေရဲ့ စိတ်ထဲမှာ တရားမျှတမှုကင်းမဲ့ခြင်း၊ တစ်ဖက်သားအပေါ် မတရားအမြတ်ထုတ်လိုခြင်း၊ ကြမ်းတမ်းရိုင်းပြခြင်း၊ အပေါ်စီးက ဆက်ဆံလိုခြင်း အစရှိတဲ့ စိတ်နေသဘောထား (Mindset)တွေဟာ အခိုင်မာ ကိန်းဝပ်ပြီး (Institutionalized exploitation) ဖြစ်နေတတ်ပါတယ်။ အဲဒီလို စိတ်နေစိတ်ထားရှိတဲ့ လူ့အဖွဲ့ အစည်းဝင်တွေဟာ မိမိတို့ရဲ့တရားမျှတမှု ကင်းမဲ့ခြင်း၊ ကြမ်းတမ်းရိုင်းပြခြင်းတွေကို သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အနေနဲ့ သဘောထားကြပါတယ်။ အကယ်၍များ သူတို့ရဲ့ စိတ်နေသဘောထားတွေ၊ ပြောဆိုပြုမူပုံတွေကို ဝေဖန်ဆန်းစစ်ပေးဖို့၊ ပြောင်းလဲပေးဖို့ တွန်းအားတစ်စုံတစ်ရာ မရှိခဲ့ဘူးဆိုရင် အဲဒီလူ့အဖွဲ့အစည်းဟာ တိုးတက်မှု၊ ငြိမ်းချမ်းသာယာမှု ကင်းမဲ့သွားတော့မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် သူတို့ရဲ့ စိတ်နေသဘောထားတွေ၊ သူတို့ရဲ့ ပြုမူ၊ ပြောဆိုလုပ်ကိုင်နေပုံတွေဟာ ပြောင်းလဲခြင်း(Change) ဆီသို့ ဦးတည်ဖို့ အကန့်အသတ်၊ အတားအဆီးတွေဖြစ်သွားပါလိမ့်မယ်။ ဒါဟာ အစုအဖွဲ့တစ်ရပ်ရဲ့ တွေးမြင်ခံယူထားပုံ ဓလေ့တစ်ရပ်ကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်ပါ။

အစုအဖွဲ့တစ်ခုအတွင်းမှာ ပါဝင်ဖွဲ့စည်းထားတဲ့ လူတွေရဲ့ တွေးမြင်ခံယူပုံ ဓလေ့နဲ့ပတ်သက်ပြီး နောက်အုပ်စုတစ်စု ရှိပါတယ်။ သူတို့က **`ငါတို့သည်သာလျှင် သာလွန်မြင့်မြတ်သူများဖြစ်သည်´** ဆိုတဲ့ ခံယူချက် (Internalized sense of superiority) မျိုးကို ခံယူထားကြပါတယ်။ အုပ်ချုပ်မှုစနစ်ကြောင့် ဖြစ်စေ၊ ပတ်ဝန်းကျင်အနေအထားကြောင့် ဖြစ်စေ၊ ဝါဒတစ်ရပ်ကို သွတ်သွင်းခံထားရခြင်းကြောင့် ဖြစ်စေ၊ ဒီလို ခံယူချက်မျိုးကို ခံယူလိုက်ရခြင်းဖြစ်ပါတယ်။ ဒီခံယူချက်က အခြားအဖွဲ့အစည်းများ၊ လူမျိုးစုများ၊ ဘာသာခြားများအပေါ် ခွဲခြားဆက်ဆံလိုစိတ်ကို ဖြစ်ပေါ်စေပါတယ်။ ပဋိပက္ခအသွင်ကို ဆောင်စေပါတယ်။

ယနေ့အခါမှာ လူအချို့ဟာ လွဲမှားနေတဲ့ တွေးမြင်ခံယူပုံဓလေ့တွေကို လက်ကိုင်ပြုထားကြပါတယ်။ သူတို့က `ငါတို့ ဂျူးဘာသာဝင်များသည်သာလျှင် အမြင့်မြတ်ဆုံးဖြစ်သည်´ ဟု လည်းကောင်း၊ `ငါတို့ ခရစ်ယာန်ဘာသာဝင်များသည်သာလျှင် အမြင့်မြတ်ဆုံးဖြစ်သည်´ဟုလည်းကောင်း၊ `ငါတို့ ဗုဒ္ဓဘာသာဝင်များသည်သာလျှင် အမြင့်မြတ်ဆုံးဖြစ်သည်´ ဟုလည်းကောင်း၊ `ငါတို့ အစ္စလာမ်ဘာသာဝင်များသည်သာလျှင် အမြင့်မြတ်ဆုံးဖြစ်သည်´ ဟု လည်းကောင်း ခံယူကြွေးကြော်လျက် ရှိကြပါတယ်။

အမှန်တကယ်မှာတော့ လူတစ်ဦးတစ်ယောက်ဟာ မည်သည့်ဘာသာဝင်တစ်ယောက် ဖြစ်ရုံမျှနှင့်တော့ မြင့်မြတ်သူတစ်ယောက် ဖြစ်မသွားနိုင်ပါ။ သက်ဆိုင်ရာဘာသာတရား၏ အဆုံးအမများ၊ လမ်းညွှန်ချက်များကို လက်ခံယုံကြည်ပြီး၊ လက်တွေ့ကျင့်ကြံဆောင်ရွက်မှသာ မြင့်မြတ်သူဟု သတ်မှတ်နိုင်မှာပါ။ ဘာသာတစ်ခုကို အကြောင်းပြုပြီး `အဲဒီဘာသာ ဝင်ဖြစ်ခြင်းသည် မြင့်မြတ်ပါသည်´လို့ ခံယူချက်ထားလိုက်ခြင်းဟာ အခြားဘာသာ၊ သာသနာကို ဖိနှိပ်ခွဲခြားခြင်းသာ ဖြစ်ပါတယ်။ မိမိသက်ဝင်ယုံကြည်တဲ့ဘာသာကို ဘာသာဝင်တစ်ဦးအနေနဲ့ ချစ်ခင်မြတ်နိုးခြင်း၊ အလေးပေးခြင်းကတော့ ဘာမှ ဝေဖန်စရာမရှိပါဘူး။ ဒါပေမဲ့ အလွန်အမင်း အမွှန်းတင်ပြီး၊ အခြားဘာသာ၊ သာသနာကို ထိပါးပြောဆိုခြင်းကတော့ အမြင်ကျဉ်းမြောင်းခြင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

ကျမ်းမြတ်ကုရ်အာန် (၆း၁၀၈)မှာ ဒီလိုပြဌာန်းထားပါတယ်။

***`အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲပြီး အခြားအရာများကို ကိုးကွယ်ဆည်းကပ်နေသူများ (အစ္စလာမ်မဟုတ်သူ ဘာသာခြားများ)၏ ယုံကြည်ကိုးကွယ်မှုများကို ကဲ့ရဲ့ရှုတ်ချခြင်း မပြုလုပ်ကြနှင့်။ အကယ်၍ (ပြုလုပ်ခဲ့သည်ရှိသော်) သူတို့ကလည်း သင်တို့ ယုံကြည်အားထားရာ အလ္လာဟ်အရှင်မြတ်ကို အသိမဲ့စွာဖြင့် ပြန်လည်တုံ့ပြန် ကဲ့ရဲ့ရှုတ်ချကြလိမ့်မည်´*** (ကုရ်အာန် - ၆း၁၀၈)

ကုရ်အာန်(၆း၁၀၈)ရဲ့ ပြဌာန်းချက်အရဆိုလျှင် အစ္စလာမ်ဘာသာဝင်တစ်ဦးဟာ အစ္စလာမ်မဟုတ်သည့် အခြားဘာသာများ၏ ယုံကြည်ကိုးကွယ်မှုကို ကဲ့ရဲ့ရှုတ်ချခြင်း ပြုလုပ်ခွင့် အလျဉ်းမရှိပါ။

ဒါကြောင့် အစုအဖွဲ့အသီးသီးမှာ ပါဝင်ကြတဲ့ လူများရဲ့ တွေးမြင်ခံယူပုံ ဓလေ့စရိုက် (Organiza- tional culture) ဟာ မှန်ကန်မှု၊ မျှတမှု မရှိခဲ့လျှင် Change of Community လို့ခေါ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ပြောင်းလဲခြင်းမှာ အကန့်အသတ်၊ အတားအဆီးတစ်ရပ် ဖြစ်လာပါလိမ့်မယ်လို့ပြောကြားရင်းနဲ့ ဒီတစ်ပါတ်ခွတ္တဗါဟ်ကို ဒီနေရာမှာပဲ နိဂုံးချုပ်လိုက်ရပါတယ်။

# ဘယ်လိုပြောင်းလဲ (Change) ကြမလဲ (အပိုင်း-၃)

ဒီအပါတ်မှာတော့ **ပြောင်းလဲခြင်း (Change)ကို အဟန့်အတားဖြစ်စေ**တဲ့ အကြောင်းအရာတွေ အနက်က

**(၁) ဖြစ်ရိုးဖြစ်စဉ်ဟု ယူဆလိုက်ခြင်း (Naturalization)**

**(၂) အပြောင်းအလဲမရှိသောဖြစ်တည်မှုဟု မှတ်ယူခြင်း (Eternali - zation )**

**(၃) တရားဝင်ဖြစ်တည်မှုသဖွယ် မှတ်ယူခြင်း (Legitimatization)**

**(၄) စုံလင်ကွဲပြားမှု၏တန်ဖိုး (Valuing Diversity) ကို နားမလည်ခြင်း။**

**(၅) တရားမျှတမှုကို သိမြင်နားလည်စိတ် (Sense of Justice) မရှိခြင်း။**

ဆိုတဲ့ အခန်းကဏ္ဍတွေကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအခန်းကဏ္ဍတွေကို မတင်ပြခင်မှာ ခွတ္တဗါဟ်ရဲ့ နိဒါန်းပိုင်းမှာ ကျနော်ရွတ်ဖတ်ပြသွားတဲ့ ကုရ်အာန် (၃၀း၂၉)ကို ဦးစွာ ရှင်းလင်းတင်ပြပါရစေ။

***" သို့ပါသော်လည်း တရားမျှတမှုကို ကျောခိုင်းထားသူ `ဇာလင်မ်´တို့က အသိပညာမဲ့စွာဖြင့် သူတို့၏စိတ်ဆန္ဒများကိုသာ ဖဝါးခြေထပ်လိုက်နာလျက် ရှိကြပေသည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်က လမ်းမှားစေထားပြီးသောသူကို မည်သူက လမ်းမှန်ကို ညွှန်ကြားပြသနိုင်မည်နည်း။ သူတို့အတွက် အကူအညီပေးမည့်သူများလည်း ရှိမည်မဟုတ်ပေ။ "*** ( ကုရ်အာန် - ၃၀း၂၉ )

ဒီအာယသ် (၃၀း၂၉)မှာပါတဲ့ `အလ္လာဟ်အရှင်မြတ်က လမ်းမှားစေထားပြီး´ ဆိုတဲ့ စကားရပ်ကိုတော့ နားလည်မှု မလွဲကြဖို့ ဦးစွာအသိပေးပါရစေ။ အချို့က ဒီစကားရပ်ကို ထောက်ပြပြီး၊ ***`အလ္လာဟ်သည် လမ်းမှားကို ပို့ဆောင်ပေးသည်´***ဆိုပြီး စောဒကတက်လေ့ရှိပါတယ်။ အမှန်တကယ်မှာတော့ အလ္လာဟ်က ဘယ်လူသားကိုမှ လမ်းမှားကိုမပို့ပါဘူး။ အလ္လာဟ်အရှင်မြတ်က လူသားအတွက် မှန်ကန်တဲ့လမ်းညွှန်ချက် ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပို့ချပေးခဲ့တယ်။

ဒီကုရ်အာန်ထဲမှာ ဘယ်ဟာအမှန်၊ ဘယ်ဟာအမှား ဆိုတာကို လမ်းကြောင်းနှစ်သွယ်ချပေးပြီး၊ လူသားကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးတယ်။ အလ္လာဟ်အရှင်မြတ်က မှန်မှန်ကန်ကန် ရွေးချယ်နိုင်အောင် အသိဉာဏ်ကိုလည်း လူသားကိုပေးတယ်။ ဒါပေမဲ့ လူသားဟာ အလ္လာဟ်ပေးထားတဲ့ အသိဉာဏ်ကို ရှေ့တန်းမတင်ဘဲ၊ မိမိရဲ့စိတ်ဆန္ဒကို ရှေ့တန်းတင်လိုက်တဲ့အတွက် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ထားတဲ့ ကျမ်းမြတ်ကုရ်အာန်ကို ငြင်းပယ်ကျောခိုင်းမိသွား ပါတော့တယ်။

ဒီနေရာမှာ 'ဇာလင်မ်' ဆိုတဲ့ဝေါဟာရနဲ့ပတ်သက်ပြီး ကုရ်အာန်ရဲ့ အရဗီအသုံးကို အနည်းငယ်ရှင်းပြပါရစေ။ 'ဇာလင်မ်' ဆိုတာက ***"လူတစ်ယောက်သည် မိမိပိုင်ပစ္စည်းကိုဖြစ်စေ၊ မိမိကိုယ်မိမိဖြစ်စေ၊ မိမိတတ်မြောက်ထားသော ပညာတစ်ရပ်ရပ်ကိုဖြစ်စေ၊ မှန်ကန်စွာ၊ အကျိုးရှိစွာ အသုံးမချလျှင် ထိုသူကို 'ဇာလင်မ်' လို့ခေါ်ဆိုပါတယ်။"*** ဒါကြောင့် မည်သူမဆို မိမိကိုယ်မိမိလည်းကောင်း၊ မိမိပိုင်ဆိုင်မှုများကိုသော်လည်းကောင်း၊ မိမိတတ်မြောက်ထားသော ပညာရပ်တစ်ခုခုကိုသော်လည်းကောင်း၊ လူသားအကျိုးပြုလုပ်ငန်းစဉ်များမှာ မှန်မှန်ကန်ကန်အသုံးမချဘူးဆိုရင် သူဟာ 'ဇာလင်မ်' ဖြစ်သွားပါလိမ့်မယ်။

ဒီအာယသ်တော်မှာပါရှိတဲ့ ***"အလ္လာဟ်အရှင်မြတ်က လမ်းမှားစေထားပြီး"*** ဆိုတာက ဘယ်လိုသဘောလဲဆိုတော့ အလ္လာဟ်အရှင်မြတ်က လွတ်လပ်စွာရွေးချယ်ခွင့်ပြုထားတဲ့အပေါ်

မှာ လူသားရွေးချယ်ရာကို အလ္လာဟ်အရှင်မြတ်က သဘောတူလိုက်ခြင်းသာ ဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ်က လမ်းမှားဆီကို ပို့ပေးလိုက်တာမဟုတ်ပါဘူး။ လူသားဟာ ရွေးချယ်ခွင့်မှာ လွတ်လပ်ခွင့်ရှိပေမဲ့ မိမိရွေးချယ်လိုက်တဲ့လမ်းကို လျှောက်လှမ်းတဲ့အပေါ်မှာ ဖြစ်ပေါ်လာတဲ့အကျိုးဆက်ကိုတော့ လက်ခံရပါလိမ့်မယ်။ ရွေးချယ်ခွင့်၊ ငြင်းပယ်ခွင့်မရှိပါဘူး။

ဥပမာပေါ့ဗျာ- လူတစ်ယောက် တစ်ဖက်မှာ`ရေ´ရှိမယ်။ ကျန်တစ်ဖက်မှာ `မီးပုံ´ရှိမယ်။ ဒီပုဂ္ဂိုလ်ဟာ `ရေ´ကို ကိုင်မလား။ ဒါမှမဟုတ် `မီး´ကို ကိုင်မလား။ ဒါကို သူ့အနေနဲ့ ရွေးချယ်ခွင့်ရှိတယ်။ `မီး´ ရဲ့ပူလောင်မှုနဲ့ `ရေ´ ရဲ့အေးမြမှုကို ခံစားသိရှိနိုင်တဲ့ အသိဉာဏ်ကိုလည်း သူ့ကို အလ္လာဟ်အရှင်မြတ်က ပေးထားပြီးဖြစ်တယ်။

ဆိုပါတော့။ ဒီပုဂ္ဂိုလ်က `မီး´ကို ကိုင်ဖို့ရွေးချယ်ပြီး ကိုင်လိုက်ပြီဆိုပါတော့။ ဒီလို`မီး´ကို ကိုင်လိုက်တဲ့အတွက် ခံစားရရှိလာမယ့် ပူလောင်ခြင်းဆိုတဲ့ အကျိုးဆက်ကိုတော့ သူ့အနေနဲ့ခံစားရတော့မှာပါ။ `မီး´ကို ကိုင်ပြီးတော့ `ရေ´ကို ကိုင်ခြင်းရဲ့အကျိုးဆက်ဖြစ်တဲ့ အေးမြခြင်းကို သူ့အနေနဲ့ ရွေးချယ်ခွင့်မရှိတော့ပါဘူး။ သူ့ရဲ့ရွေးချယ်ခြင်းအပေါ်မှာ သူရရှိတဲ့အကျိုးဆက်ပါ။ ဒီသဘောတရားက အစ္စလာမ်ရဲ့ တစ်နည်းအားဖြင့် ကုရ်အာန်က ချမှတ်ထားတဲ့ ပုံသေနည်းတစ်ရပ်ပါ။

ကုရ်အာန် (၃၀း၂၉)မှာပါရှိတဲ့ ***`အလ္လာဟ်အရှင်မြတ်က လမ်းမှားစေထားပြီး´*** ဆိုတဲ့စကားရပ်ဟာ အမှန်တကယ်မှာတော့ `ရွေးချယ်မှုအပေါ်မှာ ရရှိလိုက်တဲ့ အကျိုးဆက်´ကို ရည်ညွှန်းနေခြင်းသာ ဖြစ်ပါတယ်။ အချို့ပုဂ္ဂိုလ်တွေ ယူဆတင်ပြထားသလို ***`အလ္လာဟ်အရှင်မြတ်က လမ်းမှားဆီကို ပို့ဆောင်ပေးသည်´*** ဆိုတဲ့ သဘောမဟုတ်ပါဘူး။

အဲဒီတော့ ဒီအာယသ် (၃၀း၂၉)မှာပဲ **`ဘိဂိုင်းရိအိလ်မ်´** ဆိုတဲ့အပိုဒ်ပါ ပါတယ်။ အဓိပ္ပါယ်ကတော့ `အသိပညာမဲ့စွာဖြင့်´ လို့ ရပါတယ်။ ဒီနေ့ ကျနော်တင်ပြမဲ့ ***`မည်သည့်အချက်များက ပြောင်းလဲခြင်း (Change) ကို ဟန့်တားနေပါသနည်း´*** ဆိုတဲ့ ခေါင်းစဉ်ကွဲအောက်မှာ ကုရ်အာန် (၃၀း၂၉)က ရည်ညွှန်းနေတဲ့ `အသိပညာမဲ့ခြင်း´ ၊ `အသိတရားမဲ့ခြင်း´ဆိုတဲ့ တိုးတက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ မလိုလားအပ်တဲ့ အနေအထားတစ်ရပ်ကို အဓိကမီးမောင်းထိုးပြီး တင်ပြသွားပါမယ်။

ကျမ်းမြတ်ကုရ်အာန် (၁၃း၁၁)မှာ အလ္လာဟ်အရှင်မြတ်က လူနဲ့လူ့အဖွဲ့အစည်းတွေကို ပြုပြင်ပြောင်းလဲ (Change) လုပ်ကြဖို့၊ ဒီလိုပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်တဲ့အခါမှာ လူတစ်ဦးချင်းက မိမိတို့ကိုယ် မိမိတို့၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ကြဖို့၊ မိမိတို့ကိုယ်တိုင်ကမှ ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲမှု မလုပ်ဘူးဆိုရင် အလ္လာဟ်အရှင်မြတ်ကလည်းပဲ ပြောင်းလဲပေးမှာမဟုတ်ဖူးလို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပြုပြင်ပြောင်းလဲမှုပြုလုပ်တဲ့အခါမှာ အဟန့်အတားဖြစ်စေတဲ့ အချက်များအနက် (၁)နဲ့(၂)ကို (၁၂.၇.၂၀၁၃)နေ့ ခွတ္တဗါဟ်မှာ တင်ပြပြီးဖြစ်တဲ့အတွက် ကျန်အချက်များကို ဒီနေ့ ခွတ္တဗါဟ်မှာအချိန်ရသလောက် တင်ပြသွားပါမယ်။ အပိုင်း(၁) ငြင်းခုံခြင်း နဲ့ အပိုင်း(၂) လူ့အစုအဖွဲ့တစ်ရပ်၏ တွေးမြင်ခံယူပုံဓလေ့ဆိုတဲ့ အပိုင်းနှစ်ပိုင်းကိုတော့ ကျနော့အနေနဲ့ (၁၂.၇.၂၀၁၃)နေ့ ခွတ္တဗါဟ်မှာ တင်ပြခဲ့ပြီးဖြစ်လို့ ဒီနေ့ (၉.၈.၂၀၁၃) ခွတ္တဗါဟ်မှာတော့ အပိုင်း(၃)က စပြီး တင်ပြသွားပါမယ်။

### (၃) ဖြစ်ရိုးဖြစ်စဉ်ဟု ယူဆလိုက်ခြင်း (Naturalization)

အကြောင်းအရာတစ်ခု၊ ကိစ္စတစ်ရပ်ဟာ မြင်တွေ့ဖန်၊ ကြုံတွေ့ဖန် များလာတဲ့အခါမှာ မူရင်းအမှန်တရား၊ မူရင်းပြဋ္ဌာန်းချက်နှင့် လွဲနေစေကာမူ ဒီကိစ္စ၊ ဒီအကြောင်းအရာကို ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အနေနဲ့ မှတ်ယူပြီး ဆက်လက်ကျင့်သုံးနေပါတော့တယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရဲ့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းအတွင်းမှာ **`အမျိုးသမီးများ ဗလီမလာရ´**ဆိုတဲ့ ခွဲခြားသတ်မှတ်ချက်မျိုးဖြစ်ပါတယ်။

မူရင်း အစ္စလာမ်ရဲ့ပြဋ္ဌာန်းချက်ဖြစ်တဲ့ ကျမ်းမြတ်ကုရ်အာန် (၂း၁၁၄)မှာ ***အမျိုးသမီးများ ဝတ်ကျောင်းတော်သို့ လာရောက်ပြီး တရားအားထုတ်၊ ဘာဝနာ စီးဖြန်းခြင်းကို တားမြစ်ခြင်းမပြုဖို့*** ပြဋ္ဌာန်းထားပေမဲ့ လက်ရှိအနေအထားမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှာ အမျိုးသမီးများ ဗလီဝတ်ကျောင်းတော်တက်ရောက်ရေးဟာ တားမြစ်၊ ဟန့်တားခြင်း ခံနေရပါတယ်။

ကာလကြာမြင့်လာသည်နှင့်အမျှ အစ္စလာမ်ဘာသာဝင်အမျိုးသမီးများ ဗလီဝတ်ကျောင်းတော်၌ ဝတ်ပြုခွင့်မရရှိတော့ခြင်းဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အနေနဲ့ ယူဆလိုက်ခြင်း(Naturalization) အနေအထားသို့ရောက်ရှိသွားပြီး အများမွတ်ဆလင်မ်တွေရဲ့ အသိမှာ **`အမျိုးသမီးများ ဗလီဝတ်ကျောင်းတော်မဝင်ရ´** ဆိုတဲ့ အသိကနေရာယူသွားပါတော့တယ်။

အလားတူပါပဲ။ ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ကလေးသူငယ်များ အရွယ်မရောက်မီ အလုပ်ခွင်သို့ ဝင်ရောက်သွားခြင်းဟာ လက်ခံနိုင်ဖွယ် အနေအထားမဟုတ်ပါဘူး။ ဒါပေမဲ့ မြင်တွေ့ရဖန် များလာတဲ့အခါကျတော့ ကလေးသူငယ်များ အရွယ်မရောက်မီ

အလုပ်ခွင်ထဲကို ဝင်ရောက်သွားခြင်းဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ကို ဖြစ်သွားပါတော့မယ်။

ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်လို့ ယူဆလိုက်ခြင်း (Naturaliza - tion)ဟာ များပြားလာတဲ့အခါမှာတော့ ပြုပြင်ပြောင်းလဲရမယ့် အနေအထားကိုတောင်မှ ပြုပြင်ပြောင်းလဲဖို့ အားထုတ်မှု နည်းသွားပါတော့တယ်။

### (၄) အပြောင်းအလဲမရှိသော ဖြစ်တည်မှုဟု မှတ်ယူခြင်း (Eternalization)

လူ့အဖွဲ့အစည်းများအတွင်းမှာ အချို့သော လူမှုဘဝ အခြေအနေများကို အပြောင်းအလဲမရှိ တည်မြဲနေမည့် အနေအထားများအဖြစ် မှတ်ယူထားကြပါတယ်။ ဥပမာအားဖြင့် အစိုးရဝန်ထမ်းများအကြား အကျင့်ပျက် လာဘ်စားမှုကို ပပျောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ဟူသော အယူအဆမျိုးဖြစ်ပါတယ်။ အဲဒီလို အခြေအနေတစ်ရပ်ဟာ အပြောင်းအလဲမရှိဘဲ ဖြစ်တည်နေမယ်လို့ ယူဆလိုက်တဲ့အပေါ်မှာ တိုးတက်ပြောင်းလဲအောင်၊ ကြံဆောင်လိုစိတ်ဟာ လျော့ပါးသွားပါတော့တယ်။

### (၅) တရားဝင်ဖြစ်တည်မှုသဖွယ် မှတ်ယူခြင်း (Legitimatization)

တရားဝင်မဟုတ်သောအရာများ၊ တရားဝင်ပြဌာန်းထားခြင်းမရှိသည့်အရာများ။ ဥပမာ- အထက်မှာဖော်ပြခဲ့တဲ့ ကျမ်းမြတ်ကုရ်အာန်က ပြဌာန်းတားမြစ်ထားခြင်းမရှိသည့် အမျိုးသမီးများ ဗလီဝတ်ကျောင်းတော်များသို့ တက်ရောက်ခွင့်ကို ပိတ်ပင်တားဆီးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အကျင့်ပျက်လာဘ်စားခြင်းသည် ဘယ်သောအခါမှ မပျောက်ပျက်ဘဲ ဆက်လက်တည်ရှိသွားမည်ဟု မှတ်ယူခြင်းတို့သည် ကာလကြာမြင့်လာသည်နှင့်အမျှ Legitimatization လို့ခေါ်တဲ့ တရားဝင်ဖြစ်တည်မှုသဖွယ် မှတ်ယူသွားပါတော့တယ်။ ဒီအနေအထားက တစ်ဦးချင်းစီရဲ့ ပြုပြင်ပြောင်းလဲခြင်း (Personal Change) ကို အကန့်အသတ်၊ အတားအဆီး တစ်ရပ် ဖြစ်လာပါတယ်။

# ဘယ်လိုပြောင်းလဲ (Change) ကြမလဲ

## (အပိုင်း-၄)

### (၆) စုံလင်ကွဲပြားမှု၏တန်ဖိုး (Valuing Diversity) ကို နားမလည်ခြင်း

***" သင်တမန်တော် ကြွေးကြော်လိုက်ပါ။ အို .. အမျိုးသား (မက္ကာဟ်သား) အပေါင်းတို့ သင်တို့သည် သင်တို့၏ရပ်တည်ချက်ကို အကောင်အထည်ဖော်ကြပါလေ။ ငါ (တမန်တော်)သည်လည်း ငါ၏ရပ်တည်ချက်ကို အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ မကြာခင်သော အချိန်ကာလမှာ အောင်မြင်ခြင်း ပန်းတိုင်သည် ဘယ်သူ့အတွက်ဖြစ်သည်ဆိုသည်ကို သင်တို့ သိမြင်လာကြပေတော့မည်။ စေန်အမှန်ပင် အရှင်မြတ်သည် `ဇွာလင်မ်´ခေါ် `မတော်မတရားပြုလုပ်နေသူများကို အောင်မြင်မှုကို ချီးမြှင့်တော်မူမည် လုံးဝ မဟုတ်ပေ။"*** (ကုရ်အာန်-၆း၁၃၅)

ဒီကုရ်အာန်အာယသ်ဟာ တမန်တော်မြတ်ကြီးရဲ့ အင်မတန်မှ တိကျပြတ်သားတဲ့လမ်းစဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီကနေ့ တမန်တော်မြတ်ရဲ့လမ်းစဉ်ကို လိုက်နာဖော်ဆောင်လိုသူတွေအတွက်၊ တမန်တော်မြတ်ကို ချစ်မြတ်နိုးသူများအတွက် စံနမူနာယူရမယ့် အတုယူလိုက်နာရမယ့် ကုရ်အာန်ပြ လမ်းစဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။

ကျနော်တို့ရဲ့ တမန်တော်မြတ်(ဆွ)ဟာ အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချထားတဲ့ ကုရ်အာန်လမ်းစဉ်အပေါ်မှာ သူ့ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်တွေကို အခြေပြုခဲ့ပါတယ်။ ဒီလိုအခြေပြုတဲ့အပေါ်မှာအစွလာမ်ကို၊ ကုရ်အာန်ကို မလိုလားတဲ့ `မက္ကာဟ်´သားတွေဟာ တမန်တော်မြတ်ကို ဆန့်ကျင်စော်ကားကြတယ်။ စင်ပြိုင်လုပ်ရပ်တွေကို အပြိုင်လုပ်ခဲ့ကြတယ်။ ဒါပေမဲ့ တမန်တော်မြတ် လျှောက်လှမ်းခဲ့တဲ့လမ်းစဉ် အောင်မြင်ခဲ့တာကို အချိန်က အဆုံးအဖြတ်ပေးခဲ့ပါတယ်။

ဒါကြောင့် ဒီကနေ့မှာလည်း စစ်မှန်တဲ့လမ်းစဉ်အပေါ်မှာ ဘဝကို လျှောက်လှမ်း တည်ဆောက်နေသူတွေရှိသလို အတုအယောင်တွေကို အစစ်အမှန်ဆိုပြီး ဘဝကို ပုံအပ်ကာ လျှောက်လှမ်းနေသူများလည်း ရှိပါတယ်။ ဘယ်သူမှန်တယ်ဆိုတာကတော့ အထက်ပါ ကုရ်အာန်(၆း၁၃၅)က ရည်ညွှန်းသလို `အချိန်´က ဆုံးဖြတ်ပေးပါလိမ့်မယ်။ ဒါကြောင့် စစ်မှန်တဲ့ ကုရ်အာန်လမ်းစဉ်အပေါ်မှာ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့နှင့်အညီ ယုံယုံကြည်ကြည် လုပ်ဆောင်ကြဖို့ ကျနော့်အနေနဲ့ ဦးစွာပထမ တိုက်တွန်းလိုက်ပါတယ်။

ဆက်လက်ပြီး ကျနော့်အနေနဲ့ ကျနော် တာဝန်ယူထားတဲ့ အခန်းကဏ္ဍကို ဆက်လက်တင်ပြသွားပါမယ်။

**(၆) စုံလင်ကွဲပြားမှု၏တန်ဖိုး (Valuing Diversity)ကိုနားမလည်ခြင်း။**

စုံလင်ကွဲပြားမှု၏တန်ဖိုးကို နားမလည်ဘူးဆိုရင်၊ လက်မခံနိုင်ဘူးဆိုရင် လူ့အဖွဲ့အစည်းတစ်ရပ်ဟာ ပြုပြင်ပြောင်းလဲခြင်း (Change)လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒီကနေ့ ကျနော်တို့ရဲ့လူ့အစုအဖွဲ့ အသီးသီးမှာ လူ့ကမ္ဘာမှာ မတူကွဲပြားနေတဲ့ စုံလင်ကွဲပြားမှုတွေကို နားလည်တန်ဖိုးထားတတ်ရပါလိမ့်မယ်။

ကျမ်းမြတ်ကုရ်အာန် (၆း၁၄၁)မှာ အလ္လာဟ်အရှင်မြတ်က ဒီလိုမိန့်ကြားထားပါတယ်။

" ***အလ္လာဟ်အရှင်မြတ်သည် ဥယျာဉ်များကို ဖြစ်ထွန်းစေပြီး ယင်းဥယျာဉ်များ၌ တွယ်တက်သော နွယ်ပင်မျိုးကိုလည်းကောင်း၊ နွယ်ပင်မျိုးမဟုတ်သော (မိမိ၏ပင်စည်အပေါ် ရပ်တည်နိုင်သော) အပင်များကိုလည်းကောင်း၊ အရသာနှင့်ပြည့်စုံသော စားသုံးဖွယ်ရာ စွံပလွံပင်ကိုလည်းကောင်း၊ အရောင်အသွေး အရသာအမျိုးမျိုး ကွဲပြားစုံလင်လှသော သီးပင်စားပင်များကိုလည်းကောင်း၊ မျိုးတူမျိုးကွဲဖြစ်ကြသော ဆီထွက်သီးနှံနှင့် သလဲသီးများကိုလည်းကောင်း၊ ပေါက်ရောက်ဖြစ်ထွန်းစေသည်။***

***အသင်တို့သည် ယင်းအပင်များ၊ အသီးအနှံများကို သီးပွင့်လာကြသောအခါ စားသုံးကြပါလေ။ ထို့ပြင် အသီးအနှံများကို ဆွတ်ခူးရိတ်သိမ်းသောအခါ ပေးကမ်းလှူဒါန်းမှုကိုလည်း တာဝန်ကျေစွာ ပြုလုပ်ဆောင်ရွက်ကြပါလေ။ သင်တို့ အလွဲသုံးစား မပြုကြလေနှင့်။ ကေန်မုချပင် အလ္လာဟ်အရှင်မြတ်သည် ဖြုန်းတီးခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းကို လုံးဝ နှစ်သက်သည်မဟုတ်ပေ။ "***
( ကုရ်အာန် - ၆း၁၄၁ )

ဒီအာယသ်ကို လေ့လာကြည့်မယ်ဆိုလျှင် အခြေခံသဘောအရတော့ အလ္လာဟ်အရှင်မြတ်က လူသားတို့ စားသုံးဖို့ အပင်မျိုးစုံ၊ အသီးအနှံမျိုးစုံကို စီရင်ဖြစ်ထွန်းစေထားတယ်။ ဒီအပင်တွေ၊ အသီးအနှံတွေကို လူတွေက စားသုံးကြတယ်။ လှူဒါန်းပေးကမ်းကြတယ်။ အလွဲသုံးစားမပြုလုပ်ဖို့ မဖြုန်းတီးဖို့ အလ္လာဟအရှင်မြတ်က တားမြစ်သတိပေးထားတယ်။ သာမန်ကြည့်မယ်ဆိုရင်တော့ ဒီလောက်ပဲပေါ့။ ဒါပေမဲ့ ဒီအာယသ်ကို သေသေချာချာ လေ့လာမယ်ဆိုရင်တော့ ဒုတိယအဆင့် တွေးမြင်ပုံ (Secondary thought) တစ်ရပ်ကို တွေ့မြင်သိရှိရပါတယ်။ ဒုတိယအဆင့် တွေးမြင်ပုံအရဆိုရင် -

" ***အလ္လာဟ်အရှင်မြတ်က အရောင်အသွေးစုံ၊ အရသာစုံ၊ အမျိုးအစားစုံ၊ အရွယ်စုံအပင်များ၊ သစ်သီးဝလံများကို တစ်နည်းအားဖြင့် မတူကွဲပြားသောအပင်နှင့် သစ်သီးဝလံများကို လူသားတွေ စားသုံးဖို့အတွက် လူသားတွေ အကျိုးရှိစေဖို့အတွက် စီရင်ဖြစ်ထွန်းစေထားတယ်။ လူသားတွေဘက်က အလ္လာဟ်အရှင်မြတ်ရဲ့ မတူကွဲပြားစွာ ဖြစ်ပေါ်စေမှုကို နားလည်သဘောပေါက်ပြီး လက်ခံပေးရမယ်။ အသိအမှတ်ပြုရမယ်။ အလွဲသုံးစား မပြုရဘူး "*** ဆိုတဲ့ သဘောတရားကို ရည်ညွှန်းနေတာ တွေ့မြင်ရပါတယ်။

ကျနော်တို့ ဒီကနေ့ ကျနော်တို့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ ဖန်ဆင်းခံအရပ်ရပ်ကို လေ့လာသုံးသပ်ကြည့်လိုက်တဲ့အခါမှာ မတူကွဲပြားမှု(Diversity)အမျိုးမျိုးကို တွေ့မြင်ရပါလိမ့်မယ်။ ဥပမာ ယခင်က မေမြို့လို့ခေါ်တဲ့ ပြင်ဦးလွင်မြို့မှာ အင်မတန်မှ လှပတဲ့ အမျိုးသားဥယျာဉ်ကြီးတစ်ခုရှိပါတယ်။ ဒီဥယျာဉ်ထဲကို ရောက်သွားမယ်ဆိုရင် အရမ်းအေးချမ်းသွားပါတယ်။ ကြည်နူးသွားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဥယျာဉ်ထဲမှာ အရောင်အသွေးစုံ၊ အမျိုးအစားစုံ၊ အရွယ်စုံ၊ သစ်ပင်တွေ၊ ပန်းပင်တွေရှိလို့ပါပဲ။ ဒီလိုစုံလင်စွာ တည်ရှိနေမှုကို ကြည့်ရတာ အင်မတန်မှ စိတ်ကြည်နူးရပါတယ်။ အကယ်၍ ဒီပန်းခြံဥယျာဉ်ကြီးထဲမှာ တစ်မျိုးတည်းသော၊ တစ်ရောင်တည်းသော ပန်းပွင့်တွေပဲရှိမယ်ဆိုရင် ဘယ်လိုခံစားရမလဲဆိုတာ စဉ်းစားကြည့်ပါ။

ဒါကြောင့် ပြုပြင်ပြောင်းလဲရေး (Change) ကို လိုလားတဲ့ လူ့အစုအဖွဲ့တစ်ရပ်ဟာ စုံလင်ကွဲပြားမှု၏တန်ဖိုး (Valuing Diversity) ကို နားလည်အသိအမှတ်ပြု လက်ခံပေးရပါလိမ့်မယ်။ စုံလင်ကွဲပြားမှု၏တန်ဖိုးကို နားလည်အသိအမှတ်ပြု လက်ခံခြင်းသည် စည်းလုံးညီညွတ်ခြင်းဆီသို့ သွားမယ့်လမ်းရဲ့ မုခ်ဦးတံခါးပေါက်သာလျှင်ဖြစ်သည်။ ဒီမုခ်ဦးကို ကျော်ဖြတ်လိုက်မယ်ဆိုရင် အတွင်းဘက်မှာ လူ့အစုအဖွဲ့တစ်ရပ်လုံးက တူညီစွာလက်ခံထားတဲ့ တန်ဖိုးတစ်ရပ်ကို တွေ့မြင်ရပါလိမ့်မယ်။

ဒီကနေ့ ကမ္ဘာပေါ်မှာရှိတဲ့ လူ့အဖွဲ့အစည်းအသီးသီးမှာ လက်မခံနိုင်တဲ့ အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ လူလူချင်းဖြစ်ပေမဲ့ အသားအရောင်မတူတဲ့အပေါ်မှာ၊ ယုံကြည်ချက်မတူတဲ့အပေါ်မှာ၊ လူမျိုးနဲ့ဘာသာမတူတဲ့အပေါ်မှာ၊ ခံယူချက်မတူတဲ့အပေါ်မှာ၊ နေထိုင်ရာဒေသမတူတဲ့အပေါ်မှာ အစရှိသည်ဖြင့် ခွဲခြားဆက်ဆံမှု(Discrimination)ပြုလုပ်ခြင်းပဲဖြစ်ပါတယ်။ စုံလင်ကွဲပြားမှုရှိခြင်း (Diversity)ကို တန်ဖိုးအဖြစ် မရှုမြင်တတ်ဘူးဆိုရင်တော့ ခွဲခြားဆက်ဆံမှု (Discrimination)ဆိုတာ နေရာဝင်ယူလာပါလိမ့်

မယ်။ အမျိုးအစားစုံလင်ခြင်းဆိုသည်မှာ ကွဲပြားခြားနားသော ဖြစ်တည်မှုရှိသည်ဟူသော အဓိပ္ပါယ်ကို သက်ရောက်စေပါတယ်။

အဲဒီတော့ လူ့အစုအဖွဲ့တစ်ရပ်မှာ မိမိနှင့်ကွဲပြားခြားနားသော အခြားလူမျိုးစု၊ လူအုပ်စုကို နှိမ့်ချခွဲခြား ဆက်ဆံခြင်းဟာ မိမိရဲ့ဖြစ်တည်မှုကသာ အခြားသူတွေထက် သာလွန်သည်ဟု ယူဆလိုက်တဲ့အပေါ်မှာ ခွဲခြားဆက်ဆံမှု (Discrimination)အဆင့်ကို ရောက်ရှိသွားရပါတယ်။ စုံလင်ကွဲပြားမှုကို တန်ဖိုးထားခြင်း (Valuing Diversity) ကို နားလည်လက်ခံမှသာ ခွဲခြားဆက်ဆံမှုနဲ့ အဲဒီခွဲခြားဆက်ဆံမှုကတဆင့် ဖြစ်ပေါ်လာတတ်တဲ့ ဖိနှိပ်မှုနဲ့ လူမှုပဋိပက္ခတွေကို ရှောင်ရှားနိုင်ဖြစ်တယ်။

လွန်ခဲ့တဲ့တစ်လလောက်က အမေရိကန်နိုင်ငံသား ဂျပန်လူမျိုးတစ်ဦးဖြစ်တဲ့ ပါမောက္ခ Dr.Tatsuo Arai ဟာ မြန်မာနိုင်ငံကို လာရောက်ပြီး အခု မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လူမျိုးရေးအကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး `ဘယ်လိုငြိမ်းချမ်းရေးတည်ဆောက်ကြမလဲ´ ဆိုတာကို စာတမ်းပြုစုဖို့ ရောက်လာခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ မြန်မာနိုင်ငံက ပုဂ္ဂိုလ်အချို့နဲ့ အင်တာဗျူးလုပ်ခဲ့ပါတယ်။ အဲဒီလို အင်တာဗျူးလုပ်တဲ့အခါမှာ ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့အနေနဲ့ ကျနော်လည်း တစ်ယောက်အပါအဝင် အင်တာဗျူးခံခဲ့ရပါတယ်။ ဒီဝတ်ကျောင်းတော်မှာပဲ သူကိုယ်တိုင်လာပြီး အင်တာဗျူးသွားတာပါ။

အဲဒီလိုဆွေးနွေးတဲ့အခါမှာ Valuing Diversity လို့ခေါ်တဲ့ စုံလင်ကွဲပြားမှု၏တန်ဖိုးကို နားလည်သဘောပေါက် လက်ခံပါမှသာ ငြိမ်းချမ်းရေးရနိုင်မယ်ဆိုတဲ့အပိုင်းကို သူ့ဘက်က အဓိကထား တင်ပြသွားပါတယ်။ အမေရိကန်သမ္မတ`အိုဘားမား´ မြန်မာပြည်မှာ မိန့်ခွန်းပြောတော့ ဒီအချက်ကို သူထည့်သွင်းပြောသွားတာ ကျနော်တို့ သတိပြုမိကြပါလိမ့်မယ်။ သူပြောသွားတာက -

***" မြန်မာနိုင်ငံမှာ လူမျိုးစုံလင်ကွဲပြားမှုကို ပြဿနာတစ်ရပ်လို့ ကျနော်မမြင်ပါဘူး။ ဒါဟာ ခွန်အားတစ်ရပ်ပါ။ ယဉ်ကျေးမှုတွေပေါင်းစုံဖွဲ့စည်းနေတာဟာ မြန်မာနိုင်ငံ ပိုပြီးအင်အားကြီးဖို့ပါ။ ဒီအခွင့်အရေးကို ခင်ဗျားတို့ အမိအရ ဖမ်းဆုပ်ကြရမယ်။ ရှိနေတဲ့ အင်အားကို ခင်ဗျားတို့ မြင်မှုရမယ်။ "*** ဆိုလိုတာက စုံလင်ကွဲပြားမှုကို တန်ဖိုးထားခြင်းဆိုသည်မှာ မတူကွဲပြားမှုများသည် လူ့အဖွဲ့အစည်းကို ကြွယ်ဝဖွံ့ဖြိုးစေသောအရာများဖြစ်သည်ဆိုပြီး ခံယူခြင်းပဲ ဖြစ်ပါတယ်။ **`ငါနဲ့မတူ နှိမ့်ကျသူ´** ဆိုပြီး မယူဆခြင်းဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ စုံလင်ကွဲပြားမှု၏တန်ဖိုး (Valuing Diversity) ကို နားမလည်တဲ့အပေါ်မှာ ခွဲခြားဖိနှိပ် ဆက်ဆံခြင်း (Discrimination) တွေဖြစ်လာပြီး၊ လူမှုရေးဆိုင်ရာ အကြမ်းဖက်မှုတွေ၊ ဘာသာရေးပဋိပက္ခတွေ ဖြစ်လာပါတယ်။ အဲဒီအပေါ်အခြေခံပြီး သာသနိကအဆောက်အအုံတွေ မီးရှို့ဖျက်ဆီးခံရတာတို့၊ လူနေအိမ်တွေ ဖျက်ဆီးခံရတာတို့၊ လူတွေ အစုလိုက် အပြုံလိုက် အသတ်ခံရတာတို့ ဖြစ်ပေါ်လာပါတယ်။ ဒီလိုဖြစ်ပျက်လာတဲ့အပေါ်မှာ အထူးသဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်တွေဟာ ခရစ်ယာန်နဲ့ ဟိန္ဒူဘာသာရေးခေါင်းဆောင်တွေပါ ပူးပေါင်းပြီး ဘာသာရေးရှုထောင့်က ဖြေရှင်းခဲ့ကြပါတယ်။ ဒါပေမဲ့ ပြဿနာက မပြီးခဲ့ပါဘူး။ ဒီနေ့မှာ ငြိမ်းချမ်းရေးလုပ်တယ်။ နောက်တစ်နေ့မှာ တစ်နေရာမှာ ဆူပူမှုက ထပ်ဖြစ်တယ်။ အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူး။

အဲဒီတော့ ဒီလိုဖြစ်ပျက်နေတဲ့ပြဿနာကို ဘာသာရေးခေါင်းဆောင်တွေ ဖြေရှင်းတာ အဖြေမထွက်ပါဘူး။ မဖြေရှင်းနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စဟာ ဘာသာရေးပြဿနာ မဟုတ်တော့ဘဲ နိုင်ငံရေးပြဿနာ ဖြစ်နေလို့ပါ။ ဒါကြောင့် ဒီကိစ္စကို နိုင်ငံရေးသမားတွေက ဖြေရှင်းပေးဖို့လိုအပ်လာပါပြီ။ မြန်မာနိုင်ငံမှာ လူထုကိုယ်စားပြု နိုင်ငံရေးပါတီတွေ အများအပြားရှိနေပါပြီ။ လူထုကိုယ်စားပြု နိုင်ငံရေးပါတီတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ အဆင့်ဆင့်သော လွှတ်တော်များလည်း ပေါ်ထွန်းလာပါပြီ။ ဒီအရေးကိစ္စကို လွှတ်တော်တွေမှာ တင်ပြီး ဆွေးနွေးပေးဖို့ တိုက်တွန်း တောင်းဆိုလိုက်ပါတယ်။

အဲဒီတော့ ဒီကနေ့ကျနော်တို့ ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ **ခွဲခြားဖိနှိပ်ဆက်ဆံမှုဆိုင်ရာပုံသဏ္ဌာန် (Type of Discrimination)**တွေကို လေ့လာကြည့်လိုက်မယ်ဆိုရင် အဓိကအားဖြင့် အောက်ပါအတိုင်း အပိုင်း(၄)ပိုင်းကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**(၁) မိမိလူမျိုး၊ မိမိကိုးကွယ်ရာဘာသာက အခြားလူမျိုးစု၊ အခြားသူတို့ ကိုးကွယ်ရာဘာသာတရားထက် သာလွန်သည်ဟူသော လူမျိုးရေး၊ ဘာသာရေးခွဲခြားမှုအယူအဆ (Racism)**

**(၂) အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျသည်ဟုယူဆကာ နှိမ့်ချဆက်ဆံလိုသော အယူအဆ (Sexism)**

**(၃) ကိုယ်ခန္ဓာ မသန်စွမ်းသူများကို နိမ့်ကျသူများဟု ခွဲခြားဆက်ဆံတတ်သော အယူအဆ (Disablism)**

**(၄) အသက်အရွယ်ကြီးရင့်သူများကို ပစ်ပယ်သောအယူအဆ (Ageism)**

ဒီကိစ္စတွေ၊ ဒီအကြောင်းအရာတွေဟာ ဒီကနေ့ ကျနော်တို့ရဲ့ပတ်ဝန်းကျင်၊ ကျနော်တို့ရဲ့ လူ့အဖွဲ့အစည်းတွေမှာ ပြုပြင်ပြောင်းလဲခြင်း (Change) လုပ်ရမယ့်အကြောင်းအရာတွေပါ။ ဒါကို ပြုပြင်ပြောင်းလဲခြင်း မလုပ်ကြဘူးဆိုရင် ယနေ့ တိုင်းရင်းသားတွေအကြားမှာ ဖြစ်ပွားနေတဲ့တိုက်ပွဲတွေ၊ နိုင်ငံသားအချင်းချင်းကြားမှာ ရှိတဲ့ လူမှုရေးပဋိပက္ခတွေ၊ ဘာသာရေးအကြမ်းဖက်ကိစ္စတွေကို ဖြေရှင်းနိုင်မှာမဟုတ်သလို နိုင်ငံတော်အတွင်းမှာ ငြိမ်းချမ်းစွာ၊ သဟဇာတဖြစ်စွာ၊ အတူတကွယှဉ်တွဲနေနိုင်ရေးဟာ ဖြစ်လာစရာအကြောင်း မရှိတော့ပါဘူး။

ကျမ်းမြတ်ကုရ်အာန်(၆း၁၄၁)မှာ အလ္လာဟ်အရှင်မြတ်က ပြဆိုထားချက်အရဆိုရင် စုံလင်ကွဲပြားမှု(Diversity)သည် တစ်မျိုးတစ်စားတည်းဖြစ်မှုထက်ပိုပြီး အားကောင်းပြည့်စုံတဲ့သဘောကို ရည်ညွှန်းနေပါတယ်။ အဲဒါကြောင့် ကျနော်တို့ဟာ စုံလင်ကွဲပြားမှုရဲ့တန်ဖိုး (Valuing Diversity) ကို နားလည်လက်ခံဖို့ လိုအပ်ပါတယ်။ ကျနော်တို့ရဲ့ပတ်ဝန်းကျင်မှာ တိုင်းရင်းသားလူမျိုးစုံ၊ ဓလေ့ထုံးတမ်းမျိုးစုံ အတူတကွနေထိုင်ကြတဲ့အတွက် စုံလင်ကွဲပြားမှုဆိုင်ရာ အချိတ်အဆက်မိခြင်း (Pluralist Engagement) ရှိဖို့ လိုအပ်ပါတယ်။ ဒီလိုအချိတ်အဆက်မိဖို့ဆိုတာ အတူတကွနေထိုင်ကြသူများအကြားမှာ အောက်ပါစိတ်နေစိတ်ထား(၂)မျိုး ရှိဖို့လိုအပ်ပါတယ်။

**(၁) မိမိမှာ ကွဲပြားခြားနားသော ထင်မြင်ယူဆချက်ရှိပေမဲ့ အခြားတစ်ဖက်ရဲ့ရပ်တည်ချက်နဲ့ စဉ်းစားပုံကို လေးစားနားလည်ပေးရမည်။**

**(၂) မိမိရဲ့ရပ်တည်ချက်နဲ့ ထင်မြင်ချက်ကို အခြားတစ်ဘက်ရဲ့ရပ်တည်ချက် နေရာကနေပြီး ပြန်ကြည့်ပေးရမည်။**

ဒါကြောင့် ပြုပြင်ပြောင်းလဲခြင်း (Change) ကို လိုလားသူများ၊ ပြောင်းလဲလိုသူများဟာ တရားသေဝါဒကို ဘေးဖယ်ပြီး မိမိရဲ့အတွေးအမြင် နယ်နိမိတ်ကို ချဲ့ထွင်ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

# ဘယ်လိုပြောင်းလဲ (Change) ကြမလဲ

# (အပိုင်း-၅)

**`မည်သည့်အချက်များက (Change) ပြောင်းလဲခြင်းဖြစ်စဉ် ကို ဟန့်တားနေသနည်း´** ဆိုတဲ့ ခေါင်းစဉ်ကြွဲ အောက်က နောက်ဆုံးအပိုင်းဖြစ်တဲ့ ***(Sense of Justice) တရားမျှတမှုကို သိမြင်နားလည်စိတ်မရှိခြင်း*** ဆိုတဲ့ အခန်းကဏ္ဍကို ဆက်လက်ရှင်းလင်း တင်ပြသွားပါမယ်။

ဒီအပိုင်းကတော့ ဒီကနေ့ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအကြားမှာ ရေပန်းစားပြောဆိုနေကြတဲ့ (Rule of Law) တရားဥပဒေစိုးမိုးမှုရှိခြင်းဆိုတဲ့ အပိုင်းနဲ့လည်း တိုက်ရိုက်ဆက်စပ်နေပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ၊ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ ဆိုရှယ်လစ်စနစ်ဖြစ်စေ၊ ကွန်မြူနစ်စနစ်ဖြစ်စေ၊ ဒီမိုကရေစီစနစ်ဖြစ်စေ၊ ကြိုက်တဲ့ စနစ်နဲ့သွားပါစေ။ အဲဒီနိုင်ငံ၊ အဲဒီလူ့အဖွဲ့အစည်းမှာ (Rule of Law ) တရားဥပဒေစိုးမိုးမှုမရှိရင် ဘယ်စနစ်မှ တိုးတက်အောင်မြင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ Rule of Law ရှိဖို့က အဓိက ဘာလိုသလဲဆိုတော့ Sense of Justice တရားမျှတမှုကို သိမြင်နားလည်နိုင်တဲ့စိတ် ရှိဖို့လိုအပ်ပါတယ်။ Sense of Justice ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နိုင်ငံတော်အကြီးအကဲကြီးမှစပြီး အောက်ခြေလူတန်းစားအထိ ရှိဖို့လိုအပ်ပါတယ်။ (Sense of Justice) တရားမျှတမှုကို သိမြင်နားလည်စိတ်မရှိဘဲ (Rule of Law) တရားဥပဒေစိုးမိုးရေးကို ဘယ်လိုမှ သွားလို့မရပါဘူး။ Sense of Justice ရှိဖို့ ကျမ်းမြတ်ကုရ်အာန် (၁၆း၉၀)မှာ ဒီလို ပြဌာန်းထားတာ တွေ့ရပါတယ်။

***" ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် တရားမျှတမှုနှင့် တင့်တယ်လှပကောင်းမွန်သော လူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန် အမိန့်ထုတ်ပြန်ထားသည်။ ပြီးနောက် ဆွေမျိုးမိတ်သင်္ဂဟများကို ချီးမြှင့်ထောက်ပံ့ရန်လည်း အမိန့်ထုတ်ပြန်ထားသည်။ ထို့မှတပါး အလ္လာဟ်အရှင်မြတ်သည် စက်ဆုပ်ဖွယ်ရာသော မကောင်းမှုကိုလည်းကောင်း၊ လီဆယ်အကြံအဖန်လုပ်ဆောင်မှုကိုလည်းကောင်း၊ သူတစ်ပါး၏ပိုင်ဆိုင်မှုအပေါ် ကျူးကျော်စော်ကား ဖျက်ဆီးမှုကိုလည်းကောင်း၊ မပြုလုပ်ရန် တားမြစ်လျက်ရှိသည်။ အလ္လာဟ်အရှင်မြတ်က သင်တို့ သတိတရား ရရှိကြစေရန်အတွက် တရားပြလျက်ရှိသည်။ "*** ( ကုရ်အာန် - ၁၆း၉၀)

ဒီအာယသ်တော်ကို မွတ်ဆလင်မ်တိုင်း သိကြပါတယ်။ သောကြာခုတ္တဗါဟ် ဒုတိယပိုင်းရဲ့ အဆုံးသတ်မှာ ခုတ္တဗါဟ်ရှင်

များက ဒီအာယသ်ကို ရွတ်ဖတ်ကြပါတယ်။ အဲဒီအခါမှာ ဂျမာအသ်သားများဟာ ဒီအာယသ်ရဲ့ အဓိပ္ပါယ်နဲ့လေးနက်မှုကို သိရှိခြင်းထက် **`ခွတ္တာပါဟ်ပြီးတဲ့အတွက် ငါတို့ နမားဇ်ဖတ်ရတော့မယ်´** ဆိုတဲ့ အသိလောက်ကိုပဲ သိရှိကြပြီး `နမားဇ်´ဖတ်ကြတာကို တွေ့ရှိရတာကတော့ ဝမ်းနည်းဖို့ကောင်းပါတယ်။ ဒီအနေအထားလေးကိုတော့ ကျနော် ဝမ်းနည်းစွာ မှတ်ချက်ပြုပါရစေ။

ဒီကုရ်အာန်အာယသ် (၁၆း၉၀)ကို လေ့လာကြည့်ရင် `ပြုလုပ်ရန်´ အမိန့်ပေးထားတဲ့အချက်(၃)ချက်ကို တွေ့ရှိရသလို `တားမြစ်ချက်´(၃)ချက်ကိုလည်း တွေ့ရှိရပါတယ်။ ပြုလုပ်ဆောင်ရွက်ရန် အမိန့်ပေးထားတဲ့ အချက်(၃)ချက်က

**(၁) တရားမျှတမှု (Justice)ကို အလေးထားရန်။**

**(၂) မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏လူ့အဖွဲ့အစည်းအတွင်းမှာ လူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ဖို့၊** (တစ်နည်းပြောရရင်) မိမိသည် မိမိလူ့အဖွဲ့အစည်းက အားကိုးစံထားရမယ့် လူတစ်ယောက်ဖြစ်ဖို့၊ မိမိသည် မိမိလူ့အဖွဲ့အစည်းအတွင်းမှာ အသုံးတည့်သည့် လူတစ်ယောက်ဖြစ်ဖို့။ (ဒီနေရာမှာ ကျနော့်အနေနဲ့ စကားညှပ် တစ်ခုလောက် ပြောချင်ပါတယ်။ အချို့လူတွေရှိတယ်။ စကားအရာမှာတော့ အာဘောင်အာရင်း သန်ကြတယ်။ ဝေဖန်ရေးနဲ့ လေကန်ရေးမှာ အင်မတန်မှ အသံကျယ်တယ်။ တကယ် အလုပ်လုပ်ရမယ့် အချိန်ရောက်ရင် မရှိတော့ဘူး။ ပျောက်သွားပြီ။ ဒီလိုလူမျိုးတွေကို ကုရ်အာန်က နေရာမပေးပါဘူး။ ဒီလိုလူမျိုးတွေရှိရင် လူ့အဖွဲ့အစည်းတစ်ရပ်ဟာ မတိုးတက်၊ မအောင်မြင်နိုင်ပါဘူး။)

**(၃) ဆွေမျိုး မိတ်သင်္ဂဟများကို ချီးမြှင့်ထောက်ပံ့ပေးရန်။**

လူသည် အစုအဖွဲ့နှင့်နေထိုင်သည့် သတ္တဝါမျိုးဖြစ်ပါတယ်။ ဒါကြောင့် လူမှာ ဆွေမျိုး၊ မိတ်သင်္ဂဟ၊ သူငယ်ချင်း၊ အပေါင်းအသင်း၊ အိမ်နီးနားချင်းဆိုတာတွေ ရှိပါတယ်။ လူတစ်ဦးချင်းဟာ မိမိမှာရှိတဲ့ အားသာချက်တွေကို မိမိပတ်ဝန်းကျင်မှာရှိတဲ့ လူ့အဖွဲ့အစည်းတွေအတွက် ဝေမျှခွဲဝေ (Share) လုပ်ပေးပါမှ ကုရ်အာန်ကပြောတဲ့ လူပီသလာပါလိမ့်မယ်။ အဆုံးအစွန်အားဖြင့် လူတစ်ယောက်ဟာ မိမိပတ်ဝန်းကျင်ကို ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုမယ်။ ချိုသာတဲ့အပြုံးနဲ့ ဆက်ဆံမယ်ဆိုတာကပင် တစ်နည်းအားဖြင့် မိမိရဲ့ပတ်ဝန်းကျင်ကို မိမိမှာရှိနေတဲ့ **`ကောင်းမွန်တင့်တယ်လှပခြင်း´**ဆိုတဲ့ **`အဲဟ်ဆာန်´**ကို ဝေမျှခွဲဝေ (Share) လုပ်ပေးခြင်းပဲ ဖြစ်ပါတယ်။ မိမိရဲ့ပတ်ဝန်းကျင်ကို အသိအမှတ်ပြုခြင်းပဲ ဖြစ်ပါတယ်။ ယနေ့ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေရဲ့ အရင်းအမြစ်ကို ပြန်သုံးသပ်လိုက်မယ်ဆိုရင် မိမိနေထိုင်တဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကို အသိအမှတ်မပြုနိုင်တဲ့အတွက် ဖြစ်ပွားရတယ်ဆိုတာ ရာခိုင်နှုန်းတစ်ခုအထိ တွေ့ရပါတယ်။

အထက်မှာ ကျနော်တင်ပြခဲ့တဲ့ ကျမ်းမြတ်ကုရ်အာန်က လူသားတွေပြုလုပ်ဆောင်ရွက်ရမယ့် အချက်(၃)ချက်သည် လူတစ်ဦးချင်းအတွက် (Positive side of man's moral development) ပါ။ ကိုယ်ကျင့်တရား ဖွံ့ဖြိုးတိုးတက်ဖို့ရာ လမ်းကြောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ လူတွေဟာ ကိုယ်ကျင့်တရား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Sense of Justice လို့ခေါ်တဲ့ တရားမျှတမှုကို သိမြင်နားလည်တဲ့ စိတ်အနေအထားတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

ဆက်လက်ပြီး ကုရ်အာန်(၁၆း၉၀)က တားမြစ်ထားတဲ့ အချက်(၃)ချက်ကို တင်ပြသွားပါမယ်။

**(၁) `အလ်ဖဟ်ရှားဟ်´** စက်ဆုပ်ဖွယ်ရာသော မကောင်းမှုကို ပြုလုပ်ရန်တားမြစ်သည်။

**(၂) `အလ်မွန်ကရ်´** လီဆယ်ပြီး လုပ်ကြံဖန်တီးမှုကို မပြုလုပ်ရန် တားမြစ်သည်။ ဒီအပိုင်းမှာ Rumour လို့ခေါ်တဲ့ ကောလဟာလ လွှင့်ထုတ်ခြင်း၊ Hate Speech လို့ခေါ်တဲ့ အမုန်းစကားပြောဆိုခြင်းတို့ ပါဝင်ပါတယ်။ ဒီကနေ့ ပဋိပက္ခတွေ အကြမ်းဖက်မှုတွေမှာ Rumour တွေ Hate Speech တွေဟာ ရှေ့တန်းက ပါဝင်နေတာကို အားလုံးသိပါတယ်။ မဟုတ်တာတွေကို အဟုတ်လုပ်ပြီး ဝါဒဖြန့်မယ်။ ဒီအပေါ်မှာ ပညာမဲ့တွေ၊ အသိမဲ့တွေက ဆူပူထကြွသောင်းကျန်းကြတယ်။ ပြီးတော့လည်း ဘာမှမဟုတ်ဘူး။ ဒါပေမဲ့ ဒီမှာက အိုးပျက်အိမ်ပျက် လူတွေ ဒုက္ခရောက်နေရပြီ။ နိုင်ငံက သိက္ခာကျသွားပြီ။ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်ပြီ။ ဒါကြောင့် ကုရ်အာန် (၄၉း၆) မှာ ဒီလိုပြဋ္ဌာန်း ထားပါတယ်။

***" အို ... အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အကယ်၍ သင်တို့ထံသို့ လူယုတ်မာတစ်ယောက်က သတင်းစကားတစ်ရပ် ယူဆောင်လာခဲ့ပါလျှင် လူ့အဖွဲ့အစည်းတစ်ရပ်အပေါ် သင်တို့အနေနှင့် နားလည်မှုလွဲမှားစွာဖြင့် ဘေးအန္တရာယ် မပြုမိစေရေးအလို့ငှာ သေချာစွာ လေ့လာစီစစ်ပြီး အထောက်အထား ခိုင်လုံမှုကို ရယူပါ။ (သို့မဟုတ်လျှင်) သင်တို့သည် မိမိ၏စိတ်လိုက်မာန်ပါ ပြုကျင့်ခဲ့မှုကြောင့် ကြေကွဲကြရပေလိမ့်မည် "*** ( ကုရ်အာန် - ၄၉း၆)

အထက်ပါ ကုရ်အာန် (၄၉း၆)အရ အစ္စလာမ်က၊ ကျမ်းမြတ်ကုရ်အာန်က၊ ကောလဟာလနှင့် Hate Speech လို့ ခေါ်တဲ့ မုန်းတီးရေးစကားတွေဟာ လူ့အဖွဲ့အစည်းအတွင်းမှာ မလိုလားအပ်သော အရေးကိစ္စအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်ဟာ Rumour ကောလဟာလ

တွေ၊ Hate Speech မုန်းတီးရေး စကားတွေနဲ့ လုံးထွေးရစ်ပတ် နေရပြီဆိုရင် ဒီလူ့အဖွဲ့အစည်းဟာ စည်းလုံးညီညွတ် ပြိုကွဲပျက်စီး သွားမှာပဲ ဖြစ်ပါတယ်။ ဒီအပေါ်မှာ ကောက်ချက်ချနိုင်တာကတော့ Rumour နဲ့ Hate Speech တွေနဲ့ လုံးထွေးရစ်ပတ်နေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ Sense of Justice လို့ခေါ်တဲ့ တရားမျှတမှုကို သိမြင်နားလည်တဲ့စိတ်ထားနဲ့ ဝေးကွာရပါတော့တယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း Rumour နဲ့ Hate Speech တွေဟာ နိုင်ငံရေးအရ သတိကြီးစွာထားရမယ့် ပြဿနာတစ်ရပ် (A politically sensitive issue) ဖြစ်နေပြန်ပါတယ်။ ဒီကနေ့ အများပြော နေကြသလို `**ထိလွယ်ရှလွယ်**´တဲ့အခြေအနေတွေပါ။

ဒါကြောင့် ကျမ်းတော်မြတ်ကုရ်အာန်က `**အလ်မွန်းကရ်**´ လို့ခေါ်တဲ့ လီဆယ်လုပ်ကြံဖန်တီးမှုကို မပြုလုပ်ရန် လုံးဝတားမြစ်ထားပါတယ်။

**(၃) `အလ်ဘက်ယု´** သူတစ်ပါး၏ပိုင်ဆိုင်မှုအပေါ် ကျူးကျော်စော်ကားမှုကို မပြုလုပ်ရန် အလ္လာဟ်အရှင်မြတ်က တားမြစ်သည်။ လူဆိုတာ စုပေါင်းနေထိုင်တတ်တဲ့ သတ္တဝါဖြစ်သည့် အားလျော်စွာ စုပေါင်းနေထိုင်တဲ့အခါမှာ မိမိ၏နယ်နိမိတ်၊ မိမိ၏ပိုင်ဆိုင်မှုဆိုတဲ့ ကိစ္စတွေဟာ အရေးအရာတစ်ရပ်အနေနဲ့ ပါဝင်လာပါတယ်။ လူ့အစုအဖွဲ့ထဲမှာ လူတွေရဲ့နယ်နိမိတ်ပိုင်ဆိုင်မှုတွေကို ဥပဒေအရ အကာအကွယ်ပေးထားရပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်ပေါ် နေတဲ့ ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေမှာ ဒီဥပဒေချိုးဖောက်ခံနေ ရတာကို တွေ့နေရပါတယ်။ တစ်နည်း `**အလ်ဘက်ယု**´ဆိုတဲ့ သဘောတရားကို တွေ့နေရပါတယ်။

အမှန်တကယ်မှာတော့ တိုးတက်ဖွံ့ဖြိုးတဲ့၊ ယဉ်ကျေး သိမ်မွေ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်းကို တိုင်းထွာသတ်မှတ် တဲ့နေရာမှာ တစ်ပါးသူရဲ့ နယ်နိမိတ်၊ တစ်ပါးသူရဲ့ပိုင်ဆိုင်မှုကို ဘယ်လောက်အထိ လေးစား၊ အသိအမှတ်ပြုသလဲ ဆိုတဲ့အချက် ကလည်း အဓိက အခန်းကဏ္ဍက ပါဝင်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံအတွင်းမှာဖြစ်နေတဲ့ အဖြစ်ဆိုး တစ်ရပ်ကတော့ ဘာသာဝင်တစ်ဦးရဲ့ မိုက်မဲမှုကြောင့် အခြားသော အပြစ်မဲ့တဲ့ ဘာသာဝင်တွေဟာ ဒေါသထွက်နေတဲ့လူအုပ်စုကြီးရဲ့ အကြမ်းဖက်မှုတွေကို မတရားခံနေရပါတယ်။ ဘာသာဝင်တစ်ဦးရဲ့ ပြစ်မှုကို ကျန်ဘာသာဝင်တွေကပါ ခံစားရမယ်ဆိုရင်တော့ ဒါဟာ တရားမျှတမှုမရှိပါဘူး။ သဘာဝလည်း မကျပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဘာသာဝင်တိုင်းမှာ လူဆိုးလူမိုက်တွေ၊ လူရမ်းကားတွေ ရှိနေလို့ပါ။ အမှန်တကယ်မှာတော့ ဘာသာတရားတိုင်းမှာရှိတဲ့ လူဆိုးလူမိုက်ဆိုတာက သက်ဆိုင်ရာဘာသာ တရားက လမ်းညွှန် ပြဌာန်းထားတဲ့အပေါ်မှာ ဆိုးကြ၊ မိုက်ကြတာမဟုတ်ဘဲ၊ ဘာသာ တရားရဲ့ လမ်းပြဆုံးမမှုကို မလိုက်နာလို့သာ ဆိုးကြ၊ မိုက်ကြခြင်း ဖြစ်ပါတယ်။ အကယ်၍ Sense of Justice လို့ခေါ်တဲ့ တရားမျှတ မှုကို သိမြင်နားလည်စိတ်သာမရှိခဲ့ရင် ကုရ်အာန်(၁၆း၉၀)မှာ ပြဌာန်းတားမြစ်ထားတဲ့ `**အလ်ဘက်ယု**´လို့ခေါ်တဲ့ သူတစ်ပါး ပိုင်ဆိုင် မှုတွေကို ကျူးကျော်စော်ကား ဖျက်ဆီးမိကြမှာပဲဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဂျမာအသင်သားများခင်ဗျား-**

ကျနော့်အနေနဲ့ အစောပိုင်းမှာ Sense of Justice တရား မျှတမှုကို သိမြင်နားလည်စိတ်မရှိခဲ့ဘူးဆိုရင် Rule of Law ဆိုတာ ကို အကောင်အထည်ဖော်လို့ရမှာ မဟုတ်ဘူးလို့ တင်ပြခဲ့ပါတယ်။ ဟုတ်ပါတယ်။ လက်ရှိအနေအထားမှာ လူအများစု နားလည်ထား တာက Rule of Law ဆိုတာ လက်နက်ကိုင်တပ်ဖွဲ့ကြီးတစ်ဖွဲ့က လက်နက်ခဲယမ်း မီးကျောက်အပြည့်အစုံနဲ့ အဆင်သင့် အနေ အထား စောင့်ကြပ်နေခြင်းလို့ မျက်စိထဲ မြင်ယောင်နေကြတယ်။ ဒီလိုမြင်ရခြင်းဟာ ကျနော့်တို့နိုင်ငံအနေနဲ့ ဒီလိုမြင်ကွင်းမျိုး၊ ဒီလို အနေအထားမျိုးကို ဖြတ်ကျော်ခဲ့ရတာကိုး။ ဆိုလိုတာက ကျနော် တို့ပြည်သူတွေက Rule of Law လို့ ဆိုလိုက်တာနဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကိုပဲ မျက်စိထဲ တန်းပြီးမြင်လိုက်ကြပါတယ်။ အဲဒီ တော့ မြန်မာပြည်မှာ ဘာသာရေးအကြမ်းဖက်မှုတွေ ဖြစ်လိုက်၊ လက်နက်ကိုင်အဖွဲ့အစည်းတွေက လူမြင်ကွင်းထွက်လာလိုက်၊ ပဋိပက္ခတွေဖြစ်လိုက်၊ လက်နက်ကိုင် အဖွဲ့အစည်းတွေက လူတွေ အရှေ့ ထွက်လာလိုက်နဲ့၊ ဒီလိုနဲ့ပဲ `**မြန်မာပြည်ကြီးကို လက်နက် ကိုင်အဖွဲ့အစည်းက အုပ်ချုပ်တာကပဲ ပိုကောင်းမှာပေါ့**´ ဆိုတဲ့ အတွေးအခေါ်က ဝင်လာပါတော့တယ်။ မြန်မာ့အိမ်နီးချင်းနိုင်ငံ တွေကလည်း ဘာပဲဖြစ်ဖြစ် မြန်မာပြည် တည်ငြိမ်တာကိုပဲ လိုချင် ကြတယ်။ မြန်မာပြည်တွင်းရေး မတည်ငြိမ်ရင် သူတို့လည်း ခေါင်း ကိုက်ရတာပဲလေ။ အဲဒီတော့ မြန်မာနိုင်ငံမှာ လက်နက်ကိုင်အဖွဲ့က ရှေ့တန်းထွက်ရပ်တာ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်တစ်ရပ်လို့ပဲ မြင် သွားပါလိမ့်မယ်။

Rule of Law တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး အစိုးရမှာပဲ ရာနှုန်းပြည့်တာဝန်ရှိတယ်ဆိုတဲ့ အယူအဆဟာ ကျမ်းမြတ်ကုရ်အာန်နဲ့ လွဲနေပါတယ်။ ကျနော်တင်ပြပြီးခဲ့သလို Rule of Law ရှိဖို့ Sense of Justice ကို အရင်းခံဖို့ လိုအပ် ပါတယ်။ အဲဒီတော့ တိုင်းပြည်တစ်ပြည်မှာ Sense of Justice ဟာ ဘယ်သူတွေမှာ ရှိရမှာလဲ။ ကျနော် နားလည်သလောက် တင်ပြရ ရင် အစိုးရအဖွဲ့မှာတင် Sense of Justice ရှိရုံနဲ့ မလုံလောက်ဘူး။ ပြည်သူတိုင်းမှာလဲ Sense of Justice ရှိဖို့လိုအပ်တယ်။ ဒီအခါမှာ Rule of Law ဟာ အသက်ဝင်လာပါတယ်။ ဒီအနေအထားကို

ရောက်အောင် ကျနော်တို့ပြည်သူတွေ ပြုပြင်ပြောင်းလဲ (Change) လုပ်ကြရပါမယ်။ ဒါကြောင့် ကျနော်တင်ပြနေတဲ့ ခေါင်းစဉ်အရ ဆိုရင် Sense of Justice တရားမျှတမှုကို သိမြင်စိတ်မရှိခြင်းဟာ ပြုပြင်ပြောင်းလဲရေး (Change) လုပ်ဖို့ကို အတားအဆီး အဟန့်အတား ဖြစ်စေပါတယ်။

**လေးစားအပ်ပါသော ဂျမာအသ်သားများခင်ဗျား-**

ဒီကနေ့ လူ့အဖွဲ့အစည်းတွေထဲမှာ လူအုပ်စုတစ်စုရှိပါတယ်။ သူတို့ဟာ ဘယ်လိုအခြေအနေကို ဖြစ်နေပါစေ၊ ရောက်နေပါစေ။ သူတို့ဟာ မှန်ကန်ဖြောင့်မတ်သော၊ လုပ်သင့်လုပ်ထိုက်သော၊ တရားနည်းလမ်းကျသော လုပ်ငန်းများကိုပဲ ဆောင်ရွက်လုပ်ကိုင်မယ်လို့ခံယူပြီး လှုပ်ရှားနေကြပါတယ်။ သူတို့ကို **`အရင်းခံကိုယ်ကျင့်တရား´** ရှိသူများကို ခေါ်ပါတယ်။ သူတို့ရဲ့အနေအထားကို လေ့လာကြည့်မယ်ဆိုရင် ရတိုင်းလည်းမယူဘူး။ ကျွေးတိုင်းလည်းမစားဘူး။ အနိမ့်ဆုံးပြောရရင် သူတို့ဟာ စည်းမဲ့ကမ်းမဲ့ အမှိုက်မပစ်ဘူး။ အမြင်မတော်ရင် ထလုပ်လိုက်မယ်။ ခိုင်းမှ လုပ်တတ်တဲ့ `ကျွန်´စရိုက်မျိုး သူတို့မှာမရှိဘူး။ သူတို့ တာဝန် သိကြတယ်။ ဘယ်လောက်ပဲ သူတို့ကို ဖိအားပေးပါစေ။ အများကို ထိခိုက်နစ်နာမယ့်အလုပ်မျိုးဆိုရင် သူတို့ ငြင်းဆန်ကြတယ်။ ဘယ်သူတရားပျက်ပျက် ကိုယ်ကတော့ မပျက်နိုင်ဘူးဆိုတဲ့ လူမျိုးတွေ။ ကုရ်အာန်က သူတို့ကို `မွတ္တကီ´ဆိုပြီး သတ်မှတ်တယ်။ ယနေ့ပြည်သူတွေထဲမှာ Sense of Justice ရှိဖို့ Intrinsic Moral Value **`အရင်းခံ ကိုယ်ကျင့်တရား´** ကောင်းဖို့လိုအပ်တယ်ဆိုတာကို တင်ပြရင်း နိဂုံးချုပ်ပါတယ် ။ ။

# အစ္စလာမ်၏ထိမ်းမြားမှုဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်

## (အပိုင်း–၁)

ဒီကနေ့ ကျနော် တင်ပြမယ့်အပိုင်းမှာ ဘိုခါရီကျမ်းနဲ့ မွတ်ဆလင်မ် ဟဒီးဆ်ကျမ်းတွေမှာပါရှိတဲ့ **`တမန်တော်မြတ်(ဆွ) သည် မွတ်ဆလင်မ်တို့ရဲ့ မိခင်မွန်ကြီး အာအိရှာသခင်မကို (၉)နှစ်အရွယ်မှာ လက်ထပ်ထိမ်းမြားတယ်’** ဆိုပြီးမှတ်တမ်းတင်ထားတဲ့အပေါ်မှာ ဒီမှတ်တမ်းတင်ချက် မှန်သည်၊ မှားသည်ကို ပြန်လည်သုံးသပ်နိုင်ပါရန်အတွက် ဒီခေါင်းစဉ်ကို ရွေးချယ်တင်ပြရခြင်းဖြစ်ပါတယ်။

ဒီကိစ္စနဲ့၊ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးလည်း အခြားဘာသာဝင်များသာမက ခေတ်အဆက်ဆက်မှာရှိခဲ့တဲ့ မွတ်ဆလင်မ်အချို့သည်ပင်လျှင် စောဒကတက်ခဲ့သည်များ ရှိခဲ့ပါတယ်။ ဒါပေမဲ့ မည်သို့ပင်ဆိုစေ အမှန်တကယ်သာ တမန်တော်မြတ်(ဆွ) သည် မိခင်မွန် အာအိရှာသခင်မကို (၉)နှစ်သမီးအရွယ်မှာ ထိမ်းမြားခဲ့တယ်ဆိုရင်တော့ ဘယ်သူတွေ ကန့်ကွက်ကန့်ကွက်၊ ဘယ်သူတွေ ဝေဖန်ဝေဖန် ဒီအဆိုကို (Absolute Truth) အမှန်တရား၊ သစ္စာတရားအဖြစ် လက်ခံဖို့ တာဝန်ရှိသွားပါလိမ့်မယ်။

ဒါပေမဲ့ ကျနော့အနေနဲ့ ဒီကိစ္စမှာ ကြိုတင်အသိပေးလိုတာ တစ်ခုရှိပါတယ်။ ကျနော်တို့ (၅၉)လမ်း ဂျမာအသ်သားတွေကို အပြင်မှာ မလိုတမာပြောဆိုမှုတွေ ရှိနေပါတယ်။ ဘာလဲဆိုတော့ **“ (၅၉)လမ်းက တမန်တော်ဟဒီးဆ်ကို ငြင်းပယ်နေပါတယ် ”** တဲ့။ ဒီစွပ်စွဲချက်ကို ကျနော် လုံးဝငြင်းပယ်လိုက်ပါတယ်။ ရှုံ့ချလိုက်ပါတယ်။ တမန်တော်ဟဒီးဆ်ကို ငြင်းပယ်ခြင်းသည် တမန်တော်ကို ငြင်းပယ်ခြင်းဖြစ်၍ `ကာဖိရ်´ဖြစ်တယ်ဆိုတာကို ကျနော်တို့ အရင်တုန်းကလည်း ကြေညာခဲ့သလို အခုလည်း ကြေညာပါတယ်။ ဒီကြေညာချက်ကို ကျနော်တို့ ဘယ်တော့မှ ရုပ်သိမ်းမှာမဟုတ်ပါဘူး။ ဒါ ကျနော်တို့ရဲ့ယုံကြည်ချက်ပါ။

အေး။ ဒါပေမဲ့ လူတွေ`ဟဒီးဆ်´လို့ ပြောဆိုလက်ခံထားတဲ့ အချက်တစ်ခုသည် ကျမ်းမြတ်ကုရ်အာန်နဲ့ ဆန့်ကျင်၊ သွေဖည်လာမယ်ဆိုရင်တော့ ဒါဟာ တမန်တော်မြတ်ရဲ့ `ဟဒီးဆ်´တစ်ပုဒ်ဖြစ်ခြင်း၊ မဖြစ်ခြင်းကိုတော့ ကျနော်တို့ စဉ်းစားရတော့မယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ တမန်တော်မြတ်(ဆွ)ဟာ ဘယ်သောအခါမှ ကျမ်းမြတ်ကုရ်အာန်ကို တစ်နည်းအားဖြင့် အလ္လာဟ့်ပြဋ္ဌာန်းချက်ကို မဆန့်ကျင်၊ မသွေဖည်ဘူးလို့ ကျနော်တို့ ယုံကြည်လက်ခံထားလို့ပဲဖြစ်ပါတယ်။ ဒီယုံကြည်ချက်ကို ကျနော်တို့(၅၉)လမ်း ဂျမာအသ်သားတွေက ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ပါဘူး။

ဒါကြောင့် ဒီနေရာမှာ ကျနော်ပြောချင်၊ တင်ပြချင်တာ **တမန်တော်`ဟဒီးဆ်´ကို ငြင်းပယ်ခြင်း** နဲ့၊ ဒါဟာ **ကုရ်အာန်ကို သွေဖည်နေတဲ့အတွက် တမန်တော်ဟဒီးဆ်မဖြစ်နိုင်ဘူး** လို့ စောဒကတက်ခြင်းတို့ဟာ အဓိပ္ပါယ်အရရော၊ သဘောတရားအရရော လုံးဝကွာခြားပါတယ်။ ကျနော်တို့က ကုရ်အာန်ကို အတိုင်း

အတာတစ်ခုအထိ နားလည်သဘောပေါက်ထားတဲ့အပေါ်မှာ ဒါဟာ တမန်တော်မြတ်ရဲ့ ပြောဆိုချက်မဟုတ်ဘူး၊ လုပ်ရပ်မဟုတ်ဘူးလို့ စောဒကတက်နေတာပါ။ ဒီလိုစောဒကတက်မှုတွေဟာ ဒီကနေ့ ဘိုခါရီ၊ မွတ်ဆလင်မ်၊ တိရ်မေဇီ အစရှိတဲ့ ဟဒီးဆ်ကျမ်းတွေကို အကြွင်းမဲ့ယုံကြည်ပါတယ်ဆိုတဲ့ မွတ်ဆလင်မ်အစုအဖွဲ့တွေထဲမှာလည်း ရှိကြပါတယ်။ အစုအဖွဲ့တစ်ခုက လက်ခံထားတဲ့ ဟဒီးဆ်တစ်ရပ်ကို နောက်အစုအဖွဲ့တစ်ရပ်က လက်မခံတာမျိုးပါ။

အမှန်တကယ်မှာတော့ ဒီလိုလက်မခံခြင်းဟာ တမန်တော်မြတ်(ဆွ)ကို လက်မခံခြင်းမဟုတ်ဘဲ ဒီ`ဟဒီးဆ်´ဟာ တမန်တော်မြတ်ရဲ့ ပြောစကား၊ တမန်တော်မြတ်ရဲ့ လုပ်ရပ်မဟုတ်ဘူးလို့ ငြင်းလိုက်ခြင်းဖြစ်ပါတယ်။ ဒီ`ဟဒီးဆ်´တွေကို စုဆောင်းခဲ့သူများကိုယ်တိုင် သူတို့လက်မခံခဲ့တဲ့၊ သူတို့ ငြင်းပယ်ခဲ့တဲ့ `ဟဒီးဆ်´ တွေရှိပါတယ်။ အမှန်တကယ်တော့ သမိုင်းအထောက်အထားများအရဆိုရင် သူတို့ပြုစုမှတ်တမ်းတင်ထားတဲ့ `ဟဒီးဆ်´ အရေအတွက်ထက် သူတို့ငြင်းပယ်လိုက်တဲ့`ဟဒီးဆ်´ အရေအတွက်က ပိုများပါတယ်။ ဒါကိုလေ့လာကြည့်မယ်ဆိုရင် ဒီပုဂ္ဂိုလ်ကြီးတွေဟာ **တမန်တော်မြတ်ကို ငြင်းပယ်ခြင်းလုံးဝမဟုတ်ဘဲ၊ တမန်တော်မြတ်ရဲ့ `ဟဒီးဆ်´မဟုတ်ဘူးလို့ ငြင်းပယ်ခြင်းသာ** ဖြစ်ပါတယ်။

ဆက်လက်ပြီး ခွတ္တဗါဟ်ရဲ့နိဒါန်းပိုင်းမှာ ကျနော်ရွတ်ဖတ်ပြသွားတဲ့ ဆူရာဟ်(၂၄) အာယတ်(၂၅)ကို ရှင်းလင်းပြပါမယ်။

" ***ထိုသောအခါ၌ သင်တို့သည် ယင်းကိစ္စကို သင်တို့၏နှုတ်လျှာများဖြင့် လက်ခံပြောဆိုနေကြ၏။ ထို့ပြင် သင်တို့သည် သင်တို့၏ပါးစပ်များဖြင့် သင်တို့မသိသည့် အကြောင်းကိစ္စကို ပြောဆိုနေကြခြင်းသာဖြစ်သည်။ ယင်းကိစ္စကို သင်တို့က ပေါ့ပေါ့တန်တန်၊ သာမန်ကိစ္စတစ်ရပ်ဟု ထင်မှတ်နေကြသည်။ အမှန်တကယ်၌ ယင်းကိစ္စသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကြီးကျယ်လှသော ကိစ္စပင်ဖြစ်သည်*** " ( ကုရ်အာန် - ၂၄း၁၅ )

ဒီအာယတ်တော်ကို လေ့လာကြည့်လိုက်မယ်ဆိုရင် လူတွေဟာ ဘာအထောက်အထားမှမရှိဘဲ မိမိတို့ရဲ့တင်ပြချက်တွေကို မိမိတို့ရဲ့နှုတ်လျှာများနဲ့ အမှန်တရားကို ကျောခိုင်းပြီး ငြင်းခုံပြောဆိုနေခြင်းကို အလ္လာဟ်အရှင်မြတ်က မနှစ်သက်ကြောင်း အတိအကျ ရည်ညွှန်းနေခြင်းပဲ ဖြစ်ပါတယ်။

ဒီကနေ့ မွတ်ဆလင်မ်အတော်များများက လက်ခံယုံကြည်ထားတဲ့ ဘိုခါရီနဲ့ မွတ်ဆလင်မ်ကျမ်းပါ တမန်တော်မြတ်(ဆွ)သည် မိခင်မွန်ကြီးအာအိရှာသခင်မကို (၉)နှစ်အရွယ်မှာ ထိမ်းမြားခဲ့ခြင်းနဲ့ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်ရဲ့ပြဌာန်းချက်နဲ့ တိုက်ဆိုင်စစ်ဆေးပြပါမယ်။ အချို့ကဆိုရင် အာအိရှာသခင်မကို (၆)နှစ်မှာ ထိမ်းမြားပြီး (၉)နှစ်မှာ အခန်းအပ်တယ်လို့တောင် ပြောဆိုကြပါတယ်။ ပိုဆိုးတာပေါ့ဗျာ။

ကျမ်းမြတ်ကုရ်အာန်က ထိမ်းမြားမှုဆိုင်ရာ အသက်အရွယ်ကန့်သတ်မှုကို ဘယ်လိုသတ်မှတ်ပေးထားသလဲဆိုတာ လေ့လာကြည့်ကြပါစို့။ ကျမ်းမြတ်ကုရ်အာန်မှာ **`နိကာဟ်´** ထိမ်းမြားလက်ထပ်မယ့် အမျိုးသမီးတိုင်းကို **`နေဆားအွန်´** လို့ပဲ ရည်ညွှန်းသုံးနှုံးထားတာကို တွေ့ရပါတယ်။ ဥပမာပေါ့ဗျာ။ ကုရ်အာန် ဆူရာဟ်(၄)၊ အာယသ်(၄)မှာ ဒီလိုပြဆိုထားပါတယ်။

" ***သင်တို့သည် (မိမိတို့၏) ဇနီးမိန်းမတို့အား သူမတို့၏ `မဟာရ်´ကို ကြည်ဖြူစွာ ပေးကြကုန်လော့ ...*** " ( ကုရ်အာန် - ၄း၄)

ဒီကုရ်အာန်(၄း၄)မှာ ဇနီးမိန်းမဆိုတဲ့စကားလုံးကို **`နေဆားအွန်´**ဆိုပြီး သုံးနှုံးထားတာ တွေ့ရပါတယ်။ တစ်နည်းအားဖြင့် နိကာဟ် - ထိမ်းမြားမယ့်အမျိုးသမီးကို ကြည်ကြည်ဖြူဖြူနဲ့၊ စိတ်ပါလက်ပါနဲ့ `မဟာရ်´ပေးဖို့ ပြဌာန်းထားတာပါ။ အရဗီဝေါဟာရ **`နေဆားအွန်´** ဆိုတာက အင်္ဂလိပ်လို Girl -ဆိုတဲ့ မိန်းကလေးကို ရည်ညွှန်းနေခြင်းမဟုတ်ပါ။ Woman - ဆိုတဲ့ အမျိုးသမီးကို ရည်ညွှန်းနေခြင်းဖြစ်ပါတယ်။ ကျမ်းမြတ်ကုရ်အာန်က အရဗီဝေါဟာရတွေကို တိတိကျကျသုံးနှုံးထားပါတယ်။ ကုရ်အာန် ဆူရာဟ်(၄)၊ အာယသ်(၆)မှာဆိုရင် အသက်ပြည့်၊ အရွယ်ရောက်ခြင်းကို ဒီလိုသတ်မှတ်ထားပါတယ်။

" ***၎င်းပြင် သင်တို့သည် မိဘမဲ့ကလေးများ (၏ အသိအလိမ္မာ ဉာဏ်ပညာ) ကို ထိမ်းမြားရန် အချိန်၊ အရွယ် ရောက်လာသည့်တိုင်အောင် ထင်ထင်ရှားရှား စီစစ်ကြလေကုန်။ ထို့နောက် အကယ်၍ အသင်တို့သည် ထိုမိဘမဲ့ ကလေးတို့၌ ဆင်ခြင်နိုင်သော***

***အသိတရားရှိသည်ကို တွေ့ရှိသော် သူတို့အား သူတို့ပိုင် ဥစ္စာပစ္စည်းများကို ပေးအပ်ကြလေကုန်။ "*** (ကုရ်အာန် - ၄း၆)

ဒီအာယသ်(၄း၆)ဟာ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသော မိဘမဲ့ကလေးများနဲ့ပတ်သက်ပြီး ကလေးများ အသက်အရွယ် မပြည့်ခင်မှာ သူတို့ပိုင်ဆိုင်မှုကို တစ်ဦးတစ်ယောက်က ထိန်းသိမ်းထားပြီး၊ အရွယ်ရောက် အသက်ပြည့်သွားတဲ့အချိန်မှာ ပိုင်ဆိုင်မှုတွေကိုပြန်ပေးဖို့ ပြဋ္ဌာန်းထားတဲ့ပြဋ္ဌာန်းချက်ပါ။ ကုရ်အာန်ရဲ့ ဒီအာယသ်က အသက်ပြည့်ပြီး၊ အရွယ်ရောက်ခြင်းကို ပြဋ္ဌာန်းတဲ့နေရာမှာ အင်မတန်မှ ရှင်းလင်းပြတ်သားလှပါတယ်။ ဒီအာယသ်တော်မှာ **`ဗလဂူး´** ဆိုတဲ့ဝေါဟာရနဲ့ **`ရွှရှ်(ဒ)´**ဆိုတဲ့ အရဗီဝေါဟာရ(၂)ခုကို တွေ့ရပါတယ်။ ဒီအရဗီဝေါဟာရ(၂)ခုက အရွယ်ရောက်၊ အသက်ပြည့်ခြင်းကို တိတိကျကျ ရည်ညွှန်းပြဋ္ဌာန်းထားပါတယ်။ ဒီအာယတ်တော်မှာပါရှိတဲ့ ဝေါဟာရ(၂)ခုအရ ပညာရှင်ကြီးများက **`အစ္စလာမ်၏ထိမ်းမြားမှုဆိုင်ရာ အသက်အရွယ်ကန့်သတ်ချက်**´ကို ဒီလို သတ်မှတ်ပြုစုပေးခဲ့ပါတယ်။

**" အစ္စလာမ့်တရားတော်အရ အရွယ်ရောက်၊ အသက်ပြည့်ခြင်းကို အောက်ပါအတိုင်း သတ်မှတ်သည် "**

**ဆင်းနွလ်ဗုလူဂ်း - The age of puberty**

**ဆင်းနွလ်ရွှရှ်(ဒ်) - The age of discretion (or) age of majority**

**The age of puberty** ဆိုတာက လူလားမြောက်၊ အရွယ်ရောက်ခြင်းကို ရည်ညွှန်းနေခြင်းဖြစ်ပါတယ်။ ဥပမာ- အမျိုးသမီး တစ်ယောက်ဟာ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးပြီး သဘာဝအတိုင်း ဓမ္မတာစက်ဝန်း လည်ပတ်ရမယ်။ ကိုယ်ဝန်ကို လွယ်ထမ်းပြီး မွေးဖွားနိုင်ရမယ့် အနေအထားပေ့ါ။

**The age of discretion** ဆိုတာက စဉ်းစားတွေးခေါ်၊ ပိုင်းဆဆုံးဖြတ်နိုင်တဲ့အနေအထားကို ရည်ညွှန်းပါတယ်။ ဒီအပိုင်းမှာတော့ လူတစ်ယောက်ခြင်းရဲ့ ဝေဖန်ပိုင်းခြားနိုင်မှုမှာ အတွေ့အကြုံဆိုတာက အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ တစ်ဖက်က ကြည့်ပြန်ရင်လည်း အတွေ့အကြုံဆိုတဲ့သဘောမှာ အသက်အရွယ်က အခြေခံဖြစ်ပါတယ်။ အသက်အရွယ်ကြီးလာလေလေ၊ အတွေ့အကြုံပိုများလေလေ ဖြစ်ပါတယ်။ အတွေ့အကြုံအပေါ်မှာ စဉ်းစားဆင်ခြင်နိုင်မှု ရင့်ကျက်လာတဲ့အတွက် အသက်အရွယ် သတ်မှတ်ချက်ကလည်း အရေးကြီးပါတယ်။ အသက်ပြည့်ခြင်းနဲ့ ပတ်သက်ပြီး အစ္စလာမ့်ဥပဒေပညာရှင်တွေက အနည်းဆုံး(၁၅)နှစ် သတ်မှတ်ထားတာရှိသလို (၁၈)နှစ်အောက်မဖြစ်စေရဆိုတဲ့ သတ်မှတ်ချက်ကလည်း ရှိပါတယ်။

ဒါကြောင့် ကျမ်းမြတ်ကုရ်အာန်ရဲ့ပြဋ္ဌာန်းချက်ကို အခြေပြုပြီး အစ္စလာမ့်ဥပဒေ ထုတ်ပြန်ထားချက်က ထိမ်းမြားလက်ထပ်မှုကိစ္စမှာ သော်လည်းကောင်း၊ ပိုင်ဆိုင်မှုကို ပြန်လည်လွှဲပြောင်းရယူနိုင်ခြင်းကိစ္စမှာ သော်လည်းကောင်း၊ အမွေခွဲဝေ လက်ခံရယူနိုင်မှုကိစ္စမှာ သော်လည်းကောင်း၊ **The age of puberty - လူလားမြောက် အရွယ်ရောက်ခြင်း** နဲ့ **The age of discretion - တွေးခေါ်မြော်မြင်နိုင်တဲ့ အသက်အပိုင်းအခြား** ဆိုတဲ့ ကဏ္ဍ(၂)ရပ်ကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အရဗီသဒ္ဒါစာပေအရ လူလားမြောက်၊ အရွယ်ရောက်ပြီး အသက်ပြည့်သူ ယောကျ်ားကို **`ရဂျိုလွန်**´လို့ သုံးနှုံးပြီး၊ အမျိုးသမီးကိုတော့ **`နေဆားအွန်**´လို့ သုံးနှုံးရေးသားပါတယ်။

အဲဒီတော့ ထိမ်းမြားနေကာဟ်ပြုကြမယ့် အမျိုးသားရော၊ အမျိုးသမီးရောဟာ စဉ်းစားတွေးခေါ်နိုင်ဖို့၊ အတွေ့အကြုံရှိဖို့၊ ဆင်ခြင်တုံတရားရှိဖို့ လိုအပ်ပါတယ်။ ဥပမာ- အမျိုးသမီး တစ်ယောက်ဆိုပါတော့။ သူမဟာ လူလားမြောက်၊ အရွယ်ရောက်ပြီ။ ကိုယ်ခန္ဓာကလည်း ဖွံ့ဖြိုးနေပြီ။ ဓမ္မတာစက်ဝန်းကလည်း လည်ပတ်နေပြီ။ ဒါပေမဲ့ သူ့ဆီမှာ တွေးခေါ်မြော်မြင်၊ ခွဲခြမ်းသုံးသပ်နိုင်တဲ့ အသက်အရွယ်မရောက်သေးရင် ကျမ်းမြတ်ကုရ်အာန် သတ်မှတ်ချက်အရ ထိမ်းမြားခွင့်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အိမ်ထောင်ပြုတယ်ဆိုတာက အင်မတန်ကြီးလေးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်ရမှာဖြစ်လို့ သူမဟာ စဉ်းစားတွေးခေါ်နိုင်ဖို့၊ အတွေ့အကြုံရှိဖို့ အများကြီးလိုအပ်ပါတယ်။

အလားတူပါပဲ။ အမျိုးသမီးတစ်ယောက်ဟာ အသက်တော့ပြည့်ပါပြီ။ စဉ်းစားတွေးဆနိုင်တဲ့ အနေအထားလည်းရှိတယ်။ ဒါပေမဲ့ သူမဟာ လူလားမမြောက်ဘဲ ခန္ဓာကိုယ်ဟာ သဘာဝလိုအပ်ချက်နဲ့အညီ မဖွံ့ဖြိုးရင်၊ ဓမ္မတာစက်ဝန်း မလည်ပတ်နိုင်ရင်၊

ကိုယ်ဝန်ဆောင်ဖို့ အခက်အခဲရှိနေမယ်ဆိုရင်လည်း နိကာဟ် ထိမ်းမြားဖို့ဆိုတာက အဟန့်အတားတစ်ရပ် ရှိနေပါလိမ့်မယ်။

ဒါကြောင့် အစ္စလာမ့်ဥပဒေအရ ထိမ်းမြားလက်ထပ်မည့် သူ နှစ်ဦးနှစ်ဖက်လုံးသည်

**(၁) ဆင်းနွလ်ဗုလူဂ်း (The age of puberty) လို့ခေါ်တဲ့ အရွယ် ရောက်၊ လူလားမြောက်ရပါမယ်။**

**(၂) ဆင်းနွလ်ရွှဒ်(ဒ်) (The age of discretion) လို့ခေါ်တဲ့ စဉ်းစား တွေးခေါ်နိုင်တဲ့အသက် ပြည့်ရပါလိမ့်မယ်။**

အဲဒီတော့ တစ်ချို့ကလည်း တမန်တော်မြတ်ဟာ အသက်(၉)နှစ်ပဲရှိတဲ့ အာအိရှာသခင်မကို ထိမ်းမြားတယ်ဆိုတဲ့ `ဟဒီးဆ်´ဟာ အကြွင်းမဲ့မှန်ကန်ပါတယ်။ `ဆွဟီ´ဖြစ်ပါတယ်လို့ စောဒကတက်ကြပါတယ်။ သူတို့ရဲ့ အကြောင်းပြချက်က အာအိရှာ သခင်မဟာ (၉)နှစ်သမီးနဲ့ အပျိုဖြစ်တယ်။ ဓမ္မတာစက်ဝန်း လည်ပတ်တယ်ပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အာအိရှာသခင်မ နေထိုင်တဲ့ အရပ်ဒေသဟာ ပူပြင်းတဲ့ရာသီရှိလို့ မိန်းကလေးတွေ (၈)နှစ် (၉)နှစ်ဆိုရင် အပျိုဖြစ်ပြီတဲ့။ ဒါကြောင့် အပျိုဖြစ်လို့ တမန်တော်မြတ်က ထိမ်းမြားလိုက်တာတဲ့။ ကျနော်ကတော့ (နအူးဇုဗိလ္လာဟိ မင်းဇားလိက်) လို့ပဲ ဆိုပါရစေ။ ဒါဆိုရင် အာရဗ် မှာ အခုလဲ ရာသီဥတုပူပြင်းတာပဲ။ အခုရော (၈)နှစ် (၉)နှစ် မိန်းကလေးတွေက အပျိုဖြစ်နေတုန်းပဲလား။

အဲ ... တစ်ယောက်ကတော့ ပြောတယ်ဗျ။ အခုတော့ အာရဗ်နိုင်ငံမှာ လေးအေးစက်(Air-con)တွေ တပ်လိုက်လို့ အေး သွားပြီတဲ့။ ဒါကြောင့် (၈)နှစ် (၉)နှစ်နဲ့ အပျိုမဖြစ်တော့ဘူးတဲ့။ ထားလိုက်ပါတော့ဗျာ။ ဒီနေရာမှာ သခင်မကြီး အာအိရှာဟာ (၉)နှစ်မှာ လူလားမြောက်၊ အရွယ်ရောက်ပြီး **`ဆင်းနွလ်ဗုလူဂ်း´** ဖြစ်တယ်။ ထားလိုက်ပါ။ ဒါပေမဲ့ **`ဆင်းနွလ်ရွှဒ်(ဒ)´** လို့ခေါ်တဲ့ အိမ်တော်တစ်ခုကို ထိန်းသိမ်းကြီးကြပ်ဖို့ တွေးခေါ်၊ မြော်မြင်နိုင် စွမ်းရှိပါ့မလားဆိုတဲ့မေးခွန်းက ဝင်လာမှာပါ။ တချို့ စာရေးဆရာ တွေကဆိုရင် တမန်တော်မြတ်(ဆွ)က `အာအိရှာ´သခင်မနဲ့ လက်ထပ်တဲ့အချိန်မှာ `အာအိရှာ´သခင်မဟာ အရုပ်ကလေးတွေ နဲ့ ကစားနေလို့ တမန်တော်မြတ်(ဆွ)က တော်တော်စိတ်ရှည် သည်းခံခဲ့ရတယ်လို့ ရေးခဲ့တာတောင်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်စဉ်းစားမိတာ တစ်ခုရှိပါတယ်။ တမန်တော်မြတ်(ဆွ)ဟာ တမန်တော် တာဝန်သက်တမ်းကာလ တစ်ခုလုံးမှာ ရန်သူများနဲ့ ဝိုင်းပတ်ခံနေရပါတယ်။ ရန်သူတွေဟာ တမန်တော်မြတ်ကို မျက်လုံးဒေါက်ထောက် စောင့်ကြည့်ခဲ့ပါတယ်။ အမှားကိုစောင့်နေတာပါ။ တမန်တော်မြတ် တစ်ခုတလေမှားတာနဲ့ သူတို့က ထအော်ကြမှာပါ။ ဒါပေမယ့် ရန်သူဘက်က ဘာသံမှ ဒီကိစ္စနဲ့ပတ်သက်ပြီး မထွက်ခဲ့ပါဘူး။ အစ္စလာမ်ကို မလိုလားတဲ့ ဂျူးနဲ့ ခရစ်ယာန်မှာ တမန်တော်မြတ် (၉)နှစ်သမီးကို လက်ထပ်ခဲ့ တယ်ဆိုတဲ့ သမိုင်းမရှိခဲ့ပါဘူး။ သူတို့က တမန်တော်မြတ်ကို Child-marriage နဲ့ပတ်သက်ပြီး အပုပ်ချချင်ရင် ဒီဟဒီးဆ်ကိုပဲ ထောက်ပြကိုးကားခဲ့ကြပါ တယ်။

ကျွန်တော် သုံးသပ်ပြချင်တာကတော့ (၉)နှစ်သမီးပျို အာအိရှာသခင်မဟာ ဘိုခါရီနဲ့ မွတ်ဆလင်မ်ဟဒီးဆ်အရ တမန်တော်မြတ်နဲ့ လက်ထပ်ပါတယ်ဆိုတဲ့အချိန်မှာ ကုရ်အာန်က ရည်ညွှန်းသုံးနှုန်းနေတဲ့ `နေဆားအ်´ဆိုတဲ့ ဝေါဟာရနဲ့ မကိုက်ညီ သေးပါဘူး။ ဒါကို ကျွန်တော်တို့သတိပြုဖို့လိုတယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ တမန်တော်မြတ်ကြီးရဲ့လုပ်ရပ်တစ်ခုဟာ ကုရ်အာန်နဲ့ မကိုက်ညီရင်လည်း ကိစ္စမရှိပါဘူးကွာဆိုရင်တော့ ကျွန်တော် တို့လည်း မတတ်နိုင်ပါဘူး။

# အစ္စလာမ်၏ထိမ်းမြားမှုဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်

## (အပိုင်း-၂)

ရှေးဦးစွာ ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်(၂၄) အာယသ် တော်(၁၉)ကို ရှင်းလင်းတင်ပြပါရစေ။ ဒီအာယသ်တော်ကို ခွတ္တဗါဟ်ရဲ့နိဒါန်းပိုင်းမှာ ကျနော်ရွတ်ဖတ်ခဲ့ပြီးဖြစ်ပါတယ်။

" ***ကေန်အမှန်ပင် ထိုသူတို့သည် အီမာန်သက်ဝင် ယုံကြည်သူတို့၏အတွင်း၌ ညစ်ညမ်းယုတ်မာသော အကြောင်းအရာ များကို ပြန့်ပွားသွားစေရန် လိုလားနှစ်သက်လျက်ရှိပေသည်။***

***ထိုသူတို့အတွက် မျက်မှောက်ကာလ၌ လည်းကောင်း၊ အနာဂတ် ကာလ၌လည်းကောင်း ပြင်းပြနာကျင်ဖွယ်ရာသော ပြစ်ဒဏ်များ ရှိလေသည်။ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိမြင်တော် မူသော အရှင်ဖြစ်၍ သင်တို့သည်ကား အကြွင်းမဲ့ သိမြင်ကြသူများ မဟုတ်ပေ”*** (ကုရ်အာန် - ၂၄း၁၉)

ဒီအာယသ်တော်အရဆိုရင် အလ္လာဟ်အရှင်မြတ်သည် မမှန်မကန်ပြောဆိုမှု၊ ညစ်ညမ်းသောပြောဆိုမှု၊ တစ်ဖက်သားကို စိတ်ထိခိုက် နစ်နာမုန်းတီးသွားစေသောပြောဆိုမှု (Hate Speech) အစရှိသည်တို့ကို မလိုလားသလို ဒီလိုပြုမူကျင့်ကြံမှုတွေ၊ မှတ်တမ်း မှတ်ရာတွေကိုလည်း မလိုလားဘူးဆိုတာ ထင်ရှားပါတယ်။ သို့သော် အလ္လာဟ်အရှင်မြတ်က မည်သို့ပင် မလိုလားစေကာမူ ဒီလိုညစ်ညမ်းတဲ့ကိစ္စတွေ၊ အကြောင်းအရာတွေ၊ အပြုအမူတွေကို အစ္စလာမ်ရဲ့ယုံကြည်ချက်ဆိုင်ရာ ပရဂုဏ်ထဲမှာ ပျံ့နှံ့သွားအောင်၊ စွဲထင်နေအောင်၊ ယုံကြည်သက်ဝင်နေအောင်ပြုလုပ်နေတဲ့ လူတစ်စုရှိနေတာကို ဒီအာယတ်(၂၄း၁၉)က မီးမောင်းထိုးပြနေပါတယ်။

ဒါပေမဲ့ ကျနော်တို့ဟာ ဖြေရှင်းရ အင်မတန်ခက်ခဲတဲ့ အခြေအနေဆိုးတစ်ရပ်ကို ရင်ဆိုင်နေရပါတယ်။ ဘာကိုရည်ညွှန်း ပါသလဲလို့မေးလာရင်တော့ ကျနော်တို့ ဦးထိပ်ပန်ဆင်ထားတဲ့ အစ္စလာမ်၊ ကျနော်တို့ ဦးထိပ်ပန်ဆင်ထားတဲ့ ကျနော်တို့ရဲ့ တမန်တော်မုဟမ္မဒ်(ဆွ)၊ ဒီအစ္စလာမ်နဲ့ ဒီတမန်တော်ဟာ လုပ်ကြံ မှုများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ပုံစံအမျိုးမျိုးသော ညစ် ညမ်းမှုတွေရဲ့အောက်မှာ စွပ်စွဲ၊ လုပ်ကြံခံနေရပါတယ်။ အဆိုးဆုံး အခြေအနေတစ်ရပ်ကတော့ အင်မတန်မှ သန့်ရှင်းစင်ကြယ်လှတဲ့ အစ္စလာမ်ရဲ့မြေဆီလွှာပေါ်မှာ လူယုတ်မာတွေက မကောင်းတဲ့ အပင်လာစိုက်တာကို ကျနော်တို့မွတ်ဆလင်မ်တွေက အပင်ရှင် သန်အောင်၊ ကြီးထွားဖွံ့ဖြိုးလာအောင်၊ ရေလောင်းပေးနေရပါ တယ်။ ပိုဆိုးတာက ဒီအပင်တွေကို ဖျက်ပစ်ဖို့မပြောနဲ့၊ မျက်စောင်း ထိုးလိုက်ရုံမျှနဲ့ အစ္စလာမ်ဘာသာရဲ့ပြင်ပကို ချက်ခြင်းရောက်သွား ပါတော့တယ်။

တစ်ချိန်က အင်မတန်မှ စည်းလုံးညီညွတ်ခဲ့တဲ့အစ္စလာမ်၊ အင်မတန်မှ အင်အားကြီးခဲ့တဲ့အစ္စလာမ်၊ အင်မတန်မှ တန်ခိုးသြဇာ ကြီးမားခဲ့တဲ့အစ္စလာမ်၊ ဒီကနေ့ ဘယ်အခြေအနေကို ရောက်နေ သလဲဆိုတာ အားလုံးသိကြပါတယ်။ မမှန်ကန်တဲ့ အယူအစွဲတွေ၊ ဆန္ဒတွေ၊ အာဃာတတွေကြောင့် မွတ်ဆလင်မ်တွေရဲ့ ဒေသတွေ ဟာ မီးလောင်နေပါတယ်။ ဒီကြားထဲ (၇၃)သင်းကွဲသွားရမယ်ဆိုတဲ့ အဆိုတစ်ရပ်ကလည်း **ကိုယ်နဲ့ကိုယ့်မိသားစုတွေဟာ အတူတကွမှ ရှိကြပါရဲ့လား** ဆိုတဲ့ သံသယကို ဖြစ်ပေါ်တိုးပွားစေတဲ့အတွက် **`အစ္စလာမ့်မိသားစုဆိုတာ ဘာလဲ´** ဆိုတဲ့မေးခွန်းကို ထုတ်မိပြန်ပါ တယ်။

အစ္စလာမ်သည် လုပ်ကြံခံရမှုများအနက် စာပေအားဖြင့် လုပ်ကြံခံရမှုဟာ အမြင့်မားဆုံးသော အခြေအနေမှာရှိပါတယ်။ ဘယ်အခြေအနေအထိရှိသလဲဆိုရင် အစ္စလာမ့်ရန်သူတွေရဲ့ စာပေ အားဖြင့် လုပ်ကြံမှုဟာ မွတ်ဆလင်မ်တွေရဲ့ ယုံကြည်ချက်ပိုင်း ဆိုင်ရာအထိကို လွှမ်းမိုးဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့ ကျွန်တော် တို့ရင်ဆိုင်ဖြေရှင်းနေရတဲ့ **`တမန်တော်မြတ်(ဆွ)သည် (၉)နှစ်အရွယ် သမီးပျိုကို လက်ထပ်ထိမ်းမြားခဲ့သည်´** ဆိုတဲ့ ပြဿနာဟာ အစ္စလာမ့်ရန်သူတွေက စာပေအားဖြင့် လုပ်ကြံမှုအ ပေါ်မှာ ဖြစ်ပေါ်လာရတဲ့ အကျိုးဆက်တစ်ရပ်ပါပဲ။ ဒီလိုအကျိုးဆက် တွေ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းအတွင်းမှာ အများကြီးရှိပါတယ်။

ဥပမာပေါ့ဗျာ။ (၇၃)သင်းကွဲမယ်ဆိုတဲ့ကိစ္စကို လေ့လာ ကြည့်ပါ။ ဒီကိစ္စဟာ မွတ်ဆလင်မ်အများရဲ့ အီမာန်ယုံကြည်ချက် ထဲမှာ နေရာဝင်ယူထားပြီးဖြစ်ပါတယ်။ ဒါဆိုရင် ကျနော်တို့ မွတ်ဆလင်မ်တွေအနေနဲ့ ကျမ်းမြတ်ကုရ်အာန်က လမ်းညွှန်တဲ့ **`အွမ္မသေ့ ဝါဟေဒါဟ်´ တစ်စုတစ်စည်းတည်းသော လူ့အဖွဲ့ အစည်း** ဆိုတာကို ဘယ်လိုဖော်ဆောင်နိုင်တော့မှာလဲ။ **`အွမ္မသေ ဝါဟေဒါဟ်´**လို့ခေါ်တဲ့ **တစ်စုတစ်စည်းတည်းသော လူ့အဖွဲ့အစည်း** ကို တည်ဆောက်ရေးမှာ မတူကွဲပြားခြင်းဆိုတဲ့ Diversity ရဲ့ သဘောကို နားလည်အသိအမှတ်ပြု လက်ခံပေးရမယ်။ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန် နားလည်အသိအမှတ်ပြုခြင်း (Mutual understanding) ကို တည်ဆောက်ရမယ်။

ဒါပေမဲ့ ခက်တာက **`(၇၃)သင်းကွဲမယ်။ အဲဒီက တစ်သင်းပဲ ဂျန္နသ်အမတသုခဘုံကို ဝင်ရမယ်´** ဆိုတာက ကျန်တဲ့(၇၂)သင်းလုံး ငရဲပြည်ရောက်မယ်။ လမ်းမှားနေတဲ့ အစု အဖွဲ့တွေ၊ ရန်သူစာရင်းသွင်းရမယ့်လူတွေ၊ ဒီလူတွေကို ဆန့်ကျင် ကြ၊ အမြစ်ပြတ် ချေမှုန်းကြ။ ဒါတမန်တော်ရဲ့ ဟဒီးဆ်ဆိုတော့လဲ အစ္စလာမ်သည် လူ့တန်ဖိုး (Human Value) ၊ ပြည်သူ့တန်ဖိုး (Civic Value) တွေကို ဘယ်လိုသဘောထားသလဲဆိုတဲ့ မေးခွန်းနဲ့ ထိပ်တိုက်ရင်ဆိုင် လာရပါတော့တယ်။ လူ့တန်ဖိုးတို့၊ ပြည်သူ့ တန်ဖိုးတို့ဆိုတာက ကုရ်အာန်ကရည်ညွှန်းတဲ့ **`အွမ္မသေ ဝါဟေ ဒါဟ်´** တည်ဆောက်ရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတဲ့ ရည်ညွှန်းကိန်း(Index)တွေပါ။

အဲဒီတော့ မွတ်ဆလင်မ်တွေရဲ့(၇၃)သင်းဇာတ်လမ်းက **`မွတ်ဆလင်မ်ဆိုတာ ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ သဘောထားတဲ့ လူ့အစုအဖွဲ့တစ်ရပ်လား´**ဆိုပြီး မေးခွန်းထုတ်ခံရပါလိမ့်မယ်။ ဒါက

ခွဲခြားဆက်ဆံခြင်း (Discrimination) သဘောဖြစ်နေပါတယ်။ ကျမ်းမြတ်ကုရ်အာန်က လမ်းညွှန်နေတဲ့ `**အွမ္မသေ ဝါဟေဒါဟ်**´ **တစ်စုတစ်စည်းတည်းသော လူ့အဖွဲ့အစည်း**ရဲ့ အနှစ်သဘောက Discrimination လို့ခေါ်တဲ့ ခွဲခြားဆက်ဆံခြင်းဆိုတဲ့ သဘောတရားနဲ့ လုံးဝဆန့်ကျင်ဘက်ပါ။ တမန်တော်မြတ်(ဆွ)ဟာ ကျမ်းမြတ်ကုရ်အာန်နဲ့ ဘယ်တော့မှ မဆန့်ကျင်ပါဘူး။ ဒီတော့ ဒီလိုစကားမျိုးတွေ၊ ဒီလို လုပ်ရပ်မျိုးတွေ၊ ဒီလိုဟဒီးဆ်မျိုးတွေကို တမန်တော်မြတ်က ကုရ်အာန်နဲ့ဆန့်ကျင်ပြီး ဘယ်တော့မှ မရည်ရွယ်ဘူး။ ဘယ်တော့မှမပြောဘူး။ ဆိုလိုတာက ဒီအဆိုဟာ တမန်တော်ဟဒီးဆ်မဟုတ်ဘူးလို့ ငြင်းဆိုခြင်းဖြစ်ပါတယ်။ ဒီလို ငြင်းဆိုခြင်းဟာ တမန်တော်မြတ်ကို ငြင်းဆိုခြင်းမဟုတ်ပါဆိုတာကို ခွဲခြားသိမြင်ဖို့လိုပါတယ်။

ဒီနေရာမှာ သမိုင်းဆိုင်ရာ အချက်အလက်တစ်ရပ်ကို တင်ပြပါရစေ။ အလ္လာဟ်အရှင်မြတ်က ဂျူးတွေကို တစ်ချိန်တုံးက တော်တော်မျက်နှာပေးခဲ့ပါတယ်။ ကူညီခဲ့ပါတယ်။ ရှေ့တမန်တော်အဆက်ဆက်ဟာ ဂျူးလူမျိုးထဲကပဲ ပွင့်ပေါ်စေခဲ့ပါတယ်။ ဒီအပေါ်မှာ ဂျူးလူမျိုးတွေဟာ ဘဝင်မြင့်ပြီး `**ဒို့လူမျိုး၊ ဒို့အုပ်စုသည် ဘုရားသခင်၏ ရွေးချယ်ခံလူမျိုးဖြစ်၍ အမြင့်မြတ်ဆုံးဖြစ်သည်´** ဆိုပြီး ကျန်လူမျိုးတွေကို ခွဲခြားဆက်ဆံ (Discriminate) လုပ်ခဲ့ပါတယ်။ ဒီအပေါ်မှာ ဂျူးလူမျိုးတွေဟာ ငရဲမီးတွင်းထဲ ကျခဲ့ရပါတယ်။ ဒုက္ခတွေအများကြီး ဖြစ်ခဲ့ရပါတယ်။

အလ္လာဟ်အရှင်မြတ်က ဂျူးတို့ရဲ့ ဒီလိုခွဲခြားဆက်ဆံမှုကို မနှစ်သက်ခဲ့ပါဘူး။ ဒီနောက် တမန်တော်မြတ် (ဆွ)ကို စေလွှတ်ပြီး၊ တမန်တော်မြတ်ရဲ့ အွမ္မသ်ထုတစ်ရပ်ကို ထူထောင်စေခဲ့ပါတယ်။ ဒါပေမဲ့ တမန်တော်မြတ် `ဝဖါးသ်´ကွယ်လွန်ပြီးနောက်မှာ တမန်တော်မြတ်ရဲ့ အွမ္မသ်ဝင်တွေကလည်း `**(၇၃)သင်းကွဲမယ်။ အဲဒီမှာ တစ်သင်းပဲ ဂျန္နသ်ဝင်ရမယ်။ ကျန်တဲ့(၇၂)သင်းက ငရဲပြည်သွားရမယ်**´ဆိုတဲ့မူဝါဒကို အသက်သွင်းလာမယ်ဆိုရင် ကျနော်တို့လည်း ဂျူးတွေနဲ့ဘာကွာတော့မလဲ။ ကျနော်တို့လည်း ဂျူးတွေ သက်ဆင်းခဲ့ရတဲ့ ဒုက္ခတွင်းထဲကို ရောက်ရမှာပါပဲ။

ဒီကနေ့ ကမ္ဘာ့နေရာအနှံ့အပြားမှာ မွတ်ဆလင်မ်တွေရဲ့အခြေအနေ ဘယ်လိုရှိသလဲဆိုတာ လေ့လာကြည့်လိုက်ပေါ့။ အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကုရ်အာန်ထဲမှာ ကျနော်တို့ကို `မွတ်ဆလင်မ်´လို့ အမည်ပေးထားတယ်။ ကျနော်တို့ကရော မိမိကိုယ်မိမိ ဘယ်လိုအမည်တွေ ခံယူထားသလဲ။ အလ္လာဟ်အရှင်မြတ်က ကျနော်တို့ကို `**အွမ္မသေ ဝါဟေဒါဟ်**´ တစ်စုတစ်စည်းတည်းသောလူ့အဖွဲ့အစည်းကို အမည်ပေးတည်ဆောက်ခိုင်းတယ်။ ဒါပေမဲ့ ကျနော်တို့က ကျနော်တို့ကိုယ် ကျနော်တို့ `**အဟ်လေ့ စွန္နသ် ဝလ်ဂျမာအသ်**´ဆိုပြီးတော့ ဂိုဏ်းတစ်ဂိုဏ်းကို ထူထောင်တယ်။ `**အဟ်လေသဆွန္နဟ်**´တို့ `**အဟ်လေသရှအီး**´တို့ဆိုပြီး ဂိုဏ်းဖွဲ့ကြတယ်။ ဒီကနေ့ ကျနော်တို့ မွတ်ဆလင်မ်တွေ ကုရ်အာန်ကလမ်းညွှန်တဲ့ `**အွမ္မသေ့ ဝါဟေဒါဟ်**´ဆိုတဲ့ တစ်စုတစ်စည်းတည်းသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ပြလိုက်စမ်းပါ။ မနက်ဖြန်ဆိုရင် ကမ္ဘာ့လူသားထုတစ်ရပ်လုံးက လေးစားကြည်ညိုရလောက်တဲ့ မွတ်ဆလင်မ် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်လာပါလိမ့်မယ်ခင်ဗျား။

**လေးစားအပ်ပါသော ဂျမာအသ်သားများခင်ဗျား-**

ဆက်လက်ပြီး ကျနော့်အနေနဲ့ တမန်တော်မြတ်(ဆွ)က အာအေရှာဟ်(ရဇိ)ကို ထိမ်းမြားလက်ထပ်ခြင်းနဲ့ ပတ်သက်ပြီး `ဘိုခါရီဟဒီးဆ်´ ကျမ်းမှာ ဘယ်လိုမှတ်တမ်းတင်ထားသလဲဆိုတာ တင်ပြပါရစေ။ ဘိုခါရီဟဒီးဆ် လက်ထပ်ထိမ်းမြားခြင်းကဏ္ဍ အမှတ်စဉ်(၆၄)မှာ

" ***အာအေရှာဟ်(ရဇိ)မှ ဆင့်ပြန်ပြောပြခဲ့သည်။ တမန်တော်မြတ်(ဆွ)သည် သူမအား (၆)နှစ်သမီးအရွယ်တွင် ထိမ်းမြားခဲ့ပြီး (၉)နှစ်သမီးအရွယ်တွင် မင်္ဂလာခန်းဝင်တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်နှင့် (၉)နှစ်တိုင်တိုင် အတူရှိခဲ့ကြသည်။*** "

ဒီဟဒီးဆ်နဲ့ပတ်သက်ပြီး တစ်နည်းအားဖြင့် `မတန် (Text)´အပိုင်းနဲ့ပတ်သက်ပြီး ခေတ်အဆက်ဆက်မှာ ကမ္ဘာနှင့်အဝှမ်းရှိ ပညာရှင်တွေ သုတေသီတွေဟာ ဝေဖန်ထောက်ပြမှုများ ရှိခဲ့ပါတယ်။ ဒီဟဒီးဆ်မှာပါရှိတဲ့ အာအေရှာဟ်သခင်မရဲ့ သက်တော် (၆)နှစ်တို့၊ (၉)နှစ်တို့ဆိုတာက ခေတ်အဆက်ဆက်မှာ မှတ်တမ်းတင်လာတဲ့ သမိုင်းသုတေသီတွေရဲ့မှတ်တမ်းနဲ့ လုံးဝကွဲလွဲနေပါတယ်။ အထူးသဖြင့် ကျနော်အပိုင်း(၁)မှာ တင်ပြခဲ့သလို ကျမ်းမြတ်ကုရ်အာန်နဲ့ဆိုရင်လည်း လုံးဝကွဲလွဲနေပါတယ်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ရှုထောင့်ကကြည့်မယ်ဆိုရင်လည်း ဒီကိစ္စဟာ ပေါ့ပေါ့တန်တန် သဘောထားလို့မရပါဘူး။ ဒီကိစ္စမှာ အဓိကပါဝင်နေတာက တမန်တော်မြတ်ကြီးဖြစ်နေပါတယ်။ အာအေရှာဟ်သခင်မဆိုတာကလည်း သက်ဝင်ယုံကြည်သူ `မုအ်မင်န်´အပေါင်းတို့ရဲ့ စံပြမိခင်မွန်ကြီးဖြစ်တယ်။

ဒီကိစ္စမှာ ဦးစီးဦးဆောင် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်တဲ့ အာအေရှာဟ်သခင်မကြီးရဲ့ဖခင် `**အဘူဘကရ် ဆွဒ္ဒီက်း**´ ဆိုတာက အစ္စလာမ်ကို ပထမဦးဆုံးလက်ခံခဲ့တဲ့၊ `အီမာန်´ ယူခဲ့တဲ့ပုဂ္ဂိုလ်ကြီး၊ တမန်တော်မြတ်ရဲ့ ငယ်ပေါင်းမိတ်ဆွေကြီး၊ အစ္စလာမ်ရဲ့ပထမဦးဆုံးသော သမ္မတကြီးဖြစ်နေပါတယ်။ တမန်

တော်မြတ်(ဆွ)ဟာ အသက်မပြည့်သေးတဲ့ တစ်နည်းအားဖြင့် အရဗီဘာသာနဲ့ `ဆွဗီးယာဟ်´လို့ခေါ်တဲ့ မိန်းကလေးငယ်(Young Girl) တစ်ယောက်ကို ထိမ်းမြားလိုက်တယ်ဆိုတဲ့ ပုံဖော်ချက်က အစ္စလာမ်လူ့အဖွဲ့အစည်းမှာ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့တဲ့ ပုဂ္ဂိုလ်မြတ်ကြီးများရဲ့ပုံရိပ်ကို များစွာထိခိုက်စေပါတယ်။ အစ္စလာမ်ရဲ့ ပုံရိပ်ကို ကျဆင်းစေပါတယ်။ ဒါဟာ စနစ်တကျအကွက်ဆင်ထားတဲ့ လုပ်ကြံမှုတစ်ခုလို့ ပြောလို့ရပါတယ်။

ဒီနေရာမှာ ကျနော့်အနေနဲ့(၁၉၉၆၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ) လထုတ် The Muslim Digest စာအုပ်ထဲက ရှာဟီရ်းနိယာဇီး (Shaheer Niyarzi) ရေးသားတဲ့ What is the real age of Aishah Siddiqh when she married Prophet Muhammad ခေါင်းစဉ်ပါဆောင်းပါးတစ်ပုဒ်ကို မှီငြမ်းတင်ပြပါရစေ။

ပညာရှင်အားလုံး၏ ညီမျှသောမှတ်တမ်းတစ်ခုအရဆိုရင် ကြင်ရာတော် အာအေရှာဟ်သခင်မဟာ တမန်တော်မြတ်ရဲ့ သမီးတော် ဖါတွေမာဟ်(ရဍိ)သခင်မထက် (၅)နှစ်ငယ်ပါတယ်။ ဖါတွေမာဟ်သခင်မသည် ဟစ်ဂျရီ(၁၁)ခုနှစ် သက်တော်(၃၂)နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ဒါဆိုရင် ဟစ်ဂျရီ(၁)ခုနှစ်မှာ ဖါတွေမာဟ်သခင်မရဲ့သက်တော်ဟာ(၂၁)နှစ်ဖြစ်ပါမယ်။ အသက်(၅)နှစ်ငယ်မယ်ဆိုတဲ့အပေါ်မှာ တွက်ကြည့်မယ်ဆိုရင် ဟစ်ဂျရီ(၁)ခုနှစ်မှာ တမန်တော်မြတ်(ဆွ)က အာအေရှာဟ်သခင်မကို နိကာဟ် ထိမ်းမြားမှုပြုတယ်ဆိုတော့ အဲဒီအချိန်မှာ အာအေရှာဟ်သခင်မရဲ့သက်တော်ဟာ (၁၆)နှစ်ဖြစ်ရပါမယ်။ (၆)နှစ်မဟုတ်ပါဘူး။

**နောက်ထပ်သက်သေပြချက်တစ်ရပ်က-** အာအေရှာဟ်သခင်မဟာ အစ်မတော်ဖြစ်တဲ့ `အဆ်မာဟ်´ သခင်မထက် (၁၀) နှစ်ငယ်ပါတယ်။ `အဆ်မာဟ်´သခင်မဟာ ဟစ်ဂျရီ(၇၃)ခုနှစ်မှာ သက်တော်(၁၀၀)နှစ်တိတိ ပြည့်ခဲ့တယ်ဆိုတော့ တွက်ချက်ကြည့်မယ်ဆိုရင် ဟစ်ဂျရီ(၁)ခုနှစ်မှာ `အဆ်မာဟ်´သခင်မရဲ့ အသက်ဟာ (၂၇)နှစ်ဖြစ်ပါတယ်။ ဒါဆိုရင် အသက်(၁၀)နှစ်ငယ်တဲ့ အာအေရှာဟ်သခင်မဟာ ဟစ်ဂျရီ(၁)ခုနှစ် တစ်နည်းအားဖြင့် သခင်မကြီးကို တမန်တော်မြတ်ထိမ်းမြားတဲ့အချိန်မှာ အာအေရှာဟ်သခင်မရဲ့သက်တော်ဟာ (၁၇)နှစ်ဖြစ်ပါတယ်။ ဒါကြောင့် တမန်တော်မြတ်(ဆွ)ဟာ သက်တော်(၆)နှစ်သာရှိသေးတဲ့ အာအေရှာဟ်သခင်မကို ထိမ်းမြားတယ်ဆိုတာ ဘယ်လိုမှမဟုတ်ပါဘူး။

သို့ဆိုလျှင် **အီမာမ်ဘုခါရီ(ရဟ်)အပါအဝင် အခြားပညာရှင်ကြီးတို့မှ ဤအမှားအယွင်းကို အသိမဲ့စွာ ထည့်သွင်းရေးသားခြင်းလော** ဟူ၍ စဉ်းစားစရာဖြစ်လာနိုင်ပေသည်။ ဖြစ်နိုင်ချေရှိသော အကြောင်းရပ်တစ်ချို့အပေါ် စဉ်းစားသုံးသပ်ကြည့်လိုက်သော် ဤသို့တွေ့ရပေမည်။

**၁။ သမိုင်းကြောင်းများအရ ဟဒီးဆ်များအား ကျမ်းအသွင်ဖြင့် အီမာမ်မာလိက်၏ မုအ်သွာကျမ်းဟု သိရသော်လည်း အခန်းကဏ္ဍဖွဲ့စည်းတင်ပြပုံအရ လည်းကောင်း၊ ဟဒီးဆ်များမှ ပညတ်ချက်များထုတ်နိုင်အောင် လမ်းကြောင်းပြရာ၌လည်းကောင်း၊ (အထူးသဖြင့်) လက်ခံပြုစုရာတွင် ခိုင်လုံမှုရှိစေရန် အလွန်တင်းကြပ်စွာ သတ်မှတ်ထားသော စည်းကမ်းချက်ကြောင့်လည်းကောင်း၊ ဟဒီးဆ်ကျမ်းများအနက် ဘုခါရီသည် ထိပ်ဆုံးနေရာရောက်ခဲ့သည်။ အခိုင်လုံဆုံးကျမ်းတစ်ဆူ (ကျမ်းမြတ်ကုရ်အာန်ပြီးသည့်နောက် အမှန်ကန်ဆုံးသော လူရေးကျမ်း) အဖြစ် ယနေ့တိုင်သတ်မှတ်ခံရဆဲဖြစ်၏။ ဤသို့နယ် အစဉ်အလာကြီးမြင့်သည့်ကျမ်းမှ အချက်အလက်ဖြစ်သည့်အတွက် မှားသည်ဟုမပြောဝံ့ခြင်း၊ ဆန်းစစ်ရန် မလိုအပ်တော့ဟု ယူဆကြခြင်းကြောင့် ဖြစ်တန်ရာ၏။**

**၂။ အခြားကျော်ကြားသည့် ဟဒီးဆ်ကျမ်းဂန်များမှာ ဘုခါရီ၏ နောက်ပိုင်း ဆက်တိုက်ထွက်ပေါ်ခဲ့ကြသည်။ လူ့သဘာဝအလျောက် အများက မထိဝံ့သောကျမ်းတစ်စောင်မှ အမှားအယွင်းသည် အခြားကျမ်းများထံသို့ ဩဇာလွှမ်းကာ ကူးစက်ရောက်ရှိ မှတ်တမ်းတင်ခံရဖွယ်ရှိပါ၏။**

**၃။ အီမာမ်ဘုခါရီသည် ဟဒီးဆ်တော်နှစ်သိန်းအထိ ကျက်မှတ်ခဲ့ပြီး၊ ဟဒီးဆ်တော်တစ်သိန်းကို ရာဝီအစဉ်အဆက်၏အမည်၊ ရာဇဝင်နှင့်တကွ မမှားမယွင်း အလွတ်ရွတ်ပြနိုင်သော အံ့ဖွယ်ပါရမီရှင်၊ ထိတ်ထိတ်ကြဲပညာရှင် သဘ္ဘာအ် သာဘိအီးန်အဆင့်ဝင်ပုဂ္ဂိုလ်ဖြစ်၏။ အီမာမ်ကြီး၏ထူးကဲသော မှတ်ဉာဏ်နှင့်ကိုယ်ကျင့်သီလ အရည်အသွေးအရ သူ၏မှတ်တမ်းတင်ကျမ်းကြီးမှ ဖော်ပြချက်သည် (သာမာန်အားဖြင့်) ချွတ်ချော်စရာ အကြောင်းမရှိနိုင်။ သို့ဆိုပါက ထိုသံသယဖြစ်ဖွယ်အချက်များသည် အီမာမ်သခင်ကြီး၏ ကိုယ်တိုင်ကိုယ်ကျ ရေးသားဖော်ပြမှုများမှ ဟုတ်ပါလေစဟု စဉ်းစားဆင်ခြင်ရပေတော့မည်။**

**၄။ အီမာမ်ဘုခါရီ၏ အတ္ထုပ္ပတ္တိကို လေ့လာရာ၌ (ကျမ်းပြုပြီးနောက်) သခင်ကြီးမှ ကျင်လည်နေထိုင်ခဲ့သည့် ဒေသသည် အီရန်နိုင်ငံဖြစ်၏။ ထိုခေတ်သမယတွင် ထိုဒေသတစ်ဝိုက်တွင် အာရပ်အမျိုးသားရေးဝါဒ ဆန့်ကျင်မှု၊ (မှစ်လင်မ်တို့နှင့် ရောထွေးကာ) အစ္စလာမ်နှင့် ကုရ်အာန်ဆန့်ကျင်ရေးလှုပ်ရှားမှုများဖြင့် ရှုပ်ထွေးလျက်ရှိနေခဲ့၏။ ပုံနှိပ်စက်၊ စာကူးစက်များ စသည်တို့မှာမရှိသေး။ ကျမ်းဂန်ကို မိတ္တူပွားလိုက လက်ရေးဖြင့်ကူးယူကြရသဖြင့်**

**စာကူးဆရာတို့၏ အခန်းကဏ္ဍရှိနေသည်။ ၎င်းတို့အားလုံး အရဗီကျွမ်းကျင်သော်လည်း မှစ်လင်မ်ဟုပြောရန် ခဲယဉ်း၏။ မှစ်လင်မ်မဟုတ်သူ စာကူးဆရာတစ်ဦးဦးက (အရဗီစကား - အရှုရ) "တစ်ဆယ်" ဟူသောဝေါဟာရကိုချန်လှပ်ပြီး (၁၆/၁၉) အစား၊ (၆/၉)ဟု တမင်ရေးသွင်းလိုက်ခြင်း မဖြစ်နိုင်သလော။ သို့တည်းမဟုတ် လက်ဆင့်ကမ်း မိတ္တူပွားကူးယူကြရာမှ တစ်ဆင့်ဆင့်၌ စာကူးဆရာတစ်ဦး၏ ပေါ့လျော့မှားယွင်းမှုကြောင့် ကျန်ရစ်ခဲ့ကာ ထိုမှားယွင်းမှုကိုပင် အစဉ်အဆက် ထိန်းသိမ်းလာကြခြင်းလောဟူ၍ စဉ်းစားလာကြပေသည်။ ဤသို့အဖြေထုတ်ရခြင်းမှာ အိမာမ်ဘုခါရီ၏ မူရင်းလက်ရေးမူကို ယနေ့ထက်တိုင်ရှာမရဘဲ ပျောက်ဆုံးလျက်ရှိနေခြင်းကြောင့်ဖြစ်ပါ၏။**

နိဂုံးချုပ်တင်ပြရမယ်ဆိုရင် ဒီကနေ့ အများသူငါ စွပ်စွဲနေတဲ့ တမန်တော်မြတ်ဟာ အသက်မပြည့်သေးတဲ့ မိန်းကလေးတစ်ယောက်ကို ထိမ်းမြားလက်ထပ်တယ်ဆိုတာ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို မွတ်ဆလင်မ်ထုတစ်ရပ်လုံးက သုံးသပ်ပေးရတော့မှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာ `ဟဒီးဆ်´ကျမ်းတွေမှာပါရှိတဲ့ ကုရ်အာန်နဲ့မကိုက်ညီတဲ့ အချက်အလက်များကို ငြင်းပယ်ခြင်းသည် တမန်တော်မြတ်မုဟမ္မဒ်(ဆွ)ကို ငြင်းပယ်ခြင်းမဟုတ်ကြောင်း အသိပေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ။ ။

## အစ္စလာမ်ဥပဒေ (ရှရီအာဟ်)

အစ္စလာမ်ဘာသာဝင် တစ်ဦးအနေနဲ့ ကျမ်းမြတ်ကုရ်အာန်က ပြဋ္ဌာန်းရည်ညွှန်းထားတဲ့ `ရှရီအာဟ်´ဆိုတာကို အသက်တမျှ တန်ဖိုးထားရပါတယ်။ `ရှရီအာဟ်´ကို နားမလည်ရင်၊ မကျင့်သုံးရင် လူ့ဘဝ ခရီးတစ်ခုကို အစ္စလာမ့်နည်းကျ လျှောက်လှမ်းဖို့ရာ မဖြစ်နိုင်ပါဘူး။ အစ္စလာမ်ဘာသာဝင်တစ်ဦးအတွက် `ရှရီအာဟ်´ ဆိုတာ အဲဒီလောက်အထိ အရေးကြီးပါတယ်။

ဒါပေမဲ့ ဒီနေ့ကမ္ဘာ့လူ့အဖွဲ့အစည်းများအတွင်းမှာ အထူးသဖြင့် မွတ်ဆလင်မ်မဟုတ်သူ လူ့အဖွဲ့အစည်းတွေ (Non-muslim community) မှာ `ရှရီအာဟ်´ဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခုလို့ သတ်မှတ်ခံနေရပါတယ်။ `အစ္စလာမ့်ရှရီအာဟ်´လို့ပြောလိုက်တာနဲ့ လူတွေက ကြောက်လန့်သွားကြတယ်။ တုန်လှုပ်သွားကြပါတယ်။ ရှောင်ခွာသွားကြပါတယ်။ ဒီနေရာမှာ စဉ်းစားစရာက အလ္လာဟ်အရှင်မြတ်က ဒီလောက်အရုပ်ဆိုးအကျည်းတန်တဲ့ `ရှရီအာဟ်´ဆိုတာကြီးကို လူသားတွေအတွက် လျှောက်လှမ်းရမယ့်လမ်း စဉ်တစ်ရပ်အနေနဲ့ ဘာကြောင့်များချပေးရတာလဲ။ (နအူးဇုဘိလ္လာဟ်) ဒီမေးခွန်းဟာ မေးဖို့ဖြစ်လာပါတော့တယ်။

ဒီမေးခွန်းကိုမဖြေရှင်းခင်မှာ `ရှရီအာဟ်´ဆိုတဲ့ အရဗီဝေါဟာရရဲ့ မူလရင်းမြစ်အသုံးကို ရှင်းလင်းတင်ပြပါရစေ။ ရှေးဘီဒူအင်အရပ်တွေဟာ အင်မတန်မှ ပူပြင်းလှတဲ့သဲကန္တာရထဲမှာ နေထိုင်သွားလာကြပါတယ်။ သဲကန္တာရဆိုတာက ရေအင်မတန်ရှားပါးတဲ့ဒေသပါ။ ဘီဒူအင်တွေက `ရှရီအာဟ်´ဆိုတဲ့စကားလုံးကို `ရေရှိရာသို့သွားသော လမ်း´ The road to the watering place ကို ရည်ညွှန်းသုံးစွဲပါတယ်။ တစ်နည်းအားဖြင့် သဲကန္တာရထဲမှာ နေထိုင် သူ အရပ်ဘီဒူအင်တစ်ဦးအတွက် `ရှရီအာဟ်´ကိုသိခြင်းဆိုတာဟာ `ရေရှိရာကိုသွားသောလမ်း´ကို သိခြင်းပဲဖြစ်ပါတယ်။ သဲကန္တာရထဲမှာ ရေရှိရာကိုသွားတဲ့လမ်း မသိရင်တော့ အသက်ဆုံး၊ ဘဝဆုံးရုံပဲရှိပါလိမ့်မယ်။

ကျမ်းမြတ်ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်က လူသားတွေအတွက် ဒီသဘောကိုဆောင်ပြီး `ရှရီအာဟ်´ဆိုတဲ့ ဝေါဟာရကို သုံးနှုန်းထားပါတယ်။ လူ့ဘဝမှာ နေထိုင်တဲ့လူသားတစ်ဦးဟာ `ရှရီအာဟ်´ကိုမှ မသိနားမလည်ရင် သူ့ရဲ့ဘဝခရီးကို ရှေ့မဆက်နိုင်တော့တဲ့အနေနဲ့ တင်စားသုံးနှုန်းမှုတစ်ရပ်ပါ။ အဲဒီတော့ ကျမ်းမြတ် ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်က လူသားတွေအတွက် `ရှရီအာဟ်´ နဲ့ပတ်သက်ပြီး ဘယ်လိုလမ်းညွှန်ထားသလဲဆိုတာ လေ့လာကြည့်ပါစို့။ ကုရ်အာန် (၄၅း၁၈) မှာ-

" ***ပြီးနောက် ငါအရှင်မြတ်က အရေးအရာကိစ္စနှင့်ပတ်သက်၍ အသင်(တမန်တော်)အား ဥပဒေလမ်းကြောင်း (ရှရီအာဟ်)အပေါ်၌ ချမှတ်ရပ်တည်စေတော်မူခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ သင်တမန်တော်သည် ယင်း(ရှရီအာဟ်) ဥပဒေလမ်းကြောင်းကိုသာ ဖဝါးခြေထပ်လိုက်နာပါလေ။ အသင်သည် အသိပညာကင်းမဲ့သူတို့၏ အလိုဆန္ဒများ အနောက်သို့မလိုက်ပါလေနှင့်။ "*** ကုရ်အာန်-(၄၅း၁၈)

ဆက်လက်ပြီး ကုရ်အာန် (၄၅း၂၀)က `ရှရီအာဟ်´လို့ခေါ်တဲ့ လူသားတို့လိုက်နာရမယ့် ဥပဒေလမ်းကြောင်းသည် ဘယ်ဟာလဲဆိုတာကို ရှင်းပြလမ်းညွှန်ထားပါတယ်။

" ***ဤကျမ်းမြတ်ကုရ်အာန်သည် လူသားတို့အတွက် ထင်သာမြင်သာရှိလှပြီး မှန်ကန်သောခံယူချက်ရှိသူ လူ့အဖွဲ့အစည်းဝင်တို့အတွက် လမ်းညွှန်ချက်ဖြစ်သလို လိုအပ်သည်များကို လိုလေသေးမရှိအောင် အလ္လာဟ်အရှင်မြတ်မှ စီရင်ထားသော `ရဟ်မသ်´တော်ကြီးတစ်ပါးလည်းဖြစ်သည်။ "*** ကုရ်အာန်-(၄၅း၂၀)

ဒါဆိုရင်`အစ္စလာမ်ရှရီအာဟ်´နဲ့ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်က ဘယ်လိုပြဌာန်းထားတယ်ဆိုတဲ့ အခြေခံသဘောကို နားလည်လောက်ပါပြီ။ ကုရ်အာန် (၄၂း၁၁)၊ (၄၂း၁၃)၊ (၇း၁၆၃) နဲ့ (၅း၄၈) တို့မှာလည်း `ရှရီအာဟ်´ နဲ့ပတ်သက်ပြီး ဖော်ပြထားတာကို လေ့လာနိုင်ပါတယ်။ ဒီနေရာမှာ ကမ္ဘာ့ဥပဒေရှင်ကြီးတွေ၊ အတွေး အခေါ်ပညာရှင်ကြီးတွေကရော အစ္စလာမ့်ရှရီအာဟ်နဲ့ ပတ်သက်ပြီး ဖွင့်ဆိုထားချက်များကိုလည်း လေ့လာထားသင့်ပါတယ်။ (၁၉၆၈) ခုနှစ်ထုတ် ဥပဒေပညာရှင် E.J. Coulson ရေးသားတဲ့ ` Islamic Law ´ ဆိုတဲ့ကျမ်း၊ စာမျက်နှာ (၅၄)မှာ ဆို ရင် `အစ္စလာမ့်ရှရီအာဟ်´ နဲ့ပတ်သက်ပြီး ဒီလိုဖွင့်ဆိုထားပါတယ်။

**" အစ္စလာမ်တရားဥပဒေသည် မွတ်ဆလင်မ်များ၏ ဘာသာတရားဆိုင်ရာ ယုံကြည်ချက်၊ ရည်မှန်းချက်များ နှင့် ဘဝတစ်လျှောက်တွင် လိုက်နာကျင့်ဆောင်ရမည့် လမ်းညွှန်ချက်များကို လက်တွေ့ကျကျဖော်ပြထားသော ဥပဒေစည်းကမ်းချက်များ၏ အစုအဝေးဖြစ်သည်။ တစ်ဆူတည်းသောဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်အရ ပြုမူနေထိုင်ကျင့်ကြံရန် ချမှတ်ထားသော ဥပဒေစည်းကမ်းများပင်ဖြစ်သည် "**

(၁၉၅၃) ခုနှစ်ထုတ်ပညာရှင် H.B.R.Gibb ရေးသားတဲ့ Mohammedanism ; A Historical Survey ကျမ်းမှာ **`အစ္စလာမ့်တရားဥပဒေသည် မွတ်ဆလင်မ်တို့၏ လူမှုရေးပုံသဏ္ဍာန်နှင့် နေထိုင်မှုဘဝကို အထိရောက်ဆုံးနှင့် အစွမ်းဆောင်နိုင်ဆုံး လမ်းညွှန်ချမှတ်ထားသော ဥပဒေစည်းမျဉ်းများပင်ဖြစ်သည်´** လို့ ဖော်ပြထားပါတယ်။

(၁၉၇၈)ခုနှစ်မှာ ဒုတိယအကြိမ်ထုတ်ဝေတဲ့ ပညာရှင် Rene David နှင့် J.E.C Brierley တို့ပြုစုတဲ့ Major Legal System in the World Today ကျမ်းမှာ **`အစ္စလာမ်တရားဥပဒေသည် အခြားတရားဥပဒေများနှင့်မတူ တစ်မူထူးခြားသည့် သီးခြားဥပဒေ စနစ်တစ်ရပ်လည်းဖြစ်သည်။ ယနေ့ကမ္ဘာ၏ ထင်ရှားသောဥပဒေစနစ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်´** လို့ ရေးထားပါတယ်။

`ရှရီအာဟ်´ နဲ့ပတ်သက်ပြီး ကမ္ဘာ့ပညာရှင်ကြီးများရဲ့ အနက်ကောက်ယူဖွင့်ဆိုချက်များအနက် အနည်းငယ်ကို ကျနော့်အနေနဲ့ တင်ပြခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျမ်းမြတ်ကုရ်အာန်ရဲ့ဖော်ပြဖွင့်ဆိုချက်အရရော ကမ္ဘာ့ပညာရှင်ကြီးများရဲ့ ဖွင့်ဆိုချက်များ အရပါဆိုလျှင် `အစ္စလာမ့်ရှရီအာဟ်´ဆိုသည်မှာ အခြားသော တရား ဥပဒေများကဲ့သို့ ပြစ်မှုဆိုင်ရာ ပြဌာန်းချက်များသာ မဟုတ်ဘဲ ဘာသာတရား၏ ယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိပါတယ်။ လူ့ဘဝခရီးလမ်းတစ်လျှောက် လူသားများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရာတွင်လည်းကောင်း၊ လူတစ်ဦးချင်း၏ထားရှိရမည့် စိတ်နေသဘောထားကိုပါ ဆက်စပ်ပြဌာန်း လိုက်နာစေလျက်ရှိပါတယ်။

ယေဘုယျသဘောအရ အစ္စလာမ်ကို သက်ဝင်ယုံကြည်သူ မွတ်ဆလင်မ်၊ မုအ်မင်န်တစ်ဦးအနေနဲ့ `ရှရီအာဟ်´ကို ပုံစံ(၂) မျိုးအားဖြင့် လိုက်နာကျင့်သုံးရပါတယ်။ ပထမတစ်မျိုးမှာ ဘာသာရေးဆိုင်ရာယုံကြည်ချက် အပေါ်တွင် ယုံကြည်လိုက်နာခြင်း ဖြစ်ပါတယ်။ ဥပမာ- ဘာသာရေးဆိုင်ရာယုံကြည်ချက်နဲ့ ကျင့်စဉ်များဖြစ်တဲ့ `သောဝ်ဟီးဒ်´တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်ကို ယုံကြည်သက်ဝင်ခြင်း၊ တမန်တော်မြတ်(ဆွ)ကို သက်ဝင်ယုံကြည်ခြင်း၊ ဆွလားသ်တည်ဆောက်ခြင်း၊ ဇကားသ်ပေးဆောင်ခြင်း၊ ဆွီယာမ်တည်ဆောက်ခြင်း၊ ဟဂျ်ပြုလုပ်ခြင်းစတဲ့ ကိစ္စတွေမှာ`အစ္စလာမ့် ရှရီအာဟ်´ နဲ့အညီပဲ ဆောင်ရွက်ရပါတယ်။ ဒီယုံကြည်ချက်နဲ့ ကျင့်စဉ်တွေကို `ရှရီအာဟ်´ဆိုင်ရာ ပြဌာန်းချက်များနဲ့အညီ ယုံကြည်ဆောင်ရွက်ရပါတယ်။ မိမိစိတ်ကြိုက်ပုံစံမျိုးနဲ့ ယုံကြည်လို့ မရပါဘူး။ ဥပမာပေါ့ဗျာ၊ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ခြင်း ဆိုတဲ့အပိုင်းမှာ *"အလ္လာဟ်အရှင်ကို ငါကြိုက်တဲ့ပုံစံနဲ့ ငါကြိုက်သလိုယုံကြည်မယ်"* ဆိုပြီးတော့ လုပ်လို့မရပါဘူး။ ကျမ်းမြတ်ကုရ်အာန်ကလမ်းညွှန်ထားတဲ့အတိုင်းပဲ သက်ဝင်ယုံကြည်ရပါမယ်။

ဒုတိယတစ်မျိုးကတော့ မွတ်ဆလင်မ်တစ်ဦးအနေနဲ့ နေ့တစ်ဓူဝ ဖြေရှင်းနေရတဲ့ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍတွေမှာလည်း `အစ္စလာမ့်ရှရီအာဟ်´ ရဲ့ပြဌာန်းချက်နဲ့အညီပဲ လုပ်ကိုင်ဆောင်ရွက်ရပါတယ်။ ဥပမာ- အရောင်းအဝယ် ပြုလုပ်တဲ့အခါမှာ၊ ထိမ်းမြားလက်ထပ်တဲ့အခါမှာ၊ ကွာရှင်းပြတ်စဲတဲ့အခါမှာ၊ အမွေခွဲဝေတဲ့အခါမှာ အစရှိတဲ့ ဒီလိုကိစ္စအားလုံးမှာ မွတ်ဆလင်မ်တစ်ယောက်က အစ္စလာမ့်ရှရီအာဟ်နဲ့အညီပဲ ဆောင်ရွက်ရပါတယ်။အဆုံးအစွန်အားဖြင့် မွတ်ဆလင်မ်တစ်ဦးဟာ လမ်းလျှောက်တဲ့အခါမှာဖြစ်စေ၊ စကားပြောတဲ့အခါမှာဖြစ်စေ၊ ဇနီးမောင်နှံ ဆက်ဆံတဲ့ အခါမှာဖြစ်စေ၊ `ရှရီအာဟ်´က ပြဌာန်းထားတဲ့ ဘောင်စည်းမျဉ်းကို ကျော်လွန်လုပ်ပိုင်ခွင့်မရှိပါဘူး။ ဒါက အစ္စလာမ့်ရှရီအာဟ်ရဲ့ ထူးခြားတဲ့အရေးပါမှုပါ။

နာမည်ကျော် စာရေးဆရာတစ်ဦးဖြစ်သူ ဆရာမောင်သာချိုက ပြောဖူးပါတယ်။ လူ့လောကမှာ လူသတ်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ မတရားကာမရယူခြင်း အစရှိတဲ့ ကိစ္စတွေမှာ ကျူးလွန်သူကို ပြစ်ဒဏ်ပေးဖို့ဥပဒေရှိတယ်။ ဒါပေမဲ့ လူအများစားနေတဲ့ လက်ဖက်ဝိုင်းတစ်ခုမှာ ပုဇွန်ခြောက်တွေကိုပဲ ရွေးပြီးစားသွားတဲ့လူတစ်ယောက် အတွက်တော့ ပြစ်ဒဏ်မရှိဘူးတဲ့။ အမှန်

တကယ်မှာတော့ ဒီလူဟာလည်း လူမှုရေးဆိုင်ရာပြစ်မှုတစ်ရပ်ကို ကျူးလွန်တာပဲဖြစ်တယ်။ ဒါပေမဲ့ သူ ကျူးလွန်တဲ့ပြစ်မှုအတွက် ပေးဖို့ အပြစ်ဒဏ်ဟာ တရားဥပဒေမှာမရှိဘူးတဲ့။ သို့သော်လည်း အစ္စလာမ့်ရှရီအာဟ်အရတော့ ဒီလူအတွက် ပြစ်ဒဏ်ရှိတယ်။ သူဟာ လူလူချင်းအပေါ်မှာ မတရားသောအားဖြင့် အပေါ်စီးက ဆက်ဆံတာ၊ လူလူချင်း လူလည်ကျတာ၊ လူ့အခွင့်အရေးကို ချိုးဖောက်တာပဲဖြစ်တယ်။ အစ္စလာမ့်ရှရီအာဟ်က ဒီလိုလူမျိုးကို ပြစ်ဒဏ်ပေးတဲ့ အနေနဲ့ `ဖာဆစ်ခ်´ စည်းဖောက်သူ၊ လွန်ကျူးသူ၊ လူမဆန်သူ၊ ယုတ်မာသူဆိုပြီး သတ်မှတ်တယ်။ ပြီးရင် ဒီလူကို သူကိုယ်တိုင် လူ့ကျင့်ဝတ်ကို လိုက်နာလာသည်အထိ လူ့အစုအဖွဲ့ကဖယ်ရှောင်ပြီး ပြစ်ဒဏ်ခတ်ပါတယ်။ ဒီလိုကိစ္စမျိုးက လူ့ဘောင်တရားရုံးရဲ့ ပြဋ္ဌာန်းဥပဒေက အပြစ်မပေးနိုင်ပါဘူး။ ဒါပေမဲ့ `အစ္စလာမ့် ရှရီအာဟ်´ကတော့ ဒီလိုလူမျိုးကို နောင်ကြဉ်သွားအောင် ဖိအားပေးနိုင်ပါ တယ်။ အဲဒီတော့ အစ္စလာမ့်ရှရီအာဟ်ဆိုတာက လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ Ethic လို့ခေါ်တဲ့ နီတိတွေ၊ ကျင့်ဝတ်တွေကိုပါ ထိန်းချုပ်ပြဋ္ဌာန်းထားတဲ့ သဘောရှိပါတယ်။ ဥပမာအားဖြင့် ကုရ်အာန် (၁၇း၃၇)မှာ ဒီလိုပြဋ္ဌာန်းထားပါတယ်။

" ***အသင်သည် ပထဝီမြေပေါ်၌ ကြွားဝါဟိတ်ဟန်ထုတ်၍ လမ်းမလျှောက်လေနှင့်။ ဧကန်အမှန်ပင် သင်သည် ကမ္ဘာမြေကို မြေလျှိုးမိုးပျံ ထိုးဖောက်သွားမည်မဟုတ်သလို တောင်တန်းကြီးများကို ကျော်ဖြတ်သွားနိုင်ရန် သင့်ခန္ဓာ ကိုယ်ကိုလည်း ဆွဲဆန့်ထုတ်နိုင်မည်မဟုတ်ပေ*** " ကုရ်အာန်- (၁၇း၃၇)

ဒီအာယသ်ကိုလေ့လာမယ်ဆိုရင် `အစ္စလာမ့်ရှရီအာဟ်´ ဆိုတာက လူတစ်ယောက်ရဲ့ ပြုမူနေထိုင်ပုံ (Behaviour) တစ်ရပ် အနက်ကဖြစ်တဲ့ လမ်းလျှောက်ခြင်းကိုပင် မောက်မာပလွှားစွာ မပြုလုပ်ဖို့ပြဋ္ဌာန်းထားပါတယ်။ မွတ်ဆလင်မ်တစ်ဦးဟာ အများသူငါ အမြင်မှာ အနှောင့်အယှက်ဖြစ်အောင်၊ စိတ်ကသိကအောက်ဖြစ်အောင် ပြုလုပ်ခွင့်မရှိပါဘူး။ လူအများရှေ့မှောက်မှာ အပြစ်မဲ့သူ ဓါးစာခံတစ်ယောက်ကို လည်လှီးသတ်ဖြတ်ပြတာတို့၊ လူတစ်ယောက်ကို ခဲနဲ့ပိုင်းပေါက်ပြီးသတ်တာတို့ဟာ အစ္စလာမ့်ရှရီအာဟ် မဟုတ်ပါဘူး။ ကုရ်အာန် (၁၇း၃၃) မှာဆိုရင်လည်း ဒီလိုပြဋ္ဌာန်း ထားပါတယ်။

" ***သင်တို့သည် အလ္လာဟ်အရှင်မြတ်က တားမြစ်ချက်ထုတ်ပြန်ထားပြီးသော မည်သည့်သက်ရှိ တစ်စုံတစ်ရာကိုမျှ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သတ်ဖြတ်အဆုံးစီရင်ခြင်း မပြုကြလေနှင့်။ မတော်မတရား သတ်ဖြတ် အဆုံးစီရင်ခံရသူဘက်မှလိုက်ပါ အရေးဆိုနိုင်သည့် အခွင့်အာဏာကို ငါအလ္လာဟ်အရှင်မြတ်က စီမံပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်ရာ အဆုံးစီရင်ခြင်း နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ တရားမျှတမှုကို ကျောခိုင်းပြီး အလွန်အကျွံ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါစေနှင့်။ ဧကန်အမှန်ပင် မတော်မတရား ဖိနှိပ်သတ်ဖြတ်ခံရသူတစ်ဦး အတွက် လုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အလမ်းများ ပေါ်ထွန်းလာမည် ဖြစ်သည်*** " ကုရ်အာန်-(၁၇း၃၃)

ဒီအာယသ်တော်ဟာဆိုရင် အင်မတန်မှ တိကျတဲ့၊ ကောင်းမွန်တဲ့၊ တရားမျှတတဲ့ အစ္စလာမ့်ရှရီအာဟ် ပြဋ္ဌာန်းချက် တစ်ရပ်ပဲဖြစ်ပါတယ်။ ဒီကနေ့ လူတစ်ယောက်ကို တရားရုံးက သော်လည်းကောင်း၊ အမှန်တကယ် အခွင့်အာဏာရှိသူ တစ် ယောက်ရဲ့ ဆုံးဖြတ်ချက် မဟုတ်ဘဲသော်လည်းကောင်း၊ တစ်ဦး တစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့သဘောနဲ့ သတ်ဖြတ်အဆုံး စီရင် ခြင်းဟာ အစ္စလာမ့်ရှရီအာဟ်ကို ဆန့်ကျင်ခြင်းပဲဖြစ်ပါတယ်။ ဒါဆို ရင် ဒီနေရာမှာ မေးခွန်းမေးစရာ အချက်တစ်ခုရှိပါတယ်။ ဒီလောက် ကောင်းတဲ့၊ တရားမျှတတဲ့၊ တိကျခိုင်လုံတဲ့၊ အာမခံချက်အပြည့် ရှိတဲ့၊ ကျိုးကြောင်းဆီလျော်တဲ့ အစ္စလာမ့်ရှရီအာဟ်ကို ယနေ့ကမ္ဘာ ပေါ်မှာရှိတဲ့လူတွေက ဘာကြောင့်များ ကြောက်လန့်နေရပါသ နည်း။ ခါးခါးသီးသီး ငြင်းဆန်နေကြပါသနည်း။

ဒီမေးခွန်းကို ကျွန်တော်တို့အနေနဲ့ တိတိကျကျ သုံးသပ် လေ့လာဖို့လိုပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာဖြစ်ပွားနေတဲ့ အကြမ်း ဖက် မှုတွေ၊ ဗုံးခွဲမှုတွေ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ၊ ပြန် ပေး ဆွဲမှုတွေကို မွတ်ဆလင်မ်မဟုတ် သူတွေ လုပ်ဆောင်နေတာ ရှိသလို မွတ်ဆလင်မ်တွေကိုယ်တိုင် ပါဝင်ပတ်သက်နေတာတွေ လည်းရှိနေပါတယ်။ ဥပမာ-လေယာဉ်ပေါ်မှာ အကြမ်းဖက်ဗုံးခွဲတာ တို့၊ လေယာဉ်ပြန်ပေးဆွဲတာတို့၊ တောင်းဆိုချက်မရလို့ ဓါးစားခံကို လူမြင်ကွင်းမှာသော်လည်းကောင်း၊ ဗီဒီယို ရိုက်ကူးပြီးသော်လည်း ကောင်း၊ လည်ပင်းလှီးဖြတ်ပြတာတို့၊ မတရားကာမ ကျူးလွန်တယ် ဆိုပြီး အမျိုးသမီးတစ်ယောက်ကို ကျောက်ခဲနဲ့ထုသတ်တာတို့၊ ဦးခေါင်းကို နောက်ကနေပြီး သေနတ်နဲ့ပစ်တာတို့၊ သူခိုးဆိုပြီး လူ မြင်ကွင်းမှာ လက်ကို ဓါးနဲ့ခုတ်ဖြတ်ပြတာတို့ ဒီလိုလုပ်ရပ်တွေဟာ သာမန်ပြည်သူတွေအတွက် မကြည့်ရဲတဲ့၊ မကြည့်ရက်တဲ့သွေး ပျက် စရာမြင်ကွင်းတွေပါ။ နောက်ပြီး ဒီကိစ္စကို ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ် တွေက အကျီရှည်တွေ၊ မုတ်ဆိတ်တွေနဲ့ဆိုတော့ မြင်ရတာ အမြင်မကောင်းပါဘူး။ ဒီပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ကိစ္စ တစ်ခုကို ဆောင်ရွက်တဲ့အခါမှာ `အလ္လာဟ်ဟုအက္ကဘရ်´ (အလ္လာဟ်အရှင် မြတ်သည် အကြီးဆုံးဖြစ်သည်)ဆိုပြီး ရေရွတ်ကြတယ်။ ပြီးတော့ ဒီလိုလုပ်ခြင်းကို အစ္စလာမ့်ရှရီအာဟ်ပါလို့ ဟစ်ကြွေးကြတယ်။ ဒီလိုကိစ္စတွေကို လူမြင် ကွင်းမှာလုပ်တယ်။ ဗီဒီယိုရိုက်ကူးပြီး ကမ္ဘာ ကိုပြတယ်။ အသတ်ခံရသူအများစုဟာ တရားရုံးရဲ့ ဆုံးဖြတ်ချက်

မရှိဘူး။ ဒီလိုလုပ်ရပ်တွေကို လူတွေတော်တော်များများက သွေးပျက်ကြတယ်ဗျ။ မကြည့်ရဲကြဘူး၊ မကြည့်ရက်ကြဘူး။ အနောက်နိုင်ငံ မီဒီယာတွေကလည်း ဒီလိုသတင်းတွေ၊ ဒီလိုပုံတွေဆိုရင် ပုံကြီးချဲ့ပြီး ရေးသားကြတယ်။ ဓါတ်ပုံတွေ ဝေဝေဆာဆာပြကြတယ်။ ဒီလိုလုပ်တာ သူတို့မှာ အကြံအစည်ရှိပါတယ်။ မွတ်ဆလင်မ်တွေ သိပ်ရက်စက်တယ်ပေါ့ဗျာ။ မွတ်ဆလင်မ်တွေကို လူ့ပတ်ဝန်းကျင်ထဲ အဝင်မခံသင့်ဘူးပေါ့ဗျာ။ အစ္စလာမ့်ရှရီအာဟ် ဆိုတာ ကြောက်စရာကြီးပေါ့ဗျာ။ အမှန်တကယ်ပါပဲ။ သူတို့ရဲ့ ထိုးနက်ချက်တွေဟာ အင်မတန်မှ ထိရောက်မှုရှိပါတယ်။ အနောက်နိုင်ငံတွေမှာ မုတ်ဆိတ်နဲ့မွတ်ဆလင်မ်တစ်ယောက် လေယာဉ်ပျံပေါ်တက်လာရင် မလိုလားတဲ့သဘောတွေ ပြလာတာ၊ စောင့်ကြည့်ခံရတာကို တွေ့ရပါလိမ့်မယ်။ အဲဒီတော့ အစ္စလာမ့်ရှရီအာဟ်ဆိုတာ ပုံဖျက်ခံလိုက်ရပါပြီ။ လူတွေစိုးရိမ်ထိတ်လန့်ရတဲ့ အနေအထားကို ရောက်သွားရပါပြီ။

ဒီနေရာမှာ ကျနော် သုံးသပ်ပြချင်တာလေး တစ်ခုရှိပါတယ်။ ဒါကတော့ မွတ်ဆလင်မ်တွေရဲ့ ဝတ်စားဆင်ယင်ပုံနဲ့ ပတ်သက်ပါတယ်။ ဟုတ်ပါတယ်။ ကျနော်တို့မွတ်ဆလင်မ်တွေဟာ အင်္ကျီရှည်ဝတ်ပါတယ်။ မုတ်ဆိတ်ရှည်ထားပါတယ်။ ဒီအပေါ်မှာ ကျနော်တို့မွတ်ဆလင်မ်တွေကို အမြင်မကြည်ကြပါဘူး။ ဒါပေမဲ့ ပြန်ကြည့်လိုက်ပါ။ ဂျူးတွေလည်း မုတ်ဆိတ်ရှည်ထားတယ်။ အင်္ကျီရှည် ဝတ်တယ်။ ခရစ်ယာန်မှာလည်း သင်းအုပ်ဆရာတွေက အင်္ကျီရှည်ဝတ်ကြတယ်။ ခရစ်ယာန်သီလရှင်တွေ ခေါင်းပေါ်မှာ အဝတ်ခြုံပြီး အင်္ကျီရှည်ဝတ်တယ်။ ဟိန္ဒူမှာလည်း ဘာသာရေးဘုန်းကြီးတွေ မုတ်ဆိတ်အရှည်ကြီးထားတယ်။ အင်္ကျီအရှည်တွေ ဝတ်ဆင်တယ်။ ဘာဖြစ်လို့ ဂျူးတွေ၊ ခရစ်ယာန်တွေ၊ ဟိန္ဒူတွေ အင်္ကျီရှည်ဝတ်ပြီး မုတ်ဆိတ်ရှည်ထားတာကို ပြဿနာမရှာဘဲ၊ မွတ်ဆလင်မ်တွေ အင်္ကျီ ရှည်ဝတ်ပြီး မုတ်ဆိတ်ရှည်ထားတာကို ပြဿနာ ရှာနေကြတာလဲ။

ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဘာသာခြားမိတ်ဆွေတွေနဲ့ ကျနော်ဆွေးနွေးကြည့်ပါတယ်။ သူတို့ဖက်က သုံးသပ်ပြတာကို ပြန်လည် တင်ပြပါရစေ။

သူတို့ပြောတာက သူတို့အနေနဲ့ အစ္စလာမ့်ရှရီအာဟ် ဆိုပြီး အကြမ်းဖက်၊ လူသတ်၊ ဗုံးခွဲနေတာက အင်္ကျီ ရှည်ဝတ်ပြီး မုတ်ဆိတ်ရှည်ထားတဲ့ မွတ်ဆလင်မ်ဖြစ်နေတာကို သူတို့အနေနဲ့ မီဒီယာမျက်နှာစာမှာ နေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါတယ်တဲ့။ ဒီပုံတွေဟာ သူတို့ရဲ့နှလုံးသားထဲမှာ၊ ရင်ထဲမှာ စွဲမှတ်၊ ထင်ဟပ်ကျန်ရစ်ခဲ့ပါတယ်တဲ့။ အမှန်တကယ်မှာတော့ သူတို့ဟာအင်္ကျီရှည်ဝတ်ခြင်း၊ မုတ်ဆိတ်ရှည်ထားခြင်းကို မမုန်းပါဘူးတဲ့။ မီဒီယာမှာမြင်နေရတဲ့အင်္ကျီရှည်နဲ့ မုတ်ဆိတ်ရှည်နဲ့မွတ်ဆလင်မ်တွေကို ကြောက်လန့်ရင်းနဲ့ ဒီနိုင်ငံက ပုံစံတူ၊ အင်္ကျီရှည်၊ မုတ်ဆိတ်ရှည်တွေကို ကြောက်လန့်မိတာပါတဲ့။ အဲဒီတော့သူတို့ဘက်ကပြောတဲ့ အချက်ဟာ ဘယ်လောက်မှန်တယ်၊ မမှန်ဘူးဆိုတာကတော့ ကျနော်တို့ သုံးသပ်ဖို့ လိုအပ်လာပါပြီ။ နိဂုံးချုပ်အနေနဲ့ ယနေ့ ဆော်ဒီအာရေဗျနိုင်ငံရဲ့ မွဖ်သီချုပ်ဖြစ်တဲ့ **'ရှိုက်အဗ်ဒွလ် အဇီဇ်းဗင် အဗ်ဒွလ္လာဟ်အလ်ရှိုက်'** ကိုယ်တိုင်က ဒီလိုဗုံးခွဲအကြမ်းဖက်ခြင်း ဆိုင်ရာ ကိစ္စတွေနဲ့ပတ်သက်ပြီး ဓမ္မသတ် (ဖတ္တဝါ) ထုတ်လိုက်တာကို အများလေ့လာနိုင်အောင် ထပ်ဆင့်တင်ပြရင်း ဒီမှာပဲနိဂုံးချုပ် လိုက်ပါတယ်။

http://www.geo.tv/article-130036-Saudi-grand-mufti-calls-suicide-bombers-criminals#sthash.eGEzmkFK.dpuf

# ညီညွတ်မျှတ လူမှုဘဝ

ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော ညီနောင်၊ ညီအစ်မ အပေါင်းတို့ခင်ဗျာ -

**`အတ်စွလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရကာသုဟု´**

ကျွန်တော့်အနေနဲ့ အခုလို ဂျူမုအဟ်ခွတ္တာဗါဟ် ပြောကြားခွင့်ရရှိတဲ့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ချီးမွမ်းမှုပြုခဲ့ပြီး ဖြစ်ပါတယ်။ ပြီးတဲ့နောက်မှာ ကျွန်တော့်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပြုစုပျိုးထောင်ပေးတဲ့ ကျွန်တော့်ရဲ့မိဘနှစ်ပါးနဲ့တကွ ကျွန်တော့်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးကို ဒီနေရာကနေ ကျေးဇူးတင် ဂါရဝပြုအပ်ပါကြောင်း ပြောကြားလိုပါ တယ်။

အစ္စလာမ်ဟာ စကြာဝဠာအပေါင်းရဲ့ သဘာဝလမ်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ စကြာဝဠာမှာရှိတဲ့ သက်ရှိသက်မဲ့အားလုံးကို ငြိမ်းချမ်းစွာလှုပ်ရှားစေပြီး သုခလမ်းသာကို ဖန်တီးတဲ့လမ်းစဉ် ဖြစ်ပါတယ်။ ဒီလမ်းစဉ်ကို စကြာဝဠာခပ်သိမ်းနဲ့ ကမ္ဘာဂြိုဟ်အပေါင်းကို ပြုစုပျိုးထောင်တော်မူတဲ့ (ရဗ်) အလ္လာဟ်အရှင်မြတ်က ချမှတ်ပေးတော်မူခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း သဘာဝလောကကြီးကိုအသုံးချဖို့ လူသားတွေကို အလ္လာဟ်အရှင်မြတ်က စေခိုင်းခဲ့ပါတယ်။ ဒီလူသားတွေအထဲမှာမှ အစ္စလာမ်ကို လုံးဝဥဿုံ အလုံးစုံလက်ခံတဲ့ မုအ်မင်န်တွေကို အလ္လာဟ်အရှင်မြတ်က ရွေးချယ်ခဲ့ပါတယ်။

မုအ်မင်န်ဖြစ်လာတာနဲ့အမျှ တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း မပြုလုပ်ရပါဘူး။ အများအကျိုးကို သယ်ပိုးရတော့ပါမယ်။ ကမ္ဘာကြီးကို အကျိုးပြုရပြီး လူသားနွယ်ဝင်တွေ၏ သုခချမ်းသာရရှိမှုကို ရှေးရှုရမှာ ဖြစ်ပါတယ်။ ဒီလိုကြီးလေးတဲ့တာဝန်တွေကို စုပေါင်းညှိနှိုင်းဆောင်ရွက်မှ ရရှိမှာဖြစ်ပါတယ်။ ဒီလိုစုပေါင်းညှိနှိုင်းဆောင်ရွက်ဖို့အတွက် လူအများနဲ့အတူနေထိုင်ပြီး ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ လူမှုရေးသဟဇာတဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ချက်တွေကြောင့် သင့်မြတ်မှုရအောင် နေထိုင်တတ်၊ ပေါင်းသင်းဆက်ဆံတတ်ရပြီး ထီးတည်းမဖြစ်ရပါဘူး။ လူတစ်စု၊ လူတစ်ဖွဲ့ရဲ့ မှားယွင်းတဲ့ တွေးခေါ်မြော်မြင်မှုနှင့်လုပ်ရပ်၊ ဆောင်ရွက်ချက်ကြောင့် ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းနဲ့ နေ့စဉ်နဲ့အမျှ တွေ့ကြုံရမယ့် ဆက်ဆံမှုများမှာ အသေးအဖွဲကစပြီး ကြီးမားတဲ့အန္တရာယ်အဖြစ်ကို ကူးပြောင်းရောက်ရှိပြီး၊ လူ့အဆောက် အအုံကြီးတစ်ခုလုံးကို ဖျက်ဆီးမယ့် အကျင့်ဆိုးများကို ကျမ်းမြတ်ကုရ်အာန်က တားမြစ်ထားပါတယ်။

ကျမ်းမြတ်ကုရ်အာန်က ပြဋ္ဌာန်းထားတဲ့ လူမှုအဆောက်အအုံ ပတ်ဝန်းကျင်မှာနေတဲ့ လူတွေဟာ တစ်ဦးကိုတစ်ဦး အချင်းချင်းစိတ်ထားဖြူစင်ကြတယ်။ စေတနာ သန့်စင်ကြပါတယ်။ တစ်ဦးကောင်းကျိုးကို တစ်ဦးလိုလားကြပြီး၊ တစ်ဦးအပေါ်တစ်ဦး အထင်မှားမှု၊ မလိုမုန်းတီးမှု၊ ခွဲခြားဆက်ဆံမှု စတာတွေမရှိတဲ့အပြင် အတင်းအဖျင်းပြောဆိုခြင်း၊ စွပ်စွဲပြောဆိုခြင်းမရှိကြဘဲ အမုန်းတရားတွေဖြစ်စေပြီး လူ့အဆောက်အအုံ ထိခိုက်ပျက်စီး၊ အန္တရာယ်ဖြစ်စေမှု မရှိစေရေးအတွက် အန္တရာယ်ရှိလာတဲ့သူတွေကို သက်ဆိုင်ရာ အာဏာပိုင်လက်ကိုအပ်နှင်းပြီး ဥပဒေဘောင်အတွင်း နေထိုင်တဲ့အတွက် ဒီလိုပတ်ဝန်းကျင်ဟာ သာယာချမ်းမြေ့တဲ့ လူ့အဖွဲ့အစည်းနှင့်တူနေပြီး ဒီပတ်ဝန်းကျင်ဟာ ဂျန္နသ်သို့ စံမြန်းရမယ့် မုအ်မင်န်တွေရဲ့ ပတ်ဝန်းကျင်ဖြစ်ပါတယ်။

လူသားအချင်းချင်း အကျိုးပြုကြရန်အတွက် ကျမ်းမြတ်ကုရ်အာန်က **`အဲဟ်စာန်´** ဆိုတဲ့ဝေါဟာရနဲ့ လမ်းညွှန်ထားပါတယ်။ အဲဟ်စာန်ဆိုတဲ့ ဝေါဟာရဟာ `ဟွတ်စ်နွန်´ဆိုတဲ့တည်ပုဒ်က ဆင်းသက်လာပြီး အဓိပ္ပါယ်ကတော့ ညီညွတ်မျှတ အချိုးအစားကျခြင်း၊ လှပတင့်တယ်ခြင်း၊ ပြေပြစ်ခြင်းဖြစ်ပါတယ်။ အလိုသဘောကတော့ အရာရာကို သူ့နေရာနဲ့သူ အချိုးအဆစ်ကျကျ၊ ပြေပြေပြစ်ပြစ် လုပ်ပေးခြင်းကိုလည်းကောင်း၊ လိုတဲ့သူ၊ လိုအပ်နေတဲ့ နေရာအတွက် လိုအပ်ချက်ကို ပိုနေတဲ့သူ၊ ပိုနေတဲ့နေရာကနေယူပြီး ဖြည့်တင်းပေးခြင်းကို လည်းကောင်း၊ လောကအလှဆင်ခြင်း `အဲဟ်စာန်´လို့ခေါ်ပါတယ်။ ပိုနေတာကို လိုတဲ့နေရာမှာ မသုံးစွဲမဖြည့်တင်းရင် ကြည့်ချင်စဖွယ် တင့်တယ်လှပခြင်းရှိမှာ မဟုတ်ပါဘူး။ ဒီသဘောအရဆိုရင် မွတ်ဆလင်မ်တိုင်းဟာ မိမိတို့ရဲ့ဘဝကျင့်စဉ် ကိုယ်ကျင့်တရားကို လှပပြေပြစ်၊ တင့်တယ်မှုရှိစေဖို့ ကြိုးစား အားထုတ်ရပါမယ်။

မွတ်ဆလင်မ်ဆိုတာ ကိုယ်တိုင်ငြိမ်းချမ်းသူ၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်သူကိုခေါ်ပါတယ်။ မွတ်ဆလင်မ်တို့ဟာ မိမိတို့ကိုယ်တိုင် လောကလူ့ဘောင်မှာ အသက်ရှင်နေထိုင်စဉ် စံနမူနာပြုအဖြစ် နေထိုင်၊ လုပ်ကိုင်၊ ပြောဆို၊ ပြုမူ၊ ကြံစည်၊ အားထုတ်၊ ကူညီမှုဝေရင်း စံပြလူတော်လူကောင်းအဖြစ် နေထိုင်ဘဝတည်ဆောက်သက်သေပြဖို့ လိုအပ်ပါတယ်။

တခြားသူတွေနဲ့ ဆက်ဆံပေါင်းသင်းရာမှာ `အိဟ်စာန်´ အလိုသဘော အပြည့်ရှိရပါမယ်။ မွတ်ဆလင်တစ်ယောက်၊ လူတစ်ယောက်၏ ဘဝတည်ဆောက်ရာမှာ အားနည်းချက်၊ လိုအပ်ချက်တစ်ခုခု ဖြစ်လာတာနဲ့ အခြားမွတ်ဆလင်မ်ထုက ဒီလိုအပ်ချက်၊ အားနည်းချက်ကို စုပေါင်းပြီး ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် လူတစ်ယောက်ဟာ အရွယ်

ထောက်လာလို့ အားအင်ကုန်ခမ်းပြီး စားဝတ်နေရေး ချို့တဲ့လာပါတယ်။ ဒီလိုချို့တဲ့ဆင်းရဲခြင်းအတွက် ဖေးမကူညီခြင်းကို `**အိဟ်စာန်**´ လို့ခေါ်ပါတယ်။ ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်(၄း၃၆) မှာ-

***`မွတ်ဆလင်မ်တို့သည် မိဘများကို လည်းကောင်း၊ ဆွေမျိုးသားချင်းများကိုလည်းကောင်း၊ ခိုကိုးရာမဲ့များကို လည်းကောင်း၊ လုပ်အားမစွမ်းနိုင်သောသူများကို လည်းကောင်း၊ အိမ်နီးနားချင်းများကို လည်းကောင်း၊ ထိုအိမ်နီးနားချင်းသည် ဆွေမျိုးဖြစ်စေ၊ ဆွေမျိုးမဟုတ်သူဖြစ်စေ၊ မိတ်ဆွေ၊ အပေါင်းအဖော်၊ သူငယ်ချင်းများကို လည်းကောင်း၊ ခရီးသည်များကို လည်းကောင်း၊ မိမိတို့ လက်အောက်ငယ်သားတို့၏ လိုအပ်ချက်များကို လည်းကောင်း၊ ညီညွတ်မျှတ၊ အချိုးအစားကျအောင် ကောင်းစွာအကျိုးပြု ဖြည့်တင်းရမည်***´ လို့ဆိုထားပါတယ်။

ဒီအာယတ်တော်မှာ ယုံကြည်ချက်ဆိုင်ရာ အဓိက အချက်နှစ်ချက်ကို ဖော်ပြပြီးနောက် လူသားဟာ လူ့ပတ်ဝန်းကျင်မှာ မှီတင်းနေထိုင်တဲ့အခါ လူမှုပတ်ဝန်းကျင်မှာ တွေ့ကြုံရမယ့် လူ့အသိုင်းအဝိုင်းကို ဘယ်လိုအကျိုးပြု၊ ကောင်းကျိုးပြုရမယ်ဆိုတာ ဖော်ပြထားပါတယ်။ အိမ်နီးချင်းသုံးမျိုးကို ဖော်ပြရာမှာ ဆွေမျိုးတော်စပ်တဲ့ အိမ်နီးချင်း၊ ဆွေမျိုးမတော်စပ်တဲ့ ဆွေမျိုး၊ ခေတ္တတွေ့ကြုံရတဲ့ အိမ်နီးချင်းဆိုပြီး၊ ကမ္ဘာ့အရပ်ဒေသအသီးသီးမှာ မှီတင်းနေထိုင်တဲ့လူတွေဟာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား/မ အဆင့်အတန်းမရွေးကို မွတ်ဆလင်မ်တွေက ညီညွတ်မျှတ အချိုးအစားကျနအောင် ကောင်းကျိုးပြုရမယ်လို့ ဖော်ပြထားပါတယ်။

အိမ်နီးနားချင်းမှသည် ကမ္ဘာ့ရွာအတွင်းရှိ အိမ်နီးချင်းနိုင်ငံတွေအချင်းချင်း လိုအပ်ရင်လိုအပ်သလို ကောင်းကျိုးပြုရမယ်လို့ ကုရ်အာန်က ပြဌာန်းထားတာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဘန်ဒေါင်းညီလာခံမတိုင်မီ နှစ်ပေါင်း(၁၄၀၀)ကျော်ကတည်းက ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်က ယုံကြည်သူတွေကို လမ်းညွှန်မိန့်ကြားထားတာ တွေ့ရှိမှာပါ။

ကမ္ဘာ့ဒေသအသီးသီးမှာ သဘာဝဘေးအန္တရာယ်များ၊ လူမှုဒုက္ခအပေါင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေတဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့အရေးကိစ္စများအတွက် ညီညွတ်မျှတ အချိုးအစားကျနအောင် ကောင်းကျိုးပြု မျှဝေပေးနေတဲ့ နိုင်ငံများစွာထဲမှာ ဂျပန်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂဝင်နိုင်ငံများ၊ အာရနိုင်ငံအချို့၊ အာရပ်နိုင်ငံအချို့က နောင်ကြိုးမဲ့အကူအညီတွေ ပေးပြီး လောကအလှဆင်နေတာ အထင်အရှားပါပဲ။

အထူးသဖြင့် ဂျပန်နိုင်ငံဟာဆိုရင် သူ့နိုင်ငံမှာ ငြူကလီးယားခါတ်ပေါင်းဖို ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းပြီး ဒုက္ခရောက်နေတဲ့အချိန်မှာတောင် ကမ္ဘာ့အရပ်ဒေသအသီးသီးက လူတွေ၊ ပညာတော်သင်တွေကို မူရင်းဒေသနိုင်ငံတွေကို ပြန်မပို့ဘဲ စိတ်အေးချမ်းသာစွာ ပညာဆက်လက် သင်ယူလုပ်ကိုင်၊ စီးပွားရှာဖွေခွင့် အခွင့်အလမ်းကို ဆက်လက်ပံ့ပိုးပြီး ကောင်းစွာ အကျိုးပြု ဖြည့်တင်းပေးနေတာ အထင်အရှားပါ။

ဒါကြောင့် ကျွန်တော်တို့တတွေကလည်း မိမိရဲ့ပတ်ဝန်းကျင်ရှိ လူသားတွေနဲ့ သဟဇာတဖြစ်စွာ နေထိုင်ရင်း လူသားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်း၊ ကောင်းကျိုးပြု မျှဝေသွားရမှာ ဖြစ်ပါတယ်။ ဆူရာဟ်(၅၉း၉)မှာဆိုရင် `မုဟာဂျီရ်´တွေနဲ့ `အဲန်ဆွာရ်´တွေဟာ မိမိတို့ကိုယ်တိုင် ပြည့်စုံကြွယ်ဝမှုမရှိကြသော်လည်း အခွင့်အလမ်း၊ ရပိုင်ခွင့်တွေကို လျှော့ယူကြပြီး အခြားသူတပါးတွေကို ပိုမိုခံစားခွင့်ပေးကြပြီး လောက၊ လူသားကောင်းကျိုးပြုကြတာ၊ ကိုယ်ကျိုးစွန့်အနစ်နာခံကြတာတွေဟာ ကျွန်တော်တို့ကို အသိပေး၊ သတိပေး လမ်းညွှန်လျက်ရှိနေတာ တွေ့ရမှာပါ။

ဒါကြောင့် မွတ်ဆလင်မ်တိုင်းဟာ မိမိတို့နှင့်ဆက်ဆံသူတိုင်း တွေ့ဆုံသူတိုင်းကို အမြဲအကျိုးပြုပေးနေရပါမယ်။ ဒါဟာ အစ္စလာမ်က ရည်ညွှန်းတဲ့ လူ့အကျိုးပြုလုပ်စဉ် လောကအလှတရားပဲဖြစ်ပါတယ်။ အများအကျိုးပြုလုပ်ငန်းနဲ့ ကူညီမှုတွေ လုပ်ဆောင်ရာမှာ မွတ်ဆလင်မ်တစ်ဦးအနေနဲ့ သတိပြုရမယ့် အချက်ကြီးတစ်ချက်ရှိပါတယ်။ လူတွေရဲ့သဘာဝဟာ တစ်ဦးတစ်ယောက်ကို ကျေးဇူးပြုလိုက်ရင် မိမိ၏ ကျေးဇူးပြုခဲ့ဖူးခြင်းကို လူရှေ့မှာ အမြဲထုတ်ဖော်ဝင့်ကြွား အသားယူပြောဆိုလေ့ ရှိတတ်ပါတယ်။ တခါတလေမှာ ကျေးဇူးပြုခဲ့သူက စိတ်သဘောထား မတိုက်ဆိုင်ရင်ပဲ ဖြစ်ဖြစ်၊ စိတ်ကြိုက်မဖြစ်ရင်ပဲ ဖြစ်ဖြစ်၊ အကူအညီယူမိသူကို ကျေးဇူးကန်းတဲ့လူ၊ ကျေးဇူးမသိတတ်တဲ့လို့တောင် ခါးခါးသီးသီး ပြောဆိုတတ်ကြပါတယ်။ မို့အ်မင်န်တွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းက ဒီလိုမဟုတ်ပါဘူး။ စစ်မှန်တဲ့ မို့အ်မင်န် တစ်ယောက်ဟာ ချို့ငဲ့အားနည်းတဲ့သူတစ်ယောက်ကို ကူညီခွင့်ကြုံခဲ့တယ်ဆိုရင် ခံယူချက် ဘယ်လိုထားရမလဲဆိုတာကို (၇၆း၉)မှာ-

***`ကျွန်ုပ်တို့သည် အသင်တို့အား အကျိုးပြု ကူညီဖြည့်ဆည်းပေးခြင်းသည် အလ္လာဟ်အရှင်မြတ် လမ်းညွှန်မိန့်ကြားချက်များကို လိုက်နာ အကောင်အထည်ဖော်ခြင်းမျှသာ ဖြစ်ပါတယ်။ အလ္လာဟ်အရှင် နှစ်သက်သဘောတူညီမှု သက်သက်အတွက်သာ***

***ဖြစ်ပါတယ်။ ဤသို့ကူညီခြင်းအတွက် အသင်တို့ထံမှ အစားတုံ့ပြန်မှုအား မက်မောရန် မဆိုထားနှင့်၊ အသင်တို့၏ ကျေးဇူးတင်ခြင်းကို ပင်လျှင် မခံယူလိုပါ´*** လို့ ပြထားပါတယ်။ ဒါဟာ မို့အ်မင်န်တွေ လူသား၊ လောကသားအချင်းချင်း၊ အကျိုးပြုခြင်းဖြင့် လောကကို အလှဆင်ခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခါ ဆူရာဟ် (၇၄း၆)မှာ- `ဝလာသမ်နွန် သက်စ်သက်စီရ´ ***`အကျိုးမျှော်ကိုပြီး ကျေးဇူးမပြုပါလေနှင့်။ ပိုမို အကျိုးဖြစ်ထွန်းမှုကို ရည်ရွယ်ပြီးမလှူနှင့်´*** လို့ဖော်ပြထားပါတယ်။ လူသားအချင်းချင်း တာဝန်သိစွာဖြင့် ကူညီယိုင်းပင်းရန်နှင့် နောင်ကြိုးမဲ့ကူညီပေးရန် ညွှန်ကြားချက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အစ္စလာမ်သာသနာရဲ့ တရားတော်အရ ပတ်ဝန်းကျင် လူ့အသိုက်အဝန်းနဲ့ ခွဲခြားရှောင်ဖယ်ပြီး ထီးတည်းမနေရပါဘူး။ လူအများနဲ့ ပေါင်းသင်းထိတွေ့ပြီး စံပြနေထိုင်ကာ ပတ်ဝန်းကျင်ရဲ့ အသိအမှတ်ပြုမှု ခံယူရမှာဖြစ်ပါတယ်။ ဒီလိုဆက်ဆံတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး အပေးအယူ၊ ဖေးမကူညီခြင်း စတာတွေ ရှိလာပါတယ်။ ဒီလို ယိုင်းပင်းကူညီခြင်းကို ကုရ်အာန်က `သအားဝုန်´ လို့ ဖွင့်ဆိုထားပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ်(၅း၂) မှာ-

***`လူသားများ၏အကျိုးဖြစ်ထွန်းရေးနှင့် ဘဝသာယာရေး၊ အလ္လာဟ့်နည်းပေးလမ်းညွှန်မှု ခိုင်မာရေးအတွက် အချင်းချင်း အပြန်အလှန်ကူညီလော့၊ လူသားများအတွက် အကျိုးနည်းပါးမှုနှင့် အလ္လာဟ်အရှင်မြတ်၏ နည်းပေးလမ်းညွှန်မှုကို ပုန်ကန်ရေးအတွက် အချင်းချင်း အပြန်အလှန် မကူညီကြလေနှင့်´*** လို့ဆိုထားပါတယ်။

ဒီအာယတ်တော်အရ ကူညီယိုင်းပင်းရန် ပြဆိုထားတဲ့ အချက်(၂)ချက် ရှိပါတယ်။ **`ဘိရ်ရွှန်´ နဲ့ `သတ္တဝါ´** ဖြစ်ပါတယ်။

`ဘိရ်ရွှန်´ ဆိုတာ ကျယ်ပြောခြင်း၊ ချောင်လည်ခြင်းကို ခေါ်ပါတယ်။ အဓိပ္ပါယ်ကတော့ လူသားတွေ ပညာရည်ပြည့်ဝရေး၊ အလုပ်အကိုင် အခွင့်အလမ်းပေါများရေး၊ စားဝတ်နေရေး သက်သာချောင်ချိရေးအတွက် ကူညီရခြင်းဖြစ်ပါတယ်။

သတ္တဝါဆိုတာ စိတ်နှလုံးအတွင်းမှာ တည်တဲ့အသိတရား၊ တရားအသိဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ်ကို မမေ့မလျော့သောသတိဖြင့် ဆင်ခြင်ပြီး ဆောင်ရန်၊ ရှောင်ရန် အမိန့်လမ်းညွှန်ချက်များကို သတိ၊ ဝီရိယတို့ဖြင့်ဆောင်ရွက်တဲ့ လုံ့လဖြစ်ပါတယ်။ လူတစ်ဦး၊ လူတစ်ဖွဲ့တို့ဟာ မိမိတို့ဘဝ ခရီးလမ်းတလျှောက် တွေ့ကြုံရမယ့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှု၊ အဆင်မပြေမှု၊ ဆုံးရှုံးမှု၊ ချို့ယွင်းမှုတွေအပေါ်မှာ လောကဓံတရား၊ ဒါ့အပြင် လူတွေမှာဖြစ်လေ့ရှိတဲ့ အတ္တအလိုကြီးမှု၊ ဆန္ဒရမ္မက်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အမုန်းပွားရန်ညှိုးထားမှု၊ အာဃာတ၊ စိတ်ကြီးဝင်မှု၊ ခွဲခြားဆက်ဆံတတ်မှု၊ တရားမဲ့ပြုကျင့်မှု၊ လူလူချင်း တန်ဘိုးမထားမှု၊ ကိုယ်ချင်းစာစိတ် ကင်းမဲ့မှု၊ ဟီရိဩတ္တပ္ပကင်းမဲ့မှု စတဲ့ **`ဆူးညောင့်ခလုတ်´** တွေကို အသိ၊ သတိ၊ ဝီရိယ၊ ဆင်ခြင်ဉာဏ် အမြော်အမြင်နဲ့ တရားအသိတို့ကို ပေါင်းစပ်ကျင့်သုံးကာ နေထိုင် ဘဝတည်ဆောက်ခြင်းဆိုရင်လည်း မမှားပါဘူး။

`သတ္တဝါ´ဆိုတာ တစ်စုံတစ်ခုကို ထိန်းသိမ်းခြင်း၊ ချုပ်ထိန်းခြင်း၊ ဆုံးရှုံးခြင်းနှင့် ပျက်စီးခြင်းတို့မှ အကာအကွယ်ပြုခြင်း အလ္လာဟ်အရှင်မြတ်၏ ဗျာဒိတ်တော် လမ်းညွှန်မှုများကို ထိန်းသိမ်းကာကွယ်ခြင်း၊ ယင်းလမ်းညွှန်မှုများနဲ့အညီ ဘဝတည်ဆောက်ခြင်းကို ခေါ်ပါတယ်။

ဆိုလိုတာကတော့ အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်မှုများကို ကာကွယ်ထိန်းသိမ်းရာမှာ လည်းကောင်း၊ ထိုလမ်းညွှန်ချက်များနဲ့အညီ ဘဝတည်ဆောက်ရာမှာ အချင်းချင်း ကူညီယိုင်းပင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

`အစ်မွန်´ဆိုတဲ့ဝေါဟာရဟာ မောပန်းနွမ်းလျပြီး ကုလားအုတ်အုပ်စုနဲ့ နောက်မှာကျန်နေခဲ့တဲ့ ကုလားအုတ်ကို ခေါ်ပါတယ်။ အဓိပ္ပါယ်က လူ့ဘဝတည်ဆောက်ရာမှာ ကျဆုံးဆုံးရှုံးနေတာ၊ ဘဝနောက်ပြန် ဆုတ်နေခြင်းကို ခေါ်ပါတယ်။ လူ့အရည်အသွေးနိမ့်ကျပြီး၊ ပညာရေး၊ စီးပွားရေး၊ ဘက်စုံဘဝ ထူထောင်ရေးမှာ လူတန်းစေ့မရပ်တည်နိုင်တဲ့ အဘက်ဘက်မှ ခေတ်နောက်ကျကျန်စေမယ့် ကိစ္စတွေအားလုံးလည်းပါဝင်ပါတယ်။

`အွဒ်ဝါးနွန်´ ဆိုတဲ့ဝေါဟာရကတော့ ဥပဒေ၊ စည်းကမ်း၊ စနစ်ဇယားကို ကျော်ဖြတ်၊ ကျူးကျော်လုပ်ဆောင်ခြင်း၊ ပုန်ကန်သွေဖည်ခြင်းကို ခေါ်ပါတယ်။ အမုန်းပွားစေသော စကားတွေကြောင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကင်းမဲ့ကာ သံသယပွားများပြီး ပြဿနာများဖြစ်ပေါ်ကာ အချင်းချင်းရန်သူသဖွယ် ဆက်ဆံခြင်း ဖြစ်ပါတယ်။ အဓိပ္ပါယ်က လူသားတို့ဘဝ သာယာဖွံ့ဖြိုးမှုအတွက် ပြဋ္ဌာန်းထားတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်ချက်များကို ပုန်ကန်သွေဖည်ခြင်းကို ခေါ်ပါတယ်။ အထက်ပါအာယတ်တော်ရဲ့ သဘောတရားကတော့ အလ္လာဟ်အရှင်မြတ်ရဲ့ နည်းပြလမ်းညွှန်ချက်အရ လူသားတွေရဲ့ ဘဝဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ခြင်းပြုကာ ကူညီယိုင်းပင်းရပါမယ်။ အလ္လာဟ့်လမ်းညွှန်ချက်များကို ပုန်ကန်သွေဖည်ပြီး လူသားတွေရဲ့ ဘဝဆုံးရှုံးနစ်နာ၊ ကျဆုံးပျက်စီးစေမယ့်လုပ်ရပ်တွေကို လုံးဝ ကူညီယိုင်းပင်းခြင်း၊

ပူးပေါင်းဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်းမပြုရဘဲ ကောင်းရာကိုသာ ကူညီရပါမယ်။ ဒါဟာလဲ အစ္စလာမ်ကရည်ညွှန်းတဲ့ လူမှုရေးသဟဇာတဖြစ်မှု၊ လောကအလှတရားပဲဖြစ်ပါတယ်။ တစ်ခါ ကုရ်အာန် ဆူရာဟ် (၂၈း၇၇)မှာ-

***`အလ္လာဟ်အရှင်မြတ်၏ ဖြည့်ဆည်းပေးမှုကြောင့် အသင်၏ဘဝ တင့်တယ်လှပ၊ အချိုးအစားကျနေသကဲ့သို့ အသင့်ဘဝ သက်တမ်းတလျှောက် အခြားလူသားတို့၏ ဘဝလိုအပ်ချက်၊ ချို့တဲ့မှုများကို ဖြည့်တင်းထောက်ပံ့ပေးခြင်းဖြင့် လူနှင့် လူ့ပတ်ဝန်းကျင်တို့ကို တင့်တယ်လှပ အချိုးကျအောင် ပြုလုပ်ဆောင်ရွက်ပါ။ ဒါ့ပြင် ကမ္ဘာမြေတလွှား တရားမျှတမှုကို ကျော်လွန်ပြီး ပဋိပက္ခ၊ ပြဿနာများဖြစ်စေသော အဖျက်လုပ်ရပ်များကို အလျှင်းဆောင်ရွက်ခြင်း မပြုပါလေနှင့်´*** လို့ ဆိုထားပါတယ်။

တဆက်တည်းမှာပဲ ဆင်းရဲချမ်းသာ၊ ဆူကြုံနိမ့်မြင့် ကွာဟမှုမဖြစ်ရအောင် ကြိုးပမ်းဆောင်ရွက်ပါ။ ***`အလ္လာဟ်အရှင်မြတ်သည် လောကလူ့ဘောင် အခြေအနေအရပ်ရပ်တွင် တစ်ဖက်စောင်းနင်းဖြစ်အောင်ပြုလုပ်သူ အဖျက်သမားများအား နှစ်သက်မြတ်နိုးခြင်း မရှိပေ´***လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် (၇း၅၆)မှာ

***`ငှင်းပြင် အသင်တို့သည် လူ့ဘောင်လောက ကမ္ဘာမြေပြင် တခွင်တပြင်ကို တင့်တယ်ကောင်းမွန် စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပြီးနောက်တွင်မှ ထိုကမ္ဘာမြေပြင်တလွှား မည်သည့် ပျက်စီးရာပျက်စီးကြောင်းကိုမျှ လုံးဝမပြုလုပ်ကြလေနှင့်´*** လို့ ဖော်ပြထားပါတယ်။

လူကြီးမင်းများခင်ဗျာ လူသားတို့ရဲ့ ကမ္ဘာ့တစ်ခွင်မှာ လူသားတို့ကို တရားအလင်းဆောင်ဖို့အတွက် အလ္လာဟ်ကိုယ်တော်တိုင် ရွေးချယ်စေလွှတ်တော်မူခဲ့တဲ့ နဗီ၊ ရဆူလ်တမန်တော်မြတ်အသီးသီးဟာ ကုရ်အာန်ပါလမ်းညွှန်ချက်များအရ လောကအလှဆင်သူများ `မုဟ်စီနီးန်´တွေဖြစ်ကြပါတယ်။ `အီဟ်စာန်´ လို့ခေါ်တဲ့ လူသားလောက ကမ္ဘာကြီးနဲ့ လူသားအချင်းချင်းကြား အပြုသဘောဆောင်တဲ့ အကျိုးပြုလုပ်ငန်းတွေ လုပ်ကိုင်ခြင်းကို အန္တိမတမန်တော်မြတ်ကြီးမုဟမ္မဒ်(ဆွ)ကို အလ္လာဟ်က ကုရ်အာန်မှာ အထက်အာယတ်တွေနဲ့ ညွှန်ပြပြီး အစ္စလာမ်ကရည်ညွှန်းတဲ့ လောကအလှတရားများကို လက်တွေ့လိုက်နာကျင့်သုံး၊ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါတယ်။ တဆက်တည်းမှာပဲ အီဟ်စာန်ရဲ့ ဆန့်ကျင်ဘက်စာလုံးဖြစ်တဲ့ `ဖဆာဒ်´ ဖျက်ဆီးဖြိုဖျက်ခြင်းဆိုတဲ့ စကားလုံးနဲ့တွဲပြီး ဖော်ပြထားတာကို လေ့လာကြည့်ရင် ကောင်းမွန်လှပတင့်တယ် စည်ပင်ဝပြောပြီး အေးချမ်းသာယာ၊ ဘေးကင်းလုံခြုံတဲ့ တည်ငြိမ်တဲ့ လူ့ဘောင်လောကကို ဘယ်သောအခါမှ ဖျက်ဆီးခြင်းမပြုလုပ်ကြပါနဲ့။´

အဖျက်သမား၊ အဖျက်လုပ်ရပ်တွေ မပြုလုပ်ပါနဲ့ဆိုပြီး တားမြစ်ပါတယ်။ ဒါ့အပြင် အဖျက်လုပ်ရပ်ဆိုတာ လူတွေရဲ့ ဘဝတက်လမ်း တိုးတက်ရာ၊ တိုးတက်ကြောင်းကို ဖျက်ဆီးတာ၊ ပညာသင်ယူ ဆည်းပူးမှုကို တားဆီးတာ၊ အသိဉာဏ်ပညာအသုံးချမှုကို လွဲမှားသွားအောင်ဖျက်ဆီးတာ လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ပိုင်ဆိုင်မှုတွေကို ဖျက်ဆီးတာ၊ ကောင်းမွန်စွာ မရှိသေသနာ စီးပွားရှာဖွေမှုကို မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်လို့မရအောင် ဖျက်ဆီးတာ၊ လူမှုရေးအပါအဝင် အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရားတွေ ပျက်စီးအောင်ဖျက်ဆီးတာ စတာတွေဟာ ကမ္ဘာ့လောကတခွင်မှာ လူတွေရဲ့ ညီညွတ်လှပ အချိုးအစားကျနတဲ့ မျှခြေစနစ်ရှိတဲ့ စနစ်ဇယားကို ဖျက်ဆီးခြင်းဖြစ်တဲ့အတွက်ကြောင့် အထက်ဖော်ပြပါ (၂၈း၇၇) နဲ့ (၇း၅၆) အရ အလ္လာဟ်က လူသားကို ကမ္ဘာမြေတခွင်မှာ အဖျက်လုပ်ရပ်များ သင်တို့ လုံးဝမလုပ်ကြနဲ့လို့ တားမြစ်ထားပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ် (၅၅း၆၀)

***`လူနှင့် လူ့ပတ်ဝန်းကျင် ညီညွတ်မျှတ၊ အချိုးအစားကျ၊ Harmony ဖြစ်အောင် ပြုလုပ်ဆောင်ရွက်ခြင်းရဲ့ အကျိုးရလဒ်က လူတွေက လူတွေကို ရိုင်းပင်းကူညီ၊ ဖူလုံမှုဖြစ်စေရေးအတွက် ကောင်းကျိုးပြုခြင်းပင် ဖြစ်ပါတယ်´***လို့ဆိုထားပါတယ်။

ဒါ့အပြင် ကုရ်အာန် (၁၇း၇)မှာဆိုရင်-

***`အသင်တို့ လောကလူ့ဘောင်ပတ်ဝန်းကျင်ကို ညီညွတ်မျှတ အချိုးအစားကျနအောင် နေထိုင်အသက်ရှင် ရပ်တည်ကြမယ်၊ လူမှုဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက် သဟဇာတဖြစ်အောင် နေထိုင်ကြမယ်ဆိုရင် အသင်တို့အကျိုးအတွက် ကောင်းကျိုးပြုကြခြင်းပင်ဖြစ်တယ်။ ဒါ့အပြင် လူ့ဘောင်ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် မနေထိုင်ဘဲ ဆိုးရွားမှုဖြစ်စေရင်လည်း မိမိတို့ တာဝန်သာဖြစ်ပါတယ်´***လို့ ဆိုထားပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ Change လုပ်ကြဖို့ Chance ရှိပါတယ်။ Choice လုပ်ရမှာကတော့ ကျွန်တော်တို့ကိုယ်တိုင် `ဘယ်သူမပြု မိမိမှုသာ´ ဖြစ်ပါလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ သောကြာနေ့တိုင်း ကြားဖူးနေကျဖြစ်တဲ့ ဆူရာဟ်(၁၆း၉၀)မှာ

*`ကေန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တရားမျှတမှုရှိရန် လည်းကောင်း၊ ဟန်ချက်ညီညီ ညီညွတ်မျှတ အချိုးအစားကျအောင် လောကအလှဆင်ရန် လည်းကောင်း၊ မိမိအနီးတွင်ရှိသော ဆွေမျိုးသားချင်းအပါအဝင် ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းတို့ကို လည်းကောင်း၊ အကောင်းဆုံး ပြုမူဆောင်ရွက် ပံ့ပိုးထောက်ပံ့ပေးရန် အမိန့်ပေးတော်မူလေသည်´*

*`အလ္လာဟ်သည် မိမိတစ်ဦးတည်း ကောင်းစားရေးအတွက် ဘာမဆိုလုပ်ဝံ့သည့် ရှက်ကြောက် ရွံ့ရှာဖွယ်ကောင်းသော အပြုအမူ၊ အကျင့်အကြံဆောင်ရွက်မှုကို လည်းကောင်း၊ `မွန်နန်ကရွန်´ခေါ် အခြားလူသားတို့ ရှင်သန်ကြီးပွားမှုမဖြစ်ရအောင် ဟန့်တားမှုပြုသည့် မဖွယ်ရာသော မကောင်းမှုဒုစရိုက်များကို လည်းကောင်း၊ ပုန်ကန်သောင်းကျန်း၊ သစ္စာဖောက်သည့်လုပ်ရပ်တို့ကို လုံးဝမပြုလုပ်ရန် တားမြစ်တော်မူလေသည်´*

*` အသင်တို့ တရားအသိ၊ အသိတရားရကြသူများ ဖြစ်ကြစေရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသိပေးဆုံးမတော်မူလေသည်´* လို့ ဖော်ပြထားတဲ့အာယတ်တော်ကို တင်ပြရင်းနဲ့ ကျွန်တော်ရဲ့တင်ပြမှုကို ရပ်နားလိုက်ရပါတယ်။

## နိုးထသင့်ပြီ အို .. မွတ်ဆလင်မ်

## (အပိုင်း–၁)

ကျွန်တော် ဒီနေ့ ဟောပြောမယ့်ခေါင်းစဉ်ကတော့ **`နိုးထသင့်ပြီ အို-မွတ်ဆလင်မ်´** ဆိုတဲ့ခေါင်းစဉ်နဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေလ(၁)ရက် မေဒေးနေ့မှာ Naing Group ကုမ္ပဏီကနေ ကြီးမှူးပြုလုပ်တဲ့ အလုပ်သမားနေ့ အခမ်းအနားကို ကျွန်တော် ဖိတ်ကြားခြင်းခံရပြီး တက်ရောက်ခဲ့ရာမှာ စာပေပညာရှင်တစ်ယောက်က သူ့ရဲ့မိန့်ခွန်းထဲမှာပြောရင်းနဲ့ သူဟောပြောပို့ချတဲ့အခါမှာ ဘာသာရပ်ဆိုင်ရာနဲ့ပတ်သက်ရင် အခုနောက်ဆုံး ဟောပြောနေတဲ့ခေါင်းစဉ်က **`နိုးထသင့်ပြီ မြန်မာပြည်´** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောလျက်ရှိတယ်လို့ ပြောသွားပါတယ်။

တစ်နည်းအားဖြင့် မြန်မာနိုင်ငံမှာရှိနေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ ရာစုနှစ်နဲ့ချီပြီး အိပ်ပျော်နေရာကနေ ကမ္ဘာကြီးက ၂၁ရာစုကိုသွားနေတဲ့အချိန်မှာ ကျွန်တော်တို့တတွေ အခုအမီလိုက်ဖို့ **`နိုးထသင့်ပြီ မြန်မာပြည်´**ဆိုတဲ့ခေါင်းစဉ်နဲ့ ဆရာက အဲဒီအခမ်းအနားမှာ ဟောပြောသွားတဲ့အချိန်မှာ ကျွန်တော်ကလည်း မေလ(၁၀)ရက်နေ့ ခုတ္တ္တဗါဟ်ပြောရမယ့်အလှည့်မှာ **`နိုးထသင့်ပြီ မြန်မာပြည်´**ကို **`နိုးထသင့်ပြီ အို - မွတ်ဆလင်မ်´** ဆိုတဲ့ ခေါင်းစဉ်နဲ့ပြောဖို့ ကျွန်တော်စီစဉ်ခဲ့ပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ်(၂)၊ အာယတ် (၁၅၁) မှ (၁၅၇)ထိမှာ ဖော်ပြချက်တွေကို ကျွန်တော် တင်ပြသွားမှာဖြစ်ပြီးတော့ အဲဒီအထဲက ကျွန်တော်တို့ကို ပေးနေတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်မိန့်ကြားချက်တွေနဲ့အညီ ကျွန်တော်တို့တတွေလည်း နိုးထသင့်ပြီဆိုတာကို လူကြီးမင်းတို့ တွေ့မြင်လာရမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း(၁၄၀၀)ကျော်က လူသားကမ္ဘာထဲမှာ နောက်ဆုံးတမန်တော်အဖြစ် ပွင့်ပေါ်တော်မူခဲ့တဲ့ မုဟမ္မဒ်ဒွလ် ရစူလ်လွလ္လာဟ်(ဆွ)ဟာ နိုးထသင့်ပြီ အိုလူသားအပေါင်းတို့ ဆိုတဲ့ ပုံစံမျိုးနဲ့ လူတွေ ကမ္ဘာလောကတစ်ခွင်မှာ ဆိုးချင်တိုင်းဆိုး၊ မိုက်ချင်တိုင်းမိုက်၊ လုပ်ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ်၊ ယုံချင်တာကိုယုံမယ်၊ နောင်ခါလာ နောင်ခါချေးလို့ သဘောထားပြီး `ဂျာဟီလီရသ်´လို့ခေါ်တဲ့ အမိုက်မှောင်ထုထဲမှာ ပျော်မွေ့နေတဲ့လူတွေကို နောက်ဆုံး အွန္တိမတမန်တော်မြတ်ကြီးမုဟမ္မဒ်(ဆွ)ဟာ ကျမ်းတော်မြတ်ကုရ်အာန်အားဖြင့် လိမ္မာယဉ်ကျေးသိမ်မွေ့တဲ့ တိုးတက်တဲ့ လူ့အဖွဲ့အစည်းဝင်တွေဖြစ်အောင် ဟောကြားတင်ပြ လက်တွေ့လိုက်နာ ကျင့်သုံးပြသသွားခဲ့ပါတယ်။ ဆူရာဟ် (၂း၁၅၁) မှာ-

အလ္လာဟ်အရှင်မြတ်က ရှေးယခင် လူ့အဖွဲ့အစည်းဝင်များထံ တမန်တော်မြတ်တွေကို စေလွှတ်တော်မူသကဲ့သို့ **" ကမား အာရ် ဆာလ်နာ ဖီးကွမ်းမ် ရစူလာမ် မီန်ကွမ်မ် "** *`အသင်တို့အနက်က ရစူလ်တမန်တော်တစ်ပါးကို အသင်တို့ထံ ငါအရှင်မြတ်က ယခင်က စေလွှတ်တော်မူသကဲ့သို့ စေလွှတ်တော်မူခဲ့ပြီး ဖြစ်တယ်´*

အဲဒီ ရစူလ်တမန်တော်ဟာ **" ယသ်လူ အလိုင်ကွမ်မ် အာယားသိနာ "** *`ငါအရှင်မြတ်ရဲ့ အာယတ် သက်သေလက္ခဏာ အထောက်အထားများ၊ ဒေသနာတော်များကို အသင်တို့အား ဖတ်ကြားရှင်းလင်းပြသ၍ လက်တွေ့၊ လိုက်နာ ကျင့်သုံးပြသ အကောင်အထည် ဖော်ခဲ့ပြီးဖြစ်သည်´*။

**" ဝယူဇာက်ကီးကွမ် "** ***`ဒီနောက်မှာ အသင်တို့ရဲ့ မူလတည်ရှိနေတဲ့ အယူစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ တိုင်းပြည်စွဲ၊ လွဲမှားတဲ့ အစွဲအလမ်းမျိုးစုံကို စင်ကြယ်သန့်ရှင်းစေတော်မူပြီး သင်တို့ရဲ့ ဘဝတွေကို ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ပေးတော်မူမယ့် တမန်တော်လည်းဖြစ်တယ်´***။

**" ဝယူအလ် လီမုကူမွလ် ကိတာဗ် "** ***`ဒို့အပြင် အဲဒီ တမန်တော်ဟာ သင်တို့ကို ကျမ်းဂန်ဒေသနာ (ကုရ်အာန်)မှာပါရှိတဲ့ အသိတရားတွေကို တတ်မြောက်သည်အထိ သင်ကြားပြသမယ့် သူလည်းဖြစ်တယ်´***။ ဒို့အပြင် အသိအလိမ္မာ၊ ဉာဏ်အမြော်အမြင် နှင့်တကွ ကျမ်းဂန်(ကုရ်အာန်)ပါ လမ်းညွှန်မိန့်ကြားချက်တွေကို မည်သို့မည်ပုံ စဉ်းစားဆင်ခြင်၊ တွေးခေါ်မြော်မြင်ရမယ့် ဆင်ခြင် ဉာဏ်အမြော်အမြင်ကို ဘယ်လိုအသုံးပြုရမလဲ ဆိုတာကိုလည်း သင်ကြားပေးလျက် ရှိနေပါတယ်။

**"ဝယူအလ်လိမုကွမ်မ် မာလာမ် သကူလူဟ သအ်လမူးန်" `ဒို့အပြင် အသင်တို့ သိနားလည် သဘောပေါက် ခြင်း မရှိသေးတဲ့ အသိပညာရပ်၊ အတတ်ပညာရပ်များစွာကိုလည်း အသင်တို့ကို အဲဒီတမန်တော်က သင်ကြားပြသ လမ်းပြလျက် ရှိနေပါတယ် ´**

ဒီအခါမှာ မိုက်တွင်းနက်နေတဲ့ လူတွေထဲက လူအများ အပြားဟာ အိပ်ပျော်နေရာကနေ နိုးထလာကြပါတယ်။ အဲဒီလူတွေ တဖြည်းဖြည်းနဲ့ ယုံကြည်သက်ဝင်သူတွေ များလာတာကနေ တမန်တော်မြတ်ကြီး မုဟမ္မဒ်(ဆွ)ဟာ ယဉ်ကျေးမှုထွန်းကားတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုကို ထူထောင်နိုင်ခဲ့တယ်ဆိုတာ လူကြီး မင်းများအားလုံး အသိပဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ မြတ်တမန်တော်ရဲ့ ဆုံးမ လမ်းညွှန်မှုကို လိုက်နာကျင့်သုံးရမှာဖြစ်သလို မြတ်တမန်တော် သွန်သင်ဆုံးမ လမ်းပြခဲ့တဲ့ ကျမ်းမြတ်ကုရ်အာန်ပါ လမ်းညွှန်မိန့် ကြားချက်များကို ကိုယ်တိုင် သိရှိနားလည် သဘောပေါက်အောင် လေ့လာသင်ယူ ဆည်းပူးရင်းနဲ့ မိမိဘဝသက်တမ်းတလျှောက် လက်တွေ့လိုက်နာကျင့်သုံးဖို့ လိုအပ်မှာဖြစ်ပါတယ်။

အဲဒီနောက်မှာ ကျွန်တော်တို့အားလုံးဟာ အဲဒီလို တမန်တော်မြတ်ကြီး လမ်းမှန်သို့ ညွှန်ကြားပြသနိုင်ရေးအတွက် စေလွှတ်တော်မူခဲ့တဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ကျေးဇူးကို ထုတ်ဖော် ရမှာဖြစ်ပြီး ဘယ်တော့မှ မေ့ရမှာမဟုတ်ဘူးဆိုပြီးတော့ ကျမ်းမြတ် ကုရ်အာန် ဆူရာဟ် (၂) အာယတ် (၁၅၂)မှာ ပြောထားတာက -

**" ဖက်ဇ်ကူရူနီး အာဇ်ကူးရ်ကွမ်မ် "** ***`သင်တို့ဟာ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့သတိရ´*** ။ တစ်နည်းအားဖြင့် ကျွန်တော်တို့ အလွယ်တကူပြောရရင် **ဆွဗ်ဟာနလ္လား၊ အလ်ဟာမ် ဒုလိလ်လား၊ အလ္လာဟ်ဟု အက္ကဘရ်** ။ အလ္လာဟ်ရဲ့ ဂုဏ်တော်တွေကို အောက်မေ့တသ သတိရတာတွေ အပါအဝင် အလ္လာဟ်အရှင် မြတ်ရဲ့ လမ်းညွှန်မိန့်ကြားချက်တွေကို အမြဲတမ်း အောက်မေ့တသ ပုံဖော်နေရင်းနဲ့ အလ္လာဟ်လမ်းညွှန်ပြသတဲ့အတိုင်း လက်တွေ့ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဖို့ တာဝန်ရှိပါတယ်။

**" အာဇ် ကုရ်ကွမ်မ် "** အရှေ့မှာ (ဖေ့ရ်)နဲ့ဖော်ပြပြီးတော့ အနောက်မှာ ဂျဇမ်နဲ့ဖော်ပြထားတာကို ကြည့်မယ်ဆိုရင် လုပ်ရပ် တစ်ခုရဲ့အကျိုးဆက်၊ ဆုလဒ်ကို ရလဒ်ကိုဖော်ပြတဲ့အခါမှာ အရဗီ စာမှာ(ဖေ့ရ်)ကိုဖြုတ်ပြီးတော့ (ဂျဇ်မ်)နဲ့ဖော်ပြလေ့ရှိပါတယ်။ အကြောင်းတရားကြောင့်ဖြစ်ပေါ်လာတဲ့အကျိုးတရားကိုညွှန်းပါတယ်။

အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်မိန့်ကြားချက်ကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ရင်းနဲ့ အလ္လာဟ်ရဲ့ ကျေးဇူးတော်တွေကိုထုတ်ဖော်မယ်။ အလ္လာဟ်ကို အမြဲတမ်း အသိ သတိနဲ့ယှဉ်ပြီး ရင်ထဲမှာ အသဲထဲမှာ စိတ်ထဲမှာ လုပ်ရပ်တိုင်း၊ လုပ်ရပ်တိုင်း အရေးကိစ္စမှန်သမျှတိုင်းမှာ အလ္လာဟ့်ဂုဏ်တော်တွေကို ဖော်ညွှန်းနေမယ်ဆိုရင် အလ္လာဟ်အရှင်မြတ်ကလည်း ကျွန်တော် တို့ကို (ဒီနေရာမှာ လွယ်လွယ်ပြောရရင် အလ္လာဟ်ကလည်း သတိ ပြန်ရမယ်ဆိုပါတော့)။

ကျွန်တော်တို့လို လူပုဂ္ဂိုလ်တွေရဲ့ သတိရတာမျိုး မဟုတ် ဘဲနဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ **`လုပ်ရပ်တစ်ခုအတွက် ချီးမြှင့်မယ့် အကျိုးဆက်ရလဒ်´** ကို အရှင်မြတ်က ပုံဖော်ပြသပေးမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ အလ္လာဟ့်ဥပဒေပြဋ္ဌာန်းချက်ကို တစ်ခုလိုက် နာလိုက်တဲ့အချိန်မှာ အဲဒီတစ်ခုနဲ့လျော်ညီတဲ့ ကောင်းကျိုးရလဒ် (ဆုလဒ်)ကို အရှင်မြတ်က ကျွန်တော်တို့ကို ချက်ချင်းချီးမြှင့်ပြီးသား ဖြစ်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ပြီးတော့ **"ဝါရှ်ကုရုလီ"** အလ္လာဟ်က ပြောတယ်။ "အလ္လာဟ် ကို သတိရဖော်ထုတ်။ အလ္လာဟ်ရဲ့ကျေးဇူးတော်တွေကိုဖော်ထုတ်။ အလ္လာဟ်ရဲ့ကျေးဇူးတရား ဘယ်တော့မှမမေ့ကြနဲ့။ အလ္လာဟ်ကို အမြဲတမ်း ကျေးဇူးတင်လျက်ရှိနေကြ" ဆိုပြီးဖော်ပြတယ်။

ကောင်းပြီ။ အလ္လာဟ့်ကျေးဇူးတွေ ကျွန်တော်တို့အပေါ် မှာ အများကြီးရှိနေတယ်။ အလ္လာဟ်ကို ယုံသည် ဖြစ်စေ၊ မယုံသည် ဖြစ်စေ၊ အလ္လာဟ်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်ရှိတယ်လို့ပြောတဲ့ လူပဲဖြစ်ဖြစ်၊ အလ္လာဟ်မရှိပါ ဘူးလို့ပြောတဲ့လူပဲဖြစ်ဖြစ်၊ အဲဒီလူတွေ အလ္လာဟ်အရှင်မြတ် ချီးမြှင့် ပေးသနားတော်မူတဲ့ လေ၊ ရေ၊ သဘာဝအလင်းရောင် စတာတွေ ကို သူ သေချာပေါက် ရရှိခံစားရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်

သဘာဝအရင်းအမြစ်တွေ၊ သစ်တောအရင်းအမြစ်တွေ၊ ရေ အရင်းအမြစ်တွေ စတဲ့ သဘာဝနိယာမတစ်ခုလုံးက ပေးနေတဲ့ အကျိုးကျေးဇူးတွေကို အလ္လာဟ်ကိုယုံတဲ့လူလည်း ခံစားရသလို အလ္လာဟ်ကို မယုံတဲ့လူလည်း ခံစားရတယ်။ အဲဒီ့ အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူး လူတွေမမေ့နဲ့ တဲ့။

အလွယ်ကူဆုံးဗျာ။ အလ္လာဟ့်ကျေးဇူးကိုမေ့တဲ့ အိမ်တွေထဲမှာ ကျွန်တော့်အိမ်လည်းပါတယ်။ ကျွန်တော် နမူနာတစ်ခု ပြောပ့ါမယ်။ အခုပြောမှာ ကျွန်တော့်အိမ်ကို နမူနာပေးပြီးပြောတာပါ။ လူကြီးမင်းတို့ကို တိုက်ရိုက်ထိခိုက်သွားမယ်ဆိုရင်တော့ ကျွန်တော် မတတ်နိုင်ပါဘူး။

လွယ်လွယ်လေး စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ မီးမလာရင် ရေမလာဘူး။ ရေမလာရင် နီးစပ်ရာနေရာက အသည်းအသန် သွားခပ်ရတယ်။ မီးလာလို့ ရေလာလည်းလာရော ကတ္တရာလမ်းကိုပါ ရေပက်ကြရော။ တစ်နေ့ သုံးခါပက်မယ်။ ရေကို ဖြုန်းတီးမယ်။ တစ်ချို့ အပေါ်ထပ်အိမ်တွေ ရေဒုက္ခကို ပိုသိပါတယ်။ ဒါပေမဲ့ ရေဖြုန်းတီးတဲ့နေရာမှာလည်း နံပါတ်တစ်။ ဘာလို့လည်းဆိုရင် ရေမလာတော့ ဒုက္ခခံပြီး၊ အိပ်ရေးပျက်ခံပြီး ညဘက်သန်းခေါင်မှ ရေဖွင့်ကြတယ်။ မော်တာဖွင့်ပြီး သူဝင်အိပ်လိုက်တယ်။ တစ်ညလုံး နောက်ဖေးမှာ ရေလျှံနေတယ်။

ကျွန်တော်ကလည်း ကျွန်တော်တစ်ယောက်တည်းရဲ့ ခံစားချက်က ရေဘုံပိုင်က ပုံးထဲကိုကျနေတဲ့ ရေတစ်စက် တစ်စက်ရဲ့ အသံ(ရေသံ)ကြားနေရင် ကျွန်တော် အိပ်ပျော်နေရာကနေ လန့်နိုးသွားတယ်။ အဲဒီ ရေတစ်စက်တစ်စက် အစက်ပေါင်း မြောက်များစွာကိုစုလိုက်ရင် ရေတွေအများကြီးရမယ်။ ကျွန်တော် ကျွန်တော့်မိသားစုကို ဆုံးမတယ်။ ရေရဲ့တန်ဖိုးကို သိချင်ရင် အဝေးကြီးမသွားနဲ့။ ရန်ကုန်မြို့ကနေ ဗမာငွေ ၁၀၀(တစ်ရာ)ကျပ် ပေးရင် ဟိုဘက်ကမ်း(ဒလ)ကိုရောက်တယ်။ ဒလမှာ ညနေ(၃)နာရီ (အခု ဆွလာဟ်ပြီးရင်သွားကြည့်လို့ရတယ်)ဆိုရင် ရေတစ်ထမ်းရဖို့အရေး တန်းစီရတာက အရှည်ကြီး။ ကလေးတွေ ကျောင်းလွှတ်တာနဲ့ လွယ်အိတ်ပစ်ချ။ ရေသွားတန်းစီ။ ကန်တွေကလည်း ရေခမ်းနေပြီ။ ရေရှားပါးမှုပြသနာကို ရင်ဆိုင်နေရတယ်။

အကြောင်းတိုက်ဆိုင်လို့ ကျွန်တော်ပြောရရင် လူကြီးမင်းများ အခုအချိန်မှာ အလှူသင့်ဆုံး အလှူတွေထဲမှာ (ဒုက္ခသည်စခန်းတွေကိုလည်း လှူတာလည်းလှူပေ့ါ) ရေအလှူကို လှူသင့်ပါတယ်။ လူတွေ ရေဒုက္ခ အရမ်းရောက်နေပါတယ်။ လူကြီးမင်းတို့ အနေနဲ့ ဒီအချိန်မှာ လှူသင့်တဲ့အလှူ၊ လှူသင့်တဲ့အချိန်ပဲ ဖြစ်ပါတယ်။ အဲဒီထက်ပိုပြီး လူကြီးမင်းတို့ အမြဲတမ်းအလှူ လှူချင်တယ်ဆိုရင်လည်း ကျေးလက်ဒေသ ရေရရှိရေးဆိုတာ ကျွန်တော်တို့ ဒီဗိုလ်တထောင် လင်းစဒေါင်းထဲမှာ ရှိပါတယ်။ တွင်းတစ်တွင်း (ပေ 200) တူးရင် ငါးသိန်း၊ (ပေ 400) တူးရင် ဆယ်သိန်း၊ အဲဒီမှာ သွားလှူမယ်ဆိုရင် အလှူရှင်အမည်ကို ကမ္ပည်းတင်ပေးတယ်။ ရေစက်ပါ မောင်းပေးမယ်ဆိုရင် အခု သိန်းအစိတ် (၂၅သိန်း)ကနေ သိန်းလေးဆယ်အထိ ကျမယ်။ အဲဒါ သူတို့က တူးပေးမယ်။

တခါတလေ ကျွန်တော်ပြောတယ်။ ကျွန်တော်တို့မွတ်ဆလင်မ်တွေ လှူသင့်တယ်။ မကွေးတို့၊ စစ်ကိုင်းတို့ ရေရရှိရေး လုပ်နေတဲ့နေရာမှာ လှူလိုက်ပါ။ လှူပြီးရင် ဟာဂျီ ဦးသန်းအောင်၊ ဟာဂျီမ ဒေါ်ဘယ်သူ၊ ဟာဂျီ ဦးဖြူ ရေးခဲ့ပါ။ အဲဒီရေကို သူတို့ခတ်မယ်၊ သောက်မယ်။ အဲဒီလို နယ်ပယ်အသီးသီးမှာ လုပ်မယ်ဆိုရင် ပထမတော့ ပြောမှာပေ့ါ။ ဒီကုလားတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်။ နောက် တဖြည်းဖြည်းနဲ့ ဒီကုလားလို့ မပြောတော့ဘူး။ ဒီမွတ်ဆလင်မ်တွေလဲ မဆိုးဘူး။ အလှူတန်းမှာ ရေအကျိုးဆယ်ပါး ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ဟာဂျီ ဦးသန်းအောင် ကျန်းမာပါစေ။

သူတို့လည်း ဆုတွေ ဘာတွေ တောင်းကြမယ်။ နောက် တဖြည်းဖြည်းနဲ့ ကုလားကြီးလည်းခေါ်မှာ မဟုတ်တော့ဘူး။ အရာကြီးလည်း ခေါ်မှာမဟုတ်တော့ဘူး။ ဆရာကြီး ဖြစ်သွားလိမ့်မယ်။ တခါတလေ ကျွန်တော်တို့မွတ်ဆလင်မ်တွေအနေနဲ့ ဒီလိုမျိုး အလှူအတန်းတွေကို လှူကောင်းတယ်၊ လှူသင့်တယ်၊ လှူဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော်တို့ သိဖို့လိုပါတယ်။ ရေကျေးဇူး၊ လေကျေးဇူး အများကြီးရှိတယ်။ အလ္လာဟ်ရဲ့ကျေးဇူးတွေကို ကျွန်တော်တို့ သိတတ်ဖို့လိုပါတယ်။ အလ္လာဟ်က ပြောတယ်။ ***'ငါ့ရဲ့ ကျေးဇူးကို သိတတ်ကြ'*** ။ ကျွန်တော်တို့ ရေကို မဖြုန်းတီးနဲ့။ အလ္လာဟ်က ပြောတယ်။ ***'စား၊ သောက်၊ မဖြုန်းတီးနဲ့'*** လို့ ပြောတယ်။ ကျွန်တော်တို့က ဖြုန်းတီးတယ်။ ***'ဖြုန်းတီးတဲ့သူကို ငါ လုံးဝ မနှစ်သက်ဘူး'*** လို့ ပြောတယ်။

ကျွန်တော် ဖြုန်းတီးရင် အလ္လာဟ်မနှစ်သက်တဲ့ အုပ်စုထဲမှာပါမယ်။ ငါးကြိမ်မကလို့ ဆယ်ကြိမ်ဖတ်။ ရမ်မသွါန်လ တစ်လမကလို့ တစ်သက်လုံး ဝါရှောင်။ ဝါရှောင်တဲ့ကိစ္စက တစ်ခု၊ ဖြုန်းတီးတဲ့ကိစ္စကတစ်ခု ဖြစ်လိမ့်မယ်။ အလ္လာဟ်က ပြောတယ်။ ကျေးဇူးသိတတ်။ အလ္လာဟ့်ကျေးဇူးကို သိတတ်။ အလ္လာဟ့်ကျေးဇူး ဘယ်တော့မှ မကန်းနဲ့တဲ့။ ကျွန်တော်တို့ အရမ်းသတိထားဖို့လိုတဲ့ အချက်တွေပါ။

ကောင်းပြီ။ ပြီးတော့ ကျွန်တော်တို့မှာ လိုအပ်ချက်တွေ ရှိလာရင် အလ္လာဟ်က ပြောတယ်။ နည်းလမ်း နှစ်သွယ်နဲ့ အလ္လာဟ်အရှင်မြတ်ဆီမှာ ရအောင်လုပ်လို့ရတယ်။ " **ယာ အိုင်ယ်ယူဟာလ်**

**လဇီးနား အားမနူးသ် သအီးနူ ဘိစ်ဆွဗ္ဗရေ ဝါစ်ဆွလာဟ် အင်န် နာလ်လာဟာ မအားစ်ဆွာဘေရီးန် "**

***`အို အီမာန်သက်ဝင်ယုံကြည်ပြီးသူအပေါင်းတို့ စိတ်ရှည်၊ သည်းခံ၊ ခန္တီပါရမီနဲ့ ပြည့်စုံအောင် နေကြ´*** ဒါက ဆွဗရ်ရဲ့ အခြေခံသဘောတရားပဲ။ အဲဒီကနေ တစ်ဆင့်တက်လိုက်ရင် ***`မယိမ်းမယိုင် ကျောက်စာတိုင်ပမာ ကြံ့ကြံ့ခံရပ်တည်´*** ကြိုက် သလို လာတွန်း၊ ကြိုက်သလို လာတိုက်၊ ကြိုက်သလို လာတိုက်ခိုက်၊ အစ္စလာမ်ဆိုတဲ့ အမှန်သစ္စာတရားအပေါ်မှာ ရပ်တည်နေတဲ့ ခြေကုပ်ကို ဘယ်လိုအရာ၊ ဘယ်လိုလူ၊ ဘယ်လိုလူ့အဖွဲ့အစည်း ကမှ လာရောက်ပြီး တွန်းတိုက်လို့မရလောက်အောင် ရပ်တည်မှု ခိုင်မာစွာနဲ့ အမှန်သစ္စာတရားပေါ်မှာ ရပ်။

***"ဒို့အပြင် လူနဲ့လူ့ပတ်ဝန်းကျင် အကျိုးဖြစ်ထွန်းစေမယ့် အလ္လာဟ်ရည်ညွှန်းပြသထားပြီး တမန်တော်မြတ်က ကိုယ်တိုင် ပုံဖော်ဆောင်ရွက်ခဲ့တဲ့ လူသားအကျိုးပြုလုပ်ငန်း ဆောင်ရွက်တဲ့ ဆွလာဟ်ဆိုတဲ့စနစ်ဇယားပေါ်မှာလည်း ရပ်။ အဲဒီစနစ်ကို ပုံဖော်။ အဲဒီလို ပုံဖော်ပြီးတော့ မိမိမှာရှိတဲ့လိုအပ်ချက်တွေကို အရှင်မြတ် ထံမှာ တောင်းခံ ရယူမှုပြုကြ "***။

" **အင်န်နာလ်လာဟ မအာစ်ဆွာဗေရီးန် "** အချက်(၂) ချက်ပြောပေမယ့် ဆွလာဟ်ကို ပုံဖော်တဲ့နေရာမှာလည်း `ဆွဗရ်´ ဆိုတာအရေးကြီးတယ်လို့ ဒီအာယတ်က ဖော်ပြနေပါတယ်။ ကျွန်တော်တို့ `ဆွလာဟ်´စနစ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ လွယ်လွယ်ကူကူ အကောင်အထည်ဖော်လို့ ရနိုင်မှာမဟုတ်ပါဘူး။ ခက်ခဲကြမ်းတမ်းပါလိမ့်မယ်။ အခက်အခဲတွေ တွေ့ရပါလိမ့်မယ်။ အဲဒီလို အခက်အခဲ၊ ကြမ်းတမ်းမှု၊ တိုက်ခိုက်မှုတွေနဲ့ ကြုံတွေ့လာရတဲ့အခါမှာ မယိမ်းမယိုင် ကျောက်စာတိုင်ပမာ တည်တံ့ခိုင်မြဲစွာ နေတဲ့လူတွေနဲ့ အလ္လာဟ်အရှင်မြတ်က အတူရှိတော်မူတယ်။

တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်က ဒီလူတွေကို အမြဲတမ်း အားပေးကူညီ ထောက်ပံ့ဖြည့်ဆည်းပေးနေတယ်လို့ ဖော်ပြထားတာကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။

နောက်တစ်ခါ အဲဒီကနေ တစ်ဆင့်တက်လာရင် အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းစဉ်၊ အလ္လာဟ့်ဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်နေရင်းနဲ့ တမန်တော်မြတ်ကြီး မုဟမ္မဒ်(ဆွ) လက်ထက်ကဆိုရင် ပထမဦးဆုံး ညှိနှိုင်းမှုလာမယ်။ ညှိနှိုင်းလို့မရတဲ့အခါမှာ တိုက်ခိုက်မှုလာမယ်။ အဲဒီလို တိုက်ခိုက်မှုလာရင်းနဲ့ ပထမ အပုပ်ချတယ်။ အပုပ်ချနေရင်းနဲ့ နောက်ဆုံး မရတဲ့အခါ အသက်ကို အန္တရာယ်ပြုလာတယ်။

အဲဒီအခါမှာ တမန်တော်မြတ်(ဆွ)နဲ့ ယုံကြည်သူတို့ဟာ မွေးရပ်မြေကိုစွန့်ခွာပြီး မက္ကာဟ်ကနေ မဒီနာကို ပြောင်းရွှေ့သွားကြရတယ်။ ပြောင်းသွားပြီးတဲ့အထိ ဒီကနေ လိုက်ပြီး တိုက်ခိုက်တယ်။ တိုက်တဲ့အခါမှာ တိုက်ပွဲတစ်ခုဖြစ်ပြီဆိုရင် တစ်ဖက်က အမှန်တရားပေါ်မှာ ရပ်တည်တဲ့ သားကောင်းစစ်သည်တွေ ပေါ့ဗျာ။ တစ်ဖက်က သောင်းကျန်းမှုနဲ့ အဖျက်သမားကို လိုလားတဲ့ သောင်းကျန်းသူအဖွဲ့အစည်းပေါ့ဗျာ။

အဲဒီလိုဖြစ်လာရင် နှစ်ဖက်စလုံးမှာ အကျအဆုံးရှိမယ်။ တိုင်းပြည်အတွက် အသက်ပေးစွန့်လှူခဲ့ရတဲ့လူတွေ၊ ခန္ဓာကိုယ် စွန့်လွှတ်ခဲ့ရတဲ့လူတွေလည်း ရှိတယ်။ အဲဒီလူတွေအတွက် အလ္လာဟ်အရှင်မြတ်က အာမခံချက်တစ်ခုပေးပါတယ်။ နိုင်ငံသားကောင်းတွေ၊ တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်တယ်လို့ ပြောလို့ရတဲ့ အမှန်သစ္စာတရားပေါ်မှာ မြဲမြံစွာ ရပ်တည်ဆောင်ရွက်ရင်းနဲ့ အသတ်ခံရတဲ့လူတွေနဲ့ပတ်သက်ပြီး ဆူရာဟ်(၂း၁၅၃)မှာ **`အလ္လာဟ့် ဥပဒေ လမ်းညွှန်ပြဋ္ဌာန်းချက်ကို ပုံဖော်လျှောက်လှမ်းရင်းနဲ့ အလ္လာဟ့်လမ်း မှာ အသတ်ခံရတဲ့လူတွေကို လူသေတွေလို့ သင်တို့ မပြောကြ နဲ့ ´**။

**" ဘားလ်အဟ်ယာအူးန် ဝါလာကီလ်လား သရ်ှကူရူးန် "** " ***အဲဒီလူတွေ သေသွားတာလုံးဝမဟုတ်ဘူး*** " ။ လူ့ရုပ်ခန္ဓာ သေသွားမယ်။ လွယ်လွယ်လေးဗျာ။ အစ္စလာမ်သမိုင်းမှာကြည့်ရင် ဟာဇရသ် အူမရ် (ရဒ္ဓိ) လုပ်ကြံခံရတယ်။ သေသွားတယ်။ ဟာဇရသ် အလီ(ရဒ္ဓိ) လုပ်ကြံခံရတယ်။ သေသွားတယ်။ ဒါပေမဲ့ ဒီနေ့ ကမ္ဘာပေါ်မှာ အူမရ်တွေလည်းအများကြီးပဲ။ အလီတွေလည်း အများကြီးပဲ။ အေမာမ်ဟာဆန်၊ အေမာမ်ဟူစိန် လုပ်ကြံခံရတယ်။ သေတယ်။ ဒါပေမဲ့ အများကြီးပဲ။ တခြားသော အလ္လာဟ့်လမ်းမှာ အသတ်ခံရတဲ့ အဆွပ်တော်တွေလည်း အများကြီးပဲ။

ဒါပေမဲ့ သေချာတာတစ်ခုကတော့ သူတို့ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြတဲ့ လူတွေရဲ့နာမည်ကို ဂုဏ်ပေးပြီးတော့ `ငါတို့တော့ သားယောကျ်ားလေး မွေးပြီဟေ့´ `ယဇီးဒ်´လို့ထားရအောင်လို့ ဘယ်သူမှတော့ မပြောပါဘူး။ `ငါတို့တော့ သမီးမိန်းကလေး မွေးပြီဟေ့´`ဟိန္ဒ´လို့ထားလိုက်ရအောင်လို့တော့ ဘယ်သူမှမပြောပါဘူး။ `ဟိန္ဒ´တို့က အသက်ရှင်ပေမဲ့ သူတို့ဘဝသမိုင်းကြောင်းမှာ သေသွားပြီ။

ဟာဇရသ်အူမရ်တို့၊ ဟာဇရသ်အလီတို့၊ ဟာဇရသ်ဟူစိန်၊ ဟာစန်တို့ စတဲ့ အဆွားဗ်တော်တွေ အသက်ပေးပြီး သေသွားပေမဲ့ ဒီကနေ့ ကမ္ဘာပေါ်မှာ ဟာဆန်တွေလည်းအများကြီး။ ဟူစိန်တွေလည်း အများကြီးပဲ။ အူမရ်တွေ၊ အလီတွေလည်း အများကြီးပဲ။

အဲဒီလိုပဲ။ ကမ္ဘာ့သမိုင်းကြောင်းတစ်လျှောက် ကြည့်လိုက်ရင် အာဇာနည်ဆိုတဲ့ပုဂ္ဂိုလ်တွေရဲ့ နာမည်တွေနဲ့ အမှန်သစ္စာတရားပေါ်မှာ လျှောက်လှမ်းခဲ့တဲ့လူတွေရဲ့ နာမည်ကို ဂုဏ်ပေးပြီး နောင်လာနောင်သားတွေကိုပေးခဲ့သလို အဲဒီလူတွေကို လုပ်ကြံသတ်ဖြတ်လိုက်တဲ့ လူမိုက်တွေ၊ လူရမ်းကားတွေ၊ အကြမ်းဖက်သမားတွေရဲ့နာမည်ကို ဂုဏ်ပေးပြီး နာမည်ပေးတာမျိုး မရှိပါဘူး။

အဲဒီအာဇာနည်ပုဂ္ဂိုလ်တွေဟာ လူသေသွားပေမဲ့ နာမည်ဂုဏ်သိက္ခာ ဘယ်တော့မှမသေပါဘူးတဲ့။ သူတို့အမြဲတမ်း ရှင်သန်နေတယ်။ သင်တို့ဟာ သင်တို့ရဲ့တွေးဆဆင်ခြင် သိမြင်နိုင်မှုတော့ အားနည်းပါလိမ့်မယ်။ ကောင်းပြီ။ ကျွန်တော်တို့ကရော ဒီလိုပဲ။ **" လားအိလာဟ အိလ်လလ်လာဟ် မုဟမ္မဒ်ဒွလ် ရစူလ်လွလ်လားဟ် "** တစ်နေ့ငါးကြိမ်၊ မမှီရင် သုံးကြိမ်၊ နောက်ဆုံးမမှီရင် ဖဂျရ်လောက်ဖတ်၊ မမှီရင် အေရှာလောက်ဖတ်။ ရမ်ဇွါန်လရောက်ရင် တစ်ရက် ဒါမှမဟုတ် တစ်ဆယ့်ငါးရက်၊ ဒါမှမဟုတ် ၁-၁၅-၃၀ သုံးရက်၊ ဒါမှမဟုတ် ကဒရ်ညလောက်ပေါ့။ ပိုက်ဆံရှိရင် ဟဂျ် တစ်နှစ်တစ်ခါသွား။ အာပတ်ဖြေ။ ပြီးရင် တစ်နှစ်လုံး လုပ်ချင်တာလုပ်။ အဲဒီလိုတွေ လုပ်လိုက်ရုံနဲ့ အလ္လာဟ်ကို ယုံပါပြီလို့ ပြောလိုက်ရုံနဲ့ အလ္လာဟ်က ကျွန်တော်တို့ကို အရည်အသွေးမစစ်၊ ပေါ်လွင်ထင်ရှားအောင်မလုပ်ဘဲနဲ့ လွှတ်ထားလိုက်လိမ့်မယ်လို့ လူတွေက ထင်နေလား ... တဲ့။ ဆူရာဟ် (၂း၁၅၄)မှာ-

အလ္လာဟ်အရှင်မြတ်က အသင်တို့ကို ( ရှေ့မှာ **`ယာအိုင်ယူဟာလ် လဇီးန အာမနူး´**) လို့ အီမာန်သက်ဝင်ယုံကြည်ပါပြီလို့ ပြောတဲ့လူတွေကို အလ္လာဟ်ကပြောတယ်။ ကြောက်ရွံ့ခြင်းကြောင့်သော်လည်းကောင်း၊ `ခေါက်ဖ်´ကိုကြည့်ရင် ဘာတွေ့ရလဲဆိုတော့ ကြောက်ရွံ့ခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း၊ လုံခြုံမှုကင်းမဲ့ခြင်း။ အဲဒီလိုကြောက်လာရင် လူက ကြောက်ရွံ့စိတ်ကြောင့် သူ့ရဲ့ မူလရှိရင်းစွဲ ခန္တီပါရမီ လျော့နည်းလာပါတယ်။

**`ဝါရ် ဂျူးအ်´** ဆာလောင်မွတ်သိပ်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း။ သမုဒ္ဒရာ ဝမ်းတစ်ထွာလို့ ပြောကြပါတယ်။ တကယ်ပဲ ဝမ်းက တစ်ထွာပဲမို့လို့ပါ။ ကျွန်တော်တို့ နောက်ပြီး ပြောကြတယ်။ ဝမ်းတစ်ထွာမဟုတ်ဘဲ ဝမ်းတစ်တောင်သာဆိုရင် သွားပြီလို့။ ဝမ်းတစ်ထွာတောင်မှ လူတွေ ဟုတ်တာ၊ မဟုတ်တာ၊ တရားတာ၊ မတရားတာ နည်းလမ်းပေါင်းစုံနဲ့ရှာပြီး စားနေကြတယ်။ ဝမ်းတစ်တောင်သာဆိုလို့ကတော့ လောကကြီးမှာ လူတစ်ဝက်လောက် သေပြီလို့။ လူတွေ သတ်ကြမှာပဲ။

အဲဒီတော့ **" ဝါလ် ဂျူး ဝါနာက်စွမ်းမ မီနားလ်အမ်မ်ဝါးလ် ဝါလ်အာန်ဖူဆိ ဝါစ်ဆမရွာသ် "** ။ အရင်းအမြစ်တွေ၊ ဥစ္စာပစ္စည်းတွေ ပျက်စီးဆုံးရှုံးမှုကြောင့်လည်းကောင်း၊ ကိုယ် စိတ် နောက်ဆုံး အသက် သေကြေပျက်စီးမှုကြောင့်သော်လည်းကောင်း၊ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေ၊ ကောက်ပဲသီးနှံများ၊ လယ်မြေများ၊ လယ်မြေ မတရားသိမ်းခံလိုက်ရလို့သော်လည်းကောင်း၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံများ အထွက်နည်း ဆုံးရှုံးမှုများကြောင့်သော်လည်းကောင်း၊ တွေ့ကြုံလာရရင် လူဆိုတဲ့လူက တုန်လှုပ်မှု၊ ချောက်ခြားမှု၊ ပျက်စီးမှု ဖြစ်စေပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာရှိနေတဲ့ ယဉ်ကျေးမှုစကားနဲ့ ပြောရရင် **`ဘယ်လိုလုပ်မလဲဗျာ ... အများမိုးခါးရေသောက်နေကြတဲ့ ခေတ်ကြီးမှာ ကျွန်တော်က ဘာကောင်မို့လို့လဲ၊ ကျွန်တော်က ဘာများတတ်နိုင်မှာလဲ´**။ အဲဒီတော့ ကျမ်းမြတ်ကုရ်အာန်ရဲ့ အရှိတရား ဆုံးမချက်ကတော့ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့ဆိုတဲ့ မှုကို လမ်းညွှန်ပြနေပါတယ်။

ပညာရှင်တွေက စိုးရိမ်ခြင်းနဲ့ပတ်သက်တဲ့ `ခေါက်ဖ်´ မှာ အသက်အိုးအိမ်စည်းစိမ်၊ ဥစ္စာဓနတွေ ပျက်စီးသွားတာ၊ ဆုံးရှုံးသွား တာတွေပါသလို၊ လူတစ်ယောက်ချင်း လူ့အဖွဲ့အစည်းဝင်တွေရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ဘဝလုံခြုံမှုကင်းမဲ့နေတာလည်း ပါပါ တယ်တဲ့။ နောက်တစ်ခါ လူ့ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေတဲ့ အခြေအနေလည်း ပါပါတယ်တဲ့။ ဒ့ါအပြင် လူအချင်းချင်း ခွဲခြား ဆက်ဆံခံရခြင်းတွေလည်း အဲဒီ`ခေါက်ဖ်´ဆိုတဲ့ ကြောက်ရွံ့စိုးရိမ်၊ သောကဖြစ်ခြင်းထဲမှာ ပါပါတယ်တဲ့။

နောက်တစ်ခါ `ဂျူးအ်´လို့ခေါ်တဲ့ မွတ်သိပ်ဆာလောင် ခြင်းဆိုတဲ့နေရာမှာတဲ့ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့်သော် လည်းကောင်း၊ လူ့ပယောဂကြောင့်သော်လည်းကောင်း၊ လူတွေ၊ လူ့အဖွဲ့အစည်းဝင်တွေ လူမှုဒုက္ခများ တွေ့ကြုံခံစားရခြင်းဖြင့် ဆာလောင်မွတ်သိပ်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းဆိုတာလည်း ပါပါ တယ်။

**" ဝါနာက်ဆွင်မ် မီနာလ်အမ်မဝါလေ ဝါလ်အာန်ဖူဆေ ဝါဆ်ဆမာရာသ် "** နဲ့ပတ်သက်ပြီး ဥစ္စာပစ္စည်းဆုံးရှုံးမှု၊ ဥစ္စာပစ္စည်း ပျက်စီးခြင်းဆိုတာ မီးဘေး၊ ရေဘေး၊ ခိုးသားဓါးပြတို့ ခိုးယူလုယက် ခြင်း၊ ရန်သူမျိုးငါးပါးကြောင့် ဥစ္စပစ္စည်း၊ အသက်အိုးအိမ်စည်းစိမ် တွေ ပျက်စီးခြင်းလည်း ပါပါတယ်။ အသက်ဇီဝိန်ပျက်စီးခြင်းဆိုတဲ့ နေရာမှာ လူတစ်ယောက် အသက်မသေဘဲနဲ့ အနာရောဂါဘယ ဘေးတွေ ဖိစီးလာတာတွေ၊ ဒ့ါအပြင် အခုအချိန်မှာ အများဆုံးကြုံ တွေ့လာတဲ့ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်စေ၊ ယခုကမ္ဘာပေါ် မှာ ကြုံတွေ့နေရတဲ့ လူတွေရဲ့ ပယောဂကြောင့် ဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေ၊ စစ်ပွဲတွေရဲ့ဘေးဒဏ်ကြောင့်ဖြစ်စေ၊ လူမိုက် လူဗာလ

အဖျက်သမားတွေရဲ့ ရန်ပြုအန္တရာယ်ပေးမှုကြောင့်ဖြစ်စေ ဖြစ်ပေါ်လာတဲ့ ပျက်စီးဆုံးရှုံးမှုတွေဟာလည်း ပါဝင်ပါတယ်။ လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေ ကောက်ပဲသီးနှံ ပျက်စီးခြင်းဆိုတဲ့နေရာမှာ လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေတွေသာမက မိမိတို့နေ့စဉ်ဆောင်ရွက်နေတဲ့ ရောင်းဝယ်ဖောက်ကားနေတဲ့ လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးမှု တွေ့ကြုံရခြင်း၊ သားသမီးရင်သွေးငယ်တွေရဲ့ ဘဝတက်လမ်း၊ ပညာဆည်းပူးမှုစတဲ့ လူမှုဘဝ ထူထောင်မှုတွေအပါအဝင် အသက်သေကြေ ပျက်စီးမှုတွေကိုလည်း ဆိုလိုပါတယ်။ ဒါက ပညာရှင်တွေ အမျိုးမျိုးဖွင့်ဆိုထားတဲ့ ဒီအာယတ်ရဲ့ ဖွင့်ဆိုရှင်းလင်းချက်တွေဖြစ်ကြောင်းကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။

အခု ကျွန်တော်ပြောသလို ဘေးဒုက္ခအန္တရာယ်အမျိုးမျိုး၊ ကြောက်ရွံ့စိုးရိမ်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ဥစ္စာပစ္စည်းများ၊ အရင်းအမြစ်များ၊ လူ့ဂုဏ်သိက္ခာနဲ့ လူ့ဘဝ အသက်သေကြေ ပျက်စီးခြင်းနဲ့ လူငယ်တွေရဲ့ အခွင့်အလမ်းတွေ၊ လယ်ယာဥယျာဉ်မြေနဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ ပျက်စီးဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး လူတွေရဲ့ဘဝမှာ ကြုံတွေ့ရလေ့ရှိပြီးတော့ အဲဒီအပေါ်မှာ လူတွေရဲ့ ယုံကြည်ချက်နဲ့စိတ်နေစိတ်ထား ဘယ်လိုပြောင်းလဲသွားမလဲ ဆိုတာကို အလ္လာဟ်အရှင်မြတ်က ပေါ်လွင်ထင်ရှားစေဖို့ အမြဲစီမံထားပြီးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်တယ်။

ကျွန်တော်တို့ အလွယ်ကူဆုံးပြောရရင် အလ္လာဟ်အရှင်မြတ်က အရည်အချင်း စစ်ဆေးစမ်းသပ်မယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ လူဟာ မိမိမှာရှိတဲ့ ခန္တီပါရမီနဲ့ပြည့်စုံအောင် ရပ်တည်ဖို့လိုလာပြီ။ " **ဝါဘာရှ်ရှေ့ရိစ် ဆွာဘေရီန်** " အဲဒီလိုအကြောင်းချင်းရာတစ်ခုခုဖြစ်စေ၊ အားလုံးစုပုံ၍ဖြစ်စေ၊ ဖြစ်ပေါ်လာရင်...ကျွန်တော် ဥပမာပေးရရင်...ကျွန်တော်ကိုယ်တိုင်နဲ့ပဲ ဥပမာပေးချင်ပါတယ်။

၁၉၉၅ ခုနှစ် ဧပြီလ(၇)ရက်နေ့ကနေ ဇွန်လ (၂၀)ရက်နေ့အတွင်း တစ်နည်းအားဖြင့် နှစ်လအတွင်း ကျွန်တော့်အိမ်မှာ ကျွန်တော့်အကိုကြီးနဲ့ ကျွန်တော့်အဒေါ်နှစ်ယောက် အလ္လာဟ်အရှင် အမိန့်တော်ခံ ကွယ်လွန်သွားပါတယ်။ တစ်အိမ်ထဲမှာ နှစ်လအတွင်း လူ(၃)ယောက်ကွယ်လွန်သွားတော့ ပတ်ဝန်းကျင်က မွတ်ဆလင်မ်အားပေးကူညီသူတွေ ရောက်လာပြီးတော့ ကျွန်တော်တို့အိမ်ကို နွားနို့နဲ့ဆေးဖို့ လိုတယ်လို့ပြောကြပါတယ်။ တော်တော်ခိုက်နေပြီ။ နွားနို့နဲ့ဆေးရမယ်။ မွတ်ဆလင်မ်မဟုတ်တဲ့ မိတ်ဆွေတစ်ယောက်ကတော့ သူတို့ဘာသာတရားအရ ကျောက်ဖရုံသီးကို လမ်းဆုံလမ်းခွမှာခွဲရမယ်။ သူကူညီပေးမယ်လို့ ပြောပါတယ်။

ကျွန်တော်တို့အမေ ရှိပါတယ်။ ကျွန်တော်တို့အမေက အုရ်ဒူတတ်ပါတယ်။ ရန်ဒေးရီးယား ကျောင်းထွက်ပါ။ ကျွန်တော့်အမေကို ကျွန်တော် ဒီကုရ်အာန်အာယတ်ကို ပြပါတယ်။ အုရ်ဒူဘာသာပြန်လည်း ရှိပါတယ်။ ဆူရာဟ် ( ၂ း ၁၅၃ မှ ၁၅၅ ထိ ) ဖွင့်ပြလိုက်ပါတယ်။ ကျွန်တော့်အမေက အဲဒီအာယတ်ကို ဖတ်ပြီးတော့ ဟိုလူတွေကို လိမ္မာယဉ်ကျေးစွာနဲ့ပဲ `**ရပါတယ် ... ဘာမှမလိုတော့ပါဘူး**´ လို့ ပြောလိုက်ပါတယ်။

ဘာဖြစ်လို့လဲ။ လူပဲ ... လူဆိုတာ မွေးပြီးရင် တစ်နေ့သေရမှာပဲလေ။ လူဖြစ်တဲ့အတွက် နာမှာပဲ။ လူတွေ အလုပ်အကိုင်လုပ်ရင် မြတ်တဲ့နေ့ရှိမယ်။ ရှုံးတဲ့နေ့ရှိမယ်။ ဒါတွေက လူ့လောကကြီးမှာ သေချာပေါက်ကြုံတွေ့ရမယ့်ကိစ္စတွေ။ အနောက်ကို ဆက်လေ့လာကြည့်ပါ။

အဲဒီ ဆွဗရ် မယိမ်းမယိုင် ကျောက်စာတိုင်ပမာ ရပ်တည်တဲ့ ခန္တီပါရမီရှင်တွေကိုသိစေဖို့ တမန်တော်မြတ်(ဆွ)ကို အလ္လာဟ်က မိန့်တော်မူတယ်။ အဲဒီလူတွေအတွက် ပီတိထောမနသဖြစ်စရာ ဝမ်းမြောက်ဖွယ် သတင်းကောင်းရှိကြောင်း အသင်ပြောလိုက်ပါ။ အဲဒီ ဆွဗရ်ရှင်တွေဟာ သူတို့ကို ဘယ်လိုအရေးကိစ္စ တစ်စုံတစ်ရာကမဆို လာရောက်ထိ တွေ့မယ်ဆိုရင်၊ ဘေးဒုက္ခအန္တရာယ်တွေနဲ့ ကြုံတွေ့မယ်ဆိုရင် သူတို့တွေ ဘာပြောလဲ။ မွတ်ဆလင်မ်တော်တော်များများ ရကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က နာရေးသတင်း၊ မွတ်ဆလင်မ်တစ်ယောက်ဆုံးတဲ့ သတင်းကြားရင် ဖတ်ကြတယ်။ " **ကားလူ အင်န်နာလိလ္လာဟိ ဝအင်န်နာ အိလိုင်းဟိ ရာဂျေအူးန်** " `**တို့များ အားလုံးကို အလ္လာဟ်ပိုင်တယ်။ အလ္လာဟ့်လမ်းညွှန်၊ ဥပဒေပြဋ္ဌာန်းချက်ရဲ့ ရှေ့မှောက်မှာလဲ တို့တွေ အားလုံးကြုံတွေ့ရမှာပဲ**´ ဆိုပြီး တော့ ကျွန်တော်တို့ရဲ့ခံယူချက်ကို ကြွေးကြော်တာဖြစ်တယ်။ (၂း၁၅၆)

သေတဲ့သတင်းကြားတဲ့အချိန် ဆိုတာလည်း ဆိုပေါ့ဗျာ။ ဒီနေရာမှာ ကျွန်တော်တို့မွတ်ဆလင်မ်တစ်ချို့က မွတ်ဆလင်မ်သေရင် ဒါမျိုး ဆိုပြီးတော့ မွတ်ဆလင်မ်မဟုတ်တဲ့လူတွေ ကွယ်လွန်တာကိုကြားရင် မဟုတ်တဲ့ကိစ္စတွေကို သင်ပေးခဲ့တယ်။ အဲဒါမျိုးကို ကျွန်တော်တို့က ဘယ်တော့မှမလုပ်ရဘူး။ အခုန စာချိုးလေး လွယ်လွယ်လေးမှတ်ရင် `**ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့**´။ လူပဲဗျာ။ ဘယ်သူသေသေ။ လူပဲသေတာပဲ။ လူတစ်ယောက်သေသွားလို့ ဘယ်သူမှ စိတ်မချမ်းသာပါဘူး။

ဒီတော့ ကျွန်တော်တို့ကို အလ္လာဟ်ပိုင်တယ်။ အလ္လာဟ်ရဲ့ရှေ့မှောက်မှာ ကျွန်တော်တို့ရဲ့လုပ်ရပ် အကျိုးဆက်နဲ့ ပတ်သက်ပြီး အလ္လာဟ့်ဥပဒေပြဋ္ဌာန်းချက်ရှေ့မှောက်ကို သေချာပေါက် ပြန်

ရောက်ကြရမှာဖြစ်တယ်။ အဲဒီ ဆွဗရ်ရှင်တွေဟာ အရှင်မြတ်ထံက နေ သူတို့အတွက် ကောင်းသတင်း၊ ကျော်စောခြင်း၊ လူသေပေမဲ့ နာမည်မသေ၊ သူတို့ရဲ့ကောင်းသတင်း ကျော်စောမှုဟာ အမြဲတမ်း ကျန်နေမယ်။ ကောင်းချီးမင်္ဂလာ မေတ္တာတော်အပေါင်း အလ္လာဟ့် ထံကနေ သူတို့အပေါ် သေချာပေါက် ခညောင်းမှာဖြစ်တဲ့အပြင် **`ဝါရဟ်မာဟ်´** အလ္လာဟ်အရှင်မြတ်ထံတော်ကနေ လိုလေးသေး မရှိ ပြီးပြည့်စုံစွာ စီမံခန့်ခွဲထားတဲ့ အထောက်အပံ့ (အလ္လာဟ့်ရဲ့ ကရုဏာ)ကို သေချာပေါက် ခံစားရမှာဖြစ်ပါတယ်။

**" ဝအူလာအေက ... "** အဲဒီမှာ တိကျခိုင်မာစွာ မယိမ်း မယိုင် ကျောက်စာတိုင်ပမာ ရပ်တည်နိုင်ပြီး လက်တွေ့ဘဝမှာ တည်ဆောက်နိုင်တဲ့လူတွေ အဲဒီလူတွေဟာ လမ်းညွှန်ပြဌာန်းချက် တွေကို သေချာပေါက်ခံရတဲ့လူတွေ ဖြစ်ပါတယ်ဆိုပြီးတော့ ကုရ်အာန်မှာ ဖော်ပြထားပါတယ်။ (၂း၁၅၇)

အဲဒါကြောင့် ကျွန်တော်တို့အားလုံး အလ္လာဟ့်ကြိုးတော် ကျမ်းတော်မြတ်ကုရ်အာန်ကို ကျွန်တော်တို့အားလုံး တစ်စုတစ် စည်းတည်း စွဲမြဲစွာကိုင်စွဲပြီး ကျန်ရှိနေသေးတဲ့ လူ့ဘဝမှာ နေထိုင် အသက်ရှင်ဖို့ လိုအပ်နေပြီ။ ကျွန်တော်တို့ ဘယ်တော့မှ သွေးကွဲတဲ့ စကား၊ သွေးကွဲတဲ့အဖြစ် မဖြစ်ကြဖို့လည်း ကျမ်းတော်မြတ် ကုရ်အာန်က ညွှန်ကြားပြသထားတာကို ဖော်ပြရင်းနဲ့ ကျွန်တော် ဒီနေ့ပြောကြားတဲ့ နိုးထသင့်ပြီ အို...မွတ်ဆလင်မ်ကို ဒီမှာပဲ ရပ်နား လိုက်ပါတယ်ခင်ဗျား ॥ ॥

## အစ္စလာမ် ... ငြိမ်းချမ်းရေး

ကျွန်တော် ဒီနေ့ ဟောပြောမယ့်ခေါင်းစဉ်ကတော့ **`အစ္စလာမ် ... ငြိမ်းချမ်းရေး´** ဆိုတဲ့ခေါင်းစဉ်နဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ အစ္စလာမ်သည် စကြဝဠာအပေါင်း၏ သဘာဝလမ်းစဉ် တစ်ရပ်ဖြစ်ပါတယ်။ စကြဝဠာအတွင်းရှိ သက်ရှိသက်မဲ့ အရာခပ် သိမ်းကို ငြိမ်းချမ်းစွာလှုပ်ရှားစေပြီး သုခချမ်းသာကို ဖန်တီးပေးတဲ့ လမ်းစဉ်ဖြစ်ပါတယ်။ အစ္စလာမ်ဟာ လူတစ်ဦးချင်းရဲ့ အကျင့် စာရိတ္တ ကောင်းမွန်ရေးအပြင် ပတ်ဝန်းကျင်တစ်ခုလုံးရဲ့ ဘက်စုံ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်ရေးကို အလေးထားပါတယ်။ လူသား တစ်ဦးချင်း အကျင့်စာရိတ္တကောင်းမွန်ပြီး စည်ပင်သာယာဝပြော ကာ ငြိမ်းချမ်းအေးငြိမ်းတဲ့ ဘဝပိုင်ဆိုင်ဖို့ အရေးပါကြောင်း အစ္စလာမ်က အသိအမှတ်ပြုပါတယ်။

အစ္စလာမ်ဆိုတဲ့ နာခံအပ်နှင်းခြင်း၊ ငြိမ်းချမ်းရေးလမ်းစဉ် ကို လျှောက်လှမ်းနေကြတဲ့ မွတ်ဆလင်မ် နာခံသူ၊ ငြိမ်းချမ်းသူ တို့ဟာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်း လုပ်လို့မရပါဘူး။ အများအကျိုးသယ်ပိုးပြီး ကမ္ဘာ့လူသားအားလုံး သုခချမ်းသာရရှိပြီး ငြိမ်းချမ်းတဲ့ဘဝပိုင်ဆိုင်ဖို့ စုပေါင်းညှိနှိုင်းတိုင် ပင်ဆွေးနွေးပြီး စုပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လူဖြစ် သည်နှင့်အညီ လူ့ပတ်ဝင်းကျင်ရှိ အမျိုးမျိုး အပြားပြားသော လူသားတွေနဲ့ သဟဇာတဖြစ်စွာ လူ့ပတ်ဝင်းကျင် အသိုင်းအဝိုင်း မှာ ပေါင်းသင်းဆက်ဆံပြောဆို လုပ်ကိုင်ဆောင်ရွက်သွားကြဖို့ လိုပါတယ်။

လူမှုပတ်ဝန်းကျင်မှာ တစ်ဦးကိုတစ်ဦး ကိုယ်ချင်းစာနာ စိတ်၊ မေတ္တာစိတ်ထားရှိကြတဲ့ လူတွေဟာ အချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထားကြပြီး စိတ်ထားဖြူစင်ကြပါတယ်။ စေတနာသန့်စင်ကြပါတယ်။ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးက လိုလားကြပါတယ်။ တစ်ဦးအပေါ်တစ်ဦး အထင်မှားမှုမရှိ၊ မလိုမုန်း တီးမှုမရှိ၊ တစ်ဦးကိုတစ်ဦး မစွပ်စွဲကြ၊ နောက်ကွယ်မှာ မဆင်မခြင် အတင်းပြောဆိုခြင်းမရှိဘဲ အဖျက်လုပ်ရပ် ပြုလုပ်ကျူးလွန်တဲ့၊ ပြစ်မှုကျူးလွန်တဲ့လူတွေကို တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန် သက်ဆိုင်ရာကို ပို့ဆောင်ပြီး လူ့ပတ်ဝန်းကျင် နယ်မြေအေးချမ်းသာယာရေးအတွက် အတူပူးပေါင်းဆောင်ရွက် တတ်ကြလို့ အဲဒီလူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းဟာ ငြိမ်းချမ်း သာယာတဲ့ ပတ်ဝန်းကျင်ဖြစ်ကြောင်း သိမြင်နိုင်ပါတယ်။

မနက်ဖြန် ၂၁-၉-၂၀၁၃ (စနေနေ့)ဟာ ***"အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေးနေ့"*** ဖြစ်ပါတယ်။ အစ္စလာမ်က ငြိမ်းချမ်း ရေးကို ဖော်ဆောင်ပြီး ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်အောင် လူတစ်ဦး ချင်းနာခံအပ်နှင်းပြီး ငြိမ်းချမ်းရေးရသည်မှ ကမ္ဘာ့လူသား လူ့ဘောင် ငြိမ်းချမ်းရေးရဖို့ ကြောင်းကျိုးဆီလျော်စွာ လမ်းညွှန်ပြသထားပါ တယ်။ ကျမ်းမြတ်ကုရ်အာန်ဆူရာဟ်(၂) အာယတ်တော် (၁၂၅-၁၂၆) မှာ-

**" *ဒို့အပြင် တစ်ခါက ငါအရှင်မြတ်သည် ကအ်ဗာဟ် ကျောင်းတော်ကို လူသားခပ်သိမ်းတို့အတွက် အကြိမ်ကြိမ် ပြန်လည်ဆုံတွေ့ရာဌာနအဖြစ်နဲ့ ငြိမ်းချမ်းရေးကို ပုံဖော်ရာဌာန အဖြစ် ပြုလုပ်ထားတော်မူခဲ့ပြီး ဖြစ်တယ် "*** ကုရ်အာန်(၂း၁၂၅)

မွတ်ဆလင်မ်သမဂ္ဂအဆောက်အအုံဟာ မက္ကာဟ် ရွှေမြို့ တော်မှာရှိပြီး အဲဒီကအ်ဗာဟ်ကျောင်းတော်မှာ ကမ္ဘာ့လူသား အားလုံးအတွက် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပြီး၊ ငြိမ်းချမ်းသာယာ လုံခြုံတဲ့ဘဝတွေပိုင်ဆိုင်ဖို့ စီမံခန့်ခွဲ လုပ်ကိုင်ဆောင်ရွက်ရန် ဗဟို

ဌာနအဖြစ် အလ္လာဟ်အရှင်မြတ်က ပြုလုပ်ထားတယ်ဆိုတာ တွေ့နိုင်ပါတယ်။

ဒါ့အပြင် အီဗ္ဗရာဟင်(မ်)(အ.စ)က လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ခန့်ကတည်းက "***အို - ကျွန်ုပ်၏ ပြုစုပျိုးထောင်ရှင်၊ ဤအရပ်၊ ဤဒေသ၊ ဤမြို့ရွာ၊ ဤတိုင်းပြည်နိုင်ငံကို ဘေးရန်ခပ်သိမ်းကင်းစင်ပြီး၊ ငြိမ်းချမ်းလုံခြုံသော အရပ်ဒေသဖြစ်စေတော်မူပါ*** " လို့ ဆုမွန်ပန်ချွေ ဆန္ဒပြုခဲ့ပါတယ်။ လူတစ်ဦးချင်း ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မွတ်ဆလင်မ်တွေတာဝန် ဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာမှာ တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ အသိအမှတ်ပြုပြီး ယုံကြည်မှု တည်ဆောက်ဖို့လည်း အလွန်အရေးကြီးပါတယ်။

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်(၄)၊ အာယတ်တော်(၉၄)မှာဆိုရင် ကျွန်တော်တို့တတွေ အရင်က ဒီအာယတ်တော်ကို ဘာသာပြန်ဆို၊ ပြောဆိုတဲ့အခါ "***အသင်တို့ထံသို့ ဆလာမ်မေတ္တာပို့သလာသူတစ်ဦးကို အသင် မုအ်မင်န်သက်ဝင်ယုံကြည်သူတစ်ဦးမဟုတ်ဘူးလို့ မပြောကြလေနှင့်*** " ဟု ဘာသာပြန်ဆိုကြပါတယ်။ စဉ်းစားသင့်တာက ဒီကနေ့လူတစ်ဦးက ဆလာမ်ဆိုတာနဲ့ မုအ်မင်န်သက်ဝင်ယုံကြည်သူ ဖြစ်ပါ့မလား။ ကျွန်တော်က ဒီအာယတ်တော်ကို လေ့လာမိတာက ဒီအာယတ်တော်က စစ်ရေးဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီး လမ်းညွှန်မိန့်ကြားထားတာ တွေ့ရပါတယ်။ သဘောက "***အသင်တို့ထံ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ပြီး ငြိမ်းချမ်းရေးကမ်းလှမ်းလာသူကို အသင်ဟာ ယုံကြည်စိတ်ချရသူတစ်ဦး မဟုတ်ဘူးလို့ မပြောကြလေနှင့်*** " ဆိုပြီး ငြိမ်းချမ်းရေးအတွက် အသိအမှတ်ပြု ယုံကြည်မှု တည်ဆောက်ရန် ညွှန်ကြားချက်ဆိုပြီး ကျွန်တော် နားလည်သဘောပေါက်မိပါတယ်။ ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်(၆) အာယတ်တော်(၅၄)မှာဆိုရင်

" ***အသင်၏ထံသို့ ငါ့အရှင်မြတ်၏အာယတ် သက်သေလက္ခဏာတော်များကို သက်ဝင်ယုံကြည်ကြသူများ လာရောက်ကြသောအခါ အသင်သည် အသင်တို့အားလုံး ငြိမ်းချမ်းသာယာမှုအပေါင်း ခညောင်းရန် ကျွန်ုပ်တာဝန်ယူသည်ဟု ပြောဆိုမိန့်ကြားပါလေ*** " ဒီအာယတ်တော်အရ ဆလာမ်နှုတ်ခွန်းဆက်သ မေတ္တာပို့သရုံသက်သက်မဟုတ်ပါဘဲ ကျွန်ုပ်၏ကာယကံ၊ ဝစီကံ၊ မနောကံကြောင့် အသင်တို့ ဘေးမသီရန်မခ စေရဘဲ ဘေးကင်းလုံခြုံ လွတ်ငြိမ်းချမ်းမှု အပြည့်အဝရရှိရန် ကျွန်ုပ်တာဝန်ယူပါတယ်လို့ ပြောဆိုတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါတယ်။

ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အဓိကအရေးပါတဲ့ အချက်များကို တင်ပြပါမည်။

**(၁) ငြိမ်းချမ်းရေး၏ အဓိကပဓာနဖြစ်သော လူသားဖြစ်ခြင်း (လူ့အဖွဲ့အစည်းဝင်ဖြစ်ခြင်း/ ဖြစ်တည်မှုကို အသိအမှတ်ပြုခြင်း)**

လူသားသည် မည်သည့်ဒေသတွင် နေထိုင်သူဖြစ်ပါစေ၊ မည်သည့်နိုင်ငံတွင် နေထိုင်သူဖြစ်ပါစေ၊ မွတ်ဆလင်မ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ တောနက်တွင်နေထိုင်သူဖြစ်လျှင်ဖြစ်မည်၊ သဲကန္တာရတွင် နေထိုင်ကောင်းနေထိုင်မည်၊ မည်သို့ပင်ဖြစ်စေ ယင်းသူတို့သည် လူသားဖြစ်ခြင်းကြောင့် မြင့်မြတ်မှုရှိပြီး လူ့အခွင့်အရေး အပြည့်အဝကို ရရှိမည်ဖြစ်သည်။ ယင်းသူတို့သည် လူသားများပင်ဖြစ်ကြသည်။ ဤအခွင့်အရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များကို လူ့အဖွဲ့အစည်းဝင်တို့အဖို့ ပေးဆပ်ကျင့်သုံးရမည်ဖြစ်သည်။

" ***အကြင်သူတစ်ဦးသည် သေစားသေစေ ပြစ်ဒဏ်ကျူးလွန်ခြင်းကြောင့်နှင့် တိုင်းပြည် ပုန်ကန်သောင်းကျန်းမှုကြောင့်မှတပါး လူ့အသက်တစ်ခုကို အကြောင်းတစ်စုံတစ်ရာမရှိဘဲ မတရားသက်သက် သတ်ဖြတ်ခဲ့သော် ယင်းသူသည် လူသားတစ်ရပ်လုံးကို သတ်ဖြတ်သည်မည်၏။ ဤကဲ့သို့ပင် လူ့အသက်တစ်ခုကို အသက်ရှင်ရပ်တည်အောင် ကယ်တင်ခဲ့လျှင် ဤသည် လူသားတစ်ရပ်လုံးကို ကယ်တင်ခြင်းဖြစ်သည်*** " (ကုရ်အာန် - ၅း၃၂)

မည်သည့်ပြစ်မှုဆိုင်ရာတွင်ဖြစ်စေ၊ ယင်းပြစ်မှုကို စီရင်ဆုံးဖြတ်ပိုင်ခွင့်သည် လူတိုင်းတွင်မရှိ၊ တရားရေးဆိုင်ရာအဖွဲ့အစည်း၏တာဝန်ဖြစ်သည်ဟု အစ္စလာမ်က ခံယူသည်။ နိုင်ငံများစပ်ကြား ဖြစ်ပွားသောစစ်ပွဲများနှင့် စပ်လျဉ်း၍ လူမျိုးစုများက ဆုံးဖြတ်ရမည်မဟုတ်ဘဲ နိုင်ငံ၏တိကျသော တရားဝင်အုပ်ချုပ်ရေးအဖွဲ့အစည်းကသာ စီမံခန့်ခွဲရမည်ဖြစ်သည်။ လူတစ်ဦးချင်းသည် အသက်သွေးမြေကျမှုနှင့်စပ်လျဉ်း၍ အပြန်အလှန် ဂလဲ့စားချေခွင့်မရှိပါ။ တရားရေးဆိုင်ရာမှတဆင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်းပြစ်မှုကျူးလွန်သောသူတို့ကို ကျမ်းတော်မြတ်ကုရ်အာန်က လူသားတစ်ရပ်လုံးကို သတ်ဖြတ်သူဟု သတ်မှတ်ပြီးဖြစ်သည်။ ဤအချက်နှင့်စပ်လျဉ်း၍ ကျမ်းတော်မြတ်ကုရ်အာန် (၆း၁၅၁)တွင် အောက်ပါအတိုင်းဆိုထားသည်ကို တွေ့ရသည်။

" ***မည်သည့်သက်ရှိကိုမျှ တရားဝင်သော လုပ်ထုံးမှအပ သတ်ဖြတ်ခြင်းကို အလ္လာဟ်အရှင်မြတ်က ဟရာမ်ဟူ၍ သတ်မှတ်ပြီးဖြစ်သည်။*** " (ကုရ်အာန် - ၆း၁၅၁)

ဤနေရာတွင်လည်း တရားဝင်သောလုပ်ထုံးဟူသည် တရားရေးဆိုင်ရာအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဖြစ်ကြောင်းပေါ်လွင်ထင်ရှားလှသည်။ ဤဖော်ပြပြီးသော ကျမ်းတော်မြတ်ကုရ်အာန်တွင် `နဖ်စ်´အသက်ဟူ၍သာ ဖော်ပြထားသည်ကိုတွေ့ရသည်။ မည်သည့်နိုင်ငံသား၊ မည်သည့်လူမျိုး၊ မည်သည့် အရောင်အသွေး၊ မည်သည့်ဘာသာဝင်ဟု သီးခြားဖော်ညွှန်းပြခြင်းမရှိပါ။

သက်ရှိဟူ၍ ကမ္ဘာ့လူသားတို့အနက် မည်သည့်သက်ရှိမဆိုဟု ကျယ်ပြန့်သောဝေါဟာရဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မည်သည့်လူသား မည်သည့်သက်ရှိကိုမဆို လေးစားရမည်ဖြစ်ပြီး ယင်းသူတို့ကို သတ်ဖြတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏အမိန့် သွေဖည်ခြင်းဖြစ်သည်။

## (၂) လူ့အသက်ကို စောင့်ထိန်းကာကွယ်ခြင်း

အထက်တွင်ဖော်ပြခဲ့သော ကျမ်းတော်မြတ်ကုရ်အာန်၏ဖော်ပြချက်တွင် ဆက်လက်၍ဖော်ပြထားသော ကုရ်အာန်၏ လမ်းညွှန်ချက်မှာ

" ***အကြင်သူတစ်ဦးတစ်ယောက်သည် လူ့အသက်တစ်ချောင်း ကယ်တင်ခဲ့သော် ယင်းသူသည် လူသားတစ်ရပ်လုံးကို ကယ်တင်ခြင်းမည်၏ "*** (ကုရ်အာန် - ၅း၃၂)

လူ့အသက်ကိုကယ်တင်ရေးသည် နည်းလမ်းအမျိုးမျိုးရှိသည်။ လူ့အသက်ကို နည်းမျိုးစုံဖြင့် ကယ်တင်၍ရနိုင်ပါသည်။ ယင်းလူသည် မည်သည့်အနွယ်ဖြစ်စေ၊ မည်သည့်အသားအရောင်ဖြစ်စေ၊ မည်သည့်ဘာသာတရားကို ကိုးကွယ်သူဖြစ်ပါစေ၊ သူတို့တွင်စွဲကပ်နေသော ဝေဒနာဒုက္ခများကို ကုစားပေးရပါမည်။ သူတို့တွင် စွဲကပ်နေသော ဒဏ်ရာဒဏ်ချက်များကို ပျောက်ကင်းအောင်ပြုပေးရပါမည်။ သူတို့တော်ပြတ်နေလျှင် ကျွန်ုပ်တို့တွင်ရှိသော အစားအစာများကို ကျွေးမွေးပေးရမည်။ သူတို့နစ်မွန်းနေလျှင် ကျွန်ုပ်တို့ ကယ်ထုတ်ပေးရပါမည်။ သူတို့၏အသက်ဘေးအန္တရာယ်ကို ကျွန်ုပ်တို့ ကာကွယ်ပေးရပါမည်။ လူဟူသမျှသည် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း၊ တန်းတူညီတူရှိခြင်း၊ ယုံကြည်စိတ်ချရမှုရှိခြင်းတို့ကို ခံစားခွင့်ရှိပြီး အချင်းချင်းငြိမ်းချမ်းရန် အလျှော့ပေးဆက်ဆံမှု၊ နားလည်မှုရှိရန် လိုအပ်ပါတယ်။

## (၃) အမျိုးသမီးတို့၏ဂုဏ်ရည်ကို လေးစားခြင်း

အစ္စလာမ်က ညွှန်ပြသော ကျားမခွဲခြားခြင်းမရှိတာနှင့် ပတ်သက်သောအချက်တွင် အမျိုးသမီးတို့၏ဂုဏ်ရည်ကို လေးစားရမည်ဟူသော အချက်ဖြစ်သည်။ ဤဖော်ညွှန်းပြသသော အမျိုးသမီးသည် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းဝင်လည်း ဖြစ်နိုင်သကဲ့သို့ ကျွန်ုပ်တို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော အစုအဝေးမှ အမျိုးသမီးလည်း ဖြစ်နိုင်ပါတယ်။ တစ်မိမ်းအမျိုးသမီးသည် တောနက်တွင် တွေ့ဆုံရသည်ဖြစ်စေ၊ သိမ်းပိုက်နယ်မြေမှ ဖမ်းဆီးရမိသော အမျိုးသမီးဖြစ်စေ၊ သူမတို့အပေါ်တွင် မည်သည့်ပုံစံနှင့်မျှ ဘလက်ကာယပြုခွင့်မရှိပါ။ အကြောင်းမူ အစ္စလာမ်၏စည်းမျဉ်း စည်းကမ်းတွင် နိကာဟ် ထိမ်းမြားမှုပြုခြင်းမှအပ အခြားနည်းလမ်းအားဖြင့် အမျိုးသမီးတို့နှင့် လိင်ဆက်ဆံခြင်းသည် ဇိနာဟ်တားမြစ်ထားသော ဟရာမ် ပညတ်ချက်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်က

" ***ဇိနာ မတရားသောလိင်မှု ကာမဆက်ဆံရေးသာမက ယင်းကိုဖြစ်စေသောအရာများ၏ အနီးအပါးကိုပင် ချဉ်းကပ်ခြင်းမပြုပါနှင့်။ ကေန်မလွဲ ဤအပြုအမူသည် ညစ်ညမ်းဆိုးဝါး စက်ဆုပ်ရွံရှာဖွယ်ရာ အပြုအမူဖြစ်သည့်အပြင် အလွန်ဆိုးရွားလှသော ရလဒ်ကိုဖြစ်စေပါသည်။ "*** (ကုရ်အာန် - ၁၇း၃၂)

ဟု ဆိုထားရုံမက ယင်းပြစ်မှုကို ကျူးလွန်သောသူတို့ကို ပြစ်မှုဆိုင်ရာလည်း ပြဌာန်းထားသည်ကို တွေ့ရသည်။ ဤဥပဒေတွင် တစ်စုံတစ်ရာသောချွင်းချက် ကင်းလွတ်ခွင့်မရှိပါ။ အမျိုးသမီးတို့၏ဂုဏ်ရည်ကို ထိပါးခြင်းသည် မည်သည့်နည်းလမ်းအတွက်မဆို ဟရာမ်တားမြစ်ချက်ဖြစ်သည်။ ဤပြစ်မှုကိုကျူးလွန်မိ၍ ပြစ်ဒဏ်မှလွတ်မြောက်နိုင်မည်မဟုတ်၊ ဤလောကီကမ္ဘာတွင် ရှောင်ပြေးကောင်း ရှောင်ပြေးနိုင်မည်ဖြစ်သော်လည်း အာခိရတ်တမလွန်တွင် ပြစ်ဒဏ်ခံရမည်မှာ အမှန်ပင်ဖြစ်သည်။

မွတ်ဆလင်မ်တို့၏သမိုင်းတွင် ဤသို့ယုတ်ညံ့သော အဖြစ်အပျက်များကို ရှာဖွေတွေ့ရှိရမည်မဟုတ်ပါ။ မွတ်ဆလင်မ်တို့သိမ်းပိုက်ရရှိသော အသိမ်းပိုက်ခံနယ်မြေများရှိ အမျိုးသမီးများ၏ဂုဏ်သိက္ခာကို စောင့်ထိန်းရမည့်တာဝန်မှာ မွတ်ဆလင်မ်စစ်သည်တို့အတွက်ဟု ခံယူခဲ့ကြသည်။ ဤသည် ကမ္ဘာ့လူသားတို့ကို အစ္စလာမ်ကပေးအပ်သော စံနမူနာဖြစ်သည်။ ဂုဏ်ရည်ဟူသော လေးစားခံရမှုသည် အစ္စလာမ်၏ လူမှုဆက်ဆံရေးနယ်ပယ်တွင် အမျိုးသမီးနှင့်အမျိုးသားဟူ၍ သီးခြားခွဲထားခြင်း မရှိပါ။

ရန်ကုန်တိုင်းဒေသကြီးတွင် မုဒိမ်းမှုနှင့် မုဒိမ်းမှုကျူးလွန်ရန် ကြံစည်အားထုတ်မှုဖြစ်စဉ် (၁၀၀)ခန့်ရှိရာတွင် အမှု(၇၀) သည် ကလေးသူငယ်များအား ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်းဖြစ်ကြောင်း သတင်းစာများအရ သိရပါသည်။ မိမိတို့၏ ရင်သွေးငယ်များကို အုပ်ထိန်းသူမပါဘဲ အပြင်လွှတ်ခြင်း မပြုသင့်သည့်အပြင် ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုကို အမြဲမပြတ် ကြည့်ရှုသင့်ပါတယ်။ ယခုအခါ အရက်၊ မူးယစ်စေသောအရာများ သုံးစွဲသူများလာပြီး၊ ခေတ်မီပစ္စည်းများအား အလွဲသုံးပြီး ညစ်ညမ်း

ရုပ်ရှင်ကားများ အလွယ်တကူ ကြည့်ရှုကူးယူရရှိခြင်းများဟာလည်း အမှုအခင်းဖြစ်စေရန် အားပေးနေပါသည်။ ဥပဒေအရကြည့်ရင် ကုရ်အာန်တွင် "***မန်းန် - မည်သူမဆို*** ” ဟုဖော်ပြထားသလို ၁၈၆၁ ခုနှစ်က ပြဌာန်းခဲ့တဲ့ ပြစ်မှုဆိုင်ရာ ဥပဒေမှာလည်း `မည်သူမဆို´ ဆိုပြီး ပြစ်မှုကျူးလွန်ရင် ခံရမည့်ပြစ်ဒဏ်ကို (လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း ကျား၊ မ) ခွဲခြားခြင်းမရှိဘဲ တစ်ပြေးညီဖော်ပြထားပါတယ်။ အဲဒီလိုပြစ်မှုကျူးလွန်သူ မည်သူမဆို ထိရောက်ပြင်းထန်တဲ့ အပြစ်ဒဏ်ချမှတ်ဖို့လိုအပ်ကြောင်း ပေါ်လွင်ထင်ရှားပါတယ်။

## (၄) ဒုက္ခရောက်နေသူများနှင့် လိုအပ်ချက်ရှိနေသူများကို ကူညီပံ့ပိုးဖြည့်ဆည်းပေးရမည့် တာဝန်နှင့် ရပိုင်ခွင့်များ

" ***မွတ်ဆလင်မ်တို့၏ ဥစ္စာပစ္စည်းတွင် အကူအညီ လိုအပ်သော ဒုက္ခရောက်နေသူများနှင့် လိုအပ်ချက်ရှိသောသူတို့၏ ရပိုင်ခွင့်ရှိသည်*** ” (ကုရ်အာန် - ၅၁း၁၇)

ဟုဆိုထားသည်။ မက္ကာဟ်မြို့တွင်ရှိစဉ်ကာလ မွတ်ဆလင်မ် လူ့အဖွဲ့အစည်း ဖွဲ့စည်းချိန်ဖြစ်ပြီး၊ မဒီနာမြို့ရောက်ရှိချိန်မှ လူ့အဖွဲ့အစည်း နိုင်ငံတော်ဟု ဖြစ်ပေါ်လာခဲ့ရသသည်။ မက္ကာဟ်မြို့တွင် လက်တစ်ဆုပ်စာ မွတ်ဆလင်မ်မှအပ အခြားအားလုံးသော သူတို့သည် မွတ်ဆလင်မ်မဟုတ်သူများဖြစ်သည်။ ယခုအခါ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (ပညာသင်ပေးရန်၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရန်) ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ လူမှုဒုက္ခအပေါင်း ခံစားနေရသူများအား ထောက်ပံ့မျှဝေပေးရန် အားလုံးတွင် တာဝန်ရှိပါသည်။

သို့ဖြစ်၍ ဤလမ်းညွှန်ချက်တရားသည် မွတ်ဆလင်မ်တို့၏ပိုင်ဆိုင်မှုတွင် လူသားတို့၏ရပိုင်ခွင့်အတွက် ပြဌာန်းချက်ဖြစ်ကြောင်း ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်၊ မည်သည့်အရောင်အသွေးရှိသူဖြစ်ပါစေ ငွေကြေးတတ်စွမ်းသော မွတ်ဆလင်မ်တစ်ဦးထံ ဒုက္ခရောက်၍ အကူအညီတောင်းခံလာလျှင် မွတ်ဆလင်မ်အဖို့ ဤသို့သော အခြေအနေတွင် အကူအညီပေးရန် တာဝန်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် ငွေကြေးတတ်စွမ်းသော မွတ်ဆလင်မ်အပေါ် တာဝန်ပေးထားသည်ကို မမေ့အပ်ချေ။

## (၅) လူသားတိုင်းတွင် လွတ်လပ်စွာရပ်တည်ပိုင်ခွင့်

အစ္စလာမ့်ဥပဒေတွင် လွတ်လပ်သော လူသားတစ်ဦးကို ဖမ်းဆီးပြီး ကျွန်ပြုခြင်း၊ လူကိုရောင်းစားခြင်းသည် ဟရာမ်တားမြစ်ချက်ဟု ပြဌာန်းထားသည်။ မည်သည့်လူမျိုး၊ မည်သည့် နိုင်ငံသား၊ မည်သည့်အနွယ်ဝင်ဟူ၍ မပါရှိပေ။ လူသားဟူ၍ ပါရှိခြင်းဖြစ်သည်။ အနောက်တိုင်းသားတို့သည် ကမ္ဘာပေါ်တွင် ငွေဝယ်ကျွန်စနစ်ကို သူတို့က ပိတ်ပင်ခဲ့သည်ဟု ဆိုကြသည်။ သူတို့သည် ၁၉-ရာစုနှစ်တွင် ဤပိတ်ပင်မှုကို ပြုခဲ့သော်လည်း အာဖရိကတိုက်မှ လူမည်းများကိုဖမ်းဆီးကာ အခြားနိုင်ငံများသို့ ခေါ်ဆောင်မှုများ၊ ရောင်းဝယ်မှုများကိုလည်း သူတို့သာ လုပ်ခဲ့ကြသည်။ ယင်းလူမည်းများကို တိရစ္ဆာန်ပမာ ဆက်ဆံခဲ့သော အဖြစ်အပျက်များကို အနောက်တိုင်းသားတို့ ပြုစုခဲ့သောကျမ်းများတွင် တွေ့မြင်နိုင်ပါသည်။ ယခုခေတ်သစ် ကျွန်ပြုမှုစနစ်သည် လူကုန်ကူးမှုပြုပြီး၊ လူအချင်းချင်း ကိုယ်စိတ်ဒုက္ခမျိုးစုံပေးနေခြင်းကို အစ္စလာမ်က ခွင့်မပြုကြောင်း ပေါ်လွင်ထင်ရှားပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ အရပ်ဒေသ တော်တော်များများတွင် ပြသနာများ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ စစ်ပွဲများ များစွာဖြစ်ပျက်နေသည်ကို တွေ့ရပါမည်။ ငြိမ်းချမ်းရေးကို လိုလားသူများက ငြိမ်းချမ်းရေးဖော်ဆောင်ရန် ဝိုင်းဝန်းကြိုးပမ်းလျက် ရှိပါသည်။ ကုရ်အာန် (၈း၄၆-၄၇) မှာ-

" ***ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုရင် အသင်တို့အချင်းချင်း အငြင်းမပွားကြလေနှင့်။ အဲဒီလိုအငြင်းပွားကြရင် အသင်တို့ဟာ စိတ်ဓါတ်ကျဆင်းကြလိမ့်မယ်။ အသင်တို့ရဲ့ လေ (အင်အား) လဲ လျော့နည်းကျဆင်းလာပါလိမ့်မယ်။ (အငြင်းပွားမှု၊ ကွဲလွဲမှုတွေမလုပ်နှင့်၊ လုပ်ရင် စိတ်ဓါတ်ကျပြီး အင်အားကုန်ခမ်းသွားမယ်) စိတ်ရှည်၊ သည်းခံ၊ ကြံ့ခိုင်၊ ခံနိုင်ရည်ရှိကြ။ အဲဒီလိုလူတွေလိုတော့ မဖြစ်စေကြနဲ့။ အဲဒီလူတွေဟာ လူတွေကိုပြစားဖို့ (မိမိလိုသလို အသုံးချဖို့ / လူမြင်ကောင်းအောင် အကြောင်းပြကောင်းအောင်) လက်တွေ့မပါတဲ့ စိတ်စေတနာမပါဘဲ ပြစားဖို့ သူတို့ရဲ့နေအိမ်ဌာနတွေကနေ ထွက်လာခဲ့ကြတယ်။*** ” (ကုရ်အာန် - ၈း၄၆-၄၇)

သဘောက စိတ်ထဲကမပါဘဲ လက်တွေမကျတဲ့ ရိုးသားဖြောင့်မတ် ဖြူစင်တဲ့စိတ်မရှိဘဲ လူမြင်ကောင်းအောင်၊ လူကြားကောင်းအောင် ဟန်ပြသဘောနဲ့ ဘာအလုပ်မှမလုပ်ပါနှင့်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုလိုလားပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသူတွေဟာ

တစ်ဦးနှင့်တစ်ဦး ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ သံသယစိတ်၊ မယုံကြည်မှုတွေဖျောက်ရန်၊ စိတ်ရှည်၊ သည်းခံ၊ ရိုးသား၊ ကတိတည်၊ အပြန်အလှန် အသိအမှတ်ပြုကြရန်၊ မုန်းတီးစိတ်ဖြစ်ပေါ်စေတဲ့ စကား၊ တရား၊ အကြောင်းတွေက ကင်းစင်ရန်၊ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန်၊ အကြောင်းကိုသိအောင်လုပ်ပြီး ပြုပြင်

ပြောင်းလဲကာ အကျိုးရလဒ် ကောင်းအောင်လုပ်ရန်၊ စားပွဲဝိုင်း ဆွေးနွေးပွဲတွေကနေ ဆွေးနွေးညှိနှိုင်းအဖြေရှာကာ ပြီးခဲ့တာတွေကို ခွင့်လွှတ်နားလည်ပေးပြီး သင်ပုန်းချေကာ Forgive and Forget လုပ်ရန် **အစ္စလာမ်က သင်ကြားပေးထားပါတယ်။**

ဒါတွေဆောင်ရွက်ရတာ အပြောလွယ်သလောက် အလုပ်ခက်ခဲတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို လိုလားတဲ့ ကျနော်တို့အားလုံး ကျရာအခန်းကဏ္ဍကနေ ပါဝင်ထမ်းရွက်ကြပါစို့လို့ ပြောကြားလိုပါတယ်။ သမိုင်းပညာရှင် Drသန်းထွန်းက **`ငြိမ်းချမ်းရေးလုပ်နေကြပေမဲ့ ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေး မရှိပါဘူး´** လို့ တိုကျိုညီလာခံမှာ ပြောကြားခဲ့ပါတယ်။

ဒီစကားမှန်ကန်ကြောင်း ကျွန်တော်လေ့လာမိသလောက် တင်ပြရရင် မည်သူမဆို မည်သည့်ဘာသာဝင်မဆို မိမိယုံကြည်သက်ဝင်တဲ့ ဘာသာတရားက ပြဌာန်းထားတဲ့ တရားဓမ္မ အစစ်အမှန်ကိုသာ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခဲ့မယ်ဆိုရင် လူတစ်ဦးချင်းရဲ့ ကိုယ်၊ စိတ်၊ နလုံး သုံးပါးစလုံး ငြိမ်းချမ်းသာယာပြီး စစ်ပွဲတွေ၊ ပဋိပက္ခတွေ၊ အနိုင်ကျင့် ဗိုလ်ကျမှုတွေ၊ တရားမဲ့ပြုကျင့်မှုတွေ ပပျောက်ကာ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိမှာ မြေကြီးလက်ခတ်မလွဲပါ။

ဥပမာ- မွတ်ဆလင်မ်တွေ မိမိတို့သက်ဝင်ယုံကြည်တဲ့ အစ္စလာမ် ဘာသာသာသနာ၊ လမ်းစဉ်က ဆုံးမသွန်သင်ချက်တွေဖြစ်တဲ့ ကုရ်အာန်ကျမ်းမြတ်ကို ယုံကြည်တဲ့အတိုင်း အဲဒီကျမ်းထဲက လမ်းညွှန်ချက်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးရင် လောကကြီးမှာ ဘာပြသနာမျှ ရှိတော့မည်မဟုတ်ကြောင်း လေးနက်စွာ ယုံကြည်ပါသည်။

တစ်ဆက်တည်းမှာပဲ လူတွေကို ပညာသင်ကြားပေးရင်း ငြိမ်းချမ်းရေး ဆောင်ရွက်နိုင်ပါတယ်။ ကျနော်တို့တွေဟာ မသိမှုနယ်ပယ်မှာ ကျင်လည်နေကြပြီး မသိတာတွေ သိပ်များနေကြတဲ့အတွက် **`အကြောင်းကို သိခြင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့အသိဆိုတဲ့ ပညာ´**ကို သင်ပေး၊ သင်ယူလုပ်ခြင်းဖြင့် ဓမ္မနှင့် အဓမ္မ၊ အမှောင်နှင့်အလင်း၊ အမှန်နှင့်အမှား၊ သစ္စာတရားနှင့် မိစ္ဆာအမှား စတာတွေကို ခွဲခြားနားလည်နိုင်လာပါလိမ့်မယ်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရတာ၊ အမှန်တရားဖြစ်လို့ အကြောင်းတရားကို သိအောင်လုပ်ပြီး အဲဒီအကြောင်းကို ဖြေရှင်းနိုင်ပြီဆိုရင် အကျိုးဆက်က ကောင်းမွန်လာမှာဖြစ်ကာ လူတစ်ဦးချင်း ငြိမ်းချမ်းပြီး လောကကြီးလည်း ငြိမ်းချမ်းပါပြီ။

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတော်တော်များများ သွားနေတဲ့ လမ်းကြောင်းက ရှေ့တိုးလေ၊ အမှောင်ဆိုးလေလား၊ အလင်းတိုးလေလား ပြောရတာ တော်တော်ခက်ပါတယ်။ အနောက်ကမ္ဘာ အပါအဝင် ဖွံ့ဖြိုးတိုးတက်ပြီးတဲ့ ကမ္ဘာ့အရပ်ဒေသများစွာမှာ ငြိမ်းချမ်းမှုအလင်းတန်းတွေ ယှက်ဖြာထွန်းတောက်နေပေမဲ့ ဖွံ့ဖြိုးဆဲ၊ မဖွံ့ဖြိုးသေးတဲ့ အရပ်ဒေသတွေမှာ အမှောင်ထုထည်ကြီးကလည်း တွယ်ကပ်ကျရောက်နေလျက်ပါပဲ။

ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေက လူသားပညာရှင်တွေက ဖန်တီးထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်း၊ ရုပ်ဝတ္ထုအမည်သစ် အကောင်းစားတွေများစွာ ထွက်ပေါ်တိုးတက်လာနေပေမဲ့ အဲဒီပစ္စည်း ထုတ်ကုန်တွေကို ဝယ်ယူသုံးစွဲဖို့ နေနေသာသာ မထိတွေ့နိုင်သူ၊ မဝရေစာ မသေထမင်း၊ မသေဟင်း စားနေရတဲ့ အစာမဝသူ၊ လွတ်လပ်မှုနှင့်ငြိမ်းအေးလုံခြုံတဲ့ ဘဝအသက်ရှင်ခွင့်ရဖို့ လိုနေသူတွေ၊ ငတ်မွတ်ခေါင်းပါးနေတဲ့ လူတွေက ဒုနဲ့ဒေးပါ။

ကမ္ဘာ့အရပ်ဒေသအသီးသီး၊ နိုင်ငံအများအပြားမှာ အခြေခံပြည်သူ လူအများစုကြီးကို လူအနည်းငယ်က နည်းမျိုးစုံနဲ့ အနိုင်ကျင့်ဖိနှိပ်ချုပ်ခြယ် ဗိုလ်ကျစိုးမိုးနေကြတာကိုကြည့်ရင် ၂၁ရာစု ပညာခေတ်၊ သတင်းခေတ်၊ အလင်းခေတ်၊ နည်းပညာခေတ် ရောက်နေပြီလို့ ကြွေးကြော်ထုတ်ဖော် ပြောဆိုနေကြပေမဲ့ လူတစ်ချို့၊ လူတစ်စုရဲ့ အတွေးအခေါ်နဲ့ အမူအကျင့်လုပ်ရပ် အများပြားဟာ ကမ္ဘာဦးကာလက လူတွေကြံစည် ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်ပုံတွေလို ဖြစ်နေဆဲပါပဲ။

ဒီကနေ့ ကမ္ဘာပေါ်မှာ စစ်ပွဲများ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ လက်နက်များ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးမှုများ၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး အညစ်အသတ်များကြောင့် လူသား သန်းနှင့်ချီပြီး သေနေကြ၊ ဒုက္ခမျိုးစုံခံစားနေကြ၊ ငတ်မွတ် ခေါင်းပါးမှုတွေဖြစ်နေကြ၊ ကိုယ်/စိတ်ဒဏ်ရာ အနာတရတွေဖြစ်ကြပြီး မိဝေးဖဝေး၊ သားကွဲမယားကွဲ ဖြစ်နေကြရပါတယ်။

အဲဒီလို အနိဋ္ဌာရုံတွေ ပပျောက်ကင်းစင်ပြီး ကမ္ဘာတစ်ခွင် အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေ၊ စစ်ပွဲတွေအစား အေးချမ်းသာယာ၊ ဘေးကင်းလုံခြုံတဲ့ ငြိမ်းချမ်းတဲ့ကမ္ဘာဖြစ်စေဖို့ ကုလသမဂ္ဂက(၁၉၄၈ ခုနှစ်ကစပြီး) ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကုလသမဂ္ဂရဲ့ တံဆိပ်ဟာ ချိုးဖြူငှက် (ငြိမ်းချမ်းရေးရဲ့သင်္ကေတ) ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ လူသားအားလုံး (အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ၊ ဆင်းရဲချမ်းသာ၊ ဆူကြံ့နိမ့်မြင့် မခွဲခြားဘဲ) လူသားချင်း စာနာထောက်ထားပြီး အတူတကွ

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါတယ်။

`မွတ်ဆလင်မ် သမဂ္ဂ´ ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၄၀၀ ကျော်ကတည်းက ဖွဲ့စည်းထားပြီး လူသားအားလုံး ဘေးရန်ခပ်သိမ်းကင်းဝေးပြီး ငြိမ်းချမ်းသာယာတဲ့ ဘဝတွေပိုင်ဆိုင်ရေးအတွက် `အစ္စလာမ် ခေါ် ငြိမ်းချမ်းရေးလမ်းစဉ်´ကို ကုရ်အာန်ကျမ်းမြတ်ထဲမှာ ဖော်ပြလမ်းညွှန်ထားပါကြောင်း တင်ပြအပ်ပါတယ်။ ။

## တမန်တော်အီဗရာဟင်မ်(အ)၏ စံနမူနာ

ဒီနေ့ ကျွန်တော်ရဲ့ခေါင်းစဉ်ကိုတော့ `**အီဗရာဟင်မ်(အ)၏ စံနမူနာ**´လို့ဖော်ပြမှာဖြစ်ပါတယ်။ တမန်တော်မြတ်ကြီး အီဗရာဟင်မ်(အ)ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း လေးထောင်ကျော်က ယူကရေးတီး(စ)မြစ်နဲ့ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နားက အူးရ် ဆိုတဲ့အရပ်ဒေသမှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါတယ်။ အဲဒီခေတ်ကာလ၊ အဲဒီပတ်ဝန်းကျင်ဒေသမှာရှိတဲ့ လူတွေဟာ သဘာဝတရားလို့ခေါ်တဲ့ နေ၊ လ၊ ကြယ်တာရာ၊ မိုး၊ မြေ၊ အရာဝတ္ထုများ စတဲ့အရာတွေအပြင် မိမိတို့စိတ်ကူးနဲ့ ပုံဖော်ပြီးတော့ လက်တွေ့နဲ့ပြုလုပ်ပြီး အမည်ပေး ကင်ပွန်းတပ်ကာ အဲဒီအရာဝတ္ထု၊ ရုပ်ဝတ္ထုပစ္စည်းတွေကို မိမိတို့ရဲ့ကိုးကွယ်အားထားရာ အရှင်သခင်များအဖြစ် သူတို့ကိုယ်တိုင် ဖန်တီးပြုလုပ်ထားခဲ့ကြပါတယ်။

ဒါ့အပြင် လူတွေထဲမှာ ဩဇာအာဏာညောင်းတဲ့ သူတို့ရဲ့ အုပ်ချုပ်သူဘုရင်ကိုလည်း ဘုရားတစ်ဆူအဖြစ် ကိုးကွယ်အားထားလျက် ရှိခဲ့ကြပါတယ်။ အထက်စီးရတဲ့လူတွေ `**အကာဘိရ်**´ လို့ခေါ်တဲ့ လူတွေအပါအဝင် တမန်တော်မြတ်ကြီး အီဗရာဟင်မ်(အ)ရဲ့ ဖခင်ကပင်လျှင် မိမိရဲ့အထက် ဘိုးဘွားဘီဘင် မိရိုးဖလာ၊ အစွဲအလန်း မှိုင်းမိပြီးတော့ အယူလွဲမှားနေခဲ့ကြပါတယ်။ တမန်တော်မြတ်ကြီး အီဗရာဟင်မ်(အ)က အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်နဲ့ ငယ်စဉ်ကတည်းက အမှန်သစ္စာတရားကို စူးစမ်းရှာဖွေ၊ တွေးဆ ဆင်ခြင်၊ ဝေဖန်ပိုင်းခြားမှု ပြုလုပ်နိုင်ခဲ့ပါတယ်။

အီဗရာဟင်မ်(အ)ဟာ ဖြူစင်သောနှလုံးသား၊ မှန်ကန်သော အသိတရား၊ သတိတရား၊ ခိုင်မာတည်ကြည်တဲ့ ယုံကြည်ချက်၊ စွဲမြဲသောခံယူချက်၊ မယိမ်းမယိုင် ကျောက်စာတိုင်ပမာ တည်ရှိတဲ့ ခံနိုင်ရည်(ဆွဘာရ်)၊ တည်ကြည်တဲ့စိတ်ဓါတ်၊ ကောင်းမြတ်တဲ့ သီလ၊ သမာဓိ၊ ပညာ၊ သစ္စာ၊ မေတ္တာ၊ စာနာမှု အံ့သြဘွယ်ကောင်းတဲ့ ဖွဲ၊ သတ္တိ၊ ကြံ့ခိုင်မှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ အဲဒီခေတ်အခါမှာ ရှားမှရှားတဲ့ အလ္လာဟ်အရှင်မြတ်ပေါ် အကြွင်းမဲ့ ယုံပုံကိုးစား အားထားမှု၊ အလ္လာဟ့်လမ်းညွှန် အမိန့်တော်နဲ့ ပတ်သက်လာလျှင် မိမိပတ်ဝန်းကျင်ရဲ့ မှားယွင်းတဲ့ယုံကြည်ချက်၊ အစွဲအလမ်းမျိုးစုံ၊ မိမိရဲ့အသက် အိုးအိမ်စည်းစိမ်နဲ့ မိသားစု သားစဉ်မြေးဆက်ကိုတောင်စွန့်လွှတ်ဖို့ အမြဲတမ်း အဆင်သင့်ရှိနေမှုတွေနဲ့ ပြည့်စုံတဲ့ တမန်တော်မြတ်ကြီးပဲ ဖြစ်ပါတယ်။

အလ္လာဟ်အရှင်မြတ်က နောက်ဆုံးချပေးလိုက်တဲ့ ကျမ်းမြတ်ကုရ်အာန်ထဲမှာ တမန်တော်မြတ်ကြီး အီဗရာဟင်မ်(အ)နဲ့ ပတ်သက်ပြီးတော့

*`ဟနီးဖ်´* **အမှားကိုရှောင်ပြီး အမှန်တရားပေါ်မှာ ကြံ့ခိုင်စွာ ရပ်တည်သူ၊ ဖြောင့်မတ်တည်ကြည်သူ။**

*`ဆိဒ္ဒီးက်က´* **အမှန်ကိုပဲ အမြဲတမ်း ပြောဆိုလုပ်ကိုင် ဆောင်ရွက်သူ။**

*`ဟလီးမ်´* **ထောက်ထား ညှာတာသောသူ။ ဂုဏ်နှင့်ပြည့်စုံ၍ ကိုယ်ခြင်းစာတရားရှိသူ။**

*`အောက်ဝါးဟွန်´* **စိတ်နှလုံး အလွန်နူးညံ့သူ။**

*`မုနီးဘ်´* **မိမိအရှင်ကို အမြဲတမ်း အာရုံမပြတ်ရှိနေသူ။**

*`ရှာကီရ်´* **ကျေးဇူး လွန်စွာသိတတ်သူ။**

*`မွတ်ဆလင်မ်´* **အလ္လာဟ့်အမိန့်ကို မြေဝယ်မကျ နာခံအပ်နှင်းသူ။**

*`မွတ်စ်သဖါး´* **ရွေးချယ် ချီးမြှောက်တော်မူခြင်းခံရသူ။**

*`ခလီးလ်´* **ရင်းနှီးကျွမ်းဝင်သော အဆွေခင်ပွန်း၊ မိတ်ဆွေ။**

*`ဆွာလေ့ဟ်´* **ပါရမီရှင်၊ သူမွန်သူမြတ်၊ မိမိကိုယ်ကို လွန်စွာပြုပြင်၍ လူသားကောင်းကျိုးကို အစဉ်မပြတ် ပြုလုပ်လျက်ရှိသူ**

*`အွမ္မသေ့ကာနိုဟ်´* **အလွန် အတုယူထိုက်သော ရှေ့ဆောင် ရှေ့ရပ်။**

တစ်နည်းအားဖြင့် အီဗရာဟင်မ်(အ)တစ်ယောက်တည်း ရပ်တည်နေခြင်းဟာ လူ့အဖွဲ့အစည်းအုပ်စုကြီး တစ်ခုလုံး ရပ်တည်နေသကဲ့သို့ မိမိရဲ့အမျိုးသားထုအား ခေါင်းဆောင်ကောင်း ပီသသည်။ *`နဗီ´* **အလ္လာဟ့်ထံမှ သတင်းစကားလက်ခံရရှိသူ နဗီ တမန်တော်မြတ်။** *`အီမာမွန်နားစ်´* အလ္လာဟ်အရှင်မြတ်က ပြုလုပ်

ဆောင်ရွက် စေခိုင်းထားတဲ့ လောကလူ့ဘောင်မှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုမျိုးစုံကို ခံနိုင်ရည်ရှိရှိ ဖြေရှင်းဆောင်ရွက် ရပ်တည်ခဲ့တဲ့ အတွက် လူသားခပ်သိမ်းတို့ရဲ့ ဦးစီးခေါင်းဆောင်အဖြစ် အလ္လာဟ် အရှင်မြတ်က ခန့်အပ်တာဝန်ပေး ရွေးချယ်ထားတာကို ကျွန်တော် တို့ ကျမ်းတော်မြတ်ကုရ်အာန် လေ့လာတဲ့အခါမှာ တွေ့ရှိရပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ်(၆၀) အာယတ်(၄)မှာ -

" ***ဧကန်အမှန် အသင်တို့အတွက် အီဗရာဟင်မ်(အ) ထံမှာလည်းကောင်း၊ ထို အီဗရာဟင်မ်(အ)နှင့်ရှိခဲ့သော လူတွေ ထံမှာလည်းကောင်း၊ မွန်မြတ်လှစွာသော အကောင်းဆုံးသော စံနမူနာတွေ တကယ်ရှိခဲ့ပြီးဖြစ်ပါတယ်*** ” လို့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ဒီနေရာမှာ အီဗရာဟင်မ်(အ)နဲ့ အတူရှိခဲ့တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို အနီးကပ်လေ့လာလိုက်မယ်ဆိုရင် ၎င်းရဲ့အနီးမှာရှိ တဲ့ ၎င်းရဲ့မိသားစုဝင်တွေ၊ သားစဉ်မြေးဆက် နောက်တစ်ခါ ကြင် ဖော်ကြင်ဖက်၊ ပြီးတဲ့နောက် အီဗရာဟင်မ်(အ)ရဲ့ **`သောင်ဟီးဒ်´** တရားကို ယုံကြည်သက်ဝင် လက်တွေ့လိုက်နာကျင့်သုံးခဲ့သူများ၊ အဲဒီနောက်မှာ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော တမန်တော် မြတ်များအားလုံးဟာ အီဗရာဟင်မ်(အ)ရဲ့လမ်းစဉ်ကို လိုက်ခဲ့ကြ သူတွေပဲဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အီဗရာဟင်မ်(အ)ရဲ့ အတ္ထုပ္ပတ္တိ အကြောင်းတွေကို ဖော်ပြတဲ့အခါမှာ လူတွေ တော်တော်များများက မိမိတို့စိတ်ကူးစိတ်သန်းနဲ့ ပုံဖော်လေ့ရှိကြသလို တစ်ချို့တွေက မိမိတို့ရဲ့ အထက်ဆရာတော်ကြီးများက ဟောကြားတဲ့ကိစ္စတွေကို တင်ပြပြောဆိုဟောကြားလျက် ရှိကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်က တမန်တော် မြတ်တွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ အကြောင်းအရာတွေကို ဖော်ပြတဲ့အခါ မှာ ညွှန်ပြသလို အီဗရာဟင်မ်(အ)နဲ့ပတ်သက်ပြီး ပြန်လည်တင်ပြ ထုတ်ဖော်တဲ့အခါမှာ သတိပြုစရာ အာယတ်တစ်ခုကို တင်ပြထား ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ်(၁၉) အာယတ်(၄) မှာ- " ***အီဗရာဟင်မ်(အ)ရဲ့အကြောင်းကို ကျမ်းတော်မြတ်မှာ ဖော်ပြထားတဲ့အတိုင်း သတိရဖော်ထုတ် ကြေညာမှုပြုပါ*** ” ဆို ပြီးတော့ တမန်တော်မြတ်ကြီး မုဟမ္မဒ်(ဆွ)ကို လမ်းညွှန်မိန့်ကြားခဲ့ တဲ့ အာယတ်ဖြစ်ပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ တမန်တော် မြတ် အီဗရာဟင်မ်(အ)အကြောင်းကို ပြောမယ်ဆိုရင် ကျမ်းတော် မြတ်ကုရ်အာန်မှာဖော်ပြထားတဲ့ တမန်တော် အီဗရာဟင်မ်(အ)ရဲ့ အကြောင်းကို ပြောမှသာလျှင် ပြည့်စုံ၊ မှန်ကန်၊ တိကျ၊ လေးနက် မှုကို တွေ့ရှိရမှာဖြစ်ပါတယ်။ " ***ဒါ့အပြင် အဲဒီ အီဗရာဟင်မ်(အ)ဟာ သစ္စာတရားကို မြတ်နိုးတဲ့သူ၊ အမှန်ကိုပြောပြီး တိကျစွာ လိုက်နာ ကျင့်သုံးတဲ့ အလ္လာဟ်အရှင်မြတ်ထံကနေ သတင်းစကား ထုတ်ပြန် ပို့ချခြင်း ခံခဲ့ရတဲ့ နဗီတမန်တော်မြတ်တစ်ပါးပဲ ဖြစ်ပါတယ်*** ” ဆိုပြီးတော့ ဖော်ပြထားပါတယ်။

အီဗရာဟင်မ်(အ)ဟာ မိမိထံကို အလ္လာဟ်အရှင်မြတ်ထံ ကနေ သတင်းစကား ချီးမြှင့်အပ်နှင်းခြင်းခံရတာနဲ့ အမှန်သစ္စာ တရား **`သောင်ဟီးဒ်´**ကို သိနားလည်သဘောပေါက်လာတဲ့ အခါမှာ ပထမဦးဆုံး မိမိရဲ့အိမ်ထဲကနေစပြီး **သဗ္ဗလီးက် `ဒါဝဟ်´** လုပ်ငန်းကို စတင်ခဲ့ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ် (၆) အာယတ်(၇၅)မှာ တစ်ခါတုံးက အီဗရာဟင်မ်(အ)ဟာ သူ့ရဲ့ ဖခင်ဖြစ်သူ **`အာဇရ်´**လို့အမည်ရတဲ့ပုဂ္ဂိုလ်ကိုအခုလိုပြောခဲ့ပါတယ်။

" ***ဖခမည်းတော် -- ဖခင်ဟာ (အဆ်နာမ်း)လို့ခေါ်တဲ့ လူတွေ စိတ်ကူးနဲ့ပုံဖော်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို မိမိတို့ အလိုဆန္ဒအရ မိမိတို့ စိတ်ကြိုက်ထုလုပ်ပြီး ကိုယ်ကိုယ်တိုင်ကျ တန်ခိုးပေးအပ်ချီးမြှင့်ကာ အဲဒီလူတွေ အဲဒီအရာတွေကို ကိုးကွယ် ရာတွေအဖြစ် အမိအရဆွဲကိုင် ရယူမှုပြုလုပ်လျက် ရှိနေပါသလား*** ” ဆိုပြီးတော့ မေးခဲ့ပါတယ်။ တစ်ခါတည်း ဆက်ပြောပါတယ်။ အခုန လို အလ္လာဟ်အရှင်မြတ်ကို စွန့်လွှတ်ပြီး၊ အလ္လာဟ်အရှင်မြတ်မှအပ ဖြစ်သော မိမိတို့စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ ကိုးကွယ်ရာများကို ကိုးကွယ်အားထားနေခြင်းအားဖြင့် အသင်နှင့် အသင်၏အမျိုးသား များ (တစ်နည်းအားဖြင့် ဒီမှာလေ့လာလိုက်တဲ့အခါ ဘာကိုတွေ့ရ သလဲဆိုရင်) အီဗရာဟင်မ်(အ)ရဲ့ ဖခင်ကိုယ်တိုင်က အဲဒီအရပ်၊ အဲဒီဒေသမှာ အင်မတန် ဩဇာညောင်းတဲ့အုပ်ချုပ်သူ အကြီးအကဲ လူကြီးတွေမှာ အပါအဝင်ဖြစ်ပါတယ်။

အသင်ရော၊ အသင့်အုပ်စုဝင်တွေရော ထင်ရှားသော လမ်းလွဲ၊ လမ်းမှား (တစ်နည်းအားဖြင့်) လုပ်ရပ်များ အချည်းအနှီး ဖြစ်စရာ၊ သဲထဲရေသွန်ဖြစ်စရာ၊ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေ တယ်လို့ ကျွန်တော် အသေအချာမြင်ပါတယ်လို့ ပြောခဲ့ပါတယ်။

ဒီနေရာမှာ **`အဆ်နာမ်´**ကို ရိုးရိုးဘာသာပြန် စောစော က ကျွန်တော်တင်ပြလိုက်တဲ့နေရာမှာ ဘာတွေလဲဆိုတော့ လူတွေ စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းများ (ကျွန်တော်တို့ အခု ခေတ်အခြေအနေနဲ့ ကြည့်လိုက်ရင် ရုပ်ဝတ္ထုပစ္စည်းများကို ကိုး ကွယ်နေတဲ့လူတွေကိုပဲ ပြောတယ်လို့ ထင်မြင်ယူဆနိုင်စရာရှိပါ တယ်။ ဒီခေတ် ဒီအခြေအနေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ တိုးချဲ့ စဉ်းစားမယ်ဆိုရင် လူတစ်ဦး ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ခု ဟာ သူတို့ရဲ့လုပ်ရပ်ဟာ အလ္လာဟ်အရှင်မြတ်ကိုစွန့်ပြီး သို့မဟုတ်

အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ပါတယ်လို့ ပြောတဲ့အပြင် သူတို့ အချင်းချင်း လေးစားအားကိုးမှု လွန်ကဲတဲ့ အဲဒီပုဂ္ဂိုလ်တွေ၊ အရာဝတ္ထုတွေ၊ အရာဝတ္ထုဆိုတဲ့နေရာမှာ ကျွန်တော်တို့က ရုပ်ဝတ္ထု ပစ္စည်းတစ်ခုခုနဲ့ သို့မဟုတ် သစ်သား၊ ရွှေ၊ ငွေ၊ ကျောက်၊ ကြေး စတဲ့အရာတွေနဲ့ လုပ်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေလောက်ပဲ မမြင်ပါနဲ့။ ကျွန်တော်တို့ အထင်ကြီးလေးစားနေတဲ့ စက္ကူတွေနဲ့ ပြုလုပ်ထားတဲ့ စာအုပ်တွေဆိုတဲ့အရာတွေ၊ ကျွန်တော်တို့ စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ အလ္လာဟ်ကို အားကိုးရာကနေလွဲပြီး သို့မဟုတ် အလ္လာဟ်ကို အားကိုးနေရာမှာ အဲဒီလူပုဂ္ဂိုလ်၊ အရာဝတ္ထုတွေ၊ စာအုပ်တွေ၊ ပစ္စည်းတွေရှိမှ ကိုယ့်ရဲ့ဘဝကြီး လုံခြုံအေးချမ်း၊ ဘေးကင်းမယ်။ ယုံမှတ်ပုံအပ်ဖို့ ကြိုးစားမယ်ဆိုရင် အဲဒီပစ္စည်းတွေ၊ အရာတွေ လူတွေအားလုံးဟာ **`အဆ်နားမ်´**ဆိုတဲ့ ပစ္စည်းစာရင်းမှာ ပါသွားပါလိမ့်မယ်။

ဒါကြောင့် ကျွန်တော်တို့ သတိထားဖို့လိုတာက **`အဆ်နားမ်´** လို့ပြောလိုက်တာနဲ့ အရာဝတ္ထု၊ ရုပ်ဝတ္ထုပစ္စည်းတွေကို အားကိုးတယ်လို့မမြင်ဘဲနဲ့ အခြားသော (အခု ကျွန်တော်တို့ မွတ်ဆလင်မ်၊ အလ္လာဟ်ယုံပါလို့ပြောတယ်။ အလ္လာဟ်ကိုယုံတာနဲ့ လုံလောက်ပါ့မလားလို့ထင်ပြီး အလ္လာဟ့်ဆီကို ရောက်စေမယ့် **`ဇုလ်ဖါ´**လို့ခေါ်တဲ့ အရာများ၊ လူပုဂ္ဂိုလ်များ၊ အဲဒီလူတွေ အကူအညီပေးမှ အလ္လာဟ်အရှင်မြတ်ရဲ့ ချစ်ခြင်းမေတ္တာ ခံယူရရှိနိုင်မယ်။ သို့မဟုတ် သူတို့ပြောပေးမှ အလ္လာဟ်အရှင်မြတ် နှစ်သက်သဘောတူမယ်။ သို့မဟုတ် သူတို့ ဒုအာလုပ်ပေးမှ ငါတို့ ဘဝတွေ ပြည့်စုံမယ်လို့ပြောရင်လည်း အဲဒီလို အားကိုးမှုပြုနေတဲ့အရာတွေ အားလုံး အဲဒီဝေါဟာရထဲမှာ အကျုံးဝင်သွားပါတယ်။ အဲဒါကို ကျွန်တော်တို့ သတိထားဖို့လိုပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ် (၁၉) အာယတ် (၄၂) နဲ့ (၄၄) မှာ -

အလ္လာဟ်အမိန့်ကို ယုံကြည်သက်ဝင်၊ လိုက်နာကျင့်သုံးရာမှာ အဟန့်အတား၊ အနှောက်အယှက်ဖြစ်စရာအားလုံးအလ္လာဟ်ကလွဲရင် အကြားအမြင် အသုံးဝင်မှု လုံးဝမရှိဘူး။ အခြေအနေသုံးရပ်ကို ပြထားပါတယ်။

အီဗရာဟင်မ်(အ)က သူ့ရဲ့ဖခင်ကို အခုလိုပြောပါတယ်။ ***" အို...ဖခင်။ ဖခင်က ဘာမှလည်း မကြားနိုင်တဲ့အပြင် ဘာမှလည်း မြင်နိုင်စွမ်းမရှိတဲ့အပြင် ဘာမှလည်း အသင့်အပေါ်မှာ အကျိုးဖြစ်ထွန်းလာမှုကို ပေးစွမ်းနိုင်စွမ်း မရှိတဲ့အရာတွေကို ဘာကြောင့်များ `အေဗါဒတ်´လုပ်၊ နာခံဘဝတည်ဆောက်၊ ဩဇာခံနေဦးမှာလဲ"***

***" အို...ဖခင်၊ ရှိုင်တွာန်ဆိုတဲ့ အဖျက်အင်အားစု၊ အလ္လာဟ့်အမိန့်ကို ဆန့်ကျင်တဲ့အင်အားစု၊ အလ္လာဟ့်အမိန့်ကို သွေဖည်သွားစေမယ့် အင်အားစုကို ဩဇာမနာခံနဲ့။ အေဗါဒတ် မလုပ်နဲ့။ နာခံဘဝတည်ဆောက်ခြင်း မပြုပါနဲ့။ ဘာကြောင့်လည်းဆိုရင် ဧကန်စင်စစ် ရှိုင်တွာန်ဆိုတဲ့ အဖျက်အင်အားစုဟာ မဟာကရုဏာတော်ရှင်၊ လိုအပ်ချက်အဝဝကို ချီးမြှင့်ထောက်ပံ့နေတဲ့ `ရဟ်မာန်´ ရှင်ဖြစ်တဲ့ အလ္လာဟ်ရဲ့အမိန့်ကို လွန်စွာမှ ချိုးဖောက်ခဲ့တဲ့၊ ဆန့်ကျင်ခဲ့တဲ့အရာပဲ သေချာပေါက်ဖြစ်လို့ပါ "*** လို့ ရှင်းပြခဲ့ပါတယ်။

ကျွန်တော် အီးဒ်နေ့က အီးဒ်ခွတ္တဗါဟ်ပြောတဲ့အချိန်မှာ အီဗရာဟင်မ်(အ)က သားတော် အီစ္စမာအီလ်(အ) ပြေးလွှားဆော့ကစားတဲ့အရွယ်ရောက်တဲ့အခါမှာ သားတော်ကို ဇဗာဟ်လုပ်တဲ့ ကိစ္စပြောတဲ့အခါမှာ ဟဂ်ျမှာ ရှိုင်တွာန်ကို ခဲနဲ့ပေါက်တဲ့အခါ အီဗရာဟင်မ်(အ)က သုံးခါမှားခဲ့တယ်လို့ လူတွေက ပြောဆိုလေ့ရှိကြပါတယ်။ အလ္လာဟ်က ကျမ်းတော်မြတ်ကုရ်အာန်ထဲမှာ ***`ဆီဒ်ဒီးက်ကန် နဗီယန်´*** **အမှန်ကိုပဲ အမြဲပြောဆိုနေထိုင်သူ။**

လူတွေက ပြောတယ်။ အီဗရာဟင်မ်(အ) သုံးခါမှားတယ်။ အဲဒီအတွက် ရှိုင်တွာန်ရဲ့ဖြားယောင်းသွေးဆောင်မှုကို ခံရတယ်။ အဲဒီအတွက် ရှိုင်တွာန်ကို ခဲနဲ့သုံးကြိမ်ပေါက်ရတယ်။ ကျွန်တော်တို့ လေ့လာလိုက်တဲ့အခါမှာ စောစောက သားကိစ္စမှာ ပြောသလို အခုကျွန်တော်တင်ပြမယ့် အာယတ်ကိုလည်း ထောက်ပြပြီး တော့ အီဗရာဟင်မ်(အ) ဒီသုံးခုမှားတယ်လို့ပြောတယ်။

အီဗရာဟင်မ်(အ)နဲ့ပတ်သက်ပြီးတော့ အရှင်မြတ်က ငါ့အရှင်မြတ်ရဲ့ထုံးစံအတိုင်းပဲ အီဗရာဟင်မ်(အ) အရှေ့မှာရှိခဲ့တဲ့ နူးဟ်(အ)က စတင်ခဲ့တဲ့ တမန်တော်တွေကိုလည်း အလ္လာဟ်အရှင်မြတ်က ဖြစ်ထွန်းစီရင် ပေါ်ပေါက်မှုတွေနဲ့ပတ်သက်ပြီး အမြဲတမ်း ရှင်းလင်းပြသခဲ့ပါတယ်။ ပေါ်လွင်ထင်ရှားစေခဲ့ပါတယ်။ ဒီမှာလည်း အီဗရာဟင်မ်(အ)ကို ပုံမှန်အတိုင်းပဲ သူ့ကိုငါပြလိုက်တယ်တဲ့။ ***" စကြဝဠာအနန္တနဲ့ ကမ္ဘာဂြိုဟ်ကို ငါအရှင် ဘယ်လိုစိုးပိုင်တော်မူကြောင်းကို ငါသေချာပြလိုက်တယ်။ အဲဒီတော့မှ သူဟာ အကြွင်းမဲ့ လေးနက်စွာ သက်ဝင်ယုံကြည်သူတွေထဲမှာ အပါအဝင်ဖြစ်လာခဲ့တယ် "*** ကျွန်တော်တို့ ဘာကိုတွေ့ရသလဲဆိုရင် သက်ဝင်ယုံကြည်မှုမှာ စူးစမ်းဆင်ခြင်၊ တွေးခေါ်မြော်မြင်ခြင်း အရေးပါတယ်။ မျက်လုံးဖွင့်မှိတ်ပြီးတော့ ယုံဖို့မလိုဘူးဆိုတာ ဒီမှာပါတယ်။

အီဗရာဟင်မ်(အ)အပေါ်က အာယတ်ကိုသာ ကျွန်တော်တို့ စနစ်တကျ ထဲထဲဝင်ဝင်၊ မလေ့လာ မပြောပြလိုက်တာနဲ့ အနောက်ကပြောတဲ့ အချက်သုံးချက်မှာ ရုတ်တရက်ကြည့်ရင် အီဗရာဟင်မ်(အ)မှားနေတယ်လို့ ထင်ရတယ်။ ညအမှောင်က သူ့အပေါ်ကို ဖုံးအုပ်လာတဲ့အခါမှာ အီဗရာဟင်မ်(အ)ဟာ ဂြိုဟ်တစ်ခုကိုတွေ့တယ်။ ကုရ်အာန်က မတိကျတဲ့နာမ် (ဂြိုဟ်တစ်ခု)လို့ပြော

တယ်။ ပညာရှင်တွေက အဲဒီမှာ နေရာဝင်ယူကြတယ်။ အဲဒီဂြိုဟ်က ဘာဂြိုဟ်လဲသိလားတဲ့။ (ကုရ်အာန်ထဲမှာ ဂြိုဟ်တစ်စင်းလို့ပဲ ပါတယ်တဲ့) ဟုတ်လား။ ဟုတ်ကဲ့ မသိဘူး။ ပြောပြပါဆိုတော့။ အဲဒီဂြိုဟ်က ကြာသပတေးဂြိုဟ်တဲ့။ ကျွန်တော်လည်း တယ်ဟုတ်ပါလား။ ဒီပညာရှင် တော်တော် တော်ပါလားပေါ့။ ခင်ဗျား ဘယ်အထောက်အထားနဲ့ ပြောတာလဲဆိုတော့ ဟဒီးဆ်မှာပါတာပေါ့တဲ့။

သူပြောတာကို ကျွန်တော်မှတ်ပြီး (ကုရ်အာန်အလင်းပြကျမ်း) အဲဒီအတွဲကို ပြန်သွားကြည့်ရတယ်။ အဲဒီမှာ သူပြောတာက ပထမ စာကြောင်းကိုပြောတာ။ လူတွေက အဲဒီစာအုပ်မကြည့်ရသေးရင် ဒီလူ လူတော်လို့ ပြောမှာပေါ့။ အဲဒီစာအုပ်အောက်မှာ ဆက်ရေးထားတာက တစ်ချို့ပညာရှင်များက သောကြာဂြိုဟ်ဟုပြောသည်လို့ ရေးထားတယ်။ ဆရာကြီးဃာဇီတို့ ဘာသာပြန်ထားတဲ့ အလင်းပြကျမ်း ဆူရာဟ်(၆)ကို ရှင်းပြတဲ့အခါမှာ ပညာရှင်တစ်ချို့က ကြာသပတေးဂြိုဟ်၊ တစ်ချို့က သောကြာဂြိုဟ်လို့ ပြောတယ်လို့ရေးထားတယ်။ ဟဒီးဆ်ထဲမှာပါတယ်လို့ မရေးထားဘူး။

ဒီတော့ ကြာသပတေးလား၊ သောကြာလား၊ ခဏထားလိုက်။ သေချာတာက ဂြိုဟ်တစ်စင်း၊ ကြယ်တစ်စင်း။ အဲဒီမှာ တစ်ခုခုကို ကျွန်တော်တို့က သုံးသပ်ခဲ့အခါမှာ ဒါအမှန်လားလို့ ပြောတယ်။ ဒါမှန်တယ်လို့ စပြီးသုံးသပ်တယ်။ ဒါကြောင့်မို့ အီဗရာဟင်မ်(အ)ဟာ ငယ်စဉ်ကတည်းက (ကျွန်တော်တို့ ဒီနေ့ခေတ်စကားနဲ့ပြောရရင်) သိပ္ပံနည်းကျ စနစ်တကျ လေ့လာဆည်းပူးတဲ့ပညာ တတ်တယ်။

အဲဒီတော့ ရုတ်တရက်ကြည့်လိုက်တော့ အီဗရာဟင်မ်(အ)က ဒီကြယ်ကိုတွေ့တဲ့အခါမှာ ဒါငါ့ရဲ့ ပြုစုပျိုးထောင်တော်မူသောအရှင်ဖြစ်တယ်လို့ပြောတယ်။ ဒါဆိုရင် သူတို့က အီဗရာဟင်မ်(အ)က မှားတယ်။ အဲဒီမှာ စပြီ။ အမှန်က ရှုမြင်သုံးသပ်ချက်။ ကြယ်ကိုမြင်လိုက်တော့ ဒါဟာ ငါ့ရဲ့ပြုစုပျိုးထောင်ရှင်လားလို့ ပြောတာ မေးခွန်းထုတ်တဲ့ပုံစံ သုံးသပ်ပြတာ။ ဒီဂြိုဟ်ဆိုတဲ့ ကြယ်ဟာလည်း အချိန်တန်တော့ ပျောက်ကွယ်သွားတယ်။ ပျောက်သွားတော့ အီဗရာဟင်မ်(အ)က ကြည့်ပြီး **`ပျောက်သွားတဲ့အရာကို ငါဘယ်တော့မှမနှစ်သက်ဘူး´**တဲ့။

နောက်တစ်ခါ လကိုကြည့်တယ်။ လကို လင်းဝင်းနေတဲ့ အနေအထားနဲ့တွေ့တယ်။ တွေ့တော့ထပ်ပြောတယ်။ ဒီလကရော ငါ့ရဲ့ ပြုစုပျိုးထောင်ရှင်လားတဲ့။ တိုက်ရိုက်ဘာသာပြန်လိုက်ရင် ဒါဟာ ကျွန်တော့်ရဲ့ပြုစုပျိုးထောင်ရှင်ဖြစ်တယ်။ ဒီတော့ နှစ်ခါမြောက် အီဗရာဟင်မ်(အ)က မှားသွားတယ်ပေါ့။ အဲဒီလလည်း အချိန်တန်တော့ ပျောက်သွားပြန်ရော။ အဲဒီအခါမှာ အီဗရာဟင်မ်(အ)က ပြောတယ်။ (တကယ်တော့ အီဗရာဟင်မ်(အ) သိပြီးပြီ။ သူ့ရဲ့အရှင် **`ရဗ္ဗ´**ဘယ်လိုလဲဆိုတာ အီဗရာဟင်မ်(အ)က သိပြီးပြီ) အကယ်၍ ငါ့ရဲ့ပြုစုပျိုးထောင်ရှင်သာ ငါ့ကို လမ်းညွှန်ပြသတော်မူခြင်း ငါမခံရဘူးဆိုရင် ငါလည်း လမ်းလွဲလမ်းမှားထဲက လူတွေထဲမှာ အသေအချာပါသွားမှာ ဖြစ်ပါတယ်ဆိုပြီး သုံးသပ်ပြတယ်။ ရှေ့မှာ သူ့အဖေနဲ့ သူ့အုပ်စုအမျိုးသားတွေကို ဘာပြောလဲ။ **`ဖီးဒွလာလီမ် မုဘီးန်´** အဲဒီ **`ဒွလာလင်မ်´**က နာမ်ပုံစံမှာ ပြုလုပ်ခြင်း၊ ဒီဘက်က **`ဒွါလ်´**ဆိုတာက ပြုလုပ်သူဆိုတဲ့ နာမ်ပြဖြစ်သော အဲဒီအုပ်စုထဲက ကျွန်တော့်ကို အလ္လာဟ်သာ လမ်းညွှန်မှုမပြုခဲ့ရင် အဲဒီအုပ်စု လမ်းလွဲလမ်းမှားထဲမှာ ကျွန်တော်လည်း အပါအဝင်ဖြစ်ဦးမှာလို့ ပြောတာ။

နေ့တိုင်းတွေ့တဲ့ နေ။ နေကတော့ အမြဲတမ်း ထွန်းလင်းတောက်ပနေတယ်။ ဒါကိုကြည့်ပြီး ဒီနေကရော ကျွန်တော့်ရဲ့ ပြုစုပျိုးထောင်ရှင်လား။ စကြဝဠာထဲမှာ နေဟာ အကြီးဆုံးပဲ။ ဒါကြီးက အကြီးဆုံးကြီး။ ဒီနေကရော ကျွန်တော့်ရဲ့ပြုစုပျိုးထောင်ရှင်ပဲလား။ ဒါကြောင့် အီဗရာဟင်မ်(အ) သိပ္ပံပညာဘယ်လောက် ကျွမ်းလဲဆိုတာ ဒီအာယတ်သုံးခုကို ကြည့်ရင်သိရတယ်။

အဲဒီအချိန်မှာ အဲဒီခေတ်အခါက လူတွေဟာ ကြယ်ကိုကိုးကွယ်တဲ့အုပ်စု၊ လကိုကိုးကွယ်တဲ့အုပ်စု၊ နေကို ကိုးကွယ်တဲ့အုပ်စု သပ်သပ်စီရှိကြတယ်။ အဲဒီ နေ၊ လ၊ ကြယ်၊ နက္ခတ်တာရာတွေဆိုတဲ့ သဘာဝတရားဆိုတဲ့ ကိုးကွယ်ရာတွေဟာ အမှားတွေဖြစ်တယ်လို့ အီဗရာဟင်မ်(အ)က အဲဒီလူတွေကို လမ်းညွှန်ပြခဲ့တယ်။ အဲဒီမှာ မြင်နေတဲ့အချိန်မှာ မမြင်ရတော့ဘူး။ ပျောက်ကွယ်သွားတယ်။ အဲဒီတော့ အီဗရာဟင်မ်(အ)က သူ့ရဲ့အမျိုးသား၊ တိုင်းသူပြည်သားတွေကိုပြောတယ်။ ရှုရိုက်လုပ်နေတဲ့အုပ်စုတွေကို ပြောတယ်။ ကျွန်တော်ကတော့ အသင်တို့နဲ့ ဝေးဝေးမှာပဲ နေပါရစေဆိုပြီးတော့ ပြောခဲ့တယ်။ အမှန်က အဲဒီသဘာဝလောကဓါတ်ရှိသမျှကို ပြုစုပျိုးထောင်တဲ့ ဖြစ်ထွန်းသောအရှင်သည်သာ ကိုးကွယ်ရာအမှန်ပါ။

သူက ဘာပြောလဲဆိုတော့ **`မင်းတို့က ရှရီးက် အလ္လာဟ်နဲ့တစ်စုံတစ်ရာကို တုဖက်နိူင်းယှဉ်၊ ယှဉ်တွဲကိုးကွယ်၊ အားထားယုံကြည်၊ လေးစားနေတဲ့အခြေအနေနဲ့ ကျွန်တော် လုံးဝကင်းစင်ပါပြီ´** လို့ ပြောခဲ့တယ်။ အဲဒီတော့ ဒီဘက်မှာ ဘာကိုပြန်ပြသလဲဆိုရင် တစ်ဖက်မှာ အဖေကိုပြောတယ်။ အဲဒီလူတွေကို အဲဒီလိုပြောတဲ့အခါကျတော့ သူတို့ကလည်း သိပ်မကြည်ဘူး။ မကြည်တဲ့အခါကျတော့ --- ဆူရာဟ်(၂၁) အာယတ် (၆၈ နဲ့ ၆၉) ကျတော့ အီဗရာဟင်မ်(အ)အပါအဝင် တမန်တော်မြတ်တွေအားလုံးကို အဲဒီခေတ် အဲဒီအခါက အမျိုးသားထုအနက်က သက်ဝင်ယုံကြည်မှုမရှိ

တဲ့လူတွေဟာ အမြဲတမ်း (သူတို့ဟာ နမိတ်ကို ယုံစားကြတယ်)။ **`သင်ဟာ ကျွန်ုပ်တို့အတွက် နိမိတ်မကောင်းတဲ့ လူပဲဖြစ်တယ်။ သင်ပြောတာ ရပ်တန်းကရပ်လိုက်´** ပထမဦးဆုံး warning သတိပေးတယ်။ ပြီးရင် ညှိကြည့်တယ်။ ဘာကြိုက်လဲ (ရာထူး၊ ဂုဏ်၊ ငွေ၊ မိန်းမ) ကြိုက်တာပေးမယ်။ ဘုရားအများ ကိုးကွယ်နေတဲ့ ငါတို့ရဲ့ စိတ်ကူးနဲ့ပုံဖော်ထားတဲ့ ကိုးကွယ်အားထားရာတွေကိုတော့ ခင်ဗျား မစော်ကားနဲ့။ လိုချင်တာအားလုံးပေးမယ်လို့ ညှိတယ်။ ညှိလို့မရရင် ဒုက္ခပေးမယ်။ ဒုက္ခပေးလို့မရရင် လုပ်ကြံသတ်ဖြတ်မယ့်အထိကို ကြိုးစားခဲ့ကြတယ်။

အီဗရာဟင်မ်(အ)ကိုလည်း အဲဒီလိုပဲလုပ်တယ်။ လုပ်တော့ ဘာတစ်ဆင့်လုပ်ကြလဲဆိုရင် သူတို့က နမ္မရူးသ်ဆိုတဲ့ဘုရင် (ကိုယ်တိုင် ဘုရားအများကိုးကွယ်သူအုပ်စု) ဆိုတော့ အကြိုက်ပဲ။ အဲဒီမှာ ဘုရင်နဲ့ညှိပြီး ဘာလုပ်ကြလဲဆိုရင် အီဗရာဟင်မ်(အ)ကို မီးတင်ရှို့ဖို့ ကြံစည်ကြတယ်။ ဘယ်လိုရှို့ရမလဲ။ " ***သူ့ကို အရှင်လတ်လတ် မီးရှို့သတ်။ ပြီးတော့ မင်းတို့ဟာ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိခဲ့မယ်ဆိုရင် မင်းတို့ရဲ့ ကိုးကွယ်အားထားရာ အရှင်တွေကို ကူညီပေးတော်မူခြင်းအားဖြင့် သူ့ကို မီးတင်ရှို့လိုက်*** " တဲ့။ အဲဒီမှာ ကြည့်ခြင်းအားဖြင့် ဘာတွေရလဲဆိုရင် အလ္လာဟ်ပြောတဲ့ ကုရ်အာန်ဆူရာဟ်(၁၉) အာယတ်(၄၂ ၊ ၄၄) မှာ- လူတွေစိတ်ကူးနဲ့ ပုံဖော်ပြီး ကိုးကွယ်အားထားနေတဲ့အရာတွေ၊ ပစ္စည်းတွေ၊ လူတွေဟာ ဘာမှလုပ်ကိုင်နိုင်စွမ်း မရှိဘူးဆိုတာ အဲဒီမှာသက်သေပြနေတယ်။

ဘာမှမရှိတဲ့အရာတွေ ဘာလုပ်နိုင်မှာလဲ။ ကျန်တဲ့လူတွေက အုပ်စုဖွဲ့ရမ်းကား သောင်းကျန်းပြီး အီဗရာဟင်မ်(အ)ကို ဒုက္ခပေးဖို့လုပ်ကြတယ်။ သူ့ကို မီးတင်ရှို့ကြတယ်။ နောက်အုပ်စုတစ်စုကျတော့ ဘာပြောလဲ။ ဆူရာဟ်(၂၉) အာယတ်(၂၄) ရောက်တော့ အမှန်သစ္စာတရားကိုပြောပြီး သောင်ဟီးဒ်ကိုပြလျက်နဲ့ လက်မခံတဲ့ အခြားအုပ်စုတစ်စုက သူ့ကို (အီဗရာဟင်မ်(အ)) နည်းလမ်းမျိုးစုံနဲ့ သုတ်သင်ရှင်းလင်း သတ်ပစ်လိုက်။ တစ်အုပ်စုက အရှင်လတ်လတ် မီးတင်ရှို့ကြ။ အဲဒီမှာ ဒီနေ့ခေတ်စကားအရ ဒီမိုကရေစီပေါ့။ မီးတင်ရှို့မယ့်အုပ်စု လူများတော့ နိုင်သွားတာပေါ့။

နိုင်သွားတော့ တကယ်မီးတင်ရှို့ဖို့ ကြိုးစားတယ်။ အဲဒီအချိန်မှာ အဲဒီဒုက္ခမီးဆိုတဲ့ ပင်လယ်ဝေမှုတွေထဲကနေ အလ္လာဟ်ဟာ အီဗရာဟင်မ်(အ)ကို ကယ်တင်စောင်မတော်မူခဲ့တယ်။ အဲဒီကိစ္စဟာ အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တွေအတွက် ဧကန်စင်စစ် ထင်ရှားစွာသော အာယတ်သက်သေလက္ခဏာ အထောက်အထားတွေ အသေအချာရှိနေတယ်။ အဲဒါကြောင့် တမန်တော် အီဗရာဟင်မ်(အ) ဒီလို ဒီလိုဖြစ်ခဲ့တယ်။ အလ္လာဟ်ကပြောတယ်။

***" အို မီး ... အီဗရာဟင်မ်(အ)အပေါ်မှာ အေးမြမှုနဲ့ ငြိမ်းချမ်းသာယာဘေးကင်းလုံခြုံမှုကို အသင် (မီး) ရှိစေလိုက် "*** တဲ့။

အဲဒီတော့ အီးဒ်နေ့ကလည်း ကျွန်တော်ပြောပါတယ်။ အီဗရာဟင်မ်(အ)ရဲ့ ယုံကြည်သက်ဝင်မှုနဲ့ ဘဝတည် ဆောက်မှုမျိုး ဒီနေ့ဒီအခါမှာ ကျွန်တော်တို့အားလုံးမှာရှိခဲ့ရင် ကျွန်တော်တို့ကို သူတစ်ထူးက ပြုမူဆောင်ရွက်လုပ်ကိုင်လာမယ့် ဘေးဒုက္ခအန္တရာယ်တွေဟာ တစ်နည်းအားဖြင့် ဒုက္ခအပေါင်းဟာ သာယာတဲ့ ရိပ်မြုံကဲ့သို့ သုခဝေဖြာမှုနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အဲဒီစိတ်ဓါတ်မျိုးရှိဖို့လိုပါတယ်။ တန်ဖိုးကို တန်ဖိုးထားတတ်ဖို့လိုပါတယ်။ စောစောက ကျွန်တော်ပြောခဲ့တဲ့ အီဗရာဟင်မ်(အ)ရဲ့တန်ဖိုး ကုရ်ဘာနီအီးဒ်နေ့မှာ ကျွန်တော်တို့သတ်စားလိုက်တဲ့ အမဲသားလို ချက်စားလိုက်လို့လည်း မရပါဘူး။ ကြော်စားလို့လဲမရပါဘူး။ ကင်စားလို့လည်း မရပါဘူး။ နပ်စားလို့လည်း မရပါဘူး။ ဒါပေမဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဘိုးတွေက အများအပြားပါ။ ကျွန်တော်တို့က တန်ဘိုးလို့ပြောလိုက်ရင် ငွေကြေးကို ပြေးမြင်သဘောပေါက်ကြပါတယ်။ အဲဒါက တန်ကြေးပါ။ တန်ဘိုးက အလွန်အရေးပါ အရာရောက်ပြီး လူတွေရဲ့ဘဝတွေကို ပြောင်းလဲပေးတတ်ကြပါတယ်။

ဒါပေမဲ့ တန်ဖိုးမဖြတ်နိုင်တဲ့တန်ဖိုးကို ကျွန်တော်တို့ တကယ်တမ်းသိဖို့ လိုပါတယ်။ အီဗရာဟင်မ်(အ)ရဲ့ တန်ဖိုးဟာ ကျွန်တော်တို့အတွက် အင်မတန်မှ များပြားလှပါတယ်။ ကျွန်တော်တို့ အဲဒါတွေကို သိနားလည်သဘောပေါက်ပြီး လက်တွေ့လိုက်နာကျင့်သုံးဖို့လည်း လိုပါတယ်။

စောစောက ကိစ္စတွေကိုကြည့်ရင်ပဲ အီဗရာဟင်မ်(အ) စံနမူနာထဲမှာ မိမိကိုယ်တိုင်ရဲ့အသက်ကို စွန့်ရဲတဲ့အထိ ပထမဦးဆုံး မိမိရဲ့မွေးရပ်မြေနဲ့ မိမိရဲ့ဖခင်ကို (ယုံကြည်ချက်မတူတဲ့အတွက်) အေးချမ်းစွာ ဘာလို့လဲဆိုရင် အီဗရာဟင်မ်(အ)က သူ့အဖေနဲ့ခွဲခွာခါနီးမှာ တစ်နည်း (ကယ်တင်ခြင်းကို ခံရပြီးတဲ့နောက်မှာ) သူဟာ သူ့ရဲ့ မွေးရပ်မြေနဲ့ဖခင်ကိုစွန့်ပြီး ထွက်ခဲ့ရတယ်။ အဲဒီအခါမှာ အဖေကို **`ဆလာားမွန် အလိုင်းကံ´**ဆိုပြီး ငြိမ်းချမ်းသာယာမှုအပေါင်း ကျရောက်ပါစေ အဖေဆိုပြီး နောက်ဆုံးအထိ နှုတ်ဆက်ခဲ့တယ်။ ဒီထက်ပိုပြီး ဘယ်လောက်တာဝန်ကျေလဲဆိုရင် အလ္လာဟ့်အမိန့်ပြဌာန်းချက်မှာ ဘယ်မွတ်ဆလင်မ်တစ်ယောက်ကမှ `မွတ်ရှ်ရစ်က်´တစ်ယောက်အတွက် ဆုမွန်ဒုအာပေးလို့မရတာ။ ဒါပေမဲ့ အလ္လာဟ်က ချွင်းချက်အနေနဲ့ အီဗရာဟင်မ်(အ)ကိုတော့ပေးခဲ့တယ်။

အီဗရာဟင်မ်(အ)က အလ္လာဟ်အရှင်မြတ်ကို " ***အို... အလ္လာဟ် ဟာရှရ်နေ့မှာ ကေယာမသ်နေ့မှာ လူတွေအများကြီးရှေ့မှာ ဒီအီဗရာဟင်မ်(အ)ဆိုတဲ့ ကျွန်တော့်ကို ကျွန်တော့်အဖေရဲ့ လုပ်ကိုင်ဆောင်ရွက်မှု၊ မှားယွင်းမှုကြောင့် အလ္လာဟ် ကျွန်တော့်ကို မျက်နှာမထားတတ်အောင် အလ္လာဟ်မလုပ်လိုက်ပါနဲ့*** " လို့ အီဗရာဟင်မ်(အ)က အလ္လာဟ်အရှင်မြတ်ထံမှာ ဆုပန်လျှောက်ထားခဲ့တယ်။ ကျွန်တော်တို့က ဆွလာဟ်တည် ဆောက်ခါနီးတိုင်း မီမီ မမီမီ အဲဒီအပိုဒ်ကို အလွတ်ရအောင်ကျက်ပြီး ဖတ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ကို အီဗရာဟင်မ်(အ)က ဘဝသက်တမ်း တစ်လျှောက်လုံးမှာ အမြဲတမ်း ကျွန်တော်တို့ကို သိနားလည်သဘောပေါက်အောင် လုပ်ကိုင်ဆောင်ရွက်ဖို့ အီဗရာဟင်မ်(အ)၏ ကြွေးကြော်ချက်

" ***ကျွန်တော့်ရဲ့ဘဝဦးတည်ရာကို ကျွန်တော် မျက်မှောက်ပြုလိုက်ပြီ။ အဲဒီမျက်မှောက်ပြုတာဟာ စကြဝဠာအနန္တနဲ့ ကမ္ဘာဂြိုဟ်ကို စတင်ဖြစ်ထွန်းပေါ်ပေါက်စေသည့် သဘာဝတရားကြီးကို ပြုလုပ်ဖန်ဆင်း ဖြစ်ထွန်းပေါ်ပေါက်စေထားတဲ့အရှင် အလ္လာဟ်ရဲ့လမ်းစဉ်ဖက်ကို တိကျစွာ လိုက်နာရန် ကျွန်တော့်ကိုယ် ကျွန်တော်၊ ကျွန်တော့်ရဲ့ဘဝကို၊ ကျွန်တော့်ရဲ့မျက်မှောက်ပြုရာကို၊ ဦးတည်ရာကို ရွေးချယ်ဆောင်ရွက် လိုက်နာပါပြီ*** "

**`ဟာနီးဖန်´** " ***အဲဒီလို အလ္လာဟ်ရဲ့ ဥပဒေပြဌာန်းချက်များကို မျက်မှောက်ပြုရာမှာ ကျွန်တော့်မှာ မယိမ်းမယိုင် ကျောက်စာတိုင်ပမာ ဖြောင့်မတ်မှန်ကန် တည်ကြည်လျက် ကျွန်တော်ဆောင်ရွက်ရန် အဓိဌာန်ပြုပါ၏*** "

" ***ဒ့ါအပြင် ကျွန်တော်ဟာ မွတ်ရှ်ရစ်က်လို့ခေါ်တဲ့ အလ္လာဟ်အရှင်မြတ်ရဲ့အမိန့်တော်ကို တစ်စုံတစ်ရာနဲ့ တုဖက်နှိုင်းယှဉ်၊ ယှဉ်တွဲကိုးကွယ်ကြတဲ့ လူတွေထဲမှာ ကျွန်တော် လုံးဝ မပါဘူး*** " ဆိုပြီးတော့ သစ္စာဆိုခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း နေ့စဉ် အဲဒီသစ္စာကို ဆိုတဲ့အတိုင်း လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဖို့ လိုပါတယ်။

**`ဟာနီးဖ်´**ဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ လေ့လာလိုက်တဲ့အခါမှာ အာရုံစူးစိုက်ခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ဒွလာလသ်ကိုပယ်ပြီး တရားလမ်းမှန်ကို နှစ်ခြိုက်ခြင်း၊ အလ္လာဟ် အရှင်မြတ်မှတပါး အခြားသော အားကိုးအားထားပြုစရာများကို စွန့်လွှတ်ခြင်းဆိုပြီး တွေ့နိုင်ပါတယ်။

- မိမိ အထက်ဘိုးဘေး မိဘတွေခေတ်အဆက်ဆက် မိမိတို့ စိတ်အလိုဆန္ဒအရ စိတ်ကြိုက်ပုံဖော် ကိုးကွယ်အားထားနေတဲ့ မှားယွင်းတဲ့ယုံကြည်ချက်တွေဟာ အလ္လာဟ့်အမိန့်တော်နဲ့ ဆန့်ကျင်နေလို့ စွန့်လွှတ်ရဲတာ အီဗရာဟင်မ်(အ)ရဲ့ စံနမူနာပါ။

- မိုက်မဲတဲ့၊ အဓိပ္ပါယ်ကင်းမဲ့တဲ့၊ လူမဆန်တဲ့ လူသားတွေကို အများဆုံးဖျက်ဆီးနေတဲ့ ရှေးရိုးထုံးတမ်းစဉ်လာ အယူဆိုး၊ ဓလေ့ဆိုးတွေ ချုပ်ငြိမ်းပပျောက်သွားအောင် ပြုလုပ်ပေးခဲ့ပြီး **`သားဦးမွေးရင်သတ်ပြီး ယဇ်ပူဇော်လေ့ရှိတဲ့ မှားယွင်းတဲ့ အတွေးအခေါ်နဲ့ လုပ်ရပ်´** တွေကို စွန့်လွှတ်ခဲ့တာ အီဗရာဟင်မ်(အ)ရဲ့ စံနမူနာပါ။

- အလ္လာဟ့်အမိန့်တော်၊ အမှန်သစ္စာတရားအတွက် မိမိရဲ့ အထက်စီးရတဲ့လူတန်းစားက မိမိကို ဒုက္ခမျိုးစုံပေးပြီး နောက်ဆုံး မိမိအသက်ကိုသတ်ဖို့ ရန်ရှာတဲ့အခါ မိမိရဲ့အသက်ကိုစွန့်ဖို့ အဆင်သင့်ဖြစ်နေတာ အီဗရာဟင်မ်(အ)ရဲ့ စံနမူနာပါ။

- အလ္လာဟ်အရှင်မြတ်ရဲ့ ကယ်တင်ခြင်းခံရပြီး နောက်ဘဝမှာ စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ဖြေရှင်းခဲ့ရပါတယ်။ အသက်ကြီးမှရတဲ့ သားကို စွန့်လွှတ်ဖို့ အိပ်မက်မြင်မက်။ သားကလည်း အလ္လာဟ့် အမိန့်တော်ဆိုရင် အသက်ကိုစွန့်ဖို့ ဝန်မလေး အဆင်သင့်။ ဇနီးကြင်ရာကလည်း အလ္လာဟ့်အမိန့်တော်ဆိုရင် ကျရာတာဝန် ထမ်းရွက်ဖို့အဆင်သင့် `Sacrifice စွန့်လွှတ်အနစ်နာခံခြင်း´ " **မိသားစုလိုက် အလ္လာဟ့်အမိန့်နာခံအပ်နှင်း စွန့်လွှတ်ခဲ့ကြတာ တွေ့ရပါတယ်** "

အီဗရာဟင်မ်(အ)ရဲ့ ဘဝသက်တမ်းတစ်လျှောက်မှာ တွေ့ကြုံခဲ့ရတဲ့ ဘေးအန္တရာယ်အသွယ်သွယ်ကိုလည်း ရဲဝံ့ပြတ်သားစွာ ရင်ဆိုင်ဖြေရှင်းခဲ့ပါတယ်။ အလ္လာဟ့်အမိန့်နာခံတော်မွတ်ဆလင်မ်ဆိုတဲ့ ဂုဏ်နှင့်အညီ မြေဝယ်မကျနာခံပြီး ဦးလည်မသုံ လိုက်နာကျင့်သုံးခဲ့ပါတယ်။

အီဗရာဟင်မ်(အ)ရဲ့အမည်နာမကို ကြားလိုက်ရရင် ကျွန်တော်တို့ဟာ

- **အမှန်တရားကို စေ့စပ်သေချာစွာ လေ့လာဆည်းပူး ရှာဖွေလိုစိတ်**
- **ပတ်ဝန်းကျင်ရှိလူသားတွေကို အမှန်သစ္စာတရားကို သိရှိနားလည်စေရန် မျှဝေပေးလိုစိတ်**
- **မိစ္ဆာဒိဋ္ဌိတွေရဲ့ရှေ့မှာ ဒူးမထောက် လက်မမြှောက်လိုစိတ်**
- **လူ့ဘဝသက်တမ်းတစ်လျှောက် တွေ့ကြုံလာရမယ့် ဘေးဒုက္ခ အဖျက်အနှောင့်အန္တရာယ် အသွယ်သွယ်ကို ဖွဲလုံ့လ၊ ဝီရိယ၊ သတ္တိ၊ စိတ်ဓါတ်ကြံ့ခိုင်မှုတွေနဲ့ ရင်ဆိုင်လိုတဲ့စိတ်**

- **အမှန်သစ္စာတရားနှင့်ပတ်သက်လာရင် မိမိရဲ့အစွဲအလမ်း၊ သံယောဇဉ်၊ ကိုယ်ကျိုးစီးပွား၊ အတ္တအကျိုးစီးပွား (လိုအပ်ရင် အသက်အိုးအိမ်စည်းစိမ် )ကို စွန့်လွှတ်ရန် အဆင်သင့်ဖြစ်တဲ့စိတ်**
- **မိမိတိုင်းပြည်မြို့ရွာနိုင်ငံနှင့် လူသားတွေ ဘေးရန် ခပ်သိမ်း ကင်းစင်ပြီး တည်ငြိမ်အေးချမ်း ဘေးကင်းလုံခြုံတဲ့ဘဝ ပိုင်ဆိုင်အောင် စည်ပင်သာယာဝပြောအောင် ပြုလုပ်လိုတဲ့စိတ်**
- **လူကိုလူလိုမြင်ပြီး လူကိုလူလိုဆက်ဆံလိုတဲ့စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာရကြောင်း တင်ပြရင်း နိဂုံးချုပ်ပါ တယ်။ ။**

# အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုသည် အကြီးကျယ်ဆုံး

ကျွန်တော်တို့အားလုံးဟာ မွတ်ဆလင်မ် မုအ်မင်န်တွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အားလုံး ငယ်ငယ်လေး ထဲကနေ နောက်ဆုံးထွက်သက်အထိ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်အား ကိုးပြီးတော့ နေထိုင်အသက်ရှင် ဘဝတည်ဆောက်သွားကြဖို့ အီမာန်သက်ဝင်ယုံကြည်ထားကြသူတွေ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့`**အီမာန်**´ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ခြင်း၊ ကျွန်တော်တို့ရဲ့ အေဗါဒသ် အလ္လာဟ်တစ်ပါးတည်းကို သြဇာခံပြီး အလ္လာဟ်တစ်ပါးတည်းကို နိစ္စထာဝရ တည်ရှိတော်မူကြောင်း၊ ယုံကြည်သက်ဝင်လျက် အလ္လာဟ်ဥပဒေလမ်းညွှန်ပြဌာန်းချက်ကို ကျိုးနွံနာခံခြင်း၊`**သက္ကဝါ**´ လို့ခေါ်တဲ့ အလ္လာဟ်အရှင်မြတ်ကို မမေ့မလျော့တဲ့နည်းနဲ့ ဆင်ခြင်ပြီးတော့ အလ္လာဟ်ရဲ့အမိန့်ကို မြေဝယ်မကျနာခံပြီး၊ ဦးလည်မသုံ လိုက်နာကျင့်သုံးခြင်း၊ အလ္လာဟ်အရှင်မြတ်က ပြဌာန်းသတ်မှတ်ထားတဲ့ ကောင်းမြတ်တဲ့လုပ်ငန်းဆောင်တာတွေကို တသွေမတိမ်း ပြုလုပ်ဆောင်ရွက်ခြင်း၊ အလ္လာဟ်လမ်းညွှန်ချက်နဲ့အညီ အလ္လာဟ် ချီးမြှင့်အပ်နှင်းထားသည့် မိမိတို့မှာရှိတဲ့ အရင်းအမြစ်တွေနဲ့ လူနဲ့ လူ့ပတ်ဝန်းကျင်အတွက် အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ရင်းနဲ့ မျှဝေခံစား ပေးကမ်းစွန့်ကြဲ ဒါနပြုခြင်း။ အလ္လာဟ့်အမိန့်လမ်းညွှန်ကို ဦးထိပ်ပန်ဆင်ကာ ကိုယ်ကျိုးစွန့် အနစ်နာခံကာ တစ်နည်းအားဖြင့် အမှန်သစ္စာတရားအတွက် မိမိရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကိုပင် စွန့်လွှတ်(ကုရ်ဘာနီ)ပြုလုပ်ခြင်းအားဖြင့် ဘဝသက်တမ်းတစ်လျှောက် အပတ်တကုပ် ကြိုးပမ်းအားထုတ် `**ဂျီဟာဒ်**´လုပ်ခြင်းစတဲ့ကောင်းမြတ်တဲ့ လုပ်ငန်းဆောင်တာတွေကို ကျွန်တော်တို့တစ်ဦးချင်း၊ လူ့အဖွဲ့အစည်းအလိုက် လုပ်ကိုင်ဆောင်ရွက် အကောင်အထည်ဖော်လျက် ရှိနေကြပါတယ်။

ဒီနေရာမှာ ကျွန်တော့်အတွက် မေးခွန်းတွေဖြစ်ပေါ်လာပါတယ်။ စောစောက တင်ပြခဲ့တဲ့ အီမာန်၊ အေဗါဒသ်၊ သက္ကဝါ၊ အမ္မာလေဆွာလေဟာ၊ ဂျီဟာဒ်စတဲ့ကိစ္စတွေ လုပ်ရပ်တွေကို ဘာကြောင့် ကျွန်တော်တို့လုပ်နေကြတာလဲ! အလ္လာဟ်အရှင်မြတ်ကို ကြောက်လို့လား! ဒါမှမဟုတ် အလ္လာဟ်ကိုမယုံရင်၊ အလ္လာဟ့်အမိန့်ကို ဆန့်ကျင်ရင်၊ အလ္လာဟ်က အရေးယူအပြစ်ပေးမှာကို ကြောက်လို့လား! ဒါမှမဟုတ် စီးပွားလာဘ်လာဘတွေ မဖြစ်ထွန်းတော့ဘဲ ပျက်စီးဆုံးရှုံးမှုတွေနဲ့ တွေ့ကြုံခံစားရမှာ ကြောက်လို့လား! တောင်သူဦးကြီးတွေအနေနဲ့ လယ်ယာစိုက်ပျိုး ဥယျာဉ်ခြံမြေတွေ အထွက်မတိုးတော့ဘဲ ဈေးနှုန်းကျဆင်း၊ ရာသီဥတုဘေးတွေနဲ့ တွေ့ကြုံခံစားရမှာကြောက်လို့လား!

ဒါမှမဟုတ် အသက်ရှည်ရှည်၊ ကျန်းကျန်းမာမာ၊ချမ်းချမ်းသာသာနဲ့ သုခချမ်းသာရပြီး နောင်ဘဝကြရင် အလ္လာဟ်အရှင်မြတ်ချီးမြှင့်ပေးအပ်မယ့် အမတသုခဘုံ(ဂျန္နသ်)ဝင်ရောက်စံမြန်းပြီး ငြိမ်းအေးသော ဘဝပိုင်ရှင်ဖြစ်ချင်လို့လား! ဒါမှမဟုတ် ပျက်ကွက်ခဲ့ရင် ငရဲကြီးမယ်၊ ဒို့အပြင် ဒုက္ခဆင်းရဲကျရောက်ပြီး သေပြီးရင်လဲ ဂျဟန္နမ်ဆိုတဲ့ ငရဲမီး၊ သောကပင်လယ်ဝေမှုတွေ တွေ့ကြုံခံစားရမှာ ကြောက်လို့လား! ဒါကြောင့် အလ္လာဟ်ကိုယုံနေတာလား! အလ္လာဟ်ကို အေဘာဒသ်လုပ်နေတာလား! အလ္လာဟ်ကို သက္ကဝါထားနေတာလား! ခိုင်းတဲ့အလုပ်တွေကို မြေဝယ်မကျနာခံပြီး ဦးလည်မသုံ ကျင့်သုံးနေတာလား! ကောင်းမြတ်တဲ့လုပ်ငန်းဆောင်တာတွေကို လုပ်ကိုင်ဆောင်ရွက်နေကြတာလား!

အဲဒီလို `**လား**´ပေါင်းများစွာသော မေးခွန်းတွေကို ကျွန်တော့်ကိုကျွန်တော် အကြိမ်ပေါင်းများစွာ မေးကြည့်မိပါတယ်။ လူကြီးမင်းများမှလည်း ကျွန်တော်တင်ပြခဲ့တဲ့ `**လား**´ပေါင်းများစွာ မေးခွန်းတွေကို ကျွန်တော်မတင်ပြမီ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှာ မေးပြီး မိမိတို့ရဲ့အမြင်ရှုထောင့်တွေကို ဖြေထားစေချင်ပါတယ်။ လူကြီးမင်းတို့ရဲ့အဖြေနဲ့ ကျွန်တော် ဆက်လက်တင်ပြမယ့်အဖြေ လိုက်လျောညီထွေရှိနေတယ်ဆိုရင်တော့ ဒီကနေ့ ကျွန်တော်တင်ပြရကျိုးနပ်တယ်လို့ပဲ မှတ်ယူရမှာဖြစ်ပါတယ်။

ကျွန်တော် ကျမ်းတော်မြတ်ကုရ်အာန်ကို လေ့လာဆည်းပူးစဉ် မသိခင်တုံးကဆိုရင် စောစောကပြောတဲ့ အချက်တွေဟာ ကျွန်တော်ရဲ့လက်တွေ့ဘဝ ဖြစ်နေခဲ့ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန်ကို လေ့လာဆည်းပူး သင်ယူခဲ့ပြီးနောက် အနည်းငယ်

နားလည်သဘောပေါက်လာရတဲ့ အချက်တွေထဲက အချို့ကို **Share** မျှဝေ ပေးသွားမှာဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်ရဲ့ အမြင်တွေကိုလည်း တင်ပြသွားမှာဖြစ်ပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန် ဆူရာဟ်(၅) အာယတ်(၁၅)နဲ့ (၁၆)မှာ အခုလိုဖော်ပြထားပါတယ်။

တမန်တော်မြတ်ကြီး မုဟမ္မဒ်(ဆွ)ကို အလ္လာဟ်အရှင်မြတ်က စေလွှတ်လိုက်တဲ့အကြောင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ အဲဒီတမန်တော်မြတ်မတိုင်ခင်က အလ္လာဟ့်ရစူလ်၊ နဗီတမန်တော်မြတ်တွေ စေလွှတ်ပြီးတော့ ကျမ်းဂန်ချီးမြှင့်ခံခဲ့ရတဲ့ **`အဟ်လေကီသားဗ်´**ဆိုတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အဲဒီလူတွေကို အလ္လာဟ်အရှင်မြတ်က အခုလိုမိန့်တော်မူတယ်။

" ***အို ... ကျမ်းဂန်ရရှိသူအပေါင်းတို့ ကေန်အမှန်ငါအရှင်မြတ်၏ရစူလ်တမန်တော်သည် အသင်တို့ထံသို့ မုချ ရောက်ရှိခဲ့ပြီးဖြစ်သည်။ "***

ဒီနေရာမှာ ကျွန်တော်တို့ အွမ္မသ်သားမြေးတွေ လက်ထက်ကြမှ ပေါ်လာတယ်လို့ထင်ရတဲ့ အစဉ်အလာတစ်ခု။ အဲဒါဘာလဲဆိုရင် ကျွန်တော်တို့ခေတ် တမန်တော်မြတ်(ဆွ)ရဲ့ အွမ္မသ်သားမြေးတွေခေတ်မှာလည်း အလ္လာဟ်ထုတ်ပြန်ပို့ချပေးခဲ့တဲ့ ကျမ်းဂန်ဒေသနာမှာ ပါဝင်ခဲ့တဲ့လူသားတွေ ယုံကြည်သက်ဝင် လိုက်နာကျင့်သုံးရမယ့် အချက်အလက်တွေထဲက ကိုယ်နဲ့ကိုယ့်ဆန္ဒနဲ့ ကိုယ့်ဆရာသမားတွေဆန္ဒနဲ့ ကိုယ့်မိဘ၊ အထက်အစီးရတဲ့ လူတွေရဲ့ဆန္ဒနဲ့ မကိုက်ညီတာတွေကို ပုန်းလျှို၊ ကွယ်လျှို၊ ဖုံးဖိ၊ ဖျောက်ဖျက်ထားလေ့ရှိပါတယ်။

ဒီလိုကိစ္စတွေကို ကျွန်တော်တို့ထက်အရင် အလ္လာဟ့်ကျမ်းဂန်ဒေသနာတွေကို ရရှိခဲ့ပြီးဖြစ်တဲ့ ကျွန်တော်တို့ရဲ့ညီနောင် **`အဟ်လေကီသားဗ်´**တွေ (တစ်နည်း) ရဟူဒီ-နာဆွရာတွေလို့ပြောတဲ့ ဘာနီအစ္စရာအီလ်တွေ **`အဟ်လေကီသားဗ်´**တွေလုပ်ခဲ့တဲ့ အလုပ်တွေ။ ကျွန်တော်တို့လည်း လုပ်ကြတယ်။ တစ်ဖက်က ကျွန်တော်တို့က သူတို့ကိုမုန်းတယ်လို့ပြောတယ်။ ပြီးတော့ သူတို့လုပ်တဲ့အလုပ်ကို ကျွန်တော်တို့လည်းလုပ်တယ်။

ထိုရဆူလ်တမန်တော်သည် " ***အလ္လာဟ့်ကျမ်းဂန်များထဲမှ အသင်တို့ ထိန်ချန်ဖုံးအုပ်ထားလျက်ရှိသော အရာများအနက်မှ များစွာသောအရာများကို အသင်တို့အား ထင်ရှားရှင်းလင်းစွာ ဖော်ပြလျက်ရှိသည်။ ၎င်းပြင် များစွာသောကိစ္စရပ်များကို ထိုရစူလ်က ခွင့်လွှတ်ပေးလေသည် "*** နောက်တော့မှ လူသားခပ်သိမ်းအတွက် ရောက်ရှိလာတဲ့ " ***အသင်တို့ထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ လင်းရောင်ခြည်တော်တည်းဟူသော ထင်ရှားလှစွာသော ကျမ်းဂန်(မြတ်ကုရ်အာန်)သည် အသေအချာပင် ရောက်ရှိခဲ့ပြီးဖြစ်သည် "***

ဒီတော့ **`အဟ်လေကီသားဗ်´**တွေအတွက်လည်း ဒီကျမ်းမြတ်ကုရ်အာန်ဟာ လမ်းညွှန်ပြသခဲ့ပြီးဖြစ်တယ်လို့ကျွန်တော် နားလည်သဘောပေါက်မိပါတယ်။

ပြီးတော့ " ***၎င်းပြင် ထိုသူတို့အား မိမိသတ်မှတ်ပြဋ္ဌာန်းထားသော အမိန့်လမ်းညွှန် ပြဋ္ဌာန်းချက်များနှင့်အညီ အမိုက်မှောင်ထုများအတွင်းမှ အလင်းရောင်ဘက်ဆီသို့ ထွက်စေတယ် "***

ဒါကြောင့် အလ္လာဟ်ကျေနပ်နှစ်သက်မှုကို ဘယ်သူတွေရလိုသလဲ! လိုအပ်သူတွေအတွက် အလ္လာဟ်က လမ်းညွှန်ပေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကျမ်းတော်မြတ်ကုရ်အာန်ကို သိနားလည်အောင်လုပ်ပြီး လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ရင်းနဲ့ အလ္လာဟ်ရဲ့ကျေနပ်နှစ်သက်မှုကို ရှာဖွေဖို့လိုလာပါလိမ့်မယ်။

အဲဒီလိုနဲ့ ကျမ်းတော်မြတ်ကုရ်အာန်နဲ့အညီ ဘဝတည်ဆောက်ကြတဲ့ လူ့အဖွဲ့အစည်းဝင်တွေဟာ သူတို့ဘဝ ငြိမ်းအေးသာယာ၊ ဘေးကင်းလုံခြုံတဲ့လမ်းတွေကို အလ္လာဟ်အရှင်မြတ်လမ်းညွှန်ပြသပေးတော်မူခြင်းကိုလည်း ခံရမှာဖြစ်ပါတယ်။ အလ္လာဟ်သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လမ်းညွှန်မိန့်ကြားချက် ပြဋ္ဌာန်းချက်တွေနဲ့အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ချင်တဲ့သူတွေကို အမိုက်မှောင်ထုအတွင်းမှ အလင်းရောင်ဘက်ဆီသို့ ဆွဲထုတ်ပေးတော်မူလိမ့်မယ်။ " ***၎င်းပြင် ထိုအရှင်မြတ်သည် ထိုသူတို့အား ဖြောင့်မတ်မှန်ကန်သော တိုးတက်မြင့်မားမှုဖြစ်စေသော တရားလမ်းကိုလည်း လမ်းညွှန်ပြသတော်မူသည် "*** (ကုရ်အာန် - ၅း၁၅-၁၆)

အဲဒီတော့ ကျမ်းတော်မြတ်ကုရ်အာန်ဟာ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုကို ရလိုသူတွေအတွက် တရားလမ်းမှန်ဖြစ်တယ်ဆိုတာ ဒီအာယတ်မှာ ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ အနှစ်ချုပ်ယူလို့ရတာက အလ္လာဟ့်ကျေနပ်နှစ်သက်မှုဟာ အရေးကြီးတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်မိန့်ကြားချက်တွေကို ဘယ်လိုလက်တွေ့ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ရမယ်ဆိုတာကို စံနမူနာပြခဲ့တဲ့၊ အလ္လာဟ်စေလွှတ်ခဲ့တဲ့ နဗီရစူလ်တမန်တော်မြတ်များအနက်က အတ္တိမ နောက်ဆုံးတမန်တော်မြတ်မုဟမ္မဒ်(ဆွ)နဲ့ သူရဲ့အဆွေတော်တွေ (ဒီနေရာမှာကျွန်တော် သောဗ်ဗဟ်

လုပ်စရာရှိပါတယ်။ အများဝန်ခံရမယ့်ကိစ္စတစ်ခု ပေါ်လာပါတယ်)။ ကျွန်တော်တို့ မတောက်တစ်ခေါက်၊ တောက်တစ်ခေါက်နဲ့(ဒီစကားက ကျွန်တော်တို့ရဲ့ဆရာကြီး ဦးမြတ်သူရဲ့စကားပါ) လေ့လာနေဆဲအချိန်မှာ တမန်တော်မြတ်လမ်းစဉ် လိုက်ရင်ပြီးရော၊ ကျန်တဲ့ဘယ်သူ့လမ်းစဉ်မှ လိုက်စရာမလိုဘူးလို့ ကျွန်တော်တို့ပြောခဲ့ဖူးပါတယ်။ အဲဒါက ရစူလ်တမန်တော်မြတ်အနေနဲ့ တမန်တော်မြတ်မုဟမ္မဒ် (ဆွ)ရဲ့စံနမူနာကို လိုက်တာကိုပြောတာပါ။ တကယ်တော့ တမန်တော်မြတ်(ဆွ)နဲ့ အတူရှိခဲ့တဲ့ အဆွာဗ်တော်တွေရဲ့ ကောင်းမြတ်သော လုပ်ငန်းဆောင်တာတွေကို ထက်ကြပ်မကွာ လိုက်နာကျင့်သုံးဖို့လည်း ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ကျွန်တော်နောက်ပိုင်းမှာ တွေ့ရှိရပါတယ်။ ဒီအတွက် ကျွန်တော်အရင်တုန်းက ပြောခဲ့တဲ့စကားအတွက် သောဝ်ဗဟ်လုပ်ရပါတယ်။

ကျမ်းမြတ်ကုရ်အာန်ရဲ့ ဆူရာဟ်(၄၈) အာယတ်(၂၉)မှာ- ဒီနေရာမှာ ကျွန်တော်တို့အားလုံး အမှတ်မမှားဖို့အတွက် တစ်ခါတည်း ဖော်ပြချင်ပါတယ်။ အဲဒါဘာလဲဆိုရင် ကျွန်တော်တို့ ဒီကနေ့ဆိုနေကြတဲ့ **`လာအိလာဟ အိလ္လလ်လာဟ် မုဟမ္မဒ္ဒရ် ရစူလွလ္လာဟ်´** ဆိုတာက တကယ်တမ်းတော့ အာယတ်တော်နှစ်ခုပါ။ အံ့ဩစရာကောင်းတာက (၄၇း၁၉)မှာ **`လာအိလာဟ အိလ္လလ်လာဟ်´** (၄၈း၂၉)မှာ **`မုဟမ္မဒ္ဒရ် ရစူလွလ္လာဟ်´** အာယတ်တော်နှစ်ခုပါ။ အဲဒါကိုကျွန်တော်တို့က ဆက်ပြီးတော့ ဒါဟာကလေမာဟ်ဆိုပြီးတော့ ပြောပါတယ်။ တကယ်လို့ တစ်ခြားတစ်ယောက်ယောက်က ခင်ဗျားတို့က ကုရ်အာန်ဗလီကိုသွားတဲ့လူတွေ အရမ်းကျွမ်းတယ်။ ကလေမာဟ်သွယစ်ဗ်ရဲ့ ကုရ်အာန်အာယတ်လေးပြောပါဆိုရင် ကုရ်အာန်အာယတ်လေးတစ်ခုပဲလို့ ထင်သွားမှာစိုးလို့ မှတ်မိလွယ်အောင် (၄၇း၁၉) နဲ့ (၄၈း၂၉) ပေါင်းထားခြင်းဖြစ်ကြောင်း ပြောကြားရခြင်းဖြစ်ပါတယ်။ ဆူရာဟ် (၄၈း၂၉) မှာ-

`မုဟမ္မဒ္ဒရ် ရစူလွလ္လာဟ်´ *"မုဟမ္မဒ်သည် အလ္လာဟ့်ရဲ့ ရစူလ်တမန်တော်ဖြစ်သည် ″ "ဒို့ပြင် ထိုရစူလ်နှင့် အတူရှိကြသူတို့သည် အလ္လာဟ့်အမိန့်တော်ကို ဖီဆန်၊ ဆန့်ကျင်သောကိစ္စရပ်များကို ပြင်းထန်သူများဖြစ်ကြပြီး၊ အမှန်သစ္စာတရားအပေါ် ရပ်တည်သူ မိမိတို့အချင်းချင်းကြားတွင် နူးညံ့ပျော့ပြောင်း ညင်သာမှုရှိကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြသည်။ အသင်တို့သည် ထိုသူတို့အား အမိန့်လမ်းညွှန်ချက်များကို ကိုင်းညွတ်နာခံလျက်လည်းကောင်း၊ ဦးညွှတ်နာခံလျက် (ပျပ်ဦးညွှတ်လျက်) ရှိကြသည်ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျေးဇူးတော်အစုံနှင့် ကျေနပ်နှစ်သက်မှုကို ရှာဖွေဆည်းပူးလျက်ရှိကြသည်ကိုလည်းကောင်း တွေ့မြင်ရပေမည်။ ၎င်းတို့၏ ထင်ရှားသောလက္ခဏာမှာ ၎င်းတို့၏ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မိန့်ကြားချက်များကို နှစ်မြို့က်စွာ အပြည့်အဝပျပ်ဦးညွှတ် နာခံမှုကြောင့် ၎င်းတို့၏မျက်နှာများဝယ် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ ထိုအရာသည်ကား သောင်ရာသ်ကျမ်းထဲက သူတို့၏ ထူးခြားတဲ့ပုံသဏ္ဍာန်အတိုင်းပင်။ ၎င်းပြင် အင်ဂျီလ်ကျမ်းထဲက သူတို့၏ ထူးခြားတဲ့ပုံသဏ္ဍာန်အတိုင်းပင် ″*

တမန်တော်မြတ်(ဆွ)ကို အလ္လာဟ်အရှင်မြတ်က မိန့်တော်မူပါတယ်။ သင်ဟာ သူတို့ရဲ့အခြေအနေနှစ်ရပ်ကို အသေအချာတွေ့ရမှာဖြစ်ပါတယ်။ တမန်တော်မြတ်နဲ့ အတူတကွရှိနေတဲ့လူတွေထဲမှာ တစ်ဦးနဲ့တစ်ဦး မျှခြေမရှိနိုင်ပါဘူး။ တူညီမှုမရှိနိုင်ပါဘူး။ ဘယ်သူက ဘယ်လောက်ယုံကြည်သက်ဝင်ပြီး လိုက်နာကျင့်သုံး အကောင်အထည်ဖော်မလဲ! အဲဒီလူ အရှေ့နည်းနည်း၊ အပေါ်နည်းနည်းရောက်မယ်။ နည်းနည်းလုပ်ကိုင်တဲ့လူက နည်းနည်းပဲရမယ်။ များများလုပ်ကိုင်ဆောင်ရွက်တဲ့လူက ဆုလာဘ်များများရပါမယ်။ အားလုံးကတော့ ယုံကြည်သက်ဝင်တဲ့ လူတွေကြီးပဲ။

တခါတလေ ကျွန်တော်ဟာ အလ္လာဟ့်လမ်းညွှန်မိန့်ကြားချက်နဲ့ပတ်သက်လာရင် ကျွန်တော်ရဲ့ **`နဖ်စ်´**က စေ့ဆော်တိုက်တွန်းမှုကြောင့် အပြည့်အဝနာခံဖို့ တွန့်ဆုတ်နေတယ်။ အဲဒီလို တွန့်ဆုတ်နေတဲ့အချိန်မှာ ကျွန်တော့်ရဲ့ **`နဖ်စ်စေလောင်ဝါမာ´**က ကျွန်တော့်ကို သတိပေးတယ်။ သံဝေဂရစေတဲ့စိတ်၊ ထိမ်းကျောင်းပေးတဲ့စိတ်။ **`နဖ်စ်စေအမ္မရာ´**က မဟုတ်တာကို လမ်းပြပေးတဲ့အချိန်မှာ `နဖ်စ်စေလောင်ဝါမာ´က သတိပေးတားမြစ်ပေးတယ်။

ဘာလို့လဲ! ကျွန်တော်တို့ရောက်နေတဲ့ ခေတ်ပတ်ဝန်းကျင်က စနစ်တကျလိမ်လည်၊ ခိုးယူ၊ အလွဲသုံးစားလုပ်ရင်း မမှန်မကန်မတရားလုပ်နေတဲ့ ပတ်ဝန်းကျင်ထဲမှာ ကျွန်တော်တို့လူဖြစ်နေတာလေ။ အလွဲသုံးစားလုပ်ဖို့ စနစ်တကျအလွဲသုံးစားလုပ်နိုင်တဲ့ ပတ်ဝန်းကျင်ကြီးထဲမှာ ရောက်နေတယ်လေ။ အဲဒီအခြေအနေမှာ ကျွန်တော်တို့က ကိုယ့်ကိုယ်ကို တည့်မတ်ထိန်းကျောင်းတဲ့အခါမှာ တခါတလေ တွန့်ဆုတ်၊ တုန့်ဆိုင်းနေတယ်။ အပြည့်အဝ မနာခံတဲ့အဆင့် ရှုကုဟ်အဆင့်မှာပဲရှိတယ်။ ကျွန်တော်တို့သတိဝင်သွားတဲ့အချိန်မှာ အလ္လာဟ်လမ်းညွှန်မိန့်ကြားချက်ကို ကိုင်းညွတ်တယ်။

ဒါပေမဲ့ **`နဖ်စ်စေ မွတ္တွမာအင်းနဟ်´** လို့ခေါ်တဲ့ တည်ငြိမ်တဲ့ သမာဓိအဆင့်ကို ပိုင်လာတဲ့ ကျွန်တော်ရဲ့ စိတ်နေစိတ်ထားရောက်လာပြီဆိုတဲ့အပေါ်မှာ ကျွန်တော်ဟာ အလ္လာဟ့်အမိန့် လမ်းညွှန်မှာကြားချက်တွေကို အပြည့်အဝ(ဆဂျီဒါဟ်) ပျပ်ဦးချလိုက်ပြီဖြစ်တယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ပြောင်းလဲလိုက်ပြီ။ တမန်တော်မြတ်ကလည်း သူ့ရဲ့အဆွာဗ်တော်တွေထဲမှာ လူတန်းစားနှစ်

ရပ်ကို တွေ့ခဲ့ပြီးဖြစ်တယ်။ `**ရကူဟ်**´အဆင့်နဲ့ `**ဆူဂျူဒ်**´ အဆင့်ဖြစ်တယ်။

ဒီနေရာမှာ ကျွန်တော်တို့ အလ္လာဟ်ရဲ့ကျေးဇူးတော်တွေကို သတိပြုဖို့လိုလာပါတယ်။ တစ်ယောက်က နေကောင်းလားမေးတယ်။ ဖြေတဲ့လူက အလ္လာဟ့်အလိုတော်နဲ့ နေကောင်းပါတယ်ပေါ့။ ခင်ဗျား အဆင်ပြေလားမေးတယ်။ ပြေလည်ရဲ့သားနဲ့ မပြေလည်ဘူးဖြေတယ် (ချေးငှား၊ ကျွေးမွေးခိုင်းမှာ စိုးရိမ်လို့)။ ချေးငှား၊ ကျွေးမွေးရမှာက ကိုယ့်ကိစ္စ။ မလုပ်ချင်လည်းရတယ်။ အမှန်အတိုင်း မလိမ်မဝှက်ဖြေရမှာက တစ်ပိုင်း။ ဘာဖြစ်လို့လဲ ကျွန်တော်တို့ကို အလ္လာဟ်မေးမယ့် မေးခွန်းထဲမှာ

***" အလ္လာဟ်ချီးမြှင့်အပ်နှင်းထားတဲ့ ကျေးဇူးတော်တွေနဲ့ ပတ်သက်ပြီး မည်သို့မည်ပုံ သုံးစွဲလုပ်ကိုင် ဆောင်ရွက်ခဲ့လဲဆိုတဲ့ အပိုင်းကို ကိယာမသ်အခါကာလတွင် အသေအချာမေးမြန်းခံရမှာဖြစ်ပါတယ် "***(ကုရ်အာန် - ၁၀၂း၈) ***" အသင့်ကို အသင့်အရှင်က ချီးမြှင့်အပ်နှင်းထားတဲ့ ကျေးဇူးတော်တွေနဲ့ပတ်သက်ရင် နောက်လူတွေကို ထုတ်ဖော်ပြောကြားလိုက်ပါ "*** (ကုရ်အာန် - ၉၃း၁၁) အလ္လာဟ့်ကျေးဇူးတော်နဲ့ အဆင်ပြေသွားပြီပေါ့။ ဘယ်လောက်ကောင်းလဲဗျာ။ အရှင့်ကျေးဇူးနဲ့ပတ်သက်ရင် `**ဖဟဒ္ဒိးဆ်**´ ဆင့်ပြန်လိုက်။

အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက် သဘောတူညီမှုကိုရရှိဖို့ ကျွန်တော်တို့က အဆွာဗ်တော်တွေရဲ့ နာမည်ကိုဖတ်ပြီးရင် ဘာဆိုလဲဆိုရင် `**ရဒ္ဒိယလ်လာဟုအာန်ဟု**´ အလ္လာဟ် သူ့ကိုကျေနပ်နှစ်သက် သဘောတူခဲ့ပြီးဖြစ်သည်လို့ ကျွန်တော်တို့ပြောတယ်။ အမျိုးသမီးတွေဆိုရင် `**ရဒ္ဒိယလ်လာဟုအာန်ဟာ**´ သူမကို အလ္လာဟ်အရှင်မြတ်က ကျေနပ်နှစ်သက် သဘောတူညီပြီးဖြစ်သည်လို့ ပြောတာဖြစ်တယ်။ တစ်ခါ အဆ်ဟာဘ်တော်တွေရဲ့ မျက်နှာသွင်ပြင်ဟာ စိဂျ်ဒဟ်လုပ်တာကြောင့် သူတို့မျက်နှာမှာ ပေါ်လွင်နေတယ်ဆိုတဲ့အပိုဒ်ကို တိုက်ရိုက်ဘာသာပြန်ရင် သူတို့ရဲ့ ဦးညွှတ်ပျဝပ်လိုက်တဲ့အတွက်ကြောင့် သူတို့ရဲ့မျက်နှာမှာ အမှတ် အသားတွေ၊ ထင်ပေါ်နေတာတွေ့နေရပါတယ်တဲ့။ ရိုးရိုးဘာသာပြန်ထဲမှာ အဲဒီအတိုင်းတွေ့ရပါတယ်။ နမာဇ်ရဲ့ သင်္ကေတတစ်ခုပေါ့။

ဒါပေမဲ့ ကျွန်တော်တို့ကျမ်းမြတ်ကုရ်အာန်ကို စနစ်တကျ သုတေသနလုပ်ရင် လူတစ်ယောက်ရဲ့မျက်နှာ- ဝမ်းသာ၊ ဝမ်းနည်းကြေကွဲ ခံစားရတာတွေ၊ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ ရိုကျိုးမှု၊ ကြောက်လန့်မှု၊ တည်ငြိမ်အေးချမ်းမှု၊ မနာလိုမှု၊ ကောက်ကျစ်မှု၊ ဒေါသဖြစ်မှု စတဲ့ ခံစားမှုအပေါင်းဟာ အဲဒီမျက်နှာမှာပေါ်ပါတယ်။ လူတစ်ယောက်ရဲ့မျက်နှာဟာ အဲဒီလူရဲ့ ဒုတိယဘဝလို့ ပြောလို့ရပါတယ်။

လူတစ်ယောက် ဒါမှမဟုတ် လူ့အဖွဲ့အစည်းဝင်တွေဟာ အလ္လာဟ်ရဲ့အမိန့်ကို သက်ဝင်ယုံကြည် လိုက်နာကျင့်သုံးနေရင်းနဲ့ အဲဒီလူတွေရဲ့မျက်နှာဟာ `**နူရ်**´ဖြစ်လာပြီးတော့ သူတော်စင်လို့ သတ်မှတ်ကြပါတယ်။ ဒါကြောင့် အဆွာဗ်တော်တွေရဲ့ မျက်နှာတွေဟာ အလ္လာဟ့်အမိန့်လိုက်နာမှုနဲ့အတူ လင်းဝင်းနေခြင်းဖြစ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။

တမန်တော်မြတ်က အစ္စလာမ်ကို ဖိတ်ခေါ်ခဲ့တဲ့နေရာမှာ နေရာအနှံ့ကို အဆွာဗ်တော်တွေကို စေလွှတ်ခဲ့တယ်။ အဲဒီလို နေရာအနှံ့လွှတ်တဲ့ အဆွာဗ်တော်တွေထဲမှာ သူများပစ္စည်း လိမ်ညာ၊ ခိုးဝှက်၊ မတရား အကြံအဖန်နည်းနဲ့သိမ်းယူတဲ့ အကျင့်စရိုက်ရှိတဲ့ လူတွေလွှတ်ရင်ရမယ်လို့ ထင်သလား။ မရဘူး။ အဲဒီလူတွေရဲ့ ကိုယ်ကျင့်တရားက အင်မတန်မြင့်မားတဲ့ အနေအထားမှာရှိတယ်။ သူတို့ရဲ့မျက်နှာကို မြင်လိုက်တာနဲ့ မြင်ရသူဟာ လေးစားကြည်ညိုပြီးသားဖြစ်နေတယ်။ မျက်နှာမြင် ချစ်ခင်ပါစေဆိုတာမျိုးပေါ့။ သူတို့ရဲ့မျက်နှာကို မြင်ပြီးတာနဲ့ ယုံကြည်လေးစားမှု ရှိသွားတယ်။

ဒီအာယတ်ကိုကြည့်လိုက်ရင် သောင်ရသ်ကျမ်းရတွေထဲက (တစ်နည်းအားဖြင့်) တမန်တော်မြတ် အီဗရာဟင်မ်(အ)၊ မူဆာ(အ)၊ ဟာရွန်း(အ)၊ အီစာ(အ) အထိရှိခဲ့တဲ့ တမန်တော်မြတ်တွေရဲ့ အဆွာဗ်တော်တွေလည်းပဲ ဒီအလုပ်တွေကိုလုပ်ခဲ့တယ်။ အလ္လာဟ် လမ်းညွှန်ချက် အမိန့်ဥပဒေသတွေကို တသွေမတိမ်း လိုက်နာကျင့်သုံးခဲ့ကြတယ်။ အင်န်ဂျီးလ်ကျမ်းရ တမန်တော်မြတ်ကြီး အီစာ(အ) ရဲ့ အွမ္မသ်တွေထဲက အဆွာဗ်တော်ကြီးတွေလည်း ဒီအရည်အသွေးရှိခဲ့တယ်။ အဲဒီတော့ အလ္လာဟ်ပေးတဲ့ဥပမာ တမန်တော်မြတ်တွေနဲ့အတူရှိခဲ့ကြတဲ့ အဆွာဗ်တော် ရဲဘော်ရဲဘက်တွေဟာ ဥပမာအားဖြင့် **`လယ်ယာစိုက်ခင်းတစ်ခု၏ မျိုးစေ့တစ်စေ့နှင့်ပမာတူ၏။ အဲဒီမျိုးစေ့ ဟာ မိမိ၏အစို့အညှောင့်ကို ထွက်စေသည်။ အဲဒီနောက် အဲဒီအစို့အညှောင့်ကို သန်မာစေတယ်။ အဲဒီနောက် တုတ်ခိုင်ကြီးထွားဖွံ့ဖြိုးလာသည်။ ပြီးတော့ သူ့ရဲ့ပင်စည်၊ ပင်ရိုးတံမှာ တည့်မတ်စွာ ထောင်တက်အောင်မြင်လာတယ်။ အဲဒီအခါ လယ်ယာလုပ်ကိုင်သူ တောင်သူလယ်သမားဟာ အထူးအားရ ကျေနပ်ပီတိဖြစ်စေမှာ အမှန်ပင်။ (မျိုးစေ့မှန်မှ အပင်သန်သည်) အလ္လာဟ့်အမိန့်နာခံတော်တွေရဲ့ အဲဒီလို တဖြေးဖြေးချင်း စနစ်တကျ ဖွံ့ဖြိုးတိုးတက် ကြီးထွားရှင်သန် အောင်မြင်ဖြစ်ထွန်းလာတာကို အလ္လာဟ့်အမိန့်တော်ကို သွေဖည်ဆန့်ကျင် ဖုန်းကွယ်တတ်သူတွေ အတွက် အမျက်ဒေါသပွားစရာပါ။ (မေတ္တာကရုဏာ၊ မုဒိတာပွားရမဲ့အစား မနာလိုဝန်တိုစိတ်ကြောင့် လောဘ၊ မောဟ၊ ဒေါသတွေဖြစ်နေကြတာပါ။)**

ကျွန်တော်တို့က (၂၁)ရာစုမှာ လူလာဖြစ်ပြီး မြန်မာပြည်မှာကြီးပြင်းလာတဲ့ လူတစ်ယောက်ဖြစ်နေတော့ ဒီကနေ့ ကမ္ဘာပေါ်မှာ မွတ်ဆလင်မ်တွေ တိုးတက်ကြီးပွား အဆင်ပြေအောင်မြင်အမြင့်ကိုတက်နေတာကို မလိုလားတဲ့လူတွေ အခုမှပေါ်လာတာမဟုတ်ပါဘူး။ တမန်တော်မြတ်ကြီး မုဟမ္မဒ်(ဆွ) အဲဒီမတိုင်ခင် တမန်တော် အီစာ(အ)၊ တမန်တော်မြတ်တွေ အဆက်ဆက်ရဲ့ လမ်းညွှန်မိန့်ကြားချက် အလ္လာဟ့်လမ်းညွှန်ကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခဲ့တဲ့ မွတ်ဆလင်မ်ဆိုတဲ့လူတွေ အမြဲတမ်း အခုလို သူတစ်ထူးရဲ့မကျေနပ် ဒေါသဖြစ်စရာတွေ ကြုံတွေ့နေရတာ ရှိခဲ့ပါတယ်။

မွတ်ဆလင်မ် အရက်ချက်စက်ရုံရှိပါသလား။ မွတ်ဆလင်မ် စီးကရက်စက်ရုံရှိပါသလား။ မွတ်ဆလင်မ်တွေရဲ့ အတိုးချစားတဲ့လုပ်ငန်းလုပ်တဲ့ အပေါင်ဆိုင်ရှိပါသလား။ မွတ်ဆလင်မ်တွေ ထောင်ထားတဲ့ ကာရာအိုအေဆိုင်၊ မာဆက်ခန်းမများ ရှိပါသလား။ ပြည့်တန်ဆာလုပ်ငန်း၊ လောင်းကစားမျိုးစုံ လုပ်ကိုင်ခြင်းရှိပါသလား။ မွတ်ဆလင်မ်တွေ ထုတ်လုပ်ရောင်းချနေတဲ့ ဘိန်းဖြူနဲ့ မူးယစ်ဆေးဝါး စက်ရုံများရှိပါသလား။ လုံးဝ(လုံးဝ)မရှိပါဘူး။ လူနဲ့ လူ့ပတ်ဝန်းကျင်ကို ပျက်စီးဆုံးရှုံးနစ်နာစေအောင်၊ ဆင်းရဲသားတွေရဲ့ ဘဝ ဘယ်တော့မှ ရုပ်တည်ဖို့မရစေတဲ့ အတိုးပေးစားခြင်းဖြင့် လူ့ဘဝကြီး လုံးဝပျက်စီးသွားအောင် လူတွေကို နည်းလမ်းမျိုးစုံနဲ့ ဒုက္ခပေးတဲ့အလုပ်တွေကို မလုပ်ရလေအောင် အလ္လာဟ်အရှင်မြတ်က **`ဟရာမ်´**လို့သတ်မှတ်ထားတဲ့အတွက် ဘယ်မွတ်ဆလင်မ်မှမလုပ်ကြပါဘူး။ အလ္လာဟ်အရှင်မြတ်က တားမြစ်ပိတ်ပင်ထားပါတယ်။

မွတ်ဆလင်မ်တွေဟာ **`ဟလာလ်´**ခွင့်ပြုတဲ့လုပ်ငန်းတွေကို တရားသဖြင့်ပဲ စီးပွားရှာစားကြရပါတယ်။ တရားသဖြင့်ပဲ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတယ်။ ရရှိလာတဲ့အကျိုးအမြတ်၊ အသီးအပွင့်တွေကိုလည်း တရားသဖြင့် နောက်လူတွေကို မျှဝေခံစားပေးရမှာဖြစ်တယ်။

ဒါပေမဲ့ မွတ်ဆလင်မ်တွေမှာ မတရားစီးပွား ရှာဖွေစားသောက်ခွင့် ဘာမျှမရှိတာတောင် ရှိတဲ့အလုပ်လေးတွေထဲက ကြိုးစားပြီးလုပ်လာတဲ့အခါမှာ လူတွေကြားထဲမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားရမဲ့အစား အဓိက မနာလိုဝန်တိုမှုများနေလို့ ဖြစ်ပါတယ်။ အဲဒီ မနာလိုဝန်တိုမှုကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မစ္ဆရိယ ပေါ်လာခြင်းဖြစ်ပါတယ်။ အဲဒီလို မနာလိုဝန်တိုမှုတွေကင်းပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ကိုယ်ချင်းစာနာမှုတွေနဲ့ လူနှင့်လူ့ပတ်ဝန်းကျင်ကို အကျိုးပြုတဲ့လုပ်ငန်းတွေလုပ်ကိုင်ဆောင်ရွက်ဖို့နဲ့ ရလာဘ်ကို ဖော်ပြလိုပါတယ်။

အလ္လာဟ်အရှင်မြတ်က " ***အလ္လာဟ်အရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ငန်းဆောင်တာများ (လူနှင့်လူ့ပတ်ဝန်းကျင် ဘေးရန်ကင်းပြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသော လူ့အကျိုးပြု ပရဟိတလုပ်ငန်းများ)ကို ကျင့်မှုဆောက်တည် အကောင်အထည်ဖော်သူတို့အား လုံခြုံဘေးကင်း ခွင့်လွှတ်ချမ်းသာမှုပေးရန်နှင့် ကြီးကဲလှစွာသော အကျိုးကျေးဇူးဆုလာဘ်ကို ချီးမြှင့်ပေးတော်မူရန် ကတိပေးတော်မူပြီးဖြစ်သည်"*** (ကုရ်အာန် - ၄၈း၂၉)

အဲဒီလို အလ္လာဟ်အရှင်မြတ် သက်ဝင်ယုံကြည်ခိုင်းထားတဲ့ဟာတွေကို အီမာန်သက်ဝင်ယုံကြည်ပြီး အလ္လာဟ်ပြဌာန်းထားတဲ့ လူနဲ့လူ့ပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေတဲ့ ကောင်းမြတ်သော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ဖို့ အလ္လာဟ်က ညွှန်ကြားထားပါတယ်။ အဲဒီလိုလုပ်ခဲ့ရင် အဲဒီလူတွေထဲက လူတွေအတွက် အလ္လာဟ်ဘက်က **`မဂ်ဖိရသ်´** မကောင်းမှု၊ မတရားမှုတွေကို ကျူးလွန်ဖောက်ဖျက်နေကြောင်း သိရှိသည်နှင့် တပြိုင်နက် သောဝ်ဗဟ်ပြုလုပ်ပြီး ကောင်းမြတ်တဲ့လမ်းမှန်ပေါ်ရောက်ပြီ၊ပြုလုပ်ပြီဆိုတာနဲ့ အဇာဗ်(ပြစ်ဒဏ်)ဆိုတာ ရပ်သွားပြီ။ မဂ်ဖိရသ်(လုံခြုံမှု)နဲ့ ရဟ်မသ်(ကရုဏာ၊ အထောက်အပံ့)ရောက်လာမယ်။ အလ္လာဟ်ရဲ့ ခွင့်လွှတ်ချမ်းသာပေးမှု၊ လုံခြုံမှု၊ အေးချမ်းသာယာမှု ရောက်လာမယ်။ ဒါ့အပြင် အလ္လာဟ်အရှင်မြတ်ရဲ့ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးကျေးဇူးကိုလည်း ရရှိမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အလ္လာဟ်ကိုကြောက်လို့ အီမာန်သက်ဝင်ယုံကြည်ခြင်းမဟုတ်ပါဘူး။ အလ္လာဟ်ကိုကြောက်လို့အေဗာဒသ်ပြုခြင်းမဟုတ်ပါဘူး။ အလ္လာဟ်ကိုကြောက်လို့ သက္ကဝါတရားထားခြင်းမဟုတ်ပါဘူး။ အလ္လာဟ်ကိုကြောက်လို့ အလ္လာဟ်ခိုင်းတဲ့အလုပ်တွေ လုပ်နေခြင်းမဟုတ်ပါဘူး။ အလ္လာဟ်အရှင်မြတ်က လမ်းညွှန်ပြပြီးတော့ မိန့်ကြားထားတဲ့ ကျမ်းမြတ်ကုရ်အာန်ကို လေ့လာဆည်းပူး နားလည်သဘောပေါက်လိုက်တာနဲ့ အလ္လာဟ်ကိုမှ မယုံရင်မဖြစ်ဘူးဆိုတဲ့အသိ သူရဲ့စိတ်နှလုံးသားထဲကို ဝင်လာတဲ့အတွက် သူ့ရဲ့လွတ်လပ်တဲ့ သဘောဆန္ဒအရ အဲဒီလူသား၊ အဲဒီလူ့အဖွဲ့အစည်းဝင်တွေဟာ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်နေကြခြင်းဖြစ်ပါတယ်။

အလ္လာဟ်အရှင်မြတ်ကိုမှ ဩဇာခံခြင်းမရှိရင် မဖြစ်ဘူးလို့ သိလို့ အလ္လာဟ်တစ်ပါးတည်းကိုပဲ ဩဇာခံနေရခြင်းဖြစ်ပါတယ်။ အလ္လာဟ့်လမ်းညွှန်ပြဌာန်းချက်နဲ့ ဘဝတည်ဆောက်မှုဖြစ်မယ်လို့ ယုံကြည်သက်ဝင် လိုက်နာကျင့်သုံးတဲ့အတွက် အလ္လာဟ်ကို သက္ကဝါတရားထားနေကြခြင်းဖြစ်ပါတယ်။ အဲဒီ အလ္လာဟ်သတ်မှတ်ပြဌာန်းထားတဲ့ လမ်းညွှန်မိန့်ကြားချက်နဲ့အညီ လူနဲ့ လူ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ဖို့ ကောင်းမြတ်တဲ့လုပ်ငန်းဆောင်တာတွေကို

ဆောင်ရွက်ခြင်းဖြင့် လူသားတွေ အကျိုးရှိသွားစေဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ခံယူလို့ **`အမလ်လေ ဆွာလေဟာဗ်´**ဆိုတဲ့ အလုပ်တွေကို လုပ်နေကြခြင်းဖြစ်ပါတယ်။

အဲဒီတော့ သေချာကြည့်လိုက်ရင် ကျွန်တော်တို့ စိတ်နလုံးသားတွေထဲကို ကျေကျေနပ်နပ်နဲ့ ကျွန်တော်တို့ရဲ့ဆန္ဒ၊ ရမ္မက်၊ အတ္တ အုရ်ဒူနဲ့ပြောရင် **`မသ်လပ်´** မြန်မာလိုဆိုရင် `ချင်ခြင်း´။ တစ်ခုခုလုပ်ရင် အကျိုးကျေးဇူး ကြီးကြီးမားမားရလာမယ်လို့ မျှော်လင့်မထားဘဲနဲ့ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက် သဘောတူညီမှုတစ်ခုထဲအတွက်ကြောင့် တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်နေကြခြင်းဆိုတာကို ပေါ်လွင်ပါတယ်။ ဘာကြောင့်လည်းဆိုရင် ကျမ်းတော်မြတ်ကုရ်အာန် (၉း၇၂)မှာ

***" အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက် သဘောတူညီမှုဟာ အထွတ်ထိပ်ပဲ၊ အကောင်းဆုံးပဲ၊ အကြီးကျယ်ဆုံးပဲ၊ အမြင့်မြတ်ဆုံးပဲ။ "***အဲဒီဟာနဲ့ ညီမျှခြင်းထိုးလို့ရတဲ့(၂၉း၄၅)မှာ ***"အလ္လာဟ်ရဲ့ `ဇိက်ကိရ်´ ၊ အလ္လာဟ်ရဲ့ အဆုံးအမ ကျမ်းမြတ်ကုရ်အာန်ဟာ အထွတ်အထိပ်ပဲ "*** အထွတ်အထိပ်ကိုလိုချင်ရင် အထွတ်ထိပ်ဖြစ်တဲ့ကျမ်းမှာပါဝင်တဲ့ လမ်းညွှန်မိန့်ကြားချက်တွေကို သိနားလည်သဘောပေါက်အောင်လုပ်ပြီး၊ လက်တွေ့လိုက်နာ ကျင့်သုံးအကောင်အထည်ဖော်မယ်ဆိုရင် အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်နှစ်သက်မှုဆိုတဲ့ အကျိုးကျေးဇူးကိုရမယ်။ **`အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်နှစ်သက်မှုက အကြီးကျယ်ဆုံး၊ အထွဋ်အထိပ်ပါ**´ဆိုတာကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ် ။ ။

# မြန်မာ့သမိုင်းရေစီးကြောင်းမှမွတ်ဆလင်မ်များ

**အတ်စ္စလားမုအလိုင်းကွန်းမ်**

လေးစားအပ်ပါသော မွတ်စလင်မ်များခင်ဗျား-

ဒီနေ့ကာလဟာ ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်ကြီးသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲချီတက်နေသော အချိန်ကာလဖြစ်ပါသည်။ ဒီအချိန်မှာ အာဏာရမွှက်ကို ငမ်းငမ်းတက်နေသူအချို့က ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်အောင် ကြိုးပမ်းနေကြပါတယ်။ ဒီနေရာမှာ မွတ်စလင်မ်တွေက ခံစားခံတွေ ဖြစ်နေကြပါတယ်။ ဒ့ါကြောင့် ယနေ့ ခွတ္တာဗာဟ်မှ **`မြန်မာ့သမိုင်းရေစီးကြောင်းမှ မွတ်စလင်မ်များ´** ဆိုတဲ့ ခေါင်းစဉ်နဲ့ လေ့လာတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန် စူရာဟ် (၃၀း၉)မှာ

" ***မင်းတို့အရင်က လူသားတို့ရဲ့ အဖြစ်အပျက်တွေကို တိုင်းပြည်မြေကမ္ဘာအတွင်း လှည့်လည်စူးစမ်း လေ့လာကြည့်ဖူးပါသလား*** " လို့ မေးမြန်းတိုက်တွန်းထားပါတယ်။

ကမ္ဘာ့သမိုင်းပညာရှင်တစ်ဦးဖြစ်သော ဂျော့စန္တာယနားကလည်း `***နိုင်ငံသမိုင်းကို လေ့လာရကောင်းမှန်းမသိသော လူမျိုးသည် အတိတ်က မိမိတို့ ကျူးလွန်ခဲ့သောအမှားများကို ထပ်မံကျူးလွန်ခြင်းပြုရန်အတွက် ကြမ္မာငင်လျက်ရှိလိမ့်မည်***´လို့ မိန့်ကြားခဲ့တာကို မှတ်သားဖူးပါသည်။

ဒ့ါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ သမိုင်းရေစီးကြောင်းက မွတ်စလင်မ်များအကြောင်းကို အနည်းငယ် တင်ပြလိုပါတယ်။

နယ်ချဲ့လက်အောက်မကျမီကတည်းက မြန်မာဘုရင်တွေလက်ထက်ကတည်းက မြန်မာနိုင်ငံမှာ မွတ်စလင်မ်တွေ ရှိခဲ့ကြပါတယ်။ ပုဂံခေတ်ကျောက်စာမှ `ပသီ´ဆိုတဲ့ ဝေါဟာရပါတယ်။ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တွေမှာလည်း တိုင်း၊ နိုင်ငံအရေးမှာ မွတ်စလင်မ်တွေ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီထဲမှာ ရွှေတောင်သာဂသူ ဦးနတို့၊ အမြောက်ဝန် ဦးဘိုးကာတို့ တခြမ်းပဲ့ဗလီရဲ့ဒါယကာ ဦးရွှေမှိုင်းနဲ့ ဦးရွှေသိုင်းတို့ ညီအစ်ကိုတွေက ထင်ရှားပါတယ်။

နယ်ချဲ့လက်အောက် ကျရောက်စဉ်ကလည်း လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွေထဲမှာ မွတ်စလင်မ်တွေ ပါဝင်ခဲ့ပါတယ်။ အဲဒီထဲမှာ ဆရာကြီးဦးရာဇတ်တို့၊ ဦးရာရှစ်တို့၊ ဦးဖေခင်တို့လို မွတ်စလင်မ်တွေက ထင်ရှားခဲ့ပါတယ်။

ဗမာမွတ်စလင်မ်တွေဟာ ရိုးသားပါတယ်။ သစ္စာရှိပါတယ်။ ဗမာပီသခဲ့ကြပါတယ်။ နိုင်ငံသားသစ္စာကို စောင့်သိခဲ့ကြပါတယ်။ ဗမာတွေနဲ့ညီရင်းအစ်ကိုလို ပေါင်းသင်းနေထိုင်ခဲ့ကြတယ်။ ဆိုးတူကောင်းဘက် လက်တွဲခဲ့ပါတယ်။ ဗမာခေါင်းဆောင်တွေနဲ့ တပြေးတည်း၊ တတန်းတည်းရှိခဲ့သလို ဗမာနောက်လိုက်တွေနဲ့လည်း တစ်ထပ်တည်း၊ တစ်သားတည်း ရှိခဲ့ကြပါတယ်။ ယခင် ဖ.ဆ.ပ.လအဖွဲ့မှာ ပါဝင်ခဲ့ကြသလို အလံနီကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ ပ.မ.ည.တ တို့မှာလည်း ပါဝင်ခဲ့ကြပါတယ်။ ယခုခေတ် ပြည်ခိုင်ဖြိုးပါတီမှာ ပါဝင်ခဲ့သလို N.L.D ပါတီမှာလည်း မွတ်စလင်မ်တွေ ရှိနေကြပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် မွတ်စလင်မ်တွေဟာ တစ်သီးတစ်သန့်မဟုတ်ဘဲ ဗမာတွေနဲ့ အရာရာတိုင်းမှာ၊ နေရာတိုင်းမှာ တပူးတွဲတွဲ ခွဲခြားမရအောင်ဆိုတဲ့ အနေအထားနဲ့ ဘဝကိုဖော်ပြနေတာ ဖြစ်ပါတယ်။

မွတ်စလင်မ်တွေဟာ မြန်မာနိုင်ငံရဲ့ ဧည့်သည်မဟုတ်ပါ။ အိမ်ရှင်တွေဖြစ်ပြီး မြန်မာနိုင်ငံတော်ဆိုတဲ့ အိမ်ကြီးရဲ့ တိုးတက်ရာတိုးတက်ကြောင်းတွေမှာ ပါဝင်ခဲ့ကြပါတယ်။ အဲဒါကိုကပဲ မျက်ကန်းမျိုးချစ်များက မွတ်စလင်မ်ကို ကြည့်မရဘဲ မုန်းနေတဲ့အချက်တစ်ချက် ဖြစ်ပါတယ်။

မျက်ကန်းမျိုးချစ်ဆိုတာ ကိုလိုနီနယ်ချဲ့စနစ်ရဲ့ အမွေဆိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ခုတည်း မဟုတ်ပါဘူး။ နယ်ချဲ့လက်အောက်ကျရောက်ခဲ့တဲ့ နိုင်ငံတိုင်းလိုလိုမှာ မျက်ကန်းမျိုးချစ်တွေ ပေါ်ထွန်းခဲ့ကြတာပါ။

လေးစားရပါသော အမျိုးသား၊ အမျိုးသမီးအပေါင်းတို့ခင်ဗျား - မျိုးချစ်စိတ်ဆိုတာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါပေမဲ့ မိမိအမျိုးကောင်းစားရေးအတွက် တစ်ဘက်စောင်းနင်းဆောင်ရွက်ပြီး တခြားအမျိုးအနွယ်တွေရဲ့အကျိုးစီးပွားကို ဟန့်တားဖျက်ဆီးမယ်ဆိုရင် မျက်ကန်းမျိုးချစ်တွေဖြစ်သွားပြီး နိုင်ငံတော်ကိုပါ အန္တရာယ်ကျရောက်စေနိုင်ပါတယ်။ မျက်ကန်းမျိုးချစ်တွေ ကြီးစိုးတဲ့ တိုင်းပြည်တွေဟာ အာဏာရှင်စနစ်ထွန်းကားပြီး ပြည်သူတွေဟာ အာဏာရှင်တွေပြုသမျှ နရတဲ့ဘဝတွေ ဖြစ်ကုန်ကြတယ်။ မျက်ကန်းမျိုးချစ်များဟာ အတွေးတိမ်၊ အမြင်တိမ်နဲ့ နွားခြေရာခွက်ကို ပင်လယ်လို့ ထင်နေတဲ့သူတွေဖြစ်တယ်။ ဒီအခါ ကိုယ်နဲ့အယူဝါဒမတူရင် ရန်သူလို့မြင်ကုန်ကြရော။ ဒါကြောင့် ရိုးသားတဲ့သမိုင်းရေးရာ အမြင်တရားပေါ်မှာစံထားပြီး ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်အောင် ကျယ်ပြန့်တဲ့ အမျိုးသားရေးမူဝါဒကို ချမှတ်နိုင်မှ မရှိသေးသရွေ့

နိုင်ငံတော်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မှာမဟုတ်ပါ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာ ရေပေါ်အရုပ်ရေးသလို အရာမထင်နိုင်ပါ။

ဒါကို မကြာသေးခင်ရက်တွေက ၂၀၁၃ ခုနှစ်ပြည်ထောင်စုနေ့မှာ တိုင်းရင်းသားခေါင်းဆောင်တစ်ဦးရဲ့ မှတ်ချက်ကလည်း ထင်ရှားစွာ ဖော်ပြနေပါတယ်။ သူက ဘယ်လိုမှတ်ချက်ချလဲဆိုရင်-

`တစ်ဖက်မှာ ဗမာဆိုတဲ့၊ မြန်မာဆိုတဲ့ အရေးအသားအပြောအဆိုတွေ သိပ်ပြီးလွှမ်းမိုးကြီးစိုးလာတဲ့အခါကျတော့ ကျွန်ုပ်တို့ တိုင်းရင်းသားတွေလည်း ဆိုသူတို့ရဲ့ Ethnic Identity ကို ဖော်ထုတ်ဖို့ အလိုလိုနေရင်း သတိရလာကြတယ်။ အာဏာရှင်တွေက သူတို့ရဲ့လိုအပ်ချက်အရ လူမျိုးရေးစိတ်ဓါတ် အခြေခံတွေ မရင့်ရင့်အောင်၊ မကြီးထွား ကြီးထွားအောင် ဖန်တီးလုပ်ကြံခဲ့ကြပါတယ်။

မြန်မာလိုဝတ်၊ မြန်မာလိုစား၊ မြန်မာလိုသွား၊ မြန်မာလိုတွေး၊ ဒါတွေ မလုပ်တဲ့လူဟာဆိုရင်ပဲ နိုင်ငံတော်ကြီးကို သစ္စာဖောက်နေသလိုလို၊ နိုင်ငံတော်ရဲ့အကျိုးကို မလိုလားသလိုလိုဆိုတဲ့ ပုံစံမျိုးရောက်အောင် အာဏာရှင်အစိုးရအဆက်ဆက်က ပုံသွင်းခဲ့ကြပါတယ်။

လေးစားအပ်ပါသော လူကြီးမင်းများခင်ဗျား မွတ်စလင်မ်ဘက်ကို ကြည့်လိုက်တော့လည်းပဲ တိုင်းရင်းသားမျိုးနွယ်တွေလိုပဲ ခံစားနေကြရပါတယ်။ မွတ်စလင်မ်တွေကလည်းပဲ အမျိုးသားတွေဆို မုတ်ဆိတ်ထား၊ အကျီအရှည်ကြီးတွေဝတ်၊ အမျိုးသမီးတွေဆိုရင် ဘုရ်ခါတွေခြုံ လုပ်ကုန်ကြရော။ ဒါကို ဗမာတွေကလည်း တို့နိုင်ငံကို ဘင်္ဂလားဒေ့ရှ်လို၊ အိန္ဒိယလို၊ ယဉ်ကျေးမှုတွေ လွှမ်းမိုးထားတော့မှာပဲဆိုတဲ့ စိုးရိမ်သောကတွေ ပိုမိုကြီးထွားလာကြတယ်။

ကိုလိုနီခေတ်မှာ တိုင်းရင်းသားမွတ်စလင်မ်တွေကို နိုင်ငံခြားသား မွတ်စလင်မ်တွေက လွှမ်းမိုးဖို့ကြိုးစားခဲ့ကြပါတယ်။ ဒါဟာ သမိုင်းရဲ့အမှန်တရား တစ်ခုပါပဲ။

ကိုလိုနီခေတ်မှာ တို့ဗမာအစည်းအရုံးက ဗမာစာကို ချီးမြှင့်ပါ၊ ဗမာစကားကို လေးစားပါလို့ ကြွေးကျော်နေတဲ့အချိန်မှာ မွတ်စလင်မ်တွေကို အူရ်ဒူစာတတ်မှ၊ အူရ်ဒူစကားပြောတတ်မှ မွတ်စလင်မ်ပီသမယ်ဆိုတဲ့ အတွေးအခေါ်တွေ ရိုက်သွင်းပေးခဲ့ကြတယ်။ ဌာနေမွတ်စလင်မ်တွေက ဒီအတွေးအခေါ်၊ အယူအဆမှားယွင်းနေတယ်ဆိုတာ မှန်မှန်ကန်ကန် တွေးခေါ်မြော်မြင်ပြီး ဗမာစာနဲ့ရေးသားတဲ့ စာအုပ်စာတမ်းတွေ များစွာထုတ်ဝေခဲ့ကြပါတယ်။

နိုင်ငံခြားသားမွတ်စလင်မ်တွေ ဗမာမွတ်စလင်မ်တွေအပေါ်မှာ အထင်အမြင်မှားခဲ့တာဟာ ဗမာဘုရင်ခေတ် ကတည်းကပါ။ မင်းတုန်းမင်းလက်ထက် အင်္ဂလိပ်သံတမန်တွေနဲ့ပါလာတဲ့ မွတ်စလင်မ်အမှုထမ်းတွေကို ဌာနေ မြန်မာမွတ်စလင်မ်တွေက ထမင်းဖိတ်ကျွေးတဲ့အခါ ဌာနေမွတ်စလင်မ်တွေရဲ့ နေထိုင်စားသောက်ပုံက မြန်မာတွေနဲ့ ခွဲမရအောင် တူလို့ဆိုပြီးတော့ ဖိတ်ကြားချက်ကို လက်မခံခဲ့ကြပါဘူး။ ဒါက ဘာကိုပြနေလဲဆိုရင် မွတ်စလင်မ်တွေဟာ ဗုဒ္ဓဘာသာဝင်တွေနဲ့ တစ်သားတည်းဖြစ်အောင် နေခဲ့တယ်ဆိုတာကို ထင်ရှားစေတဲ့အချက်ပါ။ ကိုလိုနီခေတ်မှာလည်း ဒီလိုနေထိုင်ခဲ့တဲ့သူတွေ လွတ်လပ်ပြီးခေတ်မှာလည်း ဒီလို တစ်သားတည်းဖြစ်အောင် နေထိုင်ကြတဲ့သူတွေက အများစုပါ။ အနည်းစုကသာ အိန္ဒိယ ယဉ်ကျေးမှုပုံစံထဲမှာ နေထိုင်နေကြတာပါ။ ဒါပေမဲ့ အိန္ဒိယယဉ်ကျေးမှုပုံစံနဲ့ နေထိုင်တဲ့သူတွေဟာလည်း မြန်မာနိုင်ငံရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြပါတယ်ဆိုတာ ကျွန်တော် ရဲရဲကြီးအာမခံနိုင်ပါတယ်။ အနည်းစုကသာလျှင် ကိုလိုနီခေတ်က အိန္ဒိယရဲ့ ပြည်နယ်တစ်ခုအဖြစ် သွတ်သွင်းခံခဲ့ရတဲ့ အကျိုးအဖြစ် အိန္ဒိယယဉ်ကျေးမှုကို အထင်ကြီးနေကြတာသာဖြစ်ပါတယ်။ အာဏာရှင်တွေက မျက်ကန်းမျိုးချစ်စိတ်ဓါတ်တွေ အတင်းအဓမ္မဖြန့်ဖြူးခဲ့ပြီး ဗမာအမျိုးသားရေးကို ဇောင်းတင်ခဲ့တော့ ကျန်တဲ့ဗုဒ္ဓဘာသာ အခြားအမျိုးအနွယ်တွေ၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားဘာသာဝင်တွေက မိမိတို့ ကိုယ်ပိုင်အမျိုးသားလက္ခဏာတွေဆိုပြီး ဟုတ်ဟုတ် မဟုတ်ဟုတ် အတင်းဖက်တွယ်ထားကြကုန်ရော။ ဒီလိုနဲ့ အိန္ဒိယဆန်တဲ့ ဝတ်စားဆင်ယင်မှုနဲ့ အနေအထိုင်ပုံစံတွေ မွတ်စလင်မ်တွေကြားမှာ အတော်အတန်ဖွံ့ဖြိုးလာခဲ့ပါတယ်။ ဒီအချက်ကို အခွင့်ကောင်းယူပြီး အာဏာရှင်တွေက ဒီမိုကရေစီလမ်းကြောင်းပေါ် မရောက်လိုကြတဲ့သူတွေက မျက်ကန်းမျိုးချစ်တွေကို သွေးထိုးလှုံ့ဆော်ပြီး တိုင်းပြည်မှာ ဆူပူသောင်းကျန်းမှုတွေ ဖန်တီးနေကြတာ ယနေ့အထိပဲ ဖြစ်တယ်ဆိုတာ လူကြီးမင်းများ အားလုံးအသိပါပဲ။

ဒီနေရာမှာ ကျွန်တော်တို့ မွတ်စလင်မ်တွေကို လေးစားစွာ အသိပေးလိုတာက ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ငါတို့ဟာ မြန်မာနိုင်ငံတော်ရဲ့ သားကောင်းရတနာတွေလို့ ခံယူပြီး၊နိုင်ငံတော်ရဲ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ဖို့ပါ။ ဒို့ဟာ ဘာသာမတူ၊ အယူအဆမတူတဲ့ သူတွေဆိုပြီး တစ်သီးတစ်သန့်မနေဘဲ ကျွန်တော်တို့ ဘိုးဘေးတွေလို ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီဆန်ကိုစားပြီး၊ မြန်မာနိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိကြဖို့ဆိုတဲ့ အသိတွေကို ကျွန်တော်တို့ရဲ့ သားမြေးတွေကိုပါ လက်ဆင့်ကမ်း အမွေပေးခဲ့ကြပါ။ အခုလောလောဆယ် ဘယ်လောက်ပဲ အဖိနှပ်ခံနေရသည်ဖြစ်စေ မြန်မာတစ်မျိုးသားလုံးကိုချစ်ပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မိမိတို့ရဲ့ အသက်၊ သွေး၊ ချွေး၊ ပညာများဖြင့် ပေးဆပ်ကြပါ။ ဒီလိုပြောလို့ ကျနော်တို့က ဗမာစာပဲသင်ရမယ်၊ အရဗီ၊ အူရ်ဒူတွေကို မသင်ရဘူးလို့လည်း နားလည်မှုမလွဲမှားစေချင်ပါဘူး။

ဒီနေရာမှာ ကိုလိုနီခေတ်မတိုင်မီ ကုန်းဘောင်ခေတ်က ထင်ရှားကျော်ကြားခဲ့တဲ့ အစ္စလာမ်ဘာသာဝင် မြန်မာစာဆိုကြီး ရွှေတောင်သာဂသူဘွဲ့ရ ဆရာကြီးဦးနုကို ဥပမာပေးပါရစေ။ ဆရာကြီး ဦးနုဟာ ဗဒုံမင်းလက်ထက် ထင်ရှားခဲ့တဲ့ ရမ္မာဝတီမြို့ဝန်ကြီးဖြစ်ပါတယ်။ ဆရာကြီးဦးနုဟာ မြန်မာ၊ ပါဠိ၊ သက္ကတ၊ အရဗီ၊ ဖါရစီ၊ အူရဒူ၊ ဟိန္ဒူစတန်နီဘာသာစကားများကို တတ်ကျွမ်းသူဖြစ်ပါတယ်။ ဒါ့ကြောင့် အစ္စလာမ်နဲ့ပတ်သက်တဲ့ တရားတော်တွေကို (၃၅)ခန်းကျမ်းရေးပြီး၊ ဗဒုံမင်းထံ တင်ပြနိုင်ခဲ့ပါတယ်။ မြို့ဝန်တစ်ဦးအနေနဲ့ မြန်မာနိုင်ငံတော်ရဲ့တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်တဲ့အတွက် ဘုရင်က ရွှေတောင်သာဂသူဘွဲ့ ကို ချီးမြှင့်ခဲ့ပါတယ်။

ဘာသာစာပေတစ်ခုကို တတ်ကျွမ်းတယ်ဆိုတာ တန်ခိုးဣဒ္ဓိပါဒ်တစ်ခု တိုးတာပါပဲ။ ကျွန်တော်တင်ပြချင်တာက အမိဘာသာစကားဖြစ်တဲ့ မြန်မာစာကို ကျွမ်းကျင်အောင်လေ့လာပါ။ အူရဒူ၊ ဖါရစီ၊ အရဗီ၊ အင်္ဂလိပ်၊ ပြင်သစ် ဘာသာစာပေတို့ကို တတ်ကျွမ်းအောင် လေ့လာနိုင်သလောက်လေ့လာပါ။

မြန်မာ့ဓလေ့ထုံးတမ်းကို လေးစားတန်ဖိုးထားပါ။ ဗုဒ္ဓရဲ့ တရားတော်၊ ခရစ်ယာန်၊ ဟိန္ဒူ၊ အခြား အခြားသော ဘာသာတရားတွေကိုလည်း လေ့လာလိုက်စားပါ။ ဒါတွေကို ပစ်ပယ်ထားရင် အစ္စလာမ်ဆိုတာ မြန်မာ့ရေမြေမှာ တစ်သီးတစ်သန့် ဖြစ်နေလိမ့်မယ်။ ဒီလိုတစ်သီးတစ်သန့်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် အဖျက်သမားတွေရဲ့ အကြိုက်ဖြစ်သွားလိမ့်မယ်။

**လေးစားအပ်ပါသော လူကြီးမင်းများခင်ဗျား-**

လူမျိုးနွယ်တွေကို သွေးခွဲလှုံ့ဆော်ခြင်း၊ မတူကွဲပြားသော ဘာသာတရားများကို သွေးထိုးလှုံ့ဆော်ခြင်း၊ နိုင်ငံရေးအတွေးအခေါ် မတူညီသူများကို ဖိနှိပ်ခြင်းကို မြန်မာ့သမိုင်းတလျှောက်မှာ မွတ်စလင်မ်တွေသာ ခံရတာမဟုတ်ပါဘူး။

ဒီပဲရင်း အရေးအခင်းကြီးဟာ ကမ္ဘာကျော်အဖြစ်အပျက်ကြီးပါ။ ဒါပေမဲ့ ဒီနေ့အထိ ဘယ်သူတရားခံလဲဆိုတာ မပေါ်သေးပါဘူး။ ခံရတဲ့သူတွေသာလျှင် ထောင်ကျခံ၊ ထိန်းသိမ်းခံရတာတွေသာ ရှိပါတယ်။ ရခိုင်တို့ရဲ့အရပ်ဒေသ၊ ကရင်တွေရဲ့ အရပ်ဒေသ၊ ကချင်တွေရဲ့အရပ်ဒေသတွေမှာ ဒီလို တရားလက်လွတ်ဆောင်ရွက်ခဲ့ကြတာတွေ ဒုနဲ့ဒေးပါ။

ယခု မွတ်စလင်မ်တွေဘက်ကို တရားလက်လွတ် ပြုမူနေကြပြန်ပါပြီ။ မွတ်စလင်မ်တို့ရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ၊ ဗလီတွေ ဖျက်ဆီးခံနေကြပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်တွေနဲ့ မွတ်စလင်မ်တွေရဲ့ ပဋိပက္ခအသွင်ဖန်တီးပြီး တိုင်းပြည်ပျက်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေကို သွေးထိုးလှုံ့ဆော်ပြီး နိုင်ငံတော်ကြီးချီတက်နေတဲ့ ဒီမိုကရေစီ လမ်းကြောင်းကို အဟန့်အတား ပြုနေတာပါ။

ဒါတွေဟာ ပြည်သူပြည်သားအချင်းချင်း မယုံသင်္ကာဖြစ်ပြီး လက်ဦးမှုရယူ တိုက်ခိုက်ကြမှာကို စိုးရိမ်မိပါတယ်လို့ (၈၈) မျိုးဆက် ကိုမင်းကိုနိုင်က ဝေဖန်ထောက်ပြပါတယ်။

နာရေးကူညီသူ ကိုကျော်သူကလည်း ဘယ်ကမုန်းမသိတဲ့ လူတစ်စုက အကွက်ချစီစဉ်ပြီး ဆောင်ရွက်တာကို ကြိုတင်သတင်းရရှိပေမဲ့ ဘယ်လုံခြုံရေးတာဝန်ရှိသူမှ မတားဆီးဘူးလို့ ပြောကြားသွားပါတယ်။

ကနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးရဲ့အခြေအနေက အမှန်တကယ်စိုးရိမ်စရာပါ။ မြန်မာနိုင်ငံတော်ကြီးမှာ မှီတင်းနေထိုင်တဲ့ ဘာသာဝင်အားလုံးဟာ ဘာသာရေးအဓိကရုဏ်း မဖြစ်ပွားစေရဆိုတဲ့ ခံယူချက်နဲ့ ပူးပေါင်းကာကွယ် တားဆီးကြရမှာ ဖြစ်ပါတယ်။ ရမည်းသင်းတို့၊ ပြည်တို့မှာ အခုလို ပူးပေါင်းဆောင်ရွက်တဲ့အတွက် အဖျက်သမားတွေရဲ့ ဘေးရန်ကနေ ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။ သမ္မတကြီးကလည်း ဒီလိုပူးပေါင်းဆောင်ရွက်သူများကို ကျေးဇူးတင်စကား ပြောကြားသွားပါတယ်။

ကျွန်တော်တို့အားလုံး စိတ်ရဲ့ခံစားမှုကို ဦးစားပေးခြင်း မပြုဘဲ အမိမြန်မာနိုင်ငံတော်အတွက်ဆိုတဲ့ စိတ်ဓါတ်နဲ့ မတရားမှုတွေကို ကြံ့ကြံ့ခံ ရင်ဆိုင်ကြမှာဖြစ်ပါတယ်။ ဘက်လိုက်မှုကင်းစွာနဲ့ တရားမျှတမှုကို ကာကွယ်ကြရမှာဖြစ်ပါတယ်။ ကျမ်းမြတ်ကုရ်အာန် စူရာဟ်(၁၆း၉၀)မှာ လမ်းညွှန်ထားတဲ့အတိုင်း

***'တရားမျှတမှုနဲ့ လူမှုဘဝတွေ လှပအောင် သဟာဇာတ ညီညွတ်အောင် ဆောင်ရွက်ကြပါ'***

ဒီနေရာမှာ တမန်တော်မူဆာရဲ့ အဖြစ်အပျက်တွေထဲက တစ်ခုကို ထုတ်နုတ်တင်ပြလိုပါတယ်။ တမန်တော်မြတ်ကြီးဟာ ဖိရ်အောင်(ဖါရို)ရဲ့လက်အောက်က ဖိနှိပ်ခံဂျူးတွေရဲ့ လွတ်မြောက်ရေးကို ဆောင်ရွက်နေဆဲ အချိန်တုန်းကပါ။

စူရာဟ် ၂၈း၁၅ မှာ-

*``တမန်တော်မူဆာသည် သူ့အဖွဲ့သားတစ်ဦးနဲ့ သူ့ရန်သူအဖွဲ့ထဲကတစ်ဦးတို့ ခိုက်ရန်ဖြစ်ပွားနေတာကို တွေ့ရှိခဲ့သည်။ သူ့အဖွဲ့သားက အော်ဟစ်အကူအညီတောင်းလို့ တမန်တော်မူဆာက တစ်ဖက်လူကို တွန်းပစ်ပြီး ရန်ပွဲကိုအဆုံးသတ်ခဲ့တယ်။ ချက်ချင်းပဲ တမန်တော်မြတ်ကြီးဟာ သတိရသွားတယ်။ ဘယ်သူလွန်တယ်ဆိုတာ မသိခင်အလျင် သူ အလျင်စလိုလုပ်လိုက်မိပြီဆိုပြီး `ကျွန်တော်မျိုးအား ပြစ်ဒဏ်များမှ ကာကွယ်ပေးတော်မူပါ´ လို့ အမှားဝန်ခံလိုက်ပါတယ်။´´*

တမန်တော်တွေဆိုတာ ကျွန်တော်တို့လို သာမာန်လူသားတွေအတွက် စံနမူနာပြပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီနေရာမှာ တမန်တော်မူဆာက ခိုက်ရန်ဖြစ်ပွားနေတဲ့ သူနှစ်ဦးအနက် ဘယ်သူက ကျူးလွန်စော်ကားသူလည်းဆိုတာ မသိခင်အလျင် သူ့အဖွဲ့သားမဟုတ်တဲ့သူကို တွန်းလှဲပြစ်လိုက်တာဟာ သူ့အမှားပါလို့ ဝန်ခံထားပါတယ်။

ဘယ်ကိစ္စမဆို တစ်ဘက်လူရဲ့အမှားပဲလို့ အလျင်စလိုမဆုံးဖြတ်မိစေဖို့ တမန်တော်မြတ်ကြီးက နမူနာပြထားတာပါ။ ဒါဟာ အလ္လာဟ်ရဲ့လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်တာလည်းဖြစ်ပါတယ်။ ကုရ်အာန် (၄း၁၃၆)မှာ

*အို- သက်ဝင်ယုံကြည်ကြသူအပေါင်းတို့ ---*

*မိမိ၏အကျိုးစီးပွား၊ မိဘ၊ ဆွေမျိုးများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာနိုင်စေကာမူ သမာဓိခိုင်ကြည်စွာဖြင့် မှန်ကန်စွာ သက်သေပြုကြကုန်လော့* လို့ မိန့်ကြားထားပါတယ်။

တစ်ခါ စူရာဟ် (၄၉း၆) မှာ

*အို- သက်ဝင်ယုံကြည်ကြသူအပေါင်းတို့ ---*

*သင်တို့ထံ မသမာသူများထံမှ တစ်စုံတစ်ခုသော သတင်းရောက်ရှိလာခဲ့သော် ပညာမဲ့စွာဖြင့် လူမျိုးတစ်မျိုးအား ထိခိုက်နစ်နာမှုဖြစ်ခြင်းမှ ရှောင်လွှဲနိုင်ရန် သေချာဂဏစွာ စီစစ်သုံးကြကုန်လော့ သို့မဟုတ် သင်တို့၏ပြုလုပ်မှုကြောင့် နောင်တရစရာများ ဖြစ်ပေါ်လာနိုင်ပေလိမ့်မည်*

ဒါ့ကြောင့် ကျွန်တော်တို့အားလုံးဟာ ကောလဟာလတွေရဲ့ အန္တရာယ်တွေကို သတိကြီးကြီး၊ အမြော်အမြင်ရှိရှိနဲ့ တွန်းလှန်ဖို့လိုအပ်ပါတယ်။ ဒါမှသာလျှင် သဟဇာတဖြစ်ပြီး ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

ဒီနေ့ထုတ်တဲ့သတင်းစာတွေထဲမှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနဲ့ စုစည်းတည်ဆောက်ထားတဲ့နိုင်ငံဆိုတာ အသိအမှတ်ပြုပြီး လွတ်လပ်စွာကိုးကွယ်ခွင့်ကို နိုင်ငံသားအခွင့်အရေးအဖြစ် အာမခံ ပြောကြားထားတာကို ဖတ်ရှုလိုက်ရပါတယ်။ နောက်ပြီး မတူညီတဲ့ လူ့အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်တဲ့ ဒီမိုကရေစီ အလေ့အကျင့်ကို ပြုစုပျိုးထောင်ကြဖို့ ပြည်သူတွေကို တိုက်တွန်းနှိုးဆော်သွားပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန် (၅း၅၆)မှာလည်း

`မတူညီတဲ့ လူ့အဖွဲ့အစည်းအချင်းချင်းဟာ တစ်ဦးကိုတစ်ဦး တန်ဖိုးထားလေးစားပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မည်သည့်ပြသနာကိုမဆို အောင်မြင်ကျော်လွှားနိုင်မယ်လို့´ လမ်းညွှန်ထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့မွတ်စလင်မ်တွေကလည်း အခြားဘာသာတရားအသီးသီးကို တန်ဖိုးထားလေးစားပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမိမြန်မာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြပါစို့လို့ ထပ်မံတိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ် ။ ။

# အစ္စလာမ်ဟူသည် ...

## (အပိုင်း-၁)

ယနေ့သတင်းတွေကိုကြည့်လိုက်ရင် မွတ်ဆလင်မ်အမည်ခံ အစွန်းရောက်များရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ အချို့နိုင်ငံတွေမှာ မွတ်ဆလင်မ်တွေ နှိပ်ကွက်ခံနေရမှုတွေကို ကြားသိနေရပါတယ်။ ဒီသတင်းတွေကိုကြည့်ရင် ကမ္ဘာနဲ့အဝှမ်း မွတ်ဆလင်မ်တွေရဲ့ ကျဆင်းနေတဲ့ပုံရိပ်ကို တွေ့မြင်ကြရမှာပါ။ ဒီလို မွတ်ဆလင်မ်တွေရဲ့ပုံရိပ်တွေ ကျဆင်းနေရတာဟာ မလိုသူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်သလို မွတ်ဆလင်မ်တွေကိုယ်တိုင် အစ္စလာမ်ရဲ့သွန်သင်ချက်တွေကို လွဲမှားစွာ ကျင့်သုံးမှုကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က ယနေ့ခွတ္တဗါဟ်မှာ အစ္စလာမ်ရဲ့ စစ်မှန်တဲ့တန်ဖိုးတွေကို သိရှိနားလည်စေဖို့ ရည်စူးပြီး **`အစ္စလာမ်ဟူသည်** ´ ဆိုတဲ့ခေါင်းစဉ်နဲ့ တင်ပြမှာဖြစ်ပါတယ်။

အစ္စလာမ်ဆိုတာ အရဗီဝေါဟာရဖြစ်ပြီး ငြိမ်းချမ်းရေးလမ်းစဉ်လို့ အဓိပ္ပါယ်ဆောင်ပါတယ်။ လူ့ဘဝတစ်လျှောက်လုံးမှာ တစ်ဦးချင်းကနေ့ အဖွဲ့အစည်းအလိုက် ငြိမ်းချမ်းရေးအတွက် ကုရ်အာန်က သတ်မှတ်ပြဌာန်းပါတယ်။ အစ္စလာမ်ဟာ ဘာသာရေး

ပုံသဏ္ဍာန်ဖြစ်တဲ့ ကိုးကွယ်ဝတ်ပြုဆုတောင်းတဲ့ ပုံစံထက် ယုံကြည်ချက်တို့၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး၊ စစ်ရေး၊ သဘာဝပတ်ဝန်းကျင်ရေး စသည်တို့ကို ကျမ်းမြတ်ကုရ်အာန်က အလေးပေးဖော်ပြထားပါတယ်။ အခါအားလျော်စွာ လူ့သမိုင်းတစ်လျှောက် လူသားတို့ရဲ့ အနိမ့်အမြင့်၊ အတက်အကျတွေကို မီးမောင်းထိုးပြပြီး သမိုင်းသင်ခန်းစာတွေကို ထုတ်နုတ်ပေးပါတယ်။ လူ့ဘဝငြိမ်းချမ်းသာယာရေးအတွက် ဘယ်လိုခံယူကျင့်သုံးရမယ်ဆိုတာကို ပြဌာန်းသတ်မှတ်ပါတယ်။

ကုရ်အာန်ရဲ့ ပြဌာန်းသတ်မှတ်ချက်တွေကို ခံယူကျင့်သုံးတဲ့သူကို မွတ်ဆလင်မ်လို့ခေါ်ပါတယ်။ မွတ်ဆလင်မ်ဆိုတာ လိုက်နာကျင့်သုံးသူလို့ အဓိပ္ပါယ်ရပါတယ်။ ဒီလိုခံယူကျင့်သုံးရင်း ကိုယ်တိုင်လည်း ငြိမ်းချမ်း၊ အခြားသူများရဲ့ ငြိမ်းချမ်းမှုကိုပါ ဖော်ဆောင်နိုင်ပြီဆိုရင် မုအ်မင်ဖြစ်ပါတယ်။

အကြမ်းဖက်ဝါဒီတွေက အစ္စလာမ်အမည်ကို ခံယူပြီး အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်တဲ့အခါ ငြိမ်းချမ်းရေးဖြစ်တဲ့ အစ္စလာမ်ဟာ အကြမ်းဖက်ဝါဒ၊ မွတ်ဆလင်မ်ဆိုရင် အကြမ်းဖက်သမားလို့ အများက မြင်ယောက်နေပါတော့တယ်။ အစ္စလာမ်ကို မုန်းတီးနေတဲ့သူတွေကလည်း ဒီလိုလွဲမှားတဲ့လုပ်ရပ်တွေကို လက်ညှိုးထိုးပြီး အစ္စလာမ်ကို နာမည်ဖျက်နေပါတော့တယ်။ ဒါကြောင့် အစ္စလာမ်ဟာ ကမ္ဘာမှာ အထင်မှားခံရဆုံးသောလမ်းစဉ် ဖြစ်နေပါတယ်။

ကျွန်တော့်အနေနဲ့ အခုလို အခါအခွင့်သင့်တဲ့အချိန်မှာ ကုရ်အာန်က ပြဌာန်းထားပေမယ့် မွတ်ဆလင်မ်အမည်ခံ အကြမ်းဖက်သမားတွေ မသိရှိ နားမလည်ထားတဲ့အချက်တွေ၊ အစ္စလာမ်ကို မနာလို မရှုစိတ်ရှိတဲ့သူတွေက မသိဟန်ဆောင်ထားတဲ့အချက်တွေကို ထုတ်နုတ်ကိုးကားပြီး အစ္စလာမ်ရဲ့တန်ဖိုးတွေကို တင်ပြသွားပါမယ်။

ပထမဆုံး ကျွန်တော်တင်ပြလိုတဲ့ အချက်ကတော့ အစ္စလာမ်က ငြိမ်းချမ်းရေးအတွက်ပေးဆပ်ခြင်းပြုဖို့ အထူးတလည် တိုက်တွန်းထားတဲ့အကြောင်း ဖြစ်ပါတယ်။ ကုရ်အာန် ကဏ္ဍ (၄၇)၊ ဝါကျ (၃၈) အစမှာ

" ***အသင်တို့သည် အလ္လာ့ဟ်လမ်းစဉ်၌ ပေးဆပ်ခြင်းပြုရန် ဖိတ်ခေါ်ခြင်းခံရသူများ ဖြစ်ကြသည် --- "***

ပေးဆပ်ခြင်းဆိုရင် ကျွန်တော်တို့က ငွေကြေးဥစ္စာခနေနဲ့ ပေးဆပ်ဖို့ကိုပဲ သတိရကြတယ်။ အလ္လာဟ်ကတော့ ကုရ်အာန် (၁၆း၉၀)မှာ တရားမျှတမှုအတွက် ချို့တဲ့နေတဲ့ လူတွေရဲ့ဘဝတွေ ပြည့်စုံဖူလုံပြီး တိုးတက်သာယာလှပဖို့အတွက် မိမိနဲ့နီးနွယ်ပတ်သက် ယှက်နွယ်နေတဲ့သူတွေကို ပြုစုပျိုးထောင်ပေးဖို့အတွက် မကောင်းမှု ဒုစရိုက်မှာ နစ်မွန်းနေသူတို့ကို ပြန်လည်ပြုစုပျိုးထောင်ပေးဖို့အတွက် ပြဌာန်းသတ်မှတ်ပါတယ်။

ဒီလိုပြုလုပ်ရာမှာ မိမိတို့ရဲ့ ငွေကြေး၊ ဥစ္စာခနေတွေအပြင် မိမိတို့ရဲ့အချိန်တွေ၊ မိမိတို့ရဲ့ပညာဉာဏ်တွေကို အသုံးပြုပေးဆပ်ဖို့ လိုအပ်ပါတယ်။ အစ္စလာမ်က ဒီလိုပြဌာန်းထားပေမဲ့ လူတွေရဲ့ စရိုက်ကိုလည်း (၄၇း၃၈)မှာအခုလိုဆက်လက်ဖော်ပြထားပါတယ်။

" ***ပေးဆပ်မှုအတွက် ဖိတ်ခေါ်ခံရသောအခါ လူသားတို့ အနက် အချို့သည် စေးနဲတွန့်တိုကြကုန်၏။ မည်သူမဆို စေးနဲတွန့်တိုလျှင် မိမိတို့၏ကိုယ်ရည်ကိုယ်သွေးများ ဆုတ်ယုတ်ကျဆင်းသွားမည်ဖြစ်ပေသည် "***

ပေးဆပ်မှုပြုခြင်းဟာ လူတစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ မြင့်မားတိုးတက်စေပါတယ်။ အဲဒါရဲ့ဆန့်ကျင်ဖက် စေးနဲတွန့်တိုနေမယ်ဆိုရင်တော့ ကိုယ်ရည်ကိုယ်သွေးတွေ နိမ့်ပါးဆုတ်ယုတ်သွားလိမ့်မယ်လို့ သတိပေးထားပါတယ်။ အဲဒီဝါကျမှာ အလ္လာဟ်နဲ့ လူသားတို့ရဲ့ ခြားနားမှုကိုလည်း အခုလို ဆက်လက်ဖော်ပြထားပါတယ်။

" ***အလ္လာဟ်သည် ပြည့်စုံကုံလုံ၍ လိုအပ်ချက်များမှ ကင်းမဲ့သောအရှင်ဖြစ်၍ လူသားတို့သည်ကား လိုအပ်ချက်များရှိနေသူများ ဖြစ်ကြပေသတည်း "***

ပေးဆပ်ဖို့အတွက် ပြဌာန်းသတ်မှတ်ချက်ဟာ အလ္လာဟ်အတွက်မဟုတ်ပါ။ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝစေဖို့အတွက် လိုအပ်နေတဲ့လူသားတွေအတွက် ဖြစ်တယ်။ လူသားဟာ ငြိမ်းချမ်းရေးဗိမာန်ကို မိမိဘာသာ တည်ဆောက်ရမှာဖြစ်တယ်။ အဲဒီအတွက် ကိုယ်ရည်ကိုယ်သွေး မြင့်မားဖို့လိုအပ်တယ်။ သုခဘုံဖြစ်တဲ့ ငြိမ်းချမ်းရေးဗိမာန်ဟာ ကိုယ်ရည်ကိုယ်သွေး မြင့်မားတဲ့သူတွေနဲ့ပဲ ထိုက်တန်တယ်။ ပြည့်စုံ ကုံလုံတော်မူသော အလ္လာဟ်က လူသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ရေ၊ လေ၊ မြေတွေကို မိမိရဲ့မဟာဂရုဏာတော်(ရဟ်မသ်)ဖြင့် ပေါများကြွယ်ဝစွာဖြစ်ထွန်းပေါ်ပေါက်စေထားပါတယ်။ ငြိမ်းချမ်းရေးဘုံဗိမာန်ဖြစ်တဲ့ ဂျန္နသ်ကိုတော့ လူသားတစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေး (နာဖ်စ် အရည်အသွေး) မြင့်မားမှုအပေါ်မူတည်ပြီး မိမိကိုယ်တိုင် တည်ဆောက်ရယူဖို့ ပြဌာန်းထားပါတယ်။

လူအများစုက မွတ်ဆလင်မ်ဖြစ်ရင် အလ္လာဟ့်ထံက မြောက်များစွာသောအခွင့်အရေး ရရှိလိမ့်မယ်လို့ တွေးထင်ထား

ကြတယ်။ တကယ်တော့ မွတ်ဆလင်မ်ဆိုတာ အများကောင်းကျိုးအတွက် ပေးဆပ်ရမယ့်သူတွေဖြစ်တယ်။ အစ္စလာမ်ရဲ့ ပြဋ္ဌာန်းချက်တွေဟာ အများအကျိုးဆောင်ရင်း ကိုယ့်အကျိုးအောင်တဲ့ လမ်းစဉ်ဖြစ်ပါတယ်။ တစ်ကိုယ်ရေ တစ်ကာယသာ အကျိုးကျေးဇူးခံစားရတဲ့ ကျင့်စဉ်တွေကို ဖောင်းမပေးပါဘူး။

ဒီလိုပေးဆပ်မှုပြုရာမှာလည်း အခက်အခဲတွေရှိနေတတ်ပါတယ်။ ဒီအတွက် စိတ်ဓါတ်ခွန်အားဖြစ်စေတဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်ကို အခုလိုဖော်ပြထားပါတယ်။ ကဏ္ဍ (၂) ဝါကျ (၁၀၀) မှာပါ။

" --- ***သင်တို့၏ ကိုယ်ရည်ကိုယ်သွေးအတွက် ပြုလုပ်ခဲ့သော ကောင်းမှုများ၏အကျိုးကျေးဇူးများကို အလ္လာဟ့်ထံပါး၌ တွေ့ရအံ့*** "

ပေးဆပ်ရခြင်းအတွက် လောလောဆယ်မှာတော့ ကျွန်တော်တို့မှာ နစ်နာဆုံးရှုံးမှုတွေ ရှိပါလိမ့်မယ်။ အခက်အခဲ၊ အကြပ်အတည်းတွေနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ တချိန်ချိန်မှာတော့ ဒီလိုနစ်နာခဲ့ရတဲ့ အကျိုးကျေးဇူးတွေကို သေချာပေါက် ခံစားရမှာပါ။ ဘာကြောင့်လဲဆိုရင် ပေးဆပ်ဖို့အတွက် ပြဋ္ဌာန်းသတ်မှတ်သူဟာ ကျွန်တော်တို့ရဲ့ လုပ်ရပ်တွေကို အကြွင်းမဲ့သိမြင်တော်မူသော အလ္လာဟ်ဖြစ်နေလို့ပါ။

လေးစားအပ်ပါသော ညီရင်းအစ်ကို မောင်ရင်းနမများ ခင်ဗျား-

အစ္စလာမ်ဆိုတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကြောင့် ယနေ့ ကျွန်တော်တို့ အကျိုးကျေးဇူးတွေ ခံစားနေရတယ်ဆိုရင် အဲဒါ တမန်တော်မြတ်မုဟမ္မဒ်(ဆွလ်)နဲ့ သူ့ရဲ့နောက်လိုက်များရဲ့ ပေးဆပ်ခဲ့မှုကြောင့်ဖြစ်ပါတယ်။ မွတ်ဆလင်မ်ဖြစ်ရတဲ့အတွက် ဆိုးကျိုးတွေ ကျရောက်နေရပြီဆိုရင် အဲဒါ အစ္စလာမ်ရဲ့ စစ်မှန်တဲ့တန်ဖိုးတွေကို ကျွန်တော်တို့ တလွဲအသုံးချနေမှုကြောင့် ဖြစ်ပါတယ်။ အခုထိ ကျွန်တော်တို့ ပေးဆပ်မှုတွေမပြုကြသေးဘူးဆိုရင် ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်တွေမှာ ကြီးမားလေးလံလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေ ဖိစီးနေပါလိမ့်မယ်။ ပေးဆပ်မှုတွေဆောင်ရွက်မယ့် အခြားမျိုးဆက်သစ်တွေပေါ်ထွန်းလာပြီး အစ္စလာမ်ရဲ့ စစ်မှန်တဲ့ တန်ဖိုးတွေကို အပြည့်အဝ ပေးဆောင်ကြပါလိမ့်မယ်။

ကျွန်တော် ယခု ကိုးကားတင်ပြနေတဲ့ ဆူရာဟ်(၄၇) ဝါကျ (၃၈)ရဲ့အဆုံးမှာ

" --- ***အကယ်၍ သင်တို့သည် ပေးဆပ်မှုအတွက် ဖိတ်ခေါ်ချက်ကို လက်မခံဘဲ နောက်ကြောင်းပြန်လှည့်ခဲ့သည်ရှိသော် သင်တို့အစား အခြားမျိုးနွယ်များက အစ္စလာမ်တာဝန်ကို ပြောင်းလဲထမ်းဆောင်ကြပေလိမ့်မည်။ ၎င်းတို့က သင်တို့ထက် သာလွန်သူများ ဖြစ်ကြပေလိမ့်မည်*** "

အစ္စလာမ်လမ်းစဉ်ဟာ လူသားတို့ရဲ့လုပ်ရပ်ကြောင့် ကွယ်ပျောက်သွားနိုင်တဲ့ လမ်းစဉ်မဟုတ်ပါဘူး။ နေရာဒေသတစ်ခုမှာဖြစ်စေ၊ လူမျိုးနွယ်တစ်ခုက ဖြစ်စေ၊ အစ္စလာမ့်လမ်းစဉ်ကို မလိုက်နာ၊ မဆောင်ရွက်တော့လျှင်ပဲဖြစ်ဖြစ်၊ လွဲမှားစွာကျင့်သုံးနေလျှင်ပဲဖြစ်ဖြစ်၊ အမှန်အကန် လိုက်နာကျင့်သုံးမယ့်သူတွေ ပေါ်ပေါက်လာလိမ့်မယ်။ အဲဒီလူတွေရဲ့ ဆောင်ရွက်ချက်တွေဟာ မလိုက်နာ၊ မကျင့်သုံးသူများ လွဲမှားစွာကျင့်သုံးသူများထက် ကွဲပြားခြားနားစွာ သာလွန်ကြလိမ့်မယ်လို့လည်း ကျမ်းမြတ်ကုရ်အာန်မှာ ရှင်းရှင်းလင်းလင်း အသိပေးထားပါတယ်။

အစ္စလာမ်ဟာ လူတစ်ဦးချင်းစီရဲ့ ကိုယ်ကျင့်သီလကို အလေးပေးပါတယ် ဆိုတဲ့အချက်ကို ဆက်လက်တင်ပြပါမယ်။ ကုရ်အာန် ကဏ္ဍ (၂) ဝါကျ (၆၂) မှာ-

" ***မုအ်မင်ဖြစ်စေ၊ ရဟူဒီ (ဂျူး)ဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ၊ ရေဖြင့် အပြစ်များကို ဆေးကြောသည့် ဓလေ့ထုံးစံရှိသူများဖြစ်စေ၊ အလ္လာဟ်၏ပြဋ္ဌာန်းချက် သဘာဝမွေများနှင့် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ယုံကြည်လျက် လောကတွင် ဖွံ့ဖြိုးသာယာ တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျှင် ၎င်းတို့၏ ဆုလာဘ်သည် အလ္လာဟ့်ထံ၌ ရှိ၏။ ထိုသူများသည် ပူပန်သောကဖြစ်စရာမရှိပေ*** "

ဒီဝါကျမှာပါတဲ့ `**ရေနဲ့အပြစ်များကို ဆေးကြောသည့် ဓလေ့ထုံးစံရှိသူများ**´ဆိုတာကို အိန္ဒိယတိုက်နယ်က လူမျိုးနွယ်တွေမှာလည်း တွေ့မြင်နိုင်ပါတယ်။ ဟိန္ဒူတွေဟာ ဂင်္ဂါမြစ်ရေနဲ့ သူတို့ရဲ့ အပြစ်တွေကို ဆေးကြောလေ့ရှိသလို မြန်မာတို့၊ ထိုင်းတို့မှာ သင်္ကြန်ရေနဲ့ နှစ်ဟောင်းကအပြစ်တွေကို ဆေးကြောပြီး နှစ်သစ်ကူးသည့် ဓလေ့ရှိကြတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

ကုရ်အာန်ဖော်ပြထားတဲ့ ဒီဝါကျ (အာယတ်တော်)ဟာ မည်သည့်ဘာသာတရားကို ကိုးကွယ်ယုံကြည်သူဖြစ်စေ၊ အလ္လာဟ်ရဲ့ပြဋ္ဌာန်းချက်နှင့် အနာဂတ်ကာလရဲ့ အကျိုးဆက်ကို ယုံကြည်ပြီး၊ ကောင်းမှုတွေကို ပြုမယ်ဆိုရင် ကောင်းကျိုးချမ်းသာကို အသေအချာခံစားရမယ်လို့ အာမခံထားပါတယ်။ ဒါဟာ ကျွန်တော်တို့ ဆွေးနွေးပွဲတွေမှာ ခဏခဏ အမေးခံရတဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ အစ္စလာမ်မဟုတ်ပါဘဲလျက် လောကလူသားများရဲ့ ကောင်းကျိုးချမ်းသာကို ပြုလုပ်ဆောင်ရွက်ခဲ့တဲ့ လူသားတွေရဲ့ အကျိုးဆက် ဘယ်လိုပါလဲလို့ မေးခွန်းထုတ်တဲ့သူတွေအတွက် အဖြေလည်း ဖြစ်ပါတယ်။

ဘာသာတရားတစ်ရပ်ကို ကိုးကွယ်လို့ ငရဲကျမယ်ဆိုတဲ့ ပြဌာန်းချက် အစ္စလာမ်မှာမရှိပါ။ အစ္စလာမ်လမ်းစဉ်ဟာ ဘာသာတရားတစ်ရပ်ထက် လူတစ်ဦးချင်းစီရဲ့ အကျင့်စရိုက်၊ သီလသမာဓိနဲ့ လုပ်ဆောင်ချက်တွေကို ပိုပြီး အလေးပေးပါတယ်။

နောက်တစ်ခု ကျွန်တော် ဆက်လက်တင်ပြလိုတာက ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်တဲ့ အစ္စလာမ်ကို မဟုတ်မတရား စွပ်စွဲတဲ့သူတွေကိုဖြစ်စေ၊ အစ္စလာမ်ရဲ့ ပြဌာန်းချက်တွေကို တလွဲအသုံးပြုပြီး အကြမ်းဖက်ဝါဒအသွင် ပုံဖော်နေသူတွေကို ဖြစ်စေ၊ အသိပေးကြေငြာထားတဲ့ ကုရ်အာန်ထဲက အစ္စလာမ်ပြဌာန်းချက်တစ်ခုပါ။ ကဏ္ဍ (၆၁) ဝါကျ (၇)မှာ-

" ***အစ္စလာမ်လမ်းစဉ်ဟူသော ငြိမ်းချမ်းရေးဘက်သို့ ဖိတ်ခေါ်ခြင်းခံရပါလျက် အလ္လာဟ်နှင့်ပတ်သက်ပြီး မဟုတ်မတရား စွပ်စွဲသူများထက် လွဲမှားချွတ်ချော်သူ မရှိနိုင်တော့။ ထိုသို့ လွဲမှားစွာ ပြုမူပြောဆို၊ ကျင့်ကြံမှုများကြောင့် ၎င်းတို့သည် ဘယ်သောအခါမှ သစ္စာတရားကို မျက်မှောက်ပြုနိုင်ကြတော့မည်မဟုတ်*** "

ကျွန်တော်တို့ဟာ မတောင်းဆိုပါဘဲနဲ့ မြင့်မြတ်တဲ့ လူသားဘဝကို ရရှိခဲ့ကြတာပါ။ အမှန်ကို မမြင်နိုင်ဘဲ အမှားတွေကိုသာ အထပ်ထပ်ကျူးလွန်နေကြမယ်ဆိုရင် လူဖြစ်လျက် ဘဝရှုံးရတဲ့သူတွေ ဖြစ်သွားပါလိမ့်မယ်။ ကျောက်စိမ်းတုံးကို ဖိုခနောက်အဖြစ်သာ အသုံးချတတ်တဲ့သူတွေ၊ စိန်မှန်ကင်းကို ထင်းအဖြစ်သာ အသုံးချတတ်တဲ့သူတွေ ဖြစ်နေရပါလိမ့်မယ်။ ဒီလိုလူတွေဟာ ကိုယ်ရည်ကိုယ်သွေး နိမ့်ပါးတဲ့သူတွေသာ ဖြစ်ပါတယ်။

အစ္စလာမ့်လမ်းစဉ်ရဲ့ ပြဌာန်းချက်မှာ ငြိမ်းချမ်းရေးအတွက် ပေးဆပ်ခြင်းဖြင့် လူသားတို့ရဲ့ကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးတိုးတက်စေပြီး၊ ငြိမ်းချမ်းရေးလမ်းစဉ်ကို ဖျက်လိုဖျက်စီး ပြုနေခြင်းက လူ့အရည်အသွေးတွေ ကျဆင်းဆုတ်ယုတ်စေပါတယ်လို့ အသိပေးထားပါတယ်။

ဒီလို မွန်မြတ်တဲ့လမ်းစဉ်ဘက်ကို လူသားတွေကို ဖိတ်ခေါ်နေပါတယ်။ ဒီလိုဖိတ်ခေါ်မှုမှာလည်း အတင်းအကြပ် အဓမ္မစနစ်မရှိစေရလို့ အလေးအနက် တိုက်တွန်းထားပါတယ်။ အလ္လာဟ့်ရဲ့ သဘာဝဓမ္မ ပြဌာန်းချက်တွေမှာ အချို့အရာတွေကို အတင်းအကြပ် စီမံပြဌာန်းထားချက်တွေ ရှိပါတယ်။ ဥပမာ ငှက်တွေကို လေထဲမှာပျံသန်းဖို့၊ ငါးတွေကို ရေထဲမှာပဲ ရှင်သန်ဖို့ဆိုတာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ ပြဌာန်းသတ်မှတ်ချက်တွေပါ။ လူသားကိုတော့ ကုန်းပေါ်မှာ ကျင်လည်ရတဲ့ဘဝကို ပေးထားပေမဲ့ စက်ကိရိယာတွေရဲ့ အကူအညီနဲ့ လေထဲမှာ ပျံသန်းနိုင်စွမ်း၊ ရေထဲမှာသွားလာနိုင်စွမ်းတွေ ပေးထားပါတယ်။

အလ္လာဟ်ပြဌာန်းထားတဲ့ အစ္စလာမ့်လမ်းစဉ်နဲ့ပတ်သက်ပြီး ရွေးချယ်ခွင့် ပြုထားပါတယ်။ ကဏ္ဍ(၂) ဝါကျ(၂၅၆) မှာ -

" ***အမှားနှင့်အမှန်သည် ကွဲပြားခြားနားစွာ ရှင်းလင်းထင်ရှားနေပြီဖြစ်၍ ဖြားယောင်းသွေးဆောင် အတင်းအကြပ် အဓမ္မပြုမှု မရှိစေရ --- "***

ဘယ်ဟာက သစ္စာတရားလဲ၊ ဘယ်ဟာက မိစ္ဆာတရားလဲဆိုတာ မှန်ကန်စွာ စဉ်းစားတွေးခေါ်တတ်တဲ့ လူသားတိုင်းအဖို့ ရှင်းလင်းထင်ရှားစွာ၊ ကွဲပြားခြားနားစွာ နားလည်နိုင်ကြပါတယ်။ သစ္စာတရားကို လက်ခံ လိုက်နာကျင့်သုံးဖို့ အတင်းအဓမ္မ လုပ်စရာမလိုပါဘူး။

တစ်ခုတည်းသော စစ်မှန်တဲ့အမှန်တရားဆိုတာ အလ္လာဟ့်ထံပါးမှာပဲရှိတာပါ။ အခုလို ပို့စ်မော်ဒန်ခေတ်ကြီးမှာ ရှုထောင့်အသီးသီးကနေ တွေးခေါ်နိုင်စွမ်းတွေပေါ်မူတည်ပြီး လူသားတို့အတွက် အမှန်တရားဆိုတာ ထွေပြားဝေဝါးစွာနဲ့ မြောက်များစွာရှိနေကြပါတယ်။ ဒါကြောင့် အစ္စလာမ်က မှန်ခြင်း၊ မှားခြင်း ဆိုတဲ့ကိစ္စထက် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပိုပြီးအလေးပေးထားပါတယ်။

အတင်းအကြပ် အဓမ္မမလုပ်နဲ့ဆိုတဲ့ အရဗီဝေါဟာရ `အစ်ကရာ´ မှာအတင်းအကြပ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်းဆိုတဲ့ ဆောင်ရွက်မှုတွေလည်း ပါဝင်ပါတယ်။ အသက်အန္တရာယ်ကို ခြိမ်းခြောက်ပြီးဖြစ်စေ၊ ခနကြေးငွေပေးကမ်းပြီးဖြစ်စေ၊ လုပချောမောနပျိုတဲ့ အမျိုးသား၊ အမျိုးသမီးများနှင့်သွေးဆောင်ပြီးဖြစ်စေ၊ အစ္စလာမ့်လမ်းစဉ်ကို လိုက်နာခိုင်းရင် မြင့်မြတ်ပြီး ချို့တဲ့အားနည်းချက်များမှ လုံးဝကင်းစင်တော်မူသော အလ္လာဟ်ကို ကဲ့ရဲ့လှောင်ပြောင်ရာ မည်ပါတယ်။ အလ္လာဟ်ပေးထားတဲ့ လူ့အခွင့်အရေးတစ်ရပ်ကို ဖျက်ဆီးရာ မည်ပါတယ်။ အစ္စလာမ်ရဲ့ ပြဌာန်းချက်တစ်ခုကို တင်ပြပါမယ်။ ကဏ္ဍ(၁၈) ဝါကျ(၂၉) မှာ-

" ***သစ္စာတရားဟာ အလ္လာဟ့်ထံက လာပါတယ်။ ယုံကြည်လိုက ယုံကြည်၊ ငြင်းပယ်လိုက ငြင်းပယ်နိုင်ပါတယ် --- "***

လူဟာ လွတ်လပ်စွာရွေးချယ်ခွင့် ရှိပါတယ်။ မိမိ၏ရွေးချယ်မှုအပေါ်မှာ တာဝန်ခံရပါတယ်။ ရွေးချယ်အလျောက် ကောင်းကျိုးနဲ့ ဆိုးကျိုးကို ခံစားရပါမယ်။ ဒါဟာ အစ္စလာမ်ရဲ့လမ်းစဉ်ပါ။ ဒီနေရာမှာ အစ္စလာမ်ကို ပြီးပြည့်စုံစေခဲ့တဲ့ တမန်တော်မြတ်မုဟမ္မဒ် (ဆွလ်)နဲ့ သူ့ရဲ့နောက်လိုက်တွေရဲ့ နည်းလမ်းတစ်ခုကို ကုရ်အာန် ကဏ္ဍ(၁၂) ဝါကျ (၁၀၈) မှ အခုလို ဖော်ပြထားပါတယ်။

***" တမန်တော်မြတ်နှင့် သူ၏နောက်လိုက်များသည် အလ္လာဟ်ဘက်တော်သို့ ဖိတ်ခေါ်ရာတွင် ခိုင်မာပြီး ငြင်းဆို၍မရနိုင်သော သက်သေသာဓကများ အသုံးပြု၍ ဖိတ်ခေါ်ကြသည်။ ဤသည် တမန်တော်မြတ်မုဟမ္မဒ်(ဆွလ်)၏ လမ်းစဉ်ဖြစ်သည် "***

ကမ္ဘာ့လူသားတွေကြားမှာ တမန်တော်မြတ်မုဟမ္မဒ် (ဆွလ်)ရဲ့ ဩဇာအာဏာဟာ ကြီးမားနက်ရှိုင်းစွာ တည်ရှိနေပါတယ်။ အစ္စလာမ်ကို မလိုလားသူတွေက လုပ်ကြံသမိုင်းတွေ ဖန်တီးပြီး ခါးမိုးပြီး ဖြန့်ချိတဲ့အစ္စလာမ်၊ သားဖောက်ပြီး ပျံ့နှံ့နေတဲ့ အစ္စလာမ်ဆိုပြီး ဘယ်လိုပဲစွပ်စွဲ အပုပ်ချနေကြပါစေ။ အစ္စလာမ်ရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်က ဆက်လက်ရှိတက်နေမှာ ဖြစ်ပါတယ်။

ဒီစွပ်စွဲချက်တွေ မဟုတ်ဘူးဆိုတာ စစ်မှန်တဲ့လူ့သမိုင်းတွေက သက်သေခံနေပါတယ်။ သာဓကပြရရင်-အစ္စလာမ်ဘာသာဝင် မဂိုမင်းဆက်တွေ အိန္ဒိယကို နှစ်ပေါင်းတစ်ထောင်ခန့် အုပ်ချုပ်ခဲ့ပါတယ်။ သူတို့မအုပ်ချုပ်ခင်က အိန္ဒိယမှာ ဟိန္ဒူဘာသာဝင်အများစုပါ။ ဒီလို ဟိန္ဒူဘာသာဝင်တွေ အားလုံးကို အစ္စလာမ်ဘာသာဝင်မင်းတွေက အစ္စလာမ်ထဲ အတင်းအကျပ် မသွတ်သွင်းခဲ့ကြပါဘူး။ ဒါကြောင့် မဂိုမင်းတွေလက်ထက်မှာ အိန္ဒိယနဲ့ ပါကစ္စတန်ဆိုပြီး မကွဲခဲ့ကြပါဘူး။

မဂိုဘုရင်တွေဆီကနေပြီး အင်္ဂလိပ်သိမ်းပိုက်ပြီးချိန်ကစပြီး ယနေ့အထိ အိန္ဒိယဟာ ဟိန္ဒူဘာသာဝင်အများစုရဲ့တိုင်းနိုင်ငံအဖြစ်ပဲ ဆက်လက်တည်ရှိနေခဲ့တာပါ။ အင်္ဂလိပ်ရဲ့ သွေးခွဲအုပ်ချုပ်ရေးဗျူဟာကြောင့် ခွဲခြားဆက်ဆံခံရပြီး လူနည်းစုမွတ်ဆလင်မ်တွေက ပါကစ္စတန်အဖြစ် ခွဲထွက်ခဲ့ကြပေမယ့်လည်း အိန္ဒိယရော၊ ပါကစ္စတန်မှာပါ ဟိန္ဒူဘာသာရေးနဲ့ ဗုဒ္ဓဘာသာရေးဆိုင်ရာ စေတီ၊ ပုထိုးများ၊ ယဉ်ကျေးမှုလက်ရာများ ယခုထိရှိနေခြင်းက အခြားဘာသာဝင်များ စိုးရိမ်နေသကဲ့သို့ Islamization ဟူသည့် အစ္စလာမ့်လမ်းစဉ်ဘက်သို့ အတင်းအကြပ် သွတ်သွင်းမှုများ မရှိခဲ့ကြောင်း သမိုင်းက သက်သေခံနေပါတယ်။

အင်ဒိုနီးရှားနဲ့ မလေးရှားတို့ဟာ အစ္စလာမ်မတိုင်ခင်က နတ်ကိုးကွယ်သူ အများစုနေထိုင်ရာဒေသများ ဖြစ်ကြပါတယ်။ အင်ဒိုနီးရှားနဲ့ မလေးရှားသို့ မည်သည့် အစ္စလာမ်စစ်တပ်ကြီးမျှ မရောက်ရှိခဲ့ပါဘဲလျက် အုပ်ချုပ်သူများနှင့် တိုင်းသူပြည်သားများက ( မြန်မာနိုင်ငံ ပုဂံဘုရင် အနော်ရထာလက်ထက် ထေရဝါဒဗုဒ္ဓဘာသာကို လက်ခံခဲ့ကြသကဲ့သို့ ) အစ္စလာမ်ကို လိုလားနှစ်သက်စွာ လက်ခံခဲ့ကြခြင်းကလည်း အစ္စလာမ်သည် အတင်းအဓမ္မစနစ်ဖြင့် ပြန့်ပွားခဲ့ခြင်းမဟုတ်ကြောင်း သမိုင်းသက်သေဖြစ်ပါတယ်။

အစ္စလာမ်ဆိုတာ ပေးဆပ်ခြင်းဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်သောလမ်းစဉ်ဖြစ်တယ်။

အစ္စလာမ်ဆိုတာ ဘာသာတရားပုံစံထက် လူတစ်ဦးချင်းရဲ့ ကိုယ်ကျင့်သီလ၊ သမာဓိနဲ့ ဆောင်ရွက်ချက်တွေကို အလေးထားတဲ့လမ်းစဉ်ဖြစ်တယ်။

အစ္စလာမ်ဆိုတာ လူတစ်ဦးချင်း လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နဲ့ တာဝန်အပ်နှင်းထားတဲ့ လမ်းစဉ်ဖြစ်ပါတယ်။

အစ္စလာမ်ဆိုတာ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ခိုင်မာသော အထောက်အထားများဖြင့် ဖိတ်ခေါ်သောလမ်းစဉ် ဖြစ်ပါတယ်။

ပေးဆပ်မှုမပြုဘဲ အခွင့်အရေးကိုသာ တောင်းဆိုတတ်သူများ၊ ကိုယ်ကျင့်သီလ သမာဓိကင်းမဲ့ပြီး ဒုစရိုက်ကျူးလွန်နေသူများ လူသားတို့၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို နောက်ယုက်ဟန့်တားဖျက်ဆီးနေသူများ၊ လောကရှိ သစ္စတရား၏သက်သေသာဓကများကို လျစ်လျူရှုထားသူများက အစ္စလာမ်ကို မည်သို့ပင် ပုံပျက်ပန်းပျက်ပြုလုပ်နေပါစေ၊ စစ်မှန်သော အစ္စလာမ်ရဲ့တန်ဖိုးများကို လူ့သမိုင်းက သက်သေခံနေမှာပါ။

ကျွန်တော်အပါအဝင် မွတ်ဆလင်မ်များအားလုံး စစ်မှန်သော အစ္စလာမ်ရဲ့ပြဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသာယာသော လောကကို တည်ဆောက်ကြပါစို့လို့ အဓိဋ္ဌာန်ပြုရင်း ဒီနေရာမှာ ခေတ္တရပ်နားလိုက်ပါတယ် ။ ။

## အစ္စလာမ်ဟူသည် ...

## (အပိုင်း-၂)

ယခင်အပတ်က အစ္စလာမ်ဟူသည် ... အပိုင်း(၁)ကို တင်ပြခဲ့ပါတယ်။ အဲဒီလိုတင်ပြရာမှာ ကျမ်းမြတ်ကုရ်အာန်ရဲ့ ဒေသနာတော်တွေကို ကိုးကားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့

***" ကုရ်အာန်သည် အသိတရားနှင့်ပြည့်စုံသော ဒေသနာတော်များ၏ ကျမ်းဂန်ဖြစ်တယ်။ လောကကို အလှဆင်လိုသူများအတွက် လမ်းညွှန်နှင့်ကရုဏာတော်ဖြစ်တယ်။ သူတို့သည် လူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး ဆင်းရဲချမ်းသာကွာဟမှုကို ကျဉ်းမြောင်းစေသော အလှူဒါနများပြုကာ၊ ကိစ္စရပ်များကိုဆောင်ရွက်ရာတွင် အနာဂါတ်အကျိုးကိုပါ မျှော်ကိုး၍ ဆောင်***

***ရွက်သူများဖြစ်တယ်။ ၎င်းတို့သည် အလ္လာဟ်၏ လမ်းညွှန်ချက် အဝန်းအဝိုင်းထဲတွင် ရှိနေကြပြီး အောင်မြင်ပေါက်မြောက်သူများပင် ဖြစ်ကြပေတယ်။ "*** လို့ ကုရ်အာန် ကဏ္ဍ(၃၁) ဒေသနာတော် (၁ မှ ၅) အထိက ဖော်ပြထားပါတယ်။

ဒီနေ့လည်း အစ္စလာမ်ဟူသည် ... အပိုင်း(၂)ကို ကုရ်အာန်ကျမ်းမြတ် အကိုးအကားနဲ့ပဲ ဆက်လက်တင်ပြပါ့မယ်။

အစ္စလာမ်ဆိုတာ ငြိမ်းချမ်းမှုဆီသို့ဖိတ်ခေါ်သောလမ်းစဉ် ဖြစ်ပါတယ်လို့ တင်ပြခဲ့ပါတယ်။ ဒီနေ့မှာတော့ ငြိမ်းချမ်းမှုကို ပျက်ပြားစေသောအရာများကို ဖော်ပြပါ့မယ်။ ငြိမ်းချမ်းမှုကို အဓိက ခြိမ်းခြောက်မှုတွေကတော့ ဆင်းရဲချမ်းသာကွာဟမှုနဲ့ ပညာရေးနိမ့်ကျမှုများဖြစ်ပါတယ်။

ဒါကြောင့် ကုရ်အာန်က "***ဝယူးသူးနဇကားသ်***" "***ယူးအဒ်သိမားလ်လဟူ***" လို့ လူ့ဘောင်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆင်းရဲချမ်းသာကွာဟမှုကို ကျဉ်းမြောင်းစေသော အလှူဒါနများပြုရန် အကြိမ်ပေါင်းများစွာ တိုက်တွန်းနှိုးဆော်ထားပါတယ်။ အဲဒီထဲက ကုရ်အာန် ( ၉၂ း ၁၈-၂၁ )ကို လေ့လာကြည့်ပါမယ်။

" ***ဂုဏ်ပေးချီးမြှောက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါဘဲလျက် အလ္လာဟ်၏မျက်နှာသာပေးမှုကိုသာ မျှော်ကိုးပြီး မိမိ၏ပစ္စည်းဥစ္စာများကို ပေးလှူသူသည် စင်ကြယ်တိုးတက်စေကာ မကြာမီကာလအတွင်း ကျေနပ်နှစ်သက်မှုကို ခံစားရအံ့"***

ဆင်းရဲနွမ်းပါးသူနဲ့ ချမ်းသာကြွယ်ဝသူလို့ ရှိရာမှာ ဆင်းရဲသားများက ဥစ္စာပစ္စည်းများကို မျှော်လင့်တောင့်တကြတယ်။ပစ္စည်းဥစ္စာ နွမ်းပါးမှုကာလ တာရှည်လာရင် ကြွယ်ဝချမ်းသာသူတွေကို မနာလိုမစ္ဆရိယစိတ်တွေ ထားတတ်လာတယ်။ ချမ်းသာသူများကလည်း ဥစ္စာပစ္စည်းတွေကြောင့် မာန်မာနတွေ ရှိနေတတ်တယ်။ ပေးကမ်းပြီဆိုရင်လည်း ယူတဲ့သူကို ကျေးဇူးကျွန်အဖြစ် ပြုလုပ်ထားတတ်တယ်။ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြတတ်တယ်။ ဒါကြောင့် အများရဲ့ ရှုံ့ရှာမုန်းတီးမှုကိုခံရပြီး ကိုယ်ပစ္စည်းနဲ့ကိုယ် သောကပွေ့ရတတ်တယ်။ မိမိရဲ့ဥစ္စာပစ္စည်းပင် ဖြစ်လင့်ကစား လှူတတ်မှ ဒါနမြောက်ပါတယ်။ ကျနော်တို့ အခုလေ့လာခဲ့တဲ့ ကုရ်အာန် (၉၂း၁၈-၂၁)က ဒါနမြောက်အောင် ဘယ်လိုလှူရမယ်ဆိုတာကို လမ်းညွှန်မိန့်ကြားပါတယ်။

လှူဒါန်းတဲ့အခါ ရယူလိုမှုအတွက်မဟုတ်ဘဲ လှူဒါန်းပါ။ ဂုဏ်ပေးချီးမြှောက်ခံရဖို့ဆိုတဲ့ မျှော်ကိုးမှုကိုပယ်ပြီး လှူဒါန်းပါ။ ဒီလို လှူဒါန်းမှုသည်သာ ဓမ္မကိုပြဌာန်းသောအရှင်ရဲ့ စည်းမျဉ်းဘောင်အတွင်းမှ လှူဒါန်းခြင်းဖြစ်တယ်။ ဒီနေရာမှာ " ***အိဗ်သိဂါးအ ဝဂျ်ဟုရဗ္ဗ***" " ***အလ္လာဟ်၏ မျက်နှာသာပေးမှုကို ရှာဖွေမျှော်ကိုးလျက်*** " ဟု ဆိုခြင်းသည် " ***ဓမ္မကို ပြဌာန်းသောအရှင်၏ စည်းမျဉ်းဘောင်အတွင်းမှ*** " လို့ နားလည်သဘောပေါက် လိမ့်မယ်လို့ ကျနော်ယုံကြည်ပါတယ်။

အဲဒီလိုမျိုးလှူဒါန်းမှသာ လှူဒါန်းမှုပြုသူသည် ပစ္စည်းဥစ္စာကြောင့်ဖြစ်ရသော ဘေးအန္တရာယ်များမှကင်းစင်ပြီး စိတ်အေးချမ်းသာမှု ကျေနပ်ပီတိကို ရရှိခံစားရနိုင်မယ်တဲ့။ ဒါသည်ပင် အစ္စလာမ့်လမ်းစဉ်ဖြစ်ပါတယ်။ ဒီဒေသနာတော်က အစ္စလာမ်ဟူသည်... ဆင်းရဲချမ်းသာကွာဟမှုကို လျှော့နည်းစေသောလမ်းစဉ် ဖြစ်တယ်လို့ ကျနော်တို့ကို အသိပေးနေပါတယ်။

ငြိမ်းချမ်းမှုမပျက်ပြားစေဖို့ ဆင်းရဲချမ်းသာကွာဟမှုကို ကျဉ်းမြောင်းစေတဲ့ အလှူဒါနကို ဘယ်လိုပြုရမယ်ဆိုတာ တင်ပြပြီးတဲ့နောက် ပညာရေးနဲ့ပတ်သက်တဲ့ကဏ္ဍကို ဆက်လက်တင်ပြပါမယ်။

အစ္စလာမ်က ပညာဆိုတာ ဖြစ်ပျက်ပြောင်းလဲနေသော သဘာဝဓမ္မကို ဆည်းပူးလေ့လာပြီး အသိတရားရှိစွာနဲ့ လောကမှာ သဘာဝကျကျ ရှင်သန်နေထိုင်နိုင်ပါမယ်လို့ ဖွင့်ဆိုထားပါတယ်။ အစ္စလာမ်က ပညာနဲ့ပတ်သက်ပြီး ဖော်ပြထားတဲ့ ဒေသနာတော်မြောက်များစွာထဲက ကျနော် အနှစ်သက်ဆုံးဖြစ်လို့ ခဏခဏ ကိုးကားတင်ပြတဲ့ ဒေသနာတော်ကတော့(၃၅း၂၇-၂၈) ဖြစ်ပါတယ်။

" ***အလ္လာဟ်က မိုးကောင်းကင်မှမိုးရေကို ရွာသွန်းစေပြီး အရောင်အသွေး၊ အနံ့အရသာအမျိုးမျိုးရှိသော သစ်သီးဝလံမျိုးကွဲပေါင်းများစွာကို ဖြစ်ထွန်းပေါ်ပေါက်စေထားပေသည်။ တောင်များတွင်လည်း အဖြူ၊ အနီ၊ အရောင် အသွေးများ ကွဲပြားလျက်ရှိသော (ကျောက်၊ သံ၊ ပတ္တမြား ကဲ့သို့ သယံဇာတ) မည်းမှောင်နက်ကြုတ်လျက်ရှိသော (ရေနံ၊ ကျောက်မီးသွေးကဲ့သို့ ဓါတု) အရင်းအမြစ်များရှိ၏။ ယင်းသဘာဝ နိယာမများကို သင်လူသားတို့ စူးစမ်းလေ့လာမှု ပြုကြပါသလော။ လူ၊ တိရစ္ဆာန်နှင့် ခွာကွဲစမြုံ့ပြန်သတ္တဝါတို့သည်လည်း အရောင်အသွေးမျိုးစုံ ကွဲပြားလျက်ရှိ၏။ ဤသို့သော ကွဲပြားခြားနားမှုတို့ကို လေ့လာခြင်းအားဖြင့် ပညာအလင်းရရှိကာ လုံခြုံအေးချမ်းမှုပေးနိုင်သော ဘုန်းတော်ရှင်၏ ဓမ္မကို ခန့်ညားရိုကျိုးလျက် ရှင်သန်နေထိုင်နိုင် ကြပေမည်။*** "

အခု ကျနော်တို့လေ့လာခဲ့တဲ့ (၃၅း၂၇-၂၈)က ပထမဆုံး မိုးကောင်းကင်က မိုးရေတွေ ရွာသွန်းကျလာရာကနေ မြေပေါ်မှာ အရောင်အသွေးမျိုးစုံရှိတဲ့ သစ်သီးဝလံမျိုးကွဲပေါင်းများစွာ၊ ပြီးတော့ တောင်တွေဆီခေါ်သွားပြီး မြေအောက်ရှိ အရောင်အသွေးမျိုးစုံရှိတဲ့ သယံဇာတတွေကိုညွှန်ပြတယ်။ ပြီးတော့လူသားတွေဘက်ကိုလှည့်

ပြီး အသွေးအရောင်မျိုးစုံရှိတဲ့လူတွေ၊ လူ့ဝန်းကျင်က တိရစ္ဆာန်တွေရဲ့ အသွေးအရောင်တို့ရဲ့ ကွဲပြားခြားနားမှုတွေကို အဆင့်ဆင့်တင်ပြတယ်။ ဒီလို အရောင်အသွေးမျိုးစုံရှိတဲ့ လူ့ဘုံကြီးကို လေ့လာဆည်းပူးပြီး အသိတရားပြည့်ဝတဲ့သူတွေ ဖြစ်ကြဆိုပြီး သွန်သင်ညွှန်ပြထားတာဟာဖြင့် အင်မတန်ကို `ရသ´ မြောက်လှပါတယ်။

ဘာသာရေးအကြမ်းဖက်မှုတွေဖြစ်နေတဲ့ အခုလို အခါသမယမှာ ကျမ်းမြတ်ကုရ်အာန်ရဲ့ ဒီဒေသနာတော်တွေကို လေ့လာရတဲ့အခါ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ သက်ရှိသက်မဲ့အားလုံးဟာ အသွေးအရောင် ကွဲပြားခြားနားစွာနဲ့ လောကကို အကျိုးပြုနေကြတယ်။ အခြား သက်ရှိသက်မဲ့တွေမှာမရှိတဲ့ အတွေးအမြင်၊ အသိဉာဏ်တွေရှိနေတဲ့ ကျနော်တို့လူသားတွေက ဆင်းရဲချမ်းသာကွာဟမှုတွေ၊ အမျိုးအနွယ် ခွဲခြားမှုတွေ၊ ဘာသာရေး၊ လူမျိုးရေးအရ ခြားနားမှုတွေ၊ အသားအရောင် ကွဲပြားမှုတွေကို လက်ခံနားလည်ပေးပြီး မိမိတိုင်းပြည်ရဲ့အကျိုး၊ ကမ္ဘာကြီးရဲ့အကျိုးကို ပူးပေါင်းလက်တွဲပြီး မဆောင်ရွက်နိုင်ကြဘူးလားလို့ မေးခွန်းထုတ်နေမိပါတယ်။

ကမ္ဘာ့သမိုင်းမှတ်တိုင်တွေထဲမှာ လူ့အသားအရောင်ခွဲခြားတဲ့ (apartheid) အပါသိုက်စနစ်။ ဘာသာတရားအားလုံးထဲက ကောင်းနိုးရာရာတွေကိုပေါင်းစုပြီး တစ်ဘာသာထဲဖြစ်အောင် ဆောင်ရွက်ခဲ့တဲ့ အိန္ဒိယက အက္ကဘာဘုရင်ကြီးရဲ့ ကမ္ဘာ့ဘာသာစနစ် (ဒီနေအီလာဟီ)တို့ မအောင်မြင်ဘဲ ကျဆုံးခဲ့ရပါတယ်။ လူဆိုတာ လိုရာပုံသွင်းလို့ရတဲ့ ရွှံ့တွေ၊ သစ်သားတွေလို မဟုတ်ပါ။ လူသားတို့ရဲ့ မတူကွဲပြားမှုများကို အတင်းညှိယူဖို့မဟုတ်ဘဲ ကွဲပြားခြားနားမှုကို နားလည်လက်ခံပေးပြီး အသုံးချရန်ဆိုတာကို ကျမ်းမြတ်ကုရ်အာန်ရဲ့ (၃၅း၂၇-၂၈)က သီအိုရီအဖြစ် ပေးထားပါတယ်။ ကျနော်တို့က လောကရဲ့ သဘောသဘာဝနဲ့ဆိုင်တဲ့ အသိပညာမရှိရင် ဒီသီအိုရီကို apply လုပ် အသုံးချနိုင်မှာ မဟုတ်ပါ။ ဒါဆိုရင် အသွေးအရောင်မျိုးစုံရှိတဲ့ လူတွေကြားမှာ ငြိမ်းချမ်းမှု ဆိတ်သုဉ်းသွားပါလိမ့်မယ်။

အစ္စလာမ်ဆိုတာ လူတစ်ဦးချင်းရဲ့ ကိုယ်ကျင့်သီလ၊ သမာဓိနဲ့ ဆောင်ရွက်ချက်တွေကို ဘာသာရေးဆိုတာထက် အလေးထားတဲ့လမ်းစဉ် ဖြစ်ပါတယ်။ ကိုယ်ကျင့်သီလ ပျက်ပြားမှုကို အရဗီစကားနဲ့ (အစ်သမွန်)လို့ ခေါ်ပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲရင်၊ လောင်းကစားရင်၊ မတရားခေါင်းပုံဖြတ်ရင် (၂း၂၁၉)၊ မတော်မတရား ကာမမှုများကျူးလွန်ရင် (၂၅း၆၈)၊ တစ်ပါးသူပစ္စည်းကို အလွဲသုံးစားလုပ်ရင်၊ ခိုးရင် (၂း၁၈၈)၊ လိမ်လည်ပြောဆိုခြင်း၊ မုသာဝါဒကျူးလွန်ရင် (၂း၂၈၃) စသည်တို့ဟာ ကိုယ်ကျင့်သီလပျက်ပြား **(အစ်သ်မွန်ဖြစ်)** စေသောအရာများဖြစ်ပါတယ်။ ဒီလို ကိုယ်ကျင့်သီလတွေ ကျိုးပျက်ရင် လူ့အသိုင်းအဝိုင်းမှာ အောက်တန်း၊ နောက်တန်းမှာ ရှိနေမှာဖြစ်ပါတယ်။ ဒီလိုအကျင့်သီလတွေကို မစောင့်ထိန်းရင် ဘယ်လောက်ပဲ ဩဇာအာဏာရှိတဲ့သူပဲ ဖြစ်ပါစေ။ ဘယ်လောက်ချမ်းသာကြွယ်ဝသူ ဖြစ်ပါစေ။ ပညာရှိသူဖြစ်စေ၊ ကြွယ်ဝချမ်းသာသူဖြစ်စေ သူ ရှင်သန်နေထိုင်တဲ့ ဘဝတစ်လျှောက်လုံး သိက္ခာရှိရှိ ရှင်သန်နေထိုင်မှု မဖြစ်နိုင်ပါဘူး။ သူ့ရဲ့ ကွယ်လွန်သေဆုံးမှုဟာလည်း အသုဘကို ခမ်းနားကြီးကျယ်စွာ ကျင်းပစေကာမူ ဂုဏ်ကျက်သရေ ကင်းမဲ့တဲ့ သေဆုံးမှုပဲဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အစ္စလာမ်က ကိုယ်ကျင့်သီလကို အလေးထားပါတယ်။ ဒီကိုယ်ကျင့်သီလတွေ ကျိုးပျက်အောင် စွဲဆောင်မှုတွေက အလွန်အားကောင်းတယ်။ လူသားတွေအများစုက မကောင်းမှုတွေကို အလွယ်တကူ ကျူးလွန်နိုင်တယ်။ ဒါကြောင့် အပြစ်ကျူးလွန်တဲ့ လူသားတွေကို မဟာကရုဏာတော်ကြီးမားတဲ့အရှင်က ဘယ်လိုလွတ်မြောက်အောင် လုပ်ရမလဲဆိုတာ ကုရ်အာန် (၃၉း ၅၃-၅၄)မှာ အခုလိုလမ်းညွှန်ထားပါတယ်။

*"ကိုယ်ကျင့်သီလများကို ချိုးဖျက်၍ မိမိကိုယ်ကို နှိပ်စက်ညှင်းပန်းလျက်ရှိကုန်သော ငါ၏နာခံတော်အပေါင်းတို့ အရှင်၏ ကရုဏာတော်အား မက်မကင်းကြကုန်လင့်။ သင်တို့၏လုပ်ရပ်များကြောင့် ဆိုးကျိုးများမကျရောက်မီ မိမိတို့၏ မှောင်မိုက်သော စိတ်ရိုင်းများကို အရှင်၏ပြဌာန်းချက်များဆီသို့ အလင်းဝင်ရောက်ကြကုန်လော့။ သင်တို့၏ပြုစုပျိုးထောင်ရှင်သည် သင်တို့၏ မကောင်းမှုများကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များမှ လုံခြုံမှုပေးနိုင်စွမ်းရှိသော မဟာကရုဏာတော်ရှင်ဖြစ်၏ "*

ကျနော်တို့ မကောင်းမှုတွေမှာ နစ်မွန်းနေရင် မိမိအမှားကိုပြင်ပြီး အမှန်ကို ပြန်ပြင်ပါတဲ့။ ဒါဆိုရင် အရှင့်ကရုဏာတော်ရဲ့ လုံခြုံအေးချမ်းခြင်းကို ပြန်လည်ခံစားရရှိနိုင်ပါတယ်လို့ လမ်းညွှန်မိန့်ကြားထားပါတယ်။ လူ့အရည်အသွေး ရှိနေသမျှကာလပါတ်လုံး ကျွန်တော်တို့မှာ မျှော်လင့်ချက်ရှိ နေပါသေးတယ်။ လူ့အရည်အသွေး ပျက်ယွင်းသွားရင်တော့ အလုံးစုံပျက်စီးသွားခြင်းဖြစ်ပါတယ်။

စကြာဝဠာအပေါင်းနဲ့ ကမ္ဘာဂြိုဟ်၊ အဲဒီမှာရှိနေတဲ့ သက်ရှိသက်မဲ့အရာအားလုံးဟာ လူသားအကျိုးအတွက် အလ္လာဟ်က ဖြစ်ထွန်းပေါ်ပေါက်စေထားသော သဘာဝမွေများဖြစ်ပါတယ်။ လူသားဟာ ခလီဖ္ဖါ (စီမံခန့်ခွဲနိုင်သူ)အဖြစ်နဲ့ သဘာဝကို ထိန်းသိမ်းစောင့်ရှောက် အသုံးချပြီး၊ လူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူ ဖြစ်ပါတယ်။ သဘာဝကို အသုံးချပြီး လူ့ဘောင်ကို အကျိုးပြုလေ၊ လူ့အရည်အသွေး တိုးတက်လေဖြစ်ပါတယ်။ အဲဒါနဲ့ ဆန့်ကျင်ဘက် သဘာဝမွေနဲ့ သဘာဝအလျောက်

ဖြစ်ထွန်းနေတဲ့ သက်ရှိ၊ သက်မဲ့များကို ကိုးကွယ်အားထားရာ အဖြစ် သတ်မှတ်လိုက်လျှင် လူ့အရည်အသွေး ပျက်စီးသွားခြင်းလို့ ပြင်းပြင်းထန်ထန် သတိပေးထားပါတယ်။ ကုရ်အာန် (၄း၄၈) မှာ

" ... ***သဘာဝအလျောက် ဖြစ်ထွန်းပေါ်ပေါက်စေထားသော အရာများကို အလ္လာဟ်နှင့် တွဲဖက်အားထားယုံကြည်ခြင်းသည် လူ့အရည်အသွေး ပျက်စီးဆုံးရှုံးခြင်းပင်ဖြစ်၏။*** " လို့ သတိပေး ထားပါတယ်။

တွဲဖက်အားထားယုံကြည်ခြင်းကို အရဗီလို "***ရှစ်ရိုက်***" လို့ သုံးနှုန်းထားပါတယ်။ ကိုယ်ကျင့်သီလ ပျက်ပြားခြင်းကို "***အခ်(သ)မွန်***" လို့ သုံးနှုန်းပြီး၊ လူ့အရည်အသွေး ပျက်စီးသွားသည်အထိ သီလကျိုးပျက်ခြင်းကို အရဗီလို "***အခ်(သ)မွန်အဇွီးမ်***" လို့ သုံးနှုန်းထားပါတယ်။

အလ္လာဟ်နဲ့ အလ္လာဟ်ဖြစ်ထွန်းစေထားတဲ့အရာတွေကို တွဲဖက် အားထားယုံကြည်ခြင်းဟာ အလ္လာဟ်ရဲ့ဂုဏ်တော်ကို လုံးဝ ထိခိုက်နစ်နာမှု မရှိပေမယ့် လူ့အတွက်တော့ မိမိက အသုံးချရမယ့် အရာတွေကို အသုံးမချဘဲ စင်ပေါ်တင် ကိုးကွယ်သကဲ့သို့ ပြုနေခြင်းကြောင့် လူ့အရည်အသွေး ပျက်စီးသွားပါတယ်။ ဒါကြောင့် အစ္စလာမ်က "***ရှစ်ရိုက်***" (တွဲဖက် အားထားယုံကြည်ခြင်း)လို့ ပြင်းပြင်းထန်ထန်ကို တားမြစ်တာပါ။ လူတွေက ဒီအချက်ကို သဘောပေါက်နားလည်မှုမရှိတဲ့အခါ နအူးဇုဘီလ္လာ အလ္လာဟ်ကပဲ သဘောထားသေးသိမ်သလို စွပ်စွဲမှုတွေ ရှိနေပါတယ်။ အချို့ကျတော့လည်း အစ္စလာမ်က "***ရှစ်ရိုက်***" တားမြစ်တယ်။ ဒါကြောင့် ငါတို့ မွတ်ဆလင်မ်တွေက နိုင်ငံတော်အလံကိုတောင် ဦးမညွှတ်နိုင်ဘူးလို့ အစွန်းရောက်တဲ့သူတွေ၊ ကိုးကွယ်မိမှာစိုးလို့ဆိုပြီး မိသားစုဓါတ်ပုံတောင် အိမ်မှာမချိတ်တဲ့သူတွေ၊ ဓါတ်ပုံအရိုက်ခံရမှာ ကြောက်တဲ့သူတွေဖြစ်နေကြတယ်။ အဲဒါက "***ရှစ်ရိုက်***"ကိုရှောင်တာမဟုတ်ဘဲ အယူသည်းအစွန်းရောက်တွေ ဖြစ်သွားတာပါ။

**တကယ်တော့ အစ္စလာမ်ဟူသည်** ...သဘာဝဓမ္မများကို (ကိုးကွယ်အားထားစရာအဖြစ် မသတ်မှတ်တဲ့) သဘာဝကို ထိန်းသိမ်းစောင့်ရှောက် အသုံးချပြီး လူ့ဘောင်ကို အကျိုးပြုတဲ့ လမ်းစဉ်ဖြစ်လို့ အလ္လာဟ်နဲ့ တွဲဖက်အားထားယုံကြည်မှု "***ရှစ်ရိုက်***"ကိုရှောင်ကြဉ်ခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ လူ့အရည်အသွေး ရပ်တန့်ပြီး တိုးတက်မှုမရှိဘဲဖြစ်နေတာကို ရုပ်တုကိုးကွယ်ခြင်းလို့ ကုရ်အာန်မှ သွန်သင်ထားပါတယ်။ (၂၂း၃၀) မှာ "... ***ရုပ်တုများကို ကိုးကွယ်ခြင်းမှ ကင်းကင်းနေလော့ ...*** " လို့ ပြဌာန်း ထားပါတယ်။

ဒီဒေသနာတော်မှာ သုံးနှုန်းထားတဲ့ အရဗီဝေါဟာရ "***အောက်ဝ်သားနူးန်***" ဆိုတာ ယေဘုယျအားဖြင့် ရုပ်တုများလို့ အနက်ထွက်ပြီး အများကိန်းဖြစ်ပါတယ်။ သူ့ရဲ့တစ်ကိန်းက "***ဝ(စ်) သနူးန်***" ဖြစ်တယ်။ ဒီဝေါဟာရတွေရဲ့ မူလအဓိပ္ပါယ်က "***တစ်နေရာတည်းတွင် ရပ်တန့်နေပြီး ရွေ့လျားမှုမရှိတော့ခြင်း***" ဆိုတဲ့ အနက်ကနေ ရွေ့လျားနိုင်ခြင်းမရှိတဲ့ ရုပ်တုကိုလည်း "***ဝ(စ်)သနူးန်***" လို့ခေါ်ခြင်းဖြစ်ပါတယ်။

ဒါကြောင့် တရားသေဝါဒကို ဆုပ်ကိုင်ထားပြီး တိုးတက်ပြောင်းလဲမှု မရှိတော့တဲ့စနစ်ဇယား၊ ဝါဒတွေအားလုံးကို ရုပ်တုကိုးကွယ်ခြင်းလို့ ကုရ်အာန်က သုံးနှုန်းပါတယ်။ ဒါကြောင့်ကုရ်အာန် (၂၂း၃၀)ရဲ့ ဆိုလိုရင်းက "***တိုးတက်ပြောင်းလဲမှု မပြုနိုင်ဘဲ ရပ်တန့်နေသော တရားသေဝါဒများမှ ကင်းကင်းနေလော့***" လို့ တားမြစ်ခြင်း ဖြစ်ပါတယ်။

ကျနော်တို့က ကိုယ့်ကိုယ်ကို အစ္စလာမ်လမ်းစဉ်ကို ကျင့်သုံးတဲ့ မွတ်ဆလင်မ်လို့ခံယူပြီး တရားသေဝါဒသမားတွေဆိုရင် ပြောင်းလဲနေတဲ့ ကမ္ဘာနဲ့ရင်ဘောင်တန်းပြီး တိုးတက် ပြောင်းလဲမှုတွေ မလုပ်နိုင်ရင် ရုပ်တုကိုးကွယ်တဲ့ မွတ်ဆလင်မ်တွေ ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် ကုရ်အာန် (၂၂း၃၀)ရဲ့ ပြဌာန်းချက်အရ

အစ္စလာမ်ဟူသည် ... တရားသေဝါဒကို ငြင်းဆန်ပြီး တိုးတက်ပြောင်းလဲမှုကို ကုရ်အာန်နှင့်အညီ ကျင့်သုံးသောလမ်းစဉ်ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ အခု ကျနော် အချက်တစ်ချက် တင်ပြချင်ပါတယ်။

(၇.၉.၂၀၁၃) တနင်္ဂနွေနေ့က M3 Food Center တွင် Muslim and Buddhist Harmony အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ရာ ကုရ်အာန်အသိပညာပြန့်ပွားရေး အဖွဲ့ဝင်တစ်ဦး အနေဖြင့် ကျနော် တက်ရောက်ခွင့်ရခဲ့ပါတယ်။ ဒီအခမ်းအနားမှာ ဇရောဝတီသတင်းဌာနမှ အယ်ဒီတာ ဦးကျော်စွာမိုး၊ ဒေါက်တာ မြင့်သိန်း (ငြိမ်းချမ်းလုလင်)၊ သံဃာတော် အရှင်ဓမ္မစာရ၊ စာရေးဆရာကိုတာနှင့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးနယ်ပယ်မှ ဒေါက်တာချန်ဒရာမူဇာဖါ တို့က ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ ဒေါက်တာချန်ဒရာက မြန်မာပြည်သူများ နားလည်မှုလွဲနေကြသည်ကား အစ္စလာမ်မတိုင်မီက မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ရာဒေသဖြစ်သည်ဟူသော အချက်ဖြစ်၏။ အမှန်တကယ်တော့ အစ္စလာမ်မတိုင်မီက မလေးရှားနှင့် အင်ဒိုနီးရှားတို့တွင် ဗုဒ္ဓနှင့် ဟိန္ဒူဘာသာဝင်တို့သည် လူနည်းစု ကိုးကွယ်သော ဘာသာများဖြစ်ပါသည်။ မည်သည့်စစ်တပ်မျှ လာရောက်တိုက်ခိုက်ပြီး သာသနာပြုခြင်းမဟုတ်ဘဲ ပင်လယ်ရပ်ခြားမှ လာသော ကုန်သည်များမှတဆင့် အစ္စလာမ့်လမ်းစဉ် ပျံ့နှံ့ခဲ့ခြင်း

ဖြစ်ပါတယ်လို့ ပြောကြားသွားတာကို တဆင့်ပြန်လည် တင်ပြလိုက်ပါတယ်။

ယနေ့ ကျနော်တို့လေ့လာခဲ့တဲ့ အစ္စလာမ့်တန်ဖိုးများကို အနှစ်ချုပ်လိုက်ရင် -

- အစ္စလာမ်သည် ဆင်းရဲချမ်းသာကွာဟမှုကို ကျဉ်းမြောင်းစေသော လမ်းစဉ်ဖြစ်သည်။
- အစ္စလာမ်သည် ကွဲပြားခြားနားမှုကို နားလည်လက်ခံပြီး အင်အားအဖြစ်အသုံးချသော လမ်းစဉ်ဖြစ်သည်။
- အစ္စလာမ်သည် သဘာဝကို (ကိုးကွယ်အားထားရာအဖြစ်လက်မခံဘဲ)စောင့်ရှောက်ထိန်းသိမ်းပြီး လူ့ဘောင်အကျိုးအတွက် အသုံးချသော လမ်းစဉ်ဖြစ်သည်။
- အစ္စလာမ်သည် တရားသေဝါဒကို ငြင်းဆန်ပြီး တိုးတက်ပြောင်းလဲမှုကို ကုရ်အာန်နှင့်အညီ လက်ခံကျင့်သုံးသော လမ်းစဉ်ဖြစ်သည်။

ကျနော်တို့အားလုံး တစ်ကိုယ်ကောင်းဆန်သူများ၊ လူကို ရွှံ့ရုပ်ကဲ့သို့ ပန်းပုထုဆစ် ပုံသွင်းသူများ၊ သဘာဝမွေကို နားမလည်သူများ၊ အယူသည်းအစွန်းရောက် တရားသေသမားများ၏ ဘေးအန္တရာယ်များမှ ကင်းဝေးစွာ နေထိုင်နိုင်ရန် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရင်း ကျနော့်ရဲ့ ဟောပြောတင်ပြချက်ကို ရပ်နားလိုက်ပါတယ် ။ ။

## အစ္စလာမ်ဟူသည် ...

## (အပိုင်း-၃)

အစ္စလာမ်ဟူသည် ဘာသာတရားဆိုတာထက် ကိုယ်ကျင့်သီလသမာဓိနဲ့ ဆောင်ရွက်ချက်တွေကို အလေးထားတဲ့ လမ်းစဉ်လို့ ပါဝင်ခဲ့တဲ့အတွက် ကာဖွေရ်ဆိုတာ ကုရ်အာန်က ဘယ်လိုဖွင့်ဆိုလဲဆိုတာ လေ့လာချင်ပါတယ်လို့ မိတ်ဆွေတစ်ချို့က စူးစမ်းလာပါတယ်။

ကာဖွေရ်ဆိုတာ ဖုံးကွယ်ခြင်းလို့ အဘိဓါန်အဓိပ္ပါယ်ရပြီး ကုရ်အာန်ကတော့ လူသားတစ်ဦးဟာ ရုပ်ပိုင်း၊ နာမ်ပိုင်းရှိ အရည်အသွေးအားလုံးကို ဖုံးကွယ်ကာရံ ပိတ်ဆို့ထားရင် ကာဖွေရ် ဖြစ်ပါတယ်လို့ သုံးနှုန်းပါတယ်။ လူ့အရည်အသွေးဖြစ်တဲ့ အကြား၊ အမြင်၊ ဆင်ခြင်ဉာဏ်တွေနဲ့ လူ့လောကကောင်းကျိုးကို မဆောင်ရွက်တဲ့အတွက် တိရစ္ဆာန်နဲ့မခြားတဲ့ ဘဝပိုင်ရှင်တွေကိုလည်း ကာဖွေရ်လို့ သတ်မှတ်ထားပါတယ်။ ဆူရာဟ်(၄၇) အာယတ် (၁၂) မှာ-

" ***ကာဖွေရ်တို့သည် လောကီစည်းစိမ်တွင် နစ်မွန်းပြီး တိရစ္ဆာန်များကဲ့သို့ စားသုံးသူများဖြစ်ကြ၏ "*** လို့ ဖော်ပြထားပါတယ်။

တိရစ္ဆာန်တွေဆိုတာ မွေးလာတယ်၊ ရှာဖွေစားသောက်တယ်၊ မျိုးပွားတယ်၊ ပြီးတော့ သေသွားတယ်။ လူကလည်း မွေးဖွားလာတယ်။ ကြီးပြင်းလာတော့ သက်မွေးဝမ်းကြောင်းပညာတွေ သင်ပြီး ရှာဖွေစားသောက်တယ်။ အိမ်ထောင်သားမွေးလုပ်တယ်။ ပြီးတော့ သေသွားတယ်။ အဲဒီလူတွေဟာ လောကီစည်းစိမ်တွင် နစ်မွန်းနေတဲ့သူများ၊ တိရစ္ဆာန်များကဲ့သို့ စားသုံးသူများဖြစ်ပါတယ်။ တိရစ္ဆာန်နဲ့ လူတို့ရဲ့ အရည်အသွေးခြားနားချက်ကို ကုရ်အာန်က ဆူရာဟ်(၇) အာယတ် (၁၇၉) မှာ-

" ***--- နှလုံးသားက ခံစားနားလည်မှု မရှိသူများ၊ သိမြင်စူးစမ်းမှု မပြုသူများ၊ ကြားနာမှတ်သားမှု မရှိသူများသည် တိရစ္ဆာန်များကဲ့သို့ ဖြစ်၏ ---*** " လို့ သတ်မှတ်ဖော်ပြထားပါတယ်။

လူတစ်ဦးရဲ့နှလုံးသား၊ မျက်စေ့၊ နားတို့ဟာ တိရစ္ဆာန်မှာရှိတဲ့ နှလုံးသား၊ မျက်စေ့၊ နားတို့ရဲ့ လုပ်ဆောင်ချက်ထက် များစွာသာလွန်ပါတယ်။ လူရဲ့နှလုံးသားက ခံစားချက်ကို၊ လူ့မျက်စေ့က အမြင်ကို၊ လူ့နားက ကြားသိတာကို စူးစမ်းလေ့လာပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်တယ်။ တိရစ္ဆာန်တွေမှာ ကြောက်စိတ်ရယ်၊ ပြန်လည်တိုက်ခိုက်လိုစိတ်ပဲ ရှိတယ်။ ဒါဟာ ကုရ်အာန်က ညွှန်ပြတဲ့ လူနှင့်တိရစ္ဆာန်တို့ရဲ့ အဓိက ခြားနားချက်ပဲဖြစ်ပါတယ်။

လူတွေဟာ အရာရာကို စူးစမ်းလေ့လာ ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ အရည်အသွေးတွေကို အသုံးမပြုရင် တိရစ္ဆာန်တွေလို ကြောက်စိတ်နဲ့ တိုက်ခိုက်လိုစိတ်တွေက လွှမ်းမိုးသွားလိမ့်မယ်။ ဒီလိုလွှမ်းမိုးခံရတဲ့သူတွေဟာ လူ့အရည်အသွေးတွေ ပိတ်ဆို့ဖုံးကွယ်ထားသူ ကာဖွေရ်များပဲဖြစ်တယ်လို့ ကုရ်အာန်ကညွှန်းဆိုပါတယ်။ ဒါကြောင့်

**`အစ္စလာမ်ဟူသည် ကြား၊ မြင်၊ သိမှတ်၊ ခံစားရသမျှကို စူးစမ်းလေ့လာပြီး အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားသော လမ်းစဉ်ဖြစ်သည်´** လို့ တင်ပြလိုပါတယ်။

လူ့အခွင့်အရေးကို တားဆီးပိတ်ပင်သူများဟာလည်း ကာဖွေရ်ဖြစ်ပါတယ်။ ကုရ်အာန် ဆူရာဟ်(၄၇) အာယတ် (၂၂/၂၃/၃၂) တို့အရ

" ***လူသားတို့၏ မွေးရာပါအခွင့်အရေးများကို တားဆီးပိတ်ပင်သူများသည် နားပင်းနေသူ၊ ကန်းနေသူများ ဖြစ်၏။***

***ဂုင်းတို့သည် အလ္လာဟ်၏ဂရုဏာတော်နှင့် ဝေးကွာနေသူများဖြစ်၏။ ကာဖွေရ်များ ဖြစ်၏ "*** လို့ မိန့်ဆိုထားပါတယ်။

ကုရ်အာန်ကသုံးတဲ့ နားပင်းသူ၊ မျက်စေ့ကန်းနေသူဆိုတာ အမှန်တကယ်ပဲ နားမကြားသူ၊ မျက်စေ့ အမြင်ကွယ်နေသူများ မဟုတ်ပါဘဲ၊ ကြားပါလျက်၊ မြင်ပါလျက်၊ ခွဲခြမ်းစိတ်ဖြာနိုင်သော လူ့အရည်အသွေးများကို အသုံးမချသူများကို ဆိုလိုတာဖြစ်ကြောင်း ကုရ်အာန်ကို ရိုးသားစွာလေ့လာသူတိုင်း သဘောပေါက်ကြပါတယ်

ဒါကြောင့် **`အစ္စလာမ်ဟူသည် လူသားတို့၏ မွေးရာပါ အခွင့်အရေးများကို လေးစားလိုက်နာရသော လမ်းစဉ်ဖြစ်သည်´** လို့လည်း ဖော်ပြလိုပါတယ်။ မွေးဖွားလာသော ကလေးတိုင်းသည် ကျားသဘာဝ၊ မသဘာဝအလျောက် ရှင်သန်ဖွံ့ဖြိုးခွင့်၊ ပညာသင်ကြားခွင့်တွေ ရှိကြပါတယ်။ လူသားမျိုးနွယ် မပပျောက်ရေးအတွက် အိမ်ထောင်သားမွေး ပြုကြရပါမယ်။ ကျားနဲ့မ အိမ်ထောင်ပြုခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ လူသားမျိုးနွယ်တည်တံ့ရေးအတွက် ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ လိင်တူအိမ်ထောင်ပြုခြင်းကို ကျင့်သုံးမယ်ဆိုရင် ကာမဆန္ဒကို ဦးစားပေးရာ၊ အလ္လာဟ်ပြဌာန်းထားတဲ့ သဘာဝဓမ္မကို ကဲ့ရဲ့လှောင်ပြောင်ရာ ကျပါတယ်။ လူသားတို့ရဲ့ မွေးရာပါအခွင့်အရေးကို ချိုးဖောက်ရာ မည်ပါတယ်။

ယောကျ်ားတစ်ဦးအဖြစ် မွေးဖွားခံရရင်လည်း တာဝန်နဲ့အခွင့်အရေးကို ယောကျ်ားပီပီ ရယူရပါမယ်။ မိန်းမတစ်ဦးအဖြစ် မွေးဖွားလာရင်လည်း တာဝန်နဲ့အခွင့်အရေးကို မိန်းမပီပီ ရယူကြရပါမယ်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လူအဖြစ်ရခြင်းကို ကျေနပ်နှစ်သက်စွာဖြင့် ခံယူပြီး၊ လောကီတာဝန်များကို ဆောင်ရွက်ရပါမယ်။ ယောကျ်ားအဖြစ် မွေးဖွားခံရပါလျက် မိန်းမဖြစ်လိုခြင်း၊ မိန်းမအဖြစ် မွေးဖွားခံရပါလျက် ယောကျ်ားဖြစ်လိုခြင်းတို့သည် အလ္လာဟ်ချီးမြှင့်ထားသော အရည်အသွေးများကို ငြင်းပယ်ဆန့်ကျင်၍ ကျေးဇူးကန်းသူ ကာဖွေရ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး ကျေးဇူးကန်းသူများ မဖြစ်ဖို့လိုအပ်ပါတယ်။ အထူးသဖြင့် အလ္လာဟ်ပေးထားတဲ့ အရည်အသွေးတွေ မှန်ကန်စွာ အသုံးချပြီး အလ္လာဟ်ကို ကျေးဇူးတင်ကြောင်း ပြသရမယ်။ မိဘနှစ်ပါးရဲ့ ကျေးဇူးတရားကိုလည်း သိတတ်ရပါမယ်။

မိခင်ဟာ ကျွန်တော်တို့အားလုံးကို (၁၀)လလောက် ဝမ်းမှာလွယ်ပိုးထားရတယ်။ လပေါင်း(၃၀)လောက် နို့ချိုတိုက်ကျွေးခဲ့ရတယ်။ ဖခင်ဖြစ်သူက မိခင် ဒီလိုပြုစုနိုင်အောင် လိုအပ်တာတွေကို ပံ့ပိုးပေးခဲ့တယ်။ ဒါကြောင့် မိဘကျေးဇူးသိတတ်တဲ့ သားသမီးတွေဖြစ်ဖို့ လိုအပ်ပါတယ်။ မိမိတို့ကိုယ်တိုင် မိဘဘဝ ရောက်ခဲ့ပြီဆိုရင်လည်း မိမိရဲ့သားစဉ်မြေးဆက်ကို လောကကောင်းကျိုးကို သယ်ပိုးနိုင်စွမ်းရှိအောင် ပြုစုပျိုးထောင်ပေးရမယ်။ ဒီလိုပြုစုပျိုးထောင်နိုင်အောင် မိမိကိုယ်တိုင်လည်း အရည်အသွေးပြည့်မီတဲ့ လူသားတစ်ဦးဖြစ်အောင် ပြုစုပျိုးထောင်နေရပါမယ်။ မိဘဆိုတာ ကျွန်တော်တို့ရဲ့ အတိတ်၊ ကျွန်တော်တို့ကိုယ်တိုင်သည် လက်ရှိပစ္စုပ္ပန်၊ ကျွန်တော်တို့၏ သားစဉ်မြေးဆက်သည် ကျွန်တော်တို့၏ အနာဂါတ်ဖြစ်ပါတယ်။ ဒါကြောင့် " ***မိဘနှစ်ပါးရဲ့ ကျေးဇူးတရားကို သိတတ်နိုင်စွမ်းရှိရပါမယ်။ မိမိရဲ့ သားစဉ်းမြေးဆက်ကိုလည်း လောကကောင်းကျိုး သယ်ပိုးသူများအဖြစ် ပြုစုပျိုးထောင်ပေးရမယ် "*** လို့ ကုရ်အာန် ဆူရာဟ်(၄၆) အာယတ် (၁၅)က ညွှန်းဆိုပါတယ်။

ထို့ကြောင့် **`အစ္စလာမ်ဟူသည် ဓမ္မ၏အရှင်နှင့် မိဘတို့၏ ကျေးဇူးတရားကို အလေးထားရသော အနာဂါတ်၏သားသမီး ရတနာများကို ပြုစုပျိုးထောင်ပေးရသော လမ်းစဉ်ဖြစ်၏´** ဆိုတာကိုလည်း မီးမောင်းထိုးပြလိုပါတယ်။

လူ့ဘဝဟာ ပြဿနာအတော်များများနဲ့ ပြည့်နှက်နေပါတယ်။ ဒီလိုပြဿနာတွေထဲမှာ စားဝတ်နေရေး ပြဿနာဟာ ကြီးမားလှတဲ့ ရေရှည်ပြဿနာကြီးတစ်ခုဖြစ်ပါတယ်။ အစ္စလာမ်က ဒီစားဝတ်နေရေးပြဿနာကို ချဉ်းကပ်ရာမှ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်ပြည့်စုံပြီး လက်တွေ့ကျလှပါတယ်။ အစ္စလာမ်က လူသားမျိုးနွယ်ကို စိုးရိမ်ကြောက်ရွံ့ရမှု၊ ဝတ်မွတ်ခေါင်းပါးမှုကနေ ကာကွယ်ပေးတဲ့ လူမှုရေးစနစ်တစ်ခု တည်ဆောက်ပေးဖို့ လမ်းညွှန်ပါတယ်။ **`ဆူရာဟ်ကိုရိုက်(ရှ်)´** လို့ခေါ်တဲ့ ဆူရာဟ်ကဏ္ဍ (၁၀၆)ကို ကိုးကားတင်ပြပါမယ်။

" ***ကိုရိုက်(ရှ်)တို့သည် ရာသီမရွေး ခရီးသွားလာတတ်သော ဓလေ့စရိုက်ရှိကြ၏။ ကအ်ဗါဟ်ကျောင်းတော်ရဲ့ အရှင်သခင်ဖြစ်သော အလ္လာဟ်ကို နာခံရိုကျိုးသူများ ဖြစ်ကြ၏။ ထို့ကြောင့် ဂုင်းတို့သည် စိုးရိမ်ထိတ်လန့် သောကဖြစ်ရခြင်းနှင့် ဝတ်မွတ်ခေါင်းပါးခြင်းတို့မှ ကင်းဝေးကြရ၏ "*** လို့ ဖော်ပြထားပါတယ်။

တမန်တော်မုဟမ္မဒ်(ဆွလ္လ) မပွင့်ပေါ်မီက အာရပ်မျိုးနွယ်တစ်ခုဖြစ်သော ကိုရိုက်(ရှ်)တွေထဲမှာ ရိုးရာနတ်ကိုးကွယ်ကြသူများ ရှိကြပေမဲ့ ကအ်ဗါဟ်ကျောင်းတော်ရဲ့ အရှင်သခင်ဖြစ်သော အလ္လာဟ်သည် အခြားကိုးကွယ်ခံများထက် ပို၍မြင့်မြတ်သည်လို့ ခံယူချက်ရှိထားကြတယ်။ ဒီလိုခံယူပြီး တမန်တော်မြတ်မတိုင်မီကတည်းက ကအ်ဗါဟ်ကို ကာကွယ်စောင့်ရှောက်ကြသူများ ဖြစ်နေခဲ့ကြတယ်။ သူတို့ဟာ ရာသီမရွေး ခရီးထွက်လေ့ရှိတဲ့အတွက် အသိအမြင် ဗဟုသုတကြွယ်ဝသူများ ဖြစ်ကြတယ်။ သူတို့ဝန်းကျင်

မှာ အခြားအာရပ်မျိုးနွယ်များအချင်းချင်း တိုက်ခိုက်ပြီး ပြည်တွင်းစစ်သဖွယ်ဖြစ်နေချိန်မှာ ကအ်ဗါဟ်ပရဝုဏ်အတွင်းမှာ တိုက်ခိုက်ခွင့်မပြု၊ ဟဂ်ျရာသီမှာ ဟဂ်ျပြုရန်လာသော ခရီးသည်များကို တိုက်ခိုက်ခြင်းမပြုကြပါဘူး။ အနယ်နယ်အရပ်ရပ်မှ ဟဂ်ျပြုရန် လာရောက်သူများ၏ ကုန်ကူးသန်းရောင်းဝယ်မှုများကြောင့် ကုရိုက်(ရှ်) တို့အတွက် စီးပွားဖြစ်ထွန်းခဲ့ကြရတယ်။

ကိုရိုက်(ရှ်)တို့ဟာ ကအ်ဗါဟ်ကျောင်းတော်ကို ဘေးကင်းငြိမ်းချမ်းရာနယ်မြေအဖြစ် ကာကွယ်စောင့်ရှောက်ထားနိုင်ခဲ့ကြတယ်။ စစ်တလင်းဖြစ်နေသော အာရပ်တို့၏ဒေသရှိ ကအ်ဗါဟ်ကျောင်းတော်ပရဝုဏ်မှာ တမန်တော်မုဟမ္မဒ်(ဆွလ္လ) မပွင့်ပေါ်မီကတည်းက ငတ်မွတ်ခေါင်းပါးမှုနှင့် စိုးရိမ်ထိတ်လန့်မှုတွေကို ကာကွယ်ပေးထားတဲ့ လူမှုရေးစနစ်တစ်ခု သန္ဓေတည်ရှိနေပြီးဖြစ်တယ်။ တမန်တော်မြတ် မက္ကာဟ်ကို သွေးမြေမကျ သိမ်းပိုက်ပြီးချိန်မှာတော့ အာရပ်တစ်မျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ထူထောင်ပြီး အာရပ်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းခဲ့ရပါတယ်။ တမန်တော်မြတ်(ဆွလ္လ) ကွယ်လွန်သေဆုံးပြီးတဲ့အချိန်မှာ အာရပ်ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ပြီး လူမဆိုထားနဲ့ တိရစ္ဆာန်တွေတောင် ငတ်မွတ်မှုမရှိအောင် အုပ်ချုပ်သူများက စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါကို ဒုတိယမြောက် ခလီဖါသမ္မတကြီး အုမရ်သခင်ရဲ့ သမိုင်းဝင်စကားတစ်ခွန်းနဲ့ သက်သေထူနိုင်ပါတယ်။

သမ္မတကြီး အုမရ်သခင်က **`ယူဖရေးတီးမြစ်ကမ်းရဲ့ တစ်နေရာမှာ ခွေးတစ်ကောင် အစာငတ်ပြီး သေသွားရင်တောင် အုမရ်က ဒီအတွက် အဖြေပေးရမှာပါတဲ့´**။ နိုင်ငံတစ်ခုရဲ့ အစိုးရကောင်း၊ မကောင်းဆိုတာ ဒီနိုင်ငံရဲ့ နယ်နိမိတ်ဘောင်အတွင်းရှိ နိုင်ငံသားတိုင်းသာမက တိရစ္ဆာန်များရဲ့ စားရေး၊ သောက်ရေး၊ လုံခြုံရေးကို မည်မျှတာဝန်ယူနိုင်ပါသလဲဆိုတာနဲ့ အဓိက တိုင်းတာနိုင်ပါတယ်။

ကိုရိုက်(ရှ်)မျိုးနွယ်တွေက သူတို့ရဲ့ အရည်အသွေးတွေ မှန်ကန်စွာအသုံးချပြီး စစ်တလင်းဖြစ်နေတဲ့နယ်မြေမှာ တမန်တော်မုဟမ္မဒ်(ဆွလ္လ) မပွင့်မီကတည်းက ကအ်ဗါဟ်ကို စစ်မဲ့နယ်မြေ၊ ငြိမ်းချမ်းရေးနယ်မြေအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြလို့ သူတို့မှာ စိုးရိမ်သောကတွေ ကင်းဝေးပြီး စားသောက်ဖွယ်ရာများ အလျှံပယ် ကြွယ်ဝခဲ့ကြတယ်လို့ ကုရ်အာန်က ဖော်ပြထားပါတယ်။

ဒါကြောင့် **` အစ္စလာမ်ဟူသည် နိုင်ငံအတွင်းရှိ ပြည်သူပြည်သားများသာမက တိရစ္ဆာန်များ၏ စားသောက်ရေး၊ လုံခြုံရေးတို့ကို တာဝန်ယူနိုင်သော အုပ်ချုပ်သူများ ပေါ်ထွန်းစေသောလမ်းစဉ်ဖြစ်သည်´**လို့ ပြောနိုင်ပါတယ်။ စားဝတ်နေရေး၊ လုံခြုံရေးတို့ရဲ့ အခြေခံအရင်းအမြစ်ဟာ ကမ္ဘာ့ဂြိုဟ်ဖြစ်ပါတယ်။ ကုရ်အာန် ဆူရာဟ်(၅၅) အာယတ် (၁၀) မှာ -

" ***ကမ္ဘာ့ဂြိုဟ်သည် သတ္တဝါတို့အတွက် ပြည့်စုံ၏*** " လို့ဖော်ပြထားပြီး ဆူရာဟ်(၄၁) အာယတ် (၁၀) မှာ - "***လိုအပ်သူများအတွက် ဖူလုံစေထား၏*** " လို့ ဖော်ပြထားပါတယ်။

ကမ္ဘာမြေကြီးဟာ သက်ရှိအားလုံးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တယ်။ လူသားတွေရဲ့ လောဘကတော့ ကမ္ဘာ့ဂြိုဟ်ကို ပျက်စီးစေတယ်။ အလ္လာဟ်က ကမ္ဘာ့ဂြိုဟ်ကို စားဝတ်နေရေးအတွက် ဖူလုံစေရုံသာမက လုံခြုံရေးအတွက်လည်း စီမံထားပါတယ်။ နေမင်းကြီးက ကမ္ဘာ့ဂြိုဟ်အတွက် လိုအပ်တဲ့စွမ်းအင်တွေကိုပေးနေတဲ့ အဓိက ရင်းမြစ်ပါ။

ဒါပေမဲ့ နေရောင်ခြည်မှာ လူကို ဒုက္ခပေးနိုင်တဲ့ ခရမ်းလွန်ရောင်ခြည် အစရှိတဲ့ အန္တရာယ်ရှိတဲ့အရာတွေကိုလည်း အိုဇုန်းလွှာ အစရှိတဲ့ လေထုနဲ့ ကာကွယ်ပေးထားပါတယ်။ အမေရိကန်တို့ဟာ တချိန်တခါက အာကာသမှာ နျူကလီးယား ဖောက်ခွဲစမ်းသပ်ခဲ့ဖူးတယ်။ အာကာသ နျူကလီးယားဖေါက်ကွဲမှုကြောင့် ကမ္ဘာပေါ်ကို ဘယ်လိုဆိုးကျိုးတွေမှ မသက်ရောက်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရေဒီယိုသတ္တိကြွ ဓါတ်ပစ္စည်းတွေဟာ ကမ္ဘာရဲ့ တောင်မြောက်ဝင်ရိုးရှိ သံလိုက်စီးကြောင်းတွေထဲ ဝင်ရောက်သွားခဲ့တဲ့အတွက် ဖြစ်ပါတယ်။ အဲဒါဟာ ကမ္ဘာကြီးရဲ့ လုံခြုံရေးအတွက် အလ္လာဟ်ရဲ့စီမံထားချက်တွေထဲက ဥပမာတစ်ခုပါ။ ဒါဆိုရင် ကမ္ဘာမှာပေါ်ပေါက်နေရတဲ့ ရာသီဥတုဖောက်ပြန်မှု၊ ရေ၊ မြေ၊ လေတို့၏ ညစ်ညမ်းမှုတွေဟာ ဘာကြောင့်လဲ။

" ***လူသားတို့၏ (လောဘရမ္မက်ဖြင့်) ဆောင်ရွက်မှုများကြောင့် (ကမ္ဘာ့ဂြိုဟ်၏) ကုန်းမြေနှင့် ရေပြင်တို့တွင် ဘေးအန္တရာယ်များ ပေါ်ထွန်းလာရ၏*** " လို့ ဆူရာဟ်(၃၀) အာယတ် (၄၁) မှာ ဖော်ပြထားပါတယ်။

လူသားတွေက လိုအပ်ချက်ထက် ပိုလျှံတဲ့သုံးစွဲမှုတွေကြောင့် အိုဇုန်းလွှာပေါက်ပြဲမှုတွေ၊ သစ်တောပြုန်းတီးမှုတွေ၊ မျိုးသုဉ်းသွားသော တိရစ္ဆာန်တွေ၊ ညစ်ညမ်းသော လေပြင်၊ ရေပြင်တွေ စတဲ့အန္တရာယ်များ ကျရောက်နေရပါတယ်။

အလ္လာဟ်က လူတိုင်းအတွက် မြေကမ္ဘာဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ထားပေမဲ့ လူသားတွေက မြေကမ္ဘာရဲ့ သဘာဝသယံဇာတတွေ ကုန်ထုတ်လုပ်မှု အရင်းအနှီးတွေဖြစ်တဲ့ ရေတွေ၊ မြေတွေကို တစ်ဦးတည်းနဲ့ မြောက်များစွာ မောင်ပိုင်စီးထားရင် ဒီရည်ရွယ်ချက်ကို ရောက်မှာမဟုတ်ပါဘူး။ အလ္လာဟ်ရဲ့ရည်ရွယ်

ချက်ဖြစ်တဲ့ အားလုံးအတွက် ကမ္ဘာမြေဖြစ်အောင် လူသားဖြစ်တဲ့ ကျွန်တော်တို့က မိမိရဲ့ကနဲ့သတ်ချက်ဘောင်အတွင်းမှ ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ လူသားတွေအနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ရမယ့်အချက်တွေ မြောက်များစွာအတွက် ပြဌာန်းထားပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်နိုင်တဲ့အချက်တွေထဲက တစ်ချက်ကို ဖော်ပြရရင် "*အလျှုဒါနနှင့်ပတ်သက်ပြီး စူးစမ်းမေးမြန်းသူများအား ပိုလျှံတာအားလုံး လျှုဒါန်းပါလို့ ကြေညာလိုက်ပါ* " တဲ့။ (ကုရ်အာန် - ၂း၂၁၉)

**`အစ္စလာမ်ဟူသည် ဥစ္စာဓနကို လွတ်လွတ်လပ်လပ် အကန့်အသတ်မဲ့ ရှာဖွေပိုင်ဆိုင်ခွင့်ပေးထားပြီး သက်ရှိတွေအားလုံးရဲ့ စားဝတ်နေရေးနဲ့ လုံခြုံရေးအတွက် သုံးစွဲရသောလမ်းစဉ် ဖြစ်ပါတယ်´**

ဆူရာဟ်(၅၉) အာယတ်(၇) မှာ-

" --- *ဥစ္စာဓနများသည် ပြည့်စုံကုံလုံသူများထံတွင်သာ စုပြုံမရှိစေရ* --- " လို့ ဖော်ပြထားပါ တယ်။

ဥစ္စာဓနပြည့်စုံသူများက လျှုဒါန်းတဲ့အခါမှာလည်း သူတောင်းစား လူတန်းစားများ ပေါ်များစေတဲ့ နည်းလမ်းတွေကို ရှောင်ကြဉ်ရမယ်။ ဥစ္စာဓနပြည့်စုံသူတွေက လုပ်ငန်းအသစ်တွေ တည်ထောင်ပြီး ပါဝင်လုပ်ကိုင်သူအားလုံးကို လုပ်အားအချိုးကျ ခွဲဝေပေးတဲ့စနစ် စတဲ့ အလုပ်လုပ်တဲ့သူတိုင်း အကျိုးခံစားခွင့်ရှိတဲ့ စနစ်တွေ တည်ထွင်ဆောင်ရွက်ရပါမယ်။ အဲဒါမှသာ အလုပ်လုပ်ချင်တဲ့ တွန်းအားတွေဖြစ်ပြီး အလုပ်လုပ်တဲ့လူတန်းစားတွေ ပေါ်ပေါက်လာမှာပါ။ ဒီ့အပြင် လူ့အချင်းချင်း ညှင်းပန်းနှိပ်စက်မှုတွေ၊ ခေါင်းပုံဖြတ် ဂုတ်သွေးစုတ်မှုတွေ၊ ခွဲခြားနှိမ့်ချ ဆက်ဆံမှုတွေ ကင်းစင်တဲ့ လူနေမှုစနစ်ကိုလည်း တည်ထောင်ပေးရပါမယ်။

အဲဒါမျိုး ညှင်းပန်းနှိပ်စက်မှုတွေ၊ ဂုတ်သွေးစုတ် ချယ်လှယ်မှုတွေ ခွဲခြားနှိမ့်ချဆက်ခံမှုတွေကို တတ်အားသမျှ တွန်းလှန်ရပါမယ်။ ဒီလိုတွန်းလှန်ရာမှာ တွေ့ဆုံဆွေးနွေးမှုတွေကနေ တဆင့်ဖြစ်စေ၊ လူထုဆက်သွယ်ရေးလမ်းစဉ်ဖြစ်သော မီဒီယာများမှ တဆင့်ဖြစ်စေ မတရားမှုများကို အင်တိုက်အားတိုက် တွန်းလှန်နိုင်ရပါမယ်။ ဒီလိုငြိမ်းချမ်းသော နည်းလမ်းတွေနဲ့မရတဲ့အခါ မိမိအသက်ကို ပေးဆပ်ပြီး တိုက်ပွဲဝင်ရပါသည်။ ခုခံစစ်များ ဆင်နွှဲသင့်လျှင် ဆင်နွှဲရပါမည်။ စစ်ပွဲတိုင်းဟာ တရားမျှတမှုမရှိ၍ ကျွန်တော်တို့ မနှစ်ခြိုက်ကြသော်လည်း စစ်ပွဲဆင်နွှဲ၍ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းရသည့် အချိန်အခါများလည်း လူ့သမိုင်းတလျှောက် ရှိခဲ့ဖူး၊ ရှိနေဆဲ ဖြစ်ပါတယ်။ အချို့လူတွေက ခေါင်းငုံ့သည်းခံနေရင် ပိုပြီး ရောင့်တက်တတ်တယ်။ ဒါကြောင့် ဆူရာဟ် (၂) အာယတ် (၂၁၆)မှာ-

"*သင်လူသားတို့ မနှစ်မြို့သော်လည်း ခုခံစစ် ဆင်နွှဲခွင့်ကို သတ်မှတ်ပြဌာန်းလိုက်လေပြီ။ သင်တို့ အောင့်နလုံးနာသော အရာသည် သင်တို့အတွက် အကောင်းဖြစ်နိုင်၍ သင်တို့နှစ်မင်သောအရာသည် သင်တို့အတွက် အဆိုးဖြစ်နိုင်၏။ အလ္လာဟ်သည် အကြွင်းမဲ့သိမြင်တော်မူသော အရှင်ဖြစ်၏။ သင်တို့ကား သိနိုင်ကြသည်မဟုတ်* " လို့ ဖော်ပြထားပါတယ်။

စစ်တိုက်ရမှာကို ဘယ်သူမှ မနှစ်မြို့ကြပါဘူး။ ဖိနှိပ်ညှင်းပန်းခံနေရတဲ့အချိန်မှာ သူ့ရဲဘောကြောင်နေပါက သေရတာထက် ပိုမိုဆိုးဝါးသော အခြေအနေမျိုးကို ရောက်ရှိသွားမှာဖြစ်တယ်။ အစ္စလာမ်က ခုခံစစ်ကို ပြဌာန်းရတဲ့ရည်ရွယ်ချက်ကို ကုရ်အာန် ဆူရာဟ် (၂၂) အာယတ် (၄၁)မှာ အခုလို ရှင်းရှင်းလင်းလင်း ပြောဆိုထားပါတယ်။

" *မိမိတို့၏ ပြုစုပျိုးထောင်ရှင်သည် အလ္လာဟ်ဖြစ်သည်ဟု ပြောဆိုမှုကြောင့် လူသားတို့သည် မိမိတို့၏နေရင်းဒေသများမှ မတရားနှင်ထုတ်ခံနေကြရသည်။ အကယ်၍ အလ္လာဟ်သည် လူတစ်ချို့ကို လူတစ်ချို့ဖြင့် မခုခံ မတားဆီးခဲ့ပါလျှင် ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ကျောင်းများ၊ ဂျူးဘုရားကျောင်းများ၊ အစ္စလာမ်ဝတ်ကျောင်းတော်များသည် ဖျက်ဆီး ခံရပြီး ဖြစ်လတ္တံ့ --*"

မည့်သည့်သာသနာဝင်တို့၏ သာသနိက အဆောက်အအုံများဖြစ်စေ၊ မတရားဖျက်ဆီးခံရခြင်း ယုံကြည်ချက်ကြောင့် နေရပ်မှ မောင်းထုတ်ခံရခြင်းဖြစ်လျှင် ခုခံတော်လှန်ခွင့် ပြုထားပေသည်။ ဒီလိုခုခံရာမှာ မိမိထံ လာရောက်ကျူးကျော် စော်ကားသူများကို ခုခံတိုက်ခိုက်ရမှာဖြစ်ပြီး မိမိက ကျူးကျော်တိုက်ခိုက်သူ မဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ မိမိ၏ယုံကြည်ချက်ကို သာမက အခြားယုံကြည်ချက်များကိုပါ အလေးထားတဲ့ အစ္စလာမ်ရဲ့ပြဌာန်းချက်ကို ဂရုပြုမိကြမယ်လို့ မျှော်လင့်ပါတယ်။

မိမိအသက်ပေးဆပ်လိုက်ရ၍ အများငြိမ်းချမ်းပါက သေရကျိုးနပ်ပါတယ်။ မိမိအသက် အသေခံရပြီး သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၏ဘဝ လုံခြုံမှုကင်းမဲ့မည်ဆိုရင်၊ လူတို့၏ယုံကြည်ချက်အရ တန်ဖိုးထားတဲ့ မည်သည့်သာသနိက အဆောက်အအုံကိုဖြစ်စေ အန္တရာယ်ပြုလာမယ်ဆိုရင်၊ ငုတ်တုတ် အသေခံမည့်အစား ပြန်လည်ခုခံ၍ အသေခံခြင်းက မြတ်တယ်လို့ အစ္စလာမ်က သွန်သင်ပါသည်။

ဒီနေရာမှာ `**အစ္စလာမ်ဟူသည် အခြားဘာသာဝင် အသီးသီးတို့အား အသိအမှတ်ပြုလေးစားပြီး ၎င်းတို့ အထွတ်အမြတ်ထားသော သာသနိက အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ပေးရသော လမ်းစဉ်ဖြစ်သည်**´ ဆိုတဲ့ အစ္စလာမ်တန်ဖိုး တစ်ခုကိုလည်း တင်ပြရင်း နိဂုံးချုပ်ပါတော့မယ်။

ကျွန်တော်တို့အားလုံး မိမိအတွက်သာ ကြည့်တတ်သောသူများ၊ တစ်ပါးသူ၏အခွင့်အလမ်း၊ အခွင့်အရေးများကို တားဆီးပိတ်ပင်သူများ၊ မိဘကျေးဇူးကို မသိတတ်သူများ၊ မိမိ၏သားသမီးများကို မပြုစု မပျိုးထောင်တတ်သူများ၊ စိုးရိမ်သောက ဖိစီးနေသူများ၊ အာဏာရှင်များလက်အောက်ရှိ အဖိနှိပ်ခံပြည်သူများ၊ လိုအပ်ချက်ထက်ပို၍ အသုံးအဖြုန်းကြီးသူများ၊ သူရဲဘောကြောင်သူများ၊ အခြားဘာသာသာသနာကို အထင်မြင်သေးသူများအဖြစ်မှ ကင်းဝေးစေပြီး အစ္စလာမ်၏ စစ်မှန်သောတန်ဖိုးများအတိုင်း လိုက်နာကျင့်ကြံနိုင်သူများ ဖြစ်နိုင်ကြပါစေလို့ ဆုမွန်တောင်းရင်း `အစ္စလာမ် ဟူသည် ---´ အပိုင်း(၃)ကို ဒီနေရာမှာ ရပ်နားလိုက်ပါတယ် ။ ။

# အစ္စလာမ်ဟူသည် ...

# (အပိုင်း–၄)

## အစ္စလာမ် ပါဝါကြီးမားပါသလား။

ယခုအပိုင်း(၄)မှာ ကမ္ဘာတစ်ခွင်လုံး၌ အစ္စလာမ်ပါဝါကြီးမားတယ်လို့ အကဲဖြတ်ချက်ကို လေ့လာသုံးသပ်ရင်း အစ္စလာမ်တန်ဖိုးများကို ထုတ်နုတ်တင်ပြပါ့မယ်။ တကယ်တော့အမှန်အတိုင်းဝန်ခံရရင် အစ္စလာမ်ပါဝါ ကျဆင်းနေတာပါ။ အစ္စလာမ်အရေခြုံထားတဲ့ အကြမ်းဖက်သမားများရဲ့ပါဝါသာလျှင် ကြီးမားနေတာပါ။ အကြမ်းဖက်ဆောင်ရွက်နေမှုတွေနဲ့ အကြမ်းဖက်သမားတွေကို လက်ညှိုးထိုးပြပြီး မလိုသူတွေက သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ကမ္ဘာမှာ မွတ်ဆလင်မ်တွေ မျက်နှာငယ်နေကြပါတယ်။ ဒီလိုဖြစ်လာအောင် ဖန်တီးစေ့ဆော်ခဲ့တဲ့သမိုင်းကြောင်းကို အကျဉ်းမျှ လေ့လာတင်ပြပါ့မယ်။

အစ္စလာမ့်လမ်းစဉ်ကို စတင်အုတ်မြစ်ချခဲ့တာ အာဒမ်ခေတ်ကပါ။ တစ်နည်းပြောရရင် စိုက်ပျိုးရေး၊ မွေးမြူရေးတွေ စတင်ထွန်းကားရာ ကမ္ဘာဦးကတည်းက အစ္စလာမ့်လမ်းစဉ် စတင်ပျိုးလာခဲ့တာပါ။ တမန်တော်အဆက်ဆက်ဟာ အာဒမ်ခေတ်ကတည်းက အစ္စလာမ်အုတ်မြစ်ကို တစ်ဆင့်ပြီးတစ်ဆင့် ချမှတ်ခဲ့ရာမှာ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လ)လက်ထက်မှာ အစ္စလာမ်ဟာ ပြီးပြည့်စုံတဲ့လမ်းစဉ် ဖြစ်လာခဲ့ပါတယ်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လ) ကွယ်လွန်ပြီးတဲ့နောက် AD ၆၃၂ ကနေ AD ၆၆၁ နှစ်အထိ ခလီဖာသမ္မတကြီး (၄)ပါးခေတ် နှစ်ပေါင်း (၃၀)ခန့်ကာလ၊ AD ၆၆၁ ခုနှစ်ကနေ AD ၇၅၀ ထိ အုမိုင်ရာမင်းဆက်များခေတ် နှစ်ပေါင်း(၉၀)ခန့်ကာလ၊ AD ၇၅၀ ကနေ AD ၁၂၅၈ အထိ အဘာဆီမင်းဆက်များခေတ် နှစ်ပေါင်း(၅၀၈)ခန့်ကာလ၊ စုစုပေါင်း (၆၃၀) နှစ်ခန့်ကာလမှာ အစ္စလာမ်ဟာ ကမ္ဘာ့အရပ်ရပ်သို့ ပျံ့နှံ့ခဲ့ပါတယ်။

အဘာစီမင်းဆက်များ နန်းစိုက်ခဲ့တဲ့ ဘဂ္ဂဒက်နန်းတော်ကို တာတာတွေဝင်တိုက်ပြီးတဲ့အချိန်မှာတော့ မြောက်အာဖရိက၊ အလ်ဂျီးရီးယား၊ ယီမင်၊ ပါရှန်း၊ မော်ရိုကို၊ အိန္ဒိယတို့မှာ မွတ်ဆလင်မ်နိုင်ငံလေးများ သူတလူ ငါတမင်း ပေါ်ထွန်းလာခဲ့တယ်။ ၁၅ ရာစုနဲ့ ၁၇ ရာစုကြားမှာ ပါရှန်းအင်ပါယာ၊ အိန္ဒိယမဂိုအင်ပါယာနဲ့ တူရကီ အော်တိုမန်အင်ပါယာတို့ ပေါ်ထွန်းလာခဲ့တယ်။ ခရစ်ယာန်နဲ့ မွတ်ဆလင်မ်တို့ ခရူးဆိတ်စစ်ပွဲများ ဖြစ်ပွားခဲ့တယ်။ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်တွေမှာ အစ္စလာမ်အင်ပါယာတွေဟာ အင်္ဂလိပ်၊ ပြင်သစ်ကိုလိုနီတွေ ဖြစ်သွားခဲ့ရတယ်။

အဲဒီအချိန် အင်္ဂလန်နန်းရင်းဝန်ကြီး ဝီလျံအက်ဒဝပ်ဂလက်စတုံး (၁၈၀၉-၁၈၉၈)က မွတ်ဆလင်မ်နယ်မြေများမှာ ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်ဖို့ ရည်ရွယ်ချက်နဲ့ ၁၈၈၂ ခုနှစ် ဗြိတိသျှပါလီမန်မှာ ပညာရေးမူဝါဒဆိုင်ရာ သုတေသန စာတမ်းတစ်စောင်ကို တင်သွင်းခဲ့ပါတယ်။ အဲဒီစာတမ်းမှာ

**(၁) မွတ်ဆလင်မ်များကို ကုရ်အာန်ကျမ်းပါ လူမှုဆက်ဆံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို နားလည်သဘောပေါက်ခြင်းမရှိစေဘဲ ကုရ်အာန်အဖတ်သက်သက်ကိုသာ သင်ကြားမှုကိုအားပေးရန်။**

**(၂) ကုရ်အာန်ကို ကာသိုလ်ရရေး၊ ဂျန္နသ်ရရေး ရည်ရွယ်ချက်သက်သက်ဖြင့်သာ ထပ်တလဲလဲ ဖတ်ရွတ်နေစေရန်။**

**(၃) ကုရ်အာန်က လူ့အရည်အသွေး မြင့်မားတိုးတက်အောင် လမ်းညွှန်ထားမှုများကို ဖုံးကွယ်ထားပြီး မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားတွင် မွတ်ဆလင်မ်များသည် မိမိတို့ကိုယ်မိမိတို့ အညွှံ့ဆုံးသတ္တဝါများအဖြစ် ခံယူထားစေရန်။**

**(၄) မွတ်ဆလင်မ်အချင်းချင်း အသေးအဖွဲ ကွဲလွဲချက်များကို ငြင်းခုံရင်း၊ ခိုက်ရန်ဖြစ်ပွားရင်း မိမိတို့နှင့်အယူအဆ မတူသူများကို အသေသတ်နိုင်သည်အထိ တိုက်ပွဲဝင်ခြင်းဖြင့် သာသနာ့အာဇာနည်**

**(ရှဟီဒီ) ဘွဲ့ခံယူလိုသော စိတ်ဓါတ်များ ပေါ်ပေါက်လာစေရန်** … ဆိုတဲ့အချက်(၄)ချက် ပါဝင်နေပါတယ်။

ဗြိတိသျှပါလီမန်ရဲ့ အထက်ပါပြဋ္ဌာန်းချက်အတိုင်း ကိုလိုနီနယ်တွေမှာ ဆောင်ရွက်ခဲ့ကြလို့ အရှေ့အလယ်ပိုင်းမှာ အာဖရိကမှာ အိန္ဒိယမှာ မြန်မာမှာရှိကြတဲ့ မွတ်ဆလင်မ်တွေဟာ မိရိုးဖလာ မွတ်ဆလင်မ်အဆင့်မှာပဲ ရှိနေခဲ့ကြတာ ယနေ့ထက်တိုင်ပါ။ တမလွန်က ဂလက်စတုံးကတော့ သူ့စီမံကိန်းကြီး အောင်ပွဲခံနေတာကို အားရကျေနပ်နေမှာပါ။ (မှတ်ချက် - ဂလက်စတုံးစီမံကိန်းအကြောင်းကို ကူဝိတ်နိုင်ငံ ဒါရွလ်ဘယ်မ်စာအုပ်တိုက်မှ ၁၉၆၄ တွင် ဖြိုက်မ်မြောက် ရိုက်နိပ်ထုတ်ဝေသော အဗ္ဗဒူလ်ကုသုဗ်၏ `ရှဗ်ဟသ်ပေါင်းလွှလ်အစ္စလာမ်´ အရဗီကျမ်းမှထုတ်နုတ်ပြီး အစ္စလာမ်ဓမ္မဗိမာန် နှစ်(၃၀)ပြည့်မဂ္ဂဇင်းတွင် ဆရာဦးမြတ်သူ(M.Sc)၏ `သမိုင်းစာမျက်နှာပေါ်မှ သင်ခန်းစာများ´ ဆောင်းပါးမှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။)

9/11 ( ၂၀၀၁ ခုနှစ် စက်တင်ဘာ(၁၁)ရက်) အကြမ်းဖက်မှုကစပြီး ဗြိတိန်နိုင်ငံ ဝဲလ်ဝှစ်ချ်လမ်းမှာ ဗြိတိန်စစ်သား လီးရစ်ဂ်ဘီးကို အကြမ်းဖက်မဖွယ်မရာသတ်ဖြတ်မှု … စတဲ့ …စတဲ့ အကြမ်းဖက်မှုတွေက မွတ်ဆလင်မ်ဟန်ဆောင်ကျူးလွန်ပြီး အစ္စလာမ်ကို သိက္ခာချနေတယ်လို့ကို ထင်နေရပါတယ်။ အပြစ်မဲ့တဲ့ အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရသလို အစ္စလာမ်ရဲ့ ဂုဏ်သိက္ခာဟာလည်း အကြီးအကျယ် ထိခိုက်ကျဆင်းခဲ့ရပါတယ်။ ဒီအကြမ်းဖက်မှုတွေကြောင့် ထိခိုက်နစ်နာမှု အခံရဆုံးဟာ မွတ်ဆလင်မ်တွေပါ။ ကမ္ဘာ့သူ ကမ္ဘာ့သားအများစုက ကျင့်ဝတ်ပိုင်းအရ ချွတ်ခြုံကျနေတဲ့ လက်တစ်ဆုပ်စာ အကြမ်းဖက်သမားများရဲ့လုပ်ရပ်နဲ့သာ အစ္စလာမ်ကို သတ်မှတ်နားလည်နေကြတော့တာပါ။ အစ္စလာမ်နဲ့အကြမ်းဖက်ခြင်းကို ခွဲခြားမမြင်ကြတော့ပါဘူး။ ဒါကြောင့် အစ္စလာမ်အရေခြုံထားတဲ့ အကြမ်းဖက်ပါဝါ ကြီးမားနေတာပါလို့ ပြောတာပါ။

ဒီဂယက်က ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း လာရောက်ရိုက်ခတ်နေပါတယ်။ နိုင်ငံတော်မှာ(၉၀)% ရှိနေတဲ့ ဗုဒ္ဓဘာသာတွေက (၅)%လောက်သာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေကို အမျိုး၊ ဘာသာ၊ သာသနာပျောက်အောင် ခြိမ်းခြောက်နေသူတွေလို့ မြင်သူအချို့ရှိနေပါတယ်။ အဲဒီသူတွေက အခြားမသိနားမလည်တဲ့ ဗုဒ္ဓဘာသာဝင်တွေကို မွတ်ဆလင်မ်မုန်းတီးရေး သွေးထိုးလှုံ့ဆော်ပေးလျက်ရှိနေပါတယ်။

## <u>အစ္စလာမ်ကို မဖွယ်မရာ ကြံစည်လုပ်ဆောင်နေသူများ</u>

ဘာသာရေးစာစောင်တစ်ခုမှာ အခုလို ရေးသားလှုံ့ဆော်ထားပါတယ်။ အစ္စလာမ်ဘာသာရေးခေါင်းဆောင်တွေဟာ ဇနီးများများယူပြီး သားဖောက်သာသနာပြုနေတယ်။ ဘာသာခြားအမျိုးသမီးတွေကို လက်ထပ်ယူနိုင်ရင် အမျိုးသမီးရဲ့အဆင့်အတန်းအလိုက် ထောက်ပံ့ကြေးတွေပေးနေတယ်။ အခွင့်သာရင် ဘာသာခြားတွေအပေါ် နှိပ်ကွပ်ပြီး ဂျီဟတ်လုပ်နေတယ်ဆိုတဲ့ မဟုတ်မဟတ် လုပ်ဇာတ်တွေခင်းပြီး အတွေးအခေါ်နိမ့်ကျ၊ အသိဉာဏ်နည်းပါးတဲ့သူတွေကို သွေးထိုးမြှောက်ပင့်ပေးနေကြတယ်။ ဒ့ါကြောင့် မြန်မာပြည်အနှံ့ ၂၀၁၂ ဖွန်လကနေ ယနေ့ထိ ဘာသာရေးအကြမ်းဖက်မှုတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်နေရတာပါ။

ဒီလို Hate Speech တွေပျံ့နှံ့ပြီး အကြမ်းဖက်မှုတွေ ဖြစ်ပွားနေအောင် အကွက်ချစီစဉ်နေတဲ့ ကြိုးကိုင်နေသူတွေ ဒီဖြစ်ရပ်တွေရဲ့နောက်ကွယ်မှာရှိနေတယ်လို့ တာဝန်ရှိသူတွေက ဝန်ခံအသိအမှတ်ပြုကြပါတယ်။ ဒီကြိုးကိုင်သူတွေကို ဖော်ထုတ်တားဆီး အရေးယူနိုင်ခြင်းမရှိပါဘူး။ ရုပ်သေးရုပ်တွေကိုသာ ဖမ်းဆီးပြီး စတိသဘောမျိုး အရေးယူနေတာကိုပဲ မြင်တွေ့နေရပါတယ်။ မကြာခင်က မြန်မာပြည်အနှံ့ ဆက်တိုက်ဖုံးခွဲမှုများဟာလည်း ဘာသာရေးအကြမ်းဖက်မှုတွေပေါ်ပေါက်ဖို့ ဖန်တီးတဲ့လုပ်ရပ်တွေပါ။ ထုံးစံအတိုင်း နောက်ကွယ်က လက်မည်းကြီး တွေကတော့ လွတ်မြောက်နေဆဲပါ။

အစ္စလာမ်လမ်းစဉ်က လူတစ်ဦးချင်းစီကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နဲ့ တာဝန်အပ်နှင်းထားတဲ့ လမ်းစဉ်ဖြစ်တယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။ ဒါကြောင့် သားဖောက်သာသနာပြုခြင်း၊ ထိုသို့ပြုလုပ်ရန် ငွေကြေးထောက်ပံ့ခြင်း၊ ဘာသာခြားများအား နှိပ်ကွပ်ခြင်းသည် အစ္စလာမ်ရဲ့ သာသနာပြုနည်းစနစ်များ မဟုတ်ပါ။ ထိုသို့ကျင့်သုံးနေသူများရှိနေလျှင် ထိုသူများသည် အစ္စလာမ်ကို ထိုးနှက်ရန် ကြံစည်လုပ်ဆောင်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

ဆော်ဒီမှာ အီရန်မှာ အစ္စလာမ်ကနေ တစ်ခြားဘာသာကို ကူးပြောင်းရင် သေဒဏ်ပေးတာ၊ မတရားကာမ ဖောက်ပြန်ရင် ခဲနဲ့ထုသတ်တာဆိုတာ အဲဒီတိုင်းပြည်တွေက အာဏာရှင်စနစ်ကျင့်သုံးနေတဲ့ ခေါင်းဆောင်တွေပါ။ သူတို့အာဏာတည်မြဲရေးအတွက် မသိနားမလည်တဲ့ ပြည်သူတွေကို ဂလက်စတုံးစီမံကိန်းကြောင့် ကုရ်အာန်ကို မသိနားမလည်တဲ့ တဖတ်တည်းဖတ်နေတဲ့ ပြည်သူတွေကို အစ္စလာမ်ကို ခုတုံးလုပ်ပြီး ဓမ္မရဲ့အရှင် အလ္လာဟ်ကို လှောင်ပြောင်သရော်နေကြတာပါ။

## <u>ဇနာ - မတရားကာမမှု</u>

ဘာသာပြောင်းတာကို သေဒဏ်ပေးတာ၊ မတရားကာမ ကျူးလွန်သူတွေကို ခဲနဲ့ထုသတ်တာတွေဟာ အလ္လာဟ်ရဲ့ပြဋ္ဌာန်းချက်မဟုတ်ပါဘူး။ ကုရ်အာန်ကျမ်းတော်ရဲ့ ဘယ်နေရာမှာမှ ဒီလို

ပြစ်ဒဏ်ချမှတ်ဖို့ မပါပါဘူး။ အစ္စလာမ်က ဘာသာရေးလွတ်လပ်ခွင့်ပေးထားပါတယ်ဆိုတာ တင်ပြခဲ့ပြီးဖြစ်လို့ ဒီနေရာမှာ မတရားကာမမှုနဲ့ပတ်သက်ပြီး အနည်းငယ်တင်ပြပါ့မယ်။ ကုရ်အာန် ဆူရာဟ်(၂၄) အာယတ် (၂-၅)မှာ

" *ကာမကျူးလွန်ဖေါက်ဖျက်သော အမျိုးသမီး၊ အမျိုးသားတို့အား ကြိမ်ဒဏ်(၁၀၀)စီရိုက်လော့။ သူတို့ကို သနားကြင်နာ၍ အလ္လာဟ်၏စည်းမျဉ်းကို မချိုးဖောက်ကြလေနှင့်။ သင်တို့သည် အလ္လာဟ်နှင့်အနာဂတ်ကို ယုံကြည်လျှင် သူတို့အား ပြစ်ဒဏ်ပေးမှုတွင် သက်သေအဖြစ်နေလော့။*

*ကာမဖောက်ပြန်သူ အမျိုးသားသည် ကာမဖောက်ပြန်သူ အမျိုးသမီး (သို့မဟုတ်) လူ့အရည်အသွေး ဖျက်ဆီးဆုံးရှုံးနေသူ အမျိုးသမီးကိုသာ ဆွဲဆောင်စည်းရုံးနိုင်လိမ့်မည်။ ကာမဖောက်ပြန်သူ အမျိုးသမီးများသည်လည်း ကာမဖောက်ပြန်သူအမျိုးသား (သို့မဟုတ်) လူ့အရည်အသွေး ပျက်စီးနေသောသူကိုသာ ဆွဲဆောင်စည်းရုံးနိုင်လိမ့်မည်။*

*အိန္ဒြေရှင်အမျိုးသမီးတစ်ဦးအား စွပ်စွဲရာတွင် စွပ်စွဲသူသည် (၄)ရပ်သောသက်သေကို မပြနိုင်လျှင် ထိုစွပ်စွဲသူတို့အား ကြိမ်ဒဏ်(၈၀)စီ ရိုက်လော့။ ၎င်းနောက် သူတို့၏သက်သေထွက်ဆိုချက်များကို မည်သည့်အခါမှ အတည်မပြုကြလေနှင့်။ ၎င်းတို့သည် ယုတ်မာကောက်ကျစ်သူများ ဖြစ်ကြပေသည်။*

*ကာမဖောက်ပြန်သူများနှင့် မတော်မတရား စွပ်စွဲသူတို့သည် ပြစ်ဒဏ်ကျခံရပြီးနောက် အမှားကိုဝန်ခံ၍ ပြုပြင်ပြောင်းလဲခဲ့ကြလျှင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ဂရုဏာတော်ရှင်၊ ပြစ်မှုများမှ ကာကွယ်၍လုံခြုံမှုပေးတော်မူသည့်အရှင် ဖြစ်သည်။* "
လို့ ဖော်ပြထားပါတယ်။

မတရားကာမဖောက်ပြန်သူတွေကို ကြိမ်ဒဏ်ပေးရမယ်။ မတော်မတရားတော့ မစွပ်စွဲနဲ့။ မတော်မတရား စွပ်စွဲသူလည်း ကြိမ်ဒဏ်ရိုက်ခံရမယ်။ အမျိုးသမီးတစ်ဦးကို မည်သူမဆို မတော်မတရားစွပ်စွဲရင် သက်သေ(၄)ရပ်ပြနိုင်ရပါမယ်။ အိန္ဒြေရှင်အမျိုးသမီးတွေကို အကာအကွယ်ပေးထားတာပါ။ ဒါကြောင့် ဒီအာယတ်တော်ကို ကိုးကားပြီး **`အစ္စလာမ်ဟူသည် မတရားကာမမှုများကို ပြင်းထန်စွာရှုတ်ချပြီး အိန္ဒြေရှင်အမျိုးသမီးတို့၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးသော လမ်းစဉ်ဖြစ်သည်´**ဆိုတဲ့ အစ္စလာမ်ရဲ့တန်ဖိုး တစ်ခုကိုလည်း တင်ပြလိုက်ပါတယ်။

ပြစ်ဒဏ်ကျခံပြီးတဲ့နောက် အမှားကိုဝန်ခံပြီး ပြုပြင်ပြောင်းလဲလာကြပြီဆိုရင်လည်း လူ့အသိုင်းအဝိုင်းက နွေးထွေးစွာကြိုဆိုရမှာပါ။ အစ္စလာမ်က ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏ဆိုတဲ့မူကို လက်ခံထားပါတယ်။ မတရားကာမမှုကို မဖြစ်ခင်ကတည်းက ဝေးဝေးကရှောင်ဖို့ တိုက်တွန်းပါတယ်။ ကုရ်အာန် ဆူရာဟ်(၁၇) အာယတ်(၃၂) မှာ

" *မတရားကာမမှုအနားသို့ပင် မချဉ်းကပ်ကြကုန်လင့်။ ၎င်းသည် မကြားဝံ့၊ မနာသာသော အမှုကိစ္စဖြစ်၍ အကုသိုလ် လမ်းစဉ်ဖြစ်၏* " လို့ တားမြစ်ထားတာပါ။

မတရားကာမမှုတွေကိုဖြစ်စေတဲ့ စိတ်ကြွဆေးတွေ မသုံးစွဲဖို့၊ ညစ်ညမ်းဗီဒီယိုတွေ မကြည့်ကြဖို့၊ အဖေနဲ့သမီး၊ အမိနဲ့သား၊ မောင်နဲ့နမ စည်းစောင့်ဖို့ဆိုတာ၊ တရားဝင်လက်ထပ်ခြင်းမပြုမီ စည်းစောင့်ဖို့ဆိုတာ၊ မတရားကာမမှုအနားသို့ မချဉ်းကပ်ခြင်းဘဲ ဖြစ်ပါတယ်။ ဒီလို မစောင့်ထိန်းကြလို့ ယနေ့ခေတ်ကာလမှာ အရွယ်မရောက်သေးတဲ့ကလေးသူငယ်တွေကို မတော်မတရား ကျင့်ကြံမှုတွေ၊ အဖေက သမီးဖြစ်သူကို မဟားဒရားပြုမှုတွေ၊ အဖေမဖော်နိုင်ဘဲ ကလေးမွေးရတယ်၊ ကိုယ်ဝန်ဖျက်ချရတယ် ဆိုတာ မကြားချင်မှအဆုံး ဖြစ်နေကြတာပါ။

အစ္စလာမ်ဘောင်အတွင်းက မွတ်ဆလင်မ်တွေဆိုရင် `ဇနာ´လို့ခေါ်တဲ့ မတရားကာမမှုများကို အထူးတလည် ရှောင်ကြဉ်ဖို့ လေးလေးနက်နက် တိုက်တွန်းပါတယ်။ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ မွတ်ဆလင်မ်တစ်ဦးဟာ အခြားဘာသာဝင်အမျိုးသမီးကို နောက်ပြောင်မိရင် အကွက်ချောင်းနေတဲ့ အကြမ်းဖက်သမားတွေက မွတ်ဆလင်မ်ကုလားတစ်ယောက် အမျိုးသမီးကို မတော်မတရား ကြံစည်ပါတယ်လို့ သတင်းဖြန့်လိုက်မယ်။ လူအုပ်ကြီးနဲ့ဝိုင်းပြီး အဲဒီလူကိုသတ်ပြစ်မယ်။ ရဲစခန်းပို့လိုက်ရင်လည်း လူအုပ်နဲ့ဝိုင်းပြီး အဲဒီလူကို ထုတ်ပေးလို့ပြောမယ်။ ပြီးရင် အခြားမွတ်ဆလင်မ်တွေရဲ့အိမ်တွေ ဈေးဆိုင်တွေကို မီးရှို့ဖျက်ဆီးမယ်။ ပစ္စည်းတွေ လုယူမယ်။ ရဲတွေက အင်အားမမျှလို့ဆိုပြီး ရပ်ကြည့်နေမယ်။ လုယက်သတ်ဖြတ် ရမ်းကားနေတဲ့သူတွေကို တော်ကြပါတော့၊ ရပ်ကြပါတော့လို့ တောင်းပန်နေလိမ့်မယ်။ အဲဒါ မြန်မာပြည်အနှံ့ဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှုပုံစံတွေပဲ။

မွတ်ဆလင်မ်အမျိုးသမီးတွေလည်း လမ်းသွားရင် ဘယ်သူ့ကိုမှု မတိုက်မိအောင် သတိထားသွားဖို့ အထူးလိုအပ်တယ်။ မဟုတ်ရင် ကြိုတင်ကြံစည်ပြီး အဓိကရုဏ်းဖြစ်အောင်ကျူးလွန်မှုနဲ့ တရားစွဲခံရလိမ့်မယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မွတ်ဆလင်မ်တွေ အခုလို မျက်နှာငယ်စွာ အောက်ကျို့စွာ နေထိုင်နေကြရပါတယ်။ အဲဒါတွေဟာ မွတ်ဆလင်မ်အရေးခြုံ အကြမ်းဖက်သမား

တွေ၊ မွတ်ဆလင်မ်ဆန့်ကျင်ရေး အကြမ်းဖက်သမားတွေရဲ့ဒဏ်ကို ခံစားနေကြရတာပါ။ ကျွန်တော်တို့နိုင်ငံမှာ မွတ်ဆလင်မ်တွေကို မုန်းတီးစိတ်တွေဝင်လာဖို့၊ အစ္စလာမ်ကြောက်ရောဂါတွေ ဖြစ်ပေါ်လာဖို့ ဟောပြောရေးသား လှုံ့ဆော်မှုတွေက ဆက်လက်ရှိနေပါတယ်။

## ဗုဒ္ဓတက္ကသိုလ် နလန္ဒာ

မကြာခင်ကထွက်တဲ့ ဘာသာရေးဂျာနယ်တစ်ခုမှာ အထင်ကရ ဆရာတော်ကြီးတစ်ပါး ရေးသားထားတာ ဖတ်လိုက်ရပါတယ်။ အဲဒီမှာ အိန္ဒိယကို တူရကီမွတ်ဆလင်မ်တွေ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ၁၁၉၃ ခုနှစ်မှာ နလန္ဒာ တက္ကသိုလ်ကြီး ဖျက်ဆီးခံရပြီး ထောင်ပေါင်းများစွာသော ဘုန်းကြီးတွေ အသတ်ခံခဲ့ရတယ်။ ဘင်္ဂလားဒေ့ရှ်ဆိုတာ ရှေးတုန်းက ဗုဒ္ဓဘာသာနိုင်ငံ တူရကီမွတ်ဆလင်မ်တွေ သိမ်းပိုက်ပြီးမှ မွတ်ဆလင်မ်ဘာသာဘက်ကို ပြောင်းသွားတာပါလို့ ရေးထားပါတယ်။

ကျွန်တော်လည်း နလန္ဒာတက္ကသိုလ်ကြီးနဲ့ပတ်သက်ပြီး သိထားတာလေးတွေကို မျှဝေပေးချင်လာပါတယ်။ ဆရာမောင်စူးစမ်းက ၂၀၀၅ ခုနှစ် မေလထုတ် နွယ်နီမဂ္ဂဇင်းမှာ အခုလို ရေးသားထားပါတယ်။ မြတ်စွာဘုရားပွင့်ပြီး နှစ်(၂၀၀)အကြာ၌ ရှင်သာရိပုတ္တရာသည် နလန္ဒာတက္ကသိုလ်ကို တည်ထောင်ခဲ့သည်။ မွတ်ဆလင်မ်တို့ အိန္ဒိယကို ဝင်ရောက်သိမ်းပိုက်ချိန်တွင် ဖျက်ဆီးခံခဲ့ရသည်။ ဤတက္ကသိုလ်ကြီးကို အိန္ဒိယရှေးဟောင်း သုတေသနဌာနက ပြန်လည်တူးဖော် တွေ့ရှိထားခြင်းဖြစ်သည်။ ၎င်းတက္ကသိုလ်ဟောင်းကြီးနှင့် မဝေးလှသောနေရာတွင် နလန္ဒာ တက္ကသိုလ်အသစ်ကြီးကို အိန္ဒိယသမ္မတကြီး ရာဂျင်ဒရာ ပရားဆပ်က ၁၉၅၁ တွင် ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းတက္ကသိုလ်အသစ်ကြီးအတွက် မြေကို မွတ်ဆလင်မ်မြေရှင်ကြီးက လှူဒါန်းခဲ့ခြင်းဖြစ်သည်လို့ ဖော်ပြထားတာကို ပြန်လည်မျှဝေလိုက်ပါတယ်။

နောက်တစ်ခါ ဆရာကြီးဦးအေးမောင်ရဲ့ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ (ဒုတိယပိုင်း) ၁၉၆၄ ခုနှစ် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့တဲ့ စာအုပ်ထဲက `အိန္ဒိယ၌ ဗုဒ္ဓဝါဒကွယ်ခြင်း´ဆိုတဲ့သုံးသပ်ချက်လေးကိုလည်း ထပ်ပြီး ပြောပြချင်ပါသေးတယ်။

## အိန္ဒိယပြည်၌ ဗုဒ္ဓဝါဒကွယ်ခြင်း

ဗြာဟ္မဏဝါဒယောင်ယောင် မဟာယနဗုဒ္ဓဝါဒသည် ထွန်းကားပြီးလျှင် ဗုဒ္ဓဝါဒီလူထုသည် ဘက္တိဝါဒနှင့် ဘာဂဝါ (ထာဝရဘုရားဝါဒ) ကိုးကွယ်ကျင့်သုံး၍ ဗြာဟ္မဏဝါဒီတို့သည် ဗုဒ္ဓဝါဒမှ အချို့သောအချက်များကို လက်ခံကာ မိမိတို့ဘာသာဝါဒကို ပြုပြင်သောအခါ လူထုဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာနှင့် အသွင်လက္ခဏာများစွာ ခွဲခြား၍မရတော့ပေ။ ထိုအချိန်အခါတွင် ထေရဝါဒသည် သံဃအဖွဲ့၌ တည်ရှိနေသေးသည်မှန်၏။ သို့ရာတွင် ဗြာဟ္မဏဆရာတို့သည် တစ်စတစ်စ တန်ခိုးအင်အား ကြီးမားလာပြီဖြစ်၍ ထေရဝါဒသံဃအဖွဲ့ကို ခြိမ်းခြောက်လာကြသည်။ အိန္ဒိယပြည်ထဲသို့ဝင်လာသော မွတ်ဆလင်မ်လူမျိုးများသည်လည်း ဗုဒ္ဓဘုရားကျောင်းကန်များကို တိုက်ခိုက်ဖျက်ဆီးကြလေသည်။

ထိုခေတ်ဗြာဟ္မဏစာပေ၌ ဗုဒ္ဓဝါဒကို ဖျက်ဆီးသော အိန္ဒိယဘုရင်များနှင့် ဗြာဟ္မဏခေါင်းဆောင်များအကြောင်း ဖော်ပြထား၏။ ဗြာစုအတွင်း၌ မိဟိရဖလဘုရင်သည် ဗုဒ္ဓရဟန်းကျောင်းများကို ဖျက်ဆီး၍ ရေစုအလယ်လောက်က ဗြာဟ္မဏခေါင်းဆောင် ကုမာရိလဘတ္တသည် ဗုဒ္ဓဝါဒီတို့ကိုသတ်ဖြတ်ရန် ဘုရင့်အား လှုံ့ဆော်သည်ဆို၏။

၁၁၉၃ခုနှစ်၌ မွတ်ဆလင်မ်စစ်တပ်များသည် ဘီဟာနယ်ထဲသို့ဝင်ရောက်ပြီးလျှင် ဗုဒ္ဓရဟန်းများကို တစ်ဦးမကျန် သတ်ဖြတ်၍ ပိဋကတ်စာပေများကို ဖျက်ဆီးပြစ်လေသည်။ ထို့ကြောင့် အိန္ဒိယပြည်၌ ဗုဒ္ဓဝါဒကွယ်ခြင်းသည် ဗြာဟ္မဏဝါဒီနှင့် မွတ်ဆလင်မ်တို့၏ နှိပ်ကွပ်မှုကြောင့်ဖြစ်သည်ဟု တစ်ခါက အနောက်နိုင်ငံ သုတေသီပညာရှင်များက ယူဆခဲ့ဖူးကြသည်။

သို့ရာတွင် ဗြာဟ္မဏဝါဒီများနှင့် မွတ်ဆလင်မ်တို့၏ တိုက်ခိုက်ဖျက်ဆီးမှုများသည် ဥရောပတိုက်အလယ်ခေတ်က ခရစ်ယာန်ဂိုဏ်းကြီးနှစ်ခုအချင်းချင်း တိုက်ခိုက်ဖျက်ဆီးမှုလောက် မဆိုးဝါးခဲ့ချေ။ သို့ရာတွင် ခရစ်ယာန်ဂိုဏ်းကြီးနှစ်ခုသည် ယနေ့တိုင် တည်ရှိခဲ့၏။

မြန်မာနိုင်ငံ၌လည်း ရှမ်းခေတ်က သိုဟန်ဘွားသည် ဗုဒ္ဓရဟန်းများကိုသတ်ဖြတ်၍ ကျောင်းကန်ဘုရားများ ဖျက်ဆီးခဲ့စေကာမူ ဗုဒ္ဓဝါဒသည် မပျောက်ကွယ်ခဲ့ပေ။ သို့ဖြစ်၍ အိန္ဒိယပြည်၌ ဗုဒ္ဓဝါဒကို အခြားဘာသာဝါဒီတို့၏ နှိပ်ကွပ်မှုသည် ဗုဒ္ဓဝါဒကွယ်ခြင်း၏ အဓိကအကြောင်းရင်းမဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းလုဆဲဖြစ်နေသော ဗုဒ္ဓဆီမီးတိုင်ကို လေပြင်းတစ်ချက် အဝှေ့ခံလိုက်ရခြင်းမျှသာဖြစ်လေသည်။

ဒေါက်တာ Rhys David ကမူ ဟိန္ဒူနှင့် မွတ်ဆလင်မ်တို့၏ဖိနှိပ်မှုသည် ဗုဒ္ဓဝါဒကွယ်ခြင်း၏ အကြောင်းတရားမဟုတ်ဟု ရေးသားခဲ့ပေသည်။ (Rhys David, Buddhist India) စာမျက်နှာ ၁၄၆ တွင် အိန္ဒိယပြည်ထဲ အလုံးအရင်း ဝင်ရောက်လာသော ဟန်း၊ ဆီသီယန်း အစရှိသည့် လူမျိုးတို့သည် အသိဉာဏ်အဆင့်အတန်း နိမ့်ကျသော လူမျိုးများဖြစ်သည်။ ထိုလူမျိုးတို့က ဗုဒ္ဓဝါဒကို လက်ခံ

သောအခါ နဂိုက ဆုတ်ယုတ်ပျက်စီးနေပြီဖြစ်သော ဗုဒ္ဓဝါဒသည် ထိုလူမျိုးတို့၏ဝါဒများနှင့် ရောနှော၍ ကွယ်ခဲ့သည်ဟု ရေးသားခဲ့ပေသည်။

Dr Rhys David နှင့်အခြားပညာရှင်တို့သည် အိန္ဒိယပြည်ထဲသို့ ပြင်ပလူမျိုးများ ဝင်မလာမီကသော် လည်းကောင်း၊ အခြားဝါဒီများ ဗုဒ္ဓဝါဒကို ရန်ရှာခြင်းမပြုမီက သော်လည်းကောင်း ဗုဒ္ဓဝါဒသည် ဆုတ်ယုတ်ပျက်စီး နေပြီဖြစ်ကြောင်း တညီတညွတ်တည်း လက်ခံယုံကြည်ကြလေသည်။

အထက်ပါသုံးသပ်ချက်များအရ အိန္ဒိယမှာ ဗုဒ္ဓဘာသာကွယ်ရတာဟာ မွတ်ဆလင်မ်ကြောင့်လို့ပြောမယ်ဆိုရင် လိမ်လည်ရာရောက်ပါတယ်။ ယုံကြည်ရာ အယူဝါဒတစ်ရပ်ကို အခြားလူမျိုးတွေက နှိပ်ကွပ်လို့ ကွယ်ပျောက်ရပါတယ်ဆိုတဲ့ အယူအဆဟာ အသိဉာဏ်နံ့နဲ့သူတို့ရဲ့ ယောင်ဝါးဝါး ဆင်ခြေဆင်လက်မျှသာ ဖြစ်ပါတယ်။ သမိုင်းမှတ်တမ်းများအရ မိမိတို့ အယူဝါဒမှ စစ်မှန်သော တရားသဘောနဲ့ သဘောတရားတွေကို လျစ်လျူရှုလာကြမယ်ဆိုရင်၊ မိမိတို့အယူဝါဒအတွင်းကို အခြားသော အယူဝါဒတွေကို ရောနှောကျင့်သုံးလာမယ်ဆိုရင်၊ အစ္စလာမ်ဖြစ်စေ၊ ဗုဒ္ဓဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ အမှန်တကယ်ပဲ ကွယ်ပျောက်သွားမှာပါ။

စစ်မှန်သော အစ္စလာမ်၊ စစ်မှန်သော ဗုဒ္ဓ၊ စစ်မှန်သော ခရစ်ယာန်တို့ ကွယ်ပျောက်မှာမဟုတ်ဘဲ ဒီအယူဝါဒတွေရဲ့ တန်ဖိုးတွေကို လျစ်လျူရှုနေကြတဲ့ ယုံကြည်သူများထံမှ အခြားသို့ ရောက်ရှိသွားမှာဖြစ်ပါတယ်။ အိန္ဒိယမှစတင်ခဲ့တဲ့ ဗုဒ္ဓအယူဝါဒဟာ အိန္ဒိယမှာ ကွယ်ပျောက်ပြီး ကမ္ဘာအနှံ့မှာ ထွန်းကားနေတာကို နမူနာယူသင့်ပါတယ်။ ဒါတွေဟာ လူ့သမိုင်းမှာ ကြုံတွေ့ရလေ့ရှိတဲ့ လောကဓံတရားတွေပါ။ ဒါတွေကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကို ကျမ်းမြတ်ကုရ်အာန်က လမ်းညွှန်ချက်အချို့ကို တင်ပြရင်း နိဂုံးချုပ်ပါမယ်။ ကုရ်အာန် ဆူရာဟ် (၂) အာယတ် (၁၅၃ ၊ ၁၅၄) မှာ -

*" အို … ယုံကြည်သူအပေါင်းတို့ သင်တို့သည် ကြံ့ကြံ့ခံ၍ လောကကောင်းကျိုးကို ဆောင်ရွက်ကြခြင်းဖြင့် အလ္လာဟ့်ထံမှ အကူအညီကို ရယူကြကုန်လော့။*

*အလ္လာဟ့်လမ်းစဉ်အတိုင်း ကြံ့ကြံ့ခံရပ်တည်ရင်း အသက်စွန့်လွှတ်ခဲ့ကြသောသူတို့အား သူသေများဟု မပြောကြကုန်လင့်။ ၎င်းတို့သည် ရှင်သန်လျက်ရှိကြကုန်၏။ သင်တို့ မသိနားမလည်ကြချေ။ "* လို့ ဖော်ပြထားပါတယ်။

မိမိတို့ယုံကြည်ရာလမ်းစဉ်အတိုင်း မယိမ်းမယိုင် မသွေဖည်ဘဲ ကြံ့ကြံ့ခံရင်ဆိုင်ရင်း လောကကောင်းကျိုးကို ဆောင်ရွက်ကြရပါမယ်။ ဒီလိုကြံ့ကြံ့ခံရင်း အသက်သေသွားရင်တောင် သူတို့ဟာ ရှင်သန်လျက်ရှိနေကြပါတယ်။ လူအများစုကတော့ သူတို့ရဲ့ ရှင်သန်မှုကို သဘောပေါက်နားလည်နိုင်မှာမဟုတ်ပါဘူး။ကုရ်အာန် ဆူရာဟ် (၂) အာယတ် (၁၅၅) မှာ ဆက်လက်ပြောဆိုထားတာက

*" လူသားဘဝမှာ ဝတ်မွတ်ခေါင်းပါးခြင်း၊ ကြောက်ရွံ့ထိတ်လန့်စွာ နေထိုင်ရခြင်း၊ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးရခြင်းများကို ကြုံတွေ့ရနိုင်ပါတယ် "* တဲ့။ တဖန် အာယတ် (၁၅၆) မှာ-

*" ဒီလိုလောကဓံတရားတွေနဲ့ ကြုံတွေ့ရတဲ့အခါ ကြံ့ကြံ့ခံရပ်တည်တဲ့သူတွေက ငါတို့ဟာ လောကခပ်သိမ်းရဲ့ အရှင်သခင်က ပြဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ကြသူများ ဖြစ်တယ်။ အရာအားလုံးဟာ အဆုံးတစ်နေ့မှာ ထိုအရှင်ထံ ဦးလှည့်ကြမဲ့သူများ ဖြစ်ကြပါတယ်လို့ ကျူးရင့်ကြပါတယ်။ "* တဲ့။

*" ဒီလိုလူမျိုးတွေဟာ သစ္စာတရားရဲ့လမ်းစဉ်ပေါ်မှာ ရှိနေကြသူများဖြစ်ပြီး ပြုစုပျိုးထောင်ရှင်ရဲ့ အကူအညီနဲ့ ဂရုဏာတော်ကို ခံစားရမယ့်သူများဖြစ်တယ် "* လို့ ဆိုပါတယ်။

အစ္စလာမ်က လောကကို ဒုက္ခဘုံဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ဒီဒုက္ခတွေကိုကြောက်လို့ လောက ကနေ ထွက်ပြေးခြင်းကို အားမပေးပါ။ ဒုက္ခဘုံထဲမှာ ဒုက္ခတွေကိုလျော့အောင် ကောင်းမွန်လုပသာယာမှုတွေကိုဆောင်ရွက်ပြီး လူ့အရည်အသွေးတွေ တိုးတက်အောင် ကြိုးစားကြရမယ်လို့ လမ်းညွှန်ပါတယ်။

ဒါကြောင့် ဒီနေရာမှာ **အစ္စလာမ်ဟူသည် လောကဓံတရားများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး လူသားပီပီ အောင်မြင်မှုကို ရယူသောလမ်းစဉ်ဖြစ်သည်** ဆိုတဲ့ အစ္စလာမ်တန်ဖိုးတစ်ခုကို ထပ်မံတင်ပြရင်း ရပ်နားလိုက်ပါဦးမယ် ။ ။

# အစ္စလာမ်ဟူသည် …

## (အပိုင်း–၅)

ယုံကြည်ချက်ပိုင်းဆိုင်ရာမှာ အလ္လာဟ်သည် လိုအပ်ချက်များ ချွတ်ယွင်းချက်များမှ ကင်းလွတ်ပြီး ပြည့်စုံသောအရှင် လူသားတို့ကား လိုအပ်ချက်များဖြင့် ပြည့်နှက်နေသော သူများဖြစ်သည်ဆိုတဲ့ ခြားနားချက်ကို နားလည်ယုံကြည် လက်ခံနိုင်ရမယ်။ ဒီယုံကြည်ချက်ကိုခံယူပြီး လူသားများသည် မိမိတို့၏လိုအပ်ချက်များကို

ဖြည့်ပြီးဆောင်ရွက်ရာမှာ အဓမ္မဝါဒီတွေကို တရားမျှတမှုဆောင်ရွက်တတ်လာအောင် ပညာမဲ့သူတွေကို အသိပညာတွေရှိလာအောင် ဆင်းရဲမွဲတေမှုတွေကို လျော့နည်းလာအောင် မိမိတို့အရည်အသွေး၊ အရည်အချင်းတွေကို ပေးဆပ်ခြင်းဖြင့် ဆောင်ရွက်ရမယ်ဆိုတာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

လူမှုပေါင်းသင်း ဆက်ဆံရေးနဲ့ပတ်သက်ပြီး မတူကွဲပြားခြားနားမှုဟာ လှပသော အင်အားတစ်ရပ်ဖြစ်တယ်။ မတူကွဲပြားမှုတွေကို လေးစားတတ်မယ်။ လူသားတွေရဲ့မွေးရာပါ အခွင့်အရေးတွေကို အသိအမှတ်ပြုတတ်မယ် ဆိုရင် အင်မတန်အဖိုးတန်တဲ့ ရလဒ်ကောင်းတွေ ပေါ်ထွန်းလာမယ် ဆိုတာကိုလည်း တင်ပြခဲ့ပါတယ်။

စီးပွားရေးနဲ့ပတ်သက်ရင် လူတိုင်းသည် ဥစ္စာဓနကိုလွတ်လပ်စွာ အကန့်အသတ်မဲ့ ရှာဖွေပိုင်ဆိုင်ခွင့်ရှိပြီး မိမိအပါအဝင် သက်ရှိအားလုံးရဲ့ စားဝတ်နေရေးနဲ့ လုံခြုံရေးအတွက် သုံးစွဲဖို့တင်ပြခဲ့ပါတယ်။

စစ်ရေးနဲ့ပတ်သက်ရင်လည်း ယုံကြည်ချက်ကြောင့် မိမိတို့ နေရင်းဒေသများမှ မတရားနှင်ထုတ်ခံရရင် မိမိတို့ဝလေ့ထုံးတမ်း အစဥ်အလာဆိုင်ရာ အဆောက်အအုံများ ဖျက်ဆီးခံရရင် အဲလို ဖျက်ဆီးသူများကို ခုခံတွန်းလှန်ခွင့် ပေးထားကြောင်း၊ အစ္စလာမ်သည် မိမိတို့ယုံကြည်ချက် တစ်ခုတည်းကိုသာ ခုခံကာကွယ်ရမှာ မဟုတ်ပဲ အခြားသူများရဲ့ယုံကြည်ချက်ကို မတရားထိပါးလာသူများရှိလာရင်လည်း ခုခံကာကွယ်ပေးရမှာဖြစ်ကြောင်း စတင်ကျူးကျော်သူများ မဖြစ်ရကြောင်းတင်ပြခဲ့ပါတယ်။

ယနေ့မှာတော့ အစ္စလာမ်ဟူသည်........ အပိုင်း(၅) အဖြစ် သဘာဝကြီးအပေါ်ထားတဲ့ အစ္စလာမ်ရဲ့ တန်ဖိုးများကို ဆက်လက်တင်ပြပါမယ်။ ယနေ့ခေတ်မှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်း လူတွေသတိပြုမိလာကြပါပြီ။ သဘာဝဝန်းကျင်ကို အလေးဂရုပြုဖို့ ကုရ်အာန်က ကြိမ်ဖန်များစွာ သတိပေးထားပါတယ်။ အဲဒီအထဲက ကုရ်အာန်(၂၄း၄၂)မှာ ဖော်ပြထားတာကတော့ -

*`အသင်လူသားသည် စကြာဝဠာတခွင်နှင့်ကမ္ဘာဂြိုဟ်အနှံ့တွင် စီတန်းပျံသန်းနေသော ငှက်များအပါအဝင် လှုပ်ရှားသက်ဝင်နေသော အရာများကိုအသိတရားဖြင့်ရှုမြင်ခြင်း မပြုလေသလော။ စင်စစ်မှာ ၎င်းတို့အသီးသီးတို့သည် မိမိတို့၏မွေးရာပါတာဝန်နှင့်ကျင်လည်ကျက်စားရမည့် နည်းပယ်ကိုလည်း သိရှိနားလည်နေကြသည်။ အလ္လာဟ်သည် ၎င်းတို့အသီးသီး၏ဆောင်ရွက်လုပ်ဆောင်နေမှုများကို အကြွင်းမဲ့သိမြင်နေတော်မူ၏။*´လို့ ဆိုထားပါတယ်။

အသင်လူသား အသိတရားဖြင့် ရှုမြင်ခြင်းမပြုသလော ဆိုတာကိုအရဗီက `***အလမ်သရာ***´လို့ဆိုပါတယ်။ `***အလမ်သရာ***´ လို့ပြောခြင်းဖြင့် အသိတရားတွေကို လေ့လာဖော်ထုတ်နိုင်စွမ်းရှိတဲ့ လူ့ဗီဇကိုလှုံ့ဆော်လိုက်တာပါ။ အသိတရားဖြင့် ရှုမြင်ခြင်းဆိုတာ အရာအားလုံးမှ အကျိုးတရားရှာဖွေဖော်ထုတ်ခြင်း၊ ဘေးထွက်ဆိုးကျိုးများကို သိမြင်ထားပြီး ၎င်းအန္တရယ်များမှ အကာအကွယ်ပြုခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခြင်းစတဲ့ အချက်တွေပါဝင်ပါတယ်။ ပြီးတော့မှ ကမ္ဘာနဲ့စကြာဝဠာအနှံ့မှာရှိတဲ့ အရာတွေအားလုံးရဲ့လှုပ်ရှား သက်ဝင်နေမှုတွေဟာ သူတို့နဲ့သက်ဆိုင်တဲ့ တာဝန်တွေကို နယ်ပယ်အသီးသီးမှာ ထမ်းဆောင်နေကြတယ်ဆိုတာကို လူတွေနဲ့အနီးစပ်ဆုံးဖြစ်တဲ့ ငှက်တွေကိုမီးမောင်းထိုးပြီး ဖော်ပြထားပါတယ်။ ဒါပေမဲ့ လူနဲ့မတူတာက ငှက်တွေအပါအဝင် အရာအားလုံးက လေ့လာဖို့မလိုပဲ သူတို့တာဝန်နဲ့ထမ်းဆောင်ရမဲ့ နယ်ပယ်တွေကို ဇာတိဉာဏ်(Instinct)အရ အလိုအလျောက် သိပြီး ဖြစ်နေတယ်တဲ့။

ကုရ်အာန်ထဲက ဒီဖော်ပြချက်ကို သာဓကပေးပြီးရှင်းပြပါ့မယ်။ ယခုနှစ် ၂၀၁၃ ဒီဇင်ဘာရဲ့ပထမပတ်မှာ ကရင်ပြည်နယ်ကို သွားပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေကို လေ့လာဆည်းပူးခွင့်ရခဲ့ပါတယ်။ အဲဒီမှာ တောတောင်ရေမြေတွေ ငှက်တွေအပါအဝင် သက်ရှိတွေ အကြောင်းကိုပါ ကျနော်တို့ လေ့လာခွင့်ရခဲ့ရပါတယ်။ လူ၊ အပင်နဲ့ တိရစ္ဆာန်တွေ သဘာဝတော၊ တောင်၊ ရေ၊ မြေတွေရဲ့ ဆက်စပ်လှုပ်ရှား ရှင်သန်နေတဲ့သဘာဝကို သိမြင်နားလည်ခွင့် ရခဲ့ပါတယ်။

ကျနော်တို့ တောရွာတွေကို သွားတဲ့အခါ ယခုနှစ်မှာ ကရင်ပြည်နယ်က ရွာတချို့ဟာ ခရုတွေကြောင့် စပါးသီးနှံတွေ ပျက်ဆီးတယ်လို့ သိရပါတယ်။ ဘာကြောင့် ခရုတွေ ပေါများရသလဲလို့ စူးစမ်းတဲ့အခါ အဲဒီဒေသမှာ အရင်ရှိခဲ့တဲ့ ခရုစုပ်ငှက်တွေ မျိုးတုံးလုဖြစ်နေတဲ့အတွက် ခရုပြန့်ပွားနှုန်းကို မထိန်းချုပ်နိုင်တာလို့ သိခဲ့ရပါတယ်။ ခရုစုပ်ငှက်ဟာ အဲဒီခရုတွေကိုစားတဲ့ငှက်ပါ။

ကျနော်တင်ပြခဲ့တဲ့ ကျမ်းမြတ်ကုရ်အာန် (၂၄း၄၂)မှာ ၎င်းတို့အသီးသီးသည် သူတို့ရဲ့ ဆွလာဟ်နဲ့ သတ်(စ)ဗီကို သိရှိနားလည်ကြသည်ဆိုတာကို အသီးသီးသည် ၎င်းတို့၏တာဝန်နှင့် ကျင်လည်ကျက်စားရာ နယ်ပယ်ကိုသိရှိ နားလည်ကြသည်လို့ပြောခဲ့ပါတယ်။ အဲဒါကို ကောင်းကောင်းနားမလည်ခဲ့ပါ။ ကျနော်ငယ်ငယ်က ဒီအာယတ်တော်ရဲ့ဘာသာပြန်ကို ဖတ်ရတဲ့အခါမှာကျနော်

ဆရာမော်လဝီတစ်ပါးကို ငှက်တွေက ဆွလာဟ်နဲ့သတ်(စ်)ဗီကို ဘယ်လိုလုပ်ကြတာလဲလို့ မေးကြည့်ဖူးပါတယ်။ ဆရာက ငှက်တွေ နိမ့်ချီ မြင့်ချီပျံသန်းနေတာက သူတို့ရဲ့ စဂျ်ဒါနဲ့ရုကူဖြစ်တယ်။ ငှက်များရဲ့ဘာသာဘာဝ အော်မြည်သံတွေဟာ အလ္လာဟ်ရဲ့ဂုဏ်တော်ကို ကျူးရင့်နေကြခြင်းပဲဖြစ်တယ်လို့ ဖြေခဲ့ပါတယ်။ ကုရ်အာန်ကို လေ့လာခွင့်ရတဲ့အခါ ဆွလာဟ်က ကေယာမ်၊ ရုကူ၊ စဂျ်ဒါပြုခြင်း ဆိုတဲ့ အဓိပ္ပါယ်ထက် ပိုမိုနက်ရှိုင်းတယ်။ သတ်(စ)ဗီဆိုတာ အလ္လာဟ်ဂုဏ်တော်တွေကို နှုတ်လျှာများမှ ရွတ်ဆိုခြင်းဆိုတာထက် ကျယ်ဝန်းတဲ့အဓိပ္ပါယ်ရှိတယ်ဆိုတဲ့ အသိကိုရခဲ့ပါတယ်။ ဒီတော့ (၂၄း၄၂)မှာပါတဲ့အတိုင်း အရာရာတိုင်းမှာ ဆွလာဟ်နဲ့ သတ်(စ်)ဗီရှိနေပါတယ်ဆိုတာ ဘယ်လိုပါလိမ့်ဆိုတဲ့ စူးစမ်းလိုစိတ် ကတော့ ဆက်ရှိနေတုံးပါဘဲ။

ကုရ်အာန်ကို လေ့လာစူးစမ်းမှုပြုခဲ့တဲ့ ပညာရှင်တစ်ပါးက လောကမှာကုရ်အာန် ၂ အုပ်ရှိတယ်။ တစ်အုပ်က စာအုပ်အသွင်ရှိတဲ့ ကုရ်အာန်နောက်တစ်အုပ်ကတော့ သဘာဝလောကလို့ ပြောတာကိုလည်း မှတ်သားဖူးပါတယ်။ သဘာဝလောကကြီးကလည်း ကုရ်အာန်ကျမ်းကြီးပါဘဲလို့ ပြောလိုက်တာပါ။ ကျမ်းဂန်ကုရ်အာန်ရဲ့ ဖွင့်ဆိုမှုတွေဟာ သဘာဝဓမ္မရဲ့ ဘယ်တော့မှ ဝိရောဓိမဖြစ်ဘူး။ မကွဲလွဲပါဘူးလို့ သုံးသပ်တင်ပြခဲ့တာကို မှတ်သားခဲ့ရပါတယ်။

ဆရာမုဖ်သီ ဦးစန်းအောင်ကလည်း အရဗီကိုထုံးလိုချေ ရေလိုနောက် ကျွမ်းကျင်သူဖြစ်ပါစေ။ နံရံလေး ဘက်ထဲမှာဘဲ ကုရ်အာန်ကိုထိုင်ဖတ်နေရင် ကုရ်အာန်ရဲ့သွန်သင်ချက်တွေကို နားမလည်နိုင်ဖူးလို့ ဝေဖန်သုံးသပ်ဖူးပါတယ်။ သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာမိတော့မှ ကုရ်အာန်ကပြောတဲ့ အရာရာတိုင်းမှာ ရှိနေတဲ့ ဆွလာဟ် နဲ့ သတ်(စ)ဗီကို သဘောပေါက်မိပါတယ်။

ကရင်ပြည်နယ်က ပျောက်ကွယ်လုဖြစ်နေတဲ့ ခရုစုတ်ငှက် ရဲ့ ဆွလာဟ်တစ်ခုဟာ သီးနှံဖျက်ခရုကောင်တွေကို နှိမ်နင်းခြင်းပါ။ သူ့ရဲ့ သဗ်ဘီဟာ ခရုတွေရှိနေတဲ့ နယ်ပယ်မှာ ကျင်လည်ကျက်စားခြင်းဘဲလို့ဆိုတာ နားလည်ရပါတယ်။ ကုရ်အာန်မှာလည်း မိမိတို့ရဲ့ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာဖို့ ထပ်ကာတလဲလဲ မိန့်ဆိုထားပါတယ်။ ကုရ်အာန်လေ့လာရင်းနဲ့ပဲ သဘာဝပတ်ဝန်းကျင်ကို ပိုပြီး စိတ်ဝင်စားခဲ့ရတယ်။ သဘာဝဝန်းကျင်ကိုလေ့လာစူးစမ်းမိလေ ကုရ်အာန်ကိုဖတ်လို့မဝအောင် ဖြစ်လာခဲ့ရပါတယ်။

အရာရာတိုင်းမှာ ဆွလာဟ်နဲ့သတ်(စ)ဗီဟာ အခြေခံ အကျဆုံး အချက်ဖြစ်တယ်။ တစ်ခုသောအရာမှာ ဆွလာဟ်(သို့) သတ်(စ)ဗီမရှိတော့ရင် လောကဟာ ကမောက်ကမတွေ ဖြစ်သွားနိုင်တယ်။ နေရာဒေသတစ်ခုက ခရုစုတ်ငှက်ကလေးက သတ်(စ)ဗီ ပျောက်ပြီး သူ့ရဲ့ဆွလာဟ်တာဝန် မထမ်းဆောင်နိုင်တဲ့အခါ စပါး သီးနှံများ ပျက်စီးကုန်ပါတယ်။

ဒီနေရာမှာကျနော်သိတဲ့ ငှက်အချို့ရဲ့ အလေ့အထတွေကို အနည်းငယ်မျှဝေချင်ပါတယ်။ စာဖူးတောင်း ငှက်ကလေးတွေဟာ ထန်းပင်မှာအသိုက်ရှည်ရှည်လေးတွေ ဆောက်လုပ်ကြတယ်။ သူတို့အသိုက်တွေကို မြင့်မြင့်ဆောက်ထားရင် ရေကြီးနိုင်တယ်။ သူတို့အသိုက်တွေကို ထန်းလက်အကိုင်းအခက်တွေ ကြားထဲမှာ ခက်ခက်ခဲခဲဆောက်ထားရင် မုန်တိုင်းဝင်နိုင်မယ်ဆိုတဲ့ နိမိတ်လက္ခဏာတွေကို လူတွေထံအသိပေးနေပါတယ်။

ဇင်ယော်ငှက်ကလေးတွေ ရင်ဘတ်မှာ အမဲရောင်ပေါ် နေရင် မကြာခင်မိုးရွာတော့မယ်။ ဇင်ယော်ဆိုတာ မြစ်ချောင်းနဲ့ ပင်လယ်ကမ်းရိုးတန်းတွေမှာ ကျက်စားလေ့ရှိပါတယ်။ လေပေါ်မှာ ပျံဝဲပြီးရေပြင်မှာနားပါတယ်။ ဒီ ဇင်ယော်တွေ လေမှာဝဲပျံနေရင်း ရေပြင်မှာမနားဘဲ ရွက်တိုင်ထိပ်ဖျားမှာ လာနားတယ်ဆိုရင် မကြာခင်မုန်တိုင်း လာတော့မယ်ဆိုတဲ့ နိမိတ်လက္ခဏာဖြစ်ပါတယ်။

နှုတ်သီးပိုင်း ဒီလုံးငှက်ကလေးတွေဟာ ရုရှားကဆိုက်ဗေးရီးယားမှာ နေထိုင်ကျက်စားပါတယ်။ ဆောင်းတွင်းဆိုရင် ဆိုက်ဗေးရီးယားမှာ ရေတွေခဲလို့ မြန်မာပြည်က မုတ္တမပင်လယ်ကွေ့မှာ ဒီလုံးငှက်ကလေးတွေ ဆောင်းခိုဖို့ရောက်လာကြတယ်။ အရင်က ဒီငှက်ကလေးတွေ နိုင်ဝင်ဘာဆို မြန်မာပြည်ပြန်ရောက်လာပြီး ဖေဖော်ဝါရီအထိ နေထိုင်ကြတယ်။ အခုတော့ ဇန်နဝါရီအထိပဲ မြန်မာပြည်မှာတွေ့ရတော့တယ်။ အပူဒဏ်ကို မခံနိုင်တဲ့ ဒီငှက်တွေရဲ့ နေထိုင်ကာလကိုကြည့်ပြီး ဗမာပြည်မှာ ဆောင်းကာလဟာ (၃)လဘဲ ရှိတော့တယ်၊ ပူပြင်းတဲ့နွေရာသီ ကာလတွေရှည်လျားလာပြီလို့ ပညာရှင်များက တွက်ချက်ပြပါတယ်။ ရာသီဥတု ပြောင်းလဲသွားတဲ့သဘောပါ။

ရခိုင်ကျောက်ဖြူဘက်မှာ ယခုဇင်ယော်တွေ ပျောက်သလောက် ဖြစ်ပြီး ကျီးကန်းတွေပိုများလာတာကို ထောက်ပြပြီး အစာရေစာရှားပါးပြီး အမှိုက်သရိုက် အညစ်အကြေးတွေ ပေါများလာတဲ့ လက္ခဏာပါလို့ ပညာရှင်များက ပြောဆိုကြပါတယ်။ ကာလကြာရင် သဘာဝဝန်းကျင်ညစ်ညမ်းမှု ဖြစ်လာနိုင်တာလို့ ခန့်မှန်းနေကြပါတယ်။

အဲဒါတွေကတော့ ကျွန်တော်တို့ လေ့လာသိရှိရသလောက် ထဲက ငှက်တွေရဲ့ဆွလာဟ်နဲ့သစ်ဗီရဲ့ အချို့သော အကျိုးကျေးဇူးတွေပါ။ ဆက်လက်သုတေသနပြုရင် ဒီအကျိုးသက်ရောက်မှုတွေဟာ ဒီထက်မကရှိတယ်ဆိုတာကို သိလာကြပါလိမ့်မယ်။

**လေးစားအပ်ပါသော လူကြီးမင်းများခင်ဗျာ -**

လူဟာကမ္ဘာကြီးကိုဆက်ခံတဲ့ ကိုယ်စားလှယ် (ခလီဖာ) ပါ။ အချို့က ခလီဖာဆိုတာ ကမ္ဘာလောကရဲ့ အရှင်သခင်လို့မှတ်ယူနေကြပါတယ်။ ကိုယ်နေချင်သလိုနေ၊ စားချင်သလိုစား၊ သတ္တဝါတွေကို မိမိအလိုရှိသလို သတ်ဖြတ်စားသောက်ခွင့်၊ တောတောင် ရေ မြေတွေကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ အသုံးပြုနိုင်တယ်လို့ ထင်နေကြတယ်။ လူဟာသဘာဝလောကကို အသုံးချခွင့်ရရှိထားသူသာဖြစ်ပါတယ်။ သဘာဝကို ဆန့်ကျင်ဖို့ ချိုးဖောက်ဖို့မဟုတ်ပါ။ ဥပမာပေးရရင် ငှက်တွေဟာသဘာဝရဲ့ စီမံပြဋ္ဌာန်းမှုအောက်မှာလုံးဝ အသုံးချ ခွင့်မရှိဘဲ တသွေမတိမ်းလိုက်နာဆောင်ရွက်နေကြရတယ်။ လူကတော့ သဘာဝရဲ့ထိန်းချုပ်မှုအောက်မှာနေထိုင်နေရပြီး တချိန်တည်း တပြိုင်တည်း သဘာဝကိုအသုံးချပြီးအကျိုးတရားတွေကို ခံစားခွင့်ရရှိနေတာ ဖြစ်ပါတယ်။ အသုံးချခွင့်ရတဲ့ သဘာဝကိုထိန်းသိမ်း စောင့်ရှောက်ခြင်းဟာလည်း လူရဲ့တာဝန်ပါ။

သက်ရှိသက်မဲ့ အရာဝတ္ထုများပါဝင် ပတ်သက်နေပြီးအလို အလျောက်ရှင်သန်လှုပ်ရှားနေတဲ့ သဘာဝလောကကြီးရဲ့ဂေဟစနစ်ထဲမှာ လူဟာလည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါတယ်။ အလိုအလျောက် ရှင်သန်လှုပ်ရှားနေတယ်ဆိုတဲ့ ဂေဟစနစ်ကို ပြုစုပျိုးထောင်ထားတာ အလ္လာဟ်ဖြစ်ပါတယ်။ အဲဒီစနစ်ရဲ့အစိတ်အပိုင်း တစ်ခုဖြစ်တဲ့ လူဟာဂေဟစနစ်ကို ဖျက်ဆီးနိုင်သူလည်းဖြစ်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်သူလည်း ဖြစ်ပါတယ်။ အဲဒါကတော့ အခြားသက်ရှိ၊ သက်မဲ့များနဲ့မတူတဲ့ လူရဲ့အရည်အသွေးပါ။

ကျမ်းမြတ်ကုရ်အာန် စူရာ(၃၁း၂၀)မှာ

***‘အလ္လာဟ်က သင်တို့အတွက် စကြာဝဠာနှင့် ကမ္ဘာဂြိုဟ်တို့တွင် ရှိရှိသမျှအရာအားလုံးကို အသုံးချနိုင်ရန် စီမံထားမှုအပေါ် အသိတရားဖြင့် ရှုမြင်ခြင်းမရှိသလော။ လူသားတို့အား မိမိကျေးဇူးတော်များကို ထင်ရှားစွာလည်းကောင်း၊ လျှို့ဝှက်စွာလည်းကောင်း ချီးမြှင့်ထားတော်မူ၏။ လူသားတို့အနက် အချို့ကား အသိတရားမရှိပါဘဲလျက် တရားအလင်းရောင်ကို မသိပါဘဲလျက် ရှင်းလင်းထင်ရှားသောကျမ်းဂန်အထောက်အထား မရှိပါဘဲလျက် အလ္လာဟ်နှင့် ပတ်သက်၍ စောဒကတက်လျက်ရှိနေကြကုန်၏’*** လို့ မိန့်ကြားထားပါတယ်။

စကြာဝဠာနှင့်ကမ္ဘာဂြိုဟ်မှာ ရှိရှိသမျှ အရာအားလုံးကိုလူသားကအသုံးချနိုင်စွမ်းရှိပါတယ်။ လူက မဆင်မခြင် အသုံးချရင်ဂေဟစနစ်ကြီးကလည်း ပျက်စီးသွားမယ်။ အသိတရားနှင့်အသုံးချရင် ဂေဟစနစ်က ကောင်းမွန်စွာလည်ပတ်မယ်။ ဂေဟစနစ်တွေထဲမှာ ရေ၊ မြေ၊ လေ၊ တော၊ တောင်၊ ပင်လယ်သမုဒ္ဒရာ၊ ငှက်တွေအပါအဝင် တိရစ္ဆာန်တွေ မြေပေါ်မြေအောက် ရေပေါ်ရေအောက်ရှိ သယံဇာတတွေ အားလုံးပါဝင် ပတ်သက်နေပါတယ်။ အဲဒီထဲကတစ်မျိုးကို အလွန်အကျွံသုံးစွဲပြီး ပြန်လည်ပြုစုပျိုးထောင်မှု မလုပ်ဘူးဆိုရင် ကမ္ဘာမြေပျက်စီးသွားနိုင်ပါတယ်။

လူကလွဲရင် အရာအားလုံးမှာ ဆွလာဟ်နဲ့သတ်(စ)ဗီဟာ အခြေခံအကျဆုံးအရာတွေ ဖြစ်ပါတယ်။ လူသားတွေအတွက်ကတော့ ဆွလာဟ်နှင့်ဇကားဟ်ဟာ ဘဝအတွက် အခြေခံအကျဆုံးအရာတွေဖြစ်ပါတယ်။ ဆွလာဟ်နှင့် ဇကားဟ်ဟာ အစ္စလာမ့်လမ်းစဉ်ရဲ့ အခြေခံအုတ်မြစ်လည်း ဖြစ်ပါတယ်။ အလ္လာဟ်၏ပြဋ္ဌာန်းချက် စည်းမျဉ်းဥပဒေအတိုင်း မိမိရဲ့သက်တမ်းတလျှောက်လုံးထပ်ချပ်မကွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် လောကကောင်းကျိုးကို တည်ဆောက်ခြင်းဟာ ဆွလာဟ်ဖြစ်ပါတယ်လို့ ယေဘုယျနားလည်ပါတယ်။ မိမိရဲ့သက်တမ်းတလျှောက်လုံး လူသားများ အပါအဝင် သက်ရှိသက်မဲ့အားလုံး အခြေအနေအရပ်ရပ် သီးပွင့်ဝေဆာရှင်သန်ဖို့ အဖက်ဖက်က ပြုစုပျိုးထောင်ပေးခြင်းဟာ ဇကားဟ်ဖြစ်ပါ တယ်လို့ ယေဘူယျသဘောပေါက်ပါတယ်။ လူသားတွေမှာ ဆွလာဟ်နဲ့ဇကားဟ် ကင်းမဲ့သွားရင် ကမ္ဘာမြေ ပျက်ဆီးသွားနိုင်ပါတယ်။ ဆွလာဟ်ဆိုတဲ့လောက ကောင်းကျိုးဆောင်ရွက်မှုကို မိမိ၏ဂုဏ်သတင်း ကျော်ကြားလိုမှုအတွက်သာ မဆောင်ရွက်ဘဲ လူသား တစ်ယောက်ရဲ့ တာဝန်အဖြစ်ဆောင်ရွက်ဖို့ အလ္လာဟ်က လေးလေးနက်နက် သတိပေးထားပါတယ်။

ကျမ်းမြတ်ကုရ်အာန် ကဏ္ဍ(၁၀၇)မှာဖော်ပြချက်ရဲ့ဆိုလိုရင်းကိုတင်ပြပါ့မယ်။

***‘အားကိုးရာမဲ့ တစ်ကောင်ကြွက်တွေ ဆင်းရဲတွင်းနက်နေတဲ့နှင်းပြားတွေဘဝကို လျစ်လျူရှုထားခြင်းဟာ အစ္စလာမ်ရဲ့ လမ်းစဉ်ကို ငြင်းပယ်ခြင်းဘဲဖြစ်ပါတယ်။’*** (၁၀၇း၁-၃)

***‘လောကအကျိုးကို သယ်ပိုးရာမှာ အများအမြင်မှာ အထင်ကြီးစရာဖြစ်အောင် လူမြင်ကွင်းမှာ ထင်ရှားကျော်ကြားသူတွေဖြစ်အောင် ဆောင်ရွက်တဲ့သူဟာ ကောင်းရာကောင်းကျိုးကို ပြုလုပ်ပင် ဖြစ်လင့်ကစား အပျက်စီး ကြီးပျက်စီးမှာသာဖြစ်တယ်။’*** (၁၀၇း၄-၆)

ဒါကို ***‘ဖဝိုင်းလ်လုလ္လေ့မွတ်ဆွလ္လီ’*** လို့ဆိုထားပါတယ်။ ***‘ဖဝိုင်းလ်လုလ္လေ့မွတ်ဆွလ္လီ’*** ဆိုတာ ဆွလာဟ်တည်ဆောက်သူ (လောကကောင်းကျိုး ဆောင်ရွက်သူများ) သည်ပျက် ဆီးကြရမည်လို့ နားလည်သဘောပေါက်ပါတယ်။ ဘာကြောင့်လဲဆိုတော့

*`ရေလိုပေါများပြီး ထာဝရတသွင်သွင်စီးဆင်းနေရမဲ့ သဘာဝအရင်းအမြစ်တွေကို မောင်ပိုင်စီးထားပြီး အခြားသူတွေကို ပိတ်ဆို့ဟန့်တားထားတဲ့ သူတွေဖြစ်လို့ သူတို့ဟာ ကောင်းရာကောင်းကျိုး ဆောင်ရွက်သူများလို မိမိကိုယ်ကို ဘယ်လိုပင် အမွမ်းတင်ပါစေ။ အပျက်စီးကြီး ပျက်စီးမဲ့သူတွေဖြစ်တယ်။´* လို့ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်ရှင်မြတ်က လေးလေးနက်နက် သတိပေးထားပါတယ်။ (၁၀၇း၇)

လေးစားရပါသော လူကြီးမင်းများခင်ဗျား

သဘာဝရင်းမြစ်တွေဟာ သက်ရှိအားလုံးအတွက် ရိက္ခာဖြစ်ထွန်းစေတဲ့အရာတွေ ဖြစ်ပါတယ်။ လူသားတွေက ဒါတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိတို့ရဲ့ စားဝတ်နေရေးကို ဖန်တီးရမှာပါလို့ ကုရ်အာန်မှာ လမ်းညွှန်ထားပါတယ်။

ကျမ်းမြတ်ကုရ်အာန် စူရာ(၇း၁၀)မှာ

*`ငါအရှင်သည် လူသားတို့အားမြေကမ္ဘာ၌ ဘဝထူထောင်ပြီး သက်မွေးဝမ်းကျောင်းပြုရန် စီမံပေးထား တော်မူ၏။ အနည်းငယ်သာ ကျေးဇူးသိတတ်ကြလေသည်´* လို့ဖော်ပြထားပါတယ်။

ကျေးဇူးသိတတ်ဖို့ဆိုတာ အလ္လာဟ်ပေးထားတဲ့ သဘာဝရင်းမြစ်တွေကို စနစ်တကျသုံးစွဲပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားနိုင်ဖို့၊ စနစ်တကျမျှဝေသုံးစွဲဖို့ဖြစ်ပါတယ်။ ဝမ်းနည်းစရာကောင်းတာက လူသားတွေ အများစုက ဒီလိုမျိုး ဆောင်ရွက်ဖို့ကို လျစ်လျူရှုနေတာပါပဲ။

မြစ်တွေမှာ ဆည်တွေတည်ဆောက်ပြီး အနီးဝန်းကျင်ရှိ လယ်ယာတွေကို ရေတွေဝေငှတာဟာ ကောင်းရာကောင်းကျိုး ဆောင်ရွက်တာပါ။ ဒါပေမဲ့ဒီဆည်ကြောင့်မြစ်ကြီး တိမ်ကောသွားမယ်။ မြစ်အောင်ခြေက လယ်ယာ ကိုင်းကျွန်းတွေ ရေငတ်ကုန်မယ်ဆိုရင် ရေအရင်းအမြစ်ကို ဖျက်ဆီးသူဖြစ်ပါလိမ့်မယ်။ *`ဖဝိုင်းလ်လုလ္လေ့မွတ်ဆွလ္လီ´ပါ။*

ကျေးငှက်တွေ သားရဲတိရစ္ဆာန်တွေ သတ်ဖြတ်ပြီးဆေးဝါး ဖော်စပ်တဲ့နေရာမှာ စားသုံးတဲ့နေရာမှာ အသုံးချတာကောင်းပါတယ်။ ဒါပေမဲ့ ကျေးငှက်သားရဲတိရစ္ဆာန်တွေ မျိုးတုံးပျောက်ကွယ်သွားတဲ့အထိ လုပ်ဆောင်မယ်ဆိုရင် သဘာဝရင်းမြစ်ကို ဖျက်ဆီးသူဖြစ်ပါတယ်။ *`ဖဝိုင်းလ်လုလ္လေ့ မွတ်ဆွလ္လီ´ ပါ။*

တောတွေကို ခုတ်ထွင်ရှင်းလင်းပြီး မြို့ရွာတွေတည်ထောင်တာက အထပ်မြင့်တိုက်ကြီးတွေ ဆောက်လုပ်တာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်လို့ ကောင်းပါတယ်။ ဒါပေမဲ့ ကျေးငှက်နဲ့သားရဲတိရစ္ဆာန်တွေ နေထိုင်တဲ့နယ်ပယ် ကျဉ်းမြောင်းသွားပြီဆိုရင် သဘာဝဝန်းကျင်ကို ဖျက်ဆီးသူဖြစ်ပါတယ်။ *`ဖဝိုင်းလ်လုလ္လေ့ မွတ်ဆွလ္လီ´ပါ။*

ကားတွေ အဲယားကွန်းတွေ ရေခဲသေတ္တာတွေ အသုံးပြုနိုင်ခြင်းဟာ လူနေမှုအဆင့်အတန်းမြင့်မားတဲ့ အချက်ပါဘဲ။ ဒါပေမဲ့ အဲဒီဟာတွေကထွက်လာတဲ့ ဓါတ်ငွေ့ဟာ ကမ္ဘာ့လေထုကို အလွန်ညစ်ညမ်းစေပါတယ်။ ကမ္ဘာမြေကိုအွန္တရာယ်မှ ကာကွယ်ထားတဲ့ အိုဇုန်းလွှာကို ထိခိုက်စေပါတယ်။ ဒီဓါတ်ငွေ့တွေ စုပ်ယူနိုင်တဲ့ အပင်လေးတစ်ပင်လောက်ကို ကျွန်တော်တို့စိုက်ဖူးကြပါသလား။

ရန်ကုန်မြို့ကြီးဟာ ကားသံတွေဆူညံပြီး ဓါတ်ဆီငွေ့တွေကို ရှူရှိုက်နေရတဲ့အတွက် လူတွေရဲ့စိတ်ကို ညစ်ညူးစေပါတယ်။ မဟာဗန္ဓုလပန်းခြံမှာ လတ်ဆတ်တဲ့လေကို ရှူရှိုက်ရပြီး အဲဒီက ကျေးငှက်သံလေးတွေ ကြားရတော့ လူတွေရဲ့စိတ်ကို ရွှင်လန်းတက်ကြွစေပါတယ်။ နံနက်မိုးသောက်(ဖဂျရ်)အချိန်နဲ့ ညနေနေဝင်ဆည်းဆာ(အဆွရ်)ချိန်တို့မှာ အဲဒီမှာလမ်းလျှောက်ရတာ အင်မတန်အရသာရှိလှပါတယ်။ အသံညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုရှိတဲ့ မြို့တိုင်း၊ ရွာတိုင်းမှာ ဒီလိုမျိုးပန်းခြံတွေထားဖို့ ကျနော်တို့ကြိုးစားကြရမှာဖြစ်ပါတယ်။

ဟိုးအရင်တစ်ခါတုန်းက ကျွန်တော် နိုင်ငံခြားသား အမျိုးသမီးကြီးတစ်ဦးနဲ့ စကားလက်ဆုံကြဖူးတယ်။ သူကမင်းဆီမှာ သစ်ပင်တစ်ပင်လောက် စိုက်လို့ရတဲ့ မြေနေရာလေးများရှိလားတဲ့။ ရှိရင်ငါအပင်တစ်ပင် လောက်စိုက်ပြီး ငါ့နာမည်ကိုလည်း ဒီအပင်မှာ ရေးထိုးထားမယ်။ မင်းကိုလည်း ဒီအပင်ထိန်းသိမ်းစောင့်ရှောက်ဖို့ US$50 ပေးမယ်တဲ့။ ကျွန်တော်က ဒါကဘာသဘောလဲမေးတော့ အပင်တစ်ပင်စိုက်ထားရင် ဒီအပင်က လေထုကိုလည်းသန့်စင်ပေးတယ်။ လူတွေအတွက် အရိပ်လည်းဖြစ်တယ်။ လိပ်ပြာတွေ ပျားပိတုန်းတွေ ငှက်တွေရဲ့နားခိုရာလည်းဖြစ်တယ်။ ဒီအပင်ရဲ့ အရွက်စိမ်းစိမ်းတွေ အပွင့်တွေ အသီးတွေကိုကြည့်ရတာလည်း စိတ်ကို ရွှင်လန်းစေတယ်။ ဒါကြောင့် ငါအခုအာဖရိကနဲ့ အရှေ့အလယ်ပိုင်းက နိုင်ငံတွေအချို့မှာ ငါ့နာမည်နဲ့အပင်တစ်ပင်စီ စိုက်ပျိုးခဲ့တယ်။ ငါ့ရဲ့ ကောင်းမှုကုသိုလ်ပေါ့လို့ ပြောပါတယ်။

ကျနော်တို့ကလည်း အိမ်မှာ ရပ်ကွက်မှာ လမ်းမှာ ဒါမှမဟုတ် ဝတ်ကျောင်းတောများမှာ ဒါမှမဟုတ် မိတ်ဆွေသူငယ်ချင်းတွေ ဆွေမျိုးသားချင်းတွေရှိတဲ့ တောအရပ်ဒေသတွေမှာ အပင်တစ်ပင်စီစိုက်ကြရင် မကောင်းဘူးလား။ ဒီလိုများ စိုက်နိုင်မယ်

ဆိုရင် ကျွန်တော်တို့ သေသွားပြီးတဲ့တိုင်အောင် ဒီအပင်လေးက ကမ္ဘာမြေကို ဆက်လက် အကျိုးပြုနေမှာနော်။ ပြောတာတွေလည်း များသွားပြီဖြစ်လို့ အချိန်ကိုငဲ့ကွက်သော အားဖြင့် နိဂုံးချုပ်ပါ့မယ်။

လေးစားအပ်ပါသော အမျိုးသား၊ အမျိုးသမီး အပေါင်းတို့ ခင်ဗျာ -

ဒီနေ့မှာတော့ **အစ္စလာမ်ဟူသည် လူကိုဗဟိုပြုသော သက်ရှိအားလုံး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် သဘာဝ ရင်းမြစ်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပြီး မျှတစွာခွဲဝေ သုံးစွဲရသော လမ်းစဉ်ဖြစ်သည်** ဆိုတဲ့ အစ္စလာမ့်ရဲ့တန်ဖိုးတစ်ခုကို တင်ပြခဲ့တာပါ။

အစ္စလာမ်ဟူသည်..... အပိုင်း(၁)မှ(၅)အထိမှာ ယုံကြည် ချက်ဆိုင်ရာ၊ လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ စစ်ရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစ္စလာမ်ရဲ့လှပ နှစ်လိုဖွယ်ရာ တန်ဖိုးများအနက် အချို့ကိုသာ လေ့လာရှာဖွေတင် ပြနိုင်ခဲ့ပါတယ်။ အစ္စလာမ်ရဲ့ ခံ့မင်မြတ်နိုးဖွယ် တန်ဖိုးမြောက်များ စွာ ကုရ်အာန်ထဲမှာ ကျန်ရှိနေပါသေးတယ်။

အစ္စလာမ့်ရဲ့စစ်မှန်တဲ့ တန်ဖိုးများကိုနားလည် သဘော ပေါက်မယ်ဆိုရင် အကြမ်းဖက်သမားများရဲ့ လုပ်ရပ်တွေ၊ အစ္စ လာမ်ကို မုန်းတီးနေသူများရဲ့ စွပ်စွဲချက်တွေဟာ အစ္စလာမ်လမ်း စဉ်နဲ့ လုံးဝမပတ်သက်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း လက်ခံနိုင် ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

လူတိုင်းမိစ္ဆာတရားကို ဖယ်ရှားပြီး၊ သစ္စာတရားကို လက် ခံနိုင်ကြပါစေ။

အမှားပျောက်ပြီး၊ အမှန်ဘဝရောက်ကြပါစေ။

# ကျမ်းတော်မြတ်ကုရ်အာန်ပါ ဗဒရ်စစ်ပွဲ

ဒီကနေ့ ယခုလို ယောင်မွလ်ဂျုမုအာမှာ ကျမ်းတော်မြတ်ကုရ်အာန်မှာ ကျွန်တော် လေ့လာတွေ့ရှိချက်များကို တင်ပြခွင့်ရတဲ့အတွက် ရှေးဦးစွာ အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုရင်းနဲ့ ကျေးဇူးတင်ပါတယ်။

ပြီးတော့ ကျွန်တော့်ကို မွေးဖွားပြုစု စောင့်ရှောက်ခဲ့တဲ့ ကွယ်လွန်သူမိဘနှစ်ပါးနှင့် ကျမ်းတော်မြတ်ကုရ်အာန်အကြောင်း ဟောပြောတင်ပြခွင့်ပေးထားတဲ့ ဒီအစ္စလာမ်သင်တန်းကျောင်းတော် မက်စ်ဂျိဒ်ရဲ့ လိုအပ်ချက်တွေကို ကူညီပံ့ပိုး ဖြည့်ဆည်းပေးသူ `ဟာဒီမွန်း´လို့ခေါ်တဲ့ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကြွရောက်လာကြတဲ့ အမျိုးသား/အမျိုးသမီးများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တင်ပြမယ့် အကြောင်းအရာရဲ့ ခေါင်းစဉ်ကတော့ ကုရ်အာန်မှာပါတဲ့ **`ဗဒရ်စစ်ပွဲ´** အကြောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော မွတ်ဆလင်မ်အမျိုးသား၊ အမျိုးသမီးများခင်ဗျာ ကျွန်တော့်ရဲ့တင်ပြမှုကို မရှင်းလင်းခဲ့ရင် ဆွလားသ်အပြီးမှာ သီးခြားဆွေးနွေးနိုင်ပါတယ်။

### `အတ်စွလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရကာသုဟု´

ဗဒရ်စစ်ပွဲ ဘာကြောင့်ဖြစ်ခဲ့တာလဲ။ ဗဒရ်စစ်ပွဲ ဖြစ်ပွားခြင်းရဲ့ အကြောင်းရင်းက ဘာလဲ။ တမန်တော်မြတ်မုဟမ္မဒ်(ဆွ) က ဟောပြောတင်ပြ ဖိတ်ခေါ်ခဲ့တဲ့ `သောဝ်ဟီးဒ်´ အလ္လာဟ်တစ်ပါးတည်းရဲ့ ဒီးန်စနစ်ဇယား၊ အစ္စလာမ်ကို ယုံကြည်သူမွတ်ဆလင်မ်တွေကို မက္ကာဟ်မြို့က ကုရိုက်ရှ်မျိုးနွယ်ဝင် ကာဖိရ်မုရှ်ရိုက်များက မွတ်ဆလင်မ်တွေကို မိမိတို့ရဲ့ နေရပ်ဒေသဖြစ်တဲ့ မက္ကာဟ်မြို့မှာ မနေနိုင်ဘဲ စွန့်ခွာသွားအောင် ညှင်းပန်း နှိပ်စက်မှု၊ ဒုက္ခအမျိုးမျိုးပေးခဲ့တယ်။

အဲဒီလို ညှင်းပန်း နှိပ်စက်မှု၊ ဒုက္ခအမျိုးမျိုးကို မခံနိုင်ဘဲ နေရပ်ဒေသမှ စွန့်ခွာသွားခဲ့တဲ့ မွတ်ဆလင်မ်တွေရဲ့ အိုးအိမ်စည်းစိမ်၊ ဥစ္စာပစ္စည်းတွေကို သိမ်းပိုက်ခြင်း၊ မွတ်ဆလင်မ်တွေ စွန့်ခွာသွားရောက်ပြီး မှီခိုခဲ့တဲ့ နေရာဒေသ (အဘီဆီးနီးယားနဲ့ မဒီနာမြို့)ရှိ အကြီးအကဲများဆီကိုသွားပြီး တိုင်းပြည်မှ `ဟစ်ဂျရသ်´ စွန့်လွှတ်သွားခဲ့သော မွတ်ဆလင်မ်တွေကို ခိုလှုံခွင့်မပေးဖို့ လုံ့ဆော်ခဲ့တယ်။

မတော်မတရား ညှင်းပန်းနှိပ်စက်ခြင်းခံရပြီး၊ မဒီနာဟ်မြို့ကိုရောက်ခဲ့တဲ့ မွတ်ဆလင်မ်တွေဘက်က ကုရိုက်ရှ်မျိုးနွယ်ဝင်ကာဖိရ်မုရှ်ရိုက်တွေရဲ့ စီးပွားရေးကို ချုပ်ချယ်ခြင်း၊ ကုန်သည်တွေရဲ့ သွားလာလှုပ်ရှားမှုကို လက်ရုံးရည်ဖြင့် ပိတ်ပင်ကြတဲ့အတွက် ကာဖိရ်မုရှ်ရိုက်တွေက မခံမရပ်ဖြစ်ပြီး ဗဒရ်စစ်ပွဲဖက်ကို ဦးတည်ခဲ့တာဖြစ်တယ်။

ဗဒရ်စစ်ပွဲဟာ ဟစ်ဂျရီ (၂)ခုနှစ် ရမဒွါန်လ (၁၇)ရက်နေ့မှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ တမန်တော် မြတ်မုဟမ္မဒ်(ဆွ)ဟာ သက်တော်ထင်ရှားရှိခဲ့စဉ်က စစ်ပွဲပေါင်း(၃၅)ပွဲ ဖြစ်ပွားခဲ့တယ်။ တမန်တော်မြတ်က အချို့ အချို့စစ်ပွဲမှာ ပါဝင်ခဲ့ပေမယ့်၊ အချို့စစ်ပွဲမှာ မပါဝင်နိုင်ခဲ့ဘူး။ မိမိရဲ့ နယ်မြေဒေသမှာ အေးချမ်းသာယာရေး၊ စစ်သားစုဆောင်းရေး၊ လက်နက်စုဆောင်းရေးမှ အချိန်ကုန်သွားခဲ့တယ်။

ဒါပေမဲ့ ဝမ်းနည်းစရာကတော့ တမန်တော်မြတ်ကို ချစ်တဲ့၊ မြတ်နိုးတဲ့၊ တမန်တော်မြတ်ရဲ့ စွန္နသ်တွေကို အကောင်အထည်ဖော်တယ်လို့ ပြောနေကြတဲ့လူတွေ၊ သူတို့ယုံကြည်ကြတဲ့ ကျမ်းစာအုပ်တွေမှာ တမန်တော်မြတ်ကို အိပ်ယာဝင်နဲ့ ရေချိုးခန်းထဲမှာပဲ အချိန်ကို ကုန်လွန်သွားစေခဲ့တာ တွေ့ရပါတယ်။

စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်တယ်ဆိုတာ စစ်သည်တော်တွေကို စနစ်တကျ နေရာချပေးခြင်းဟာ အရေးကြီးတဲ့အတွက် `ဗဒရ်´စစ်ပွဲမှာ တမန်တော်မြတ်မုဟမ္မဒ်(ဆွ)က မိမိရဲ့စစ်သည်တော်တွေကို စနစ်တကျ နေရာချပေးခဲ့တဲ့အကြောင်း၊ ခရစ်ယာန်ဘာသာဝင် စာရေးဆရာ Mr.Tom Endre က ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူရေးသားခဲ့တဲ့ Life of Mohammed စာအုပ်စာမျက်နှာ (၂၀၃)မှာ တမန်တော်မြတ်ကို ချီးကျူးထားပါတယ်။

`ဗဒရ်´စစ်ပွဲနဲ့ပတ်သက်ပြီး ကုရ်အာန်ဆူရာဟ်(၃) အာယတ်(၁၂၁)မှာ အလ္လာဟ်က မုအ်မင်န်တွေကို ဘာပြောထားလဲ။

" ***တစ်ချိန်သောအခါ အသင်တို့အနက်မှ လူနှစ်စု (တစ်နည်းအားဖြင့်) မျိုးနွယ်စုနှစ်စုက စိတ်ပျက်အားလျော့၊ စိတ်ဓါတ်ကျလုနီးပါး ဖြစ်ခဲ့တယ်။ အမှန်မှာကတော့ အီမာန်သက်ဝင် ယုံကြည်သူမုအ်မင်န်တွေဟာ အလ္လာဟ်အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်အားကိုးအားထားရမှာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုလျှင် အလ္လာဟ်သည်သာလျှင် မုအ်မင်န်တွေအတွက် `ဝလီ´မိတ်ဆွေ ဖြစ်ပါတယ် "***

ဒီအာယတ်တော်မှာပါတဲ့ `ဟွမ်းမွန်´ရဲ့အနက် သဘောတရားကတော့ စိတ်ထဲမှာပေါ်ပေါက်ခြင်း၊ တွေးတောခြင်း၊ စိတ်ပိုင်းဖြတ်ခြင်းဆိုပြီး ကောက်ယူကြတယ်။ စိတ်အားလျော့ရန်

တွေးတောခဲ့သော မျိုးနွယ်စုနှစ်စုမှာ **`ဗနူစလိမဟ်´** နဲ့ **`ဗနူဟာရိဆဟ်´** ဖြစ်ပါ တယ်။

အဲဒီလို စိတ်အားလျော့ရန် တွေးတောခြင်းဟာ သူတို့ရဲ့ ယုံကြည်မှု အီမာန်အားနည်းမှုကြောင့် မဟုတ်ပါဘူး။ သူတို့ရဲ့ စစ်သားအင်အား၊ စစ်လက်နက်အင်အား၊ စားနပ်ရိက္ခာ နည်းမှုကြောင့်သာ ဖြစ်တယ်။

`ဗဒရ်´စစ်ပွဲအတွက် နေရာရွေးချယ်မှုနဲ့ ပတ်သက်ပြီး ကုရ်အာန် ဆူရာဟ်(၈) အာယတ်(၅)မှာ အလ္လာဟ်က တမန်တော်မြတ်ကို ဘာပြောခဲ့လဲ။

***" အသင့်ကို အဆင့်ဆင့်ပြုစုပျိုးထောင် လမ်းညွှန်ရှင် အလ္လာဟ်က အသင့်ကို ထွက်စေခဲ့တယ်။ အသင်ရဲ့အိမ်တော်မှ မှန်ကန်စွာအားဖြင့် ဇကန်အမှန် မုအ်မင်န်တို့အနက်မှ အချို့ကတော့ သူတို့ လိုလားနှစ်သက်ခဲ့တာ မဟုတ်ဘူး။ အသင့်ကို ပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက် လမ်းညွှန်ရှင်ဖြစ်တဲ့ အလ္လာဟ်က မှန်ကန်မှုနှင့်တကွ အသင့်ကို အသင်ရဲ့အိမ်တော်မှ ထွက်စေခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန် မုအ်မင်န်များမှ အချို့က အဲဒီလိုထွက်ရမှာကို နှစ်သက်လိုလားခဲ့တာ မဟုတ်ပေ။ "***

ဒီအာယတ်တော်ရဲ့ ဆိုလိုရင်းသဘောကတော့ `ဗဒရ်´ စစ်ပွဲကို မြို့ရဲ့အပြင်မှ တိုက်သင့်တယ်လို့ တမန်တော်မြတ်က ထင်မြင်ယူဆပြောဆိုမှုကို တမန်တော်မြတ်ရဲ့ အဆွဟာဘ် ရဲဘော်ရဲဘက်များက အဲဒီလိုထင်မြင်ယူဆ ပြောဆိုမှုကို လိုလား နှစ်သက်ခဲ့တာမဟုတ်ဘူး။ သူတို့ရဲ့ပြောဆိုမှုအရ မြို့အပြင်ကို ထွက်ပြီး တိုက်မည်ဆိုလျှင် သေပွဲကို ဦးတည်နိုင်တယ်လို့ ယုံကြည်ခဲ့တယ်။

တမန်တော်မြတ်မုဟမ္မဒ်(ဆွ)ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ `ဝဟီ´လမ်းညွှန်ချက်အရ မိမိရဲ့ နေရပ်ဒေသ မက္ကာဟ်မြို့တော်ကို ဟစ်ဂျရသ် စွန့်လွှတ်ပြီး၊ မဒီနာဟ်မြို့တော်ကို ရွှေ့ပြောင်းနေထိုင်မှုမှာ (၂)နှစ်ထဲ ကို ရောက်တုန်းပဲရှိတယ်။ မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရိက်တွေရဲ့ ညှင်းပန်းနှိပ်စက်မှုဟာ မက္ကာဟ်မြို့မှာ အရင်အတိုင်းပဲရှိခဲ့တယ်။ မက္ကာဟ်မြို့က မွတ်ဆလင်မ်တွေကို အဆက်မပြတ် ဒုက္ခပေးနေတဲ့ ရန်သူ ကာဖိရ်မုရှ်ရိက်တွေရဲ့ ကုန်သည်တစ်စုဟာ အရှ်ရဖီ ခေါ် ရွှေဒင်္ဂါးငါးသောင်းတန်တဲ့ ကုန်ပစ္စည်းတွေကို ယူဆောင်ပြီး ဆီးရီးယားနိုင်ငံမှ မက္ကာဟ်မြို့ကို လာနေတဲ့အကြောင်း၊ အဲဒီကုန်သည်အုပ်စုကို မက္ကာဟ်မြို့မှာ ကျော်ကြားတဲ့ခေါင်းဆောင်ဖြစ်သူ `အာဗူဝုဖ်ယာန်´က စီမံအုပ်ချုပ်ကြောင်း၊ အဲဒီကုန်သည်အုပ်စုဟာ မဒီနာဟ်မြို့အနီးမှ ဖြတ်သန်းသွားမည်လို့ သတင်းရရှိခဲ့တယ်။

တမန်တော်မြတ်ရဲ့ အဆွဟာဘ်တွေက ကာဖိရ်မုရှ်ရိက်တွေရဲ့ နှိပ်စက်ညှင်းပမ်းမှုတွေကို အလူးအလိမ့်ခံရပြီး နေခဲ့ရတဲ့အတွက် ယခုလို အခွင့်အခါသာတဲ့အချိန်မှာ မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရိက်တွေရဲ့ ရေသောက်မြစ်ကို ဖြတ်တောက်ရန် အခွင့်ကောင်းတစ်ရပ်ဖြစ်တယ်လို့ အခြေအနေအရ မွတ်ဆလင်မ်တွေရဲ့ စိတ်ထဲမှာ အတွေးပေါ်ခဲ့တာ ဖြစ်တယ်။

မက္ကာဟ်မြို့ဆိုတာ ကောက်ပဲသီးနှံထွက်တဲ့ မြို့ဒေသ မဟုတ်ဘူး။ မက္ကာဟ်မြို့သူမြို့သားတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုဟာ အခြားတိုင်းတပါးနဲ့ ကူးသန်းရောင်းဝယ် ဖောက်ကားမှုပေါ်မှာ တည်ရှိခဲ့တာဖြစ်တယ်။

အဲဒီတော့ တမန်တော်မြတ်က အဆွဟာဘ် ရဲဘော်ရဲဘက်(၃၁၃)ပါးနှင့်အတူ အဆွဟာဘ် (၃၁၃) ပါးဆိုတာ စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားတဲ့ စစ်တပ်မဟုတ်ဘူး။ သို့သော် စစ်လက်နက် အပြည့်အစုံ တပ်ဆင်ထားတာမဟုတ်သော်လည်း အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ကို ချီးမြှင့်ထားတဲ့ အံ့မခန်းသော အရည်အချင်းနှင့် (၃၁၃)ပါး အဆွဟာဘ်တွေကို စနစ်တကျ စစ်တပ်ဖြစ်အောင် စီစဉ်ခဲ့တယ်။ အဲဒီ အဆွဟာဘ်တွေမှာ ကုလားအုတ် အကောင်(၇၀)နှင့် မြင်း(၂)ကောင်သာ ရှိခဲ့တယ်။

အဲဒီလို စီစဉ်တဲ့အချိန်မှာ ဆီးရီးယားနိုင်ငံက ပြန်လာတဲ့ ကာဖိရ်မုရှ်ရိက် ကုန်သည်တွေ ဒီသတင်းကို ကြားသိရတဲ့နောက် အဲဒီကုန်သည်တွေဟာ သူတို့ကို ကာကွယ်ဖို့အတွက် မက္ကာဟ်မြို့ကို လူလွှတ်ပြီး စစ်တပ်ကိုခေါ်စေခဲ့တယ်။ နောက်ပြီးတော့ ကုန်သည်တွေ အမြဲသွားလာနေကျ ခရီးလမ်းကြောင်းကို ပြောင်းလဲပြီး ပင်လယ်ကမ်းခြေမှ မက္ကာဟ်မြို့ကို ပြန်သွားခဲ့ တယ်။

မက္ကာဟ်ကို အုပ်ချုပ်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်သူ `အဗူဂျာဟဲလ်´က အခြားအခြား ခေါင်းဆောင်များနှင့်အတူ စစ်သား(၉၅၀)ပါတဲ့ စစ်တပ်ကို ဦးဆောင်ပြီး စိတ်အားတက်ကြွစွာ မဒီနာဟ်မြို့ကို ဦးတည်၍ စစ်ချီတက်လာပြီး `ဗဒရ်´ဆိုတဲ့နေရာမှာ စခန်းချခဲ့တာဖြစ်တယ်။

`ဗဒရ်´ဆိုတဲ့နေရာဟာ မဒီနာမြို့ရဲ့ အနောက်တောင်ဘက် မိုင်(၂၀)မှာ တည်ရှိခဲ့တာဖြစ်တယ်။ ဒီဖြစ်ပျက်မှုဟာ ဟစ်ဂျရီ (၂)ခုနှစ် ရမဒွါန်လ ယခုလို (၁၇)ရက်၊ သောကြာနေ့၊ ခရစ်သက္ကရာဇ် (၆၂၄)ခု၊ မတ်လ (၁၁)ရက်နေ့မှာ ဖြစ်ပွားခဲ့တာ ဖြစ်တယ်။

စစ်ပွဲမဖြစ်ခင် တမန်တော်မြတ်နဲ့ အဆွဟာဘ်တွေက အခြေအတင်ပြောဆိုမှုနှင့် ပတ်သက်ပြီး ကုရ်အာန်ဆူရာဟ် (၈) အာယတ် (၆)မှာ အလ္လာဟ် အရှင်မြတ်က ဘာပြောခဲ့လဲ။

*" အဆွဟာဘ် ရဲဘော်ရဲဘက်များက မှန်ကန်တဲ့ အကြောင်း ပြချက်နှင့်ပတ်သက်ပြီး အဲဒီမှန်ကန်တဲ့ အကြောင်းတရား ပေါ်လွင် ထင်ရှားခဲ့ပြီးတဲ့နောက် သူတို့ကို သေခြင်းတရားဆီကို မောင်းနှင်ခြင်း ခံရဘိသကဲ့သို့ သူတို့ မျက်ဝါးထင်ထင် မြင်နေသောအခါ အသင် တမန်တော်နှင့် အပြန်အလှန်ပြောဆို ငြင်းခုံနေတာ ဖြစ်တယ်။ "*

ဒီအာယတ်တော်ရဲ့ဆိုလိုရင်း တရားသဘောကတော့ `ဗဒ်ရ်´စစ်ပွဲမှာ မွတ်ဆလင်မ်တွေဘက်က (၃၁၃)ယောက်၊ ဒီ (၃၁၃)ယောက်မှာ စစ်လက်နက် မပြည့်စုံမှု၊ စားနပ်ရိက္ခာလည်း မပြည့်စုံမှု၊ ရန်သူ ကာဖိရ်မုရှ်ရိက်ဘက်မှာကျတော့ စစ်သားဦးရေ (၉၅၀) ဖြစ်ပြီး စစ်လက်နက်နှင့် စားနပ်ရိက္ခာမှာလည်း ပြည့်စုံတယ်။ အဲဒီလို စစ်သားအင်အား၊ လက်နက်အင်အား၊ စားနပ်ရိက္ခာ အလွန်များပြားပြီး ကွာခြားနေမှုကြောင့် အဆွဟာဘ်အချို့က တမန်တော်မြတ်နဲ့ အပြန်အလှန် ပြောဆို ငြင်းခုံခဲ့တာဖြစ်တယ်။

`ဗဒ်ရ်´စစ်ပွဲမှာ တစ်ဖက်က အင်အားနည်းမှုကြောင့် စိုးရိမ်စိတ်နဲ့ပတ်သက်ပြီး ကုရ်အာန် ဆူရာဟ် (၃) အာယတ် (၁၂၃) မှာ အလ္လာဟ်က ဘာပြောခဲ့လဲ။

*" ဧကန်မုချ အလ္လာဟ်အရှင်မြတ်က ဗဒ်ရ်စစ်ပွဲမှာ အသင်တို့ကို အကူအညီပေးတော်မူခဲ့တယ်။ အသင်တို့ အင်အား ချည့်နဲ့သူတွေ ဖြစ်တယ်။ ဒါကြောင့် အသင်တို့ အလ္လာဟ်အရှင်မြတ်ရဲ့ ပြဋ္ဌာန်းချက်ကို လိုက်နာရမည်။ အဲဒီလို လိုက်နာမှသာလျှင် အသင်တို့ ကျေးဇူးတရားကို သိတတ်သူတွေဖြစ်မည်။ "*

ဒီအာယတ်တော်က အသင်တို့ ဗဒ်ရ်စစ်ပွဲမှာ အင်အား နည်းတဲ့အချိန်မှာ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်က အသင်တို့ကို အကူအညီပေးခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် အသင်တို့ အလ္လာဟ် အရှင်မြတ်ရဲ့ ကျေးဇူးတော်တွေကို သိတတ်သူတွေ ဖြစ်ကြရန် အလို့ငှာ အရှင်မြတ်ရဲ့ပြဋ္ဌာန်းချက် ဥပဒေသတွေကို လိုက်နာ ဆောင်ရွက်သူ သတ္တဝါရှင်တွေ ဖြစ်ရမည်။

ဗဒ်ရ်စစ်ပွဲဟာ မဒီနာဟ်မြို့တော်ရဲ့ အနောက်တောင်ဘက် မိုင်(၂၀)ခန့်အကွာအဝေးမှာ တည်ရှိသော ခရီးစခန်းရဲ့ နာမည်ဖြစ်ပါတယ်။ အဲဒီစခန်းမှာ ဟစ်ဂျရီ(၂)ခုနှစ်၊ ရမဒွါန်လ (၁၇)ရက်၊ သောကြာနေ့ ခရစ်သက္ကရာဇ်(၆၂၄)ခု၊ မတ်လ (၁၁) ရက်နေ့ မုအ်မင်န်တွေနှင့် မက္ကာဟ်မြို့သား ကိုရိုက်ရှ် ကာဖိရ် မုရှ်ရိက်တွေကြားမှာ ကမ္ဘာ့သမိုင်းမှာ ထူးခြားထင်ရှားတဲ့ စစ်ပွဲ တစ်ပွဲ ဖြစ်တယ်။

ဗဒ်ရ်စစ်ပွဲဟာ မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရိက်တွေက မိုင်ပေါင်း(၃၀၀)ကျော်မှာရှိတဲ့ မဒီနာဟ်မြို့က မုအ်မင်န်တွေကို ကျူးကျော်ခဲ့တဲ့စစ်ပွဲ၊ ဗဒ်ရ်စစ်ပွဲဟာ မက္ကာဟ်မြို့က ကာဖိရ် မုရှ်ရိက်တွေရဲ့ ကျူးကျော်မှုကို မဒီနာဟ်မြို့က မုအ်မင်န် မွတ်ဆလင်မ်တွေ၊ ခံစစ် အနေအထားမှ တိုက်တဲ့စစ်ပွဲဖြစ်ပါတယ်။ ဗဒ်ရ်စစ်ပွဲဟာ အလင်းက အမှောင်ထုကို ဖယ်ရှားခဲ့သောစစ်ပွဲ ဖြစ်ပါတယ်။ ဗဒ်ရ်စစ်ပွဲဟာ သမိုင်းကိုပြောင်းပြန်လှန်ပြီး သမိုင်းစာမျက်နှာကို အသစ်ရေးခဲ့တဲ့ စစ်ပွဲဖြစ်ပါ တယ်။

ဒီးန်စနစ်ဇယား အစ္စလာမ်ကို သက်ဝင်ယုံကြည်လိုက်နာသူ မုအ်မင်န်တွေ ခံစစ်အနေအထားမှာ တိုက်ခဲ့တဲ့ စစ်ပွဲများ အနက်မှ ဗဒ်ရ်စစ်ပွဲဟာ အလွန်တရာ အရေးပါအရာရောက်တဲ့ စစ်ပွဲတစ်ပွဲဖြစ်တယ်လို့ Historians History of the World V.B.P စာအုပ် စာမျက်နှာ(၂၂)မှာ ရေးသားထားတာဖြစ်တယ်။

အလားတူ အမေရိကန် Professor Hint ကလည်း ဗဒ်ရ် စစ်ပွဲဟာ အစ္စလာမ် လူနေမှုစနစ်ကို အကောင်အထည်ဖော်ရမှ ပထမဦးဆုံး ထင်ရှားလှတဲ့ အောင်မြင်မှုတစ်ရပ် ဖြစ်တယ်လို့ Professor ရေးသားထားသော History of the Arabs စာအုပ် စာမျက်နှာ (၁၁၇)မှာ သေသေချာချာ ရေးသားခဲ့တာဖြစ်တယ်။

ဗဒ်ရ်စစ်ပွဲဖြစ်တဲ့အချိန်မှာ မုအ်မင်န်တွေဖက်က အလွန် မတန် အင်အားနည်းပြီး၊ ဒီစစ်ပွဲမှာ မုအ်မင်န် စစ်သည်တော်များမှာ (၃၁၃)မျှသာဖြစ်ပြီး၊ အစီးအနင်းအတွက် မြင်း(၂)ကောင်နဲ့ ကုလားအုတ်(၇၀)မျှသာ ရှိခဲ့တယ်။ အဲဒီအချိန်မှာ တမန်တော်မြတ်က အို-- အလ္လာဟ်အရှင်မြတ်၊ အကယ်၍ ဒီလက်တစ်ဆုပ်စာ မုအ်မင်န်တွေ ဒီစစ်ပွဲမှာ သွေးမြေကျရှုံးနိမ့်ဖြစ်သွားမည်ဆိုရင် ကေယာမသ်နေ့အထိ အရှင်မြတ်ရဲ့ နာမတော်ကို တသ သတိရသူ ရှိလိမ့်မည်မဟုတ်ဘူး။ အို -- အလ္လာဟ်အရှင်မြတ် ကူညီထောက်ပံ့ တော်မူပါဟု ဆုမွန်တောင်းဆိုခဲ့တယ်။ ဒါကြောင့် ကုရ်အာန် ဆူရာဟ်(၃) အာယတ်(၁၂၄-၁၂၅-၁၂၆) မှာ အလ္လာဟ် အရှင်မြတ်က ဘာပြောထားလဲ။

*" အသင်တို့ကို အဆင့်ဆင့်ပြုစုပျိုးထောင် လမ်းညွှန်ရှင် အလ္လာဟ်အရှင်မြတ်က အသင်တို့အတွက် မလာအိကာဟ် စွမ်းအားစု သုံးထောင်ချပေး၍ ထောက်ပံ့ပေးခြင်းအားဖြင့် မလုံလောက်စေဘူးလား"* ဆိုပြီး တမန်တော်မြတ်က အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တွေကို မေးမြန်းခဲ့တယ်။

*" အကယ်၍ အသင်တို့က ကြံ့ကြံ့ခံရပ်တည်ပြီး အမိန့်တော်ကို နာခံလိုက်နာမည်ဆိုလျှင် ရန်သူတွေက အသင်တို့အပေါ် လျှပ်တပြက်ထိုးစစ်ဆင်မှုကို အလ္လာဟ်အရှင်မြတ်က လက်နက်ကိရိယာ*

*အပြည့်အစုံ တပ်ဆင်ထားတဲ့ မလာအိကာဟ် စွမ်းအားစု ငါးထောင် အင်အားဖြင့် အသင်တို့အတွက် အထောက်အပံ့ အကူအညီပေးမည်။ ”*

*" ငါ အရှင်မြတ်က အဲဒီအထောက်အပံ့များအားဖြင့် အသင်တို့ရဲ့ နှလုံးသားတွေကို တည်ငြိမ်အေးချမ်းအောင် သတင်းကောင်းအဖြစ် ပြုလုပ်ပေးခဲ့ခြင်းမှလွဲ၍ အခြားမဟုတ်ပေ။ အကူအညီ၊ အထောက်အပံ့ပေးနိုင်မှုဟာ အနန္တတန်ခိုးတော်ရှင် အနန္တဉာဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်ထံမှာသာလျှင် ဖြစ်တယ် ”*

အထက်မှာ ကျွန်တော်တင်ပြထားတယ်။ ကုရ်အာန်ဆူရာဟ်(၃) အာယတ်တော်(၁၂၄-၁၂၅-၁၂၆) တွေကို လေ့လာကြည့်မယ်ဆိုရင် (၁) ဖွဲ (၂) လုံ့လ (၃) ဝိရိယ (၄) ကြံ့ကြံ့ခံမှုနှင့် (၅) အမိန့်နာခံမှု ဟူသော အစွမ်းသတ္တိငါးခုကို လက်ကိုင်ထားသူ၊ အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တစ်ယောက်အတွက် အဲဒီအစွမ်းသတ္တိငါးခုဟာ ယုံကြည်သူ မုအ်မင်န်ရဲ့ အခက်အခဲအားလုံးကို ကျော်ဖြတ်နိုင်မှ ဖြစ်တယ်။ ဒါကြောင့် အဲဒီအစွမ်းသတ္တိငါးခုကို အလ္လာဟ်အရှင်မြတ်က မလာအိကာဟ် ငါးထောင်လို့တင်စားပြီး ပြောထားတာ ဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ်က ဘာကြောင့် မုအ်မင်န်တွေကို အကူအညီပေးခဲ့တာနဲ့ပတ်သက်ပြီး အာယတ် (၁၂၇) မှာ ပြောထား တာကတော့

*"အလ္လာဟ်အရှင်မြတ်က အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တွေကို ကူညီမြှင့်တင်ပေးခြင်းဟာ အမှန်တရားကို မယုံကြည် သွေဖည်ငြင်းပယ်သူ မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရိက်များအနက်မှ တစ်စုကို အားအင်ချည့်နဲ့စေရန်၊ ဒါမှမဟုတ် သူတို့ရဲ့ အလိုဆန္ဒ မပြည့်ဝဘဲ၊ ဂုဏ်သိက္ခာကျဆင်းပြီး ပြန်လှည့် ဆုတ်ခွာ ထွက်ပြေးကြရန် အလ္လာဟ်အရှင်မြတ်က စီမံတော်မူခဲ့တာဖြစ်တယ် ”*

တစ်နည်းပြောရရင် ဒီးန်စနစ်ဇယား၊ အစ္စလာမ်ကို သက်ဝင်ယုံကြည် လက်ခံခဲ့တဲ့အတွက်ကြောင့် မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရိက်များက မက္ကာဟ်မြို့သား မုအ်မင်န်တွေကို ညှင်းပမ်းနှိပ်စက်မှုနဲ့ အမျိုးမျိုး ဒုက္ခပေးခြင်းခံရမှုကြောင့် နောက်ဆုံး မုအ်မင်န်တွေ မက္ကာဟ်မြို့ကို စွန့်ခွာပြီး မဒီနာဟ်မြို့သို့ ရောက်ခဲ့တယ်။ မဒီနာဟ်မြို့သို့ရောက်ခဲ့တဲ့ မုအ်မင်န်တွေကို မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရိက်တွေက မဒီနာဟ်မြို့ကို သွားပြီး အင်အားနည်းတဲ့ မုအ်မင်န်တွေကို တစ်ယောက်မကျန် တိုက်ခိုက်ချေမှုန်းချင်တဲ့စိတ်နဲ့ တိုက်ခိုက်ခဲ့တဲ့ ကာဖိရ်မုရှ်ရိက်များအနက်မှ စစ်သား (၇၀) ကျဆုံးပြီး စစ်မြေပြင်မှ မရှုမလှ ထွက်ပြေးကြသည်မက စစ်သုံ့ပန်းအဖြစ် မုအ်မင်န်တွေရဲ့လက်ထဲမှာ (၇၀)အဖမ်းခံခဲ့ရတာ ဖြစ်တယ်။ ဒီဗဒရ်စစ်ပွဲနဲ့ပတ်သက်ပြီး ကုရ်အာန်ဆူရာဟ် (၈) အာယတ် (၁၇) မှာ အလ္လာဟ်အရှင်မြတ်က ဘာပြောထားလဲဆိုရင်

*" အသင်တို့က စစ်မြေပြင်မှာ ဆန့်ကျင်ဘက် ရန်သူတွေကို သတ်ဖြတ်ခဲ့တာမဟုတ်ဘူး။ သို့သော် အလ္လာဟ်အရှင်မြတ်က အဲဒီရန်သူကာဖိရ်တွေကို သတ်ဖြတ်ခဲ့တာဖြစ်တယ်။ အသင် (တမန်တော်) မြှားပစ်လွှင့်ခဲ့တဲ့အချိန်မှာ အသင်ကိုယ်တိုင် ပစ်ခဲ့တာမဟုတ်ဘဲ၊ သို့သော် အလ္လာဟ်အရှင်မြတ်က အဲဒီမြှားကို ပစ်လွှင့်ခဲ့တာဖြစ်တယ်။ ”*

ကျမ်းတော်မြတ်ကုရ်အာန်မှာ လမ်းညွှန်ထားတဲ့ ဒီးန်စနစ်ဇယားဟာ လူ့ဘဝတည်ဆောက်မှုမှာ အပြန်အလှန် ပေါင်းစည်းညီညာမှုကို ရောက်လာသည်အထိ ပေါင်းစည်းညီညွတ်၊ ညီညာမှုကို လမ်းညွှန်ထားပါတယ်။ အလ္လာဟ်ရဲ့ပြဌာန်းချက်ကို တမန်တော်မြတ်ကြီးကိုယ်တိုင် လိုက်နာကျင့်သုံး အကောင်အထည်ဖော် တည်ဆောက်ပြခဲ့တာ ဖြစ်ပါတယ်။

အလ္လာဟ်နဲ့ အလ္လာဟ့်တမန်တော်ရဲ့ ပြဌာန်းချက်ကို သက်ဝင်ယုံကြည်သူတွေက လိုက်နာကျင့်သုံး အကောင်အထည်ဖော်ကြတဲ့ အဲဒီလို ညီညွတ်၊ညီညာ ပေါင်းစည်းမှုကို အလ္လာဟ်အရှင်မြတ်က အလွန်နှစ်သက်မြတ်နိုးမှုကြောင့် သက်သေထူတဲ့အနေနဲ့ ဗဒရ်စစ်မြေပြင်မှာ ရန်သူဘက်ကို တမန်တော်မြတ် ပစ်လွှတ်ခဲ့သောမြှားကို အလ္လာဟ်က အဲဒီမြှားပစ်လွှတ်တာကို အသင်မဟုတ် ငါအရှင်ကိုယ်တိုင်ပစ်တာပါလို့ ချီးကျူးဂုဏ်ပြုအားပေးထားတာ ဖြစ်ပါတယ်။

အဲဒီတော့ အလ္လာဟ်အလိုရှိတာကို လိုက်နာသူနှင့် မလိုက်နာသူ၊ အလ္လာဟ်အလိုရှိတာကို လိုက်နာမည်ဆိုရင် ဂုဏ်ပေးချီးကျူးခြင်းခံရမည်။ မလိုက်နာရင် ရဟ်မသ်တော်မှ ဝေးခွာသွားမှု ပြစ်ဒဏ်ပေးခံရမည့်အကြောင်း ကုရ်အာန်ဆူရာဟ် (၃) အာယတ် (၁၂၈)မှာ-

" ***အနန္တစကြာဝဠာများနှင့် လူ့လောက ကမ္ဘာဂြိုဟ်မှာရှိတဲ့ ရှိရှိသမျှ အရာအားလုံးဟာ အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တယ်။ တစ်နည်း အလ္လာဟ်သာလျှင် ပိုင်ဆိုင်တာဖြစ်တယ်။ အလ္လာဟ်ကလွဲလို့ ဘယ်သူမှပိုင်ဆိုင်တာ မဟုတ်ဘူး။ အလ္လာဟ် အလိုရှိတဲ့လူ မည်သူကိုမဆို လုံခြုံမှုပေးမည်။ အလ္လာဟ်အလိုရှိတဲ့လူ မည်သူကိုမဆို ပြစ်ဒဏ်ပေးမည်။ ”***

(တစ်နည်း)ပြောရရင် အလ္လာဟ်အရှင်မြတ် ပြဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းအတိုင်း လိုက်နာကျင့်သုံးသူ (တစ်နည်း) အလ္လာဟ်အလိုရှိတဲ့အတိုင်း လိုက်နာကျင့်သုံးသူကို အလ္လာဟ်က လုံခြုံမှုပေးမည်။ ဂုဏ်ပေးချီးကျူးမည်။ အလ္လာဟ်ချမှတ်ပြဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းအတိုင်းမလိုက်နာသူ(တစ်နည်း) အလ္လာဟ်အလိုရှိတဲ့အတိုင်း မလိုက်နာတဲ့လူကို အလ္လာဟ့်ရဲ့ဥပဒေက ပြစ်ဒဏ်ပေးမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်က လိုအပ်ချက်

တွေကို ထောက်ပံ့ဖြည့်ဆည်းပြီး လုံခြုံမှုပေးတော်မူသောအရှင်ဖြစ်ပါတယ်။ ဒါကြောင့် မည်သူမဆို အမှန်တရားပေါ်မှာ ကြံ့ကြံ့ခံရပ်တည်ပြီး အမိန့်တော်ကို နာခံလိုက်နာမည်ဆိုလျှင် ဧကန်မုချ အလ္လာဟ်အရှင်မြတ်က အားပေးကူညီမှာ ဖြစ်ပါတယ်ဆိုတာကို တင်ပြရင် ကျွန်တော့်ရဲ့ ဟောပြောမှုကို နိဂုံးချုပ်အပ်ပါတယ် ။ ။

# 'ဟက်နှင့်ဗာတွဲလ်' 'ဟရာမ်နှင့်ဟလာလ်'

## (အပိုင်း–၁)

### `အတ်စ္စလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရကာသုဟု´

`အလ်ဟက်´ အမှန်တရားအတိုင်း မလိုက်နာ၊ မကျင့်သုံးဘဲ၊ `အလ်ဗာတွဲလ်´လွဲမှားချွတ်ချော်ပြီး မဟုတ်မမှန် မတရားတဲ့နည်းလမ်းအရ ရှာဖွေစုဆောင်းမည့် ဥစ္စာပစ္စည်းတွေဟာ ရှာဖွေစုဆောင်းသူ မည်သူမဆို ဘယ်သူ့ကိုပဲဖြစ်ဖြစ်၊ အဲဒီလိုရှာဖွေစုဆောင်းမည့် ဥစ္စာပစ္စည်းတွေဟာ ကိယာမသ် ကမ္ဘာ့တရားစီရင်မည့်နေ့မှာ ကယ်နိုင်မှာမဟုတ်ဘူး။ ဧကန်မလွဲ အဲဒီလူဟာ ချိုးဖျက်ချေခွဲ အပိုင်းပိုင်းဖြစ်စေမည့် `ဂျဟန္နမ်´ ငရဲထဲကို ပစ်ချခြင်းခံရမှာဖြစ်ပါတယ်။ အဲဒီလို အချိန်အခါမျိုးမှာ သူဘာပြောမည်ဆိုလျှင် ကုရ်အာန် ဆူရာဟ်(၉၂) အာယတ်(၁၁)ရဲ့တင်ပြချက်ကတော့ **`ဝမာယုဂ်နီ´`ငင်းပြင်အသုံးဝင်မည်မဟုတ်ပေ´ `အန်ဟုမာလောဟု´ `သူနှင့်ပတ်သက်ပြီး သူရဲ့ဥစ္စာပစ္စည်းသည်´ `အိဇာသရဒ်ဒါ´ `သူဟာ ပျက်စီးအံ့ ဆဲဆဲ ကဘာရ်တွင်းထဲကို ကျရောက်တဲ့အခါ´** " ***အဲဒီလို ဥစ္စာပစ္စည်းရှာဖွေမည့်လူဟာ ကဘာရ်တွင်းထဲကို ကျရောက်သည့်အခါ သူရဲ့ဥစ္စာပစ္စည်းတွေ သူ့အတွက် အသုံးဝင်အရာရောက်မှာမဟုတ်ဘူး*** "(ကုရ်အာန် - ၉၂း၁၁)

အဲဒီလိုလူနှင့်ပတ်သက်ပြီး ကုရ်အာန် ဆူရာဟ်(၆၉) အာယတ်(၂၉)ရဲ့တင်ပြမှုကတော့ **`ဟလာခါအန်နီ´ `ကျွန်တော်နှင့်ပတ်သက်ပြီး ပျောက်ပျက်သွားတယ်၊ ပျက်စီးသွားတယ်´ `ဆွလ်သာနိယဟ်´`ကျွန်တော်ရဲ့အစွမ်းသတ္တိ၊ ဂုဏ်ကျက်သရေ၊ သြဇာအာဏာ ပျောက်ပျက် ပျက်စီးသွားပြီ။** အဲဒီလူက " ***ကျွန်တော်ရဲ့ အစွမ်းသတ္တိ၊ ဂုဏ်ကျက်သရေ၊ သြဇာအာဏာဟာ ကျွန်တော်နှင့်ပတ်သက်သမျှအားလုံး အသုံးမဝင်၊ အရာမရောက် ပျောက်ပျက်ပျက်စီးသွားတယ်လို့ သူပြောလိမ့်မည်*** "(ကုရ်အာန် - ၆၉း၂၉)

ဆက်လက်ပြီး အာယတ်(၃၅)မှာတော့ **`ဖလိုက်ဆလောဟု´`သူ့အတွက်လုံးဝမရှိပေ´`အာလ်ယွမ်´`ဒီကနေ့´`ဟာဟုနာ´ `ဒီနေရာမှာ´`ဟမိမ္မွန်´ဆိုတာ `အလွန်ချစ်ခင်မြတ်နိုးသောမိတ်ဆွေ´** " ***အဲဒီနေ့၊ အဲဒီနေရာမှာ သူ့အတွက် သူအလွန်ချစ်ခင်မြတ်နိုးတဲ့ မိတ်ဆွေတစ်ဦးတစ်ယောက်မှ အရာရောက်မှာ မဟုတ်ဘူး*** " (ကုရ်အာန် - ၆၉း၃၅) (တစ်နည်း) ပြောရရင် လောကကြီးမှာ လူတစ်ယောက်ကို အားပေးကူညီ ထောက်ပံ့မည့်၊ အကာအကွယ်ပေးမည့်၊ ကယ်တင်ရှင်အင်အားစုအဖြစ် မိဘ၊ သားသမီး၊ ဥစ္စာပစ္စည်း၊ ဆွေမျိုးသားချင်း၊ အပေါင်းအဖော်၊ အသိမိတ်ဆွေတွေဟာ ကိယာမသ် ကမ္ဘာ့တရားစီရင်မည့်နေမှာ အသုံးဝင်အရာရောက်မှာ မဟုတ်ဘူး။

ဒါကြောင့် အလ္လာဟ်အရှင်မြတ် ချမှတ်ပြဋ္ဌာန်းထားတဲ့ ကျမ်းတော်မြတ်ကုရ်အာန်ပါ နည်းပေးလမ်းညွှန်မှုအတိုင်း ဥစ္စာပစ္စည်းတွေကို ရှာဖွေရမည်။ ကုရ်အာန်နည်းကျ ကျင့်သုံးရမည်။ အဲဒီတော့ `ဟလာလ်´နှင့်`ဟရာမ်´ကို ရှင်းလင်းတင်ပြရင်းနဲ့ ကုရ်အာန်နည်းကျ တရားတဲ့နည်းလမ်းအားဖြင့် ရှာဖွေမည့်ငွေကြေးဥစ္စပစ္စည်းတွေကို `အလ်ဟက်´ အမှန်တရားလို့ သတ်မှတ်ပြီး ကုရ်အာန်ပါ နည်းပေးလမ်းညွှန်မှုကို ဆန့်ကျင်ပြီးရှာဖွေမည့် ငွေကြေးဥစ္စာပစ္စည်းတွေကို ကုရ်အာန်က `အလ်ဗာတွဲလ်´ဆိုပြီးသတ်မှတ်ထားတာ တွေ့ရပါတယ်။

သက်သေအထောက်အထားအရ `ဟက်နှင့်ဗာတွဲလ်´ `ဟရာမ်နှင့်ဟလာလ်´ နှင့်ပတ်သက်ပြီး အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ဆူရာဟ်(၄၂) အာယတ်(၂၄)မှာ ဘာပြောထားလဲဆိုရင်

**`ဝယမ်ဟုလ္လာဟု´`အလ္လာဟ်အရှင်မြတ်က သုတ်သင်ရှင်းလင်း ပပျောက်စေမှာဖြစ်တယ်´`အာလ်ဗာတွစ်လ်´`မဟုတ်မမှန်၊ မတရားမှု တစ်စုံတစ်ခုမှ အကျိုးခံစားနိုင်ရန် မျှော်လင့်ထားတာတွေ ဖြစ်ပေါ်မလာဘဲ အချည်းနှီးအကျိုးမဲ့သော ပုံရိပ်တွေပေါ်လာခြင်း (တစ်နည်း) အနှစ်သာရပျောက်ပြီး သွင်ပြင်မှုသာကျန်ရစ်ခဲ့မှာဖြစ်တယ်´`ဝယူဟိက်ကလ်ဟက်ကာဘိကလိမာသိဟိ´`အလ္လာဟ်အရှင်မြတ်ရဲ့ စကားဥပဒေသ အမှန်တရားဟာ အခိုင်အမာဖြစ်တော်မူပေမည် (တစ်နည်း) `အာလ်ဟက်´ `အမှန်တရားက´`အလ်ဗာတွစ်လ်´ `အချည်းနှီး အကျိုးမဲ့သော မတရားမှုတွေကို ပပျောက်စေမှာဖြစ်တယ်´ `အိန်နဟုအာလိမ္မွန်´ `ဧကန်အမှန် အလ္လာဟ်အရှင်မြတ်က အကြွင်းမဲ့သိတော်မူတယ်´ `ဗိဇာသိစ်ဆုဒုရ်´`စိတ်နှလုံးတွေထဲမှာ ရှိရှိသမျှတွေကို အလ္လာဟ်က အကြွင်းမဲ့ သိတော်မူသောအရှင်ဖြစ်ပါတယ်´**

အလ္လာဟ်အရှင်မြတ်က သူရဲ့ `ကလိမာဟ်´စကားတွေ အလ္လာဟ်ချမှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းတွေက အကျိုးမဲ့ အချည်းနှီးဖြစ်စေသော မတရားမှုတွေကို ပျောက်ပျက်စေပြီး၊ အမှန်

တရားကို အခိုင်အမာဖြစ်အောင် ပြုလုပ်တော်မူပေမည်။ ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်ဟာ (လူတွေရဲ့) စိတ်နှလုံးတွေထဲမှာ ရှိတာတွေကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်ပါတယ်။

အဲဒီတော့ ပေမမီ ဒေါက်မမီ ကျောင်းတော်ဝါဒ `မဇ်ဟဗ်´အရ ကျင့်သုံးနေသော ကောင်းမှုဆိုင်ရာဆိုတဲ့ သူတော်ကောင်းတရားတွေရဲ့ အစဉ်အလာကို လိုက်နာရာမှ အနှစ်သာရမဲ့စွာ ထင်ကျန်ခဲ့တဲ့ သူတော်ကောင်းတရား ဆိုတာတွေကို လွဲမှားမှုဆိုသော သဘောတရားနှင့် သုံးသပ်ကြည့်မည်ဆိုလျှင် ကိုးကွယ်ဆည်းကပ်မှုပေါင်းများစွာမှ ရရှိမည်လို့မျှော်လင့်ထားသော ကုသိုလ်ဆိုတာတွေ ပုံပေါ်လာခြင်းမရှိဘဲ၊ လူ့ဘောင်ရဲ့ ကျဆင်းဆုတ်ယုတ်မှုတွေကို လူတွေ လုပ်ဆောင်နေကြသော ကိစ္စရပ်တွေဟာ လွဲမှားမှုတွေ ဖြစ်နေလားဆိုတာကို မွေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

အဲဒီတော့ `ဟက်နှင့်ဗာတွဲလ်´ ရဲ့အကြောင်းကို တင်ပြရရင် တမန်တော်မြတ်မုဟမ္မဒ်(ဆွ)နှင့် တမန်တော်မြတ်ရဲ့ အဆွဟာဘ်တွေက ကျမ်းတော်မြတ်ကုရ်အာန်မှာပါတဲ့ လမ်းညွှန်ချက်ကို လိုက်နာကျင့်သုံးခဲ့တဲ့အတွက် လုပ်ရပ်တိုင်းရဲ့ အကျိုးရလဒ်တွေကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့တယ်။ အဖက်ဖက်မှ အောင်မြင်မှုကိုရရှိခဲ့တဲ့ နှစ်ပေါင်း(၄၂)နှစ်ကျော်ပြီးတဲ့နောက် (မုအာဝေယာ နှင့် သူ့သားယဇီးဒ်)က ကုရ်အာန်နည်းကျ လူနေမှုစနစ်ကို မျက်ကွယ်ပြုပြီး၊ ဖိရ်အောင်န်နည်းကျ အမျိုးသားရေးဝါဒကို ကျင့်သုံးမှုအောက်မှာ မွတ်ဆလင်မ်တွေ ပေမမီ ဒေါက်မမီ ကျောင်းတော်ဝါဒ မဇ်ဟဗ်ရဲ့ အဆိုအမိန့်တွေကို လိုက်နာနေကြတာ နှစ်ပေါင်း(၁၀၀၀)ကျော်နေပြီးဖြစ်တယ်။ ဒါကြောင့် ဘာအကျိုးရလဒ်မှ ပေါ်ထွန်းလာတာမတွေ့ရဘူး။

လေးစားအပ်ပါသော မွတ်ဆလင်မ်အမျိုးသား၊ အမျိုးသမီးများခင်ဗျာ (၂၀)ရာစု အတွေးအခေါ်ရှင် မွတ်ဆလင်မ် စာဆိုတော် အလ္လာမာ အက်ဘာလ်က ကဗျာတစ်ပုဒ်စပ်ဆိုရင်းနဲ့ ဘာပြောခဲ့လဲဆိုရင် `တစ်ချိန်တုန်းကရှိခဲ့တဲ့ အဲဒီမွတ်ဆလင်မ်တွေ ကျမ်းတော်မြတ်ကုရ်အာန်ပါ နည်းပေးလမ်းညွှန်မှု ဥပဒေသတွေကို သက်ဝင်ယုံကြည် နာခံဘဝတည်ဆောက်ခဲ့တဲ့အတွက် ဂုဏ်သိက္ခာနှင့်ပြည့်စုံပြီး ရောက်တဲ့အရပ်ဒေသမှာ ချစ်ခင်လေးစားခြင်းခံရတယ်။ ကြိုဆိုခြင်းခံရတယ်။ အသင်တို့ ကုရ်အာန်ကို မျက်ကွယ်ပြုပြီး စွန့်လွှတ်ခဲ့တဲ့အတွက်ကြောင့် ဂုဏ်သိက္ခာကျဆင်းပြီး မျက်နှာမဲ့ဘဝမှ ရောက်တဲ့အရပ်ဒေသက နှင်ထုတ်ခြင်းခံရတာဖြစ်တယ်။

ကျမ်းတော်မြတ်ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်နဲ့ ဥပဒေစည်းမျဉ်းတွေ ပါရှိသလို၊ အဲဒီဥပဒေ စည်းမျဉ်းတွေမှ မည်သို့မည်ပုံ မည်သည့်ရလဒ်တွေကို ပုံပေါ်ဖြစ်ထွန်းလာမည်ဆိုတာကိုပါ ပြဌာန်းထားပြီးသားဖြစ်တယ်။ သက်သေအထောက် အထားအရ ကုရ်အာန် ဆူရာဟ်(၁၆) အာယတ်(၇၂)မှာ ဘာပြောထားလဲဆိုရင်

*"အလ္လာဟ်အရှင်မြတ်က အသင်တို့အတွက် အသင်တို့ရဲ့ (လူ့ဇီဇ) ထဲမှာပင် အပေါင်းအဖော်၊ ကြင်ရာကြင်ဖက်တွေကို စီမံပေးထားတာဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်က အသင်တို့အတွက် အသင်တို့ရဲ့ အပေါင်းအဖော်၊ ကြင်ရာကြင်ဖက်များမှ သားသမီး၊ မြေးမြစ်တွေကို (ပေါက်ဖွားရန်) စီမံပြုလုပ်ထားပြီး ခြွေရံသင်းပင်းများကိုလည်း ပြုလုပ်ပေးထားတာဖြစ်တယ်။ ၎င်းပြင် အသင်တို့အား ကောင်းမွန်သန့်ရှင်း လက်ဆတ်ပြီး အဟာရဖြစ်စေသော အစားအသောက်၊ အထောက်အပံ့တွေကို ချီးမြှင့်ထားတာဖြစ်တယ်။ အဲဒီလိုလုပ်ပေးထားပါလျက် လူတွေ အခြေအမြစ်ခိုင်မာမှုမရှိဘဲ အချည်းနှီးဖြစ်တဲ့အရာတွေကို ယုံကြည်မှာလား။ အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်ဖြစ်တဲ့ ကောင်းကျိုးဖြစ်ထွန်းစေမည့် ထောက်ပံ့မြှင့်တင်မှုကို သူတို့ ငြင်းကွယ်လိုသလား "*

ဘာကြောင့်လဲဆိုရင် အခြေအမြစ်ခိုင်မာပြီး၊ အကျိုးဖြစ်ထွန်းစေမည့် အရှိတရားကို ယုံကြည်လိုက်နာခြင်းအားဖြင့် ဘဝရဲ့ အောင်မြင်မှုကောင်းကျိုး `နအ်မသ်´ကို ရရှိဖို့အကြောင်းရင်းသာဖြစ်တယ်။ ဒါပေမယ့် ဘဝမှာ အောင်မြင်ခြင်းသုခ ကောင်းကျိုးဖြစ်ပေါ်မှုတွေ စိတ်သုဉ်းနေမည်ဆိုလျှင် အဲဒီနေရာမှာ `ဟက်´ အမှန်တရားအခြေခိုင်မှုနှင့် အရှိတရားအစား၊ `ဗာတွဲလ်´ လွဲမှားချွတ်ချော်မှုနှင့် အခြေမခိုင်မှုတွေ သက်ရောက်တည်ရှိနေမယ်လို့ ထောက်ပြချင်တာဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ တွေးခေါ်ယူဆမှုအရ အမှန်တရားလို့ ထင်မြင်ယူဆလင့်ကစား၊ စင်စစ် အဲဒီအရာဟာ လွဲမှားချွတ်ချော်မှုသာဖြစ်တယ်။ အဲဒီတော့ ကျွန်ုပ်တို့ရဲ့ဆွလားသ်၊ ဆွီယာမ်၊ ဇကားသ်၊ ဟဂျ်၊ ဒီလုပ်ရပ်ရဲ့အကျိုးရလဒ် ဘာကြောင့်ပေါ်ထွက်မလာတာလဲ။ ဥပမာပေးတင်ပြမည်။ အရဗီစာပေအရ ကုရ်အာန်ပါ ဆွလားသ် ဆိုတာဘာလဲ။ ဆွလားသ်တည်ဆောင်မှုစနစ် ဆိုတာဘာလဲ။ ဘာမှမသိနားမလည်ဘဲ ဖါရ်စီစကားအခေါ်အဝေါ်အရ နမားဇ်ကို သာဖတ်ပြီး အလ္လာဟ့်ဆီက မိုးကောင်းကင်ကနေ ငွေထုတ်ကြီးများ ကျရောက်လာမှာလားဆိုပြီး မျှော်လင့်နေသောအုပ်စု၊ ဒါမှမဟုတ် ဖဂျရ်ဖတ်ပြီး မဟုတ်မမှန်တာ၊ ကြိုက်တာလုပ်၊ နေ့လယ် ဇိုဟိုရ်ဖတ်တာနဲ့ `ဂူနာအကုသိုလ်´အားလုံး ခွင့်လွှတ်တဲ့အကြောင်း ဖဇာအိလ်စာအုပ်မှာ ရေးသားထားတာ တွေ့ရပါတယ်။

အဲဒီလို လိမ်ညာပြီး စည်းရုံးရေးကို လူများစုက အဟုတ်အမှန်ထင်ပြီး ယုံကြည်လိုက်လုပ်နေကြတာ တွေ့ရတယ်။

အလ္လာဟ်အရှင်မြတ်က ဆဒ္ဒီယာမ်ဥပုသ်သီလကို ညအမှောင် ကျ ရောက်တဲ့အထိတိုင်အောင် စောင့်ထိန်းရမည်လို့ ပြောထားပါ လျက်နဲ့ ကုရ်အာန်ပါ အလ္လာဟ့်အမိန့်တော်ကို ဖီဆန်ပြီး လူများစုက `မဂ်ရိဗ်´နေဝင်တဲ့အချိန်မှာ ဝါဖြေတာလည်း တွေ့ရပါတယ်။

ဇကားသ်ကတော့`ဘိုင်သုလ်မားလ်´စနစ်နဲ့ ဆင်းရဲသား ပပျောက်အောင် အားသာချက်နှင့် အားနည်းချက် ညီမျှအောင် သူ တောင်းစားပပျောက်အောင် လုပ်ရမည့်အစား ဆင်းရဲသားများပြား ရေး၊ သူတောင်းစားပြန့်ပွားရေးလုပ်နေတာလည်း တွေ့ရပါတယ်။

တစ်နှစ်တစ်နှစ်ကို သန်းပေါင်းများစွာ မွတ်ဆလင်မ်တွေ `ဟဂ်ျ´သွားလုပ်ကြတယ်။ ဒါပေမဲ့ ကမ္ဘာ့လူသားရေးရာ ဟဂ်ျ ညီလာခံ အွမ်ရာညီလာခံတစ်ရပ်မဟုတ်တဲ့အတွက် ကမ္ဘာလူသား နှင့်ပတ်သက်ပြီး ဘာအကျိုးရလဒ်မျှ ပေါ်ထွက်လာတာ မတွေ့ရ ဘူး။ အဲဒီလို အသက်မပါ ရှင်သန်မှုမဲ့သော အစဉ်အလာအရ လုပ် နေသော လုပ်ရပ်တွေဟာ ပေမမီ ဒေါက်မမီ ကျောင်းတော်ဝါဒရဲ့ အဆိုအမိန့်အရလုပ်တဲ့ လုပ်ရပ်ကြောင့်သာ ဖြစ်ပါတယ်လို့ ပြော ချင်ပါတယ်။

လေးစားအပ်ပါသော မွတ်ဆလင်မ်အမျိုးသား၊ အမျိုး သမီးများခင်ဗျား-

အဲဒီတော့ လွဲမှားချွတ်ချော်မှု၊ တည်မြဲမှုမရှိခြင်း၊ အမြင် အရ ဒါမှမဟုတ် သွင်ပြင်လက္ခဏာအရ ခိုင်မာတယ်လို့ ထင်ရ သော်လည်း ဖစ်မြစ်တည်ရှိမှုအရ မူလတည်ရှိမှုအရ ခိုင်မာမှု မရှိခြင်းသာ ဖြစ်တယ်။ ကျွန်ုပ်တို့တစ်ယောက်ချင်း မိမိကိုယ်ကို ပြုပြင်ပြောင်းလဲပြီး အမှန်တရားပေါ်မှာ လိုက်နာကျင့်သုံးမည်ဆို လျှင် မှားယွင်းတဲ့လုပ်ရပ်တွေဟာ ကွယ်ပျောက်သွားမှာ ဖြစ်တယ်။ သက်သေအထောက်အထားအရ ကုရ်အာန် ဆူရာဟ်(၁၇) အာယတ် (၈၁)မှာ-

" ***အို တမန်တော် အသင် လူတွေကို အသိပေး ကြေငြာ လိုက်ပါ။ အရှိတရား၊ အမှန်တရား ရောက်လာတာနဲ့ မှားယွင်းမှုဟာ ကွယ်ပျောက် ပျက်ပြယ်သွားတော့မှာဖြစ်တယ်။ ကေန်စင်စစ် မှားယွင်းမှုဆိုတာ အမှန်တရားရောက်လာတာနဲ့ ကွယ်ပျောက် ပျက်ပြယ်သွားမယ့်အရာပင်ဖြစ်တယ်။ "***(ကုရ်အာန် - ၁၇း၈၁)

အဲဒီတော့ `ဗာတွဲလ်´ရဲ့အရည်အသွေးကို ကွယ်ပျောက် ပျက်ပြယ်ပြုန်းတီးခြင်းလို့ အနက်ဖွင့်ဆိုထားပါတယ်။ မှားယွင်းချွတ် ချော်မှုဆိုတာ အမှန်တရားမပေါ်ပေါက်သရွေ့ တည်ရှိနိုင်မှာ ဖြစ် တယ်။ စင်စစ် အမှားဟာ အမှောင်နှင့်တူပြီး၊ အမှန်တရားကတော့ အလင်းနှင့်တူတယ်။ အမှောင်ဟာ အလင်းမပေါ်ပေါက်သရွေ့ မင်း မူနိုင်ပြီး၊ အလင်းရောက်လာတာနဲ့ တစ်ပြိုင်နက်တည်း ပျက် ပြယ်သွားမှာဖြစ်တယ်။ `အလ်ဟက်´အမှန်တရားဆိုတာ ကျစ်လျစ် သိပ်သည်းပြီး အကောင်အထည်အဖြစ် တည်ရှိသော အပြုစွမ်းရည် ခိုင်မာမြဲမြံ၍ အကျိုးရလဒ်ကို ပေါက်ဖွားဖြစ်ထွန်းစေသော အပြုစွမ်း အားကို ရည်ညွှန်းနေတာဖြစ်တယ်။

ဒါကြောင့် `အလ်ဟက်၊ အလ်ဗာတွဲလ်´ နဲ့ပတ်သက်ပြီး ကုရ်အာန်ဆူရာဟ်(၂) အာယတ်(၄၂)မှာ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်မှတဆင့် ကျွန်ုပ်တို့ကို ဘာပြောထားလဲဆိုရင် **`ဝေါလာသလ်ဘဲစု´`အသင်တို့ ရောနှောရှုပ်ထွေးအောင် မလုပ်နဲ့´ `အလ်ဟက်ဘိလ်ဗာတွဲလ်´`အမှန်ကို မှားယွင်းမှုနှင့် မှန်ကန်မှုကို လွဲမှားမှုနှင့် အမှန်တရား၊ သစ္စာတရားကို လွဲမှားချွတ်ချော်မှုနှင့် ရောနှောရှုပ်ထွေးအောင် မလုပ်ရဘူး´ `ဝေါသက်သုမုလ်ဟက်´ `အသင်တို့ အမှန်တရားကို ထိန်ချန်ဖုံးကွယ်ခြင်းလည်း မလုပ် ရဘူး´`ဝေါအန်သုမ် သအ်လောမွန်´ `အသင်တို့ကိုယ်တိုင် သိရှိ နားလည်ပြီးဖြစ်တယ်´**

" ***အသင်တို့ အမှန်ကို မှားယွင်းမှုနှင့်၊ မှန်ကန်မှုကို လွဲမှားမှုနှင့် အမှန်တရား၊ သစ္စာတရားကို လွဲမှားချွတ်ချော်မှုနှင့် ရော နှောရှုပ်ထွေးအောင် လီဆည့်ပြီး မုသားပြောဆိုခြင်း မလုပ်ရဘူး။ အသင်တို့ အမှန်တရားကို ထိန်ချန်ဖုံးကွယ်ခြင်းလည်း မလုပ်ရဘူး။ အသင်တို့ကိုယ်တိုင် သိရှိ နားလည်ပြီးတဲ့နောက် အမှန်တရားကို လွဲမှားမှုနဲ့ ရောနှောရှုပ်ထွေးအောင် မလုပ်ရသလို၊ အမှန်တရားကို ထိန်ချန်ဖုံးကွယ်ခြင်းလည်း မလုပ်ရဘူး။ "***(ကုရ်အာန် - ၂း၄၂)

ပစ္စည်းတစ်ခုမှာ စံချိန်စံနှုန်းသတ်မှတ်ထားတဲ့ အရည် အသွေးရှိမရှိ သိရှိဖို့အတွက် မှတ်ကျောက်တင် တိုက်ကြည့်ကြ တယ်မဟုတ်လော။ စံချိန်စံနှုန်းမပြည့်မှု၊ မကိုက်ညီပါက အဲဒီပစ္စည်း ဟာ `ဗာတွဲလ်´ဖြစ်ပြီး၊ သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းအတိုင်း အရည်အသွေးပြည့်မီကိုက်ညီပါက `ဟက်´ဖြစ်မည်။

ဒီနေရာမှာ ကြားဖြတ်အနေနဲ့ သောကြာနေ့ဓမ္မသဘင်လို့ ခေါ်ကြတဲ့အကြောင်းအရာနဲ့ ဆွလားသ်အစုအဝေးပြုခြင်းရဲ့ အနေ အထားအမှန်ကို တင်ပြရရင်၊ တစ်နေ့တာ ဆွလားသ်အစုအဝေး ထက် တဆင့်တက်ပြီး မှအ်မင်န်တွေရဲ့ လူမှုဘဝတည်ဆောက်ရေး မှ စုစုဝေးဝေး၊ညီညာဖျဖျ တက်ညီလက်ညီ စုဝေးခြင်းနှင့်ပတ်သက် ပြီး ကုရ်အာန် ဆူရာဟ်(၆၂) အာယတ်(၉)မှာ အလ္လာဟ်အရှင်မြတ် က ဘာပြောထားလဲဆိုရင်-

" ***အို အီမာန်သက်ဝင်ယုံကြည်ပြီးသူတို့ ဂျုမုအာနေ့မှာ လူမှုစုဝေးပြီး ဆွလားသ်တည်ဆောက်ဖို့အတွက် (သံတော်ဆင့်) `မော်ဇင်´က အသံပေးဆင့်ခေါ်တဲ့အခါ အသင်တို့ အကျိုးအမြတ်***

*ရှိတဲ့ အရောင်းအဝယ်၊ အလုပ်အကိုင်တွေကို ခေတ္တခဏ ရပ်ဆိုင်းပြီး ခပ်သုတ်သုတ် (အပြေးတစ်ပိုင်း) လာကြလော့။ အသင်တို့ ဒီကိစ္စရဲ့ သဘောတရားကို ထိုက်ထိုက်တန်တန် သိရှိမည်ဆိုလျှင် အသင်တို့ အတွက် သာလွန်ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေရှိတယ် ”* (ကုရ်အာန် - ၆၂း၉)

ဆက်လက်ပြီး ကုရ်အာန် ဆူရာဟ်(၇) အာယတ်(၂၀၄)မှာ-

" *ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းခံရတဲ့အခါ အသင်တို့ သေသေချာချာ နားထောင်ကြပါ။ အသင်တို့ စိတ်ငြိမ်စွာ နေကြ။ အသင်တို့ အဲဒီလိုလုပ်မှသာလျှင် ရဟ်မသ်ပေးခြင်း ခံရမှာဖြစ်တယ် ”* (ကုရ်အာန် - ၇း၂၀၄)

တစ်နည်းပြောရရင် အသိဉာဏ်ပညာ ဗဟုသုတအလင်းရောင်ပေးမည့် ကုရ်အာန်ဖတ်ရွတ်ခြင်းခံရတဲ့အခါ အသင်တို့ သေသေချာချာ အရက်စူးစိုက်နားဆင်ပြီး အဲဒီအတိုင်း လိုက်နာကျင့်သုံးမှသာလျှင် အသင်တို့ ရဟ်မသ်ပေးခြင်းခံရမှာ ဖြစ်တယ်။ အဲဒီတော့ ဆူရာဟ်ဂျူမုအာမှာပါတဲ့ အာယတ်တော်(၉)အရ အရောင်းအဝယ်၊ အလုပ်အကိုင် ခဏရပ်ဆိုင်းရမည်။

အထူးသဖြင့် ခွတ္တဗါဟ်မိန့်ခွန်းစတာနဲ့ ရောင်းဝယ်ပေးဝေငှားတာ၊ အသံကျယ်ကျယ်ပြောဆိုတာ ခဏရပ်ဆိုင်းရမည်။ ဆူရာဟ်(၇) အာယတ်တော်(၂၀၄)အရ ကုရ်အာန် ဖတ်ရွတ်တင်ပြခြင်းခံရတဲ့အခါ အမျိုးသားဖြစ်စေ၊ အမျိုးသမီးများဖြစ်စေ ဟိုဟိုဒီဒီ စကားပြောဆို ဆူဆူညံညံမလုပ်ဘဲ၊ သေသေချာချာ အရက်စူးစိုက်နားဆင်ပြီး လိုက်နာကျင့်သုံးဖို့ ကုရ်အာန်ပါ အလ္လာဟ့်တရား၊ အလ္လာဟ့်စကား ဥပဒေသတွေကို သက်ဝင်ယုံကြည်သူတိုင်း၊ အမျိုးသား၊ အမျိုးသမီးအားလုံးပေါ်မှာ မပြုမနေရတာဝန်တစ်ရပ် ဖြစ်ပါတယ်။

အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းတွေကို သက်ဝင်ယုံကြည် လိုက်နာကျင့်သုံးသူ စစ်မှန်တဲ့ မုအ်မင်န်တွေရဲ့ အရည်အချင်း၊ အရည်အသွေးနဲ့ပတ်သက်ပြီး ကုရ်အာန် ဆူရာဟ်(၈) အာယတ်(၂-၃-၄)မှာ

" *ကေန်အမှန် အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တွေဟာ အလ္လာဟ်အရှင်မြတ်ကို တသ သတိရခြင်းခံရတဲ့အခါ (တစ်နည်း) အလ္လာဟ့်စနစ်ဖယားကို သတိရတဲ့အခါ အဲဒီယုံကြည်သူ မုအ်မင်န်တွေရဲ့ နှလုံးသားတွေဟာ ရင်ခုန်လှုပ်ရှားကြတယ်။ အဲဒီ မုအ်မင်န်တွေရဲ့ ရှေ့မှောက်မှာ အလ္လာဟ်အရှင်မြတ်ရဲ့ အာယတ်၊ တရားဒေသနာတော်တွေကို ဖတ်ရွတ်တင်ပြခြင်းခံရတဲ့အခါ အဲဒီ မုအ်မင်န်တွေရဲ့ ယုံကြည်မှု အီမာန်ဟာ တိုးပွားကြမည်။ သူတို့ကို အဆင့်ဆင့် ပြုစုပျိုးထောင် လမ်းညွှန်ရှင်ဖြစ်တဲ့ အရှင်မြတ်ပေါ်မှာ အားကိုးအားထားပြုကြမည်။ အဲဒီမုအ်မင်န်တွေ ခိုင်ခိုင်မာမာ ရပ်တည်ပြီး ဆွလားသ်တည်ဆောက်ကြမည်။ ငါအရှင်မြတ်က အဲဒီမုအ်မင်န်တွေကို ချီးမြှင့်ထားတဲ့ ရိဇ္ဇ၊ အရည်အချင်း၊ အရည် အသွေးတွေကို သူတို့က (အများအကျိုး)အတွက် ပေးကမ်း စွန့်လွှတ် မျှဝေခံစားကြမည်။ အဲဒီလူတွေသာလျှင် စစ်မှန်တဲ့ မုအ်မင်န်တွေဖြစ်မည်။ သူတို့ကို အဆင့်ဆင့် ပြုစုပျိုးထောင် လမ်းညွှန်ရှင်ဖြစ်တဲ့ အရှင်မြတ်ထံမှ သူတို့အတွက် အဆင့်အတန်း တွေရှိတယ်။ လွတ်ငြိမ်းချမ်းသာခွင့်သော်၎င်း၊ ရိဇ္ဇ၊ အရည်အချင်း၊ အရည်အသွေးသော်၎င်း၊ ရည်မွန်မြင့်မြတ် ဂုဏ်ရှိမှာဖြစ်တယ်။ ”* (ကုရ်အာန် - ၈း၂-၃-၄)

ဒါကြောင့် မကြာမီ ရောက်တော့မည့် အီဒွလ်အဿွာဟာ နေ့မှာ အရင်နစ်တွေထက် ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန် ပိုပြီးတော့ ပေးနိုင်အောင် အလ္လာဟ်က ကျွန်ုပ်တို့ကို ချီးမြှင့်ထားတဲ့ အရည် အချင်း၊ အရည်အသွေးမှ ပေးကမ်းစွန့်လွှတ် မျှဝေခံစားကြပါလို့ တိုက်တွန်းနေတာဖြစ်ပါတယ်။

မွတ်ဆလင်မ်အများစုက ယုံကြည်လက်ခံ ကျင့်သုံးနေကြတဲ့ မဇ်ဟဗ် ဘာသာရေးဆိုင်ရာ ကျင့်သုံးမှုအတော်များများဟာ အခေါ်အဝေါ်အားဖြင့် လည်းကောင်း၊ ရှေးပဝေသဏီ အချိန်ကာလ ကတည်းက အသားသေနေခြင်းကြောင့် လည်းကောင်း၊ `ဟက်´ အမှန်တရားဆိုပြီး မှားယွင်းစွာ လက်ခံကျင့်သုံးနေကြတဲ့ အတွက်ကြောင့် မည်သည့်ရလဒ်တောင် ဖြစ်ထွန်းပေါ်ပေါက်လာတာ မရှိဘူး။

ဘာကြောင့် ကောင်းကျိုးဖြစ်စေမည့်ရလဒ်တွေ ပေါ်ထွန်း မလာတာလဲ။ ကုရ်အာန်ကျရောက်ခဲ့တဲ့ မွတ်ဆလင်မ် အများစုရှိတဲ့ အရပ်ကမ္ဘာကို လေ့လာကြည့်လိုက်ပါ။ ကုရ်အာန်ပါ ပြဌာန်းချက် ဒီးန်စနစ်ကိုဆန့်ကျင်ပြီး ဘုရင်စနစ်တွေ၊ စစ်အာဏာရှင်တွေ၊ ဖား တပိုင်း ငါးတပိုင်း ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်နေတာ တွေ့ရတယ်။

အဲဒီမွတ်ဆလင်မ်နိုင်ငံတွေမှာ အုပ်ချုပ်နေတဲ့ ခေါင်း ဆောင်တွေ ကုရ်အာန်ပါ ပြဌာန်းချက်ဥပဒေတွေကို ယုံကြည်လိုက် နာတာ မဟုတ်ဘူးနော်။ ဒါကြောင့် အဲဒီနိုင်ငံတွေမှာ တစ်ယောက် နှင့်တစ်ယောက်၊ အုပ်စု တစ်စုနှင့်တစ်စု၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး သတ်ကြ၊ ဖြတ်ကြ၊ သွေးချောင်းစီးနေတာ တွေ့ရတာမဟုတ်ဘူး လော။

ဘာကြောင့် ယခုလိုဖြစ်ရတာလဲ။ အဲဒီအုပ်ချုပ်သူ ခေါင်း ဆောင်တွေဟာ အလ္လာဟ်ပြဥပဒေသရဲ့ ဖမ်းချုပ်မှုကို အလေးမ ထား၊ ဂရုမစိုက်၊ မကြောက်ရွံ့ဘဲ မဇ်ဟဗ် ဘာသာရေးခေါင်း

ဆောင်များနှင့် အနောက်အင်အားကြီးနိုင်ငံတွေကိုသာ ဂရုဓမ္မပြု ကြောက်ရွံ့နေကြတယ်။ အလ္လာဟ်အရှင်မြတ်က ကုရ်အာန် ဆူရာဟ်(၅) အာယတ်(၃)မှာ-

**`ဖလာသခ်ရှောက်ဟွမ် ဝခ်ရှောက်နီ´`အသင်တို့ ယင်းသူတို့ကို ဂရုဓမ္မပြု၊ မကြောက်ရွံ့၊ မစိုးရိမ်ကြနဲ့။ ငါအရှင်မြတ် ကိုသာလျှင် ဂရုဓမ္မပြုရမည်။ (တစ်နည်း) အလ္လာဟ်ချမှတ် ပြဌာန်းထားတဲ့ ဥပဒေသရဲ့ ဆန့်ကျင်ဘက်ဖြစ်မှုကို စိုးရိမ်ကြောက် ရွံ့ရမည်´**

ဆက်လက်ပြီး အာယတ်(၅၄)မှာ

" ***အလ္လာဟ်အရှင်မြတ်ရဲ့ အရေးကိစ္စတွေမှာ သက်စွန့် ဆံဖျား ကြိုးပမ်းဆောင်ရွက်သူတွေ၊ အဲဒီလိုကြိုးပမ်းဆောင်ရွက်သူ တွေ ဖြစ်တင်ဝေဖန် ရှုတ်ချ အပုတ်ချခြင်းခံရမှု တစ်စုံတစ်ရာကို စိုးရိမ်ကြောက်ရွံ့ပူပန် တုန်လှုပ်ခြင်းမရှိရဘူး။*** " (ကုရ်အာန် - ၅း၅၄)

အဲ တစ်ခုတော့ရှိတယ်။ မွတ်ဆလင်မ်တိုင်း မိမိတို့ရဲ့ လူသားဝန်းကျင်တစ်ခွင်တစ်ပြင်လုံးကို စည်ပင်ဝပြော သာယာစို ပြေဖို့ ဆောင်ရွက်ရန် မပြုမနေရတာဝန်ကြီးတစ်ရပ်ပင်ဖြစ်တယ် လို့ တင်ပြရင်း ဒီနေရာမှာပဲ ရပ်နားခွင့်ပြုပါ ။ ။

# 'ဟာက်က်နှင့်ဗါတွဲလ်' 'ဟလာလ်နှင့်ဟရာမ်'

# (အပိုင်း–၂)

### `အတ်စွလားမှုအလိုင်းကွန်းမ် ဝ ရဟ်မသွလ်လားဟိ ဝဘရကာသုဟု´

အလ္လာဟ်အရှင်မြတ်က အမိန့်တော်တစ်ခုကို ပြဌာန်း သတ်မှတ်ထားတာနှင့် အဲဒီအမိန့်ပြဌာန်းချက်ရဲ့ ရလဒ်အကျိုးဆက် ကိုပါ တစ်ပါတည်းဖော်ပြထားတာ တွေ့ရပါတယ်။ ဒီအကြောင်း အရာနှင့်ပတ်သက်ပြီး ကုရ်အာန် ဆူရာဟ်(၈) အာယတ်(၂၉)မှာ အလ္လာဟ်အရှင်မြတ်က မုအ်မင်န်တွေကို ဘာပြောခဲ့လဲဆိုလျှင်-

" ***အို... အီမာန်သက်ဝင်ယုံကြည်သူတို့ အကယ်၍ အသင်တို့ အလ္လာဟ်အရှင်မြတ်ကို သက္ကဝါရှိမည်ဆိုလျှင် (တစ်နည်း) အရှင်မြတ်ရဲ့ ချမှတ်ပြဌာန်းချက်ကို လိုက်နာဆောင်ရွက်မည်ဆိုလျှင် အရှင်မြတ်က အသင်တို့အတွက် အမှန်နှင့်အမှား၊ အလင်းနှင့် အမှောင်၊ အကောင်းနှင့်အဆိုးကို ခွဲခြမ်းစိတ်ဖြာ သိမြင်နိုင်တဲ့အရာ မှတ်ကျောက်ကို စီမံပြုလုပ်ဖယ်ရှား ပပျောက်စေတော်မူမည့် အသင် တို့ရဲ့ ချို့ယွင်းအားနည်းမှု အပြစ်အနာအဆာတွေကို အသင်တို့ အတွက် ဘဝလုံခြုံမှုကို ပေးတော်မူမည်။ တစ်နည်းအားဖြင့် အရှင်မြတ်က အသင်တို့ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ချို့ယွင်းအားနည်းမှုအပြီး အနာအဆာတွေကို ပပျောက်စေပြီးတော့ အသင်တို့ရဲ့ ဘဝတည်ဆောက်မှုမှာ ဘေးရန်ကင်းပြီး လုံခြုံစေမှာ ဖြစ်တယ်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်သော ကျေးဇူးတော်ကို ချီးမြှင့်တော်မူသော အရှင်ဖြစ်ပါတယ်။*** "

တစ်နည်းပြောရရင် အလ္လာဟ်အရှင်မြတ် ချမှတ်ပြဌာန်း ထားတဲ့ ဥပဒေစည်းမျဉ်းတွေ မှန်ကန်ကြောင်း သက်ဝင်ယုံကြည် သူတွေကို အရှင်မြတ်က အသင်တို့အတွက် အမှန်နှင့်အမှား၊ အလင်းနှင့်အမှောင်၊ အကောင်းနှင့်အဆိုး (တစ်နည်း) သစ္စာတရား နှင့် မိစ္ဆာဝါဒကို ခွဲခြားပိုင်းခြားသိမြင်နိုင်တဲ့ မှတ်ကျောက်ကုရ်အာန် ကို ချီးမြှင့်ခဲ့ပြီးဖြစ်တယ်။ ဒီကုရ်အာန်ပါ တားမြစ်ထားတာတွေကို ရှောင်ကြဉ်ပြီး ကုရ်အာန်ပါ ခွင့်ပြုထားတာတွေကို လုပ်ကိုင်ဆောင် ရွက်လိုက်နာကျင့်သုံး ဘဝတည်ဆောက်ရင်းနှင့် အသင်တို့ရဲ့ ချို့ယွင်းချက်၊ အားနည်းချက် အပြစ်အနာအဆာတွေကို ဖယ်ရှား ပပျောက်စေပြီး ဘဝတည်ဆောက်မှုမှာ လုံခြုံဘေးကင်းပြီး ဘေး အန္တရာယ်တွေကို ရှင်းလင်းကင်းဝေးစေမှာဖြစ်တယ်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်က ကြီးမားတဲ့ကျေးဇူးတော်ကို မုအ်မင်န်တွေ ကိုသာလျှင် ချီးမြှင့်မှာဖြစ်တယ်။

အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ကိုတောင် ယုံ ကြည်ချက်ပိုင်းဆိုင်ရာ အလ္လာဟ့်စကားဝဟီဖြစ်တဲ့ ကုရ်အာန်ကလွဲ လို့ လူများစုရဲ့သွန်သင်ဆုံးမမှု၊ အဆိုအမိန့်တွေကို လိုက်နာမည်ဆို လျှင် လွဲမှားချွတ်ချော်ပြီး လမ်းမှားကိုရောက်သွားမည့်အကြောင်း ကုရ်အာန်ဆူရာဟ်(၆) အာယတ်(၁၁၇)မှာ-

"***အကယ်၍ အသင်(တမန်တော်) လူ့လောက ကမ္ဘာဂြိုဟ် မှာရှိတဲ့ လူများစုရဲ့နောက်ကို လိုက်မည်ဆိုလျှင် အဲဒီလူတွေဟာ အသင်တမန်တော်ကို အလ္လာဟ်အရှင်မြတ်ရဲ့ စနစ်လမ်းကြောင်းမှ အသင့်ကို လမ်းလွဲမှားစေမှာဖြစ်တယ်။ ဇောန်အမှန် အဲဒီလူများ စုဟာ ထင်မြင်ယူဆချက်နှင့် ရမ်းဆပြောဆိုမှုကိုသာလျှင် ထက် ကြပ်မကွာလိုက်နာ သူတွေဖြစ်တယ်။*** "

တစ်နည်းပြောရရင် အလ္လာဟ်အရှင်မြတ်က တမန်တော် မြတ်ကို ဘာပြောခဲ့လဲ။ အကယ်၍ အသင်တမန်တော် ယုံကြည်မှု ဆိုင်ရာ လူ့လောကကမ္ဘာဂြိုဟ်မှာ လူများစုရဲ့ ပြောဆိုတွေးတော ကြံဆ တီထွင်မှုအဆိုအမိန့်သြဝါဒ လမ်းညွှန်မှုဆုံးမစကားတွေကို အသင်လိုက်နာကျင့်သုံးမည်ဆိုလျှင် အဲဒီလူတွေဟာ အသင်ကို

အလ္လာဟ်အရှင်မြတ်ရဲ့ ပြုစုပျိုးထောင်မှုစနစ်လမ်းကြောင်းမှ လွဲမှား ချွတ်ချော် တိမ်းစောင်းသွားစေမှာဖြစ်တယ်။ ကေန်စင်စစ် အဲဒီ လူတွေဟာ ကြားဖူးနားဝ ထင်မြင်ယူဆချက်တွေကိုသာလျှင် ထက် ကြပ်မကွာလိုက်နာပြီး သူတို့တတွေ စဉ်းစားဆင်ခြင် သုံးသပ်မှု၊ ဉာဏ်ပညာကင်းမဲ့သူတွေဖြစ်တယ်။

ဒီအာယတ်တော်ရဲ့တင်ပြမှုနှင့် ကျွန်ုပ်တို့ရဲ့ပတ်ဝန်းကျင်က မွတ်ဆလင်မ်အများစုကို လေ့လာကြည့်လိုက် ဒီမွတ်ဆလင်မ် လူများစုဟာ **အလ်ဟက်က်** အမှန်တရားဖြစ်တဲ့ ကျမ်းတော်မြတ် ကုရ်အာန်ကို သိရှိနားလည်ရန် လေ့လာဆည်းပူး သင်ယူခြင်းမရှိဘဲ၊ ကုရ်အာန်ဆန့်ကျင်ဘက်၊ လွဲမှားချွတ်ချော်စေမည့် လူလုပ် တရားတွေကို ကြားဖူးနားဝ ထင်မြင်ယူဆချက် **`ဝါကီယာ´**တွေ၊ အဆိုအမိန့်တွေကို ထက်ကြပ်မကွာလိုက်နာတာ တွေ့ရလိမ့်မည်။

အဲဒီတော့ **`ဗါတ္တိလ်´**ဆိုတာ ကျစ်လျစ်ခိုင်မာမှုမရှိဘဲ အင်အားချည့်နဲ့ ယိမ်းယိုင်ပြိုပျက်စေတဲ့ အပျက်စွမ်းရည်၊ တည်မြဲမှု မရှိဘဲ ဆိုးကျိုးကိုသာပေါ်ပေါက်စေသော အဖျက်သဘောကို ရည် ညွှန်းခြင်းသာဖြစ်တယ်။ ဒီဟာကို ဖြစ်စေနိုင်တဲ့ ယုံကြည်ချက်၊ တွေးခေါ်မှု၊ အသိတရားဆောင်ရွက်ချက် စတာတွေဟာ အစပိုင်းမှ မည်သည့်ရလဒ်ကိုတောင် ပုံဖော်မပေးနိုင်ဘဲ ဒီအနေအထားကို သိသိသာသာ ထင်ထင်ရှားရှား ခံစားထိတွေ့နိုင်ခြင်းမရှိသော ဖြစ် ရပ်ကို လူတွေက မိမိတို့ရဲ့ ဒီဖြစ်အင်တွေကို သတိမပြုဘဲ ရှိနေ ကြတယ်။ ပြီးတော့ ဒီလိုအမှားကိုတောင် အမှန်ထင်ပြီး ပျော်ပိုက် နေတာတွေ့ရပါတယ်။

အဲဒီလို အကျိုးမရှိသော လုပ်ရပ်တစ်ခုကို ပြုလုပ်မည်ဆို လျှင် ပထမဦးဆုံး ဆုံးရှုံးသွားမှာက အချိန်ပင်ဖြစ်သည်။ လောက ကြီးမှာ လက်လွတ်သွားပြီး ကုန်ဆုံးပြီးတဲ့နောက် ပြန်မရနိုင်တဲ့ တစ်ခုတည်းသောတန်ဖိုးမှာ အချိန်ပင်ဖြစ်တယ်။ ဒီလိုဆုံးရှုံးမှုထက် ပိုပြီးတော့ဆုံးရှုံးမှုဆိုတာ ရှိမှာမဟုတ်ဘူးနော့။

ကျွန်ုပ်တို့ရဲ့ဘဝသက်တမ်းဟာ ရေခဲနှင့်တူတယ်။ ရေခဲ ရေရောင်းတဲ့ဈေးသည်ဟာ ရေခဲရေရောင်းရရင် ပိုက်ဆံရတယ်။ မရောင်းရရင် ပိုက်ဆံမရဘူး။ ဒါပေမဲ့ ရေခဲကတော့ အရည်မပျော် ဘဲ တာရှည်ခံမှာမဟုတ်ဘူး။ အရည်ပျော်သွားမည်။ အဲဒီတော့ ရေခဲလိုတာရှည်မခံတဲ့ ကျွန်ုပ်တို့ရဲ့ဘဝသက်တမ်းကို ကောင်းကျိုး ကို ဖြစ်ထွန်းစေမည့် ကုရ်အာန်နည်းကျလုပ်ရပ်တွေမှာ အသုံးချ ကျင့်သုံးမည်ဆိုလျှင် ကောင်းတဲ့ရလဒ်တွေ ပုံဖော်လာမှာဖြစ်တယ်။ လွဲမှားချွတ်ချော်မည့်လုပ်ရပ်တွေမှာ အချိန်ကာလကို ကုန်ဆုံးစေ မည်ဆိုလျှင် ကောင်းတဲ့ရလဒ်ပုံဖော်မလာဘဲ ဆိုးကျိုးတွေနှင့် ရင်ဆိုင်ကြုံတွေ့ရမည်။ ဒါကြောင့် အချိန်ရှိတုန်း လုံ့လစိုက်ထိုင်နေ လို့တော့ ဘာမှမရဘူး။

ဒါကြောင့် Law of Requital လို့ခေါ်တဲ့ အလ္လာဟ် အရှင်မြတ်ရဲ့ဥပဒေအရ တုံ့ပြန်မှုရလဒ်ဟာ မည်သည့် လုပ်ကိုင် ဆောင်ရွက်မှုဖြစ်စေ၊ လုပ်ရပ်တိုင်းရဲ့ရလဒ်တစ်ခု ပုံဖော်မြဲပုံပေါ် လျက်ရှိတယ်။

လွဲမှားစွာလုပ်ကိုင်ဆောင်ရွက်မှုအရ မိမိမျှော်မှန်းထားတဲ့ ရလဒ်ကောင်းတွေ၊ ကောင်းကျိုးချမ်းသာမှုတွေ မည်သည့်အခါမျှ ပုံပေါ်လာမှာမဟုတ်ဘူး။ အကျိုးမဲ့ အချည်းအနှီးဖြစ်စေသော ကြိုးစားအားထုတ်မှု၊ ရုပ်ပုံမပေါ်သော လုံ့လစိုက်ထုတ်မှုတွေဟာ လူသားမှာရှိတဲ့ စွမ်းရည်ကျဆင်းမှုနှင့် အားအင်ဆုတ်ယုတ်မှုတွေ သာလျှင် ဖြစ်ပေါ်စေမည့် **`ဗါတ္တိလ်´** လွဲမှားချွတ်ချော်မှုရဲ့ အပျက် ဆောင်ရလဒ်တွေဖြစ်တယ်။

**လေးစားအပ်ပါသော မွတ်ဆလင်မ်အမျိုးသား၊ အမျိုးသမီးအပေါင်းတို့ခင်ဗျား-**

ဒါကို ကုစားနည်းကတော့ **`ဟက်က်´**တည်းဟူသော ကုရ်အာန်ကျမ်းမြတ်ကို လေ့လာဆည်းပူး သင်ယူဖတ်ရှုပြီး စွဲစွဲမြဲမြဲ ဆုပ်ကိုင် ကျင့်သုံးမှုမှလွဲလို့ အခြားနည်းလမ်း လုံးဝမရှိပါဘူး။ ဒါကြောင့် **`ဗါတ္တိလ်´**ကို ပျက်ပြယ်စေဖို့ **`ဟက်က်´**ကို ကျင့်သုံးဖို့ မလိုဘူးလား။ လိုတယ်။ အဖျက်သဘောမှ ရှောင်ကြဉ်ပြီး ကောင်း မြတ်တဲ့လုပ်ရပ်ကို ကျင့်သုံးမှုသာဖြစ်နိုင်ကြောင်း ထင်ရှားပါတယ်။

ဒါကြောင့် ကုရ်အာန်ဆူရာဟ်(၁၁) အာယတ်(၁၁၄)က အထက်ပါအကြောင်းအရာတွေကို မီးမောင်းထိုးပြနေတာဖြစ်တယ်။

***" ကေန်အမှန် လုပ်ရပ်နှင့် လုပ်ရပ်ရဲ့အကျိုး ညီမျှစွာ ဖြစ်ပေါ်စေပြီး အကျိုးကျေးဇူးကို ဖြစ်ထွန်းစေတဲ့ အပြုစွမ်းရည် တွေဟာ ဟန်ချက်ပျက်ပြီး ဆိုးကျိုးကို ဖြစ်ထွန်းစေသော အပျက် စွမ်းရည်တွေကို သုတ်သင်ရှင်းလင်း ဖယ်ရှား ပလပ်စေတာ ဖြစ်တယ်။ "***

အဲဒီတော့ မတရားတဲ့နည်းလမ်းအရ ငွေကြေးဥစ္စာ ပစ္စည်းရှာဖွေခြင်းနှင့် လွဲမှားစွာယုံကြည်ခြင်းကို တင်ပြနေတာ ဖြစ်ပါ တယ်။ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်သူ စစ်မှန်တဲ့ မုအ်မင်န်မွတ်ဆလင်မ်တွေ တရားမဝင်တဲ့နည်းလမ်းအရ ရှာဖွေစား သုံးမည်ဆိုတာ သူတို့ရဲ့စိတ်ထဲမှာ ဘယ်တော့မှထည့်သွင်း စဉ်းစား မှာ မဟုတ်ဘူးလို့ ယူဆပါတယ်။ ဒါပေမဲ့လို့ ကုရ်အာန်မှာပါတဲ့ ဥပဒေစည်းမျဉ်းတွေကို မသိနားမလည်သော၊ သိနားလည်အောင် လည်း ကြိုးစားမှုမရှိသောမွတ်ဆလင်မ်ဆိုသူများက ဟိုဟာ

စားပိုင်ခွင့်ရှိလားဆိုတဲ့ မေးခွန်းနှင့်အပြန်အလှန် ငြင်းခုံမဆုံးဖြစ်နေတာ တွေ့ရပါတယ်။

မွတ်ဆလင်မ်တစ်ယောက်အနေနဲ့ မတရားတဲ့နည်းလမ်းအရ ရှာဖွေထားသော ငွေကြေးဥစ္စာပစ္စည်းနှင့် ဝယ်ယူစားသုံးမည့်ပစ္စည်းဟာ `**ဟလာလ်**´တရားဝင်ခွင့်ပြုထားသော အစားအစာ၊ အသုံးအဆောင်ပစ္စည်းဖြစ်သော်ငြားလည်း၊ တရားမဝင် `**ဟရာမ်**´ ဖြစ်မည်။ ဘာကြောင့်လဲဆိုလျှင် စားသုံးမည့်ပစ္စည်းဟာ `**ဟလာလ်**´ ခွင့်ပြုထားတဲ့ပစ္စည်းဖြစ်ပေမဲ့ ရှာဖွေသောနည်းလမ်းဟာတားမြစ်ထားသော `**ဟရာမ်**´နည်းလမ်းဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

အလားတူ တရားဝင်ခွင့်ပြုထားတဲ့နည်းလမ်းအရ ရှာဖွေထားသောငွေကြေးနှင့် ဝယ်ယူစားသုံးမည့် အစားအစာတွေဟာ `**ခဗစ်**´ဆိုတဲ့ မသန့်ရှင်းမစင်ကြယ်၊ ကျန်းမာရေးကို ချို့တဲ့စေမည့် ပုပ်သိုး အနံ့ဆိုးလောက်တက်တဲ့ အရာတွေမဖြစ်ရဘူး။ `**တွိုက်ယစ်(ဗ်)**´ သန့်ရှင်းစင်ကြယ်ပြီး အင်အားကို ဖြည့်ဖြိုးစေသောအရာတွေ ဖြစ်ရမည်ဆိုတာကို မွတ်ဆလင်မ်ဆိုသူများက သိရှိမည်ဆိုလျှင် အပြန်အလှန်ငြင်းခုန်မှုနှင့် အလွန်တန်ဖိုးရှိတဲ့အချိန်ကို ကုန်ဆုံးစေမှာမဟုတ်သလို ပတ်ဝန်းကျင်မှာ မတရားမှုတွေ ဒုစရိုက်မှုတွေ ပပျောက်သွားမှာဖြစ်တယ်။

**လေးစားအပ်ပါသော မွတ်ဆလင်မ်အမျိုးသား၊ အမျိုးသမီးအပေါင်းတို့ခင်ဗျား-**

အလ္လာဟ်အရှင်မြတ်က `**ဟလာလ်**´တရားဝင်ခွင့်ပြုထားတဲ့ ရိက္ခာအစာအာဟာရကို စားသုံးမည့်ပတ်ဝန်းကျင်က လူတွေရဲ့ Character ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး မြင့်မြတ်တဲ့စိတ်ဓါတ် ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒါကတော့ `**ဟလာလ်**´တရားဝင်ခွင့်ပြုထားတဲ့ အစာအာဟာရကို သုံးစွဲမှုရဲ့ ထူးခြားမှုဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာတွေနှင့်ပတ်သက်ပြီး တစ်ချိန်တုန်းက အိန္ဒိယတိုက်ငယ်မှာဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတစ်ခုကို တင်ပြပါမည်။ တစ်ချိန်တုန်းက မဟ်မုဒ်ဂါဇ်စ်နဝီ ဆိုတဲ့ဘုရင်က အိန္ဒိယရဲ့နယ်မြေကို တိုက်ခိုက်သိမ်းယူဖို့ စစ်တိုက်ခဲ့တယ်။ ကျွန်တော်က ဒီနေရာမှာဘုရင်ကို အဓိကချီးကျူးပြီးပြောချင်တာ မဟုတ်ပါဘူး။ အစ္စလာမ်မှာ ဘုရင်စနစ်မရှိဘူးဆိုတာ ခင်ဗျားတို့အားလုံးသိပါတယ်။ `**ဟလာလ်**´ရိက္ခာအာဟာရတိုက်ကျွေးပြီး ပြုစုခဲ့သူနှင့် `**ဟလာလ်**´ရိက္ခာအစာအာဟာရ တိုက်ကျွေးခြင်းခံရသူ သားအမိနှစ်ယောက်ရဲ့အကြောင်းကို အဓိကပြောချင်တာ ဖြစ်ပါတယ်။ အဲဒီတော့ စစ်ပွဲမှာ ဘုရင်မဟ်မုဒ်ဂါဇ်နဝီရဲ့ စစ်တပ်ထဲမှာ မုဆိုးမတစ်ယောက်ရဲ့သား လူပျိုတစ်ယောက်ရှိခဲ့တယ်။ ဘုရင်မဟ်မုဒ်ရဲ့စစ်တပ်က တိုက်ခိုက်မှုမှာအောင်မြင်ပြီး စစ်စခန်းကို ပြန်ရောက်တဲ့အခါ မုဆိုးမအမေအိုက မိမိသားကို ရှာဖွေရင်းနဲ့ စစ်တန်းလျားကိုရောက်လာပြီး ကျွန်မသားဘယ်မှာလဲဆိုပြီး မေးတဲ့အခါ သူ့မသားရဲ့အပေါင်းအဖော်တွေက အမေကြီးရဲ့သားဟာ စစ်မြေပြင်မှာ အသတ်ခံရတယ်လို့ပြောခဲ့တယ်။ အမေအိုက ကျွန်မရဲ့သား ဘယ်ပုံဘယ်နည်းကျဆုံးခဲ့တဲ့အကြောင်း ပြန်မေးတယ်။ အပေါင်းအဖော်တွေက အမေကြီးရဲ့သားဟာ စစ်မြေပြင်ကိုကျောပေးပြီး ထွက်ပြေးတဲ့အခါ ရန်သူရဲ့မြားတံထိပြီး သေဆုံးသွားတယ်လို့ပြောတော့ အမေအိုက သူ့မရဲ့သားဟာ စစ်မြေပြင်မှာ သွေးမြေကျရှဟီးဒ်သ်ဖြစ်သွားတယ်ဆိုတာ မှန်ကန်ကြောင်း၊ ဒါပေမဲ့လို့ သူဟာ စစ်မြေပြင်ကို ကျောပေးပြီးထွက်ပြေးတဲ့အချိန်မှာ ရန်သူရဲ့မြားတံထိပြီး သေဆုံးသွားတယ်ဆိုတဲ့ ပြောဆိုမှုမျိုးကိုတော့ ကျွန်မဘယ်နည်းနဲ့မှ လက်မခံနိုင်ကြောင်း၊ သူဟာ ရန်သူရဲ့ရှေ့မှောက်ကို ရပ်တဲ့အချိန်မှာ ရင်ဘတ်ပေါ်မြားတံထိတာဖြစ်နိုင်တယ်လို့ အမေအိုက ပြောခဲ့တော့၊ အပေါင်းအဖော်တွေက အမေကြီး စစ်မြေပြင်မှာ မရှိဘဲနဲ့ အဲဒီလိုယုံကြည်မှုအပြည့်အဝနှင့် တိတိကျကျ ဘယ်လိုလုပ်ပြောနိုင်မှာလဲ။

ကျွန်မဘာကြောင့် ယုံကြည်မှုအပြည့်အဝနဲ့ တိတိကျကျပြောနိုင်လဲဆိုလျှင် ကျွန်မဟာ တရားတော်က တားမြစ်ထားတဲ့ `**ဟရာမ်**´နည်းလမ်းနှင့် ရှာဖွေစားသောက် အာဟာရဓါတ်ကနေဖြစ်စေသော နို့တစ်စက်တစ်ပေါက်ကိုတောင် သားရဲ့လည်ချောင်းကြောထဲကို တိုက်ကျွေးခဲ့တာမဟုတ်ဘူး။ ကျွန်မရဲ့သားကို `**ဟလာလ်**´ခွင့်ပြုထားတဲ့ နည်းလမ်းအရရှာဖွေကျွေးမွေး အရွယ်ရောက်အောင် ပြုစုခဲ့တာဖြစ်တယ်။ ကျွန်မရဲ့သားဟာ စစ်မြေပြင်မှာ ရန်သူကိုကျောပေးပြီး ထွက်ပြေးတယ်ဆိုတာ ကျွန်မ လုံးဝလက်မခံနိုင်ကြောင်း အော်ဟစ်ပြီးပြောဆိုခဲ့တယ်။

ဒီသတင်းစကားဟာ ဘုရင်မဟ်မုဒ်ဂါဇ်နဝီဆီကို ရောက်သွားတော့ ဘုရင်က စုံစမ်းရေးအဖွဲ့စေလွှတ်ပြီး စုံစမ်းခဲ့တဲ့အခါ အမေအိုပြောခဲ့တဲ့အတိုင်း ရန်သူရဲ့မြားတံဟာ သူ့မသားရဲ့ ရင်ဘတ်ထဲကို စိုက်ဝင်သွားပြီး သွေးမြေကျတာမှန်ကန်ကြောင်း တွေ့ခဲ့ရတယ်။

ဒီလိုဖြစ်ပျက်မှုကို သမိုင်းအနေနှင့် ဘယ်လိုပဲယူဆယူဆ ကုရ်အာန်ရဲ့ရှုထောင့်အရကြည့်မည်ဆိုလျှင် လုံးဝ မှန်ကန်ကြောင်း တွေ့ရပါတယ်။ အလ္လာဟ်အရှင်မြတ်က `**ဟလာလ်**´အဖြစ်ခွင့်ပြုထားတဲ့ နည်းလမ်းအရ ရှာဖွေစားသုံးပြီး ဖြစ်ပေါ်စေမည့် အရည်အချင်း၊ အရည်အသွေးဟာ အဲဒီလိုရှာဖွေစားသုံးသူကို အမြဲတမ်း ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မြတ်တဲ့စိတ်ဓါတ်နှင့် အမှန်တရား

ဘက်ကိုသာ လိုက်နာဖို့အတွက် `**နတ်ဖ်(စ်)**´ကိုယ်ရည်ကိုယ်သွေးက တွန်းအားပေးနှိုးဆော်နေမှုဖြစ်တယ်။

တစ်ခုတော့ရှိတယ်။ အခြေအနေတစ်ရပ်ပေါ်မှာ လူတစ်ယောက်က မိမိရဲ့အားနည်းမှုကြောင့် မတရားမှုကို မိမိကိုယ်တိုင်က မတွန်းလှန်နိုင်ပေမယ့် မတရားမှုကိုတော့ အဲဒီလူရဲ့နှလုံးသားက ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူးနော်။ ဥပမာ - မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝှမ်းမှာ ဖြစ်ပျက်နေသော ကျူးကျော်စော်ကားမှုတွေ၊ ညှင်းပန်းနှိပ်စက်မှုတွေ၊ သတ်ဖြတ်မှုတွေ၊ မီးရှို့ဖျက်ဆီးမှုတွေကို ကျွန်ုပ်တို့က ထိထိရောက်ရောက် တွန်းလှန်ဖယ်ရှားခြင်း၊ မလုပ်နိုင်ပေမယ့် ကျွန်နိုပ်တို့ရဲ့နှလုံးသားက လက်ခံတာမဟုတ်ဘူး။ အဖက်ဖက်က အင်အားသာလို့ နယ်မြေဒေသကို သိမ်းပိုက်နိုင်ပေမဲ့ အဲဒီနယ်မြေဒေသခံတွေရဲ့ နှလုံးသားကိုတော့ စိုးမိုးနိုင်မှာမဟုတ်ဘူး။

အဲဒီတော့ `**ဟရာမ်**´နည်းလမ်းနှင့် ရှာဖွေစားသောက်ပြီး ဘဝရှင်နေမည့်အစား သေခြင်းတရားက ပိုကောင်းတယ်လို့ (၂၀)ရာစု ကုရ်အာန်အတွေးအခေါ်ရှင် မွတ်ဆလင်မ်စာဆိုတော် ဒေါက်တာအက်ဘာလ်က ကဗျာစပ်ဆိုရင်းနှင့် ဘာပြောခဲ့လဲဆိုလျှင် **အို... လာဟိုသိဆိုတဲ့ငှက်၊ ပျင်ရိပြီး ပျံသန်းမှု၊ လှုပ်ရှားမှုကို အားနည်းစေသော ပေါ်ချောင်ကောင်းနည်းလမ်းနှင့် ရရှိစေမည့် အစာအာဟာရကို မှီဝဲပြီးရှင်နေမည့်ဘဝထက် သေခြင်းတရားက ပိုကောင်း၏။** (တစ်နည်း)အားဖြင့် `**ဟရာမ်**´အဖြစ်တားမြစ်ထားတဲ့ နည်းလမ်းနှင့်ရှာဖွေစားသုံးပြီး ရှင်နေမည့်ဘဝမျိုးထက် သေခြင်းတရားက ပိုကောင်းတယ်။ ဘာကြောင့်လဲဆိုလျှင် မဟုတ်မမှန်၊ မတရားတဲ့နည်းလမ်းနှင့် ရှာဖွေစားသုံးသူ လူမျိုးအုပ်စုရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ကျဆုံးဆုတ်ယုတ်စေမှာဖြစ်တယ်။ (တစ်နည်း)အားဖြင့် အဲဒီလူမျိုး အဲဒီအုပ်စုဟာ လုံ့လဝိရိယစိုက်ထုတ်ပြီးတော့ အလုပ်လုပ်ချင်တဲ့စိတ်ဓါတ်ဟာ တဖြေးဖြေးလျော့နည်းကျဆင်းစေမှာဖြစ်တယ်။

အဲဒီအခါကျတော့ အလုပ်မလုပ်ဘဲ လွယ်လွယ်ကူကူ ပေါ်ချောင်ကောင်းနည်းနှင့် ငွေကြေးဥစ္စာပစ္စည်းတွေကို ရရှိသော နည်းလမ်းကိုသုံးမည်။ ကျမ်းတော်မြတ်ကုရ်အာန်ကတော့ အဲဒီလို နည်းလမ်းနှင့် ဥစ္စာပစ္စည်းရှာဖွေမှုကို `**အစ်မွန်း**´ဆိုပြီး သုံးထားတာတွေ့ရပါတယ်။ ဒီ`**အစ်မွန်း**´ကို အများဘာသာပြန်မှာ `**အပြစ်**´ ဆိုပြီးပြန်ထားတာ တွေ့ရပါတယ်။ ဒါဆိုလျှင် ဘယ်လိုအပြစ်မျိုးလဲ။ အင်အားဆုတ်ယုတ် ကုန်ခမ်းနေခြင်း၊ နေးကွေးဖင့်နွဲ ဆုတ်ဆိုင်းတွန့်ဆိုင်းနေခြင်း၊ နောက်ကျကျန်ရစ်စေမည့် သဘောတရားတွေ ပါဝင်ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန်မှာ `**အစ်မွန်း**´ကို လူ့ရဲ့ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား၊ စာရိတ္တစွမ်းအား စတဲ့ `**နက်ဖ်(စ်)**´ ရဲ့တိုးတက်ဖွံ့ဖြိုးမှုကို ထိခိုက်ပျက်စီးစေသော အတွေးအခေါ်၊ အယူအဆ၊ လုပ်ကိုင်ဆောင်ရွက်မှု၊ အစားအသောက် နေထိုင်သွားလာမှုစတဲ့ အခြေအနေအရပ်ရပ်ကို `**အစ်မွန်း**´လို့သတ်မှတ်ပြီး လူအညွန့်တုံးစေသော ကိစ္စကြီးငယ်အားလုံးအပါအဝင်ဖြစ်ပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန်အရ `**အစ်မွန်း**´ရဲ့ဆန့်ကျင်ဘက်စကားလုံးမှာ `**ဘိရ်ရွှန်**´ဖြစ်ပါတယ်။ `**ဘိရ်ရွှန်**´ကတော့ လူတွေရဲ့ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ စာရိတ္တစွမ်းအားကို ရှင်သန်ထက်မြက် ဖွံ့ဖြိုးတိုးတက်စေသော အကြောင်းတရားတွေဖြစ်တယ်။ ဒီဝေါဟာရနှစ်ခုစလုံးကို အာယတ်တော်တစ်ခုထဲမှာ တွဲဖက်နှိုင်းယှဉ်ပြီး အသိပညာပေးထားပုံကို ကုရ်အာန်ဆူရာဟ်(၅) အာယတ်(၂)မှာ အလ္လာဟ်အရှင်မြတ်က ဘာပြောထားလဲ။

***" အသင်တို့ ကောင်းမြတ်တဲ့လုပ်ရပ်တွေကို ပြုလုပ်ရာမှာလည်းကောင်း၊ မကောင်းတဲ့လုပ်ရပ်တွေကို ရှောင်ကြဉ်ရာမှာလည်းကောင်း အချင်းချင်းအပြန်အလှန် ယိုင်းပင်းကူညီရမည်။ အသင်တို့ မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်ရာမှာလည်းကောင်း၊ ကျူးကျော်စော်ကားရာမှာလည်းကောင်း အချင်းချင်း အပြန်အလှန် ယိုင်းပင်းအကူ အညီမပေးရဘူး။ "*** (တစ်နည်း) လူ့အစွမ်းအစ၊ အရင်းအမြစ်တွေကို တိုးတက်ဖွံ့ဖြိုးဖို့အတွက် အလ္လာဟ်အရှင်မြတ် ပြဌာန်းသတ်မှတ်ထားတဲ့ ဥပဒေစည်းမျဉ်းတွေနှင့်အညီ တစ်ယောက်နှင့်တစ်ယောက်လက်တွဲပြီး ဘဝတည်ဆောက်မှုမှာလိုအပ်ချက်တွေကို အပြန်အလှန် ယိုင်းပင်းကူညီရမည်။ နောက်ပြီးတော့ လူ့အရည်အချင်း၊ အရည်အသွေး သေးသိမ်ညံ့ဖျင်းသိမ် ကောစေမည့်လုပ်ရပ်တွေမှာ အပြန်အလှန်ယိုင်းပင်းကူညီမှု မပေးရဘူး။

ဒီအာယတ်တော်မှာပါတဲ့ ယိုင်းပင်းကူညီမှုနှင့် ပတ်သက်ပြီး ပြဌာန်းထားတဲ့အချက်(၂)ချက်ရှိပါတယ်။ ပထမအချက်က `**ဘိရ်ရွှန်**´ဖြစ်ပြီး၊ ဒုတိယအချက်ကတော့ `**သက္ကဝါ**´ဖြစ်ပါတယ်။ `**ဘိရ်ရွှန်**´နှင့်ပတ်သက်ပြီးပြောရရင် အမြော်အမြင်ကြီးမားခြင်း၊ စိတ်နှလုံးမြင့်မြတ်ခြင်း၊ သဘောထားသန့်ရှင်းဖြူစင်ခြင်း၊ အကျိုးကျေးဇူးပြုတတ်ခြင်းဖြစ်တယ်။ ဆိုလိုတဲ့သဘောတရားက လူသားတွေ ဘဝတည်ဆောက်မှုမှာ အရေးသုံးပါး စားဝတ်နေရေးမှာ ကြီးပွားချမ်းသာအောင်မြင်ဖို့အတွက် လုပ်ကိုင်ဆောင်ရွက်မှုမှာ တစ်ယောက်ကိုတစ်ယောက်ကူညီမှုမှာ အမြော်အမြင်ကြီးမားရမည်။ စိတ်နှလုံးမြင့်မြတ်ရမည်။ သဘောထားဖြူစင်ပြီး အကျိုးကျေးဇူး ပြုတတ်ခြင်းကို ကျမ်းတော်မြတ်ကုရ်အာန်က `**ဘိရ်ရွှန်**´ဆိုပြီး သုံးထားတာတွေ့ရပါတယ်။

ဒုတိယအချက်ကတော့ `**သက္ကဝါ**´ဖြစ်ပါတယ်။ သက္ကဝါဆိုတာ အလ္လာဟ်အရှင်မြတ် ပြဌာန်းသတ်မှတ်ထားတဲ့ ဥပဒေစည်း

မျဉ်းတွေကို ထိန်းသိမ်းကာကွယ်ခြင်း၊ အဲဒီဥပဒေစည်းမျဉ်းနှင့်အညီ ဘဝတည်ဆောက်မှုမှာ တစ်ယောက်ကိုတစ်ယောက် ယိုင်းပင်းကူညီရမည်ဆိုတဲ့ တရားသဘောတွေပါတယ်။ ဒါကြောင့် လူ့ရဲ့ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား၊ စာရိတ္တစွမ်းအား စတဲ့ Human Personality **`နတ်ဖ်(စ်)´**ရဲ့တိုးတက်ဖွံ့ဖြိုးမှုကို ထိခိုက်ပျက်စီး စေသော အတွေးအခေါ်၊ အယူအဆ၊ လုပ်ကိုင်ဆောင်ရွက်မှု၊ အစားအသောက်၊ နေထိုင်သွားလာမှု၊ တစ်ဖက်သားရဲ့တိုးတက်မှုကို မနာလိုခြင်းဟာ **`နတ်ဖ်(စ်)´**ထိခိုက်ပျက်စီးမှုထဲမှာပါတယ်။ အဲဒီတော့ **`အစ်မွန်း´**နှင့်ပတ်သက်ပြီး နောက်ထပ်အာယတ်တစ်ခုကို တင်ပြပါမည်။ ဆူရာဟ်(၂) အာယတ်(၁၈၈)မှာ ဘာပြောထားလဲ။

" ***အသင်တို့ လူတစ်ဖက်သားပိုင်ဆိုင်တဲ့ ဘယ်အရာမဆို ငွေကြေးဥစ္စာပစ္စည်းမှာ တစ်ချို့တစ်ဝက်ကို မမှန်မကန်၊ အကြံအဖန်နည်းလမ်းနှင့် ရယူပိုင်ဆိုင်စားသုံးခြင်းမလုပ်ရဘူး။ အဲဒီလို မတရားတဲ့နည်းလမ်းနှင့်ရယူပြီး အတုံးနှင့်အခဲနှင့် စားမည်၊ ဝါးမည်၊ ခံစားမည့် အဲဒီဥစ္စာပစ္စည်းရဲ့နောက်ဆုံးရလဒ်ဟာ ဘာတွေဖြစ်လာမှာလဲ။ ဘယ်လိုဆိုးကျိုးတွေနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဆိုတာ အသင်တို့ သေသေချာချာ သိနားလည်ပြီးဖြစ်တယ်။ "*** (တစ်နည်း) လူတစ်ဖက်သားပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းနှင့် အခွင့်အရေးကို မတရားတဲ့နည်းလမ်းနှင့် ရယူပိုင်ဆိုင်ခံစား ခြင်း၊ ဒါမှမဟုတ် မစားရတဲ့အမဲသဲနှင့်ပက်ခြင်းဟာ ကိုယ်ရည်ကိုယ်သွေးပျက်ပြားစေမည့် ပြစ်မှုကျူးလွန်ခြင်းသာဖြစ်တယ်။ အဲဒီလိုမကောင်းတဲ့လုပ်ရပ်ကို လုပ်တဲ့ အချိန်နှင့် ကောင်းကျိုးထင်ရှားလာမည့် ကြားကာလအတော အတွင်းမှာ ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ ပိုမိုပြီးတော့ ကဲ့ရဲ့လာမည့်လုပ်ရပ်ဟာ အကျင့်ဆိုးရှိတဲ့သေးသိမ်ညံ့ဖျင်းတဲ့ လူတွေသာဖြစ်မယ်။

ဒါကြောင့် လူ့ကိုယ်ရည်ကိုယ်သွေး တိုးတက်ဖွံ့ဖြိုးမှုကို ထိခိုက်ပျက်စီးစေမည့် လုပ်ရပ်နှင့်ပတ်သက်ပြီး ကုရ်အာန်ဆူရာဟ်(၂) အာယတ်(၂၁၉)မှာ ဘာပြောထားလဲ။ " ***လူတွေက အသင်တမန်တော်ကို မူးယစ်ပြီး၊ စိတ်ကိုပြောင်းလဲစေတတ်တဲ့ အရာတွေနဲ့ ပတ်သက်၍သော်လည်းကောင်း၊ လောင်းကစားမှုနဲ့ ပတ်သက်၍သော်လည်းကောင်း မေးမြန်းကြလိမ့်မည်။ အဲဒီအရာနှစ်ရပ်စလုံးမှ ကြီးမားသော ကိုယ်ရည်ကိုယ်သွေးပျက်ပြားပြီး ထိခိုက်နစ်နာဆုံးရှုံးမှုတွေရှိတယ် "*** လူတွေအတွက် အကျိုးဖြစ်ထွန်းစရာလည်း အနည်းငယ်ရှိတယ်။ မူးယစ်စေသောအရာနှင့် လောင်းကစားမှု အဲဒီနှစ်ရပ်လုံးမှာ အကျိုးအမြတ်ထက် နစ်နာဆုံးရှုံးမှုဟာ ပိုပြီးတော့ ကြီးမားစေမှာဖြစ်တယ်။

အဲဒီတော့ မူးယစ်စေသောအရာမှန်သမျှနှင့် လောင်းကစားမှု (ဥပမာ - ဘောလုံးပွဲ၊ နှစ်လုံးထီ၊ သုံးလုံးထီ၊ ၆လုံးထီ) မှန်သမျှဟာ လူတွေအတွက် အဲဒီလုပ်ရပ်နှစ်ရပ်လုံးမှာ အကျိုးအမြတ် အနည်းငယ်ရှိပေမဲ့ ကိုယ်ရည်ကိုယ်သွေး ပျက်ပြားစေမည့် ထိခိုက်နစ်နာဆုံးရှုံးစေမည့် ဆိုးကျိုးတွေဟာ အလွန်ကြီးမားမှာဖြစ်သောကြောင့် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်မှတဆင့် လူသားတွေကို ကြေငြာစေခဲ့တာဖြစ်တယ်။

တစ်နည်းအားဖြင့် မူးယစ်ထုံထိုင်းစေမည့် စိတ်နှလုံးကို ပြောင်းလဲစေမည့်အရာမှန်သမျှ အရက်သေစာဖြစ်စေ၊ ဆေးဝါးသုံးစွဲတာဖြစ်စေ၊ အစားအသောက်ဖြစ်စေ၊ နောက်ပြီးတော့ လွယ်လွယ်ကူကူ ပေါချောင်ကောင်းနည်းလမ်းနှင့် ရယူခံစားမည့်အရာ လောင်းကစား၊ အတိုးအညွန့်ခူးစားခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း စတဲ့ အကြောင်းအရာတွေဟာ လူတွေရဲ့ကိုယ်ရည်ကိုယ်သွေး၊ အစွမ်းအစ၊ အရည်အချင်းတွေကို ပျက်ပြားစေပြီး ကိုယ်ကျင့်တရားကိုပါ ဖျက်ဆီးစေမှာဖြစ်တယ်ဆိုတာ ပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ် ။ ။

# ဒီးန် နှင့် မဇ်ဟဗ်

လေးစားအပ်ပါသော ကြွရောက်လာကြတဲ့ လူကြီးမင်း အပေါင်းတို့ခင်ဗျား-

**`အတ်စွလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရ်ကဟ်သုဟု´**

ယခုလို ကျမ်းတော်မြတ်ကုရ်အာန်နဲ့ ပတ်သက်ပြီးတော့ သောကြာခွတ္တဗါဟ်မှာ တင်ပြခွင့်ရရှိတဲ့အတွက် ဦးစွာပထမ အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိပါတယ်။ ပြီးတဲ့နောက်မှာ ကျွန်တော့်ရဲ့မိဘနှစ်ပါးနဲ့တကွ ကျွန်တော့်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနဲ့ ကြွရောက်လာကြတဲ့ ဂျမာအသ်သူ/ သားများကို ဒီနေရာကနေ ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော် ဒီနေ့ ဟောပြောမယ့်ခေါင်းစဉ်ကတော့ **`ဒီးန် နှင့် မဇ်ဟဗ်´** ဆိုတဲ့ခေါင်းစဉ်နဲ့ တင်ပြသွားမှာဖြစ်ပါတယ်။

**" အဒ်ဒီးန်န "** ဆိုတဲ့စကားလုံးဟာ **`ဒါလ်၊ ယာ၊ နွန်´** ဆိုတဲ့ ဗျည်းအက္ခရာသုံးလုံးမှ ဆင်းသက်လာခြင်းဖြစ်ပါတယ်။ **`ဩဇာအာဏာ၊ ကျိုးနွံစွာ လိုက်နာကျင့်သုံးရာလမ်းစဉ်၊ တရားဓမ္မ စီမံခန့်ခွဲမှု၊ စီရင်ဆုံးဖြတ်ခြင်း၊ နောက်ဆုံးရလဒ် အကျိုးပေးခြင်း´**ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန်မှာ **"အဒ်ဒီးန်န"** ကို (၆၂)ကြိမ်ထိ သုံးထားပါတယ်။

လူမျိုးတိုင်း၊ အုပ်စုတိုင်းမှာ ယုံကြည်ချက်တွေရှိကြပါတယ်။ ယေဘုယျအားဖြင့် နှစ်ပိုင်းခွဲခြားနိုင်ပါတယ်။

**(၁) " လိုင်းဆ ခါလစ်က် "** (**Non-Creator**) ထာဝရဖန်ဆင်းရှင် (ဝါ) ထာဝရပြုစုပျိုးထောင်ရှင်မရှိသော ယုံကြည်ချက်

(၂) **" ခါလစ်က် "** (**Creator**) ထာဝရဖန်ဆင်းရှင် (ဝါ) ထာဝရပြုစုပျိုးထောင်ရှင်ရှိသော ယုံကြည်ချက်ဆိုပြီး နှစ်ပိုင်းခွဲခြားနိုင်ပါတယ်။

ကမ္ဘာပေါ်မှာ ဘာသာတရားကြီး(၄)ခုရှိတယ်ဆိုပြီး အများစုက သတ်မှတ်ထားကြပါတယ်။ အဲဒီဘာသာကြီးလေးခုက (၁) ခရစ်ယာန်ဘာသာ (၂) အစ္စလာမ်ဘာသာ (၃) ဟိန္ဒူဘာသာ (၄) ဗုဒ္ဓဘာသာ တို့ဖြစ်ပါတယ်။ ကျန်ဘာသာလေးတွေလည်း ရှိပါသေးတယ်။ ဥပမာ- ဂျူးဘာသာ၊ ဂျိန်းဘာသာ၊ ကွန်ဖြူးရှပ်ဘာသာ၊ တာအိုဘာသာ၊ ဆစ်ဘာသာ၊ ရှင်တိုဘာသာ၊ ဖာရစီဘာသာ၊ ဘဟာအီဘာသာ စသဖြင့် ဘာသာတရားလေးတွေလည်း ရှိပါတယ်။

အစ္စလာမ်ဆိုတာ ဘာသာမဟုတ်ပါဘူး။ ကျမ်းတော်မြတ်ကုရ်အာန်မှာ ဖော်ပြထားသည်မှာ **" အဒ်ဒီးန်နုလ် အစ်စလာမ် " ပြီးပြည့်စုံသော လူ့ဘဝတည်ဆောက်မှုလမ်းစဉ်** ( A Complete Code of Life) ဖြစ်ပါတယ်။ အစ္စလာမ်မှာ ထာဝရပြုစုပျိုးထောင်ရှင်ကို **"အလ္လာဟ်"(Allah, Lord)**လို့ခေါ်ပါတယ်။ အခြားဘာသာတရားတွေမှာ ထာဝရပြုစုပျိုးထောင်ရှင်ကို(God, Yahuwa, Pramatma) စသဖြင့် ခေါ်ဝေါ်ကြပါတယ်။ ဘာသာ (Religion) ဆိုတာ စကား၊ အယူဝါဒ၊ ဓလေ့ထုံးစံတို့ ပေါင်းစပ်ထားခြင်းကို ခေါ်ပါတယ်။

ဒီးန်ဆိုတဲ့ ဘဝတည်ဆောက်မှုလမ်းစဉ်ဟာ အလ္လာဟ်အရှင်မြတ်ထံတော်၌ အစ္စလာမ်သာလျှင် ဖြစ်ပါတယ်။ ကုရ်အာန် ဆူရာဟ်(၃) အာယတ်(၁၉)မှာ-

***" ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဒီးန် လူ့ဘဝတည်ဆောက်မှုလမ်းစဉ်ဟူသည် အစ္စလာမ် နာခံအပ်နှင်းခြင်းပင်တည်း "***လို့ဖော်ပြထားပါတယ်။

**"အလ်အစ်လားမု"** `ဘဝခရီးပန်းတိုင်သို့ ဖြောက်လှမ်းရာတွင်ညွှန်ပြသည့် လူ့ဘဝတည်ဆောက်မှုလမ်းစဉ်´ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန်မှာ **"အလ်အစ်လားမု"** ကို (၆)ကြိမ်ထိ သုံးထားပါတယ်။ ဒီးန်တွင် အတင်းအဓမ္မစနစ် လုံးဝမရှိပါ။ ဒီးန်စနစ်တွင် မည်သည့်ယုံကြည်ချက်၊ မည်သည့်လုပ်ဆောင်ချက်ကိုမှ အတင်းအဓမ္မ အမိန့်ပေး စေခိုင်းလို့မရပါဘူး။ ဆူရာဟ် (၂) အာယတ်(၂၅၆)မှာ -

***" ဒီးန်တွင် အတင်းအဓမ္မစနစ် လုံးဝမရှိပါ "***

အစ္စလာမ်ဒီးန်စနစ်မှာ အလ္လာဟ်ကို ယုံကြည်ချင်လည်းရတယ်။ မယုံကြည်ချင်လည်းရပါတယ်။ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် လူသားတိုင်းမှာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့သိထားရမှာက အလ္လာဟ်အရှင်မြတ်ဟာ မိမိတို့ပြောသမျှ၊ နှလုံးသားအတွင်းမှ ကြံစည်သမျှကို အကြွင်းမဲ့ ကြား/သိတော်မူသောအရှင် ဖြစ်ပါတယ်။

အစ္စလာမ်ဟာ တစ်ခုတည်းသော လူ့ဘဝတည်ဆောက်မှုလမ်းစဉ် ဖြစ်ပါတယ်။ ကျမ်းတော်မြတ်ကုရ်အာန်ဟာ အလ္လာဟ်အရှင်မြတ်ထံမှ ရစူလ်တမန်တော်မြတ်(ဆွ)ထံသို့ နောက်ဆုံးချပေးသော လူ့ဘဝတည်ဆောက်မှု လမ်းညွှန်ကျမ်းဖြစ်ပါတယ်။

အလ္လာဟ်အရှင်မြတ်ဟာ ကျမ်းတော်မြတ်ကုရ်အာန်၏ လမ်းညွှန်ချက်ဖြင့် ဒီးန်လူ့ဘဝတည်ဆောက်မှုလမ်းစဉ်၊ အရှင်မြတ်ရဲ့ကျေးဇူးတော်တွေကို အပြည့်အဝ ချီးမြှင့်ပေးတော်မူခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအပြင် အလ္လာဟ်အရှင်မြတ်ဟာ (အစ္စလာမ်) နာခံအပ်နှင်း၊ လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်

ရှက်ခြင်းကို (ဒီးန်)ဘဝတည်ဆောက်မှုလမ်းစဉ်အဖြစ် သဘောတူနှစ်မြို့တော်မူပြီး ဖြစ်သည်။ (ဆူရာဟ် - ၅း၃)

**"မည်သူမဆို အစ္စလာမ် နာခံအပ်နှင်းခြင်းမှတပါး အခြားသော သာသနာတစ်ရပ်ရပ်ကို ရှာဖွေဆည်းပူးပါက အလ္လာဟ်အရှင်မြတ် လက်ခံသဘောတူ နှစ်မြို့မှုကို ထိုသူ အလျှဉ်းခံရမည် မဟုတ်ပါ။ ၎င်းပြင် ထိုသူသည် အနာဂတ်ကာလတစ်လျှောက် ပျက်စီးဆုံးရှုံးသူများတွင် တစ်ဦးအပါအဝင် ဖြစ်သွားပေမည်"** (ဆူရာဟ် - ၃း၈၅)

တဖန် ဆူရာဟ်(၂) အာယတ် (၂၀၈)မှာ -

" *အို -- အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အစ္စလာမ့်စည်းမျဉ်းဥပဒေဘောင်အတွင်းသို့ လုံးလုံးလျားလျား (ကိုယ်၊ နှုတ်၊ နှလုံး) သုံးပါးစလုံးဖြင့် ဝင်ရောက်ကြလေကုန်။ ၎င်းပြင် ရှိုင်တွာန်(အဖျက်အင်အားစု)၏ လမ်းကြောင်းနောက်သို့ ဖဝါးခြေထပ် မလိုက်ကြလေနှင့်။ မုချဧကန် ထိုရှိုင်တွာန်သည် အသင်တို့အဖို့ ထင်ရှားလှစွာသော ရန်သူပင်ဖြစ်သည် "*

ယနေ့ခေတ် မွတ်ဆလင်မ်ဆိုသူ (မွတ်ဆလင်မ်အမည်ခံထားသူ)တစ်ချို့ဟာ အစ္စလာမ်က လမ်းညွှန်ထားတဲ့ စည်းမျဉ်းတွေ၊ ဥပဒေတွေကို နားလည်မှုလွဲမှားပြီး တစ်ဘက်စွန်းရောက်ကာ ရှိုင်တွာန်အဖျက်အင်အားစုနောက်သို့ ဖဝါးခြေထပ်လိုက်၍ အကြမ်းဖက်နေကြခြင်းဖြစ်တယ်လို့ထင်ပါတယ်။ အစ္စလာမ်ဆိုတာ ငြိမ်းချမ်းရေးကိုဖော်ဆောင်သော စနစ်ဖြစ်တယ်။ အစ္စလာမ်ကို လိုက်နာသူ မွတ်ဆလင်မ်ဆိုတာလည်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သူသာ လျှင်ဖြစ်ပါတယ်။ မွတ်ဆလင်မ်နှင့် အကြမ်းဖက်မှုဆိုတာ တစ်ခြားစီပါပဲ။ တွဲသုံးလို့မရပါဘူး။

" *မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ ဒီးန် ဘဝတည်ဆောက်မှုလမ်းစဉ်တော်ကို ရွေးချယ်ခဲ့ပြီးဖြစ်ရာ အသင်တို့သည် အမိန့်တော်ကို နာခံအပ်နှင်း၊ လွှဲအပ်လိုက်နာသော မွတ်ဆလင်မ်များအဖြစ်နှင့်သာ ဘဝကို နိဂုံးအဆုံးသတ်ကြလေကုန်။"* (ဆူရာဟ် - ၂း၁၃၂)

အစ္စလာမ် လူ့ဘဝတည်ဆောက်မှုလမ်းစဉ်ကို လိုက်နာသူကို မွတ်ဆလင်မ်ဆိုပြီး အမည်ပေးခဲ့တာ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ဖြစ်ပါတယ်။ ဆူရာဟ် (၂၂) အာယတ် (၇၈) မှာ -

" *အရှင်မြတ်သည် အသင်တို့အား မွတ်ဆလင်မ်များဟူ၍ အမည်ပညတ်တော်မူခဲ့ပြီး ဖြစ်သည် "*

ယနေ့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းကြီးကို ကြည့်မယ်ဆိုရင်အုပ်စုနစ်ခုကွဲနေတယ်။ ရှီအာမွတ်ဆလင်မ်၊ စွန္နီမွတ်ဆလင်မ် ဆိုပြီး အုပ်စုနစ်ခုကွဲနေခြင်းဟာ အလွန်အင်မတန်မှ ကြေကွဲဝမ်းနည်းစရာ ကောင်းလှပါတယ်။ အလ္လာဟ်အရှင်မြတ်ရဲ့ကြိုး (ကုရ်အာန်)ကို အသင်တို့ ဆွဲကိုင်ထားကြ၊ အသင်တို့ အုပ်စုတွေ မကွဲကြနှင့် လို့ သွန်သင်ဆုံးထားပါတယ်။

မုအ်မင်န် မွတ်ဆလင်မ်တိုင်း **"သွာဂူးသွန်"** ကို ကာဖရ်လုပ်ရမှာဖြစ်ပါတယ်။ တနည်းအားဖြင့် ကိုးကွယ်ရာ အမှားတွေကို ငြင်းပယ်ရမှာဖြစ်ပါတယ်။ ဒီးန်စနစ်ဟာ ကုဖ်ရ် မှ အစ္စလာမ်ဆီသို့ ပို့ဆောင်ပေးပါတယ်။ တနည်းအားဖြင့် အမှောင် မှ အလင်းဆီသို့ ပို့ဆောင်ပေးပါတယ်။

ရှိုင်တွာန်ရဲ့အယူဝါဒလမ်းကြောင်းဟာ အစ္စလာမ်မှ ကုဖ်ရ်ဆီသို့ ပို့ဆောင်ပေးပါတယ်။ တနည်းအားဖြင့် အလင်းမှ အမှောင်သို့ ပို့ဆောင်ပေးပါတယ်။ ဒီးန်က မူကိုအခြေခံထားပါတယ်။ မဇ်ဟဗ်က လူကိုအခြေခံထားတာဖြစ်ပါတယ်။ အဲဒီအတွက် အစ္စလာမ်ဟာ မိုဟာမေဒင်ဘာသာ မဟုတ်ပါဘူး။ မုဟမ္မဒ်ရဲ့အယူဝါဒမဟုတ်ပါဘူး။ အစ္စလာမ်ဒီးန်စနစ်ဟာ မုဟမ္မဒ်(ဆွ) လက်ထက်ကျမှ စတင်ခဲ့ခြင်းမဟုတ်ပါဘူး။ အလ္လာဟ်ဟာ အစ္စလာမ် ဒီးန်စနစ်ကို ခေတ်တိုင်း၊ စနစ်တိုင်းမှာရှိခဲ့ကြတဲ့ လူမျိုးအုပ်စု အသီးသီးအတွက် သက်ဆိုင်ရာ ဘာသာစကားအသီးသီးနဲ့ လမ်းညွှန်ခဲ့ခြင်းဖြစ်ပါတယ်။

လူသားပညာရှင်များက ဒီးန်စနစ်ကို ဟန္နဖီ၊ ရှာဖီအီ၊ မာလီကီ၊ ဟန်ဗလီဆိုပြီး မဇ်ဟဗ်ဘာသာရေး ဂိုဏ်းအယူဝါဒများအဖြစ် အစိပ်စိပ်အမွှာမွှာ ခွဲခဲ့ကြပါတယ်။ ဒီးန်က စဉ်းစားတွေးခေါ်ခိုင်းတယ်။ မဇ်ဟဗ်က ပုံတူကူးချခိုင်း၊ အတုခိုး လိုက်လုပ်ခိုင်းပါတယ်။ ဒါကြောင့် မဇ်ဟဗ်ဘာသာရေး ဂိုဏ်းအယူဝါဒဟာ တရသေဝါဒ၊ နောက်ကြောင်းပြန် တွန်းပို့ပေးတဲ့ဝါဒ ဖြစ်ပါတယ်။ ဆူရာဟ် (၃၄) အာယတ် (၄၆) မှာ **" သွမ်မ သက်သဖက်ကရူး "** **`ပြီးနောက် အသင်တို့ စဉ်းစားဆင်ခြင်ကြပါ´**။

ဒီးန်စနစ်က စဉ်းစားဆင်ခြင် တွေးခေါ်မှုမရှိတဲ့သူဟာ တိရစ္ဆာန်ထက် သေးသိမ်ညံ့ဖျင်းသူ ဖြစ်တယ်လို့ဆိုပါတယ်။ ဆူရာဟ် (၇) အာယတ် (၁၇၉) မှာ -

" *စဉ်းစားတွေးခေါ်မှု အသိဉာဏ်ကို အသုံးမချသောသူများသည်သာလျှင် တိရစ္ဆာန်ထက် သေးသိမ်ညံ့ဖျင်းသူ၊ လမ်းလွဲလမ်းမှားသူများ ဖြစ်တယ် "* လို့ဖော်ပြထားပါတယ်။ စဉ်းစားတွေးခေါ်မယ်ဆိုရင် အစွဲကင်းရမည်။ အစွဲရှိနေမယ်ဆိုရင် တစ်ဖက်စွန်းရောက်သွားနိုင်ပါတယ်။ အစွဲကင်းမှ တိကျမှန်ကန် ခိုင်လုံတဲ့ အမှန်

တရား၊ အသိပညာတွေကို ရရှိမှာဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်တဲ့ အခါ အလ္လာဟ်အရှင်မြတ်ရဲ့ အာယတ် (သက်သေလက္ခဏာ)တွေ အလ္လာဟ်အရှင်မြတ် ဖြစ်ထွန်းပေါ်ပေါက်စေထားမှု (ဖန်ဆင်းခံ)တွေ ကမ္ဘာလောက ပတ်ဝန်းကျင်တခွင်တပြင်လုံးကို စဉ်းစားတွေးခေါ် သုတေသနပြုနိုင်ပါတယ်။ ဒါပေမဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ ဇာတိ၊ အရှိကိုတော့ စဉ်းစားတွေးခေါ်နိုင်မှာ မဟုတ်ပါဘူး။

အလ္လာဟ်အရှင်မြတ်က မိမိထံမှ ထုတ်ပြန်ပို့ချထားသော ကျမ်းမြတ်ကုရ်အာန်ကိုပင် လေ့လာသုတေသနပြုဖို့ လမ်းညွှန်ထားပါတယ်။ မုအ်မင်န် မွတ်ဆလင်မ်တစ်ယောက်အနေနဲ့ ဦးစွာပထမ မိမိတို့ ဒွိဟသံသယမရှိ၊ အကြွင်းမဲ့ လက်ခံယုံကြည်ထားတဲ့ ကျမ်းမြတ်ကုရ်အာန်ပါ အကြောင်းအရာတွေ၊ လမ်းညွှန်ချက်တွေဟာ ဘာတွေလဲ။ ကျမ်းတော်မြတ်ကုရ်အာန်ကို ဘာကြောင့် ထုတ်ပြန်ပို့ချရသလဲ ဆိုတာ သိရှိဖို့ အထူးပဲလိုအပ်ပါတယ်။

ကျမ်းမြတ်ကုရ်အာန်ဟာ လူသားတွေရဲ့ တွေးခေါ်မြော်မြင်မှု သဘောတရားတွေကို လှုံ့ဆော်ပေးပါတယ်။ လူနှင့်လူ့ပတ်ဝန်းကျင်ကိုလေ့လာစေပါတယ်။ စကြာဝဠာကြီးကို ထိုးထွင်းဖောက်ထွက်ရန် တိုက်တွန်းနှိုးဆော်ပေးပါတယ်။ နေ့နှင့်ည ပြောင်းလဲပုံကို လေ့လာခိုင်းပါတယ်။ မိုးလေဝသနှင့် ရာသီဥတုကိုလည်း လေ့လာခိုင်းပါတယ်။ ကျဆုံးပြိုပျက်သွားခဲ့ရသော လူ့သမိုင်းတွေကို လေ့လာပြီးသင်ခန်းစာယူခိုင်းပါတယ်။ ဆန့်ကျင်ဘက် သဘောတရားတွေကိုလည်း လေ့လာခိုင်းထားပါတယ်။ မုအ်မင်န် မွတ်ဆလင်မ်တွေ လေ့လာဖို့လိုအပ်တဲ့ ပညာရပ်တွေကို ဖော်ပြထားတဲ့အနက် တစ်ခု၊ နှစ်ခုလောက် တင်ပြပါရစေ။ ဆူရာဟ်(၃) အာယတ် (၁၉၀) မှာ -

" ***ဧကန်မုချ မဟာစကြာဝဠာနဲ့ ကမ္ဘာဂြိုဟ်တို့အား ဆင့်ကဲဖြစ်ပေါ် ဖန်ဆင်းမှု၌လည်းကောင်း၊ နေ့နှင့်ညတို့၏ ပြောင်းလဲမှုတို့၌လည်းကောင်း၊ ပညာရှိသခမိန်တို့အတွက် ထင်ရှားသော သက်သေလက္ခဏာတွေ အများကြီးရှိပါတယ်။*** " ဒ့ါအပြင် ဆူရာဟ် (၃၅) အာယတ် (၂၇)နဲ့ (၂၈)မှာ -

" ***အသင်မမြင်လေသလော။ ဧကန်မုချ ငါ အလ္လာဟ်အရှင်မြတ်ဟာ မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့၏။ ထို့နောက် ထိုရေဖြင့် အရောင်အသွေးအမျိုးမျိုး ကွဲပြားခြားနားနေသော သစ်သီးဝလံများကို (ဖူးပွင့်သီး)စေခဲ့၏။ ထိုနည်းတူစွာ တောင်များအတွင်း အဖြူရောင်ရှိသော သတ္တုကြပ်စင်များ၊ အနီရောင်ရှိသော သတ္တုကြပ်စင်များ၊ အချို့မှာ အမဲရောင်ရှိသော သတ္တုကြပ်စင်များ စသည်ဖြင့် အရောင်အမျိုးမျိုး ကွဲပြားနေသည်ကို အသင်တို့ မမြင်ကြလေသလော*** "

" ***ထို့ပြင် လူသားများတွင်လည်းကောင်း၊ သက်ရှိ သတ္တဝါများတွင်လည်းကောင်း၊ တိရစ္ဆာန်များတွင်လည်းကောင်း၊ အရောင်အဆင်းအစုံ ရှိကြပါသည်။ ၎င်းပညာရပ်များကို ဆည်းပူးလေ့လာသုတေသနပြုသူများသည်သာလျှင် `အိုလမာ´ပညာရှင်များ ဖြစ်ကြသည်။*** "

အရှေ့မှာတင်ပြခဲ့တဲ့ အာယတ်တော်တွေအရ အလ္လာဟ်အရှင်မြတ်က `အိုလမာ´ပညာရှင်များဟာ **မိုးလေဝသနှင့်ဇလဗေဒ လယ်ယာစိုက်ပျိုးရေး၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ဓါတ်သတ္တုရှာဖွေရေး၊ ကျောက်မျက်ရတနာ၊ ဆေးပညာ၊ သတ္တဗေဒ၊ ခန္ဓာဗေဒ** စတဲ့ပညာရပ်တွေကို အသီးသီး လေ့လာဆည်းပူး သုတေသနပြုဖို့ လမ်းညွှန်ထားပါတယ်။ တဖန် ဆူရာဟ် (၁၂) အာယတ် (၁၁၁)မှာ -

" ***ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ပြထားသော တမန်တော်များနှင့် ရှေးလူဟောင်းတို့၏အကြောင်း အတ္ထုပ္ပတ္တိတို့၌ စဉ်းစားဆင်ခြင် သိမြင်နားလည်သူတို့အဖို့ ကြီးမားလှစွာသော သင်ခန်းစာများရှိ၏*** " အဲဒီအတွက် ကုရ်အာန်မှာ ဖော်ပြထားတဲ့ တမန်တော်မြတ်တွေအကြောင်း၊ ရှေးလူဟောင်းတို့ရဲ့ အတ္ထုပ္ပတ္တိတွေကို လေ့လာပြီး သင်ခန်းစာယူရမှာဖြစ်ပါတယ်။ ကုရ်အာန်မှာ ဖော်ပြထားတဲ့ အကြောင်းအရာများနှင့် ပညာရပ်အသီးသီးဟာ မုအ်မင်န် မွတ်ဆလင်မ်တိုင်း လေ့လာဆည်းပူး သုတေသနပြု လိုက်နာကျင့်သုံးဖို့ ဖရဇ်တာဝန် (ဝါ) မပြုမနေရတာဝန်တစ်ရပ် ဖြစ်ပါတယ်။

ဒါပေမဲ့ မွတ်ဆလင်မ်ဆိုသူတွေဟာ မိမိတို့ သတ်မှတ်ပြဌာန်းထားတဲ့ အယူဝါဒတွေနဲ့ မိမိတို့ရဲ့ တိုးတက်အောင်မြင်မှုတွေကို တားမြစ်ပိတ်ပင်ထားကြပါတယ်။ ရှေးယခင်က ကြားဖူးနားဝ အကြောင်းအရာတွေနဲ့ အဆင့်ဆင့် ယုံကြည်လာခဲ့ကြတဲ့ တဆင့်စကားများကို ယုံကြည်လက်ခံထားကြပြီး စစ်မှန်တဲ့ တမန်တော်ရဲ့ စကား အလ္လာဟ်အရှင်မြတ်ရဲ့လမ်းညွှန် ကုရ်အာန်ကို မျက်ကွယ်ပြုထားကြပါတယ်။

ကျမ်းမြတ်ကုရ်အာန်ကို စူးစမ်းလေ့လာခြင်းမရှိဘဲ မျက်ကွယ်ပြုထားကြတဲ့အတွက် အလ္လာဟ်အရှင်မြတ် ဖြစ်ထွန်းပေါ်ပေါက်စေထားတဲ့ သဘာဝနိယာမ တရားနဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ သက်သေလက္ခဏာတွေကပေးတဲ့ မည်သည့်အကျိုးတရားကိုမှ မိမိလည်း မခံစားရ၊ မိမိရဲ့လူ့အဖွဲ့အစည်းကိုလည်း မျှဝေခံစားနိုင်ခြင်း မရှိခဲ့ပါဘူး။ အဲဒီသဘာဝနိယာမ တရားရဲ့ အပြစ်ပေးမှုကိုသာ မိမိအပါအဝင် မိမိရဲ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး ခံစားရပါတော့တယ်။

မွတ်ဆလင်မ်ဆိုသူတွေရဲ့ အသိုင်းအဝိုင်းမှာက `အင်လင်မ်´ ဆိုရင် ယခု ဘာသာရေးကျောင်းကြီး၊ ကျောင်းငယ်တွေမှာ သင်နေ

တဲ့ပညာကိုသာ `အင်လင်မ်´လို့သိထားကြပါတယ်။ အမှန်တကယ်မှာတော့ `အင်လင်မ်´ဆိုတဲ့ပညာဟာ အလွန်အင်မတန်မှ ကျယ်ပြန့်လှပါတယ်။ ဒါကြောင့် ယနေ့ခေတ် မွတ်ဆလင်မ်ဆိုသူတွေဟာ အခြားသောပညာရပ်တွေကို (တနည်းအားဖြင့်) အတန်းပညာကို ဒီးန်နဲ့မပတ်သက်ဘူး။ မွတ်ဆလင်မ်တွေအတွက် မလိုအပ်ဘူး၊ အသုံးမဝင်ဘူး၊ အသုံးမတဲ့ဘူး၊ အကျိုးမရှိတဲ့ပညာရပ်တွေ ဆိုပြီးတော့ မိမိတို့ရဲ့ရင်သွေးငယ်တွေ၊ ခေတ်ကာလရဲ့ မျိုးဆက်သစ်တွေကို ပိတ်ပင်တားမြစ်မှုတွေ၊ မိမိတို့သားသမီးတွေကို မသင်ကြားခြင်းတွေ၊ သင်ကြားလျက်နဲ့ တစ်ဝက်တစ်ပျက်နဲ့ သင်ကြားခွင့်မပေးတော့တာတွေဟာ စိတ်ပျက်စရာကောင်းလောက်အောင်တွေ့မြင်နေရပါသေးတယ်။ (ပြုပြင်ကြပါတော့)

ဒီးန်နွလ်အစ္စလာမ်မှာ အခြေခံအားဖြင့် မဏ္ဍိုင်ကြီး(၅)ခုရှိပါတယ်။ (၁) အီမာန် (၂) ဆွလာသ် (၃) ဆွီယာမ် (၄) ဇကားသ် (၅) ဟဂ်ျ စတာတွေကို ကုရ်အာန်နည်းကျ လိုက်နာဖို့ လိုအပ်ပါတယ်။ အဲဒီအချက်(၅)ချက်မှ ဒီးန်နှင့်မဖ်ဟဗ် ကွဲပြားချက်အချို့ကို Highlight လုပ်ပြီး အချိန်ရသလောက် တင်ပြလိုပါတယ်။ ဒီးန်မှာ အဓိကအရေးကြီးဆုံးက ယုံကြည်ချက်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစ္စလာမ်က ယုံကြည်ချက်ကိုအခြေခံပြီး အခြားလုပ်ဆောင်ချက်များကို တည်ဆောက်ထားလို့ပဲ ဖြစ်ပါတယ်။ ယုံကြည်ချက်တွေမှန်ကန်မှ လုပ်ဆောင်ချက်တွေ မှန်ကန်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါဆိုရင် ယနေ့ခေတ် မွတ်ဆလင်မ်ဆိုသူတွေ ယုံကြည်လက်ခံထားတဲ့ အချက်တွေအားလုံး မှန်နေပြီလား။ ကုရ်အာန်နဲ့ရော ကိုက်ညီမှုရှိပါရဲ့လား။ ကျွန်တော်တို့ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ ကလေမာဟ်(၇)ပုဒ်လုံးရော ကုရ်အာန်ထဲက အတိုင်းပဲလား စသဖြင့် တစ်ဦးချင်း၊ တစ်ဦးချင်းက မိမိတို့ကိုယ်ကို မိမိတို့ မေးခွန်းထုတ်ပြီး အဖြေပေးရမယ့်အခြေအနေကို ရောက်နေပါပြီ။ အလ္လာဟ်ယုံကြည်ခိုင်းတာနဲ့ မကိုက်ညီရင်တော့ ကျွန်တော်တို့ယုံကြည်ချက်တွေ ပြုပြင်ပြောင်းလဲဖို့လိုတာပေါ့။

ဒါဆိုရင် အလ္လာဟ်အရှင်မြတ်က ဘာတွေယုံကြည်ခိုင်းထားသလဲဆိုတာ လေ့လာကြည့်ကြပါစို့။ ဆူရာဟ်(၄) အာယတ်(၁၃၆)မှာကြည့်မယ်ဆိုရင် (၁)အလ္လာဟ်အရှင်မြတ် (၂) အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချတဲ့ကျမ်းတွေ (၃) ရစူလ် တမန်တော်တွေ (၄) မလာအေကာဟ် (၅) အနာဂတ်ကာလ စသဖြင့် အချက်(၅)ချက်ကို ကုရ်အာန်နဲ့အညီ ယုံကြည်ဖို့တာဝန်ရှိပါတယ်။

တမန်တော်မြတ်ထံ ချပေးတဲ့ကျမ်းဟာ ကျမ်းတော်မြတ်ကုရ်အာန်တစ်အုပ်တည်း ဖြစ်ပါတယ်။ တမန်တော်မြတ်ကြီး ဖြန့်ချိလိုက်နာကျင့်သုံးခဲ့တာလည်း ကုရ်အာန်လမ်းညွှန်အတိုင်း ဖြစ်ပါတယ်။ နောက်ထပ် ဝဟီလမ်းညွှန်လာစရာ မရှိတော့ပါဘူး။

မွတ်ဆလင်မ်တွေအားလုံး ယုံကြည်ထားတဲ့ သစ္စာတရားဟာ **" လာအိလာဟ အစ်လလ္လာဟ်" (၃၇း၃၅) "မုဟမ္မဒ်ဒွလ်ရစူလ်လွလ္လာဟ်" (၄၈း၂၉)**

လူသားအားလုံးအတွက် အလ္လာဟ်အရှင်မြတ်ဟာ ပြုစုပျိုးထောင်ရှင် **" ရဗ်ဗွလ် အားလမီးန် "** ဖြစ်ပါတယ်။

လူသားအားလုံးအတွက် တမန်တော်မြတ်ကြီးဟာ ကရုဏာတော်တစ်ရပ် **" ရဟ်မက်သန်း လိလ်အားလမီးန် "** ဖြစ်ပါတယ်။ မုအ်မင်န်မွတ်ဆလင်မ်တိုင်းသည် ယုံကြည်ချက်နှင့်အညီ လိုက်နာကျင့်သုံးရမည်။ ဆွလာသ်နဲ့ပတ်သက်ပြီး အနည်းငယ်တင်ပြချင်ပါတယ်။

တမန်တော်မြတ်(ဆွ)ဟာ မိမိထံ ထုတ်ပြန်ပို့ချပေးတဲ့ ဝဟီအတိုင်း လူ့ဘဝတည်ဆောက်ပြသခဲ့ပါတယ်။ လူသားတိုင်းအထူးသဖြင့် မွတ်ဆလင်မ်တိုင်း တမန်တော်မြတ်ကြီး တည်ဆောက်ပြသခဲ့တဲ့ လူ့ဘဝနေနည်းအတိုင်း ဖဝါးခြေထပ်လိုက်နာခြင်းအားဖြင့် မိမိတို့ဘဝရေးရာ ပြဿနာအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းရင်း တမန်တော်မြတ်ကို အားပေးကူညီခြင်းဖြင့် ဆွလားသ်တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဆွလားသ်ဆိုတဲ့စကားလုံးကို ကျမ်းတော်မြတ်ကုရ်အာန်မှာ ဖော်ပြထားတဲ့အထဲက ဆူရာဟ်(၂၉) အာယတ်(၄၅)ကို တင်ပြပါရစေ။

***" အလ္လာဟ်အရှင်မြတ်၏ ပြဋ္ဌာန်းချက်ဥပဒေကို ထပ်ကြပ်မကွာ လိုက်နာခြင်းသည် ဆွလားသ်တည်ဆောက်မှုပြုခြင်းပင် ဖြစ်သည်။ ဆွလားသ်တည်ဆောက်ခြင်းသည် ရှက်ကြောက်ရွံ့ရှာဖွယ်ကောင်းသော အတွေးအခေါ်၊ အကျင့်အကြံများနှင့် ညစ်ညမ်းလွန်းသော စရိုက်ဆိုးများမှ ဖယ်ရှားပေးမည်။ "***

အဲဒီအာယတ်တော်မှာပါတဲ့ `ဖအ်ရှား´ဆိုတာ မိမိအကျိုးကိုသာကြည့်ခြင်းဖြစ်ပြီး `မွန်နိကရ်´ဆိုတာ မိမိအကျိုးကိုကြည့်တဲ့အပြင် သူတစ်ပါးအကျိုးကိုပါ ဟန့်တားပိတ်ပင်ခြင်း (အခွင့်အလမ်းမပေးခြင်း) စတဲ့ အတ္တသမားအဖြစ်ကနေ ဆွလာသ်တည်ဆောက်သူဟာ ဖယ်ရှားသွားမှာဖြစ်ပါတယ်။

ဆွီယာမ်နဲ့ပတ်သက်ပြီး အနည်းငယ်တင်ပြရမယ်ဆိုရင် ဆွီယာမ် (ဥပုသ်သီလ)ကို ရမသွာန်လမှာ တည်ဆောက်ရတာ ဖြစ်ပါတယ်။ ဟစ်ဂျရီပြက္ခဒိန်ရဲ့ ကိုးလမြောက်လ ဖြစ်ပါတယ်။ အစ္စလာမ်မှာ နေ့တွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေကို ကြိုတင်တွက်ချက်နိုင်အောင် နေ့တွေ၊ လတွေ၊ ကမ္ဘာတွေကို စနစ်တကျနဲ့ သူ့ပတ်လမ်းအတိုင်း သွားလာလှုပ်ရှားနိုင်အောင် တိုင်းတာသတ်မှတ်ထားပြီး ဖြစ်ပါတယ်။

အဲဒီလိုပဲ တစ်နေ့တာရဲ့ နေဝင်၊ နေထွက်၊ နေဝင်ရည်တရောအချိန်၊ နေဝင်ပြီး ညအချိန်၊ သန်းခေါင်ယံ၊ မိုးသောက်ချိန်၊ အာရုံတက်ချိန် စတာတွေကိုပါ တွက်ချက်နိုင်ရန် အလ္လာဟ်အရှင်မြတ်က စနစ်တကျ သတ်မှတ်ပြဌာန်းထားပြီး ဖြစ်ပါတယ်။ စစ်မှန်တဲ့ နေဝင်နေထွက်၊ လဝင်လထွက်တွေကို တွက်ချက်ထားပြီးဖြစ်တဲ့ ပြက္ခဒိန်ကို ထုတ်နိုင်အောင်ကြိုးစားကြပါတော့။ ကျွန်တော်တို့ (၅၉)လမ်း ဆုတောင်းပြည့် အစ္စလာမ်ဝတ်ကျောင်းတော်က စနစ်တကျ တွက်ချက်ထားပြီးဖြစ်တဲ့ ပြက္ခဒိန်ကို (၉)လပိုင်းလောက်မှာ ဖြန့်ဝေသွားဖို့ရှိပါတယ်။ ဝါချည်၊ ဝါဖြေချိန်နဲ့ပတ်သက်ပြီး ဆူရာဟ် (၂) အာယတ်(၁၈၇) မှာ -

" ***ထို့ပြင် အသင်တို့သည် ချည်မျှင်အနက်တည်းဟူသော ညဥ့်၏အမှောင်မှ ချည်မျှင်အဖြူတည်းဟူသော နံနက်မိုးလင်း အာရုံတက်ချိန်၏အလင်းရောင် ပေါ်လွင်ထင်ရှားလာသည့်တိုင်အောင် စားကြ သောက်ကြကုန်လော့။ ပြီးနောက် အသင်တို့သည် ညဥ့်အချိန်ကျရောက်သည့်တိုင်အောင် အချိန်ပြည့် ဆွမ်ယာမ်တည် ဆောက်ကြကုန်လော့*** "

ဒါပေမဲ့ မွတ်ဆလင်မ်ဆိုသူတွေက အလ္လာဟ်အရှင်မြတ်ရဲ့ စီရင်ဖြစ်ထွန်းစေထားမှုကို မယုံလို့လားတော့ မသိဘူး။ ကမ္ဘာနဲ့ အလွန်ဝေးတဲ့ နေဝင်နေထွက်ကိုတော့ တွက်ကြပြီးတော့ ကမ္ဘာနဲ့ နီးတဲ့ လကိုတော့ မျက်စိနဲ့ထွက်ကြည့်နေတုန်းပဲ ရှိပါသေးတယ်။ (ပြုပြင်ပြောင်းလဲကြပါတော့)

ဇကားသ်နဲ့ ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ ဇကားသ်ဆိုတာ မိမိတို့မှာရှိနေတဲ့ ကိုယ်ရည်ကိုယ်သွေး အားသာချက်တွေဖြစ်တဲ့ (ကာယ၊ ဉာဏ၊ ဉစ္စခေန)စတာတွေကို ကိုယ်ရည်ကိုယ်သွေး အားနည်းချက်ရှိသူများထံသို့ မိမိတို့ အကျိုးစီးပွားကို မပျက်ပြားစေဘဲ ပိုလျှံသမျှကို မျှဝေသုံးစွဲရမှာဖြစ်ပါတယ်။ မွတ်ဆလင်မ်ဆိုတာ ပေးဆပ်သူတွေဖြစ်ရပါမယ်။ ပေးဆပ်ရင်းနဲ့ကမှ မိမိတို့အကျိုးကို ရယူရမှာဖြစ်ပါတယ်။ အဲဒီလို မျှဝေသုံးစွဲတဲ့အခါ လူမျိုးမရွေး၊ ဘာသာမရွေး ပေးကမ်းလှူဒါန်းနိုင်ပါတယ်။ ရမသွာန်လ တစ်လတည်းတွင်သာမက အချိန်မရွေး လှူဒါန်းနိုင်ပါတယ်။ ဘုံစနစ်ဖြင့် လှူဒါန်းသုံးစွဲခြင်းအားဖြင့် လူတန်းစား ကွာဟချက်ကို ရင်ကြားစေ့ပေးနိုင်မှာ ဖြစ်ပါတယ်။ ဘယ်လောက်လှူဒါန်းရမှာလဲ။ ဆူရာဟ် (၂) အာယတ် (၂၁၉) မှာ -

" ***လူတို့က အသင်တမန်တော်ထံသို့ ဘာတွေ ခွဲဝေသုံးစွဲ (လှူဒါန်း) ရမလဲဟု မေးမြန်းလာကြလျှင် မိမိတို့လိုအပ်သည်ထက် ပိုလျှံသည်များကို လှူဒါန်းကြပါ*** "

နောက်ဆုံး ဟဂ်ျနဲ့ပတ်သက်ပြီး အနည်းငယ် တင်ပြလိုပါတယ်။ ဟဂ်ျဆိုတာ တစ်နှစ်တစ်ကြိမ် အာရေးဗီယားနိုင်ငံရှိ မက္ကာဟ်ရွှေမြို့တော်၊ ကာဗဟ်ကျောင်းတော်သို့ သွားရောက်ခြင်း ဖြစ်ပါတယ်။ ဘာလုပ်ဖို့လည်းဆိုတော့ ဒီးန်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စတာတွေကို ဆွေးနွေးတိုင်ပင်ရမှာ ဖြစ်ပါတယ်။ ဆူရာဟ်(၂၂) အာယတ် (၂၇-၂၈)ကို လေ့လာကြည့်မယ်ဆိုရင်

" ***လူသားအနွယ်ဝင်တို့အား ဟဂ်ျနှင့်ပတ်သက်၍ ဤသို့ အသိပေးကြေငြာလိုက်ပါ*** "

" ***လူသားမျိုးနွယ်အားလုံး ကောင်းစားရေးအတွက် အကျိုးကျေးဇူးဖြစ်မည့်အရာများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်နိုင်ကြရန် အလို့ငှာ ဟဂ်ျစနစ်ကို ပြဌာန်းရခြင်းဖြစ်ပါတယ်*** " လို့တင်ပြရင်းနဲ့ လာမည့်ဟဂ်ျကာလမှာ အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်နှစ်သက်တော်မူမည့် ဟဂ်ျမျိုး ပြုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပထမခွတ္တဗဟ်ကို ဒီမှာပဲ နိဂုံးချုပ်လိုက်ပါတယ် ။ ။

# လူ့အခွင့်အရေး

လေးစားအပ်ပါသော ဤဗလီဝတ်ကျောင်းတော်သို့ ကြွရောက်လာကြတဲ့ ယုံကြည်သူ မွတ်ဆလင်မ် အမျိုးသား၊ အမျိုးသမီးအပေါင်းတို့ခင်ဗျား-

အခုလိုမြင့်မြတ်လှတဲ့ ယောင်မွလ်ဂျုမုအာနေ့မှာ အလ္လာဟ်အရှင်မြတ်ကို အေးချမ်းတည်ငြိမ်စွာနဲ့ အေဟာဒသ်ပြုခွင့် ရရှိတဲ့အပေါ်မှာ ရှေးဦးစွာ ကျွန်တော်တို့အားလုံး အလ္လာဟ် အရှင်မြတ်ကို အထူးကျေးဇူးတင်ရှိရမှာ ဖြစ်ပါတယ်။ ယနေ့ ယောင်မွလ်ဂျုမုအာမှာ ကျွန်တော် လေ့လာတွေ့ရှိတဲ့ ကုရ်အာန် ကျမ်းတော်မြတ်ရဲ့ အသိပညာတွေကို တဆင့်ပြန်လည် တင်ပြခွင့် ပြုတဲ့ ဤဝတ်ကျောင်းတော်အုပ်ချုပ်ရေးအဖွဲ့ဝင်များနဲ့ ကြွရောက် အားပေးကြတဲ့ ယုံကြည်သူ မွတ်ဆလင်မ်အမျိုးသား၊ အမျိုးသမီး အပေါင်းကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**`အတ်စွလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရ်ကာဟ်သုဟု´**

ယနေ့ ကျွန်တော်တင်ပြမှာကတော့ `လူ့အခွင့်အရေး´ဆိုတဲ့ ခေါင်းစဉ်ပဲဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုသည်မှာ လူသား ဆိုင်ရာ ဂုဏ်သိက္ခာပင်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန် ဆူရာဟ် (၁၇) အာယတ်(၇၀)၌

" ***ငါအရှင်သည် လူသားအားလုံးကို မွန်မြတ်သော ဂုဏ်သိက္ခာ ချီးမြှင့်ထားခဲ့သည်*** "ဟုဆိုထားသည်။ လူတွင် အဘယ်ကြောင့် ဂုဏ်သိက္ခာရှိနေရသနည်း။ လိုရင်းတိုရှင်းပြောရလျှင် လူသားတစ်ဦးသည် လူဖြစ်နေခြင်းသည်ပင်လျှင် ဂုဏ်သိက္ခာ ရှိနေခြင်းဖြစ်သည်။ သို့ဆိုလျှင် လူသားဂုဏ်သိက္ခာကို မည်သည့်အရာဖြင့် တိုင်းတာကြမည်နည်း။ လူသားဂုဏ်သိက္ခာကို **`လွတ်လပ်ခွင့်´** ဟူသောအရာဖြင့် တိုင်းတာနိုင်သည်။ လွတ်လပ်မှုသည်ပင် လူ၏ ဂုဏ်သိက္ခာဖြစ်သည်။ ထိုလွတ်လပ်မှုသည်ပင် လူသား၏ ကိုယ်ပိုင် ပစ္စည်းဖြစ်သည်။ မွေးရာပါ ရပိုင်ခွင့်ဖြစ်သည်။ လူ့အခွင့်အရေးဖြစ်သည်။

လူတစ်ယောက်ရဲ့ မွေးရာပါလူ့အခွင့်အရေးကို အုပ်ချုပ်သူနိုင်ငံတော်အစိုးရက သတ်မှတ်ပေးထားခြင်း မဟုတ်။ သဘာဝတရားက သတ်မှတ်ပေးထားခြင်းဖြစ်သည်။ ကုရ်အာန်အရပြောရလျှင် အလ္လာဟ်အရှင်မြတ်က လူသားအားလုံးကို သတ်မှတ်ပြဌာန်းပေးထားခြင်းသာလျှင် ဖြစ်သည်။

လွတ်လပ်မှုသည် လူ့အခွင့်အရေးဟုဆိုလျှင် လွတ်လပ်မှုဆိုသည်က အဘယ်နည်း။ လွတ်လပ်မှုဆိုသည်မှာ လူတစ်ယောက်သည် သူလုပ်ချင်သည့်အရာကို ပိတ်ပင်တားဆီး ဟန့်တားခြင်းမခံရဘဲ လုပ်ခွင့်ရနေခြင်းသည်ပင် လွတ်လပ်မှုဖြစ်သည်။ ယေဘုယျအားဖြင့် မှန်ပါသည်။ လူ့အဖွဲ့အစည်းဖြင့် နေထိုင်ပြီဆိုလျှင် မိမိရဲ့ လွတ်လပ်ခွင့်ကို ကျင့်သုံးရာ၌ အခြားသူတွေရဲ့ အခွင့်အရေးကိုလည်း မထိပါးစေရဆိုတာကို ကမ္ဘာ့လူသားအားလုံးက တညီတညွတ်တည်း လက်ခံထားကြပါတယ်။ ကျမ်းမြတ်ကုရ်အာန်တွင် လူသား၏လွတ်လပ်ခွင့်ကို ဤသို့ပြဌာန်းထားသည်။

" ***ငါအရှင်သည် လူသား၏လွတ်လပ်ခွင့်ကို သူ၏လည်ဂုတ်တွင် လူသားတိုင်းအား တွဲဖက်ချည်နှောင်ပေးခဲ့သည်။ ၎င်းကို ကေယာမတ်တွင် ငါအရှင်သည် မှတ်တမ်းတစ်ရပ်အဖြစ် ဆွဲထုတ်ပြမည်ဖြစ်သည်။*** " (ကုရ်အာန် - ၁၇း၁၃)

၎င်းအာယတ်ကို ပိုင်းခြားကြည့်လျှင် အလ္လာဟ်သည် လွတ်လပ်မှုကို လူတိုင်းပေးအပ်ထားသည်ဟုဆိုသည်မှာ လွတ်လပ်မှုသည် လူတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သည်။ ၎င်းသည် လူ့အခွင့်အရေးဖြစ်သည်။ တဖန် ထိုလွတ်လပ်ခွင့်ကို အလ္လာဟ်က မှတ်တမ်းတစ်ရပ်အဖြစ်ထားရှိမည်ဟုဆိုသည်။ ထိုအခါ လွတ်လပ်ခွင့်နှင့်အတူ တာဝန်ယူမှုပါ တွဲဖက်ပါဝင်လာရပါတော့သည်။ တာဝန်ယူမှုမဲ့သော လွတ်လပ်မှုသည် အဓိပ္ပါယ်ရှိမည်မဟုတ်။ တာဝန်ယူမှုပါသော လွတ်လပ်မှုသည်သာလျှင် လွတ်လပ်မှုအစစ်အမှန်ဖြစ်သည်။ လွတ်လပ်မှုသည် လူ့အခွင့်အရေးဖြစ်သည်။

လူ့အခွင့်အရေးအကြောင်းပြောလျှင် ကမ္ဘာ့ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း ထည့်ပြောမှဖြစ်မည်။ ကမ္ဘာ့ကုလသမဂ္ဂက လူ့အခွင့်အရေးကြေညာစာတမ်းကို (၁၉၄၈) ဒီဇင်ဘာ(၁၀)ရက်တွင် နိုင်ငံပေါင်း(၁၆၈)နိုင်ငံက သဘောတူလက်မှတ်ရေးထိုးကာ ကြေညာခဲ့လေသည်။ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကြေညာစာတမ်းသည် အပိုဒ်(၃၀)ရှိသည်။ ထိုအရာများသည် လူတစ်ယောက် လူဖြစ်လာပြီဟုဆိုလျှင် မည်သည့် နိုင်ငံဒေသ၌ နေထိုင်သည်ဖြစ်စေ လူသားများ၏ မွေးရာပါရပိုင်ခွင့် ဖြစ်သည်ဟု ဖော်ပြထားသည်ဖြစ်ရာ မည်သည့်အစိုးရ၊ မည်သည့် အာဏာပိုင်ကမှ ပိတ်ပင်တားမြစ်ခြင်းမပြုရဟု ပြဌာန်းထားသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ကုလသမဂ္ဂမှ သတ်မှတ်ပြဌာန်းသည့် လူ့အခွင့်အရေးကြေညာစာတမ်းကို လေးစားလိုက်နာကျင့်သုံးပါမည်ဟု လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

လူ့အခွင့်အရေးကြေညာစာတမ်းမှ အလျဉ်းသင့်သည့် အပိုဒ်များကို ထုတ်နုတ်ကိုးကား တင်ပြသွားပါမည်။ အဘယ်ကြောင့် လူ့အခွင့်အရေးကြေငြာစာတမ်း ပြဌာန်းထားရသနည်း။ လူတိုင်းသည် လူ့ဂုဏ်သိက္ခာနှင့်တကွ အညီအမျှ ခံစားခွင့်ရှိသည်။ လူ့အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်းတို့၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးများကို မထီလေးစားပြုခြင်းသည် လူခပ်သိမ်း၏အကျင့်သိက္ခာကို ချိုးဖောက်ဖျက်ဆီးတတ်သည့် ရက်စက်ကြမ်းကြုတ်သော အပြုအမူများကို ဖြစ်ပေါ်စေခဲ့သောကြောင့်လည်းကောင်း၊ အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးလျှင် လူတို့သည် လူ့ဂုဏ်သိက္ခာကို ချိုးဖဲ့ဖျက်ဆီးခံရလျှင် မလွဲမရှောင်သာ နောက်ဆုံး လက်နက်စွဲကိုင် တော်လှန်ပုန်ကန်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ လူမျိုးသုဉ်းသတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှုများ ကမ္ဘာအနှံ့ ကောန်မလွဲပေါ်ပေါက်လာပေမည်။ ထိုကဲ့သို့ မဖြစ်စေရန်နှင့် လူသားဂုဏ်သိက္ခာကို လေးစားတတ်စေရန် လူအချင်းချင်း၊ နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီး လေးစားစွာ ဆက်ဆံတတ်စေရန်၊ လူ့အခွင့်အရေးကြေညာစာတမ်းကို သတ်မှတ် ပြဌာန်းခြင်းဖြစ်သည်။ ထိုပြဌာန်းထားသည့်အရာများသည် လူသား၏မွေးရာပါ ရပိုင်ခွင့်များဖြစ်သည်။

## ***လူ့အခွင့်အရေးကြေညာစာတမ်း***

*အပိုဒ်(၁)* **လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့်လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့်လည်းကောင်း၊ မွေးဖွားလာသူများဖြစ်သည်။ “ All human beings are born free and equal in dignity and rights ”** ဟုဆိုသည်။

လူသားအားလုံးသည် မည်သည့်မျိုးနွယ်၊ အသိုင်းအဝိုင်း၊ နိုင်ငံဒေသ၌ မွေးဖွားလာသည်ဖြစ်စေ တူညီသော ဂုဏ်သိက္ခာ၊ တူညီသောအခွင့်အရေး ရပိုင်ခွင့်များရှိသည်ဟု ဆိုထားသည်ဖြစ်ရာ ထိုအရာသည် လူသား၏ မွေးရာပါရပိုင်ခွင့်ဖြစ်သည်။ မျိုးနွယ်စုတစ်ခုကြောင့်သော် လည်းကောင်း၊ ဒေသတစ်ခုကြောင့်သော် လည်းကောင်း ဘာသာတရား ယုံကြည်ချက်ကြောင့်သော် လည်းကောင်း လူ့ဂုဏ်သိက္ခာနှင့်အခွင့်အရေးများ ဆုံးရှုံးစရာမလိုပါ။ ဤသည် လူ့အခွင့်အရေးဖြစ်သည်။ လူ၏ မွေးရာပါရပိုင်ခွင့်ဖြစ်သည်။

*အပိုဒ်(၃)* **လူတိုင်း၌ အသက်ရှင်သန်ရန် လွတ်လပ်မှုခွင့်နှင့် လုံခြုံစိတ်ချမှုခွင့်ရှိသည်။**

အသက်ရှင်သန်ရန် လွတ်လပ်မှုခွင့် Right to life နှင့် လုံခြုံစိတ်ချမှု Security သည် လူ၏ မွေးရာပါရပိုင်ခွင့်ဖြစ်သည်။ ထိုအရာကို အဘယ်ကြောင့် လူ့အခွင့်အရေးဟူ၍ ပြဌာန်းထားရသနည်း။ အသက်ရှင်သန်ရန် လွတ်လပ်မှုခွင့်နှင့် လုံခြုံမှုရပိုင်ခွင့် ဟူသော မူလအခွင့်အရေးများ၏အသိကို ဤလူ့အခွင့်အရေးဟူသော ကျင့်ဝတ်ဥပဒေသကို လက်ကိုင်စွဲထားရမှန်း မသိခင်ကပင် ဤအသိကို လူတို့ ကျင့်သုံးဆောင်ရွက်နေကြပြီးဖြစ်သည်။ လူသားတစ်ဦး၏ မူလအခြေခံအခွင့်အရေးအရ လူသားတစ်ဦးသည် ၎င်း၏ အသက်ကို အသက်ရှင်သန်စွာ နေထိုင်ခွင့်ရရေးဆိုသည်မှာ မိမိအသက်သည် အခြားသူတစ်ပါး၏ ပယောဂကြောင့် သေဆုံးရခြင်း မဖြစ်ရဟူသော မူဝါဒကို လက်ကိုင်ပြုခြင်းဖြစ်လေသည်။

ဤကမ္ဘာမြေပေါ်တွင် လူသားတစ်ဦး ဖြစ်တည်ပေါ်ပေါက်လာချိန်မှစ၍ ယင်းလူသားသည် အတိမ်းအစောင်း၊ အချွတ်အချော် မဖြစ်စေရန် မူလကပင် လူသားနှင့်အတူ ၎င်း၌ မွေးဖွားလာရပြီးနောက် အသက်ရှင်သန်ရပ်တည်နိုင်ခွင့် အခွင့်အရေးပါ ရှိလာမည်ဖြစ်၍ မွေးဖွားပေးလိုက်သည့် မိဘနှစ်ဦး၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုး အသိုင်းအဝိုင်းများနှင့် ဘေးပတ်ဝန်းကျင် လူသားတို့က ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ရှိလေသည်။ ၎င်းလူသားအတွက် မိဘမှစ၍ ဘေးပတ်ဝန်းကျင် လူသားများအထိ ၎င်းတို့ပယောဂကြောင့် သေဆုံးခြင်း မရှိစေရ။

မိခင်တစ်ဦးက သူလွယ်ထားရသည့် သန္ဓေသားကို ဒါငါ့ကလေးပဲ ငါပိုင်တယ်။ မကြိုက်လျှင် သန္ဓေသား ဘဝမှာတင် ငါဖျက်ချမယ်ဟူ၍ လုပ်၍မရ။ ထိုကဲ့သို့လုပ်လျှင် လူ့အခွင့်အရေး ချိုးဖောက်တာဖြစ်သည်။ ရာဇဝတ်မှုမြောက်သွားမည်။ ထိုကလေးအပေါ် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။ ထိုကလေးရဲ့ Right to life ကို ချိုးဖောက်ခြင်းဖြစ်သည်။ ထိုကလေးသူငယ်သည် အသက်ရှင်သန်ပိုင်ခွင့်ရရုံနှင့်လည်း မပြီးသေးချေ။ သူ့အတွက် security လုံခြုံစိတ်ချမှု ရှိရဦးမည်ဖြစ်သည်။ မိဘသည် ထိုကလေးအား မွေးဖွားပြီးလျှင် ပြုစုစောင့်ရှောက်ရသည်၊ ကျွေးမွေးရသည်။ သူ့အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်တို့ကို ကာကွယ်ပေးရသေးသည်။ ယင်းသည် Right to security ဖြစ်သည်။ ထိုမျှနှင့်လည်း မပြီးသေး။ မိဘတို့သည် တဖန်သေရဦးမည်။ ထိုကလေးငယ် သူ့ခြေထောက်ပေါ် သူရပ်တည်ခွင့်ရအောင် မိဘများမရှိသည့်နောက် ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရဦးမည်ဖြစ်သည်။ ပညာရှိမှသာလျှင် ထိုကလေးငယ်သည် အသက်မွေးဝမ်းကျောင်းပြု၍ အသက်ရှင်ရပ်တည်ခွင့်ရပြီး လုံခြုံမှုကိုလည်း ရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေရမည့်အရွယ် ကလေးငယ်တစ်ယောက် လမ်းဘေးမှာ လက်ဖြန့်တောင်းစားနေသည်ကိုမြင်လျှင် ထိုကလေးသည် လူ့အခွင့်အရေး ချိုးဖောက်ခံနေရပြီဖြစ်သည်။

သို့ဖြစ်၍ လူသားတစ်ဦး အသက်ရှင်သန် ရပ်တည်နိုင်ခွင့်နှင့်လုံခြုံမှုတို့ ရရှိစေရန်အတွက် လူသားအချင်းချင်း ကူညီစောင့်ရှောက်ပံ့ပိုးပေးရန် တာဝန်ရှိသည်ဟု လူ့အခွင့်အရေးကြေညာစာတမ်းက သတ်မှတ်ပြဌာန်းထားသည်။ အဆုံးစွန်ပြောရလျှင် လူတစ်ယောက်အား ပြစ်မှုကျူးလွန်သောကြောင့် ထောင်ထဲပို့လိုက်ရသည်ဟုပင် ဆိုပါစေဦး။ ယင်းသည် ထိုသူရထားသည့် မွေးရာပါ လွတ်လပ်ခွင့်ကို ဥပဒေအရ ရုပ်သိမ်းလိုက်ခြင်းသာဖြစ်သည်။ တစ်ခြားသောလူ့အခွင့်အရေးများ သူ့ကို ပေးထားရပါသေးတယ်။ ဆိုလိုတာက လူ့ဂုဏ်သိက္ခာအရ သူ့ကို လူတစ်ယောက်အဖြစ် ဆက်လက်ပြီးတော့ အသိအမှတ်ပြုတဲ့သဘောပါ။ တကယ်တော့ ထောင်ဒဏ်အပြစ်ပေးတယ်ဆိုတာ ဥပဒေအရ သူ့လွတ်လပ်ခွင့်ကို အချိန်အတိုင်းအတာတစ်ခုအထိ အသိအမှတ်မပြုတော့တာ၊ ရုပ်သိမ်းလိုက်ခြင်းသာဖြစ်တယ်။ သူ့ကို လူအဖြစ် အသိအမှတ်မပြုတော့တာမဟုတ်ဘူး။ တိရစ္ဆာန်ဘဝ၊ ကျေးကျွန်ဘဝကို ပို့လိုက်တာမဟုတ်ဘူး။ ထိုအရာသည် လူ့ဂုဏ်သိက္ခာဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် လုံခြုံကင်းမဲ့သောဘဝတွင် နေနေရလျှင် မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်အတွက် ခြိမ်းခြောက်ခံနေလျှင် ကြီးလန့်စာစားနေရမည်ဆိုလျှင် လူ့အခွင့်အရေး ချိုးဖောက်ခံနေရပြီဖြစ်သည်။ မည်သည့်လူသားမှ အသက်ရှင်သန်ပိုင်ခွင့်နှင့် လုံခြုံပိုင်ခွင့် ကင်းမဲ့မှုမရှိစေရဟု လူ့အခွင့်အရေးကြေငြာစာတမ်းက ဆိုပါသည်။

***အပိုဒ်(၁၅) အပိုဒ်ခွဲ(၁)* လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။**

ဆိုလိုသည်မှာ ဤကမ္ဘာပေါ်တွင် **`နိုင်ငံမဲ့လူသား´**ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိစေရဟူ၍ဖြစ်သည်။ လူတစ်ယောက် နိုင်ငံမဲ့အနေအထားမှာ ရပ်တည်နေရပြီဆိုလျှင် ထိုသူသည် လူ့အခွင့်အရေးချိုးဖောက်ခံထားရသူ ဖြစ်သည်။ ဤနေရာတွင် သတိပြုစရာရှိသည်က နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်ဟူ၍သာ ဖော်ပြထားသည်။ လူမျိုးတစ်မျိုးရဲ့ လူမျိုးစုအခွင့်အရေးဟူ၍ ဖော်ပြမထားချေ။ လူမျိုးတစ်မျိုးရဲ့ လူမျိုးဖြစ်ခွင့်သည် လူ့အခွင့်အရေးဟူ၍ မပြဌာန်းထားချေ။ ဘာကြောင့်လဲဆိုရင် လူမျိုးတစ်မျိုးရဲ့ လူမျိုးစုဆိုတာ လူ့ဂုဏ်သိက္ခာနဲ့ မည်သို့မျှ မပတ်သက်လို့ပဲဖြစ်တယ်။ ဒါကြောင့်မို့ လူသားရဲ့ရပိုင်ခွင့်ဟူ၍ မဖော်ပြထားခြင်းဖြစ်သည်။ လူမျိုးတစ်မျိုးရဲ့ လူမျိုးစုဖြစ်ခွင့်ဆိုသည်မှာ ကျွန်တော်တို့ရွေးချယ်လို့ရသည့် အရာမျိုးလည်းမဟုတ်။ ကျွန်တော်တို့ ရွေးချယ်ပိုင်ခွင့်မရှိတဲ့အရာပေါ်မှာ ကျွန်တော်တို့ တာဝန်ခံစရာအကြောင်းလည်း မရှိ။ ထို့ကြောင့် လူမျိုးစုကိုအကြောင်းပြုပြီး လူအချင်းချင်း ခွဲခြားဆက်ဆံခြင်းကို လူ့အခွင့်အရေးကြေငြာစာတမ်းက တားမြစ်ထားသည်။

ဒီကနေ့ ကျွန်တော်တို့မှတ်ဆလင်မ်များအတွက် ခွဲခြားဆက်ဆံခံရသော အသုံးအနှုန်းတစ်ခုရှိသည်။ ကုလားဟူသော အသုံးအနှုန်း။ ထိုအသုံးအနှုန်း၏အဓိပ္ပါယ်ကို ကျွန်တော်မသိ။ သိလိုသည့်အတွက် မြန်မာအဘိဓါန်တွင် ရှာကြည့်မိသည်။ မြန်မာအဘိဓါန်တွင် ကုလားဟူသော အသုံးအနှုန်းကို ဤသို့ဖွင့်ဆိုထားသည်။

ကုလား (၁) **အိန္ဒိယတိုက်ငယ်မှ လာသောလူမျိုးများ**

**(၂) သာမန်အားဖြင့် မြန်မာနိုင်ငံ၏ အနောက်ဘက်ရှိ တိုင်းနိုင်ငံများမှလာသူများ**

အဘိဓါန်တွင် လူမျိုးများဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ သို့ဆိုလျှင် မေးစရာရှိလာပါသည်။ အိန္ဒိယတိုက်တွင် လူမျိုးစုများစွာရှိပါသည်။ ဥပမာအားဖြင့် စူရတီ၊ မေမန်၊ ဂူဂျရည်တီ။ ၎င်းတို့ မြန်မာပြည်ရောက်လာလျှင် ကုလားဟူ၍ဖြစ်သွားမည်လား။ ထိုလူမျိုးစုများတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ဓလေ့ထုံးစံရှိပြီးဖြစ်သည်။ အိန္ဒိယတိုက်တွင် ကုလားဟူသောလူမျိုးစု လုံးဝမရှိ။ မည်သည့်လူမျိုးစုကို ဆိုလိုသနည်း။ မြန်မာနိုင်ငံရဲ့ အနောက်ဘက်ရှိ တိုင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဘင်္ဂါလီဟူသော လူမျိုးစုမျိုး ရှိပြီးဖြစ်သည်။ ကုလားဟူသော လူမျိုးစုမတွေ့ရ။ ကျွန်တော်တို့ မြန်မာပြည်က လူအတော်များများ ဘာသာတရားနဲ့လူမျိုးကို ခွဲခြားပြီး မြင်တတ်ပုံမရချေ။

ကုလားဟူသောအသုံးကို နောက်တစ်မျိုး ပြောကြပါသေးသည်။ ကူးလာသူများဖြစ်ကြသည်ဟု ဆိုပါသည်။ အင်္ဂလိပ်တွေက မြန်မာပြည်ကို နယ်ချဲ့သိမ်းပိုက်ကြတယ်။ တိုင်းတစ်ပါးကနေ ကူးပြောင်းလာကြတယ်။ အသားဖြူ မျက်နှာဖြူလို့ ကုလားဖြူလို့ခေါ်ကြတယ်။ ကူးလာလို့ ကုလားဖြစ်သည်ဟုဆိုလျှင် ကမ္ဘာပေါ်တွင် ရှိသမျှလူအားလုံးသည် ကုလားများသာ ဖြစ်ကြတော့မည်။ အဘယ်ကြောင့်နည်း။ ရှင်းဦးအံ့။

ကမ္ဘာတွင် လူသားမျိုးနွယ်များ ပေါ်ပေါက်လာပုံကို လေ့လာကြည့်လျှင် ထိုအချက်ကို ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။ ဒေသခံ ဌာနေတိုင်းရင်းသားလူမျိုးစုတွေကိုပင် ဥပမာပေးပါမည်။ ထိုဌာနေလူမျိုးစုတို့သည် ကမ္ဘာဦးကတည်းက ထိုနေရာတွင် နေထိုင်လာကြသည်မဟုတ်။ မိုးပေါ်က ကျလာသည်လည်းမဟုတ်။ မြေလျှိုး၍ ပေါ်လာသည်လည်းမဟုတ်။ အမိအဖကနေ ပေါင်းစပ်ပြီး

လူအဖြစ်ကို မွေးဖွားလာခြင်းသာဖြစ်သည်။ ကမ္ဘာတွင် လူမျိုးစုများ မည်သို့ပျံ့နှံ့လာသနည်း။ ရှေးဦးလူသားတို့သည် ရေကြည်ရာမြက်နုရာ သွားလာရှာဖွေ စားသောက်နေထိုင်ကြသည်။ ခြေသလုံး အိမ်တိုင်အဖြစ် နေထိုင်ကြသည်။ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးသွားလာကြသည်။ နေရာအတည်တကျမရှိ။ စိုက်ပျိုးရေးခေတ်ရောက်လျှင် မြို့ရွာများဆောက်လုပ်၍ အတည်တကျ နေထိုင်လာကြသည်။ ထို့နောက် မွေးမြူရေး။ ထို့နောက် ကူးသန်းရောင်းဝယ်ရေး။

ဤသို့ဖြင့် ဒေသအသီးသီး၌ရှိနေကြသော လူတို့သည် နေရာအနှံ့အပြားသို့ ရွှေ့ပြောင်းနေထိုင်လာကြခြင်းသာဖြစ်သည်။ မည်သည့်လူမျိုးစုမျှ ကမ္ဘာဦးကတည်းက ရှိနေခြင်းမဟုတ်။ အားလုံး ကူးလာကြသူများသာဖြစ်သည်။ ထိုအချက်ကိုကြည့်လျှင် ထင်ရှားစွာမြင်တွေ့နိုင်ပါတယ်။

သမိုင်းရှုထောင့်မှတင်ပြရလျှင် နောင်တွင် လူအမျိုးမျိုးဖြစ်ပေါ်လာမည့် အခြေခံလူမျိုးများမှာ လေးမျိုးခန့်ရှိမည်ဟု သမိုင်းသုတေသီတို့က ဆိုကြသည်။ ဂရိ၊ ပါးရှန်း၊ အာမေးနီးယန်း၊ ဆလဗ် လူမျိုးများသည် ကော့ကေးဆပ် တောင်ကြောဘက်မှလာသည့် နောဒစ်အမျိုးအနွယ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ အီဂျစ်၊ ဆူမေးနီးယန်း၊ အိုင်ယာလန်နှင့် ဝေလလူမျိုးတို့သည် မြေထဲပင်လယ်မှဖြစ်သော အီဘာရီးယန်းမျိုးနွယ်မှ ဆင်းသက်လာသည်ဟု ဆိုသည်။ ဒီဘက်က ကျွန်တော်တို့ တရုတ်၊ ဂျပန်၊ မြန်မာ၊ ယိုးဒယား၊ မလေးလူမျိုးတို့သည်ကား မွန်ဂိုလီးယန်းအနွယ်မှလည်းကောင်း၊ အာဖရိကရှိ အသားမည်းလူမျိုးများ၊ အာရှနီးဂရိုးများမှာမူ နီဂရိုးလူမျိုးမှ ဆင်းသက်လာကြခြင်းသာဖြစ်သည်။ ဤကဲ့သို့ပင် ကမ္ဘာပေါ်၌ လူမျိုးအသီးသီး ပျံ့နှံ့လာကြခြင်းသာဖြစ်သည်။ လူမျိုးစုတစ်ခုသည် ကမ္ဘာဦးကတည်းက သီးခြားဖြစ်တည်နေသည် မဟုတ်။ ကမ္ဘာတွင် သီးခြားလူမျိုးစုတစ်ခုတည်းအဖြစ် ရပ်တည်လို့ ရမည်လည်းမဟုတ်။ လူမျိုးစုများ ရောနှောမည်သာဖြစ်သည်။ သွေးနှောမည်သာဖြစ်သည်။ အာရပ်လူမျိုးတစ်ဦးနှင့် တရုတ်အမျိုးသမီးတစ်ဦး အိမ်ထောင်ကျပြီး ရလာသည့်ကလေးသည် မည်သည့်လူမျိုးဖြစ်မည်နည်း။ ဥပဒေအရ သတ်မှတ်သည်ကို မဆိုလို။ သေချာသည်မှာ ရာနှုန်းပြည့်အာရပ်မဟုတ်သလို ရာနှုန်းပြည့်တရုတ်လည်းမဟုတ်။ ဤသည် သမိုင်းအမြင်ဖြစ်သည်။

ဘာသာရေးအမြင်ဖြင့်ကြည့်လျှင်လည်း ရပါသေးသည်။ ခရစ်ယာန်အယူအရ လူသားသည် အာဒမ်နဲ့ဧဝက ဆင်းသက်သည်ဟုဆိုသည်။ ဗုဒ္ဓဘာသာအမြင်အရမူ ဗြဟ္မာကြီးလေးပါးက ဆင်းသက်သည်ဟုဆိုသည်။ ဌာနေလူမျိုးစုတို့သည် အာဒမ်ဧဝ (သို့မဟုတ်) ဗြဟ္မာကြီးလေးပါးလက်ထက်ကတည်းက ရှိနေခဲ့သည် မဟုတ်။

ဒါကြောင့် လူမျိုးစုကိုအကြောင်းပြုပြီး ခွဲခြားဆက်ဆံခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းသာဖြစ်သည်။ လူမျိုးစုတစ်စုရဲ့အမည်နာမကြောင့် လူ့ဂုဏ်သိက္ခာတိုးတက်လာမည်လည်း မဟုတ်။ လူတွေအားလုံး အမိအဖကနေ မွေးဖွားလာကြသူများသာဖြစ်သည်။ ကုရ်အာန် (၄၉း၁၃)မှာ အလ္လာဟ်က ***အဖိုနဲ့အမပေါင်းစပ်ပြီး ဖြစ်ထွန်းလာတယ်*** လို့ပြောတယ်။ ဆိုလိုသည်မှာ လူသားကို မတူညီတဲ့အရာနှစ်ခုနဲ့ ပေါင်းစပ်ထားတယ်လို့ပြောတယ်။ မတူညီတဲ့အရာဆိုတာ ဘာလဲ။ ဘာသာစကား၊ ယုံကြည်ချက်၊ အသားအရောင်၊ လူမျိုး အားလုံး ပါဝင်ပတ်သက်ပါတယ်။ ဤအမြင်အရမူ လူသားတစ်ယောက် ဖြစ်တည်လာခြင်းကိုက မတူညီတဲ့အရာတွေကို ပေါင်းစပ် သန္ဓေတည်လာတယ်ဆိုတာကို လက်ခံရမည်သာဖြစ်သည်။ မတူညီတဲ့အရာနှစ်ခုမှ ဖြစ်တည်လာသော လူသားတစ်ယောက်က အခြားလူသားတစ်ယောက်ကို အဘယ်ကြောင့် ခွဲခြားဆက်ဆံနေရမည်နည်း။ ဤသို့ ခွဲခြားဆက်ဆံခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်။

ဒါကြောင့် နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေတွင် လူ့အခွင့်အရေးများ ချိုးဖောက်ခံရမှုမရှိရအောင် လူ့အခွင့်အရေး၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ရေးဆွဲရပါသည်။ အခြေခံဥပဒေချို့တဲ့လျှင် မျိုးဆက်တစ်ခုလုံးပါ ဒုက္ခရောက်ပါမည်။ ထို့ကြောင့် အခြေခံဥပဒေကို မော်တော်ကားတစ်စီးနှင့် ခိုင်းနှိုင်းကြသည်။ ကားတစ်စီးသည် အင်ဂျင်လည်း ကောင်းတယ်၊ မောင်းတဲ့ဒါရိုင်ဘာကလည်း ကျွမ်းကျင်တယ်။ ဒါပေမဲ့ ဘီးတစ်ဘီးပေါက်နေလျှင် ခရီးတွင်မည်မဟုတ်။ အင်ဂျင်လည်း ကောင်းတယ်။ ဘီးတွေအားလုံးလည်း ကောင်းတယ်။ မောင်းတဲ့သူ မကျွမ်းကျင်လျှင်လည်းမရ။ ဘာကြောင့်လဲဆိုရင် အဲဒီမော်တော်ကားကို အဲဒီနိုင်ငံသားတွေအားလုံးက စီးနင်းလိုက်ပါရမှာဖြစ်တယ်။ ဒါကြောင့် အခြေခံဥပဒေချို့ယွင်းနေလျှင်လည်း ကျွန်တော်တို့ မွတ်ဆလင်မ်တွေနဲ့လည်း တိုက်ရိုက်သက်ဆိုင်ပါတယ်။ ထိုကိစ္စအတွက် တာဝန်ရှိသည်ဟု မှတ်ယူထားရမည်သာဖြစ်သည်။ မိမိနှင့်မသက်ဆိုင်ဟု မမှတ်ယူအပ်ချေ။

ဤတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကျွန်တော်ဖတ်ခဲ့ဖူးသော ပုံပြင်တစ်ပုဒ် ပြောပြပါမည်။ တိုင်းပြည်တစ်ခုမှာ ဘုရင်တစ်ပါးဟာ သူ့တိုင်းပြည်မှာရှိတဲ့ လူတွေအားလုံး လူ့အခွင့်အရေးနဲ့ အညီ နေထိုင်ခွင့်ရကြသလားဆိုပြီး သိလိုတဲ့အတွက်ကြောင့် လေယာဉ်ပျံဖြင့် တိုင်းခန်းလှည့်လည်သည်။ အဲဒီတုန်းက လေယာဉ်ပျံပေါ်ပြီလား မမေးပါနဲ့။ ပုံပြင်ထဲမှာ အကုန်ဖြစ်နိုင်ပါတယ်။ ဘုရင်ကြီးဟာ သူနဲ့အတူ အိမ်ရှေ့မင်းသား၊ စစ်သူကြီး၊ နန်းရင်းဝန်ကိုပါ လိုက်ပါစေပါတယ်။ တိုင်းခန်းလှည့်လည်တဲ့အခါ

လေယာဉ်ပျံပေါ်ကနေကြည့်လိုက်တော့ လယ်ကွင်းမှာ ချွေးတလုံးလုံးနဲ့ ပင်ပင်ပန်းပန်း အလုပ်လုပ်နေတဲ့ လယ်သမားတွေကို မြင်ပြီးတော့ ဘုရင်ကြီးကပြောတယ်။ ခုနေအခါမှာ ငွေကျပ်တစ်သိန်းတန်တစ်ရွက်လောက် ပစ်ချလိုက်ရင် ရတဲ့သူတော့ ပျော်သွားမှာပဲဆိုပြီးပြောတယ်။ ဒါနဲ့ အိမ်ရှေ့မင်းသားက အရှင်မင်းကြီး တစ်သိန်းတန်ဆို တစ်ယောက်ပဲပျော်ရမယ်။ ငါးသောင်းတန်နှစ်ရွက်ဆိုရင်နှစ်ယောက်ပျော်ရမှာပေ့ါဆိုပြီး လျှောက်တယ်။ ငါးသောင်းတန်အစား နှစ်သောင်းတန်ဆိုရင် ငါးယောက်တောင် ပျော်ရမှာပေ့ါဆိုပြီး စစ်သူကြီးကလည်း ဝင်ပြောတယ်။ ဒါနဲ့ နန်းရင်ဝန်အမတ်ကတစ်သောင်းတန်ဆိုရင် လူဆယ်ယောက် ပိုပြီးပျော်မှာပေ့ါဆိုပြီးလျှောက်ထားပြန်တယ်။ ဒါနဲ့ သူတို့ပြောတာ နားထောင်နေတဲ့လေယာဉ်မှူးက စကားတစ်ခွန်းဝင်ပြောလိုက်တယ်။ အရှင်မင်းကြီး... အရှင်မင်းကြီးတို့အားလုံး လေယာဉ်ပေါ်က ခုန်ချလိုက်ရင်တစ်တိုင်းပြည်လုံး ပျော်ရွှင်သွားမှာပဲ ဟူ၍ဖြစ်သတည်း။ သဘောတရားက **တိုင်းပြည်တစ်ခုမှာ လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်နေပြီဆိုလျှင် တိုင်းပြည်ကိုအုပ်ချုပ်နေသည့် အုပ်ချုပ်သူအစိုးရမှာအဓိကတာဝန်ရှိကြောင်း ပြဆိုနေခြင်းသာဖြစ်သည်။**

*အပိုဒ် (၁၈)* **လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာသက်ဝင်ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ မိမိကိုးကွယ်သည့်ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာပြောင်းလဲနိုင်ခွင့် ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ ပြည်သူအများရှေ့မှောက်တွင်သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲသော်လည်းကောင်း၊ မိမိကိုးကွယ်သောဘာသာကို သို့တည်းမဟုတ်သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ သင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့်နှင့် ဆောက်တည်နိုင်ခွင့်တို့လည်းပါဝင်သည်။**

ဒီနေရာမှာပြောချင်တာက လွတ်လပ်စွာကိုးကွယ်ခွင့်ကိုဘာကြောင့် လူ့အခွင့်အရေးတစ်ရပ်အဖြစ် ပြဌာန်းပေးထားရသလဲ။ ရှင်းပါသည်။ ဘာသာတရားများ ထိပ်တိုက်တွေ့လျှင် ပဋိပက္ခဖြစ်နိုင်သောကြောင့်ဖြစ်သည်။ အစ္စလာမ်က ပြောမယ်။ ဖန်ဆင်းရှင်ရှိတယ်။ ဗုဒ္ဓဘာသာက ပြောမယ်။ ဖန်ဆင်းရှင်မရှိဘူး။ ထို့အတူပဲခရစ်ယာန်က ပြောမယ်။ ဖခမည်းတော်၊ သားတော်၊ ဝိဉာဉ်တော်သုံးခုပေါင်းပြီး သုံးပါးတစ်ဆူပြောမယ်။ အစ္စလာမ်က သောင်ဟီးဒ်ကိုသွားတယ်။ **စလုံးရေစ** ဆိုတာနဲ့ကွဲပြီ။ ဘာသာတရားတွေဘယ်လိုညှိနှိုင်းဆောင်ရွက်ကြမလဲ။ ဘာသာတရားဆိုတာက နဂိုကတည်းက ထိလွယ်ရှလွယ်ဖြစ်တတ်တာကြောင့် ဘာသာတရားနဲ့ပတ်သက်လာလျှင် မည်သူကမျှ အလျှော့ပေးကြမည်မဟုတ်။ ထို့ကြောင့် ဘာသာတရားအားလုံးကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့် ပေးထားခြင်းဖြစ်သည်။ ဒီကနေ့ ကျွန်တော်တို့ကုရ်ဘာနီလုပ်ကြတယ်။ နွားသတ်ကြတယ်။ နောက်ဘာသာတစ်ခုက နွားသတ်ခြင်းသည် အကုသိုလ်ကံဖြစ်သည်ဟူ၍ ဝင်ရောက်စွက်ဖက်၍မရချေ။ မကြိုက်လျှင် လက်မခံရုံသာရှိသည်။ အစ္စလာမ်ဘက်က နွားသတ်ခြင်းသည် မည်သည့်အကြောင်းကြောင့် ဖြစ်ပါသည်ဟူ၍ ရှင်းပြနေရန်မလို။ ဘာသာတရားခေါင်းစဉ်အောက်၌လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ အစ္စလာမ်ကို သိလိုသောကြောင့်လေ့လာလျှင် ရှင်းပြသည်က တစ်ပိုင်းဖြစ်သည်။ ထို့ကြောင့်ဘာသာတရားနှင့်ပတ်သက်ပြီး လွတ်လပ်မှုမရှိဘူးဆိုလျှင် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းသာလျှင်ဖြစ်သည်။ လူ့ဂုဏ်သိက္ခာကိုစော်ကားခြင်းဖြစ်သည်။ လူ့ဂုဏ်သိက္ခာကို လေးစားလိုက်နာသူများသာလျှင် လူ့အသိုင်းအဝိုင်း၌ ယဉ်ကျေးသော လူမျိုးများဖြစ်မည်ဟူ၍ တင်ပြရင်း နိဂုံးချုပ်အပ်ပါသည် ။ ။

# အစ္စလာမ်ကို ဘယ်သူကာကွယ်မလဲ

လေးစားအပ်ပါသော ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား- အခုလိုမျိုး တည်ငြိမ်အေးချမ်းစွာနဲ့ အလ္လာဟ်ရဲ့ဇိကိရ်ကို ဟောပြောတင်ပြခွင့်ရရှိတဲ့အပေါ်မှာ ဦးစွာ ပထမ အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင် ချီးမွမ်းမှုပြုအပ်ပါ တယ်။ ပြီးတဲ့နောက် ဟောပြောတင်ပြခွင့်ပြုတဲ့ ဝတ်ကျောင်းတော် အုပ်ချုပ်ရေးအဖွဲ့ဝင်များနဲ့တကွ ကျွန်တော့်ရဲ့တင်ပြချက်များကို လာရောက်နားဆင် ကြွရောက်လာတဲ့ လူကြီးမင်းများအားလုံးကို လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ လူကြီးမင်းများ အားလုံးအပေါ်သို့ အလ္လာဟ်အရှင်မြတ်ရဲ့ငြိမ်းချမ်းသာယာမှု အပေါင်း ခညောင်းပါစေကြောင်း ဆုမွန်ဒုအာပြုရင်း နှုတ်ခွန်းဆက် သလိုက်ပါတယ်။

**`အတ်စ္စလားမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လားဟိ ဝဘရကာကဟ်သုဟု´**

ဒီနေ့ကတော့ ရမ်ဒွါန်လရဲ့ နောက်ဆုံးဂျုမ္မာဟ်ဖြစ်ပါ တယ်။ ရမ်ဒွါန် (၂၄)ရက်ပေါ့။

ကျွန်တော်တို့ ဒီလမှာ ဘာပဲပြောပြော အေးဆေးတည် ငြိမ်စွာနဲ့ အခုလို ရမ်ဒွန်ရဲ့ရက်တွေ ကုန်ဆုံးခွင့်ရတာကို အလ္လာဟ် ကို ကျေးဇူးတင်ရမယ်။ ကျွန်တော်တို့ မွတ်ဆလင်မ်ညီနောင်အချို့ တွေ အခုလိုရမ်ဒွါန်လကို အေးဆေးတည်ငြိမ်စွာနဲ့ ကုန်ဆုံးခွင့်မရ ကြတာကို အားလုံးသိထားကြပါတယ်။ ကျွန်တော်တို့ကတော့ တည်ငြိမ်နေပါတယ်။ အဆင်ပြေနေတယ်။ လန်းနေတယ်။ ဒါကြောင့် အဆင်မပြေတဲ့ ကျွန်တော်တို့ရဲ့ညီနောင်တွေအတွက် ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိပါတယ်။ ဒုအာလည်း ပြုပါတယ်။

ဒီကနေ့ ကျွန်တော်ဟောကြားမယ့် ခုတ္တဗါဟ်ရဲ့ခေါင်းစဉ် က **`အစ္စလာမ်ကို ဘယ်သူကာကွယ်မလဲ´** ဆိုတဲ့ ခေါင်းစဉ်ပါ။ အစ္စလာမ်ကို ဘယ်သူကာကွယ်မလဲ။ ကျွန်တော် ဒီအကြောင်း လေးပဲ နည်းနည်းပြောမှာပါ။

အစ္စလာမ်ကို ဘယ်သူကာကွယ်မလဲ။ ဘယ်သူထိန်း သိမ်းမလဲ။ ဘယ်သူစောင့်ရှောက်မလဲ။ ဘယ်သူက တည်တံ့နေ အောင် လုပ်မှာလဲ။ ဟောဒီ ကမ္ဘာမြေကြီးပေါ်ကနေ အစ္စလာမ် သာသနာမပျောက်ပျက်သွားအောင် ဘယ်သူက တာဝန်ယူ ထိန်း သိမ်းမှာလဲ။ အဲဒီအကြောင်းကို ပြောပါမယ်။

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်(၁၅) အာယတ်နံပါတ်(၉)။ လူကြီးမင်းများအားလုံး ဒီအာယတ်ကို သိကြပါတယ်။

အလ္လာဟ်အရှင်မြတ်က ***"ငါ ကိုယ်တော်တိုင် ကုရ်အာန် ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတယ်။ ငါကိုယ်တော်တိုင် ဟာဖိဇ် (ထိန်းသိမ်းစောင့်ရှောက်) လုပ်တယ် "***

ဒီနေရာမှာ `ဇိကိရ်´ ဆိုတဲ့ဝေါဟာရကို ကုရ်အာန်လို့ ကျွန်တော်နားလည်တယ်။ `ဇိကိရ်´ ဆိုတဲ့ဝေါဟာရရဲ့အကျယ်ကို ကျွန်တော် အကျယ်တဝင့် မရှင်းပြတော့ဘူး။ အချိန်တွေ ကုန်သွား မယ်။ အလ္လာဟ်ရဲ့ဇိကိရ်ဆိုတာ ကျမ်းမြတ်ကုရ်အာန်ကို ရည်ညွှန်း တယ်။ ကျမ်းမြတ်ကုရ်အာန်ဆိုတာ ဘာလဲ။ ကျွန်တော်တို့ရဲ့ Life တစ်ခုလုံးကို ဦးဆောင်လမ်းပြမယ့် ဘဝတည်ဆောက်မှုစနစ် ဇယားပါပဲ။

အဲဒီကျမ်းသည်သာလျှင် အစ္စလာမ်သာသနာကို တည် တံ့ခိုင်မြဲဖို့အတွက် အရေးအကြီးဆုံးအချက်။ အခြားအခြားသော ကျမ်းရသာသနာတွေ အခုအချိန်မှာ တည်တည်တံ့တံ့ ဘာကြောင့် မရှိတော့တာလဲဆိုတော့ အဲဒီကျမ်းဂန်တွေဟာ မူရင်းအတိုင်း၊ ပုံမှန် အတိုင်း မရှိတော့တဲ့အခြေအနေမှာ အဲဒီသာသနာတွေဟာ ပုံစံ အမျိုးမျိုးနဲ့ ပြောင်းလဲခြင်းခံလိုက်ရတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ကျမ်းမြတ်ကုရ်အာန် တည် တံ့နေမှ အစ္စလာမ်တည်တံ့နေမှာ။ ကျမ်းမြတ်ကုရ်အာန် ခိုင်ခန့်နေမှ အစ္စလာမ် ခိုင်ခန့်နေမှာ။ ဒီသဘောကို ပြောချင်တာနော်။ ပြီးတော့ ဒီအာယတ်မှာပါတဲ့ `ဟာဖိဇ်´ `လဟာဖေဇွန်န်´ -- နော်။ အလ္လာဟ်က ထိန်းသိမ်းစောင့်ရှောက်မှာတဲ့၊ ထိန်းသိမ်းမယ်၊ စောင့် ရှောက်မယ်၊ ကာကွယ်မယ်၊ တာဝန်ယူမယ်။ တစ်နည်းအားဖြင့် ကျမ်းမြတ်ကုရ်အာန်နဲ့ အစ္စလာမ်သာသနာဟာ ဒီကမ္ဘာတည်သရွေ့ တည်ရှိနေဖို့အတွက် အလ္လာဟ်တာဝန်ယူထားတယ်။ အလ္လာဟ် ထိန်းသိမ်းမှာ၊ အလ္လာဟ် စောင့်ရှောက်မှာ၊ အလ္လာဟ် ကာကွယ်မှာ။ ကျွန်တော်တို့လူသားတွေ မကာကွယ်နိုင်ဘူး။ မထိန်းသိမ်းနိုင်ဘူး။ မစောင့်ရှောက်နိုင်ဘူး။ မပျောက်ပျက်သွားအောင် မလုပ်နိုင်ဘူး။

ကျွန်တော်တို့က သာမန်အားဖြင့် ကုရ်အာန်ကို ဟာဖိဇ် လုပ်တယ်လို့သာပြောတာ။ ဟာဖိဇ်ဆပ် လို့သာပြောတာ။ တကယ် တော့ ကုရ်အာန်ကို အလွတ်ကျက်ထားတာပဲရှိတယ်။ ကုရ်အာန် ကို တော်တော်ကြီး လေ့လာနိုင်ရင် သဖ်ဆီရ်ပညာရှင်ဖြစ်လာမယ်။ ကုရ်အာန်ရဲ့အဓိပ္ပါယ်တွေကို အဓိပ္ပါယ်ဖွင့်ဆိုတာပဲ ရှိမယ်။ ကုရ်အာန်ရဲ့အရည်အသွေးတွေ ထိန်းသိမ်းနိုင်တဲ့စွမ်းအင်၊ စွမ်းအား ကျွန်တော်တို့လူသားတွေမှာ မရှိဘူး။ ကျွန်တော်တို့ရဲ့ ဆရာ၊ ဆရာကြီးများရဲ့ မှားယွင်းတဲ့အတွေးအခေါ်တွေကလည်း ရှိသေး တယ်။ ဘာလဲဆိုတော့ ကုရ်အာန်ကို လူသား ဟာဖိဇ်ဆပ်တွေကပဲ ထိန်းသိမ်းထားသလိုလို၊ မော်လဝီဆပ်တွေကပဲ ထိန်းသိမ်းထား

သလိုလို၊ မူဂျာဟစ်တွေကပဲ ထိန်းသိမ်းထားသလိုလို ပြောလေ့ရှိတယ်။

ကမ္ဘာပေါ်မှာ ရှိရှိသမျှကုရ်အာန်ကျမ်းစာအုပ်အားလုံးကို မီးပုံရှို့လိုက်လို့လည်း အစ္စလာမ်မပျောက်သွားဘူး။ ကုရ်အာန် မပျောက်သွားဘူး။ အဲဒါ ဆူရာဟ် (၁၅) အာယတ်(၉) ကပြောတဲ့ အလ္လာဟ်တာဝန်ယူထားတဲ့ အလ္လာဟ့်စကား၊ အလ္လာဟ့်ကတိဖြစ်တယ်။ ကောင်းပြီ။ အလ္လာဟ် ဘယ်လိုထိန်းသိမ်းမလဲ။ ဆက်ပြောမယ်။

အစ္စလာမ်သာသနာကို ကမ္ဘာမြေပေါ်က မပျောက်ပျက်သွားအောင်၊ ကမ္ဘာတည်သရွေ့တည်ရှိနေအောင် တကယ်ထိန်းသိမ်းမယ့်အရှင်၊ တကယ်ထိန်းသိမ်းမှာ၊ တကယ်ကာကွယ်မှာ၊ တကယ်စောင့်ရှောက်နိုင်တာ အလ္လာဟ်ပဲရှိတယ်။ ကျွန်တော်တို့က ကာကွယ်မစောင့်ရှောက်နိုင်ဘူး။ ကျွန်တော်တို့ ဘာလုပ်နိုင်သလဲ ကျွန်တော်ပြောမယ်။ ကောင်းပြီ။

ဆူရာဟ်(၈၂) အာယတ်(၁၀)မှာ ထိန်းသိမ်းတာနဲ့ ပတ်သက်ပြီး အာယတ်တစ်ခု ရှိပါတယ်။

ကျွန်တော်တို့က အရဗီဝေါဟာရတွေကို တံဆိပ်ကပ်ခြင်းခံရတယ်။ ဝေါဟာရတွေ အတော်များများဟာ ကျွန်တော်တို့သိတဲ့ အသိတစ်ခုတည်းနဲ့တင် အသေပိတ်ထားလိုက်ကြတယ်။ `ဆွဗရ်´ ဆိုရင် ဘာ။ `ဆွလာဟ်´ဆိုရင် ဘာ။ `ဇကားသ်´ ဆိုရင် ဘာ။ `မုနာဖိက်´ ဆိုရင် ဘယ်လို။ ကျွန်တော်တို့သိတဲ့ အသိတစ်ခုတည်းနဲ့တင်ပဲ ပိတ်ခြင်းခံထားရတယ်။ ဒီနေရာမှာ `ဟာဖိဇ်´ဆိုရင် ကျွန်တော်တို့ မွတ်ဆလင်မ်တော်တော်များများ သိထားကြတာ ကုရ်အာန်ကို အလွတ်ကျက်တဲ့သူတွေ။ ခလီဖါဟ် ဆိုရင် ဘာ။ အဲဒီလိုမျိုး ကျမ်းမြတ်ကုရ်အာန်မှာ သုံးနှုန်းထားတဲ့ဝေါဟာရတွေ ပေါ့နော်။

ဒီအာယတ် (၈၂း၁၀)မှာ **"*လူတွေကိုလည်းပဲ အလ္လာဟ်က ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူထားတယ်*"** လူတိုင်း လူတိုင်းအပေါ်မှာ အလ္လာဟ်က ဘယ်လိုထိန်းသိမ်းမလဲ။ လောကကြီးမှာ မွေးဖွားဖို့၊ စားဖို့၊ သောက်ဖို့၊ နေထိုင်လုပ်ကိုင်ဖို့ ဒါတွေ အများကြီးပေါ့ဗျာ။ အလ္လာဟ်ရဲ့ (ရဟ်မီယသ်)ဂုဏ်တော်အရ လူသားကို ပြင်ဆင်ပေးတဲ့ပုံစံမျိုးနဲ့ အလ္လာဟ်က ထိန်းသိမ်းတယ်။ စောင့်ရှောက်တယ်၊ တာဝန်ယူမှုကို ကျွန်တော်ပြောချင်တာ။

အဲဒီတော့ အစ္စလာမ်နဲ့ ဇိကိရ်ဆိုတဲ့ကုရ်အာန်ကို ထိန်းသိမ်းမှာကလည်း အလ္လာဟ်ပဲရှိတယ်။ ဒါဆိုကောင်းပြီ။ အလ္လာဟ်က ဘယ်လိုထိန်းသိမ်းမှာလဲ။ ဘယ်လိုကာကွယ်မှာလဲ။ ဘယ်လိုစောင့်ရှောက်မှာလဲ။ အဲဒါလေးက နည်းနည်း စိတ်ဝင်စားဖို့ကောင်းတယ်။

ကျွန်တော်တို့ရဲ့ မွတ်ဆလင်မ် လူ့အဖွဲ့အစည်းမှာ သေသေချာချာကြည့်မယ်ဆိုလို့ရှိရင် ဒီဟာဖိဇ်တွေ၊ မော်လဝီတွေနဲ့ ပတ်သက်ပြီး သူတို့က ဘာပြောကြလဲဆိုရင် သူတို့တွေက အလွတ်ကျက်ပြီး တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်း ထိန်းသိမ်းလာကြတယ်ပေါ့။ ဒါက သူတို့ရဲ့ တကယ့်ခံယူချက်ပဲနော်။ အစ္စလာမ်ကို ကုရ်အာန်ကို ထိန်းသိမ်းလာတာဟာ သူတို့ လက်ဆင့်ကမ်း၊ အလွတ်တွေကျက်ပြီး ထိန်းသိမ်းလာကြတာ။ မပျောက်ပျက်သွားအောင် လုပ်လာကြတာလို့ပြောကြတယ်။ ဒီစနစ်တွေ ဒီအကြောင်းတွေကို ကျွန်တော် မဝေဖန်ချင်ဘူး။ သို့သော် အဲဒီလိုပြောနေတဲ့လူတွေကပဲ မွတ်ဆလင်မ် အချင်းချင်းကိုပင်လျှင် ပုတ်ခတ်ကြတယ်။ နေရာမပေးချင်ကြဘူး။ ဝေဖန်မယ်။ ကဲ့ရဲ့မယ်။ ရှုတ်ချမယ်။ ပိတ်ပင်တားဆီးမှုတွေကို အမြဲတမ်း သူတို့လုပ်နေကြတယ်။

မွတ်ဆလင်မ် (၇၃)ဂိုဏ်းကွဲမယ်။ တစ်ဂိုဏ်းပဲ ဂျန္နသ်ရောက်မယ်။ အဲဒီဂိုဏ်းက ငါတို့ဂိုဏ်း။ အမြဲ သူတို့ ဒီလိုပြောနေဆိုနေ လုပ်နေကြတယ်။

တကယ်ပဲ အစ္စလာမ်နဲ့ကုရ်အာန်ကို သူတို့ကာကွယ်နိုင်သလားဆိုတာ စဉ်းစားဖို့ပြောနေတာ။ သူတို့က သူတို့စောင့်ရှောက်တာလို့ ပြောနေတာကိုး။ အလ္လာဟ်က ဆူရာဟ်(၈) အာယတ်(၅၃)မှာ -

**"*လူ့အဖွဲ့အစည်းတစ်ရပ်လုံး ငါပြုထားတဲ့ကျေးဇူးတွေ (တစ်နည်း) အလ္လာဟ်ပြုထားတဲ့ကျေးဇူးတွေ အများကြီးရှိတယ်*"**

ကျွန်တော်တို့လူ့အဖွဲ့အစည်းကို အခုပဲ အလ္လာဟ် ကျေးဇူးပြုထားတာ။ ကျွန်တော်တို့သာ မြန်မာနိုင်ငံရဲ့ ဒုက္ခရောက်နေတဲ့ နေရာကို ရောက်နေရင် ဒုက္ခခံစားရမှာပဲ။ ဟုတ်တယ်နော်။ ကျွန်တော်တို့ ကျေးဇူးခံစားနေရတယ်။ အဲဒီကျေးဇူးတွေကို အလ္လာဟ်က ရုတ်သိမ်းချင်တယ်ဆိုရင် အလ္လာဟ့်ဘက်ကနေ အလ္လာဟ်ရုတ်သိမ်းလိုက်တာမဟုတ်ဘူး။ ကိုယ့်ရဲ့လုပ်ရပ် (တစ်နည်း) ကျွန်တော်တို့ရဲ့လုပ်ရပ်၊ ကျွန်တော်တို့ရဲ့ ဖန်တီးမှုတွေကနေပြီးတော့ပဲ အလ္လာဟ် ရုတ်သိမ်းမှာတဲ့။

အခု ကျွန်တော်တို့ဆွေးနွေးနေတဲ့ Change နဲ့ပတ်သက်ပြီး ဆွေးနွေးလို့ရရင် ဆူရာဟ်(၃) အာယတ်(၁၁)မှာ အလ္လာဟ် ဘာပြောသလဲဆိုရင်

*" လူ့အဖွဲ့အစည်းတစ်ရပ်ကို အလ္လာဟ်ပြောင်းလဲချင်ရင် မိမိကိုယ်မိမိ မပြုပြင်၊ မပြောင်းလဲသမျှ ကာလပတ်လုံး အလ္လာဟ်က ပြောင်းလဲပေးမှာ မဟုတ်ဘူး "*တဲ့။

ဒါကိုပြောတာ။ အကောင်းချည်းပဲမဟုတ်ဘူးနော်။ အဆိုးလည်းပါတယ်။ ဥပမာ အဇါဗ်ကျနေတယ်ဆိုပါတော့။ ဒါ အလ္လာဟ်က ကြည့်မရလို့၊ မုန်းလို့၊ သောက်မြင်ကတ်လို့ လုပ်တာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ်လုပ်တာ၊ ကိုယ့်လုပ်ရပ်ကြောင့် ကိုယ်တိုင်ဖန်တီးယူလို့ဖြစ်တာ။ အဲဒီတော့ ဒီကနေ့ မွတ်ဆလင်မ် လူ့အဖွဲ့အစည်းမှာ ဟိုး --- အွစ်မာဘင်လာဒင်ကနေ လေ့လာကြည့်ရအောင်။

အမေရိကန်နိုင်ငံ ဝေါလ်ထရိတ်စင်တာကို လေယာဉ်နဲ့ ဝင်တိုက်တယ်။ ၉/၁၁ နော်။ သူလုပ်တာ မလုပ်တာ၊ မှန်တာ မှားတာ ထားလိုက်။ အဲဒါဖြစ်ပြီး ၁၀ နှစ်သက်တမ်းမှာ ဥရောပမှာ မွတ်ဆလင်မ်တွေများလာတယ်။ ဟုတ်တယ်နော်။ ဒါ လက်ရှိ အမှန်တရားပဲ။ ကျွန်တော်က မှန်တာ မှားတာ မပြောချင်ဘူး။ မွတ်ဆလင်မ်တွေ ဘာကြောင့်များလာတာလဲ။ အလ္လာဟ်ထိန်းသိမ်းထားတဲ့ပုံစံကို ပြောမှာနော်။ အလ္လာဟ်က အစ္စလာမ်နဲ့ ကုရ်အာန်ကို ဘယ်လိုထိန်းသိမ်းလဲဆိုတာကိုကြည့်။ ကျွန်တော်တို့ မစဉ်းစားမိဘူး။ အလ္လာဟ်ထိန်းသိမ်းတဲ့ပုံစံ။

ဘယ်လိုဖြစ်သလဲဆိုတော့ သူတို့က ကုရ်အာန်ကို လေ့လာဖို့အတွက် စိတ်ဝင်စားလာတာ။ ဟာ ဒီမွတ်ဆလင်မ်တွေ ဘယ်လိုဖြစ်တာလဲ။ သူတို့အလ္လာဟ်က လူတွေသတ်ခိုင်းသလား။ ဘာလဲ။ ဗုံးတွေ ခွဲခိုင်းသလား။ သိပ် ကြောက်စရာကြီးပါလား။ ဘာလဲ --- ကုရ်အာန်မှာပါသလား။ ဘယ်ကျမ်းမှာပါသလဲ။ စိတ်ဝင်စားပြီး ကုရ်အာန်ကို လေ့လာလာကြတယ်။

မကြာခင်ကပဲ ကျွန်တော့် Email ထဲကို စာတစ်စောင် ဝင်လာတယ်။ ဒီကိစ္စတွေ ဒီကိစ္စတွေဖြစ်တယ်။ မွတ်ဆလင်မ်တွေ ရက်စက်တယ်ပေါ့။ အလ္လာဟ်ခိုင်းလို့ လုပ်တယ်ပေါ့။ ကျွန်တော်က မေးတယ်။ ဟုတ်ပဲ့မလားပေါ့။ ကျွန်တော့်ကို မွတ်ဆလင်မ်မှန်း တစ်ဖက်က မသိဘူး။ အလ္လာဟ်က ဒီလောက်ရက်စက်ပဲ့မလားပေါ့။ ခင်ဗျား မယုံဘူးလား။ ဒီမှာကြည့် ကုရ်အာန်ကျမ်း။ မျဉ်းတွေ တားပြီး Highlight လုပ်ပြီး ပို့လိုက်တယ်။ Email ထဲမှာနော်။ ကျွန်တော်က ထပ်မေးတယ်။ ခင်ဗျား ဖြတ်ညှပ်ကပ်လုပ်ပြီး ပို့တာလားလို့။ ဒီတော့ ဘာလုပ်သလဲဆိုရင် ရော့၊ အင့်ဆိုပြီး ကုရ်အာန် တစ်အုပ်လုံး ပို့လိုက်တယ်။

ပြီးတော့ သူက ပြောလိုက်သေးတယ်။ ကုရ်အာန်ကို သူဖြန့်ဝေနေတာ သိန်းနဲ့ချီပြီး ရှိနေပြီတဲ့။ ကောင်းပြီ လူကြီးမင်းများ တစ်ယောက်ချင်းကို ကျွန်တော်မေးမယ်။ လူကြီးမင်းတို့ ကုရ်အာန် ဒါမှမဟုတ် ဘာသာပြန်ပဲဖြစ်ဖြစ်ပေါ့။ ဆယ်ယောက်ပေးဖူးသလား။ လက်ဆောင် ဖြန့်ဝေဖူးသလား။ သဗ်လိဂ် လုပ်ဖူးသလား။

ကျွန်တော်တို့ တစ်ယောက်ချင်း ကိုယ့်ကိုယ်ကို ပြန်မေးကြည့်လိုက်။ မလုပ်ဖူးဘူး။ ဒါပေမဲ့ လုပ်ပေးနေတဲ့ ပုဂ္ဂိုလ်ကရှိနေတယ်။ ကုရ်အာန်ကို သိန်းနဲ့ချီပြီးဝေနေတာ၊ ဖြန့်ချိနေတာ၊ သဗ်လိဂ်လုပ်နေတာ။ သူ့ရည်ရွယ်ချက်က ဘာလဲ။ ကုရ်အာန်မှာ အဆိုးတွေပါတယ်ပေါ့။ အလ္လာဟ်က ရက်စက်ကြမ်းကြုတ်မှုတွေ ထည့်ထားတယ်ပေါ့။ ဒါကြောင့် သူက ဝေတာ။

ဒီတော့မှ ဥရောပမှာဖြစ်တဲ့ သမိုင်းကြောင်းကို လေ့လာကြည့်မိတာ။ ဟိုမှာလဲ ဒီအတိုင်းပဲ။ မွတ်ဆလင်မ် လူ့အဖွဲ့အစည်း တစ်ချို့ရဲ့ ဆိုးဝါးကြမ်းကြုတ်တဲ့လုပ်ရပ်တစ်ခုကို Highlight လုပ်ပြီး အစ္စလာမ်မကောင်းကြောင်း၊ ရက်စက်ကြမ်းကြုတ်ကြောင်း၊ မွတ်ဆလင်မ်ကမ္ဘာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပုံဖော်ချင်တော့ ဘာလုပ်သလဲဆိုတော့ ကုရ်အာန်ကို မီးမောင်းထိုးပြတယ်၊ ဝေတယ်၊ ဖြန့်တယ်၊ မယုံရင်ကြည့်ဆိုပြီး ကုရ်အာန် သန်းနဲ့ ချီပြီးဖြန့်ဝေပေးတယ်။ ဒါပေမဲ့ သူတို့ မွတ်ဆလင်မ်မဟုတ်ဘူး။

ကုရ်အာန်ကို စိတ်မဝင်စားသူတွေ၊ မလေ့လာချင်သူတွေကို စိတ်ဝင်စားအောင်၊ လေ့လာချင်လာအောင် လုပ်ကြတယ်။ ဒီတော့ ဘာဖြစ်လဲ။ ရှင်းရှင်းလေးပဲ။ ကုရ်အာန်ကို သိန်းနဲ့ချီပြီး စိတ်ဝင်စား လေ့လာကြတယ်။ မွတ်ဆလင်မ် သန်းနဲ့ချီ တိုးပွားလာကြတာပေါ့။ အဲဒါ အလ္လာဟ်ထိန်းသိမ်းတဲ့ ပုံစံ။

ဆူရာဟ် (၄၇) အာယတ် (၃၈)မှာ အလ္လာဟ်က

*"အလ္လာဟ့်ကျေးဇူးတော်တွေကို မသိရင်၊ အလ္လာဟ် ချီးမြှင့်ပေးသနားတော်မူတွေကို အလ္လာဟ်အလိုရှိရာနေရာမှာ မသုံးစွဲဘူးဆိုရင် အလ္လာဟ်ရဲ့ စနစ်ဇယားတွေကို အကောင်အထည် မဖော်ဘူး၊ မလိုက်နာဘူးဆိုရင် အလ္လာဟ် ဘာလုပ်သလဲဆိုတော့ လူမျိုးစုလိုက် လဲလှယ်ပစ်လိုက်တယ်။ အစားထိုးပစ်လိုက်တယ် "*

ကျွန်တော်တို့ ဒီနေရာမှာ အသုံးမကျဘူးလား။ ရိုးရိုးလေးပဲ။ သေကုန်မယ်။ သွားလိုက်မယ်။ ပြီးရင် နောက်လူမျိုးပေါ်လာမယ်။ အစ္စလာမ်ကို လက်ခံကျင့်သုံးမယ့် နောက်မျိုးဆက်၊ မျိုးဆက်သစ်တွေ ပေါ်လာမှာ။ အစားထိုးမယ်ဆိုတာ အဲဒါ။ ဒီနေ့ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန် ။ ထင်ထင်ရှားရှားပဲ။ တစ်ဖက်တည်း မကြည့်နဲ့။ နှစ်ဖက်လုံးကြည့်။ အစားထိုးခြင်းခံရတာ။ ဘယ်သူ အသုံးမကျလဲ။ အသုံးမကျတဲ့ဘက် အစားထိုးခြင်းခံရမှာပဲ။ ကျွန်တော်တို့ချည်းပဲမဟုတ်ဘူး။ ဘက်ပေါင်းစုံက လေ့လာကြည့်ပါ။ ဒါဟာ အလ္လာဟ်ထိန်းသိမ်းတဲ့ ပုံစံပဲပေါ့။

ဟိုတလောကဆိုရင် အမေရိကန်သမ္မတဟောင်း ဘုရှ်ရဲ့ သမီး အစ္စလာမ်ကို လက်ခံလိုက်ပြီဆိုပြီး Video ဖိုင် ကြည့်လိုက်ရတယ်။ အဲဒါ ဘယ်လိုဖြစ်တာလဲ။ မွတ်ဆလင်မ်ကမ္ဘာကို ရန်သူလို့သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ရဲ့သမီး အစ္စလာမ်ကို လက်ခံပြီး မွတ်ဆလင်မ်အဖြစ်ခံယူတယ်။ ဒါပဲပေါ့ အလ္လာဟ်ထိန်းသိမ်းတယ်ဆိုတာ။

ကျွန်တော့်ကိုလည်း ကြည့်ပါဦး။ ကျွန်တော်ဆိုရင် (၅၉)လမ်းနဲ့ပတ်သက်ပြီး (၅၉)လမ်း ဆုတောင်းပြည့် အစ္စလာမ် ဝတ်ကျောင်းတော်နဲ့ပတ်သက်ပြီး အကြီးအကျယ်ဆဲဆို အပုပ်ချနေတဲ့ အသိုင်းအဝိုင်းကနေ ထွက်လာတာ။ ကျွန်တော် ငယ်ငယ်က အဲဒီလိုကြားခဲ့ရတယ်။ အလကားလူတွေ။ ဘာဖြစ်တယ်။ ညာဖြစ်တယ်ပေါ့။ နောက်ဆုံး ကျွန်တော် ဒီကိုရောက်လာတယ်။ အလ္လာဟ် ပို့လိုက်တာပေါ့။ အလ္လာဟ်ထိန်းသိမ်းတာ သိပ်ကြောက်ဖို့ကောင်းတယ်နော်။ ကျွန်တော်တို့ တလွဲတွေတော့ မလုပ်နဲ့။ အကုန်လုံး၊ အကုန်လုံး ကျွန်တော်တို့ ဂရုစိုက်ရမှာ။

အဲဒီတော့ ကျွန်တော်တို့ ကုရ်အာန်ကို ဖတ်လာမယ်။ ကုရ်အာန်နဲ့ပတ်သက်ပြီး ဒါအ်ဝါ လုပ်လာမယ်ဆိုရင် လူ့အဖွဲ့အစည်း ပြောင်းလဲလာမယ်။ ကုရ်အာန်ဘာသာပြန် အစအဆုံး မဖတ်ဖူးတဲ့လူကို တစ်ခေါက်ပဲ ဖတ်ခိုင်းကြည့်။ တော်တော်ကို ပြောင်းလဲလာလိမ့်မယ်။ နူးညံ့သိမ်မွေ့လာမယ်။ ဒါပေမဲ့ ကျွန်တော်တို့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်း ဒီကနေ့ဖြစ်ပျက်နေတဲ့ အခြေအနေမှာ ကျွန်တော် `မာတင်လူသာကင်း´ရဲ့စကားလေးတစ်ခွန်းကို တသိတရ ကျွန်တော်ပြောချင်ပါတယ်။

အမေရိကန်နိုင်ငံမှာ လူမည်းတွေကို နှိမ့်ချတဲ့အချိန်၊ နှိပ်ကွပ်တဲ့အချိန်မှာ ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်ကြီး `မာတင်လူသာကင်း´ ဘာပြောသလဲဆိုတော့ ***`ကျွန်တော်တို့ အသည်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားရမှာကတော့ ရန်သူတွေရဲ့ ထိုးနက်ချက်တွေ မဟုတ်ဘူး။ ကျွန်တော်တို့ မိတ်ဆွေတွေရဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းကိုပဲ´*** ဖြစ်တယ်။ နှုတ်ဆွံ့အ နေခြင်းဖြစ်တယ်။ အရမ်းတန်ဖိုးရှိတဲ့စကား၊ အရမ်းခံစားကြည့်လို့ရတယ်။

ဘာဖြစ်လို့လဲဆိုတော့ မိတ်ဆွေတွေက မသိသလို၊ နေတတ်သလို၊ နှုတ်ဆွံ့အ နေမယ်၊ တိတ်ဆိတ်ငြိမ်သက်နေမယ်၊ အများကြီးပဲ။ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းမှာ အများကြီး။ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းမှာချည်းပဲ မဟုတ်ဘူး။ မွတ်ဆလင်မ် မဟုတ်တဲ့ လူ့အဖွဲ့အစည်းမှာလဲ ရှိတယ်။ ကျွန်တော်တို့ ဘာသာခြားအဖွဲ့အစည်းတွေနဲ့အတူ လက်တွဲပြီး အများကြီးလုပ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှုတ်ဆွံ့အ နေတဲ့ မိတ်ဆွေတွေကိုပဲ တွေ့ရတယ်။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ မိတ်ဆွေတွေနဲ့ ကျွန်တော်တို့ အများကြီးတွေ့နေရတယ်။ `မာတင်လူသာကင်း´က အဲဒါကို ပြောတာ။

ကျွန်တော်တို့ အလုပ်လုပ်ရမယ်။ အကောင်းဘက်ကို ပြန်ရောက်လာအောင် ကျွန်တော်တို့ ကြိုးစားရမယ်။ မွတ်ဆလင်မ် လူ့အဖွဲ့အစည်းက အစ္စလာမ်သာသနာ မပျောက်ပျက်အောင် ကုရ်အာန် မပျောက်ပျက်အောင် ရှိနေဖို့အတွက် ကြိုးစားရမယ်။ အစ္စလာမ်မရှိဖို့၊ ကုရ်အာန်မရှိဖို့အတွက်လည်း နောက်ယှက်ဖျက်စီးမယ့် ရှိုင်တွာန်ရဲ့စနစ်ဇယားကလည်း အမြဲတမ်းကြံစည် ကြိုးပမ်းအားထုတ်နေမှာပဲ။ ကြံစည်မယ့်စနစ်ဇယားကိုလည်း ရှိုင်တွာန်က Plan ချပြီး လုပ်နေမှာပဲ။ ဒီဘက်ကလည်း ကာကွယ်ထိန်းသိမ်းဖို့ အလ္လာဟ်ကလည်း အကြံအစည် Plan ရှိထားပြီးသားပဲ။

လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)လောက်က အမေရိကန်နိုင်ငံက အမတ်တစ်ယောက်က သူ အာဏာရရှိရေးအတွက် ပြည်သူလူထုဆီက မဲရဖို့အတွက် သူ ဆွဲဆောင်စည်းရုံးမှုတစ်ခု လုပ်လိုက်တယ်။ သူ့စကား အရာထင်ဖို့အတွက် သူဘာလုပ်လိုက်သလဲဆိုရင် အဲဒီအချိန်အခါက ကမ္ဘာပေါ်မှာ အင်မတန်ကြောက်စရာကောင်းတဲ့ ကွန်မြူနစ်စနစ်ပေါ့လေ။ အဲဒီကွန်မြူနစ်တွေဟာ ဒို့ အမေရိကန်က ဘယ်အဖွဲ့အစည်းကဖြင့် ကွန်မြူနစ်တွေ။ ဘယ်လောက် စိမ့်ဝင်နေပြီ။ အစိုးရအဖွဲ့မှာဖြင့် ကွန်မြူနစ်တွေ ဘယ်နှစ်ယောက်ရှိနေပြီ။ ဒီလိုမျိုးတွေပြောတာ။ ပြောပြီး စည်းရုံးတာ။ ဒါကို ဒို့ တော်လှန်ရမယ်။ တွန်းလှန်ရမယ်။ အဲဒီလိုပြောပြီး စည်းရုံးသိမ်းသွင်းပြီး အမေရိကန်နိုင်ငံတစ်နိုင်ငံလုံး ဘာတွေဖြစ်လာသလဲဆိုတော့ အဲဒီပုဂ္ဂိုလ်တွေကို မကန့်ကွက်ရဲဘူး။ ကြောက်လာတယ်။ မလုပ်ရဲ မကိုင်ရဲ ဖြစ်လာတယ်။ မပြောရဲ မဆိုရဲ မရေးရဲ မကန့်ကွက်ရဲ ဖြစ်လာတယ်။ ကွန်မြူနစ်လို့အပြောခံရမှာ အစွပ်စွဲခံရမှာ လန့်လာတယ်။

အဲဒါဘာလဲဆိုတော့ နိုင်ငံရေးအာဏာရယူချင်တဲ့ နိုင်ငံရေးပုဂ္ဂိုလ်တွေရဲ့ လှည့်ကွက်တွေ။ အဲဒီလှည့်ကွက်ထဲကို ဝင်သွားတာ။ ဒါ လိုရင်းပဲပြောတာ။ အဖြစ်အပျက်တွေက အများကြီး။ အဲဒီမှာ သတင်းစာဆရာတစ်ယောက်က စွန့်စားပြီး အင်တာဗျူး လုပ်မယ်ပေါ့။ သူ့ကို ဘယ်ဂျာနယ်တိုက်ကမှ လက်မခံရဲဘူး။ လက်ခံရင် မွဲမယ်လေ။ ပြည်သူတွေကိုယ်တိုင်က ရှောင်ရှောင်ပြီး ပါနေတာကိုး။ ဒါပေမဲ့ သူရဲကောင်း သတင်းစာဆရာက အမှန်တရားကို ရဲရဲဝံ့ဝံ့ဖော်ထုတ်နိုင်ခဲ့တယ်။ ဖြေရှင်းနိုင်ခဲ့တယ်။ နောက်ဆုံး ပြည်သူတွေ အမှန်တရားကို မြင်လာကြတယ်။

အဲဒီတော့ အဲဒီလိုအခြေအနေဆိုးတွေ ရောက်ရှိလာပြီ ဆိုရင် သတင်းစာဆရာလို သူရဲကောင်းတွေ လိုလာတယ်။ ကျွန်တော်တို့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းမှာလည်း အခြေအနေ ဆိုးတွေ ရောက်လာပြီ။ ကျွန်တော်တို့မှာ သူရဲကောင်းတွေ လိုလာ ပြီ။ နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုက သူရဲကောင်းတွေ လိုနေ ပြီဆိုရင် အဲဒီလူတွေ ဒုက္ခရောက်နေပြီလို့သာ မှတ်လိုက်တော့တဲ့။ ကျွန်တော်တို့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းကိုပဲကြည့်။ အဆင် မပြေဘူး။ အမြဲတမ်း အငြင်းအခုံတွေနဲ့ တိုက်ခိုက်နေကြတယ်။ အောင်မြင်မှုရအောင် မလုပ်နိုင်ဘူး။

ဒီတော့ အစ္စလာမ်သာသနာ ကမ္ဘာပေါ်ကနေ မပျောက် ပျက်အောင်၊ ကုရ်အာန် ကမ္ဘာပေါ်ကနေ မပျောက်ပျက်အောင် ကျွန်တော်တို့လူသားတွေအနေနဲ့ မကာကွယ်နိုင်ဘူး၊ မထိန်းသိမ်း နိုင်ဘူး၊ မစောင့်ရှောက်နိုင်ဘူး။ အလ္လာဟ်က ထိန်းသိမ်းမှာ၊ စောင့် ရှောက်မှာ၊ ကာကွယ်မှာ။ ကျွန်တော်တို့က ဘာလုပ်နိုင်သလဲ။ လူတွေ ဘာလုပ်နိုင်သလဲ။ ရှိတာပေ့ါ။ မွတ်ဆလင်မ်တွေရဲ့ Image တွေကို မြှင့်တင်နိုင်တယ်။ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းရဲ့ Image တွေကို မြှင့်တင်နိုင်သလို ယုတ်လျော့သွားအောင်လည်း လုပ်နိုင် တယ်။

အစ္စလာမ်ကမ္ဘာကြီးတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်ဖြစ် သွားအောင် ဘယ်သူလုပ်မှာလဲ။ ကျွန်တော်တို့ပဲ လုပ်နိုင်တယ်။ ကမ္ဘာကြီးကို မပြောနဲ့။ ကျွန်တော်တို့ မြန်မာနိုင်ငံ မြန်မာမွတ်ဆ လင်မ်တွေအနေနဲ့ ကိုယ့်ရဲ့ Image တွေကို ကိုယ်ကပဲ မြှင့်တင်ရ မယ်။

ဟိုတနေ့က အာဇာနည်သူရဲကောင်း ဆရာကြီးဦးရာဇတ် နဲ့ ရဲဘော်ကိုထွေး ဇရာရည်လုပ်နေတဲ့ တာမွေဗလီက ဓါတ်ပုံတစ် ပုံ အင်တာနက်မှာ တော်တော်များများ ကျယ်ပြန့်သွားတယ်။ မေးခွန်းတွေ မေးကြတယ်။ ဘာဖြစ်သလဲဆိုတော့ ဒီပုဂ္ဂိုလ်နှစ် ယောက်ကို ဇရာရည်လုပ်နေတဲ့ အုပ်စုထဲက အုပ်စုတစ်စုရဲ့ပုံကို Highlight လုပ်ပြီးပြတယ်။

အဲဒီပုံက လန်ဘာကုရ်သာနဲ့ ဦးထုပ်ဆောင်းထားတဲ့ အမျိုးသားပုံတွေ။ မီဒီယာက တင်ကြတယ်။ ပြီးတော့ မေးခွန်းတစ် ခုမေးတယ်။ အဲဒီအုတ်ဂူက သူရဲကောင်း အာဇာနည် ဦးရာဇတ်နဲ့ ရဲဘော်ကိုထွေးတို့ရဲ့ လန်ဘာကုရ်သာနဲ့ ဦးထုပ်ဆောင်းထားတဲ့ပုံ တစ်ပုံလောက်ထုတ်ပြပါလို့ မေးတယ်။ အဲဒီတော့ မြန်မာမွတ်ဆ လင်မ်တွေရဲ့ Image ကို ပြန်လေ့လာကြည့်လိုက်ရင် ဗမကအဖွဲ့ အာဇာနည်နေ့မှာ အလံကိုင်ပြီးချီတက်လာတာ၊ တမန်တော်နေ့မှာ ချီတက်လာတာ၊ အရမ်းကို Image ကောင်းခဲ့တာ။ ဒီပုံစံတွေ မဟုတ်ဘူး။ အခုတောင် မကြာခင် ၈၈၈ အခမ်းအနားတွေ လုပ်ကြမယ်။ ၈၈ မှာပါဝင်ခဲ့တဲ့ မွတ်ဆလင်မ်စစ်ကြောင်းတွေ ထွက် ခဲ့တာ ဓါတ်ပုံတွေရှိနေတယ်။ တော်တော့်ကို Image မြင့်ခဲ့တာဗျ။

အခုလက်ရှိ ကျွန်တော်တို့ရဲ့ပုံစံ ကျွန်တော်တို့ရဲ့ Image တွေက ဘာတွေလဲ။ ဘာပုံစံတွေလဲ။ ကျွန်တော်တို့က ဆွေးနွေးပွဲ တွေမှာ Change Chage လို့သာပြောနေတာ။ ဘာ Change ကြမှာ လဲ။ ကျွန်တော်တို့ အသစ် Change ယူရမှာ မဟုတ်ဘူး။ မူလရှိပြီး သား၊ ရှိခဲ့ပြီးသား၊ မူရင်း Image ကို ပြန်ရအောင်၊ ပြန်ရောက် အောင် ယူရမှာ။ ကျွန်တော်တို့က ပြောင်းယူရမှာမဟုတ်ဘူး။ မူလရှိ ပြီးသား အရှိတရားကို ပြန်ယူရမှာ။ အမှန်က ကျွန်တော်တို့က Change ခံလိုက်ရတာ။

စပိန်မှာကြည့်။ မွတ်ဆလင်မ်တွေ နှစ်ပေါင်း မြောက်များ စွာကြာခဲ့တယ်။ အုပ်စိုးခဲ့တယ်။ Change ခံလိုက်ရတာပဲ မဟုတ် လား။ တခြား တခြား အင်ပါယာတွေလည်း Change ခံလိုက်ရ တယ်။ ဒီလိုပဲ ကျွန်တော်တို့လည်း Change ခံလိုက်ရတာပဲ။ ကျွန်တော်တို့ပြန်ပြီး ကြိုးစားယူရမယ်။ အဲဒီလို Image တွေတက် လာအောင် လုပ်နိုင်တယ်။ လုပ်ချင်တယ်ဆိုရင်ပေ့ါ။ ဆူရာဟ် (၆) အာယတ်(၁၀၈) မှာ -

***အခြားဘာသာ သာသနာဝင်တွေရဲ့ ဘုရားကျောင်းကန်၊ စေတီပုထိုးတွေကို မကောင်းမပြောနဲ့၊ မပုတ်ခတ်နဲ့။ ကိုးကွယ်ရာ တွေကို မရှုတ်ချနဲ့။*** ပြောရင် ဘာဖြစ်မလဲ။ သူတို့က အသိဉာဏ် နည်းစွာနဲ့ ပြန်ပြောလာရင် ဒါဟာ အလ္လာဟ်ကိုပြောတာနဲ့ အတူတူ ပဲ။ အစ္စလာမ်ဘာသာကိုစော်ကားတဲ့ Video ခွေတွေကို အခြား ဘာသာတွေကို သွားပြတော့ သူတို့ကလည်း မင်းတို့အစ္စလာမ်တွေ ဒို့ကို စော်ကားတဲ့ခွေတွေလည်း ရှိတယ်ဆိုပြီး ထုတ်ပြကြတာပဲ။ မွဖ်သီတစ်ယောက် ဟောထားတာ။ ပက်ပက်စက်စက်၊ ရက်ရက် စက်စက်ကို ပြောထားတာ။ အခြားဘာသာ သာသနာဝင်တွေကို စော်ကားတာ။ ဒါဟာ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းရဲ့ Image ကို ကျအောင်လုပ်တာပဲ။

ဒီအနေအထားမျိုးတွေကို ကျွန်တော်တို့ မပြုပြင်နိုင်ဘူး ဆိုရင်၊ ဂရုမစိုက်ဘူးဆိုရင် ကျွန်တော်တို့ Image ကျမှာပဲ။ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းဟာ ကမ္ဘာနဲ့ချီပြီးပြောရင် Change ခံထားရတယ်။ စောစောက ကျွန်တော်ပြောသွားတဲ့ဝေါဟာရ အလွဲ သုံးစားမှုတွေရှိတယ်။ အလ်ကိုင်ဒါတို့၊ ဟစ်ဗ်ဘွတ္တလ္လာတို့၊ မူဂျာဟစ် တို့ ပေ့ါ။

လမ်းမှာသွားနေတဲ့ မာမူတစ်ယောက်ကိုမေးမယ်။ မာမူ ဟစ်ဗ်ဘွတ္တလ္လာ အဖွဲ့ဝင်တစ်ယောက်မဟုတ်ဘူးလား ဆိုရင် ဘယ်လို

ဖြေမယ်ထင်သလဲ။ ရှုးတိုးတိုး ဘာတွေပြောနေတာလဲ။ သူများကြားသွားမယ်။ ဘာဖြစ်လို့လဲ။ ဟစ်ဖ်ဘွလ္လာဆိုတာ အလ္လာဟ့်အစုအဖွဲ့ပဲလေ။ ကောင်းတာလုပ်တဲ့ အုပ်စု။ သူတော်စင်အုပ်စုပဲလေ။ မကောင်းတာလုပ်၊ လူယုတ်မာအလုပ်လုပ်တဲ့ အုပ်စုက ရှိုင်တွာန်အုပ်စု။

ကျွန်တော် လူကြီးမင်းများတစ်ယောက်ချင်းစီကို မေးမယ်။ ခင်ဗျားတို့ ဟစ်ဖ်ဘွလ္လာ မဟုတ်ဘူးလားလို့။ ဘယ်သူမဟုတ်ဘူးဖြေမလဲ။ ဒါပေမဲ့ ဟုတ်တယ်လို့လည်း မပြောရဲဘူး။ ဘာဖြစ်လို့လဲ။ ကုရ်အာန်မှာပါတဲ့ ဝေါဟာရခေါင်းစည်းတွေ အလွဲသုံးစားလုပ်ခြင်း ခံထားရတယ်။ အယ်လ်ကိုင်ဒါလည်း ဒီလိုပဲ။ ကိုင်ဒါ - အခြေခံသဘောတရား၊ အခြေခံသဘောသဘာဝကို ကျေညက်တဲ့လူတွေ၊ နားလည်သဘောပေါက်တဲ့လူတွေ၊ စဉ်းစားသုံးသပ်နိုင်တဲ့လူတွေ၊ ဒီသဘော သက်ရောက်တယ်။

မူဂျာဟစ် - ဟိုမွဖ်သီဆိုတဲ့ ပုဂ္ဂိုလ်ဟောတဲ့ခွေထဲမှာပါတယ်။ ခင်ဗျားတို့မှတ်ထားတဲ့ -- အစ္စလာမ်ကို ထိန်းသိမ်းနေတာ မူဂျာဟစ်တွေတဲ့။ ခင်ဗျားတို့ မစော်ကားနဲ့တဲ့။ သူပြောနေတဲ့ မူဂျာဟစ်က ဗုံးခွဲ၊ လူသတ်၊ ရက်စက်ယုတ်မာနေတဲ့လူတွေကို ပြောနေတာ။ အဲဒီတော့ လူကြီးမင်းတို့ မူဂျာဟစ်လားဆိုရင် ဟုတ်တယ်လို့ ဘယ်သူပြောရဲမလဲ။ ဘာဖြစ်လို့လဲ နာမည်က မကောင်းဘူးဖြစ်နေတယ်လေ။ ဂျမား အစ္စလာမီးယား။ ဂျာမီယာ အစ္စလာမီယာ ပေါ့။ အစ်ခ်ဝါန္နလ် မူစလေမင်န် ။ အင်မတန်ကောင်းတယ်။ အနှစ်သာရရှိတဲ့အဓိပ္ပါယ်တွေ။ဒါပေမဲ့ အဲဒါတွေအားလုံး ကျွန်တော်တို့မွတ်ဆလင်မ်တွေ မခံယူရဲဘူး။ ဘာကြောင့်လဲဆိုတော့ နာမည်ဆိုးနဲ့ ကျော်ကြားနေတာကိုး။

ဗမာပြည်မှာ အခု ကူးစက်နေတာတစ်ခုရှိတယ်။ တစ်ဖက်နဲ့တစ်ဖက် ပုတ်ခတ်စော်ကားရှုတ်ချတဲ့ တရားခွေတွေထွက်နေတယ်။ ဗလီထဲမှာလည်း တစ်ချို့ဟောနေကြတယ်။ ဒါတွေက Hate Speech တွေပဲ။ ဘာလုပ်ကြမလဲ။ ပြောတာ၊ ဟောတာ ဘာဖြစ်နိုင်သလဲ။ ကျွန်တော်တို့ရဲ့ အစ္စလာမ် Image ကို ကျဆင်းစေတယ်။ အစ္စလာမ်နဲ့ ကုရ်အာန်ကို အလ္လာဟ်ပဲ ကာကွယ်နိုင်တယ်လို့ ပြောတာနော်။ သူတို့က အစ္စလာမ်နဲ့ကုရ်အာန်ကို ကာကွယ်နိုင်တယ်လည်းပြောသေး။ ပြီးတော့ ဒီအလုပ်မျိုးတွေလည်း လုပ်နေသေးတယ်။ ကိုယ့် Image တောင် ကိုယ်ပြန်မတည့်မတ်နိုင်ဘူး။

ကျွန်တော် တစ်ခေါက်ကလည်းပြောဖူးတယ်။ ကျွန်တော်တို့ အခုလို မားမားမတ်မတ် ရပ်တည်နိုင်တာ အလ္လာဟ့်ကျေးဇူးကြောင့်။ အလ္လာဟ့်ကျေးဇူးက ငြင်းဖွယ်ရာမရှိဘူး။ ကျွန်တော်ပြောချင်တာက ရှေးခေတ်က မြန်မာမွတ်ဆလင်မ်တွေရဲ့ Image ရှိနေခဲ့လို့ ကျွန်တော်တို့ရပ်တည်နေနိုင်တာ။ ကျွန်တော်တို့ကို မစော်ကားရဲတာ။ အာဇာနည်ခေါင်းဆောင်ကြီးတွေ၊ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌတွေ၊ မွတ်ဆလင်မ်။ ဒီလို Image တွေကြောင့် ကျွန်တော်တို့ တည်တည်ငြိမ်ငြိမ် ရပ်နေနိုင်တာ။ ဒါတွေသာမရှိခဲ့ရင် ဒီကနေ့ ကျွန်တော်တို့လုပ်ရပ်တွေနဲ့ဆိုရင် နောင်အနှစ်(၅၀) ကျွန်တော်တို့ မျိုးဆက်သစ်တွေအတွက် နည်းနည်းစဉ်းစားကြည့်။

မွတ်ဆလင်မ်ကတော့ နောင်အနှစ်(၅၀)လား၊ မစဉ်းစားဘူး၊ ဒီနေ့အတွက်ပဲ။ စဉ်းစားကြည့်။ ရင်လေးစရာတွေပဲ။ ကျွန်တော်တို့ဆိုရင် အခု အကြီးအကျယ် ဝေဖန်ခံနေရတယ်။ Online Media မှာ ကျွန်တော်တို့ရဲ့လုပ်ရပ်တွေ၊ ခွတ္တဗါဟ်တွေ တင်ပြတယ်။ အခု ရပ်မလို့တောင် စဉ်းစားနေတယ်။ ဘာလို့လဲဆိုတော့ ဆဲလို့၊ မိုက်ရိုင်းလို့၊ လူမပီသလို့၊ လူရမ်းကားတွေဖြစ်နေလို့။ အဲဒါ ဘာသာခြားမဟုတ်ဘူး။ အစ္စလာမ်ကို ကုရ်အာန်ကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်နေပါတယ်ဆိုတဲ့ မွတ်ဆလင်မ်ဆိုသူတွေပဲ။ ဒီတော့ မွတ်ဆလင်မ်ရဲ့ Image ကျဆင်းရပြီပေါ့။

မွတ်ဆလင်မ်ရဲ့သိက္ခာကျတယ်။ ပြောလို့ဆိုလို့လည်း မရ။ အဲဒီတော့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းမှာ သူရဲကောင်းလိုတယ်။ လူပုဂ္ဂိုလ်တစ်ယောက်တည်းကို ပြောချင်တာမဟုတ်ဘူး။ မွတ်ဆလင်မ်လူ့အဖွဲ့အစည်း၊ မွတ်ဆလင်မ် Community အကြီးကြီးတွေပေါ့။ ဥပမာ ဘာသာရေးအဖွဲ့ကြီး(၅)ဖွဲ့တို့လိုပေါ့။ အဲဒီလို အဖွဲ့တွေမှာ ခေါင်းဆောင်မှုအရည်အသွေးတွေ လိုလာပြီ။ ကျွန်တော်တို့ မတူညီတာတွေညှိနှိုင်းပြီး (၅)ဖွဲ့မဟုတ်ဘူး တစ်ဖွဲ့တည်းဖြစ်အောင် လုပ်ဖို့လိုလာပြီ။ နိုင်ငံရေးပါတီတွေတောင် နှစ်ပါတီ၊ သုံးပါတီ ရှိနေတာ ညှိနှိုင်းပြီး၊ တစ်ပါတီတည်းဖြစ်အောင် လုပ်နေကြပြီ။ မွန်၊ ကရင်၊ ရခိုင်၊ ရှမ်း အားလုံးလိုလိုပါပဲ။

ကျွန်တော်တို့ကတော့ (၅)ဖွဲ့ရှိတာ (နည်းလို့လားမသိဘူး) (၆)ဖွဲ့၊ (၇)ဖွဲ့ဖြစ်ဖို့ စိုင်းပြင်းနေတယ်။ ပေါင်းဖို့ဆိုတာ အဆင်မပြေဘူး။ ဘယ်လိုမှ ပေါင်းလို့မရဘူးဖြစ်နေတယ်။ ငါးယောက်ထိုင်ရင် ငါးမျိုးကွဲတယ်။ ကျွန်တော်တို့မွတ်ဆလင်မ် Community က ဘယ်လိုမှ ပေါင်းစည်းလို့မရဘူး။ လက်တွဲလုပ်ဆောင်လို့ မရဘူး။ အချင်းချင်း ညီညွတ်မှုမရှိဘူး။ တစ်ခြားဘာသာခြား အဖွဲ့အစည်းတွေနဲ့ ဘယ်လိုလက်တွဲလုပ်ဆောင်ကြမလဲ။ ဥပမာ -(၅၉)လမ်း အဝန်းအဝိုင်းရှိတယ်ဗျာ။ နောက်တစ်ချို့အဖွဲ့အစည်းလေးတွေလည်း ရှိတယ်ဗျာ။ လက်တွဲလုပ်ဆောင်နေကြတယ်။ အင်မတန်နည်းပါတယ်။

ဒီနေ့တောင် ဆရာတော်တစ်ပါးနဲ့ အင်တာဗျူးတာ ဖတ်ခဲ့ရတယ်။ မွတ်ဆလင်မ်တွေက ဘုန်းကြီးနဲ့လက်တွဲတာ မကြိုက်တဲ့

မွတ်ဆလင်မ် တော်တော်များများရှိတယ်တဲ့။ သူသိသွားတယ်။ အဲဒီလိုပဲ မွတ်ဆလင်မ်နဲ့ပေါင်းတာကို မကြိုက်တဲ့ ဗုဒ္ဓဘာသာလည်းရှိတာပေါ့ဗျာတဲ့။ ဒါ ဘုန်းကြီးက ရိုးရိုးလေးပြောတာပဲ။ ကျွန်တော်တို့ သိထားရမှာက သူတို့အကုန်သိနေတယ်။ ဘုန်းကြီးနဲ့တွဲတာ၊ ဘုန်းကြီးနဲ့ပေါင်းတာကို မွတ်ဆလင်မ်တွေမကြိုက်ဘူး။ မွတ်ဆလင်မ်တွေဟာ လုံးဝ အရမ်းကို မာကျောတယ်ပေါ့။ Flexible မဖြစ်ဘူး။ အင်မတန် မာကျောခက်ထန်တဲ့လူမျိုးတွေလို့ မွတ်ဆလင်မ်တွေကို မြင်သွားတယ်ပေါ့။ ဒါဟာ ကျွန်တော်တို့ရဲ့ Image တွေ ကျဆင်းတာပဲ။ ဒါတွေကို ပြုပြင်နေတဲ့လူတွေက နည်းနည်းလေးရှိတယ်။

အဲဒီတော့ ဘာသာရေးအဖွဲ့အစည်းတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ခေါင်းဆောင်တွေက အချင်းချင်းစုပေါင်းပြီး မွတ်ဆလင်မ် Community ရဲ့ Image မြင့်တက်အောင် လုပ်နိုင်တယ်။ ကျွန်တော် ပြောစရာတွေကတော့ အများကြီးပဲ။ ဒါပေမဲ့ အချိန်မရတဲ့အတွက် လိုရင်းကိုပဲ ပြောပါ့မယ်။

ပြင်သစ်စာရေးဆရာကြီး ဗောလ်တဲယား ပြောခဲ့တာ ကျွန်တော်တို့မွတ်ဆလင်မ်တွေ ဂရုစိုက်ရမယ်။ ***'ခင်ဗျားပြောတာကို ကျွန်တော်သဘောမတူဘူးတဲ့။ ဒါပေမဲ့ ခင်ဗျားရဲ့ ပြောရေးဆိုခွင့်အတွက် ကျွန်တော်အသက်နဲ့လဲပြီး ကာကွယ်မယ်*** ' တဲ့။ သူ မကြိုက်ဘူးနော်။ ဒါပေမဲ့ ပြောရေးဆိုခွင့် -- ဒါကို အလေးထားတယ်။ ကျွန်တော်တို့ နံရံတစ်ခုဆေးသုတ်ဖို့ လူ(၁၀)ယောက် ထိုင်ဆွေးနွေးတယ်ဆိုပါစို့။ အနီ၊ အဝါ၊ အစိမ်း စသည်ဖြင့် အမျိုးမျိုး တင်ပြကြမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့မွတ်ဆလင်မ်အဖွဲ့အစည်းနားမထောင်နိုင်ဘူး၊ လက်မခံပေးဘူး၊ ကိုယ်နဲ့ဆန့်ကျင်တဲ့ အယူအဆတစ်ခုကို နားမထောင်နိုင်ပါဘူး။ ဒါက ကျွန်တော်တို့ Community မှာလိုအပ်နေတဲ့ ကျရှုံးနေတဲ့ Image ပဲ။ ဘယ်လိုမှ စားပွဲဝိုင်းတစ်ခုပေါ်မှာ စုစည်းညီညွတ်စွာနဲ့ Community ကို တည့်မတ်အောင် လုပ်ပေးနိုင်တဲ့ အရည်အသွေး၊ အရည်အချင်းတွေ မရှိဘူးဖြစ်နေတယ်။

နောက်တစ်ခုက ကျွန်တော်တို့က ဘာသာခြားအဖွဲ့အစည်းတွေ၊ Community နဲ့ပတ်သက်ဆက်နွယ်ရမယ့် ကိစ္စရပ်တွေ အများကြီးရှိတယ်။ ဘယ်လိုမှ သီးသီးသန့်သန့် နေလို့မရဘူးလေ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာနေပြီးတော့ ဘယ်လိုမှတသီးတသန့် နေလို့မရဘူးလေ။ မဖြစ်နိုင်ဘူးလေ။ အမြဲတမ်းထိတွေ့ ပေါင်းသင်းဆက်ဆံနေရမှာပဲလေ။

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ် ၂၂ အာယတ် ၄၀ မှာ အလ္လာဟ်က ဘာပြောထားသလဲဆိုရင် " ***အကယ်၍ အလ္လာဟ်က လူ့အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု အပြန်အလှန် ထိန်းကျောင်းမှုမပြုထားဘူးဆိုရင် အဲဒီဂျူးဘုရားကျောင်းတွေ၊ ဂျူးဘုန်းကြီးကျောင်းတွေ၊ ခရစ်ယာန်တို့ရဲ့ချာ့ချ်တွေ၊ မွတ်ဆလင်မ်တို့ရဲ့ ဝတ်ကျောင်းတော်တွေရော အကုန်လုံးဖြိုဖျက်ပြီး မီးလောင်တိုက်သွင်း မီးရှို့ပြီးသား ဖြစ်သွားမယ်*** " ပြောချင်တာက ကျွန်တော်တို့ လုပ်နိုင်တာ အဲဒါ။ အလ္လာဟ်က အစ္စလာမ်ကို မပျောက်ပျက်ဖို့ လူစားထိုးလိုက်မှာ။ အင်ဒိုနီးရှားတို့၊ အာဖဂန်တို့ ဘာတို့လို။ ကြိုက်သလိုလုပ်။ ကျွန်တော်တို့ညံ့နေရင် ကျန်ခဲ့မှာ။ အစ္စလာမ်ကတော့ မပျောက်သွားဘူး။ မွတ်ဆလင်မ် မပျောက်သွားဘူး။ ဒါကို ပြောချင်တာ။

ကျွန်တော်တို့လုပ်နိုင်တာ ဘာလဲ။ အချင်းချင်း ကူးလူးဆက်ဆံရေး၊ သဟဇာတဖြစ်ရေး ဒါတွေ ကျွန်တော်တို့လုပ်နိုင်တယ်။ ဒါက ဘာသာအားလုံးပါတယ်။ အချင်းချင်း ထိန်းကျောင်းမှုတွေနဲ့ လူ့အဖွဲ့အစည်း သဟဇာတဖြစ်ရေးကို အလ္လာဟ်အရှင်မြတ်က တည့်မတ်အောင် လုပ်ထားတာတဲ့။

ဒီတော့ မွတ်ဆလင်မ်တွေရဲ့အခြေအနေကို ကျွန်တော် နိဂုံးချုပ်အနေနဲ့ပြောချင်တာက အမှောင်ထဲမှာ ကြောင်တွေဟာ တစ်ရောင်တည်းပဲတဲ့။ စာရေးဆရာတစ်ယောက်ရဲ့ စာတစ်ပုဒ်မှာ ဖတ်ရတာ။ ပြောချင်တာက စနစ်ဆိုးတစ်ခုရဲ့အောက်မှာ အင်မတန် ယုတ်မာရက်စက်၊ ဆိုးဝါးလှတဲ့ အုပ်ချုပ်မှုတွေအောက်မှာ လူတွေ အားလုံးဟာ ညီညွတ်ကြတယ်။ တွဲလက်ညီကြတယ်။ ဘာလို့လဲဆိုတော့ စနစ်ဆိုးကို တော်လှန်ဖို့။

မြန်မာနိုင်ငံမှာဆို ဖဆပလခေတ်ပေါ့။ အမှောင်ပျောက်တော့ အရောင်တောက်လာတယ်။ ကြောင်တွေလေ ရွှေဝါ၊ မိနီ၊ မိဝါ စသည်ဖြင့်ပေါ့။ အဲ ဒါပေမဲ့ ကျွန်တော်တို့မွတ်ဆလင်မ်များကတော့ အမှောင်ထဲမှာလည်းပဲ အရောင်ကွဲပဲ။ အဆိုးဝါးဆုံးအခြေအနေ၊ ရုပ်အပျက်ဆုံး အခြေအနေ၊ အသတ်ခံနေရရင်လည်းပဲ ကျွန်တော်တို့က ကွဲလွဲဆဲပဲ။ ဟိုလူပါရင် မဖြစ်ဘူး။ ဒီလူနဲ့ဆို မလုပ်ဘူး။ ဒီလိုမျိုး စုစည်းညီညွတ်၊ နားလည်မှုမရှိစွာနဲ့ပဲ အခြေအနေဆိုး၊ အဖြစ်အပျက်ဆိုးတွေရဲ့ကြားမှာ ကျွန်တော်တို့ ရှိနေတယ်။

နောက်တစ်ခု ကျွန်တော် အဖြစ်အပျက်လေးတစ်ခု တင်ပြပါ့မယ်။ ဆူးလေစေတီနားက တိုက်တစ်ခုပေါ်မှာ အလုပ်တစ်ခုနဲ့ အထပ်အမြင့်မှာ ကျွန်တော်ရောက်နေတုံးမှာ ဘုရားရင်ပြင်တော်ကို မြင်နေရတယ်လေ။ မကြာသေးဘူး။ ဒီလ အတွင်းမှာပဲ။ အမျိုးသမီးနှစ်ယောက်၊ သုံးယောက်။ အူရ်ရှနီခြုံထားတယ်။ (ဘုရ်ခါတော့ မဟုတ်ဘူး) ဘုရားရင်ပြင်တော်ပေါ်မှာ ဟိုသွားဒီသွား မြင်ရတော့ ကျွန်တော် ပြာသွားတယ်။ သွေးပျက်သွားတယ်။ ဒုက္ခပဲပေါ့။ အနီးအနားက ဗုဒ္ဓဘာသာသူငယ်ချင်းကို မေးရတာပေါ့။ ဟိုမှာ

ဘာဖြစ်တာလဲပေါ့။ သူက ကြည့်ပြီး ဘာဖြစ်လို့လဲ ဘာမှမဖြစ်ဘူး။ မအံ့သြနဲ့။ ဒါဟာ နှစ်ပေါင်းများစွာကတည်းက ဒီမှာရှိနေတဲ့ ဈေးသည်တွေတဲ့။ သူတို့ အားလုံးနဲ့အဆင်ပြေတယ်။ သွားလာလှုပ်ရှားနေကြတာပဲ။ ပုံမှန်ရှိတယ်။ အပေါ့ အလေးသွားတာ၊ အိပ်စက်အနားယူတာ ရှိမှာပေါ့။ အကုန်အဆင်ပြေတယ်။ စိုးရိမ်စရာမရှိဘူး။ မစိုးရိမ်နဲ့တဲ့။

ကျွန်တော် စိတ်အေးသွားတာပေါ့။ ဒါပေမဲ့ တော်တော်စိတ်မကောင်းစရာတစ်ချက်ကို နောက်မှ ကျွန်တော်တွေးမိတယ်။ ဘာလဲသိလား။ အဲဒီဆူးလေဘုရားရဲ့အရှေ့မှာပဲ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်တွေရဲ့ ဗလီ၊ ဘင်္ဂါလီ ဗလီရှိတယ်။ အဲဒီဗလီထဲကို အဲဒီအမျိုးသမီးတွေ (ဆူးလေရင်ပြင်ပေါ်က အုတ်ရိုးနီခြံထားတဲ့ မွတ်ဆလင်မ်အမျိုးသမီးတွေ) ဝင်ခွင့်မရဘူးဖြစ်နေတယ်။

အဲဒီတော့ ကျွန်တော်တို့ မွတ်ဆလင်မ် Community ကို ဘယ်လို Change မလဲ။ ကျွန်တော်တို့ Image တွေ ဘယ်လိုကာကွယ်မလဲ။ အစ္စလာမ်ကို တကယ်တမ်း ကာကွယ်စောင့်ရှောက်မှာ ထိန်းသိမ်းမှာသည် အလ္လာဟ်ပဲဖြစ်တယ်။ ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူး။ ကျွန်တော်တို့ လုပ်နိုင်တာလေးတွေတောင် မလုပ်ဘူး။ လုပ်ရကောင်းမှန်း မသိဘူး။ ကျွန်တော်တို့ မွတ်ဆလင်မ် Community ရဲ့ Image တက်လာအောင် ကြိုးစားရင်း အခြားဘာသာသာသနာဝင်တွေနဲ့လည်း သဟဇာတဖြစ်အောင် ဝိုင်းဝန်းကြိုးစားကြဖို့ တိုက်တွန်းရင်းနဲ့ ဒီမှာပဲ နိဂုံးချုပ်ပါတယ် ။ ။

## လူ

### `အတ်စွလားမုအလိုင်းကွန်းမ် ဝ ရဟ်မသွလ်လားဟိ ဝဘရကာသုဟု´

ကျွန်တော် ဒီနေ့တင်ပြမယ့်ခေါင်းစဉ်ကတော့ **`လူ´**ဖြစ်ပါတယ်။ လူတွေအကြောင်းပေါ့နော်။ ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြတဲ့လူတွေထဲက လူတွေရဲ့အားနည်းချက်များဆိုတာကို ကျွန်တော်အထူးပြုပြီးတင်ပြမှာဖြစ်ပါတယ်။ လူတွေရဲ့အားသာချက်တွေကို ကုရ်အာန်ထဲမှာ အလ္လာဟ်အရှင်မြတ်က ဖော်ပြထားသလို လူတွေရဲ့ အားနည်းချက်တွေကိုလည်း ဖော်ပြထားပါတယ်။

ကျွန်တော်က လူတွေရဲ့အားသာချက်တွေကို ပြောမှာမဟုတ်ဘဲ၊ အားနည်းချက်တွေကို အဓိကရွေးချယ်ပြီး ပြောသွားမှာဖြစ်ပါတယ်။ ပြောချင်တဲ့ရည်ရွယ်ချက်၊ ပြောရခြင်းရဲ့ရည်ရွယ်ချက်က ပြောသူကျွန်တော် နာသူ လူကြီးမင်းများဟာ လူတွေဖြစ်တာမို့ အားနည်းချက်အသီးသီးရှိကြတာမို့ ကျွန်တော့်အနေနဲ့ ပြောရခြင်းဖြစ်ပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန်မှာ ကျွန်တော်တို့လူတွေရဲ့ အားနည်းချက်ကို ထင်ထင်ရှားရှား၊ ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါလားဆိုတာကို သိလိုက်ရရင် ကျွန်တော်တို့တစ်ဦးချင်း၊ တစ်ယောက်ချင်းစီကသော် လည်းကောင်း၊ ကိုယ့်ကိုယ်ကို ပြုပြင်ဖို့လမ်းစ၊ မြန်မာမွတ်ဆလင်မ် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေနဲ့ လည်းကောင်း၊ ဘယ်လိုပုံစံနဲ့ ရှေ့ဘဝခရီးလမ်း ဆက်ကြမလဲဆိုတဲ့ အတွေးအမျှင်လေးတစ်ခု ရနိုင်ကောင်းပါရဲ့ဆိုတဲ့ ရည်ရွယ်ချက်အမှန်နဲ့ ဒီခေါင်းစဉ်ကို ကျွန်တော်ရွေးချယ်တင်ပြရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျမ်းတော်မြတ်ကုရ်အာန်ထဲမှာ လူကို ဝေါဟာရတွေအများကြီး သုံးထားတာရှိပါတယ်။ ဥပမာ-**`အင်န်စန်´** ဆိုတဲ့ဝေါဟာရ၊ **`အင်န်စန်´**လူသားဆိုပြီးသုံးထားတာ မွတ်ဆလင်မ် **၉၈%** လောက်သိနိုင်တယ်။ နောက်တစ်မျိုးက **`ဘက်ရှရ်´** ဆိုပြီးသုံးတယ်။ **`ဘက်ရှရ်´**ဆိုပြီးသုံးတာကျတော့ လူတိုင်းမသိနိုင်ကြဘူးထင်တယ်။ အဲဒါကျတော့ နည်းနည်းလေး ဝေးသွားတယ်။ ဘာသာရေးနဲ့အရမ်းထိတွေ့ လေ့လာလိုက်စားတဲ့ လူတွေလောက်ပဲ သိနိုင်တာပေါ့နော်။

နောက်ပြီး လူကို **`အာဒမ်´**လို့လည်းသုံးတယ်။ ဒါကတော့ စာပေလေ့လာလိုက်စားတဲ့ လူတွေသိတယ်။ နောက် ကျွန်တော်တို့သုံးသေးတယ်။ **`ရီဂျားလ်´**တို့ ဘာတို့ပေါ့။ တော်တော်ကို ဂရုမစိုက်မိတဲ့ ဝေါဟာရတစ်ခုတော့ ရှိတယ်။ အဲဒါက **`ဒဖ်ဘာ´**။ **`ဒဝါဘ်´**လို့ခေါ်တယ်။ လူပါတာပေါ့နော်။ သတ္တဝါလို့ခြုံငုံပြီးပြောတာ။ အသက်ရှိတဲ့ အရာအားလုံး (လူအပါအဝင်)ကို ပေါင်းခြုံပြီးခေါ်တာ။ **`ဒဖ်ဘာ´**ပေါ့နော်။ ဇီဝမျိုးနွယ်ထဲမှာပါတဲ့ အသက်ရှိတဲ့ အရာမှန်သမျှကို ခေါ်ဝေါ်သုံးနှုန်းတာဖြစ်တယ်။ ခွေး၊ နွား၊ ကြွက်၊ တိရစ္ဆာန်အားလုံးနဲ့ လူအပါအဝင်အားလုံးကိုခြုံငုံပြီး ခေါ်ဝေါ်သုံးနှုန်းတာဖြစ်တယ်။

ဒီဝေါဟာရနဲ့ရောထွေးပြီး လူကို ရည်ရွယ်သုံးနှုန်းတာ ဆိုရင် စဉ်းစားစရာပါ။ ကျွန်တော်တို့ မြန်မာစကား အရပ်သုံးဆိုရင် **`ဒီလူဟာ ဘယ်လိုသတ္တဝါပါလိမ့်´** ဆက်ဆံရတာ အဆင်မပြေဘူး။ မချောမွေ့ဘူး။ ဆိုလိုတာက လူတစ်ယောက်ကို သတ္တဝါအုပ်စုထဲမှာ သတ္တဝါတွေနဲ့နှိုင်းပြီး ခေါ်ဝေါ်သုံးစွဲမယ်ဆိုရင် ဒီလူဟာ လူ့အရည်အသွေး၊ လူ့အရည်အချင်းမရှိဘူး။ မပြည့်မီဘူးလို့ပြောတာ။ လူဖြစ်ပေမယ့် လူဖြစ်ဖို့လိုသေးတာ လူမပီသသေးဘူးဆိုတဲ့ အဓိပ္ပါယ်တွေပါတယ်။

ဒီလိုပဲ ကျမ်းတော်မြတ်ကုရ်အာန်မှာလဲ အဲဒီလိုပါတယ်။ ကျွန်တော်တို့ သာမန်လူ့အဖွဲ့အစည်းမှာတော့ လူတစ်ယောက်ကို သတ္တဝါနဲ့နှိုင်းယှဉ်ပြီးပြောရင် တော်တော်နိမ့်ကျတဲ့သဘောရှိတယ်။

ကိုယ့်ကိုပြောရင်လည်း မခံချင်ဘူး။ မခံနိုင်ဘူး။ ကုရ်အာန်မှာလည်း အလ္လာဟ်အရှင်မြတ်က အဲဒီလိုသုံးနှုန်းထားတာရှိတယ်။

လူတွေရဲ့အားနည်းချက်နဲ့ပတ်သက်ပြီး မပြောခင်မှာ လူရဲ့အဓိပ္ပါယ်၊ လူဆိုတာ ဘာလဲဆိုတာကို ကုရ်အာန်မှာ ဘယ်လိုဖော်ဆောင်ထားသလဲဆိုတာကို အနည်းငယ်တင်ပြပါမယ်။

အလ္လာဟ်အရှင်မြတ်က လူကို **`အင်န်စန်´**လို့သုံးလိုက်ရင် ပြောလိုက်ရင် အဲဒီ**`အင်န်စန်´**ဆိုတဲ့ဝေါဟာရမှာရှိတဲ့ အနစ်သာရ အဓိပ္ပါယ်တွေနဲ့တွဲပြီး ပါလာတယ်။ **`ဘက်ရှရ်´**လို့ပြောလိုက်ရင် **`ဘက်ရှရ်´**ဆိုတဲ့ဝေါဟာရမှာရှိနေတဲ့ အနစ်သာရတွေနဲ့တွဲပြီး ပါလာတယ်။ **`အာဒမ်´**လို့ပြောလိုက်ရင်လည်း **`အာဒမ်´**ရဲ့အနစ်သာရ အရည်အသွေး အဓိပ္ပါယ်ပါပြီးသား။

အဲဒီလိုပဲ **`ဒဝါဘ်´** (ဒဗ်ဘာ)လို့ပြောလိုက်၊ သုံးလိုက်ရင်လည်း အရည်အသွေး၊ လုပ်ရပ်၊ အနစ်သာရအားလုံး ပါပြီးသားပဲ။ **`ဒဗ်ဘာ´** တစ်နည်း သတ္တဝါလို့ပြောလိုက်တာ သက်ရှိသတ္တဝါ၊ တိရစ္ဆာန်တွေနဲ့ လူကို တစ်တန်းတစ်စားထဲထားပြီး ပြောလိုက်တာဖြစ်တယ်။

ကျမ်းမြတ်ကုရ်အာန်ရဲ့ ဆူရာဟ်(၈း၂၂)မှာ သတ္တဝါတွေထဲမှာအဆိုးဆုံး၊ အယုတ်ညံ့ဆုံး၊ အသေးသိမ်ဆုံး ( **`ရှာရ်ရွှန်´** လို့သုံးတယ်။ **`ရှာရ်ရွှန်´**ဆိုတာ အဆိုးဆုံး၊ အယုတ်ညံ့ဆုံးမှာ ထိပ်ပဲ၊ ထိပ်ဆုံးပဲ) ဆိုတဲ့လူတွေကို ပြောမှာနော်။ ခွေးတွေ၊ နွားတွေကို ပြောမှာမဟုတ်ဘူး။ ကျွန်တော်တို့လူတွေက သတ္တဝါလို့ ပြောလိုက်ရင် လူမဟုတ်ဘဲ ခွေးတွေ၊ နွားတွေလို့ထင်တတ်ကြတယ်။

အလ္လာဟ်အရှင်မြတ်က ကုရ်အာန်မှာ အဆိုးဆုံးသတ္တဝါလို့ ခိုင်းနှိုင်းပြီးပြောပြီဆိုရင် လူတွေထဲက လူတွေကိုပြောတာ။ ဘာလို့လဲဆိုတော့ ကုရ်အာန်ဆိုတာ လူတွေအတွက်ဖြစ်လို့ပဲလေ။ ဆူရာဟ် (၈း၂၂) မှာ **`လူတွေမှာ နားတွေရှိတယ်၊ ပါးစပ်ရှိတယ်၊ ဆင်ခြင်တုံတရားရှိနိုင်တဲ့ ဦးနှောက်ရှိတယ်။ အဲဒါတွေကို အသုံးမချဘူး။ အလုပ်မလုပ်ဘူး´** ဒါက လိုရင်းပဲ။ ဆိုလိုတာက နားတွေ ပါးစပ်တွေရှိနေရက်နဲ့ အလုပ်မလုပ်၊ အသုံးမချရင် အဆိုးဆုံး၊ အယုတ်ညံ့ဆုံး သတ္တဝါပဲတဲ့။ အလ္လာဟ်ပြောတာနော်။

ကုရ်အာန်မှာ နောက်ထပ်အာယတ်ရှိသေးတယ်။ ခြေလေးချောင်းသတ္တဝါနဲ့ နှိုင်းထားတာ။ ကျွန်တော်က ကုရ်အာန်အာယတ်ကို ရွေးချယ်ကတည်းက ဖြစ်နိုင်ရင် ကုရ်အာန်မှာ အာယတ်က (၆၆၆၆) အာယတ်ရှိတယ်လို့ ပြောကြတာကိုး။ ဒီတော့ ကျွန်တော်တို့အပါအဝင် ဗလီဆရာများများက ကြားဖူး ပြောဖူးနေကျ အာယတ်တွေနဲ့ လှည့်ပတ်ပြီးပြောနေကြတော့ အတတ်နိုင်ဆုံး မတူညီတဲ့ အာယတ်တွေကို ရွေးချယ်ခဲ့ပါတယ်။

အဲဒီတော့ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်မှာ လူဟာ ခြေလေးချောင်းသတ္တဝါထက်တောင် ပိုဆိုးတယ်လို့ပြောတာ။ ဆိုလိုတာက ကိုယ့်မှာဦးနှောက်ရှိတယ်။ နားရှိတယ်။ ပါးစပ်ရှိတယ်။ လောကကြီးမှာ ရှင်သန်နေစဉ်ကာလမှာ ကိုယ့်မျက်စိရှေ့မှာ တွေ့မြင်နေရတာအများကြီး။ ကိုယ့်ဘက်ကကြည့်ရင် တစ်ချို့ အမြင်မတော်တာ၊ တစ်ချို့ မကြည့်သင့်တာတွေရှိမယ်။ တစ်ချို့ ကြည့်သင့်တာရှိမယ်။ အဲဒါတွေအားလုံး ကိုယ်က အမှန်အကန် အလုပ်လုပ်။ ဒီမျက်စိနဲ့ (အလ္လာဟ်ချီးမြှင့်ထားတဲ့မျက်လုံးနဲ့) မြင်တတ်အောင်လည်းကြည့်။ မြင်တဲ့အတိုင်း အမှန်ကိုပြော။ ပါးစပ်ပိတ်မနေနဲ့။ အဲဒါ **`ဘွတ်က်မွန်´**။ အမှန်တရားကို ပြောခိုင်းနေတာ။ မပြောသင့်ဘူးလား။ မပြောနဲ့။ ကျွန်တော်တို့က ပြောသင့်တဲ့နေရာမှာ မပြောဘူး။ မပြောသင့်တဲ့နေရာ မပြောအပ်တဲ့နေရာမှာပြောတယ်။

လူတစ်ယောက်နဲ့တစ်ယောက်၊ လူတစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားမှာ ပဋိပက္ခဖြစ်အောင် တိုက်ပေးတယ်၊ ပြောတယ်။ ဟိုဘက်အဖွဲ့၊ ဒီဘက်အဖွဲ့နှစ်ဖက်ကို ညီညွတ်ရေးပျက်ပြားအောင်ပြောကြတယ်။ တကယ်ပြောသင့်ပြောထိုက်၊ ပြောရမယ့်၊ အရေးဆိုရတော့မယ့်အချိန်၊ ကိုယ့်အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနိုင်မယ့်အချိန်ကျတော့ (မဖြစ်ပါဘူး၊ ပြောလို့ဘယ်ဖြစ်မလဲဆိုပြီး) မပြောကြဘူး။

အကြောင်းအရာတစ်ခု၊ သတင်းတစ်ခုကြားတာနဲ့ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ မစဉ်းစားဘူး။ ဦးနှောက်က ဝေဖန်ပိုင်းခြား သုံးသပ်မှုမလုပ်ဘူး။ ချက်ချင်းပြောလိုက်မယ်။ ဖြန့်လိုက်မယ်။ ဆင်ခြင်တုံတရားမရှိဘူး။ အဲဒီအခြေအနေမျိုးဆိုရင် လူဟာ သတ္တဝါအဆင့်ပဲရှိတယ်။ သတ္တဝါနဲ့ တစ်တန်းတည်းထားရမယ်။ သာမန်အားဖြင့် လူအများပြောနေတဲ့ အိပ်၊ စား၊ မေထုန်မှုပြု ဒီ(၃)ရပ်ပဲရှိတဲ့ အနေအထား။ တိရစ္ဆာန်ရဲ့အနေအထား။

လူက ဦးနှောက်ရှိတယ်။ ပါးစပ်က စကားတတ်တယ်။ နားက နားထောင်နိုင်စွမ်း၊ နားလည်နိုင်စွမ်းရှိတယ်။ ဒါပေမဲ့ အသုံးမချဘူး။ ဒီတော့ တိရစ္ဆာန်ထက်ဆိုးတယ်။ ကုရ်အာန်က ပြောတာ။ အဆင့်အနိမ့်ဆုံးအနေအထား။ နောက်ထပ် အာယတ်တစ်ခုရှိသေးတယ်။ ပထမတော့ မပြောဘဲချန်ထားခဲ့မလို့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် Audio file တစ်ခုနားထောင်ရတယ်။ မွဖ်သီဆပ်တစ်ယောက်။ အဲဒီအာယတ်ကို ဟောထားတယ်။ အဲဒီအာယတ်က ဆူရာဟ်(၈) အာယတ်(၅၅)ပါ။ ကျွန်တော်ရှင်းပြမယ်။ **`သတ္တဝါတွေထဲကမှ အဆိုးဆုံး၊ အယုတ်ညံ့ဆုံး၊ အစုတ်ပြတ်ဆုံးသတ္တဝါဟာ မုအ်မင်န်မဟုတ်တဲ့ ကာဖိရ်တွေ´**လို့ပြောတာ။ ကဲ ဘယ်လိုလုပ်

ကြမလဲ။ ကုရ်အာန်မှာလည်းပါနေပြီ။ ကျွန်တော်တို့ အခု ရင်ဆိုင်နေရပြီလေ။ Online ရော၊ Off line ရော။ ဝေဖန်ပြီး စာရွက်တွေလည်း ဝေနေကြပြီ။ အမှန်တော့ ဒီကနေ့ ကျွန်တော်ကာဖိရ်ကို အဓိပ္ပါယ်ဖွင့်ရမှာ။

ဒီနေရာမှာ ကျွန်တော်တစ်ခုပြောချင်တာက မူလကျမ်းဂန်တွေ၊ ကျမ်းရှင်တွေ၊ သာသနာပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ သာသနာကို တည်ထောင်ခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ ယောင်ဝါးဝါးတွေမဟုတ်ဘူး။ ဟိုလူလဲ ကောင်း၊ ဒီလူလဲ ကောင်း၊ အားလုံးအဆင်ပြေအောင် လုပ်ကြတာပေါ့။ ဒါမျိုးမဟုတ်ဘူးနော်။ သူတို့ ပြတ်ပြတ်သားသား ပြောခဲ့တာ။ ကျွန်တော် ဥပမာတစ်ခုပြောမယ်။ ခရစ်ယာန်မှာ ကျွန်တော် စာစောင်တစ်ခုဖတ်ရတယ်။ ယေရှုခရစ်တော်ကို ဘုရားရှင်အဖြစ် လက်ခံရင်လက်ခံပါတဲ့။ လက်မခံရင် လူလိမ်လို့ စွပ်စွဲလိုက်ပါတဲ့။ ကျွန်တော်တို့က တစ်ခြားဘာသာ အကြောင်းပြောတော့ နည်းနည်းဝေးနေသလိုပဲ။ ကျွန်တော်ပြောကြည့်မယ်။ တမန်တော်မုဟမ္မဒ် (ဆွ)ကို အလ္လာဟ်ရဲ့ရဆူလ်အဖြစ် လက်ခံရင်လက်ခံပါ။ လက်မခံရင် လူလိမ်လို့ စွပ်စွဲလိုက်ပါ။

ဒါက ကျမ်းမြတ်ကုရ်အာန်၊ ဘာသာတရားရဲ့ Way အတိုင်းကြည့်မယ်ဆိုရင် ဒီအတိုင်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ မုဟမ္မဒ်က ငါတမန်တော်ဖြစ်တယ်။ **`ရဆူလ်´**ဖြစ်တယ်။ အလ္လာဟ်ရှိတယ်။ ငါသည် အလ္လာဟ်ရွေးချယ်တဲ့ရဆူလ်ဖြစ်တယ်လို့ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၄၀၀)က ကြေငြာခဲ့တယ်။ ဟုတ်တယ်နော်။ အဲဒီတုံးက သူ့ဝန်းကျင်မှာရှိတဲ့လူတွေ အချို့လက်ခံခဲ့တယ်။ ဘာပြဿနာမှမရှိဘူး။ ပြဿနာက လက်မခံဘူးကွာ။ လက်မခံတဲ့လူတွေလည်းရှိတယ်။ သူတို့ ဘာပြောခဲ့လဲ။ အဲဒီတုန်းက ပြောခဲ့ကြတယ်။

**`ရူးနေတယ်´ `လူလိမ်´ `ပေါက်ကရတွေပြောနေတယ်´**။ ငါတို့လက်မခံနိုင်ဘူး။ မုဟမ္မဒ် လူလိမ်၊ လူညာ။ တကယ်ကို စွပ်စွဲခဲ့တာ။ ကျမ်းဂန်တွေမှာ တကယ်တမ်းကျတော့ လေ့လာကြည့်ရင် တွဲလို့မရဘူး။ ပြတ်ပြတ်သားသားပြောတယ်။ လူတွေကသာ မဟာလူသား၊ သူတော်စင် စသဖြင့် ညှိနှိုင်းပြီး အဆင်ပြေအောင်ပြောနေကြတာ။ ကျမ်းဂန်တွေကတော့ လက်မခံဘူး။ ပြတ်သားတယ်။ တိကျတယ်။

ကျမ်းမြတ်ကုရ်အာန်မှာ အစ္စလာမ်ကိုပဲ အလ္လာဟ်အရှင်မြတ်က ဒီးန်အဖြစ် အကောင်းဆုံးရွေးချယ်ထားပြီးသားဆိုတဲ့ အာယတ်တွေလည်းရှိတယ်။ လူ့ဘဝတည်ဆောက်မှုအတွက် အကောင်းဆုံး၊ အပြည့်စုံဆုံးစနစ်အဖြစ် အလ္လာဟ်က သတ်မှတ်ထားပြီးသားဆိုတဲ့ အာယတ်တွေရှိတယ်။ ဒီလိုပဲ ကာဖိရ်နဲ့ပတ်သက်ပြီးတော့လည်း အလ္လာဟ်က ပြတ်ပြတ်သားသားပြောထားတဲ့ အာယတ်တွေလည်းရှိတယ်။ ရန်သူကို ရန်သူလိုဆက်ဆံဖို့ အလ္လာဟ်က ပြောပြီးသား။

ကာဖိရ်ကို အဓိပ္ပါယ်ဖွင့်ဆိုဖို့ပဲ လိုနေတာ။ ဘယ်သူ့ကို ကာဖိရ်ပြောတာလဲ။ တွေ့သမျှလူကို ကာဖိရ်သတ် မှတ်ရမှာလား! ခရစ်ယာန်မှာလည်း ရုပ်တု၊ ဆင်းတု ကိုးကွယ်တဲ့လူတွေကို အယူမှားတွေကို ကာဖိရ်။ ဗုဒ္ဓဘာသာမှာလည်းပဲ အဝိဇ္ဇာနဲ့ တဏှာကို မစွန့်လွှတ်နိုင်၊ မပယ်နိုင်တဲ့ ဗုဒ္ဓရဲ့ဝါဒကို လက်မခံနိုင်တဲ့လူ၊ အယူမှားတဲ့လူတွေလို့ သတ်မှတ်တယ်။ မိစ္ဆာဒိဋ္ဌိတွေပေါ့။ ဘာသာတရားတွေက ဒီလိုပဲ ပြတ်ပြတ်သားသားကို ဖော်ပြတယ်။

ဒါကို ကျွန်တော်တို့က ငါတို့ကိုတော့ ဟိုဘာသာတရားကတော့စော်ကားနေပြီလို့ မထင်လိုက်နဲ့။ ဘာသာတရားကို တည်ထောင်ခဲ့တဲ့ပုဂ္ဂိုလ်တွေက ဒီလိုပဲ ပြတ်ပြတ်သားသား၊ တိတိကျကျ Way အမှန်ကို ဖော်ပြခဲ့တာ။ ကျွန်တော်တို့လူတွေကပဲ အဆင်မပြေလို့ ညှိနှိုင်းတာတွေ၊ ဘာတွေ လုပ်နေတာ။ ဒီတော့ ဒီနေရာမှာ ကာဖိရ်ဆိုတဲ့အနက်အဓိပ္ပါယ်ကိုကျွန်တော်ဖွင့်ဆိုပြမှာမဟုတ်ပါဘူး။ ကျွန်တော်ပြောချင်တာက လူတွေအကြောင်းပဲမို့လို့ ကျွန်တော်မပြောတာပါ။ ကာဖိရ်ရဲ့အနက်ကို မဖွင့်ဆိုနိုင်လို့ မဟုတ်ပါဘူး။ ကုရ်အာန်မှာ ပါပြီးသားပါ။ ဒါကို ကျွန်တော်တို့မရှိပါဘူး၊ မပါဘူးဆိုပြီး လိုက်ပြင်၊ လိုက်ဖာထေးနေလို့မရဘူး။

အလ္လာဟ်အရှင်မြတ်က လူတွေကို ဒဝါဗ်နဲ့ခိုင်းနှိုင်းသုံးစွဲပြီဆိုရင် အဆိုးဆုံး၊ အယုတ်ညံ့ဆုံး၊ အစုတ်ပြတ်ဆုံးသတ္တဝါ၊ တိရစ္ဆာန်နဲ့တစ်တန်းတည်း၊ တစ်စားတည်းထားပြီး သုံးထားတာ။ လူတွေဟာ အလ္လာဟ်ချီးမြှင့်ထားတဲ့ အသိဉာဏ်အတွေးအခေါ်၊ ဦးနှောက်ရှိလျက်နဲ့၊ ပါးစပ်ရှိလျက်နဲ့၊ နားရှိလျက်နဲ့၊ မျက်စိရှိလျက်နဲ့ လို့ပြောနေတာက သာမန် ရိုးရိုးပြောတာမဟုတ်ဘူး။ လူ့ဘဝမှာ အသက်ရှင် ရပ်တည်နေစဉ်ကာလမှာ မှန်မှန်ကန်ကန်၊ တိတိကျကျ၊ ဖြောင့်ဖြောင့်မတ်မတ်မြင်နိုင်ခြင်း၊ မြင်တဲ့အတိုင်း ပြောခြင်း၊ ကြားရတဲ့သတင်းကိုလည်း တိကျ၊ ခိုင်လုံခြင်းမရှိဘဲ လွှင့်ထုတ်၊ မှားရင် နောက်တစ်နေ့ ပြန်တောင်းပန်။ ဒါတွေကိုပြောနေတာ။ အမှားတွေကို မျက်နှာဖုံးကနေ အကြီးကြီးရေး။ ပြီးတော့ သူတို့မှားတာမဟုတ်ဘူး။ မူလသတင်းလာရာက ရေးတဲ့လူမှားတာတဲ့။ ဒါကိုပြောတာ။ **`ဒဝါဗ်´** အဲဒီက လာတာ။ အသိဉာဏ်၊ ဆင်ခြင်တုံတရား ဒါတွေကို အသုံးမချတာ။

နောက်တစ်မျိုး လူကိုခေါ်တာရှိသေးတယ်။ အဲဒါက **`ဘက်ရှရ်´**လို့ခေါ်တယ်။ ဆူရာဟ်(၁၄) အာယတ် (၁၁)မှာ **`တမန်တော်တွေဟာ နတ်တွေမဟုတ်ဘူး၊ မလ္လာဟ်အိကာတွေ မဟုတ်ဘူး၊ မိုးပေါ်က ဆင်းလာတာတွေ မဟုတ်ဘူး။ မင်းတို့လိုပဲ လူပဲ´**

လို့ပြောတာ။ ဒီနေရာမှာသုံးလိုက်တဲ့ **`ဘက်ရှရ်´** လူဆိုတဲ့ ဝေါဟာရမှာ အနှစ်သာရ ဘာပါသလဲဆိုရင် **`အပုပ်ကောင်၊ ရုပ်ဆောင်၊ သေမျိုး၊ သေမယ့်လူ´** ဒီလိုမျိုးအဓိပ္ပါယ်တွေ ဒီ**`ဘက်ရှရ်´** ထဲမှာပါ တယ်။ တမန်တော်တွေ ဒီလိုမျိုးပြောလိုက်ခြင်းက မင်းတို့နဲ့ ငါနဲ့ ဘာမှမကွာဘူး။ အတူတူပဲလို့ ပြောလိုက်တာ။ အတောင်ပံတွေနဲ့ တန်ခိုးအစွမ်းတွေပြမယ့်၊ ပြလို့ရတဲ့သူတွေ မဟုတ်ဘူးလို့ ပြောတာ။

ဒီမှာ ဘာသံဝေဂရစရာပါလဲဆိုရင် လူဟာ ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားပါစေ။ သွားမှာပဲ၊ သေမှာပဲ၊ အိုမယ်၊ နာမယ်၊ နောက်ဆုံး ပိုင်ဆိုင်မှုဘာရှိမလဲ။ ဘာမှမပိုင်တော့ဘူး။ ၂ပေ ၆ပေ မြေတစ်ကွက် ရကောင်းရမယ်။ (ရေနစ် အလောင်းပျောက်၊ မီးလောင်ပြာကျ၊ မုန်တိုင်းထဲပါခဲ့ရင် ၂ပေ ၆ပေ မြေကွက်ပါမရဘူး)။

တမန်တော်တွေက သူ့လူတွေကို ဒီသဘောပဲ ပြောခဲ့တာ။ **`ငါဟာ မင်းတို့လိုပဲ လူသားပဲ၊ နာကျင်တတ်တယ်၊ ဈေးလဲသွားတယ်၊ မိန်းမလည်းယူတယ်၊ ထမင်းလည်းစားတယ်´** ဘာမှ မကွာဘူး။ လူသားတွေနဲ့ ဘာမှကွာခြားတဲ့အခြေအနေမှာ မရှိဘူး လို့ပြောတာ။

ကွာခြားတာတစ်ခုပဲရှိတယ်။ အဲဒါ အလ္လာဟ်ဘက်က Message **`ဝဟီ´**ရမယ်။ အဲဒါကို ကျန်လူသားတွေကို လမ်းညွှန်မယ်။ ကိုယ်တိုင်လိုက်နာ ကျင့်ကြံမယ်။ ဒါပဲကွာတယ်။ ကျန်တာတွေက လူထဲက လူတွေလိုပဲ နေထိုင်စားသောက်သွားမယ်ဆိုတာကို အဲဒီ **`ဘက်ရှရ်´**က ပေးတယ်။ ကျွန်တော်တို့က သာမန်အားဖြင့် အဲဒီ **`ဘက်ရှရ်´** အဆင့်မှာတော့ရှိတယ်။ အဲဒီထက် ထပ်နိမ့်လို့တော့မရဘူး။ ထပ်နိမ့်ရင် စောစောက **`ဒဝါဘ်´**ထဲကိုရောက်ရင် တိရစ္ဆာန်အဆင့်ထဲကို ရောက်မယ်။

အဲဒီတော့ **`ဘက်ရှရ်´**အဆင့်မှာ ကြိုးစားပြီးနေလိုက်ကြရမှာပေ့ါ။ သေလည်း မြေကြီးဖြစ်မှာပဲ။ ရှင်နေတဲ့အချိန်မှာ နည်းနည်းလေး အလုပ်လုပ်မယ်။ ဒီသဘောနဲ့နေရမယ်။ ဒီထက်နိမ့်ရင်တော့ မကောင်းတော့ဘူးပေ့ါ။ ကောင်းပြီ ... ဒီဝေါဟာရနဲ့ပတ်သက်ပြီး သိသွားတဲ့အပေါ်မှာ လူဟာ ဘဝင်မြင့်တာတို့၊ မာနကြီးတာတို့၊ ခွဲခြားတာတို့ မရှိရဘူးလို့ပြောတာ။ ဗလီဆရာတွေလည်း မကြာခဏ တရားဟောကြတာပဲ။

နောက်ဝေါဟာရတစ်ခု ဘာသုံးသလဲဆိုတော့ **`အင်န်စန်´** ဒါ လူတော်တော်များများ သုံးကြတယ်။ သိထားကြတယ်။ **`အင်န်စန် လူသား´**လို့ ခဏခဏပြောကြတယ်။ အဲဒီ **`အင်န်စန်´** မှာလည်း အနှစ်သာရအများကြီးပါတယ်။ **`အင်န်စန်´**လို့ပြောလိုက်ရင် ဆူရာဟ်(၁၀၃) အာယတ်(၂)မှာ **" *လူတွေဟာ ခေတ်ကာလတွေ ပြောင်းလဲလာတဲ့အခါမှာ ဆုံးရှုံးမှု၊ နိမ့်ကျမှုနွံထဲမှာ နစ်နေကြတယ်* "** အကယ်၍ အဲဒီအုပ်စုထဲမှာ မပါချင်ဘူးဆိုရင် လူ့ရဲ့ အရည်အသွေးကို မြှင့်တင်ဖို့ပြောတယ်။

အဲဒီတော့ ဒီ **`အင်န်စန်´**ဆိုတဲ့ဝေါဟာရကို သုံးလိုက်ပြီဆိုတာနဲ့ ဒီဝေါဟာရရဲ့ အနှစ်သာရတွေဖြစ်တဲ့ အားနည်းတာ၊ မေ့လျော့တာ၊ ပျင်းရိတာ။ လူ့ရဲ့အားနည်းချက်၊ အရည်အသွေးတွေကို အလ္လာဟ်က Highlight လုပ်ပြနေတာ။ လူဟာ စိတ်နဲ့ပတ်သက်လို့ရှိရင်လည်း မကောင်းတဲ့စိတ် အမြဲတမ်းရှိတယ်။ ကိုယ့်ကိုယ်ကို မထိန်းချုပ်နိုင်ဘူးဆိုရင် မလွယ်ဘူး။ အာယတ်တွေ အများကြီးရှိတယ်။ မနာလိုဝန်တိုမှုတွေ၊ မတရားတာတွေ၊ ဒေါသတွေ၊ မောဟတွေ အများကြီးပဲ။ ခွေးနဲ့ လူနဲ့တောင်မတူဘူး။ ခွေးက မွေးပြီးတာနဲ့ ပြေးနိုင်တယ်။ လူက မပြေးနိုင်ဘူး။ လူဟာ အားနည်းချက်ရှိ တယ်ဆိုတာကိုပြတာ။

လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ဖို့ဆိုရင်လည်း ဦးနှောက်ရှိတယ်။ ဉာဏ်ရှိတယ်။ ဒါတွေကို အသုံးချလိုက်ရင် တော်တော်အလုပ်ဖြစ်မှာ။ အောင်မြင်မှာ။ ဒါတွေအသုံးမချရင် နဂိုအားနည်းချက်ရှိနေတော့ ကုရ်အာန်မှာ **`အင်န်စန်´**လို့သုံးလိုက်ရင် ဒါတွေပါလာပြီးသား။ နောက်ရှိသေးတယ်။ **`အာဒမ်´** ဆိုတဲ့ဝေါဟာရ။ အာဒမ်က အဆင့်မြင့်လူသားပေ့ါ။ လူ့အရည်အသွေးပြည့်မီတဲ့ အနေအထားရောက်နေပြီပေ့ါ။ ကုရ်အာန်ကသုံးတာ။ ဆူရာဟ်(၂) အာယတ်(၃၁)မှာ **`အလ္လာဟ်က အာဒမ်ကို အရာအားလုံးရဲ့ အသိပညာရပ်တွေကိုသင်ပေးတယ်´** (သင်ပေးတယ်ဆိုတာ အလ္လာဟ်က အာဒမ်ကို ကျောက်သင်ပုန်းနဲ့ကျောက်တံ၊ စာအုပ်နဲ့ ဘောလ်ပင် ကိုင်ခိုင်းပြီး သင်ပေးတာမဟုတ်ဘူး)။

ဆိုလိုတာက လူဖြစ်လာမယ့် မျိုးဆက်တစ်ခုလုံးကို သူ့ရဲ့ နဂိုမူလဗီဇထဲမှာ ဒီအသိပညာရပ်တွေကို ဖော်ထုတ်နိုင်သော နားလည်နိုင်စွမ်းသော အရည်အသွေးတွေကို ထည့်ပေးလိုက်ခြင်းဖြစ်တယ်။ ဒါကြောင့် လူတွေဟာ လေယာဉ်လည်း တီထွင်နိုင်တယ်၊ အနုမြူလည်း ထုတ်နိုင်တယ်၊ ပျက်စီးရာပျက်စီးကြောင်းတွေလည်း လုပ်နိုင်တယ်။ အင်္ဂါဂြိုဟ်ပေါ်လည်းသွားမယ်။ အဲဒီအရည်အသွေးတွေကို မွေးရာပါဗီဇမှာ အလ္လာဟ်ထည့်ပေးတယ်။ ဒါကို ဖော်ထုတ်အသုံးချနိုင်ရင် **`အာဒမ်´**၊ ဖြစ်တယ်။ ဒါကိုပြောတာ။ ဒီအဆင့်ကို မရောက်ဘူးလား။ ဘယ်အဆင့်မှာနေမလဲ။ နောက်ဆုံးအဆင့်မှာလား။ သတ္တဝါအဆင့်မှာပဲ နေမလား။ လူရဲ့ ကိုယ်တိုင်ရွေးချယ်မှုပဲ။ အာဒမ်လို့ သုံးလိုက်ရင်ပဲ ဒါ တော်တော်အဆင့်မြင့်လာပြီ။

တမန်တော်တွေပွင့်လာပြီး သူ့ရဲ့နောက်လိုက်တွေကို အလ္လာဟ်က **`ယာ -- ဘနီး အာဒမ်´** လို့သုံးတယ်။ လူ့ရဲ့ အရည်

အသွေး။ ဆူရာဟ်(၂) အာယတ်(၃၄)မှာ မလာအိကာဟ်တွေကို အလ္လာဟ်က အာဒမ်ကို **`ဆုဂျုဒ်´** လုပ်ခိုင်းတာ။ ဦးချခိုင်းတာ။ ဆိုလိုတာက အာဒမ်ရဲ့အမိန့်ကိုနာခံခိုင်းတာ။ ကျွန်တော်တို့က စွမ်းအင်တွေ ဘာတွေကို အသုံးချတဲ့အခါမှာ လူက ထိန်းချုပ်နိုင်တယ်လို့ အလ္လာဟ်ကပြောတာ။ အဲဒီလို ထိန်းချုပ်နိုင်ဖို့ဆိုတာ လူက အာဒမ်အဆင့်ဖြစ်မှရမယ်လို့ အလ္လာဟ်ကပြောတာ။ အာဒမ်ဖြစ်ရင် မလာအိကာဟ်တွေက အမိန့်နာခံမယ်။ လောကကြီးကို နိုင်နင်းမယ်၊ လွှမ်းမိုးမယ်။ အခြေအနေကောင်းတွေ ဖန်တီးနိုင်မယ်။

အာဒမ်အဆင့်မှာမရှိဘဲနဲ့ ဟိုး **`ဒဝါဘ်´**အဆင့်မှာရှိပြီးတော့ ကျွန်တော်တို့ သဏ္ဍာဘီးရ်တွေ ဘယ်လောက်ကြွေးကြော်ကြွေးကြော်၊ ဘာမှ ကမ္ဘာကိုမလွှမ်းမိုးနိုင်ဘူး။ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ အလ္လာဟ်က အာဒမ်ရဲ့အဆင့်ကို ဒီပညာရပ်တွေသင်ပေးတယ်။ အရည်အသွေးတွေ မြှင့်တင်ခိုင်းတယ်။ ဒါတွေသိအောင် လုပ်ပြီးတော့ ဒီအရည်အသွေးတွေ ပိုင်ဆိုင်လာမှ အသုံးချပါမှ **`ဘနီအာဒမ်´**ဖြစ်မှာ။ လူ့အရည်အသွေး၊ အရည်အချင်းပြည့်မီတဲ့လူ **`အာဒမ်´**ဖြစ်မှာ။ အဲဒီအခြေအနေရောက်ရင် အားလုံးကိုယ့်လက်ထဲရောက်မယ်။ အဲဒီအခြေအနေရောက်အောင် မကြိုးစားဘဲနဲ့ ဘယ်မလာအိကာဟ်ကမှ ကျွန်တော်တို့ကို **`ဆုဂျုဒ်´**မလုပ်ဘူး။

ကျွန်တော်တို့ကိုယ်တိုင်က မလာအိကာဟ်တွေ**`ဆုဂျုဒ်´** လုပ်အောင် မသိဘူး၊ မတတ်ဘူး၊ မသင်ဘူး၊ မကြိုးစားဘူး၊ ထိုင်နေတယ်။ ဒါပေမဲ့ ဘယ်သူကြိုးစားမလဲ၊ ကြိုးစားတဲ့လူဖြစ်မယ်။ ဒီနေရာမှာ အလ္လာဟ်က မွတ်ဆလင်မ်တို့၊ မုအ်မင်န်တို့လို့ မပြောထားဘူး။ ဒီနေရာမှာ ဘယ်လိုလူက မလာအိကာဟ်တွေ **`ဆုဂျုဒ်´** လုပ်တာကို ခံယူထိုက်တဲ့အရည်အသွေး၊ အစွမ်းအစရှိမလဲ သူ့ကို **`ဆုဂျုဒ်´**လုပ်လိမ့်မယ်။ သူဟာ အနုမြူကိုလည်း တီထွင်နိုင်မယ်။ သူ ကမ္ဘာကိုလည်းလွှမ်းမိုးနိုင်မယ်။ အင်္ဂါဂြိုဟ်ပေါ်လည်း ရောက်နိုင်တယ်။ မြေကြီးထဲလည်း ငုပ်လျှိုးနိုင်မယ်။ ဒါဆို မလာအိကာဟ်တွေ **`ဆုဂျုဒ်´**လုပ်နေတာ။ ဘယ်သူ့ကိုလုပ်နေတာလဲ။ ကျွန်တော်တို့ကို မဟုတ်ဘူး။ တစ်ခြားလူကို လုပ်နေတာ။ ဘာဖြစ်လို့လဲ။ ကျွန်တော်တို့က အာဒမ်အဆင့်မှရောက်မလာဘဲ။ ကိုယ့်အရည်အသွေးကိုယ်မြှင့်တင်ရမယ်။ ဒီသဘောကိုပြောတာ။ ဒါက လူကို အလ္လာဟ်သုံးစွဲတဲ့ အသုံးအနှုန်းတွေ။ အလ္လာဟ်က ဆူရာဟ်(၁၇) အာယတ်(၇၀)မှာ ထပ်ပြောတယ်။ ဘာပြောသလဲ! " ***ငါအလ္လာဟ်က ဘနီအာဒမ်မျိုးနွယ်ဆိုရင် ဂုဏ်ပေးတယ်*** " ဒီလိုပြောတာ။

ဒီတော့ ကျွန်တော်တို့မွတ်ဆလင်မ်တွေ အလ္လာဟ်ဂုဏ်ပေးတဲ့ အာဒမ်မျိုးနွယ်အဆင့်ကို ရောက်အောင်ကြိုးစားရမယ်။ ရောက်မှ အာဒမ်ရဲ့အရည်အသွေးတွေ၊ အရည်အချင်းတွေကို ရမှာဖြစ်တယ်။ ဒီအဆင့်ကို မရောက်လာဘူးဆိုရင်တော့ ကျွန်တော်တို့ ကျန်ခဲ့မှာပဲ။ သေမျိုးလူသားတို့၊ အားနည်းတဲ့လူသားတို့ ဒဝါဘ်ဆိုတဲ့ တိရစ္ဆာန်အဆင့်တို့မှာပဲ ကျန်ခဲ့မယ်။ ကောင်းပြီ။ အလ္လာဟ်က ဆက်ပြောထားတာတွေရှိတယ်။ ဆူရာဟ်(၇၀) အာယတ်(၁၉)မှာ **`အင်န်နလ် အင်န်ဆာန၊ ခုလိက ဟာလူးအာန်´** ဆူရာဟ်(၂၁) အာယတ်(၃၇)မှာ **`ခုလိကလ် အင်န်စာနု မီးန်အဂျလင်န်´**

ဘာပြောချင်တာလဲဆိုတော့ လူသားက အလွန်အင်မတန်မှာ စိတ်စောတဲ့လူ၊ အလျင်စလိုနိုင်တဲ့လူ၊ သည်းမခံနိုင်ဘူး။ လူတွေအကြောင်း အင်န်စန်ဆိုတဲ့ဝေါဟာရနဲ့တွဲပြောတာ။ **`အင်န်စန်´** ဆိုတဲ့ဝေါဟာရမှာ ဒီအနှစ်သာရတွေ ပါတယ်ဆိုတာပြောတာ။ ကျွန်တော်တို့လည်းပါတယ်။ ကျွန်တော်တို့လည်း အင်န်စန် လူသားလေ။ ဒီအာယတ်က ရည်ညွှန်းတာက လူဟာ မူလဇာတိသဘောသဘာဝမှာ စိတ်စောတယ်။ တစ်ခုခုကို ဆုံးဖြတ်ချက်ချတာ အရမ်းမြန်တယ်။ သည်းမခံနိုင်ဘူး။ ကိုယ်မှန်တယ်ထင်တာပဲ။ မှားမှား၊ မှန်မှန် ။ ကျန်တာမသိဘူး။

ကျွန်တော်တို့ စာသင်ခဲ့တုန်းက ဆရာဦးမြတ်သူ ပြောဖူးတာရှိတယ်။ ကျွန်တော်တို့ တမန်တော်မြတ်ကြီးက စကားပြောကောင်းသူ သက်သက်မဟုတ်ဘူး။ အလွန်အင်မတန်မှ နားထောင်ကောင်းသူ တစ်ယောက်လည်းဖြစ်တယ်တဲ့။ မင်းတို့မသိဘူးလားတဲ့။ ဟာဒီးစ်တွေကို ဖတ်ကြည့်ရင်တွေ့မယ်လေတဲ့။ တမန်တော်မြတ်ကို လူသိန်းနဲ့ချီပြီးမေးခဲ့မြန်းခဲ့တာတွေ။ တော်တော်နားထောင်ခဲ့ရတာ။ ကျွန်တော်တို့ဆိုရမှာမဟုတ်ဘူး။ ထရိုက်မိမလားပဲ။ ပြဿနာပေါင်း သောင်းခြောက်ထောင် ထိုင်ဖြေရှင်းဖို့အတွက် တမန်တော်မြတ် ကောင်းကောင်းနားထောင်ခဲ့ရတာ။ ဒါကြောင့် ကျွန်တော်တို့ဟာ နားထောင်ကောင်းတဲ့လူဖြစ်ဖို့လည်း လိုအပ်တယ်။

**`အင်န်စန်´** ရဲ့သဘောသဘာဝမှာ လူက မူလဇာတိမှာ နားမထောင်နိုင်ဘူး။ ကျွန်တော်တို့ အသင်းအပင်းတွေဖွဲ့မယ်။ အစည်းအဝေးလုပ်မယ်။ လူကြီးမင်းတို့ သိပါတယ်။ ကိုယ်ပဲပြောမယ်။ သူများပြောရင် နားမထောင်နိုင်ဘူး။ လုံးဝသည်းမခံနိုင်ဘူး။ ကြာတယ်။ လိုရင်းပြော။ ဒါမျိုးရှိတယ်။ အဲဒါ လူ့ဇာတိပဲ။ ဒီကနေ့ ကျွန်တော်တို့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းမှာ ဒါမျိုးတွေရှိတယ်။ လူကြီးမင်းတို့လည်းသိမှာပါ။ ညှိလို့မရဘူး။ မပြေလည်ဘူး။ ပြဿနာတွေချည်းပဲ။

တခြားအဖွဲ့အစည်းတွေမှာရှိတယ်။ ဥပမာ တစ်လောက ချင်းပြည်နယ်မှာ ချင်းအဖွဲ့အစည်းတွေ တစ်ပေါင်းတည်းဖြစ်ဖို့ ညှိနှိုင်း၊ တိုင်ပင်၊ စိတ်ရှည်၊ သည်းခံပြီး လုပ်နေတာတွေရယ်။ ကျွန်တော်တို့မှာ ဒီအရည်အသွေး ပျောက်နေတယ်။ `အင်န်စန်´

ရဲ့သဘောသဘာဝမှာ ဒါပါတယ်။ ကျွန်တော်တို့ အာဒမ်အဆင့်ကို သွားရမယ်။ `အင်န်စန်´ ရဲ့အကျင့်တွေ၊ စရိုက်တွေကို စွန့်လွှတ်ရမယ်၊ သတိထားရမယ်၊ တွန်းလှန်နိုင်ရမယ်။ လေ့ကျင့်ရမယ်။ မတူညီတာ၊ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ Way နှစ်ခု နားထောင်ပေးရမယ်။ စိတ်ရှည်ရမယ်။ သည်းခံရမယ်။ နားလည်ပေးရမယ်။ ကျွန်တော်တို့ ကြိုးစားရမယ်။

ကျွန်တော်တို့က သူများကို ခွဲခြားဆက်ဆံတယ်။ ကျွန်တော်တို့ ခွဲခြားဆက်ဆံခံရတယ်လို့ ပြောကြတယ်။ ကျွန်တော်တို့အချင်းချင်းရော ခွဲခြားဆက်ဆံကြတယ်။ မဟုတ်ဘူးလား။ ကျွန်တော်တို့က ကမ္ဘာကြီးကို ခွဲခြားဆက်ဆံတယ်လို့ပြောတယ်။ ကျွန်တော်တို့အချင်းချင်းကျတော့ရော ဘင်္ဂါလီ၊ ကျူလီယာ၊ ဆူရတီ၊ ကာဒီယာနီ။ (၅၉)လမ်းအဖွဲ့၊ ချမ်းသာတာ ဆင်းရဲတာကို မပြောဘူးနော်။ ချမ်းသာတာ ဆင်းရဲတာ လူ့သဘော၊ လူ့သဘာဝ မူလထဲကရှိတယ်။ (ဟာ ... ငါးစိမ်းသည်မသား မပေါင်းနဲ့) ဒါမျိုးက ရှိပြီးသား။ ဒါကို ကျွန်တော် Highlight လုပ်မပြတော့ဘူး။ လူတိုင်းသိပြီးသား။

ကျွန်တော်တို့မွတ်ဆလင်မ်တွေကိုပဲကြည့်။ ကျွန်တော် အရင်ကလဲ တစ်ခါပြောဖူးတယ်။ စာရေးဆရာတစ်ယောက်က ပြောတဲ့စကား။ **`ကြောင်တွေဟာ အမှောင်ထဲမှာ တစ်ရောင်ထဲပဲ´**တဲ့။ အမှောင်ထဲမှာ မိနီ၊ ရွှေဝါ၊ ဘာမှမသိဘူး။ **`ညောင် ... ဆိုရင် အဲဒါကြောင်ပဲ´** ဟုတ်ရဲ့လား။ အဲ မိုးလင်းတော့ မိနီတွေ၊ ရွှေဝါတွေဖြစ်ကုန်ရော။ ဒါက နိုင်ငံရေးစကားပြောတာပေါ့။ ဆိုလိုတာက ခေတ်မကောင်းတဲ့အချိန်မှာ အားလုံးက တက်ညီလက်ညီ၊ လက်တွဲပူးပေါင်းဆောင်ရွက်ပြီး အင်အားစုတစ်ရပ်အနေနဲ့ အောင်မြင်အောင် ကြိုးပမ်းကြရမှာ။

ကျွန်တော်တို့ မွတ်ဆလင်မ်ကျတော့ မဟုတ်ဘူး။ **`အမှောင်ထဲမှာလည်း အရောင်ကွဲတယ်´** ဘဝမှာ အဆိုးဆုံး၊ အနိမ့်ကျဆုံးအခြေအနေ၊ အချိန်အခါရောက်နေရင်လည်းပဲ ကွဲလွဲလျက်ပဲ၊ ထိပ်တိုက်တွေ့လျက်ပဲ။ နင်တစ်ဖက် ငါတစ်ဖက်ပဲ။ ဒါက ကျွန်တော်တို့မွတ်ဆလင်မ်တွေ `အင်န်စန်´ဘဝကနေ `အာဒမ်´ ဖြစ်အောင် မလုပ်နိုင်တာပဲ။ မညှိနှိုင်းနိုင်ဘူး။ ပူးပေါင်းမဆောင်ရွက်နိုင်ဘူး။ အာဒမ်အနေအထားရောက်အောင် မလုပ်နိုင်ဘူး။

ဒါကြောင့် အကြောင်းကိစ္စတစ်ခုကို အပြန်ပြန်အလှန်လှန် မလေ့လာ၊ မသုံးသပ်ဘဲနဲ့ အလျင်စလိုဆုံးဖြတ်ချက်ချတာ၊ အလျင်စလိုဆောင်ရွက်တာတွေ၊ နားထောင်နိုင်စွမ်းမရှိတာ၊ နားလည်နိုင်စွမ်းမရှိတာ။ ဒါ `အင်န်စန်´ပဲ။ လူတိုင်း လူတိုင်းက ကိုယ့်ကို ဂုဏ်ပေးလေးစားတာကို ခံချင်ကြတယ်။ တစ်ဖက်က စပြီး စလာမ်ပေးမှာကို မျှော်နေတာလေ။ ဒါကို ကျွန်တော်တို့ ဘာလို့ မစဉ်းစားတာလဲ။ ကျွန်တော်တို့ မစဉ်းစားဘူး။ ဒီသဘောတရားတွေကို ကျွန်တော်တို့ရင်ထဲမှာ ထည့်ပေးရမယ်။

သိပ်မကြာခင်ရက်ပိုင်းက သတင်းစာမှာပါလာတယ်။ အင်ဂိုလာနိုင်ငံမှာ ဗလီတွေကို ဖျက်ပစ်လိုက်တယ်လို့ သတင်းအကြီးကြီးထည့်လိုက်တယ်။ နောက်နေ့ကျတော့ ဒီသတင်းမဟုတ်ပြန်ဘူးတဲ့။ ဒါ ဘာကြောင့်လဲ။ စိတ်ဇောတာ။ လူ့သဘာဝ။ **`အင်န်စန်´**ပေါ့။ မူလကတည်းက မုန်းတီးမှုအခံတွေက ရင်ထဲမှာ ရှိနေတာလေ။ ဒါမျိုးတွေ ကျွန်တော်တို့မွတ်ဆလင်မ်မှာရော မရှိဘူးလား။ အများကြီးရှိတာပေါ့။ ဒါတွေကို ကျွန်တော်တို့သတိထားပြီး ထိန်းသိမ်းရမယ်။

နောက်တစ်ချက်က ဆူရာဟ်(၁၇) အာယတ်(၁၀၀)မှာ အဲဒီအာယတ်က ဘာကိုပြောသလဲဆိုရင် ... **"*အလ္လာဟ်အရှင်မြတ်ချီးမြှင့်ထားတဲ့ `ခဇာနာ´ အရည်အသွေးတွေကို (ဘာသာပြန်တွေမှာဆိုရင် အလ္လာဟ့်ကရုဏာတော်၏ ဘဏ္ဍာတော်များပေါ့) သုံးစွဲတဲ့နေရာမှာ ကုန်ခမ်းသွားမှာကို ကျွန်တော်တို့က ကြောက်ကြတယ်* "** တဲ့။ အလ္လာဟ်ပြောတာနော်။ လွန်စွာ စေးနဲတွန့်တိုကပ်စေးနည်းသူပေါ့။ အဲဒီသဘောပြောတာ။ မယုံမရှိနဲ့။ ကျွန်တော်သာ ပိုက်ဆံသိန်း(၁၀၀၀)ချမ်းသာရင် သိန်း(၅၀၀)လှူမယ်။သေချာတယ်။ ကျွန်တော်လှူရဲတယ်။ မချမ်းသာသေးလို့။ အခုလောလောဆယ် ပိုက်ဆံ(၂၀၀)ရှိတယ်။ (၁၀၀)လှူဆိုမလှူရဲဘူး။ အဲဒါ ဘာကိုပြသလဲဆိုရင် မျှဝေသုံးစွဲမှုမရှိခြင်းပဲ။ စိတ်ဓါတ်မှာ မဖြစ်လာတာ။

တစ်ချို့ တစ်ချို့ဘာသာမှာဆို အရမ်းကောင်းတယ်။ လှူရမလား။ ရွှေတွေဘာတွေချွတ်ပြီး လှူလိုက်တယ်။ **`မရှိလို့ မလှူ၊ မလှူလို့ မရှိ´** ဆိုပြီး ရှိတာလှူတယ်။ ကျွန်တော်တို့မှာကျတော့ ဘာဖြစ်သလဲဆိုရင် လူတွေ၊ လူတွေ၊ အဆင်ပြေနေသလား။ အလ္လာဟ်ကို သတိမရဘူး။ မျှဝေသုံးစွဲဖို့လည်း သတိမရဘူး။ အဆင်မပြေတော့ဘူးဆိုရင် ဗလီထဲကို တန်းပြေးတာပဲ။ တောင်းရတော့မယ်။ သတိရပြီ။ အလ္လာဟ်ကို သတိရပြီ။ ဆူရာဟ်(၇၀) အာယတ် (၂၁)မှာ **"*၎င်းတို့သည် (လူတွေ) ချောင်လည်ကောင်းစားမှု သက်ရောက်တဲ့အခါမှာ လွန်စွာစေးနဲတွန့်တိုကြသည်* "** လှူကြပါတယ်။ ပိုက်ဆံရှိတဲ့ သူဌေးတွေ၊ မလှူဘူးမပြောဘူး။ ပိုက်ဆံကြီးပဲ ပြောနေတာမဟုတ်ဘူး။ လူတွေမှာရှိတဲ့ အရည်အသွေးကိုပြောတာ။ ချမ်းသာ ဆင်းရဲတာနဲ့မဆိုင်ဘူး။ ကိုယ့်မှာရှိတဲ့ အားသာချက်ကို အားနည်းချက်ရှိတဲ့ လူကိုမျှဝေပေးဖို့ပြောနေတာ။

အင်ဂျင်နီယာဖြစ်ရင် အဲဒီပညာရပ်နဲ့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းရော၊ ကမ္ဘာလောကတစ်ခုလုံး ကောင်းကျိုးအတွက်

မျှဝေသုံးစွဲရမယ်။ ဒီလိုမျှဝေသုံးစွဲနိုင်မှုအားမှာ လူဟာ အလွန်အား နည်းတာကိုတွေ့ရတယ်။ Give and Take ပဲများတယ်။ အပေး အယူပဲကြည့်တယ်။ ဒါက လူရဲ့သဘာဝ။ တစ်နည်း `အင်န်စန်´ ရဲ့ မကောင်းတဲ့ အရည်အသွေးတစ်ခုကို အလ္လာဟ်ကဖော်ပြတာ။

အဲဒါကို ကျွန်တော်တို့က သေချာဂရုစိုက်မိလို့ရှိရင် ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမှာ အာဒမ်တွေဖြစ်လာမယ်။ ကျွန်တော်တို့မှာရှိတယ်။ ပိုက်ဆံကိစ္စကြီးပဲ။ အလ္လာဟ်ပြောတာက ပိုက်ဆံကိစ္စတစ်တည်းမဟုတ်ဘူး။ ရမဒွါန်လမှာလှူတာတောင် ဝါဖြေပွဲအတွက်၊ တစ်ချို့က ကဒရ်ညအတွက်၊ ဝါဖြေပွဲအတွက် မဟုတ်ဘူးနော်။ ကောင်းတာလုပ်တာပဲ။ မတူဘူးလား၊ မရဘူး။ ဒါမျိုးတွေ ကျွန်တော်တို့မွတ်ဆလင်မ်မှာရှိတယ်။ ဗလီဆောက်ဖို့လှူ တာ။ ဘိုင်သွလ်မာလ်အတွက် ဘာအတွက်။ ဒီတော့ ဆိုင်းဘုတ် လေးတွေ ခွဲထားရတယ်။ လှူတာကိုပဲ လူတွေရဲ့သဘော သဘာဝကိုက `ရမ္မက်´ရလိုမှု။ ဘယ်ဟာဆဝါးဗ်ပိုရမလဲဆိုတဲ့ Way တွေကရှိနေတာကိုး။ ကုလားအုတ်ဘယ် နစ်ကောင်တို့၊ ဂျန္နသ်မှာ ဘယ်အဆင့်တို့၊ ဟူရ် ဘယ်နစ်ယောက်ရမယ်တို့၊ နည်းမယ်ထင်တာ မလှူဘူး။

ကျွန်တော်တို့က နိုင်ငံရေးနဲ့ပတ်သက်တာ၊ လူမှုရေးနဲ့ ပတ်သက်တာဆိုတဲ့ အခမ်းအနားလုပ်ရင်မလှူဘူး။ စိတ်မဝင်စား ဘူး။ ဘာဆဝါးဗ်ကုသိုလ်မှ ရမယ်လို့မထင်ဘူး။ ဒါပဲ အဓိပ္ပါယ်က။ ဘာသာရေးပွဲလုပ်ရင်လှူမယ်။ ဒါမျိုးတွေ။ စေးနဲတွန့်တိုတာကို ပြောတာ။ ကပ်စေးနဲတာမဟုတ်ဘူး။ ကောင်းမှန်းသိတယ်။ ဒါပေမဲ့ ဦးနောက်က အရမ်းစီစစ်ပြီး `ရမ္မက်´ကိုဦးစားပေးတာ။ ဒီသဘော တွေကို အလ္လာဟ်ကပြောနေတာ။ သုံးစွဲလို့ကုန်သွားမှာကို ကြောက် နေကြသူများ။ ကုရ်အာန်ထဲမှာပါတာ။ ဥပမာ အင်္ကျီ တစ်ထည်ပေး မယ်၊ လှူမယ်ဆိုပါတော့။ ကိုယ်ဝတ်တဲ့ထဲက မတော်တာ ဟောင်း တာကိုမှရွေးပေးတယ်။ ဒါတောင် နမြောတဲ့လူရှိနေလိမ့်မယ်။ အဲဒီ အနေအထား။ ဘာဖြစ်လို့လဲ။ မစွန့်လွှတ်ချင်တာ။ ထပ်ဝယ်ရမယ်။ ပိုက်ဆံကုန်မယ်။ အဲဒီစိတ်ဓါတ်ကို ကပ်စေးနဲတယ်လို့ပြောတာ။


တမန်တော်မြတ်ခေတ်ကဆိုရင် ဆွဟာဘာတွေ၊ အန်ဆွာရီတွေဆိုရင် မိမိတို့ရဲ့အိုးအိမ်တွေ၊ ဥစ္စာပစ္စည်းတွေ အကုန် စွန့်ပြီး ဟစ်ဂျရသ်လုပ်တယ်။ ဒါ မိုဟာဂျစ်ရ်။ အန်ဆွာရီကလည်း မဒီနာကိုလာခဲ့။ နစ်ခုရှိရင် တစ်ခုပေးတယ်။ တစ်ခုရှိရင် တစ်ဝက် ပေးတယ်။ (မိန်းမနစ်ယောက်ရှိတာ တစ်ယောက်ပေးဖို့ အန်ဆွာရီ တွေ ဝန်မလေးဘူး။) အဲဒီလိုမျိုး စွန့်လွှတ်တဲ့အနေအထားမျိုးကို ရောက်အောင်လုပ်ပြီးမှ နောက်ပိုင်း ဂျီဟာဒ်ဆိုတဲ့စစ်ပွဲတွေ ဘာ တွေဖြစ်လာတာ။ ကျွန်တော်တို့ မွတ်ဆလင်မ်လူ့အဖွဲ့အစည်းက လည်း လိုအပ်လို့ဟစ်ဂျရသ်လုပ်ရမယ်ဆိုရင် ကျွန်တော်တို့ သတ္တိ ရှိရမယ်။ ကျွန်တော်တို့ အန်ဆွာရီလို့ပြောတယ်။ ကျွန်တော်တို့ အန်ဆွာရီဖြစ်နိုင်ပါ့မလား။ သမိုင်းထဲမှာ ရှာပြီးဖတ်ကြည့်လိုက်။

တမန်တော်မြတ်ခေတ် မိုဟာဂျစ်ရ်တွေ ဘယ်လိုအရည် အသွေးရှိသလဲ။ အန်ဆွာရီတွေ ဘယ်လိုအရည် အသွေးရှိသလဲ။ ကျွန်တော်တို့ အန်ဆွာရီမဖြစ်နိုင်ဘူး။ စာတွေဖတ်ကြည့်။ အိမ်ရှိရင် အိမ်တစ်ခြမ်း၊ မြေရှိရင် မြေတစ်ခြမ်း၊ မိန်းမနစ်ယောက်ရှိရင် တစ်ယောက်ပေးလိုက်တယ်။ သမိုင်းမှာပါတာနော်။ မိုဟာဂျစ်ရ်ဆို လည်း အားလုံးထားခဲ့တာ။ လူချည်းပဲ မဒီနာကိုသွားတာ။ ဒီလို သဘောသဘာဝ၊ ဒီအရည်အသွေး၊ ဒီအရည်အချင်း၊ ဒီသတ္တိ၊ ဒီလို စွန့်လွှတ်မှုတွေ ကျွန်တော်တို့မှာ ရှိနိုင်လို့လား။

ကျွန်တော်တို့ မြန်မာမွတ်ဆလင်မ်လူ့အဖွဲ့အစည်းမှာ (သေချာတွေး) ပေးဆပ်နိုင်သလား၊ စွန့်လွှတ်နိုင်သလား၊ ဒီလို မဖြည့်စွမ်းနိုင်ဘဲနဲ့ အာဒမ်အဆင့်ကို ဘယ်လိုရောက်နိုင်မလဲ။ ဒီလို ကောင်းမွန်၊ မွန်မြတ်တိုးတက်တဲ့လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင် မယ်ဆိုရင် ပညာရှင်တွေလိုတယ်။ ဘယ်မှာလဲ ပညာရှင်တွေ။ အဲဒီ လိုပဲ ငွေကြေးဥစ္စာတွေလည်း ပြည့်စုံနိုင်မှာနေရမယ်။ ဒီအရည် အသွေးတွေ ရှိပြီလား။ လူ့အဖွဲ့အစည်းတွေမှာ ပညာလည်းမရှိဘူး။ ငွေကြေးဥစ္စာလည်းမရှိဘူးဆိုရင် အဲဒီလူ့အဖွဲ့အစည်း ကျသွားမှာ ပဲ။ နောက်ထပ် ကိုယ်ကျင့်တရား၊ သိက္ခာတို့ ဘာတို့ အများကြီးရှိ သေးတယ်။ အဲဒီလိုအပ်တဲ့ အရည်အသွေးတွေရောက်လာအောင် ကျွန်တော်တို့က တဖြည်းဖြည်းနဲ့ လူ့သဘာဝအရရှိတဲ့ အားနည်း ချက်မှန်သမျှကိုပြုပြင်ပြီး အကောင်းဆုံးအခြေအနေကို ရောက်လာ အောင် ကြိုးပမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ် ။ ။

# اَلْقُرْءَانُ هُدًى لِّلنَّاسِ

ကျမ်းမြတ်ကုရ်အာန်သည် လူသားခပ်သိမ်းအတွက်
လမ်းညွှန်ချက်ဖြစ်သည်။ (ကုရ်အာန် - ၂း၁၈၅)





**ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့**
**ဆုတောင်းပြည့်အာစ္စလာမ်ဝတ်ကျောင်းတော်**
အမှတ်(၃-၅)၊ ၅၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၉၂၈၁၅
E-mail : 59mosque@gmail.com